http:\\www.dhammadownload.com

မင်းကွန်း ဆရာတော်
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(နဝမတွဲ)

တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့မှ ထုတ်ဝေသည်။

ဓမ္မဒါန

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၆ ခရစ်နှစ် ၂၀၀၄

http:\\www.dhammadownload.com

# မမေ့သင့်သော ဗုဒ္ဓ ဩဝါဒ

၁။ အားကိုးရာအစစ်သည် ဗုဒ္ဓ ဓမ္မ သံဃ၊

၂။ အမြဲနှလုံးသွင်းရန်အစစ်သည် အနိစ္စ ဒုက္ခ အနတ္တ၊

၃။ မိတ်ဆွေအစစ်သည် ကံ ဉာဏ် ဝီရိယ၊

၄။ နေ့စဉ်အလုပ်သည် ဒါန သီလ ဘာဝနာ၊

၅။ အမြဲလက်ကိုင်ထားရန်အစစ်သည် ခန္တီ မေတ္တာ သစ္စာ၊

၆။ ရန်သူအစစ်သည် လောဘ ဒေါသ မောဟ၊

၇။ ဥစ္စာပစ္စည်း၏ အနှစ်သည် ဒါန၊

၈။ မိမိခန္ဓာကိုယ်၏ အနှစ်သည် သီလ၊

၉။ မိမိအသက်၏ အနှစ်သည် ဘာဝနာ၊

၁၀။ အလှူအားလုံးတွင် တရားအလှူသည် အမြတ်ဆုံး၊

၁၁။ အရသာအားလုံးတွင် တရားအရသာသည် အမြတ်ဆုံး၊

၁၂။ ဗုဒ္ဓတရား မေ့မထားနှင့် ... ... ... ။

ဆုံးမတိုင်းသာ ကျင့်ကြံပါက ဘယ်မှာ နိဗ္ဗာန် ဝေးမည်နည်း။

http:\\www.dhammadownload.com

မင်းကွန်း ဆရာတော်
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(နဝမတွဲ)

တိပိဋက=နိကာယ သာသနာပြုဥပဒေသက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့မှ ထုတ်ဝေသည်။

ဓမ္မဒါန

သာသနာ ၂၅၄၆ ကောဇာ ၁၃၆၆ ခရစ်နှစ် ၂၀၀၄

http:\\www.dhammadownload.com

၁၉၉၃-ခု၊ အောက်တိုဘာလ
တိပိဋက=နိကာယသာသနာပြုဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး
အထူးကုဆရာဝန်ကြီး ဦးသာလှ(ကင်းလွတ်ခွင့်အမှတ်-၆/၉၃/၈),
အမှတ်-၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့က
စာမူခွင့်ပြုချက်အမှတ် (၁၀၂/၉၃/၈).
အဖုံးခွင့်ပြုချက်အမှတ် (၅၄/၉၃/၁၀) အရ ထုတ်ဝေ၍၊
ဦးမောင်မောင်ကြီး(မြဲ-၀၃၁၆၅) စာအုပ်စာပေထုတ်ဝေရေးပုံနှိပ်တိုက်၊
အမှတ်-၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့က ရိုက်နှိပ်ပါသည်။
အုပ်ရေ-၅၀၀၀၊ ဓမ္မထိမ်းအကြိမ်၊ ဓမ္မဒါန။

http:\\www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

http:\\www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ၏
# သာသနာ့ရျိန်ခွင်ကြီးလေးလက်တရားတော်
# နိဒါန်း

*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။*

**သာသနာ့မိခင် ကျေးဖူးဆပ်ရန်ကြံခြင်း**

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်း၌ အာဒိတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားသည်–

မြန်မာနိုင်ငံ၏ ဦးဆုံး တိပိဋကဓရဖြစ်အောင် အားထုတ်ခြင်း၊

သင်္ဂါယနာ ဝိသဇ္ဇက(အဖြေ) ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊

မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ၆–တွဲ ၈–အုပ် ပြုစုတော်မူခြင်း– ဟူသော ရှေ့ပိုင်းသာသနာ့ပြုလုပ်ငန်းသုံးသွယ်တို့ကို ဆောင်ရွက်တော်မူပြီးသည့်နောက် ဖော်ပြလတ္တံ့ပါအတိုင်း ဆင်ခြင်တော်မူခဲ့ပါသည်။

"မန္တလေးမြို့ ပရိယတ္တိသာသနဟိတ(သက္ယသီဟ)အသင်းကြီးသည် မြန်မာနိုင်ငံရှိ ရဟန်း သာမဏေတို့၏ ဖခင်ကြီးနှင့် တူ၏။ နှစ်စဉ် နှစ်စဉ် ပရိယတ္တိစာသြောက်မေးပွဲများကျင်းပ၍ ပရိယတ္တိသာသနာတော်ကို ထွန်းလင်းစေ၏။ ဤသို့ ဗုဒ္ဓသာသနာတော်နှင့်စပ်၍ ဖခင်ကြီးနှင့်တူသော ပရိယတ္တိ သာသနဟိတအသင်းကြီး၏ ကျေးဇူးကို တိပိဋကဓရပုဂ္ဂိုလ် ဖြစ်အောင် အားထုတ်မှုဖြင့် ကျေးဇူးဆပ်ရချေပြီ . . .။

http:\\www.dhammadownload.com



ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ် အရှည်တည်တံ့အောင် ကြိုးပမ်းအားထုတ်တော်မူကြသော ရဟန်း၊ သာမဏေ၊ သာသနာနွယ်ဝင် သီလရှင်၊ သူတော်စင်တို့အား ဆွမ်းပစ္စည်းဖြင့် မပင်ပန်းရအောင် နှစ်စဉ် နှစ်စဉ် ဆွမ်းဆန်တော်များလှူ၍ မလွန်ဆန်လှူအသင်းကြီးသည် ဗုဒ္ဓသာသနာတော်၏ မိခင်ကြီးသဖွယ် ဖြစ်ပေ၏။ ဤမိခင်ကြီး၏ ကျေးဇူးကိုကား မဆပ်ရသေး။ ဖခင်နှင့်တူသော ပရိယတ္တိ သာသနဟိတအသင်းကြီးအတွက် အခါအားလျော်စွာ ပရိယတ္တိဝန်ကိုထူးချွန်အောင် ထမ်းဆောင်ခြင်းဖြင့် ကျေးဇူးဆပ်ခွင့် ရရှိခဲ့သည့်နည်းတူ မိခင်မလွန်ဆန်လှူ အသင်းကြီး၏ ကျေးဇူးကိုဆပ်ရပါမူကောင်းလေစွ"

ဟု ဆင်ခြင် တောင့်တခဲ့ပါသည်။ ဤသို့ တောင့်တသည့်အတိုင်းမိခင် မလွန်ဆန်လှူအသင်းကြီး၏ ကျေးဇူးဆပ်ရန် အခွင့်ဖန်ခဲ့ပါသည်။

တိပိဋကဓရဆရာတော်နှင့် မလွန်ဆန်လှူအသင်းကြီးတို့ဆက်စပ်ပုံ ပေါ်လွင်စေရန် မလွန်ဆန်လှူအသင်းကြီးအကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။

ကုန်းဘောင် ၁၁-ဆက် မြန်မာမင်းများလက်ထက်၌ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုး သုံးဌာနတို့၌ အရှည်ဝါသိသံဃာတော်များ + သီလရှင် + သူတော်စင်တို့အား လစဉ် လစဉ် ဆွမ်းဆန်တော် လှူဒါန်းထောက်ပံ့ခဲ့ရာ ၁၂၄၇-ခုနှစ် သီပေါမင်းတရား ပါတော်မူပြီးနောက် ဆယ်နှစ်ကြာမျှ တိုင်းပြည် မငြိမ်မသက်ဖြစ်ပြီး တိုင်းပြည်ငြိမ်သက်စ ၁၂၅၇-ခုနှစ်တွင် "မလွန်ဆန်လှူအသင်း" စတင်ပေါ်ပေါက်လာခဲ့ပါသည်။ မန္တလေးမြို့အနောက်ပြင် မလွန်မင်းသားကြီး နေသွားခဲ့ဖူးသည့် ရပ်ကွက်

http:\\www.dhammadownload.com



ဖြစ်၍ မလွန်ရပ်ဟုခေါ်သည့် ထိုရပ်ကွက်မှ လူကြီးများသည် "မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး"ကို တည်ထောင်ခဲ့ကြပါသည်။

ထိုအသင်းကြီးက မန္တလေးမြို့နှင့်တကွ ပတ်ဝန်းကျင်မြို့ရွာတို့၌ သင်းထောက်များ ဖွဲ့စည်း၍ ဆွမ်းဆန်များ အလှူခံပြီး နှစ်စဉ် နှစ်စဉ် တော်သလင်းလပြည့်နေ့၌ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း၊ တောင်ရိုးသုံးဌာန ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စင်တို့အား ဆွမ်းဆန်တော်အလှူပွဲ ကျင်းပခဲ့ပါသည်။

ဤမလွန်ဆန်လှူအသင်းကြီးက ဆွမ်းဆန်လှူပုံနှင့် တိပိဋကဓရဆရာတော် တာဝန်ယူ၍လှူခဲ့ရပုံကို သက္ကရာဇ် ၁၃၄၁-ခုနှစ်က သာစည်မြို့နယ်လုံးဆိုင်ရာ တိပိဋကဓရ မထေရ်တို့အား ပူဇော်ပွဲ၌ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား ဟောကြားတော်မူသည်ကို ကောက်နုတ် တင်ပြလိုပါသည်။

"အဲဒီ မလွန်ဆန်လှူအသင်းကြီးက တိုင်းပြည်ရဲ့ကိုယ်စား တာဝန်ယူပြီးတော့ လှူတဲ့ ဆွမ်းဆန်ကို ဘုန်းကြီးတို့ တောင်ရိုးမှာတော့ ဆန်တော်အလှူ လို့ ခေါ်တယ်။ အဲဒီမှာ မလွန်ဆန်လှူအသင်းကြီးက လှူခဲ့တာ၊ ဟိုး. . .ဗြိတိသျှခေတ်တုန်းက-

ရဟန်းတစ်ပါးလျှင် ဆွမ်းဆန် ၂-တင်းလှူခဲ့တယ်။

သာမဏေတစ်ပါးလျှင် ဆွမ်းဆန် ၁-တင်းစီလှူခဲ့တယ်။

သီလရှင်နဲ့ သူတော်တစ်ပါးလျှင် ဆွမ်းဆန် တစ်ခွဲစီ လှူခဲ့တယ်။

ဒါ ဗြိတိသျှလက်ထက်ကလှူခဲ့တဲ့ အလှူနှုန်းထားဖြစ်တယ်။

**ပြည်ထောင်စုခေတ်လှူခဲ့သောနှုန်း**

ယခု ပြည်ထောင်စုခေတ်ရောက်တော့ စိတ်ဓာတ်တွေ တစ်ခါတည်း တက်ကြွလာပြီး "ဘယ်မှာ ၂-တင်း၊ ၁-တင်း၊

http:\\www.dhammadownload.com



၁–ခွဲနဲ့ စားလောက်မှာလဲ၊ မစားလောက်ဘူး။ ဒီတော့ တစ်နှစ်စာ လောက်အောင်လှူမယ်"ဆိုပြီးတော့ မလွန်ဆန်လှူအသင်းလူကြီးတွေက ကြိုးစားပြီး အထက် အောက် မြို့ရွာတွေမှာ လိုက်လံ နှိုးဆော်၊ အားလုံးနှိုးဆော်တော့ အထက် အောက် ဆန်လှူသင်းထောက်တွေက တိုးပြီး ဂရုတစိုက် ဆွမ်းဆန်များကို ပို့ကြတော့ ဒီ ပြည်ထောင်စုခေတ်မှာ–

ရဟန်း ၄–တင်း

သာမဏေ ၃–တင်း

သီလရှင်+သူတော်စင် ၂–တင်းစီ လှူနိုင်ခဲ့ပါတယ်။

**ဘွဲ့ရပုဂ္ဂိုလ်များ သီးခြားလှူ**

ဒီလို လှူသော်လည်းပဲ ဆွမ်းဆန်တော်က အထက် အောက် မြို့ရွာတို့မှ မြောက်မြားစွာ တိုး၍ တိုး၍ လှူလာကြလို့ မကုန်ဘူး၊ မကုန်တော့ အသင်းလူကြီးများက "ဘယ်လိုလုပ်မည်လဲ ဆရာတော်တို့"လို့ လျှောက်ထားကြတဲ့အတွက် "ဒါယကာကြီးတို့ ဘယ်လိုစိမ်ချင်သတုံး"လို့ ဘုန်းတော်ကြီးများက ပြန်မေးတဲ့အခါ "ဘွဲ့ရအရှင်တွေကို ထူးပြီး လှူချင်တယ်ဘုရား"လို့ လျှောက်ထားလို့ ဘုန်းတော်ကြီးများက "ကောင်းတာပေါ့"လို့ ပြန်အမိန့်ရှိရပါတယ်။

စစ်ကိုင်းတောင်ရိုး၊ မင်းဝံတောင်ရိုး၊ မင်းကွန်းတောင်ရိုးတို့မှာ နေတော်မူကြတဲ့ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်တွေ၊ မမ္မာစရိယဘွဲ့ရ ဆရာတော်တွေ၊ ရဟန်းတော်တွေ၊ သီလရှင်ဆရာတွေ၊ ပဌမကျော်ဘွဲ့ရ ဆရာတော်များ၊ သီလရှင်ဆရာကလေးများ၊ အဲဒီလို ဘွဲ့ရပုဂ္ဂိုလ်များအား ဘွဲ့ထူးတစ်ခုလျှင် ၃–တင်းဝင် ဆွမ်းဆန်တစ်အိတ်ကျစီ သီးခြားဆွမ်းဆန်အလှူရယ်လို့ လှူပါတယ်။

http:\\www.dhammadownload.com



## တိပိဋကဓရ ဆရာတော်အား လှူပုံ

ကဲ–ဆိုကြပါစို့။ ဘုန်းကြီးကျတော့ အများနဲ့ပေါင်းလှူတာက ဆွမ်းဆန် ၄–တင်း၊ ဘုန်းကြီးမှာက ဟိုး–ဗြိတိသျှလက်ထက်က ပဌမကျော်ဖြစ်တယ်။ အစိုးရဓမ္မာစရိယ၊ သက်္ယသီဟဓမ္မာစရိယ ဖြစ်တယ်၊ ပြီးတော့ ပြည်ထောင်စုခေတ်မှာ တိပိဋကဓရ ဖြစ်တယ်–ဆိုတော့ ပဌမကျော်အတွက် သီးခြား ၃–တင်းဝင် ဆန်၁–အိတ်၊ အစိုးရနှင့် သက်္ယသီဟ ဓမ္မာစရိယ အတွက်က (ဓမ္မာစရိယချည်းဖြစ်လို့ တစ်ဘွဲ့ပဲထားပြီး) သီးခြားဆန် ၁–အိတ်၊ တိပိဋကဓရအတွက်က (ပထမပိုင်းမှာ ပိဋက တစ်ပုံတစ်ပုံလျှင် ဆန်တစ်အိတ်ကျစီထားပြီး) ၃–အိတ်လှူပါတယ်။ ယခု တစ်ပုံ တစ်ပုံမှာ အာ ရော သဘောရေးဖြေပါ အောင်တာဖြစ်လို့ တစ်ပုံအတွက် ၁–အိတ်သာလှူလို့ ဖြစ်ပါရိုးလားဆိုပြီး တိုးလှူလို့ တိပိဋကဓရအတွက်က အာဂုံဆောင်အတွက် ၃–အိတ်၊ ၂–ရပ်ပေါင်း ၆–အိတ်လှူပါတယ်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်အတွက်က ၁–အိတ်၊ အဘိဓဇ ဘွဲ့တံဆိပ်အတွက်က ၁–အိတ်လှူပါတယ်။ အားလုံးပေါင်းလိုက်လျှင် ဘွဲ့ထူးအတွက်ပင် သီးခြားအလှူ ၃–တင်းဝင် ဆွမ်းဆန်အိတ် ၁၀–အိတ် (တင်းပေါင်းသုံးဆယ်) ရရှိပါတယ်။

## ဆန်အခက်အခဲကြုံ၍ တစ်ခွဲသာလှူရပုံ

အဲဒီလို လှူလာရင်းက ယမန်တလတ် ဆန်ပြဿနာရယ်လို့ ပေါ်လိုက်တော့ ၄–တင်း၊ ၃–တင်း၊ ၂–တင်း မလှူနိုင်တော့ဘဲ ၄–တင်း လှူခဲ့တဲ့ ရဟန်းတော်အားလည်း တစ်ခွဲပဲလှူနိုင်တော့တယ်။ ၃–တင်းလှူခဲ့တဲ့ သာမဏေ၊ ၂–တင်းစီလှူခဲ့တဲ့ သီလရှင်တော်စင်များအားလည်းပဲ တစ်ခွဲစီသာ

http:\\www.dhammadownload.com


လှူနိုင်တော့တယ်။ အဲဒီ တစ်ခွဲသံသရာ ရောက်လာတဲ့အခါ ကျတော့ ဟို...စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုးကြီး ၃–ဌာနမှာ ဝါဆို သီတင်းသုံးကြတဲ့ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စင်တို့လည်းပဲ ငါးထောင် (၅၀၀၀)ကျော် ရှိတယ်နော်။ ရဟန်းတော်နှင့် သာမဏေက ၃၀၀၀–ကျော်လောက်၊ သီလရှင်နှင့် သူတော်စင်တို့က ၂၀၀၀–ကျော်လောက်ရှိတယ်။ အဲဒီ ရဟန်း သာမဏေတွေမှာ ဂေါစရဂါမ်ရွာကလေးတွေကလည်း ငယ်တယ်။ ငယ်တဲ့အပေါ် သူတို့ကလည်း စီပွားရေးကြပ်တယ်။ သူတို့ကိုယ်နှိုက်က နပ်ကျော် စားနေကြရတော့ ဒီကိုယ်တော်တွေကို ဘယ်မှာဆွမ်းလောင်းနိုင်ပါ့မည်လဲ၊ အရေအတွက်များတဲ့ ဆွမ်းခံသံဃာတော်တွေ၊ ဒါယကာ ဒါယိကာမတွေကလည်း ဆွမ်းမလောင်းနိုင်၊ ပြီးတော့ မလွန်ဆန်လှူအသင်းကလည်းပဲ ၄–တင်း၊ ၃–တင်းကနေပြီး ၁–ခွဲသာ လှူနိုင်တော့ သံဃာများမှာ ဘောဇနေသပ္ပါယအတွက် တော်တော်ဆင်းရဲကြပါတယ်။

**တိပိဋကစရဆရာတော် တာဝန်ယူခဲ့ရပုံ**

တစ်နှစ်လာလည်း တစ်ခွဲ၊ တစ်နှစ်လာလည်း တစ်ခွဲ ဖြစ်နေလို့ သုံးနှစ်လောက်ရှိတော့ ဘုန်းကြီးက ပြောတယ်။ "ဒီအတိုင်းနေလို့ မဖြစ်ဘူး"၊ အသင်းကလည်းပဲ စိတ်အားငယ်လာတယ်၊ ထိုအခါ ဘုန်းကြီးက "ဒီလို ဒါယကာကြီးတို့ စိတ်အားငယ်နေလို့ ဘယ်ဖြစ်မလဲ၊ ဟို အထက် အောက်မြို့ရွာတွေမှာ ဆန်လှူအသင်းထောက် အဖွဲ့တွေ ဖွဲ့ရမယ်။ အဲဒီ သင်းထောက်တွေက လှူတဲ့ဆွမ်းဆန်များ ရေစက်ချတရားပွဲများ ကျင်းပပေးယင် ဆန်အလှူဟာ တိုးတက်တာပေါ့"လို့ ဘုန်းကြီးက အကြံပေးပြီး တာဝန်ယူလိုက်ပါတယ်။ သာသနာ ဘာသာရေးကိစ္စမို့ အပင်ပန်းခံရပါတယ်။

http:\\www.dhammadownload.com



## အစိုးရက စရိတ်တစ်ဝက်လှူ

ဟုတ်တယ်၊ နိုင်ငံတော်အစိုးရ အနေနဲ့လည်းပဲ ဖြန်းခနဲ ဆိုတော့ အလုပ်ခက်သွားတယ်။ ဒီမလွှန်ဆန်လှူအသင်းက ဆွမ်းဆန်တော်များကို နိုင်ငံတော်အစိုးရ သိလာတဲ့အခါကျတော့ "ကိုင်း–တို့အစိုးရက စရိတ်အကုန် မလှူနိုင်သော်လည်းပဲ တစ်ဝက်လှူမယ်"ဆိုတဲ့မူနဲ့ ဘုန်းကြီးတို့ဆောင်ရွက်လို့ တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ နိုင်ငံတော်အစိုးရ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးသင်္ဘောနဲ့ မလွှန် ဆွမ်းဆန်တော်များကို အထက်ဗမာပြည်ကပဲ သယ်သယ်၊ အောက်ဗမာပြည်ကပဲသယ်သယ်၊ ရာခိုင်နှုန်း ၅၀ (ငါးဆယ်) လှူပါတယ်။ ၅၀–ရာခိုင်နှုန်းပဲစရိတ်ယူပါတယ်။ ဤနည်းဖြင့် အစိုးရကလည်း အသိအမှတ်ပြုပါတယ်။

## မူလအခြေအနေ ပြန်ရောက်လာပုံ

ဘုန်းကြီးများ ဒီလို ရှေ့ကမားမားမတ်မတ်ရပ်ပြီးတော့ မလွှန်ဆန်လှူ သင်းထောက်အဖွဲ့ခွဲတို့ရဲ့ ဆွမ်းဆန်အလှူတော်များကို ရေစက်ချ ဓမ္မသဘင်များ ဆင်ယင်ကျင်းပပေးတော့ ၁–နှစ်၊ ၂–နှစ် ၃–နှစ်မှာ နဂိုမူအတိုင်း–

| | |
|---|---|
| ရဟန်း | ၄–တင်း |
| သာမဏေ | ၃–တင်း |
| သီလရှင်နှင့် သူတော်စင် | ၂–တင်းစီ |
| ဘွဲ့ထူးတစ်ခုခုအတွက် အသီးအသီး | ၃–တင်းစီ |

လှူနိုင်လာပြန်ပါတယ်။

## မူလထက်တိုး၍ လှူနိုင်ခြင်း

ဘုန်းကြီးများဆောင်ရွက်လို့ ၄–နှစ်၊ ၅–နှစ်ရောက်တဲ့ အခါကျတော့–

http:\\www.dhammadownload.com



ရဟန်းတော်တစ်ပါးအား ၄–တင်း တစ်စိတ်
သာမဏေတစ်ပါးအား ၃–တင်း တစ်စိတ်
သီလရှင်နှင့်သူတော်စင်တစ်ပါးအား ၂–တင်း တစ်စိတ်စီ
လှူနိုင်ခဲ့ပါတယ်။

ဒါ ဘုန်းကြီးများ ရှေ့ကမှားမှားမဝတ်မတ် ရပ်တည်ဆောင်ရွက်လို့ ၄–နှစ်မြောက်မှာ တွေ့ရတဲ့လက်တွေ့ပဲ။

၅–နှစ်မြောက်ကျတော့ "ရဟန်းတော်အား ၄–တင်း တစ်စိတ်၊ သာမဏေအား ၃–တင်း တစ်စိတ်၊ လှူရတာမနည်းပါဘူး။ သီလရှင်များအား ၂–တင်း တစ်စိတ်က နည်းပါသေးတယ်။ မာတုဂါမ မင်းမိန်းမဆိုတာ လာဘ်လာဘ ဆင်းရဲငြိုငြင်ကြပါတယ်။ ကိစ္စာလာဘော မာတုဂါမော...တဲ့။ ဒီတော့ သီလရှင်များအား ၂–တင်း တစ်စိတ်အစား ၂–တင်းခွဲစီလှူပါ" အဲဒီလို ဘုန်းကြီးတို့ အကြံပေးလို့ အသင်းကြီးက ယမန်နှစ် (၁၃၄၀–ပြည့်နှစ်)က ဆိုလျှင်–

ရဟန်းတော်တစ်ပါးအား ၄–တင်း တစ်စိတ်
သာမဏေတစ်ပါးအား ၃–တင်း တစ်စိတ်
သီလရှင်နှင့်သူတော်စင်တစ်ပါးအား ၂–တင်း တစ်ခွဲစီ
လှူခဲ့ပါတယ်။

အဲဒီတော့ ရဟန်း သံဃာများမှာ ထောက်တည်ရာ ရသွားကြတာပဲ။

**တိပိဋကဗ္ဗာတိုက်**

ဤသို့ မိခင် မလွန်ဆန်လှူအသင်းကြီး၏ ကျေးဇူးကို ဆပ်သောအားဖြင့် အထက်အောက် မြန်မာပြည် မလွန်ဆန်လှူ သင်းထောက် ဆွမ်းဆန်တော် ရေစက်ချ တရားပွဲများကို မနေရာ

http:\\www.dhammadownload.com



အနှံ့ ဟောကြားခဲ့ပါသည်။ ဤတရားဟောစဉ်များကို အသံဖမ်းယူခဲ့၍ ဤဖမ်းယူထားသော တရားဟောစဉ်များကိုလည်းကောင်း၊ ယခင့် ယခင် သင်္ဂါယနာတင်စဉ်က သင်္ဂါယနာတင် ဒေသနာများကို လည်းကောင်း၊ အရပ်ရပ်စုပေါင်း၍ ရန်ကုန်မြို့ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က တိပ်ဘဏ္ဍာတိုက် ဖွင့်လှစ်၍ သိမ်းဆည်းထားပါသည်။

(သာသနာ့မိခင် မလွန်ဆန်လှူအသင်း၏ တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ပြီးဖြစ်၍ တစ်ကြောင်း၊ ယခုအခါ တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ တာဝန်များကို ရှက်ဆောင်နေရ၍တစ်ကြောင်း၊ အသက်လည်း ကြီးလာပြီဖြစ်၍ တစ်ကြောင်း၊ ဤအကြောင်းများကြောင့် မလွန်ဆန်လှူ ရေစက်ချ တရားပွဲများမှ အနားယူကာ ပျိုလည်းပျိုရွယ်၊ စွမ်းလည်းစွမ်းဆောင်နိုင်သော သပိတ်အိုင်ဆရာတော် စသည်တို့အား တောင်းပန်လျှောက်ထားကာ တာဝန်လွှဲအပ်ခဲ့ပါသည်။)

## ပိဋကတ်သုံးပုံ ကုန်လုနီးတရား

ဆရာတော်သည် နေရာအနှံ့ တရားဒေသနာများကို ဟောကြားတော်မူခဲ့ရာ ယခုအခါ ပိဋကတ်တော်လာ ဒေသနာများ အတော်ပင် စုံပြီဖြစ်ကြောင်း အမိန့်ရှိတော်မူပါသည်။ ဇာတ်တော်များအနက်မှ လူပုံအလယ်၌ ဟောပြ၍ မကောင်းသော ဇာတ်အချို့ကိုသာ မဟောဘဲ ခြွင်းချန်ထားကြောင်း အမိန့်ရှိပါသည်။

## အသံဖမ်းကြိုးခွေမှ စာအုပ်သို့

ဤသို့ ဆရာတော်၏ ဟောစဉ်တရားများကို အသံဖမ်းကြိုးခွေမှ စာအုပ်အဖြစ် ပြုစု၍ လှူဒါန်းလိုပါကြောင်း ဒါယကာ၊

http:\\www.dhammadownload.com



ဒါယိကာမအပေါင်းက ဆရာတော်အား လျှောက်ထားကြရာ ဆရာတော်က "ကုသိုလ်ပြုသည့်အရာဖြစ်၍ အထူးပြောရန် မလိုပါကြောင်း" အမိန့်ရှိတော်မူပါသည်။

ဤသို့ ဟောစဉ်စာအုပ် ပြုလုပ်လှူဒါန်းရေး ကိစ္စကို ယခင်က သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူး ဦးကြည်ညွှန့်နှင့် ညှိနှိုင်းခဲ့ပါသည်။ ဤညှိနှိုင်းချက်အရ တရားဒေသနာ အတိုများကို သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ရန်နှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့၊ သာသနာ့ရှိန်ခွင်ကြီး လေးလက် တရားစသည်တို့ကို တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ရိုက်နှိပ်ရန် သဘောတူခဲ့ကြပါသည်။

ထို့ကြောင့် သာသနာတော်ကို ပူဇော်သောအားဖြင့် ဆရာတော်၏ ဟောစဉ်များ ပထမတွဲကို နှစ်ကြိမ်၊ ဒုတိယတွဲကို တစ်ကြိမ် သာသနာရေးဦးစီးဌာနက ရိုက်နှိပ် ဖြန့်ဝေခဲ့ပါသည်။ ယခုအခါတွင် အကြောင်းမညီမညွတ်သဖြင့် သာသနာရေး ဦးစီးဌာနက ဟောစဉ်တရားတော်များကို ဆက်လက်၍ ရိုက်နှိပ်ဖြန့်ဝေရန် အခြေအနေမပေးရကား တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကိုပင် ဟောစဉ်တရားစာအုပ်အားလုံး ထုတ်ဝေပါရန် ပြန်၍ မေတ္တာရပ်ခံချက်အရ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ဟောစဉ် တရားတော်များကို ဆက်လက်ထုတ်ဝေလျက် ရှိပါသည်။

## သာသနာ့ရှိန်ခွင်ကြီးလေးလက် တရား

သာသနာရေးဦးစီးဌာနနှင့် ညှိနှိုင်းခဲ့သည့် အတိုင်း သာသနာ့ရှိန်ခွင်ကြီး လေးလက်တရားကို စာအုပ်အဖြစ် ရိုက်နှိပ်ရန် စီစဉ်ခဲ့ပါသည်။ အသံဖမ်း တရားကြီးခွေမှကူး၍ ဆရာတော်

http:\\www.dhammadownload.com



ဘုရားထံ ဆက်ကပ်ရာ ဆရာတော်ကိုယ်တိုင် အချောကိုင်၍ပေးပါသည်။ ဤသာသနာ့ချိန်ခွင်ကြီးလေးလက်တရားကို ကောဇာသက္ကရာဇ် ၁၃၃၂–ခု၊ သာသနာတော် ၂၅၁၄–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅–ရက်နေ့ကစ၍ မန္တလေးမြို့ အနောက်ပြင်ဖောင်တော်ဦး ဆုတောင်းပြည့် စေတီတော် အာရာမ်အတွင်း မန်းဆိပ်ကမ်းလုပ်သားများ၏ ကုသိုလ်ကောင်းမှုဖြစ်သော "နိဗ္ဗာန်ဆိပ်ဦးဓမ္မာရုံ"၌ ဟောကြားခဲ့ပါသည်။ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း၌ ဟောကြားတော်မူခဲ့ပါသည်။

ဤသာသနာ့ချိန်ခွင်ကြီး လေးလက်ကို သုတ္တန်ပိဋကတ် အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် စတုတ္ထ ပဏ္ဏာသက သဒ္ဓေတနိယဝဂ် ၆–အာယာစနသုတ်၌ ဤဆိုလတ္တံ့သောအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

အာယာစနသုတ်

(၁) ရဟန်းတို့. . .၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းတို့သည် ကောင်းစွာ တောင့်တလိုမူ "ငါသည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့ကဲ့သို့ ပညာကြီးသူ၊ သမာဓိကြီးသူဖြစ်ရပါလို၏"ဟု တောင့်တရာ၏။ ရဟန်းတို့. . .၊ ငါ၏ တပည့် ရဟန်းတို့တွင် သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့သည် ချိန်ခွင်ကြီးသဖွယ် ဖြစ်ကုန်၏။ နှိုင်းယှဉ်ကြောင်း (သမာဓိ) တင်းတောင်းကြီးသဖွယ် ဖြစ်ကုန်၏။

(၂) ရဟန်းတို့. . .၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းမိန်းမသည် ကောင်းစွာ တောင့်တလိုမူ "ငါသည် ခေမာဘိက္ခုနီနှင့် ဥပ္ပလဝဏ်ဘိက္ခုနီတို့ကဲ့သို့ ပညာကြီးသူ၊ သမာဓိကြီးသူ ဖြစ်ရပါလို၏"ဟု တောင့်တရာ၏။ ရဟန်းတို့. . .၊

http:\\www.dhammadownload.com



ငါ၏တပည့်မ ရဟန်းမိန်းမတို့တွင် ဤခေမာဘိက္ခုနီနှင့် ဥပ္ပလဝဏ်ဘိက္ခုနီတို့သည် ချိန်ခွင်ကြီးသဖွယ် ဖြစ်ကုန်၏။ နှိုင်းယှဉ်ကြောင်း(သမာဓိ)တင်းတောင်းကြီးသဖွယ် ဖြစ်ကုန်၏။

(၃) ရဟန်းတို့. . .၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသကာသည် ကောင်းစွာတောင့်တလိုမူ "ငါသည် စိတ္တသူကြွယ်နှင့် ဟတ္ထကာဠဝက သီတင်းသည် (မင်းသား)တို့ကဲ့သို့ ပညာကြီးသူ၊ သမာဓိကြီးသူ ဖြစ်ရပါလို၏" ဟု တောင့်တရာ၏။ ရဟန်းတို့...၊ ငါ၏တပည့် ဥပါသကာတို့တွင် ဤစိတ္တသူကြွယ်နှင့် ဟတ္ထကာဠဝက သီတင်းသည် (မင်းသား)တို့သည် ချိန်ခွင်ကြီးသဖွယ် ဖြစ်ကြကုန်၏။ နှိုင်းယှဉ်ကြောင်း (သမာဓိ) တင်းတောင်းကြီးသဖွယ် ဖြစ်ကုန်၏။

(၄) ရဟန်းတို့. . .၊ သဒ္ဓါတရားနှင့် ပြည့်စုံသော ဥပါသိကာသည် ကောင်းစွာ တောင့်တလိုမူ "ငါသည် ရှင်မခုဇ္ဇုတ္တရာ ဥပါသိကာနှင့်ဝေဠုကဏ္ဍက မြို့သူ နန္ဒမာတာ သေဌေးကတော်တို့ကဲ့သို့ ပညာကြီးသူ၊ သမာဓိကြီးသူ ဖြစ်ရပါလို၏" ဟု တောင့်တရာ၏။ ရဟန်းတို့. . .၊ ငါ၏ တပည့်မ သာဝိကာ ဥပါသိကာတို့တွင် ဤ ခုဇ္ဇုတ္တရာနှင့် ဝေဠုကဏ္ဍက မြို့သူ နန္ဒမာတာ သေဌေးကတော်တို့သည် ချိန်ခွင်ကြီးသဖွယ် ဖြစ်ကြကုန်၏။ နှိုင်းယှဉ်ကြောင်း (သမာဓိ)တင်းတောင်းကြီးသဖွယ် ဖြစ်ကြကုန်၏။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သာသနာတော်၏ စံပြချိန်ခွင်ကြီးတို့သည်–

၁။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်တည်းဟူသော ရဟန်းယောကျာ်း သာသနာ့ချိန်ခွင်ကြီး။

http:\\www.dhammadownload.com



၂။ ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီ တည်းဟူသော ရဟန်းမိန်းမ သာသနာ့ချိန်ခွင်ကြီး။

၃။ စိတ္တသူကြွယ်နှင့် ဟတ္ထကာဠဝက သီတင်းသည် (မင်းသား) တည်းဟူသော ဥပါသကာ သာသနာ့ချိန်ခွင်ကြီး။

၄။ ရှင်ခုဇ္ဇုတ္တရာနှင့် ဝေဠုကဏ္ဍက မြို့သူ နန္ဒမာတာ သေဋ္ဌေးကတော်တည်းဟူသော ဥပါသိကာ သာသနာ့ချိန်ခွင်ကြီးအားဖြင့် သာသနာ့ချိန်ခွင်ကြီး လေးလက်တို့ ဖြစ်ပါသည်။

ဤသာသနာ့ချိန်ခွင်ကြီး လေးလက်တို့၏ အကြောင်းကို ဆရာတော်ဘုရားသည် အကျယ်ဝေဖန်၍ ဟောကြားတော်မူခဲ့ပါသည်။ ထိုသို့ အကျယ်ဝေဖန်၍ ဟောကြားအပ်သော သာသနာ့ချိန်ခွင်ကြီးလေးလက် ဒေသနာလာ အရိယာပုဂ္ဂိုလ်သူမြတ်ကြီး ၈–ဦးတို့၏ အကြောင်းကို ဖတ်နာသူတို့ အလွယ်တကူ ကြည်ညိုစံယူနိုင်ရန် ဆိုလတ္တံ့သောအတိုင်း ဟင်းပြလိုက်ပါသည်။

## (က) အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်

အရှင်သာရိပုတ္တရာအလောင်းသည် လွန်ခဲ့သော တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သရဒလုလင်ဖြစ်၍ အရှင်မဟာမောဂ္ဂလ္လာန် အလောင်းကား သိရိဝမုန သူကြွယ်ဖြစ်၏။ သရဒလုလင်သည် ရသေ့ပြု၍ သုရစိရသေ့ဟု တွင်၏။ အနောမဒဿီမြတ်စွာဘုရား၏ လက်ယာတော်ရံ နိသဘမထေရ်ကို အားကျ၍ သုရစိရသေ့သည် လက်ယာရံဆုကို ဆုပန်၏။ သိရိဝမုန သူကြွယ်ကို လက်ဝဲရံ ဆုပန်ရန် တိုက်တွန်း၏။ သူကြွယ်လည်း လက်ဝဲရံ ဆုပန်၏။ ခကျွန်ုပ်တို့၏ မြတ်စွာဘုရား လက်ထက်တော်၌ သုရစိရသေ့သည် ရာဇဂြိုဟ်ပြည်အနီး ဥပတိဿရွာ

http:\\www.dhammadownload.com



ရူပသာရီပုဏ္ဏေးမ၏သား ဖြစ်လာ၍ ရွာအမည်ဖြင့် ဥပတိဿ လုလင်ဟု အမည်တွင်၏။ ရဟန်းပြုသောအခါ မယ်တော်ကို စွဲ၍ အရှင်သာရိပုတ္တရာ အမည်တွင်၏။ သိရိဝဍ္ဎန သူကြွယ်ကား ကောလိတရွာ၌ မောဂ္ဂလိပုဏ္ဏေးမ၏ သားဖြစ်လာ၍ ရွာအမည် ဖြင့်ပင် ကောလိတလုလင်ဟု အမည်တွင်၍ ရဟန်းပြုသောအခါ မယ်တော်ကိုစွဲ၍ အရှင်မောဂ္ဂလ္လာန် အမည်တွင်၏။ ထိုအရှင် နှစ်ပါးတို့သည် အတူဖွား၊ အတူစား၊ အတူကစားဖော် ဖြစ်ကြ ကုန်၏။

အရွယ်ရောက်သောအခါ အတူတကွ ပွဲကြည့်ရာမှ သံဝေဂ ကြီးစွာရ၍ မသေ(အမတ)တရားရှာရန် သိဉ္စည်းဆရာကြီးထံ၌ ပရိဗိုဇ်ရဟန်းပြု၍ "ငါတို့ နှစ်ဦးတွင် သေဘေးမှလွတ်သော မသေတရား=အမြိုက်တရားကို အဦးဆုံးသိသူက မသိသေးသူကို ပြန်၍ ဟောကြစတမ်း"ဟု ကတိကဝတ်ပြုထား၍ တစ်နေ့သ၌ (မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်နေ့၌) ဥပတိဿပရိဗိုဇ်သည် ပဉ္စဝဂ္ဂီအဝင်အပါ အရှင်အဿဇိ ဆွမ်းခံဝင်စဉ် ဖူးတွေ့ရ၍ ထိုအရှင်ဟောသော "ယေ ဓမ္မာ ဟေတုပ္ပဘဝါ"အစရှိသော ဂါထာကိုနာရလျှင် ဂါထာထက်ဝက် မျှဖြင့်ပင် သောတာပန် ဖြစ်လေသည်။ ကတိကဝတ် ရှိသည့်အတိုင်း မိမိသိသောတရားကို ကောလိတပရိဗိုဇ်အား ပြန်၍ဟောသော အခါ ကောလိတပရိဗိုဇ်လည်း သောတာပန်ဖြစ်လေ၏။ ထိုအရှင် နှစ်ပါးတို့သည် အရံတပည့်ပရိဗိုဇ် နှစ်ရာငါးဆယ်စီတို့နှင့်အတူ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုကြ၏။ ရဟန်းပြု၍ ခုနစ် ရက်ရှိလျှင် အရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာဖြစ်တော်မူသည်။ လဝက် ၁၅-ရက်ရှိသော် အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်တော် မူ၏။ ထိုအရှင်နှစ်ပါးတို့သည် မြတ်စွာဘုရား၏ လက်ယာရံ၊

http:\\www.dhammadownload.com



လက်ဝဲရံ=အဂ္ဂသာဝကအစုံ ဖြစ်တော်မူကုန်၏။ အရှင်သာရိပုတ္တရာသည် ပညာအရာ၌ ဧတဒဂ်ရ၍ အရှင်မောဂ္ဂလ္လာန်ကား သမာဓိ (တန်ခိုး)အရာ၌ ဧတဒဂ်ရတော်မူ၏။

## အရှင်သာရိပုတ္တရာ ပညာကြီးပုံ

မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူ၍ သင်္ကဿနဂိုရ်ပြည်သို့ ရောက်တော်မူသောအခါ ဘုရားရှင် မေးတော်မူသော ပြဿနာကို ရှင်သာရိပုတ္တရာသာ ဖြေတော်မူနိုင်၏။ ထိုအခါမှစ၍ အရှင်သာရိပုတ္တရာ၏ ပညာအာနုဘော်ကျော်စော၏။ ယခုဘဝမှာသာ ဤသို့ပညာကြီးသည်မဟုတ်၊ ရှေးပါရမီဖြည့်စဉ်ကလည်း ပညာကြီး၏။ ဆရာရသေ့ ကွယ်လွန်ခါနီး၌ တပည့်တို့က "အဘယ်ဈာန်ကိုရသနည်း"ဟု မေးသည်ကို "နတ္ထိ ကိဉ္စိ"ဟု ပြောခဲ့၏။ ထိုအဖြေကိုကြားရသောတပည့်အပေါင်းက "ငါတို့ဆရာဈာန်မရ"ဟု နားလည်ပုံလွဲကြ၏။ ထိုအခါ အရှင်သာရိပုတ္တရာ အလောင်းက အရူပဈာန်သုံးတန်ရကြောင်း ရှင်းပြဖူး၏။

## အရှင်သာရိပုတ္တရာ ပညာရှိကို ချီးမြှောက်ပုံ

ဧတဒဂ်ရ ပုဏ္ဏမထေရ်ကို အရှင်သာရိပုတ္တရာ တွေ့တော်မူ၍ ဝိသုဒ္ဓိခုနစ်ပါးကို မေး၏။ အရှင်ပုဏ္ဏထေရ်လည်း အာဇာနည်မြင်းကသော ရထားခုနစ်တန် ဥပမာဖြင့် ဖြေပေ၏။ အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏမထေရ် ဖြေသည်ကို ကြားလတ်သော်—

"ဤသို့မေးတိုင်း ဖြေနိုင်သောပုဂ္ဂိုလ်ကို တွေ့ပြီးသော်ကား အတူတကွ တစ်ကျောင်းတည်း၌နေကာမျှလည်း မေးလိုစိတ်ပေါ်လာသောအခါ တစ်ခဏတာ ကင်းကွာခဲ့မှုကား မမေးရဘဲ

http:\\www.dhammadownload.com



ဆိုင်း၍ ကြာတင်လေရာ၏။ အကြားအမြင်ကို တောင့်တ၍ အလိုရှိသောသူမည်သည်ကား ဤပုဏ္ဏထေရ်ကဲ့သို့မေးတိုင်း ဖြေအံ့သောသူကို ခေါင်းခုဖြင့် ဦးခေါင်းထက် အမြဲရွက်၍ နေထိုက်၏။ ဤသို့ရွက်၍နေမှ မေးလိုသောအခါ ဦးခေါင်းထက်မှချ၍ မေးရအံ့သတည်း။ ငါကဲ့သို့သောသူသည် ဤပုဏ္ဏထေရ်ကဲ့သို့သောသူကို ခေါင်းခုဖြင့် အမြဲရွက်ထားချင်ပါ၏”ဟု မိန့်ဆိုတော်မူ၏။

## အရှင်သာရိပုတ္တရာ သီတင်းသုံးဖော်တို့ကို ချီးမြှောက်ပုံ

အရှင်သာရိပုတ္တရာသည် ရဟန်းသံဃာအားလုံး ဆွမ်းခံကြွသောအခါ အထားအသို မသင့်သည်ကိုမြင်က မိမိကို ကဲ့ရဲ့အံ့သည်ဟု ကျောင်းစဉ်လှည့်၍ တံမြက်လှည်းသင့်ရာ၌ လှည်းကျင်း၏။ အမှိုက်ပုံကိုတွေ့သော် ကျုံး၏။ အသုံးအဆောင်တို့ကို နေရာတကျထား၏။ မကျန်းမာသူတို့ကိုလည်း ဆေးဝါးလို၊ မလို မေး၍ ရအောင်ရှာ၏။ သူနာစောင့်ကိုလည်း စောင့်ချင်အောင် အားပေး၏။ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသောအခါ အသက်ကြီးသူတို့ အသက်ငယ်တို့ကို လိုက်မမီနိုင်သည်ကို သပိတ် သင်္ကန်းကိုင် ထည့်လေ့ရှိ၏။ ခြေလက်စသည်တို့ကို ဆီ နှင်း ဆုပ်နယ်စေ၍ ကျန်းမာအောင် ပြုလေ့ရှိ၏။

တရားဖြင့် ချီးမြှောက်သည်ကား ပုထုဇဉ်ကို သောတာပန်ဖြစ်အောင် အကြိမ်ကြိမ်ဟောပြ ဆုံးမ၏။ ဤသို့လျှင် ရဟန္တာဖြစ်သူပေါင်း မရေနိုင်အောင်ရှိ၏။

## အရှင်သာရိပုတ္တရာ အဆုံးအမခံပုံ

တစ်ရံရောအခါ အရှင်သာရိပုတ္တရာသည် သင်္ကန်းရုံတော်

http:\\www.dhammadownload.com



မှုသော် အမှတ်မဲ့ဖြစ်၍ သင်္ကန်းအစွန်း အနားမညီမညာ ဖြစ်လေသတတ်။ အသက် ခုနစ်နှစ်အရွယ်မျှသာရှိသေးသော ပြုသစ်စ သာမဏေငယ်က "အရှင်ဘုရား၊ ဤသို့လည်း ဝတ်ကောင်းပါသလား"ဟု ရိုခိုးလျက် လျှောက်၏။ အရှင်မြတ်လည်း မညီမှန်းသိ၍ ကွယ်ရာ၌ ညီညွတ်အောင် ပြင်ဆင်ဝတ်ပြီးမှ သာမဏေငယ်၏ရှေ့သို့ ပြန်ကြွလာ၍ ဆုံးမတရားကို ရိုသေသောအားဖြင့် လက်အုပ်ချီတော်မူလျက် "မွေးဖွားသည်မှ ခုနစ်နှစ်အရွယ်ရှိသော ထိုနေ့မှာပင် ရှင်ပြုစဖြစ်သော သာမဏေငယ်ကသော်မူလည်း ငါ့ကို ဆုံးမသည်ဖြစ်စေ၊ ငါသည် ဦးထိပ်ဖြင့် ခံယူပါ၏"ဟု မိန့်ဆိုကာ အဆုံးအမကို ခံတော်မူ၏။

## အရှင်သာရိပုတ္တရာ သရာကိုပူဇော်ပုံ

အရှင်သာရိပုတ္တရာသည် အရှင်အဿဇိထံမှ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ"အစရှိသော တရားဂါထာကို ကြားနာရသဖြင့် ရှေးဦးစွာ သောတာပန်ဖြစ်ရသည်ကို အကြောင်းပြု၍ ဆရာအရှင်ဟု ရိုသေစွာ အရှင်အဿဇိရှိရာအရပ်သို့ ဦးခေါင်းပြု၍ "ဦးခေါင်းရင်း၌ ငါ့ဆရာရှိသည် ဖြစ်စေသတည်း"ဟု အမြဲလျှင် ဆောက်တည်တော်မူ၏။

## အရှင်သာရိပုတ္တရာ စိတ်ထားနူးညံ့ပုံ

အရှင်သာရိပုတ္တရာသည် "သဗ္ဗညု ဘုရားရှင်ကိုထား၍ ပညာအရာ ငါ့ကို တူသူမရှိ"ဟု သိတော်မူ၏။ သို့သော် ပရိသတ်၌ကား "ငါ၏ကိုယ်ကို ကိုယ်ဟု ငါမမှတ်၊ နင်းနယ်စရာ ခြေသုတ်ပုဆိုးကဲ့သို့၊ သူတစ်ပါးညှဉ်းဆဲစရာ ဒွန်းစဏ္ဍားကိုယ်ကို နှိမ့်ချသကဲ့သို့၊ အစွယ်ကျိုးသော မြွေ၊ ဦးချိုကျိုးသော နွားကဲ့သို့

http:\\www.dhammadownload.com



သိတင်းသုံးဖော်တို့အား ရှိသေမြတ်နိုးစွာ ငါနှိမ့်ချသတည်း"ဟု မိမိကိုယ်ကို နှိမ့်ချတော်မူလေ့ရှိ၏။

## အရှင်သာရိပုတ္တရာ အမျက်သိမ်းဆည်းနည်း

အရှင်သာရိပုတ္တရာသည် သူတစ်ပါးအား အမျက်မရှိရာသော တရားကိုလည်း ဟော၏။ အမျက်မရှိသူ၏အကျင့်ကိုလည်း ကျင့်၏။

၁။ ပံ့သကူကောက်သူသည် ကောင်းရာကိုသာယူ၍ မကောင်းရာကို ဖယ်ရှားပစ်သကဲ့သို့ ကိုယ်ကျင့်မကောင်းဘဲ နှုတ်ထွက်မျှကောင်းသူ ဖြစ်မူကား ကိုယ်ကျင့်ကို မရေတွက်ဘဲနှုတ်ထွက်မှုကိုသာ နှလုံးသွင်း၍ အမျက်ရန်ငြိုး ငြိမ်းစေရာ၏။

၂။ ရေညှိမြေးနေသော ရေကန်ကို ရေညှိကိုဖယ်၍ ရေကြည်ကို သောက်သကဲ့သို့ နှုတ်ထွက်မကောင်းဘဲ ကိုယ်ကျင့်ကောင်းသူ ဖြစ်မူကား နှုတ်ထွက်မှုကို မရေတွက်ဘဲ ကိုယ်ကျင့်ကောင်းသည်ကိုသာ နှလုံးသွင်း၍ အမျက်ရန်ငြိုး ငြိမ်းစေရာ၏။

၃။ နွားခြေရာကွက်မှ ရေကို ရေအလွန်ငတ်သူသည် လက်ဖြင့်ခပ်၍ မသောက်သာသဖြင့် ရွှံ့ညွန်အလူးခံကာဝပ်၍ သောက်သကဲ့သို့ အကျင့်လည်းမကောင်း၊ နှုတ်ထွက်လည်း မကောင်းသူကို တစ်ခါတစ်ရံ စိတ်နှလုံးကြည်ဖွယ် ရှိငြားမူကား စိတ်နှလုံးကြည်ခြင်းကိုအကြောင်းပြု၍ အမျက်ရန်ငြိုး ငြိမ်းစေရာ၏။

၄။ တောခရီး၌ အထီးကျန်လူသည် ဆေးဝါးလည်း မရ၊ ရောဂါလည်း အနှိပ်စက်ခံနေရ၏။ ထိုသူကိုမြင်သူအပေါင်းသည် မသနားဘဲ မနေနိုင်ရာ။ ဤသို့ နှလုံးကြည်ဖွယ် မဟုတ်စေကာမူ သနားကာမျှ သနားမှု၍အမျက်ရန်ငြိုး ငြိမ်းစေရာ၏။

http:\\www.dhammadownload.com



၅။ ကြာမျိုးငါးပါးနှင့် ပြည့်စုံသော သာယာသော ရေကန်သို့ ရောက်သူတိုင်းသည် စိတ်ချမ်းသာ ကြည်နူးရသကဲ့သို့ ကိုယ်နှုတ်နှလုံး သုံးပါးလုံး၌ စိတ်ကြည်နူးဖွယ်ရှိသူကို အဘယ်သူသည် အမျက်ရန်ငြိုး ပြုအံ့နည်း။

ဤသို့လျှင် ရန်ငြိုးဖြေနည်းငါးပါးတို့ကို အရှင်သာရိပုတ္တရာ မထေရ်မြတ် ဟောတော်မူ၏။

## အရှင်သာရိပုတ္တရာ သည်းခံတော်မူပုံ

တစ်ရံခါသော် ဘုရားရှင်၏ ရှေ့တော်မှောက် သံဃာ့အလယ်၌ အရှင်သာရိပုတ္တရာ တရားဟောတော်မူနေ၏။ လာဠုဒါယီရှင်မိုက်က "အရှင်ဟောတာ တရားမဟုတ်"ဟုဆို၏။ မသိ၍ဆိုသော ထိုရှင်မိုက်၏ စကားကို အမှုမထားဘဲ ဟောမြဲဟော၏။ ရှင်မိုက်လည်း သုံးကြိမ်တိုင် ပစ်ပယ်၏။ မည်သူမျှ သာဓုနှမော် မခေါ်ချေ။ ထို့ကြောင့် အရှင်မြတ်သည် တရားမဟောဘဲ နေတော်မူ၏။ ဤသို့လျှင် မည်သို့မျှမဆိုဘဲ သည်းခံတော်မူ၏။

## (ခ) အရှင်မဟာမောဂ္ဂလ္လာန် တန်ခိုးကြီးပုံ

ဘုရားရှင်မှတစ်ပါး အရှင်မဟာမောဂ္ဂလ္လာန်သည် တန်ခိုးအစွမ်းဖြင့် သူတစ်ပါး၏ချမ်းသာကို ရှာလေ့ရှိ၏။ တန်ခိုးတော်ဖြင့် ငရဲပြည်သို့ ကြွတော်မူ၍ အေးမြအောင်ဖန်ဆင်းကာ ငရဲသားတို့ကို သက်သာရာရစေ၏။ လှည်းဘီးပမာဏရှိသော ကြာပွင့်ဖန်ဆင်း၊ ထိုကြာပွင့်ထက် နေတော်မူလျက် ငရဲသားတို့အား တရားဟောတော်မူ၏။ နတ်ပြည်သို့ကြွတော်မူ၍ နတ်တို့၏ ကုသိုလ်ကောင်းမှုကို ထုတ်ဖော်ကာ သစ္စာလေးပါးတရား ဟောတော်မူ၍ ကျွတ်စေ၏။ လူ့ပြည် ပရိသတ်တို့အား ငရဲပြည်၏ဆင်းရဲ၊

http:\\www.dhammadownload.com



နတ်ပြည်၏ ချမ်းသာကို ဟောပြောထိတ်လန့်စေ၍ သာသနာတော်၌ သဒ္ဓါကြည်ညိုစေ၏။ ဤသို့ တန်ခိုးကြီးသဖြင့် နန္ဒောပနန္ဒနဂါးမင်းကို နှိမ်နင်းတော်မူ၏။

## တိရစ္ဆာနကထာ ပြောနေသော ရဟန်းတို့ကို ထိတ်လန့်စေခြင်း

တစ်ရံရောအခါ ပုဗ္ဗာရုံကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံး နေတော်မူစဉ် ရဟန်းငယ်၊ သာမဏေငယ်တို့သည် သာသနာတော်အား ကျေးဇူးမပြု၊ မဂ်ဖိုလ်၏ ဖီလာကန့်လန့်ဖြစ်သော တိရစ္ဆာနကထာ စကားကိုပြောဆိုနေကြကုန်၏။ ဘုရားအလိုကို သိတော်မူသော အရှင်မဟာမောဂ္ဂလ္လာန်သည် ကောင်းကင်သို့ပျံတက်၍ တိုက်ခန်းပေါင်း တစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ပုဗ္ဗာရုံကျောင်း ပြာသာဒ်ကြီးကို ခြေမနှင့် ခြေညှိုးအကြား ညှပ်၍ တွန်းလှဲသဖြင့် ပြာသာဒ်ကြီး တုံးလုံး ါလေ၏။ တိရစ္ဆာနကထာ ပြောနေသော ရဟန်း သာမဏေတို့ ထွက်ပြေးကြ၍ ဘုရားအထံတော်၌ ချဉ်းကပ်ကြကုန်၏။ ဘုရားရှင်က ထိုရဟန်း သာမဏေတို့နှင့် သင့်လျော်သော တရားစကားကို ဟောကြ တော်မူ၏။

## သိကြားမင်းကို ဆုံးမပုံ

တစ်ခါသော် သိကြားမင်းသည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ လောဘ ဒေါသကုန်ရာသော တရားကို တောင်း၏။ မြတ်စွာဘုရားက တဏှာသင်္ခယသုတ်ကို ဟောတော်မူ၏။ နောင်သောအခါ သိကြားမင်းသည် စည်းစိမ်ယစ်မူး၍ တရားတော်ကို မေ့ခဲ့၏။ ထိုအကြောင်းကို သိတော်မူသော

http:\\www.dhammadownload.com



အရှင်မဟာမောဂ္ဂလ္လာန်သည် နတ်ပြည်သို့ ကြွတော်မူ၍ သိကြားမင်းစံရာ ဝေဇယန္တာနန်းပြာသာဒ်ကို ခြေဖျားဖြင့်တို့ကာ သွက်သွက်ခါ လှုပ်ချောက်ချားစေ၏။ သိကြားမင်း ဇါတ်လန့်ကာ တရားတော်ကို ပြန်၍သတိရလာ၏။

## (က) ခေမာထေရီ

လွန်ခဲ့သော ကမ္ဘာတစ်သိန်းတကဲ၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူစဉ် ခေမာထေရီ အလောင်းသည် ဟံသာဝတီပြည်၌ သေဋ္ဌေးသမီးဖြစ်၍ ပဒုမုတ္တရ မြတ်စွာဘုရားထံ ဆည်းကပ်ပြီး တရားတော်ကို နာယူ၏။ သရဏဂုံဆောက်တည်၏။ ဘုရားရှင်ကိုပင့်၍ သံဃာတော်နှင့်တကွ ခုနစ်ရက်ပတ်လုံး ဆွမ်းကပ်ပြီးလျှင် ရဟန္တာထေရီမတစ်ပါးကို ပညာကြီးသောအရာ၌ ဧတဒဂ်ထားတော်မူသည်ကို မြင်၍ ထိုဆုကိုပန်ဆင်၏။ ပဒုမုတ္တရ မြတ်စွာဘုရားကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည့်အတိုင်း အကျွန်ုပ်တို့၏ မြတ်စွာဘုရား လက်ထက်တော်၌ သာဂလပြည် မဒ္ဒရာဇ်မင်း သမီးတော်ဖြစ်လာ၏။ သူမ မီးရှူးသန့်စင်ဖွားမြင်သောအခါ အိမ်တော်အလုံး စိုးရိမ်ကြောင့်ကြ ဥပဒ္ဒဝေါမရှိ၊ ဘေးမဲ့ငြိမ်းချမ်းစွာ ဖြစ်ရကား "ခေမာမင်းသမီး" ဟု တွင်၏။ အရွယ်ရောက်သောအခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားဖြစ်လာ၏။

ခေမာမိဖုရားသည် ရုပ်အဆင်း၌ တပ်မက်မာန်ယစ်သူဖြစ်ရကား "ရုပ်အဆင်းကို မြတ်စွာဘုရား ကဲ့ရဲ့လျက် တရားဟောသတဲ့"ဟုကြား၍ မြတ်စွာဘုရားအထံတော်သို့ မကပ်ဝံ့ချေ။ ထို့ကြောင့် ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတော်၏ သာယာပုံကို သီချင်း

http:\\www.dhammadownload.com



သိကုံး၍ ဝေဠုဝန်ကျောင်းတော်သို့ ခေမာမိဖုရား သွားချင်အောင် ဖြားယောင်း၏။ ဝေဠုဝန်ဥယျာဉ်၏ သာယာပုံကို ခံစားရင်း ခေမာမိဖုရားသည် ဘုရားကျောင်းတော်သို့ရောက်၍ တရားနာရလျှင် လူအဖြစ်နှင့်ပင် ရဟန္တာမဖြစ်၍ ဗိမ္ဗိသာရမင်းကြီးထံ ခွင့်ပန်ပြီး ရဟန်းပြု၍ ခေမာထေရီဟု အမည်တွင်လျက် ပညာကြီးသော ဘိက္ခုနီမတို့တွင် ဧတဒဂ်ဘွဲ့ထူးကို ရရှိလေ၏။

## ခေမာထေရီ ပညာကြီးပုံ

"ခေမာထေရီသည် ပညာရှိ၏။ တတ်သိလိမ္မာ၏။ အကြားအမြင်များ၏။ အဆန်းတကြယ်တရားကို ဟောတော်မူ၏။ ပညာပဋိဘာန်ကောင်း၏"ဟု ကျော်စောသံကိုကြား၍ နက်နဲသော ပြဿနာကို ကောသလမင်းကြီး မေးမြန်းလေ၏။ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လေသလော၊ မဖြစ်လေသလော၊ ဖြစ်သည်လည်းရှိ၊ မဖြစ်သည်လည်း ရှိသလော၊ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်းမဟုတ်သလော"ဟု မေးသောအခါ ခေမာထေရီက ၄-ချက်လုံးပင် မြတ်စွာဘုရား မဟောဟုဖြေ၏။ ထို့နောက် ကောသလမင်းကြီးက ထိုပြဿနာ ၄-ချက်ကိုပင် မြတ်စွာဘုရားအား မေးလျှောက်သောအခါ ၄-ချက်လုံးပင် ကိုယ်တော်မြတ်မဟောဟု ပြန်လည်ဖြေကြားတော်မူသည်။ ဤသို့လျှင် ခေမာထေရီသည် ဘုရားရှင်၏ အလိုတော်ကျ သိနိုင်သော ဉာဏ်ပညာရှိပေ၏။

## (၈) ဥပ္ပလဝဏ်ထေရီ

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဥပ္ပလဝဏ်ထေရီမအလောင်းသည်

http:\\www.dhammadownload.com



ဟံသာဝတီပြည်၌ မြတ်သောအမျိုးသမီးဖြစ်၍ ဘိက္ခုနီမတစ်ပါးကို တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ဘွဲ့ထူး ပဒုမုတ္တရ မြတ်စွာဘုရား ချီးကျူးတော်မူသည်ကို တွေ့မြင်ရ၍ သံဃာနှင့်တကွ ဘုရားရှင်ကို ခုနစ်ရက် ဆွမ်းလုပ်ကျွေးပြီးလျှင် "တန်ခိုးကြီးသော ရဟန်း မိန်းမတို့တွင် ဧတဒဂ်ရချင်ပါ၏"ဟု သက်န်းအစုံ ပရိက္ခရာနှင့်တကွ ကြာညိုပန်းဖြင့်ပူဇော်၍ ဆုတောင်းခဲ့ ဗျာဒိတ်ခံခဲ့လေသည်။

အကျွန်ုပ်တို့၏ မြတ်စွာဘုရားလက်ထက်တော်၌ သာဝတ္ထိပြည်ဝယ် သေဋ္ဌေးသမီးဖြစ်လာ၍ ကြာညိုပွင့်ချပ်နှင့်တူသော အဆင်းရှိသောကြောင့် ဥပ္ပလဝဏ်ဟု အမည်တွင်၏။ အရွယ်ရောက်သောအခါ ဇမ္ဗူဒိပ်ကျွန်း တစ်ပြင်လုံးမှ မင်းများ၊ သေဋ္ဌေးများက တောင်းလာရကား အဖသေဋ္ဌေးမပေးသာ၍ "ရဟန်းပြုလိုသလော"ဟု သမီးကို စူးစမ်းရာ "ရဟန်းပြုပါအံ့"ဟု ဝန်ခံသဖြင့် ဘိက္ခုနီမတို့၏ အထံ၌ ရဟန်းမိန်းမ ပြုစေ၏။ လဝက်မျှ မစေ့ခင်ပင် သစ္စာလေးပါး သိမြင်၍ ပဋိသမ္ဘိဒါဉာဏ်လေးပါးသို့ရောက်သော ရဟန္တာမိန်းမ ဖြစ်လေ၏။

## ဥပ္ပလဝဏ်ထေရီ တန်ခိုးကြီးပုံ

ဥပ္ပလဝဏ်ထေရီမကား သံသရာတွင် ကျင်လည်သောအခါ ဘုရားအလောင်းနှင့် အတူတကွ ဖြစ်ရစဉ်တွင် ဘုရားအလောင်းအတွက် ဘဝကုဋေ တစ်သောင်းမျှ မိမိအသက်ကို စွန့်ဖူးသည်ဟူ၏။ (ခု ၄၊ အပဒါန ၂၊ နှာ ၂၃၁၊ ဂါထာနံပါတ် ၄၀၆)

ဥပ္ပလဝဏ်ထေရီ ရဟန္တာဖြစ်ေ ..လျှင် မိမိ၏တန်ခိုးကိုပြ၍—

မြတ်စွာဘုရား...၊ ရှင်တော်ဘုရား၏ သားတော်ကား ရာဟုလာပါတည်း၊ သမီးတော်ကား ဥပ္ပလဝဏ်ပါတည်း၊

http:\\www.dhammadownload.com



သမီးတော်ဖြစ်သော တပည့်တော်မ၏ တန်ခိုးကို ရှုတော်မူပါ၊ ရှင်တော်ဘုရားအား အစွမ်းပြပါအံ့ဘုရား။

ကလေးသူငယ်သည် ကစားသောအခါ လက်ဝါးပြင်၌ ဆီကိုထည့်သကဲ့သို့ မဟာသမုဒ္ဒရာလေးစင်းတို့ကို လက်ဝါးပြင်၌ ထည့်၍ပြ၏။

လုလင်ပျိုသည် စီထားသော အုတ်ချပ်ကို ထက်အောက် ပြောင်းပြန်လှန်၍ ပြသကဲ့သို့ မဟာပထဝီ ဤမြေကြီးကို အထက်အောက် ပြောင်းပြန်လှန်၍ လက်ဖဝါး၌ ထည့်၍ပြ၏။

အဆင်းအရောင် အမျိုးမျိုးရှိသော မိုးရေကို ရွာသွန်း စေပြီး စကြဝဠာလောက် ကျယ်ပြန့်သော လက်ဖဝါးကိုဖန်ဆင်း၍ လူများကို မိုးမစိုရအောင် ကာကွယ်ပေး၏။

သတို့သမီးငယ်သည် ဆုံငယ်ဖြင့် စပါးကိုထောင်း၍ ကစားသကဲ့သို့ မြေအပြင်ကို ကျောက်ဆုံပြု၍လည်းကောင်း၊ ကျောက်တောင်များကို စပါးပြု၍လည်းကောင်း၊ မြင်းမိုရ်တောင် ကို ကျည်ပွေ့အဟန်ပြု၍ လည်းကောင်း ထောင်းထု၍ ပြပေ၏။ ဤသို့စသည် တန်ခိုးအမျိုးမျိုးပြ၍ မြတ်စွာဘုရားကို ရှိခိုးသတည်း။

## (က) စိတ္တသူကြွယ်

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရမြတ်စွာ ဘုရား ပွင့်တော်မူသောအခါ စိတ္တသူကြွယ်အလောင်းသည် ဟံသာဝတီပြည်ဝယ် မြတ်သောအမျိုး၌ဖြစ်၍ ပဒုမုတ္တရမြတ်စွာ ဘုရားကဒကာတစ်ဦးကို တရားစာပေဟောတတ်သော အရာ၌ တေဒဂ်ထားတော်မူသည်ကိုမြင်၍ "ဤနည်းအတူ ဖြစ်ပါချင်၏" ဟု အလှူပေး၍ ဆုတောင်းခဲ့၏။ ဤဘုရားလက်ထက်တော်၌ မဂဓတိုင်း မစ္ဆိကာသဏ္ဍပြည်ဝယ် သေဌေးမျိုး၌ ဖြစ်လေ၏။

http:\\www.dhammadownload.com



ထိုသို့ ဖွားသောအခါ ပုဆစ်ဒူးနှစ်မျှ ပန်းမိုးရွာသွန်း၍ တစ်ပြည်လုံး အဆင်းငါးပါးရှိသော ပန်းအတိ ဆန်းကြယ်သည်ကို အကြောင်းပြု၍ "စိတ္တသတို့သား"ဟု အမည်မှည့်၍ အဖ ကွယ်လွန်သောအခါ မစ္ဆိကာသဏ္ဍပြည်၌ သဋ္ဌေးအရာကို ရလေ၏။

ထို စိတ္တသူကြွယ်သည် ပဥ္စဝဂ္ဂီအဝင်အပါ အရှင်မဟာနာမ မထေရ်ကို ကြည်ညိုလှသဖြင့် အမ္ဗာဋကမည်သော ကျောင်းတိုက် ဆောက်လုပ်လှူဒါန်း၍ အမြဲပင် ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေး၏။ အရှင်မြတ်လည်း စိတ္တသူကြွယ်နှစ်ခြိုက်သော အာယတန တရားကို ဟောကြားလေရာ စိတ္တသူကြွယ်သည် အနာဂါမ် အရိယာ ဖြစ်လေ၏။

ဤသို့ အရိယာပုဂ္ဂိုလ် ဖြစ်ပြီးသော်လည်း ဘုရားရှင်ကို မဖူးမြင်ရသေးဘဲ အခါလေးမြင့် ကြာခဲ့၏။ မစ္ဆိကာသဏ္ဍပြည်နှင့် ရာဇဂြိုဟ်ပြည်ကား ယူဇနာသုံးဆယ် ဝေးကွာ၏။ စိတ္တသူကြွယ်သည် လှူဖွယ်ပစ္စည်းတို့ကို လှည်းအစီးငါးရာ အပြည့်တင်၍"ဘုရားရှင်ကို ဖူးမြင်လိုသူတို့ လိုက်ကြလော့"ဟုစည်လည်စေ၍ ရာဇဂြိုဟ်ပြည်သို့ သွားသောအခါ လမ်းခရီး၌ နတ်တို့ပူဇော်ကြကုန်၏။

ဘုရားရှင်ထံရောက်၍ ရှိခိုးပူဇော်ခိုက် အဆင်းငါးပါးရှိသော ပန်းမိုးရွာ၏။ ဘုရားရှင်ထံတော်၌ လခွဲလောက်မျှနေ၍ အလှူပေး၏။ ထိုလှူသမျှသည် ရာဇဂြိုဟ်ပြည်က ပို့လာသော လက်ဆောင်မျှသာတည်း။ မိမိပါခဲ့ရင်း ပစ္စည်းတို့ကား အရာမယွင်းလေ။ ထို့ကြောင့် သံဃာအား ပုံ၍လှူခဲ့၏။ အလွတ်ဖြစ်သော လှည်းအစီးငါးရာတို့ကို နတ်တို့က ရတနာခုနစ်ပါး အပြည့် ဖြည့်ပေးကြ၏။ နောင်သောအခါ စိတ္တသူကြွယ်သည် တရားဟောကောင်းသူ=(ဓမ္မကထိက) လူ ဥပါသကာတို့တွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်အရာ၌ မြတ်စွာဘုရား ထားတော်မူ၏။

http:\\www.dhammadownload.com



## စိတ္တသူကြွယ်၏ ပညာရှိအကျင့်

စိတ္တသူကြွယ်၏ အကျင့်ကား ပညာလည်းရှိ၏။ ပညာရှိသော အကျင့်ကိုလည်း ကျင့်၏။ ပညာရှိမည်သည်ကား–

(၁) သူ့အမေးကို အသင့်အားဖြင့် သိသာအောင်ဖြေတတ်၏။

(၂) အသင့်အားဖြင့် ဖြေသာအောင် သူ့ကိုလည်း မေးတတ်၏။

(၃) အသင့်အားဖြင့် သိသာအောင်ဖြေသော် နှစ်လိုဝမ်းမြောက်စွာ ကောင်းချီးပေးတတ်၏။

ဤသုံးပါးကား ပညာရှိအကျင့်တည်း။ ဤသုံးပါးကို စိတ္တသူကြွယ်သည် ရှိသေစွာကျင့်သုံး၏။

## စိတ္တသူကြွယ် မေး–ဖြေပုံ

ဘုရားတပည့် ပုထုဇဉ်ရဟန်းတို့သည် သံယောဇနတရားနှင့် သံယောဇနိယ တရား ဤနှစ်ပါးတို့၌ အနက်အဓိပ္ပာယ်ကို မသိကြ၍ "စကားနှစ်ခွန်းကိုကား ဆို၏။ အနက်သော်ကား အတူတူတည်း"ဟု အချို့က ဆို၏။ ပြဿနာဖြစ်သည်ကို စိတ္တသူကြွယ်ကြား၍ ဤသို့ ဖြေ၏။

သံယောဇနတရား ဟူသည်လည်း အနက်တစ်ပါး၊ သံယောဇနိယတရား ဟူသည်လည်း အနက်တစ်ပါး။ နွားနက်လည်း တစ်ခု၊ နွားဖြူလည်း တစ်ခု၊ နွားနက် အလိုလိုလည်း နွားဖြူကို ကွဲကွာအောင်မပြု၊ အကြင်အခါကြိုး၊ ထမ်းပိုးနှင့်တွဲ၍ ချည်၏။ ကြိုး၊ ထမ်းပိုးသည်သာလျှင် နွားနှစ်ကောင်ကို မကွဲကွာအောင် ပြုသတည်း။

ကြိုး၊ ထမ်းပိုးကား သံယောဇနတရား[illegible]နှင့်တူ၏။ သံယောဇန တရားဟူသည် တပ်ခြင်း=ရမ္မက်[illegible]။ သံယောဇနိယ တရားဟူသည်ကား အာရုံနှင့် ဒွါရတည်း။ [illegible]ိုင်အခါ အဆင်း[illegible]ကို

http:\\www.dhammadownload.com



တပ်မက်၏။ ထိုအခါ အဆင်းကို မျက်စိဖြင့် ကြည့်၏။ အကြင်အခါ အသံကို တပ်မက်၏။ ထိုအခါ အသံကို နားဖြင့် နာ၏။ အာရုံခြောက်ပါး ဤနည်းတည်း။ ဤသို့ ဖြေနိုင်သည်ကို "ဘုရားအလိုတော်ကို သိပေသည်"ဟု ရဟန်းတို့ ချီးမွမ်းကြ၏။

တစ်ရံရောအခါ ဘုရားတပည့်သား ရဟန်းတို့ကို စိတ္တသူကြွယ်က "နိရောဓသမာပတ် ဝင်စားသူလည်း စိတ်မရှိ၊ သေသောသူလည်း စိတ်မရှိ၊ ဤနှစ်ပါး အထူးကား အဘယ်နည်း"ဟု ပြဿနာမေး၏။ ဘုရားတပည့်သား ရဟန်းတို့က "သေသူကား အသက်ဣန္ဒြေမရှိ၊ မျက်စိ၊ နား စသည် ဖောက်ပြန်၏။ နိရောဓသမာပတ်ဝင်စားသူကား အသက်ဣန္ဒြေရှိ၏။ မျက်စိ၊ နားစသည် မဖောက်ပြန်"ဟု ဖြေ၏။

ဤသို့ ဖြေသည်ကို စိတ္တသူကြွယ် အလွန်အားရ၍ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်း ပူဇော်လေသည်။

## (ဂ) ဟတ္ထကာဠဝက သီတင်းသည်(မင်းသား)

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟတ္ထကာဠဝက သီတင်းသည် (မင်းသား)အလောင်းသည် ဒါယကာတစ်ဦးကို ပဒုမုတ္တရမြတ်စွာဘုရားက "သင်္ဂဟတရားလေးပါးဖြင့် သင်္ဂြိုဟ်ထောက်ပံ့သောသူတို့တွင် အသာဆုံး အမြတ်ဆုံး တေဒဂ်ထားတော်မူသည်ကို မြင်၍ အလှူပေးပြီးလျှင် ထိုတေဒဂ်ဆုကို တောင်းခဲ့လေသည်။ သူသည် အကျွန်ုပ်တို့၏ မြတ်စွာဘုရား လက်ထက်တော်အခါ၌ အာဠဝီပြည်ဝယ် အာဠဝကမင်းကြီး၏သား အာဠဝကမင်းသား ဖြစ်လာ၏။

http:\\www.dhammadownload.com



ခမည်းတော် အာဠဝကမင်းကြီးသည် အာဠဝကဘီလူး၏ အစာ ဖြစ်ခဲ့ရကား "တစ်နေ့လျှင် လူတစ်ယောက်နှင့် ထမင်း တစ်အိုးကျ ပို့ပါမည်ဟု အာမခံ၍ နေ့စဉ်ပို့ခဲ့ရာ ၁၂-နှစ်တိုင် ကြာခဲ့လေသည်။ တိုင်းပြည်အလုံး ပို့စရာလူကုန်၍ မင်းကြီး၏ သားတော် အာဠဝကမင်းသားအလှည့်သို့ ရောက်ခဲ့လေ၏။ ထို နေ့၌ မြတ်စွာဘုရားသည် အာဠဝကဘီလူးကို တရားဟော ချေချွတ်တော်မူသဖြင့် အာဠဝကဘီလူး သောတာပန် ဖြစ်လေ သည်။

၁။ အာဠဝကဘီလူး သောတာပန်တည်ပြီးနောက် သူ့အစီးအပွားကို ကျင့်မည့်အကြောင်း လျှောက် ထားသော ဂါထာဆုံးခြင်း၊

၂။ ညဉ့် မိုးလင်းခြင်း၊

၃။ နတ်တို့သာဓုကောင်းချီး ကြွေကြော်ခြင်း၊

၄။ အာဠဝက မင်းသားကို အာဠဝကဘီလူးထံ အစာ ပို့လာသူတို့ ရောက်ရှိလာခြင်း၊

ဤလေးပါး တပြိုင်နက်ဖြစ်လေ၏။

မင်းချင်းတို့လည်း အာဠဝက မင်းသားကလေးကို ဘီလူး လက်သို့ ထည့်ကြ၏။ သောတာပန်လည်းဖြစ်၊ ဘုရား ရှေ့တော် မှောက်လည်းဖြစ်၍ ဘီလူးသည် အလွန်ရှက်နိုးလျက် မင်းသား ကလေးကို လက်ဖြင့်ပွေ့ယူပြီး "ဤမင်းသား၏ စီးပွားချမ်းသာ အလို့ငှာ မြတ်စွာဘုရားခံတော်မူပါ"ဟု လျှောက်၍ မြတ်စွာ ဘုရား၏လက်တော်သို့ ဆက်ကပ်လေ၏။ မြတ်စွာဘုရားလည်း ခံတော်မူ၍ ဘီလူးအားလည်းကောင်း၊ မင်းသားအားလည်းကောင်း မင်္ဂလာမှုပြုဖို့ရန် (ဂါထာဆိုလျှင် ၄-ပါဒစိရှိခဲ့ရာ) စတုတ္ထပါဒ တစ်ပါဒကို လျှော့၍ ဂါထာ ၃ပါဒ ဟောတော်မူ၏။ မင်းသား

http:\\www.dhammadownload.com



ငယ်သရဏဂုံတည်ဖို့ရန် အဋ္ဌဝကဘီလူးက စတုတ္ထပါဒကိုဖြည့်စွက် ရွတ်ဆိုလျှောက်ထားသောနောက် မြတ်စွာဘုရားက ဤမင်းသားငယ်ကို ကြီးပြင်းအောင် ကျွေးမွေးပြီး ငါဘုရားအားသာလျှင် ပြန်ပေးကြ"ဟု မိန့်ဆို၍ မင်းချင်းတို့အား ပေးတော်မူလေသည်။

ဤသို့ မင်းချင်းတို့လက်မှ ဘီလူးလက်သို့၊ ဘီလူးလက်မှ မြတ်စွာဘုရားလက်တော်သို့၊ မြတ်စွာဘုရားလက်တော်မှ မင်းချင်းတို့လက်သို့ အဆင့်ဆင့်ရောက်သည်ကို အစွဲပြု၍ မင်းသားငယ်၏ အမည်မှာ ဟတ္ထကာဠဝကဟု အမည်တွင်လေ၏။

ဟတ္ထကာဠဝကမင်းသား ကြီးပြင်းလာသောအခါ မြတ်စွာဘုရား တစ်ကြိမ်ကြွလာ၍ ယင်းတိုက်တောတွင် အရိပ်ကျဲသော သစ်ပင်အောက် ခယောင်းမြေ၌ သစ်ရွက်ခြောက်ခင်း၍ နေတော်မူ၏။ ဟတ္ထကာဠဝက မင်းသားသည် နောက်လိုက်ငါးရာတို့နှင့် အတူ တောလှည့်စဉ် ဖူးတွေ့ရ၍ "မြတ်စွာဘုရား...၊ ချမ်းသာစွာ နေတော်မူပါရ၏လော"ဟု မေးလျှောက်သည်တွင် မြတ်စွာဘုရားက "လောကလူတို့ ချမ်းသာစွာနေရသည့်နည်းတူ ချမ်းသာစွာ နေရ၏"ဟု မိန့်တော်မူ၏။

ဟတ္ထကာဠဝက မင်းသားက "မြတ်စွာဘုရား . . .၊ ယခုအခါ ဆောင်းဥတုဖြစ်၍ ချမ်းအေးလှပါ၏။ ဆီးနှင်းအကာ သစ်ရိပ်ကလည်း ကျဲပါ၏။ ဝတ်တော်မူသည့် သင်္ကန်းကလည်း ကိုယ်အလုံး မလုံနိုင်၊ လေအေးကလည်း တိုက်ခတ်ပါ၏။ မြေခယောင်း၌ သစ်ရွက်ခြောက်ကိုသာ ခင်ထားပါ၏။ သို့ပါလျက် ချမ်းသာစွာနေရ၏ဟု အဘယ့်ကြောင့် မိန့်တော်မူပါသနည်း"ဟု မေးလျှောက်လေ၏။

မြတ်စွာဘုရားကလည်း "အိစက်ညက်ညောသော မွေ့ရာ၌ အိပ်ရသော သူကြွယ်သည် ချမ်းသာစွာ အိပ်နေရသည် မည်

http:\\www.dhammadownload.com



သလော”ဟု မေးတော်မူသောအခါ မင်းသားက “နေရပါ၏”ဟု လျှောက်ထား၏။ မြတ်စွာဘုရားက တစ်ဖန် “ထိုသူကြွယ်သည် တစ်ခါတစ်ရံ လောဘကြောင့်လည်းကောင်း၊ ဒေါသကြောင့် လည်းကောင်း၊ မောဟကြောင့် လည်းကောင်း ပူပန်ရာ၏လော”ဟု မေးတော်မူသောအခါ မင်းသားက “ထိုအကြောင်းသုံးပါးကြောင့် ပူပန်ပါ၏”၏ တင် လျှောက်၏။ မြတ်စွာဘုရားက “လောဘ၊ ဒေါသ၊ မောဟလုံးဝမရှိသဖြင့် ချမ်းသာစွာနေရ၏”ဟု မိန့်တော်မူ၏။ ထိုတရား အဆုံး၌ ဟတ္ထကာဠဝကမင်းသား အနာဂါမ် တည်လေ၏။

## (၁) ရှင်မခုဇ္ဇုတ္တရာ

လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရှင်မခုဇ္ဇုတ္တရာအလောင်းသည် ဟံသာဝတီပြည်၌ မြတ်သောအမျိုးသမီးဖြစ်၍ ပဒုမုတ္တရ မြတ်စွာဘုရားက အမျိုးသမီးတစ်ယောက်ကို အကြားအမြင်များသော အရာ၌ ဧတဒဂ်ထားတော်မူသည်ကို မြင်ရ၍ ထိုဆုကိုပန် ဗျာဒိတ်ခံခဲ့၏။ အကျွန်ုပ်တို့၏ မြတ်စွာဘုရား လက်ထက်တော်၌ ကောသမ္ဗီပြည်ဝယ် ဃောသိတ သေဋ္ဌေး၏ အထိန်းတော်၏သမီး ဥတ္တရာဖြစ်လာ၏။

သူမသည် ကဿပဘုရားရှင်လက်ထက် ဗာရာဏသီပြည်၌ သေဋ္ဌေးသမီးဖြစ်စဉ် ရဟန္တာထေရီမတစ်ပါးကို ခိုင်းစေဘူး၍ ယခုဘဝ ကျွန်မ၏သမီး ဖြစ်လာရ၏။ ဥတေနမင်း၏ မိဖုရား သာမာဝတီ၏ အစေအပါး ဖြစ်လာ၏။ ကဿပမြတ်ဘုရားနှင့် ဂေါတမမြတ်စွာဘုရားတို့၏ အ[illegible]ကြွင် ဗာရာဏသီမင်း၏ မိဖုရားဖြစ်စဉ် ကျောကုန်းသော ပ[illegible]ဗုဒ္ဓါအရှင်ကို အတုပြုမူ၍

http:\\www.dhammadownload.com



မိန်းမချင်းရယ်ဖွယ်ပြုမူခဲ့မိသောကြောင့် ကျောကုန်း၏။ ထို့ကြောင့် အမည်ရင်း ဥတ္တရာတွင် ကျောကုန်း=ခုဇ္ဇကို ဝိသေသနပြု၍ ခုဇ္ဇုတ္တရာဟု အမည်တွင်လေသည်။

တစ်ရံရောအခါ သာမာဝတီ မိဖုရားအတွက် ပန်းဝယ်စဉ် ပန်းသည်မှူး၏အိမ်၌ မြတ်စွာဘုရားကို ဖူးတွေ့တရားနာရ၍ တရားကိုလည်းမှတ်မိ၊ သောတာပန်လည်းဖြစ်ပြီး ထိုအကြောင်းကို သာမာဝတီ မိဖုရားအား ပြန်ကြား၏။ သာမာဝတီ မိဖုရားနှင့်တကွ မောင်းမအပေါင်း ခုဇ္ဇုတ္တရာထံမှ တရားနာကြရ၍ အားလုံး သောတာပန် ဖြစ်ကြလေ၏။ ထိုအခါမှစ၍ ခုဇ္ဇုတ္တရာကို ရှိခိုးကုန်လျက် မြတ်သောဆရာအရာ၌ ထားကြပြီးလျှင် နေ့စဉ်ဘုရားရှင်ထံ တရားနာ၍ ပြန်ဟောစေ၏။ ကြာသောအခါ ခုဇ္ဇုတ္တရာသည် အကြားအမြင်များ၍ ပိဋကတ်သုံးပုံကိုဆောင်နိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်က "ဥတ္တရာသည် အကြားအမြင်များသော သာဝိကာ ဒါယိကာမတို့တွင် အမြတ်ဆုံးတည်း" ဟု ဧတဒဂ်ဘွဲ့ထူး ချီးကျူးတော်မူ၏။

ခုဇ္ဇုတ္တရာ အရိယာမိန်းမမြတ် ဘုရားရှင်ထံမှ နာယူမှတ်သား ဟောအပ်သောတရားစုသည် သုတ္တန်ပိဋကတ် ခုဒ္ဒကနိကာယ်ဝယ် **"ဣတိဝုတ်ပါဠိတော်"**ဟူ၍ အထင်အရှား သင်္ဂါယနာတင်ထားရလေသည်။

## (၈) ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ သဒ္ဓေးကတော်

ရာဇဂြိုဟ်ပြည်၏ တောင်မျက်နှာအရပ်ဝယ် ဝါးရုံအတိ မြို့ပြင်၌ စိုက်အပ်သောကြောင့် ဝေဠုကဏ္ဍကဟု အမည်တွင်သော မြို့၌ ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်အိမ်ဖြင့် စည်းစိမ်ကြီးလှ

http:\\www.dhammadownload.com



သော သေဌေးမ ဥတ္တရာကို နန္ဒအမည်ရှိသည့်သားကို အစွဲပြု၍ နန္ဒမာတာ=မောင်နန္ဒ၏ အမေဟု ခေါ်ကြ၏။

ထိုနန္ဒမာတာသေဌေးကတော်သည် တစ်ရံရောအခါ သန်းခေါင်ယံလွန်မြောက် မိုးသောက်ယံ အရောက်တွင် "ချာန်သမာပတ်ဖြင့်သာ မွေ့လျော်ရအံ့လော၊ ဘုရားဟောသည့် တရားတော်ကို ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့်ပင် မွေ့လျော်ရအံ့လော"ဟု ကြံစည်လတ်သော် "ဘုရားဟောတရားတော်ကို ရွတ်အံသရဇ္ဈာယ်၍ နှစ်လိုဖွယ် ဝမ်းမြောက်ခြင်းချမ်းသာကို ခံစားရသည်က မြတ်၏" ဟု ဆောက်တည်၍ ရာဇဂြိုဟ်ပြည် ပါသာဏစေတိယကျောင်း၌ ရသေ့ပေါင်းတစ်သောင်းခြောက်ထောင် ဘာဝရီပ်ခုနစ်ယောက်တို့နှင့်တကွ တစ်ဆယ့်လေးကုဋေသော ပရိသတ်တို့ကို ချေချွတ်ဟောကြားအပ်သော တရားဂါထာ ၂၅၀-မျှသော "ပါရာယနသုတ္တန်တရား"ကို နန္ဒမာတာမိန်းမမြတ်သည် သာယာသောအသံဖြင့် သရဇ္ဈာယ်၍ တရားအရသာကိုခံလျက် မွေ့လျော်နေ၏။

ဤတရားဒေသနာကို ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားကို ပြဿနာမေးရန် ကောင်းကင်ခရီးဖြင့်လာစဉ် အသံကြား၍ တန့်နားကာ တရားဆုံးအောင်နာပြီးလျှင် လည်တိုင်ကိုဖော်၍ ကောင်းချီးပေး၏။ ဤတွင် နန္ဒမာတာက အလှူအဖို့အမျှဝေ၏။ ဝေဿဝဏ်နတ်မင်းကြီးကလည်း တရားပူဇော်သောအားဖြင့် သလေးစပါးနီ အတိပြည့်သော (၁၂၅၀)တစ်ထောင့်နှစ်ရာ ငါးဆယ်မျှသော စပါးကျီတို့ကို နန္ဒမာတာ၏ တစ်သက်တွင် ယူရာမထင် ပြည့်မြဲပင် ပြည့်စေသတည်းဟု အဓိဋ္ဌာန်ပြု၍ ပူဇော်လေ၏။

http:\\www.dhammadownload.com



**နန္ဒမာတာ၏ အာနုဘော်**

(၁) နန္ဒမာတာသည် စင်ကြယ်သန့်ရှင်းသော အကျင့်အာစာရနှင့် ပြည့်စုံ၏။

(၂) အမြဲပင် နေ့လွဲညစာစားခြင်းမှ ရှောင်ကြဉ်၏။

(၃) မြတ်စွာဘုရား ဟောတော်မူသမျှ ပိဋကတ်သုံးပုံကို လေ့ကျက်ဆောင်ရွက်၏။

(၄) ဈာန်သမာပတ်ချမ်းသာ ခံစားလျက် အနာဂါမ် မိန်းမမြတ်ဟူ၍ ထင်ရှား၏။

(၅) ကြွယ်ဝသော သဌေးသမီးကြီးဖြစ်လျက် (၁၂၅၀) တစ်ထောင့်နှစ်ရာ့ငါးဆယ်သော သလေးစပါးနီကျီတို့နှင့် ပြည့်စုံ၏။

**နန္ဒမာတာ၏ ဂုဏ်ကျေးဇူး**

(က) တန်ခိုးကြီးသော နတ်မင်းနှင့် မျက်မှောက်ထင်ထင် နှုတ်ဆက်စကား ဆိုရ၏။

(ခ) တစ်ဦးတည်းသောသား နန္ဒသေသော်လည်း စိတ်နှလုံး မဖောက်ပြန်၊ ပကတိပင် တားဆီးနိုင်၏။

(ဂ) နန္ဒ၏ ဖခင် လင်ယောကျ်ားသေ၍ ဘီလူးဖြစ်ကာ တစ်ခါတစ်ရံ လူ့အသွင်ဖြင့် ကိုယ်ထင်ပြသော်လည်း မကြောက်ရွံ့။

(ဃ) မိဘနှစ်ပါး ပေးထိမ်းမြားသည့် ငယ်လင်မှတစ်ပါး အခြားသူကို စိတ်မျှဖြင့်ပင် မလွန်ကျူး။

(င) သရဏဂုံ ဆောက်တည်သည်မှ စ၍ ငါးပါးသီလ ပျက်ဖူးသည်မရှိ။

(စ) အလိုရှိသမျှ ဈာန်ချမ်းသာကို ခံစားရ၏။

http:\\www.dhammadownload.com



(ဃ) ဈာန်ချမ်းသာမှတစ်ပါး ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးကို မဖျောက်နိုင်သည် မရှိ။

ဤ ဂုဏ်ကျေးဇူးတို့ကို အရှင်သာရိပုတ္တရာသည်ပင် ချီးမွမ်းတော်မူရ၏။

ဤသို့လျှင် အရိယာပုဂ္ဂိုလ်မြတ်တို့သည် လူရှင်ရဟန်းတို့ စံပြုစရာ သာသနာ့ချိန်ခွင်ကြီးများသဖွယ် ဖြစ်ပါတော့သည်။ ဤသာသနာ့ချိန်ခွင်ကြီး လေးလက်ပါ အရိယာသူမြတ်တို့၏ ကျင့်စဉ်ကိုစံပြု၍ အတုယူကျင့်ကြံနိုင်စေရန် ဆရာတော်ဘုရား ဟောကြားတော်မူအပ်သော "သာသနာ့ချိန်ခွင်ကြီး လေးလက်" တရားဒေသနာကို ဖတ်နာ၍ အရိယာသူမြတ်တို့၏ ကျင့်တုံးကို နှလုံးမူနိုင်ကြပါစေသော်။

http:\\www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ
# ၏
# ဟောစဉ်တရားတော်များ
# (နဝမတွဲ)

# သာသနာ့ချိန်ခွင်ကြီးလေးလက် တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

## (ဃ). လူဥပါသိကာချိန်ခွင်ကြီး

### (၁) ခုဇ္ဇုတ္တရာ (ပညာချိန်ခွင်) တရားတော်

ကောဇာသက္ကရာဇ် ၁၃၃၂-ခု၊ သာသနာတော် ၂၅၁၄-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃-ရက်နေ့ည၊ မန္တလေးမြို့ အနောက်ပြင် စိန်ပန်း ဈေးရုံကြီးအနီး၊ မီးကာကွယ်ရေး စာကြည့်သင်းနှင့် ဗုဒ္ဓဝေယျာ ဝစ္စ ဆောင်ရွက်ရေးအသင်း အမှုဆောင် လူကြီးများ ဦးဆောင်၍ ကျင်းပအပ်သော တစ်ဆယ့်သုံးကြိမ်မြောက် ဓမ္မာရုံပွဲတော်၌ ဟောကြား အပ်သော ဥပါသိကာ သာသနာ့ချိန်ခွင်တရား။

အမျိုးသမီး ဥပါသိကာ ဒါယိကာမကြီးများဘက်က မြတ်စွာ ဘုရားက ချိန်ခွင်ကြီးအနေနဲ့ ထားခဲ့တာဟာ ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာလို့၊ ဒီအကြောင်းကို -

သဒ္ဓါ ဘိက္ခဝေ ဥပါသိကာ ဧဝံ သမ္မာ အာယာစမာနာ အာယာစေယျ တာဒိသာ ဟောမိ၊ ယာဒိသာ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကိယာ စ နန္ဒမာတာ (အံ၊ ၁၊ ၄၈၃)

http:\\www.dhammadownload.com



ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ သဒ္ဓါ = သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဥပါသိကာ = ရတနာသုံးရပ် ဆည်းကပ်သူငါဘုရား၏ တပည့်မ ဥပါသိကာသည်။ အာယာစမာနာ =ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တလိုသည် ရှိသော်။ ခုဇ္ဇုတ္တရာ ဥပါသိကာ = ခုဇ္ဇုတ္တရာ ဥပါသိကာသည်လည်းကောင်း။ ဝေဠုကဏ္ဍကိယာ စ နန္ဒမာတာ = ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ သေဌေးကတော်သည်လည်းကောင်း။ ယာဒိသာ = အကြင်သို့ ခုဇ္ဇုတ္တရာကား ပညာကြီးရင့်ခြင်း သဘော၊ နန္ဒမာတာကား သမာဓိကြီးရင့်ခြင်း သဘောရှိ၏။ အဟမ္ပိ = ငါသည်လည်း။ တာဒိသာ = ထိုကဲ့သို့ ခုဇ္ဇုတ္တရာလို ပညာ ကြီးရင့်သော ဥပါသိကာ၊ နန္ဒမာတာလို သမာဓိကြီးရင့်သော ဥပါ သိကာသည်။ ဟောမိ = ဖြစ်ရပါလို၏။ ဣတိ = ဤသို့။ အာယာစမာနာ = ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တသော်မှ။ သမ္မာ = ကောင်းစွာ။ အာယာစေယျ = တောင့်တသည်မည်ရာ၏။

သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ငါဘုရားရဲ့ သမီးတော်ဖြစ်သော ဥပါသိကာ ဒါယိကာမ တစ်ဦးတစ်ယောက်သည် ကိုယ်ရေးကိုယ်တာ အကယ်၍ ပန်ထွာတောင့်တ လိုသပဆိုရင် "ငါကား ခုဇ္ဇုတ္တရာကဲ့သို့ ပညာကြီးရင့်သော ဥပါသိကာ၊ ဝေဠုကဏ္ဍက မြို့သူ နန္ဒမာတာ သေဌေးကတော်ကဲ့သို့ သမာဓိကြီးရင့်သော ဥပါသိကာ ဖြစ်ရပါလို၏"လို့ အဲဒီလို ဆုတောင်းမှ ကောင်းသော ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တခြင်း မည်နိုင်ကယ်တဲ့။

ဘာ့ကြောင့်လဲလို့ဆိုတော့ -

**"သဒ္ဓါ ဘိက္ခဝေ ဥပါသိကာ သမ္မာ အာယာစမာနာ အာယာစေယျ 'တာဒိသီ ဟောမိ ယာဒိသီ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကိယာ စ နန္ဒမာတာ" (အံ၊ ၁၊ ၄၈၃)**

http:\\www.dhammadownload.com



ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံယာအယံ ခုဇ္ဇုတ္တရာ ဥပါသိကာ စ = အကြင်ရှင်မ ခုဇ္ဇုတ္တရာ ဥပါသိကာသည် လည်းကောင်း။ ယဒိဒံ ယာအယံ ဝေဠုကဏ္ဍကိယာ နန္ဒမာတာ စ = အကြင်ဝေဠု ကဏ္ဍကမြို့သူ နန္ဒမာတာ သူဌေးကတော်သည် လည်းကောင်း။ အတ္ထိ = ရှိ၏။ ဧသာ = ဤဥပါသိကာ အစုံသည်။ မမ သာဝိကာနံ ဥပါသိကာနံ = ငါဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာတို့အနက်။ တုလာ = ခုဇ္ဇုတ္တရာကား ပညာကြီးရင့်သော အရာ၊ နန္ဒမာတာကား သမာဓိကြီးရင့်သောအရာ ချိန်ခွင်ကြီးနှစ်လက် သဖွယ် ဖြစ်ကြလေ၏။ ဧတံ = ဤဥပါသိကာ အစုံသည်။ ပမာဏံ = ခုဇ္ဇုတ္တရာကား ပညာကြီးသောအရာ၊ နန္ဒမာတာကား သမာဓိ ကြီးရင့်သောအရာဝယ် ပမာဏဂရု အလေးပြုလောက်သည့် သမာဓိ တင်းတောင်းကြီးအစုံ ဖြစ်ပါလေ၏။

စံတင်ယူရတဲ့ ချိန်ခွင်ကြီးနှစ်ဘက်၊ စံတင်ယူရတဲ့ သမာဓိ တင်းတောင်းကြီးအစုံ ဖြစ်ပါတယ်တဲ့၊ ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာ။

ဒါကြောင့် ဗုဒ္ဓဘာသာ အမျိုးသမီး တစ်ယောက်သည် မိမိ ကိုယ်ရေးကိုယ်တာအတွက် တရားနဲ့ ပတ်သက်လို့ ပန်ထွာတောင့်တ သိုလျှင် "ငါသည်ရှင်မ ခုဇ္ဇုတ္တရာကဲ့သို့ ပညာကြီးရင့်သော ဥပါသိကာ၊ ဝေဠုကဏ္ဍကမြို့သူ သေဌေးကတော်ကဲ့သို့ သမာဓိကြီးရင့်သော ဥပါ သိကာ ဖြစ်ရပါလို၏"လို့၊ အဲဒီလို ဆုတောင်းမှ ကောင်းသော တောင့်တခြင်း၊ ကောင်းသော ပန်ထွာခြင်း ဖြစ်နိုင်တယ်လို့ မြတ်စွာ ဘုရားက အမျိုးသမီး ဥပါသိကာများဘက်က ခုဇ္ဇုတ္တရာနှင့် နန္ဒမာတာ တို့ကို ချိန်ခွင်ကြီးအနေနဲ့ သာသနာတော်မှာ မှတ်တမ်းတင်ခဲ့တယ်။

ဒီတော့ ဒကာမကြီးများဘက် ကြည့်လို့ရှိယင် ဘယ်လို ဘယ် နည်း နဲ့မဆို သူတို့နှစ်ဦးကို မှတ်ကြရမယ်။ မိမိတို့ ဆိုင်ရာပေါ့လေ။

http:\\www.dhammadownload.com



ချိန်ခွင်ကြီးတွေ ရှိလျက်နဲ့ သူတစ်ပါး သွားအားကျမနေနဲ့၊ ဟို-- တစ်ခါတလေ ပြောရတယ်၊ ရောက်လာတဲ့ဥပါသိကာတွေ။ အမျိုးသမီး၊ အမျိုးသားလို့ သာသနာမှာ ထမ်းဆောင်နေကြတဲ့ ပုဂ္ဂိုလ်တွေ ရှိတဲ့ အနက်မှ ဒကာမကြီးတွေကျတော့ မိမိတို့ဘက်က ဂုဏ်ယူလောက်တဲ့ အမျိုးသမီးကြီးများ ရှိပါတယ်။

အဲဒါလည်းပဲ ဂုဏ်ယူသိတတ် ကြပါဆိုပြီးတော့ အမျိုးသမီး လောကက ဂုဏ်ယူလောက်တဲ့ သီလရှင်ဆရာကြီး ဒေါ်ဓမ္မစာရီကို ညွှန်ကြားပြီးတော့ ပြောရမှာပါ။

အခုလည်းပဲ ခုဇ္ဇုတ္တရာနဲ့ နန္ဒမာတာကို ဒို့ဘက်ကဆိုင်ရာ မသိယင် မဖြစ်ဘူး၊ ဒကာမကြီးတွေဘက်က ဒီတော့ မသိလို့မဖြစ်လို့ သိအောင်လို့ ဘုန်းကြီးက ပြောရမယ့် တာဝန်ရှိလို့၊ ဝါတွင်းကတည်း ကိုက သာသနာ့ချိန်ခွင်ကြီးကို စ,ခဲ့တာ၊ သုံးယောက်ပြီးခဲ့တယ်။ အခုနောက်ဆုံး အမျိုးသမီး ချိန်ခွင်ကြီး ရောက်လာတယ်။

## ခုဇ္ဇုတ္တရာနှင့် ဆက်နွယ်သော ဝတ္ထုကြောင်းများ

အဲဒီမှာ ချိန်ခွင်ကြီး တစ်ဘက်ဖြစ်တဲ့ ခုဇ္ဇုတ္တရာ ပြောချင်တော့ တစ်နွယ်ငင်လို့ တစ်စင်လုံး ပါရတယ်။ ခုဇ္ဇုတ္တရာ ပြောချင်တော့ သာမာဝတီက ပါရတယ်။ အေး--သာမာဝတီ ပြောချင်ပြန်တော့လည်း သာမာဝတီနဲ့ ဆက်စပ်ပြီးတော့ မာဂဏ္ဍီ အကြောင်းကလည်းပဲ ပြောရမယ်။ အဋ္ဌကထာက ဖွင့်ပြထားတယ်။

အင်း--သာမာဝတီတို့၊ မာဂဏ္ဍီတို့ဆိုတဲ့ ဥတေနမင်းရဲ့ မိဖုရား နှစ်ယောက် ပြောပြန်တော့ ဝါသုလဒတ္တာဆိုတဲ့ ဥတေနမင်းရဲ့ တတိယ မိဖုရားလည်း ပြောရပြန်တယ်။ တစ်ခါ ဒီဥတေနမင်းက

http:\\www.dhammadownload.com



ဘယ်လိုပုဂ္ဂိုလ်လည်း ဆိုတော့၊ ဥတေနမင်း အကြောင်းကလည်း ပြောရလိမ့်အုန်းမယ်။ ဒီဥတေနမင်းရဲ့ အခြေခံ ဘဝအစ အမှန်က ဘယ်ကလာတာတုန်း၊ အလ္လကပ္ပရသေ့နဲ့ ဝေဋ္ဌဒီပကရသေ့၊ ဒီနှစ်ဦးက• စတယ်။

ဒီတော့ ဓမ္မပဒပါဠိတော် သာမာဝတီဝတ္ထုတဲ့၊ ဝတ္ထုခေါင်းစည်း တပ်တော့ သာမာဝတီဝတ္ထုပဲ၊ ဒါပေမယ်လို့ သာမာဝတီတို့ အကြောင်းကို ပြောဖို့ရန်က ပတ်ဝန်းကျင် တစ်နွယ်ငင် တစ်စင်ပါ၊ အလ္လကပ္ပရသေ့နဲ့ ဝေဋ္ဌဒီပကရသေ့ နှစ်ပါးအကြောင်း၊ တစ်ခါ ဥတေနမင်းရဲ့ အကြောင်း၊ အင်း--ဒါတင် ဘယ်ကဦးမလဲ။ သာမာဝတီရဲ့ မွေးစားဖခင် ဃောသက သေဋ္ဌေးကြီးအကြောင်း၊ သာမာဝတီရဲ့အကြောင်း၊ ဝါသုလဒတ္တာဆိုတဲ့ မိဖုရားကြီး အကြောင်း၊ မာဂဏ္ဍီ မိဖုရားကြီး အကြောင်း၊ ခေါက်ဦး အကြောင်းပေါ်ပဲ ခင်းပြီးမှ အဋ္ဌကထာဆရာတော်ကလည်း သာမာဝတီဝတ္ထုကို ဖွင့်တယ်။ တရားဂါထာက–

**အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ**

**အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။**

(ဓမ္မပဒ၊ ဂါထာ/၂၁)

စသည်ဖြင့် တရားဂါထာသုံးခု ရှိတယ်။ အဋ္ဌကထာဆရာက တရားစပေးလိုက်တယ်။

**အပ္ပမာဒေါ အမတံ ပဒန္တိ ဣမံ ဓမ္မဒေသနံ သတ္ထာ ကောသမ္ဗိံ ဥပနိဿာယ ဃောသိတာရာမေ ဝိဟရန္တော သာမာဝတိပ္ပမုခါနံ ပဉ္စန္နံ ဣတ္ထိသတာနံ မာဂဏ္ဍိယပ္ပမုခါနဉ္စ ဧတိဿာ ပဉ္စန္နံ ဉာတိသတာနံ မရဏဗျသနံ အာရဗ္ဘ ..ထေသိ။**

အဋ္ဌကထာဆရာတော်က မူရင်း သူက စပ်ပေးတယ်။

အပ္ပမာဒေါ အမတံ ပဒန္တိ = အပ္ပမာဒေါ အမတံ ပဒံ အစ ရှိသော။ ဣမံ ဓမ္မဒေသနံ=ဤတရားဒေသနာကို။ သတ္ထာ =လူနတ်တို့

http:\\www.dhammadownload.com



ဆရာမြတ်စွာဘုရားသည်။ ကောသမ္ဗိံ=ကောသမ္ဗီပြည်ကို။ ဥပနိဿာယ = ဂေါစရဂါမ် အမှီပြု၍၊ ဃောသိတာရာမေ = ဃောသကသူဌေး ဆောက်လုပ် လှူဒါန်းအပ်တဲ့ ကျောင်း၌။ ဝိဟရန္တော = ဣရိယာပထ မျှတစွာ သီတင်းသုံး စံနေတော်မူစဉ်၊ သာမာဝတိပ္ပမုခါနံ = သာမာဝတီ မိဖုရား အမှူးပြုကုန်သော။ ပဥ္စန္နံ ဣတ္ထိသတာနဥ္စ = အမျိုးကောင်းသမီး ငါးရာတို့၏ လည်းကောင်း။ မာဂဏ္ဍိယပ္ပမုခါနံ= မာဂဏ္ဍီ မိဖုရား အမှူးပြုကုန်သော။ ဇေတိဿာ=ထိုမာဂဏ္ဍီ မိဖုရား၏။ ပဥ္စန္နံ ဉာတိသတာနဥ္စ = ဆွေမျိုးပေါင်း ငါးရာတို့၏ လည်းကောင်း။ မရဏဗျသနံ = သေခြင်းတည်းဟူသော ပျက်စီးခြင်းကို။ အာရဗ္ဘ= အကြောင်းပြု၍။ ကထေသိ = ဟောကြားတော်မူခဲ့ပြီ။

တရားဒေသနာ ဂါထာသုံးပုဒ်ပါ။ အဲဒီတရား ဒေသနာဂါထာ သုံးပုဒ် သာမာဝတီ မိဖုရားအမှူးရှိတဲ့ သူရဲ့ ဆွေမျိုးငါးရာတို့ မြင်မကောင်း၊ ရှုမကောင်း၊ ကျော်မကောင်း၊ ကြားမကောင်း သေကြေ ပျက်စီးကြမှုကို အကြောင်းပြုပြီး ဟောပါတယ်။

## အလ္လကပ္ပရသေ့နှင့် ဝေဌဒီပကရသေ့

သာမာဝတီ မာဂဏ္ဍီတို့ အကြောင်း ပြောမယ်ကြံတော့- ဟို- ဘောင်မြစ်တူး ပုတ်သင်ဥပေါ် ဆိုတာလို အခြေကိုလိုက်ပြီး ခင်းတော့ အလ္လကပ္ပတိုင်း အလ္လကပ္ပမင်းတဲ့၊ အဲဒီ အိန္ဒိယကလာတဲ့ နာမည်ကို ယူပြီးတော့ မြင်းမူနားမယ် အလ္လကပ္ပဆိုတာ နာမည်မှည့်ထားတယ်။

အလ္လကပ္ပတိုင်း အလ္လကပ္ပမင်း၊ ဝေဌဒီပကတိုင်းက ဝေဌဒီပက မင်းတို့ အတူတူ ကျောင်းနေဖက် သူငယ်ချင်း မင်းနှစ်ပါး ရှိကြတယ်။ မိဘနှစ်ပါးရဲ့ အရိက်အရာ အလ္လကပ္ပတိုင်း [illegible]ယူဇနာကျယ်တယ်၊ ဝေဌဒီပကတိုင်းကလည်း ဆယ်ယူဇနာပဲ [illegible]တယ်။ သူငယ်ချင်း

http:\\www.dhammadownload.com



မင်းနှစ်ပါး တစ်ဦးနဲ့တစ်ဦး အင်မတန် ချစ်ခင်ပြီးတော့ တစ်ဦးထံ တစ်ဦး သွားတယ်။ အတူတကွနေ၊ အတူတကွထိုင်၊ အတူတကွစား၊ အတူတကွ အိပ်ပြီးတော့ အင်မတန် ခင်မင် ရင်းနှီးကြတယ်။

တစ်ပြည်မှ တစ်ပြည်၊ တစ်ယောက်ထံမှ တစ်ယောက်ထံကို တစ်လှည့်စီ သွားလာ နေထိုင်ကြရင်းက လူတွေ ဖွားမြင်ကြတာ၊ လူတွေ သေကြတာ၊ လူတွေ အိုကြတာ၊ ဖွားတဲ့လူတွေ၊ အိုတဲ့လူတွေ၊ သေတဲ့လူတွေ မြင်ရဖန်များတော့ ဒီမင်းနှစ်ပါးဟာ ပါရမီရှိတဲ့ မင်းတွေလို့ ဆိုရမှာပ။ သံဝေဂရတယ်။

သူတို့ ဒီလို ကြည့်လိုက်ပြန်တော့လည်းပဲ ဘုရားဟောတာ မဟုတ်ဘဲနဲ့ သူတို့ အလိုလို သံဝေဂရတဲ့ စကား ပြောကြတယ်။ တိုင်ပင်ကြကယ်။ ဘယ်လို ပြောသလဲ -

**ပရလောကံ ဂစ္ဆန္တံ အနုဂစ္ဆန္တော နာမ နတ္ထိ။**

သမ္မ= အဆွေမှန်လျှင် အိုသည့်မင်း။ ပရလောကံ = တမလွန် လောကကို။ ဂစ္ဆန္တံ =သွားတဲ့သူကို။ အနုဂစ္ဆန္တော နာမ = နောက်က လိုက်ပါသွားတဲ့ သူသည်။ နတ္ထိ = မရှိပါတကား။

အလ္လကပ္ပက ဝေဌဒီပကမင်းကို– ဝေဌဒီပက ကလဲ အလ္လကပ္ပ မင်းကို "သူငယ်ချင်း တို့မြင်ရတာ မျက်မြင်ပါပဲကွာ၊ တမလွန် လောက သွားကြတဲ့ လူနောက် တစ်ယောက်မှ မလိုက်ဘူး"

**အန္တမသော အတ္တနော သရီရမ္ပိ နာနုဂစ္ဆတိ။**

**အန္တမသော**= အောက်ထင်ပိုင်းခြား အယုတ်အားဖြင့်။ **အတ္တနော သရီရမ္ပိ** = မိမိကိုယ်ကကောင်မှ။ **နာနုဂစ္ဆတိ** = မလိုက်ပါတကား။

**သူတကာတွေ** ခဆိုနဲ့ကွာတဲ့၊ မိမိကိုယ်ကလည်းပဲ ဟိုဘဝ လိုက်တာ မဟုတ်ဘူး။

http:\\www.dhammadownload.com



အမြင်ပဲ။ မျက်မြင်၊ သုသာန်တစ သချိုင်းဝ စွန့်ပစ်ရတာ မြင်နေရတယ်။ ဒီကိုယ်ကြီးကလည်း လိုက်ပါသွားတာ မဟုတ်ဘူး။

**သဗ္ဗံ ပဟာယ ဂန္တဗ္ဗံ။**

သဗ္ဗံ = အလုံးစုံသော သက်ရှိသက်မဲ့ ဝတ္ထုအစုစုကို။ ပဟာယ =ပယ်စွန့်၍။ ဂန္တဗ္ဗံ=သွားအပ်သော သဘောရှိစွတကား။ ကြောက် စရာပဲ၊ သံဝေဂရတယ်၊ အားလုံး သက်ရှိသက်မဲ့ဝတ္ထုတွေကို တစ်နေ့ စွန့်ပြီးတော့ သွားရတာချည်းပဲကွယ်။

**ကိံ အမှာကံ ရဇ္ဇေန၊ ပဗ္ဗဇိဿာမ။**

(တစ်နေ့ကို အကုန်လုံး စွန့်ပစ်သွားရမယ့် အတူတူသာဖြင့်) - အမှာကံ = ငါတို့ သူငယ်ချင်း နှစ်ဦးသားတို့အား။ ရဇ္ဇေန = အလ္လကပ္ပတိုင်း၊ ဝေဌဒီပကတိုင်းမှာ မင်းအဖြစ်ဖြင့်။ ကိံ = အဘယ် အကျိုးရှိအံ့နည်း။

ဒို့ဆက်ပြီး မင်းလုပ်နေလို့လည်း တစ်နေ့ သေမှာပဲ၊ တမလွန် လောက သွားယင် ဘယ်သူမှ လိုက်လာမှာ မဟုတ်ဘူး။ ဒီတော့ဆက်ပြီး မင်းလုပ်နေလို့ ဘာအကျိုးရှိမလဲ။ ပဗ္ဗဇိဿာမ = ရသေ့၊ ရဟန်း ပြုကြကုန်စို့။ သူငယ်ချင်း မင်းနှစ်ပါး တိုင်ပင်ကြတယ်။

ပထမပိုင်းမှာ အတူတူနေကြလို့ ရက်ကလေးတော်တော် ညောင်းလာပြန်တော့ တစ်ခါ တိုင်ပင်ကြတယ် -

**မယံ ရဇ္ဇံ ပဟာယ ပဗ္ဗဇိတာ၊ န ဇိဝိတုံ အသက္ကောန္တာ။**

သမ္မ=အဆွေ။ မယံ=ငါတို့သည်။ ရဇ္ဇံ=မင်းအဖြစ်ကို။ ပဟာယ = ပယ်စွန့်၍။ ပဗ္ဗဇိတာ = ရသေ့၊ ရဟန်း၏ အဖြစ်သို့ ကပ်ရောက် ခဲ့ကြကုန်၏။

သူငယ်ချင်း တို့နှစ်ယောက်ဟာကွာ - တဲ့၊ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ခြင်းဆိုတဲ့ မင်းအဖြစ်ကို အသီးသီး စွန့်ပြီးတော့ ရသေ့၊ ရဟန်း ပြုလုပ်ခဲ့ကြတာ။

http:\\www.dhammadownload.com



**တေ မယံ ဧကဇ္ဈာနေ ၀သန္တာ အပဗ္ဗဇိတသဒိသာယေ၀ ဟောမ။**

တေ မယံ= ထိုသို့ သူငယ်ချင်းနှစ်ဦးသားတို့သည်။ ဧကဇ္ဈာနေ = တစ်နေရာတည်း၌၊ ၀သန္တာ = နေကြကုန်သည်ရှိသော်။ အပဗ္ဗဇိတ သဒိသာယေ၀ = ရဟန်းမဟုတ်သူ၊ ပကတိလူတို့နှင့် တူကြကုန်သည် သာလျှင်။ ဟောမ = ဖြစ်ကြကုန်လိမ့်မယ်။

ဒီတော့ကွာတဲ့ – တို့နှစ်ယောက် ဒီလို ပေါင်းပြီးတော့နေယင် ရဟန်းမဟုတ်ဘူး၊ လူ၀တ်ကြောင်များနဲ့ တူနေတော့မှာပဲ။

**တသ္မာ ဝိသုံ ၀သိဿာမ။**

တသ္မာ=သို့ရကား၊ မယံ = ငါတို့သည်၊ ဝိသုံ = အသီးအခြား ခွဲပြီးတော့၊ ၀သိဿာမ = နေကြကုန်စို့လား။

**တွံ ဧတသ္မိံ ပဗ္ဗတေ ၀သ။**

တွံ = သင်သည်၊ ဧတသ္မိံ ပဗ္ဗတေ = ဟောဟိုတောင်၌၊ ၀သ= နေလော့၊

**အဟံ ဣမသ္မိံ ပဗ္ဗတေ ၀သိဿာမိ။**

အဟံ=ငါကတော့။ ဣမသ္မိံ ပဗ္ဗတေ= ဤတောင်၌။ ၀သိဿာမိ = နေပေအံ့။

တို့နှစ်ယောက်ပေါင်းနေယင် လူတွေနဲ့ ဘာထူးမလဲကွ၊ အဲဒီတော့ သူငယ်ချင်း မင်းက ဟိုတောင်ပေါ်နေ၊ ငါက ဒီတောင်ပေါ်နေကြမယ်၊ နေရာခွဲကြစို့။

"အန္ဝမာသံ = လခွဲတစ်ကြိမ်၊ လခွဲတစ်ကြိမ်။ ဥပေါသထ ဒိ၀သေ = ဥပုသ်နေ့၌။ ဧကတော ဘ၀ိဿာမ = တစ်ပေါင်းတည်း နေကြကုန်စို့။

http:\\www.dhammadownload.com



အေး––အမြဲတမ်း ကင်းကွာနေကြလို့လည်းပဲ မကိုက်ဘူးတဲ့၊ ဒီတော့ လခွဲတစ်ကြိမ်၊ လခွဲတစ်ကြိမ် တို့သူငယ်ချင်းနှစ်ယောက် ဆုံကြတာပကွာ။ သဘောတူကြတယ်။ သဘောတူပြီး ၁၅–ရက် လောက် တစ်ကြိမ်၊ ၁၅–ရက်လောက် တစ်ကြိမ်၊ သူငယ်ချင်း နှစ်ယောက် တွေ့ပြီးလာလို့ လပေါင်း တော်တော် ကြာညောင်း လာတဲ့အခါ ဒီ ၁၅–ရက် တစ်ကြိမ် တွေ့ရတာကိုပဲ ငြီးငွေ့ကုန်တယ်။ တိုင်ပင်ကြတယ်။

**ဝေမ္ဗိ နော ဂဏ္ဍသင်္ဂဏိကာဝ ဘဝိဿတိ။**

သမ္ဘ = သူငယ်ချင်း။ ဝေမ္ဗိ = ဤသို့ တို့နှစ်ယောက် ၁၅–ရက်တစ်ကြိမ်၊ ၁၅–ရက်တစ်ကြိမ် တွေ့ကြုံနေရခြင်းဟာလည်းပဲ။ ဂဏ္ဍသင်္ဂဏိကာဝ = အပေါင်းအသင်း၌ မွေ့လျော်ခြင်းသာလျှင်။ ဘဝိဿတိ = ဖြစ်ပေလိမ့်မယ်။

တို့ ၁၅–ရက်တစ်ကြိမ် တွေ့တွေ့နေတာလည်းပဲ သူငယ်ချင်း အပေါင်းအသင်း၌ မွေ့လျော်တာမျိုးပဲ ဖြစ်ကုန်လိမ့်မကွယ်။ ဒီတော့–

**တွံ ပန တဝ ပဗ္ဗတေ အဂ္ဂိံ ဇာလေယျာသိ။**

တွံ ပန = သင်သည်ကား၊ တဝ ပဗ္ဗတေ = သင်နေတဲ့တောင်၌၊ အဂ္ဂိံ = မီးကို၊ ဇာလေယျာသိ = ညှိထွန်းထားလော့ (မီးဖိုထားလော့)

**အဟံ ဣမသ္မိံ ပဗ္ဗတေ အဂ္ဂိံ ဇာလေဿာမိ။**

အဟံ = ငါတမူကား၊ ဣမသ္မိံ ပဗ္ဗတေ = ဤတောင်၌ (ငါ ဤတောင်မှ)၊ အဂ္ဂိံ ဇာလေဿာမိ = မီးဖို၍ ထားပေမယ်။

တာယ သညာယ=ထိုမီးအမှတ်ဖြင့်။ အတ္ထိဘာဝံ = သင်လည်း ရှိ ငါလည်းရှိတဲ့ အဖြစ်ကို။ ဇာနိဿာမ=သိကြကုန်စို့လား။

အဲဒီလို သူငယ်ချင်း နှစ်ယောက်ထပ်ပြီး တစ်မျိုး တိုင်ပင်ကြ ပြန်တယ်။ အခုလို တို့ ၁၅–ရက်တစ်ကြိမ် တွေ့နေတာလည်းပဲ

http:\\www.dhammadownload.com



အပေါင်းအသင်းမှာ မွေ့လျော်တာ တစ်မျိုးပဲ ဖြစ်နေပြန်တယ်။ အဲဒီတော့ သူငယ်ချင်း မင်းနေတဲ့ တောင်က မင်းကမီးဖို၊ ငါက ငါနေတဲ့ ဒီတောင်ကနေပြီးတော့ မီးဖိုမယ်။ မီးဖိုမီး မြင်တာနဲ့ မီးအမှတ်ဖြင့် တို့နှစ်ယောက် သူငယ်ချင်းလည်း ရှိတယ်၊ ငါလည်း ရှိတယ်ဆိုတာ တို့ သိကြစို့လား။

## ဝေဒ္ဒဒီပကရသေ့ နတ်မင်းဖြစ်ခြင်း

နောက် တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဘဲနဲ့ မီးမြင်တာနဲ့ ဩော် – ငါ့သူငယ်ချင်း ကျန်းကျန်းမာမာ ရှိတယ်လို့ သိကြစို့လားလို့ အဲဒီလို တိုင်ပင်ပြီးတော့ လာခဲ့ကြတာ ရက်–လ–နှစ်ပေါင်း တော်တော်လေး ကြာညောင်းလာတော့ ဝေဒ္ဒဒီပက ရသေ့က ကွယ်လွန်သွားတယ်။ ကွယ်လွန်သွားပြီးတော့ မဟေသက္ခ=တန်ခိုးကြီးတဲ့ နတ်ကြီး သွားဖြစ်တယ်။ ၁၅–ရက်ရောက်လို့ ဝေဒ္ဒဒီပကရသေ့နေတဲ့ တောင်က မီးကို မမြင်ရတော့ အလ္လကပ္ပရသေ့က စဉ်းစားတယ် –

**မမ သဟာယော ကာလင်္ကတော။**

မမ သဟာယော = ငါရဲ့ သူငယ်ချင်းဖြင့်။ ကာလင်္ကတော= စုတိပြတ်ကြွေ သေရှာလေပြီ။

ဩော်––ငါ့သူငယ်ချင်း တစ်ယောက်တော့ ကွယ်လွန်ရှာလေပြီလို့ ဒီလိုပဲ အောက်မေ့တယ်၊ ကွယ်လွန်တော့ ဝေဒ္ဒဒီပကနတ်ကလည်းပဲ ငါအခုလို တန်ခိုးကြီးတဲ့ နတ်ကြီးလာဖြစ်ရတာ ဘယ်ကောင်းမှုကြောင့်လဲ။ ပြန်ပြီးတော့ စဉ်းစားတော့ ယခုလို ခြိုးခြံခြံ ရသေ့၊ ရဟန်းအဖြစ် ကျင့်ကြံခဲ့လို့ တန်ခိုးကြီးတဲ့ နတ်မင်း ဖြစ်ရတဲ့အကြောင်း စဉ်းစားမိတော့ သူ့သူငယ်ချင်းကို အမှတ်ရတယ်။

http:\\www.dhammadownload.com



**ဂန္တွာ မမ သဟာယကံ ပဿိဿာမိ။**

ဂန္တွာ = သွားပြီးတော့။ မမ သဟာယကံ = ငါ့ရဲ့သူငယ်ချင်းကို။ ပဿိဿာမိ = ဖူးမြော်အုန်းမှပဲ။

ကြော်--ငါ့သူငယ်ချင်းထံသွားပြီး တွေ့အုန်းမှ၊ ဖူးမြော်အုန်းမှ ပဲလို့ အကြံဖြစ်ပြီးတော့ ခရီးသွား ယောက်ျားအသွင်ဆောင်၊ အလ္လကပ္ပ ရသေ့နေတဲ့ တောင်ကိုသွားတယ်။ ရသေ့ရဲ့ သခ်မ်းကျောင်းနား ရောက်တော့ အလ္လကပ္ပရသေ့က ဆီးမေးတယ် -

**ကုတော အာဂတောသိ တွံ။**

တွံ = သင်သည်။ ကုတော = အဘယ်အရပ်မှ။ အာဂတော = လာ...သည်။ အသိ = ဖြစ်သနည်း။

...ဘယ်ကလာတဲ့ ပုဂ္ဂိုလ်လဲ။ ဒီတောကြီးမျက်မဲ ဒီဟိမဝန္တာ ထဲမှာ ဆဲ...ကော့ ခရီးသွားဟန် ဆောင်လာတဲ့ မဟောသက္ခနတ်မင်းက-

**မဂ္ဂိကပုရိသော အဟံ ဘန္တေ ဒူရတော ဝ အာဂတောမှိ။**

...= အရှင်ဘုရား။ အဟံ = တပည့်တော်ကား။ မဂ္ဂိက ပုရိသော = ခရီးသွား ယောက်ျားပါတည်း။ ဒူရတော ဝ = ဝေးသော ခရီးမှသာလျှင်။ အာဂတော = လာခဲ့ရသည်။ အမှိ = ဖြစ်ပါ၏။

**အယျံ ပဿိဿာမိတိ ဣဓာဂတော။**

အယျံ = အရှင်ဘုရားကို။ ပဿိဿာမိ = ဖူးမြော်အုန်းမှပဲ။ ဣတိ = ဤသို့ နှလုံးပိုက်၍။ ဣဓ = ဤအရပ်သို့။ အာဂတော= လာရောက်သည်။ အမှိ = ဖြစ်ပါ၏။

**ကိံ ပန ဘန္တေ အယျော ဣမသ္မိံ ဌာနေ ဧကကော ဝသတိ၊ အညောပိ ကောစိ အတ္ထိ။**

ဘန္တေ = အရှင်ဘုရား။ ကိံ ပန = ဘယ်နယ့်လဲ။ ဣမသ္မိံ ဌာနေ = ဤလူသူမနီး တောကြီးထဲ၌။ အယျော = အရှင်ဘုရားသည်။

http:\\www.dhammadownload.com



ကေကော၀=တစ်ပါးတည်းသာ။ ဝသတိ = နေပါသလား။ အညော ကောစိပိ အတ္ထိ = အရှင်မှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်များ ရှိပါသေးသလား ဘုရားတဲ့။

တပည့်တော် ခရီးသွား ယောက်ျားပါ။ အခွန့်ရှည်စွာသော ခရီးကို လာခဲ့ရ၊ အရှင်ဘုရားကို ဖူးမြော်မယ် ဆိုပြီးတော့ အရှင်ဘုရား အနီးအပါးသို့ ရောက်လာခြင်း ဖြစ်ပါတယ်။ အရှင်ဘုရား ဒီတောကြီး မျက်မဲထဲမှာ တစ်ပါးတည်း နေပါသလား။ အခြားတစ်ဦး တစ်ယောက်ကော ရှိသေးသလားလို့ မေးတဲ့အခါ –

**အတ္ထိ မေ ဧကော သဟာယကော။**

အာဝုသော = ဒါယကာ။ မေ = ငါ၏။ တစ်ယောက်သော။ သဟာယကော = သူငယ်ချင်းသည်။ အတ္ထိ = ရှိပါ၏။

**တေသ္မိံ ပဗ္ဗတေ ဝသတိ။**

တေသ္မိံ ပဗ္ဗတေ = ဟောဟိုတောင်၌။ သဟာယကော = ငါ့ သူငယ်ချင်းသည်၊ ဝသတိ = နေပါတယ်။

**ဥပေါသထဒိဝသေ အဂ္ဂိံ န ဇာလေတိ။**

ဥပေါသထဒိဝသေ = တစ်ဆယ့်ငါးရက်မြောက်ဖြစ်တဲ့ ဥပုသ်နေ့ တစ်နေ့မှာ။ အဂ္ဂိံ = မီးကို။ နဇာလေတိ = ငါ့သူငယ်ချင်း မဖိုခဲ့။

**မတော နူန သော ဘဝိဿတိ။**

သော = ထိုသူသည်။ မတော = သေသည်။ ဘဝိဿတိ နူန= ဖြစ်လေယောင်တကား။ (ဝါ) ဖြစ်တယ်ထင်ပါရဲ့။

ကွယ်––တဲ့။ ငါ့သူငယ်ချင်းတစ်ယောက် ရှိပါတယ်။ ဟောဟို တောင်မှာ နေတယ်။ ဒါပေမယ့် လခွဲကြာပြီကွယ်။ မီးမဖိုတာ။ အဲဒီ တော့ ငါ့သူငယ်ချင်း ကွယ်လွန်ရှာပြီ ထင်ပါရဲ့–ဆိုတော့။ ခရီးသွား ယောင်ဆောင်တဲ့ မဟာသက္ကနတ်မင်းက –

http:\\www.dhammadownload.com



**ဧဝံ ဘန္တေ**။

ဘန္တေ = အရှင်ဘုရား။ ဧဝံ = ဤသို့လားဘုရား။ ဪ- အရှင်ဘုရား ဒီလိုလား။ အလ္လကပ္ပရသေ့က -

**ဧဝံ အာဝုသော**။

အာဝုသော=ဒါယိကာ။ ဧဝံ =ဤအတိုင်းပါပဲ။ ဒီလိုပဲ ဒကာ။ ဒီတော့မှ ခရီးသွားယောင်ဆောင်တဲ့ မဟာသက္ကနတ်မင်းက-

**အဟံ သော ဘန္တေ**။

ဘန္တေ= အရှင်ဘုရား။ သော = ထိုအရှင်ဘုရားရဲ့ သူငယ်ချင်း ဝေဠဒီပကရသေ့ ဆိုသည်မှာ။ အဟံ = တပည့်တော်ပဲ။

အရှင်ဘုရား-- အရှင်ဘုရားရဲ့ သူငယ်ချင်း ဝေဠဒီပက ရသေ့ဟာ တပည့်တော်ပါပဲတဲ့။

**ကုဟိံ နိဗ္ဗတ္တောသိ**။

အလ္လကပ္ပရသေ့က မေးတယ်။ အာဝုသော = ဒါယကာ။ တွံ = သင်သည်။ ကုဟိံ = အဘယ်အရပ်၌။ နိဗ္ဗတ္တော = ဖြစ်သည်။ အသိ = ဖြစ်သနည်း။ သင်ဘယ်မှာ သွားဖြစ်တာလဲ။

**ဒေဝလောကေ မဟာသက္ကော ဒေဝရာဇာ ဟုတွာ နိဗ္ဗတ္တောသ္မိ ဘန္တေ**။

ဘန္တေ = အရှင်ဘုရား။ ဒေဝလောကေ = နတ်ပြည်လောက၌။ မဟာသက္ကော ဒေဝရာဇာ = တန်ခိုးကြီးသော နတ်သည်။ ဟုတွာ= ဖြစ်၍။ နိဗ္ဗတ္တော = ဖြစ်ရသည်။ အသ္မိ = ဖြစ်ပါ၏ဘုရား။

**အယျံ ပန ပဿိတုကာမိတိ အာဂတောမှိ**။

ပန= အထူးကတော့။ အယျံ = အရှင်ဘုရားကို။ ပဿိတုကာမိ =ဖူးမြော်အံ့။ ဣတိ=ဤသို့ နှလုံးပိုက်၍။ အာဂတော = လာရောက်သည်။ အမှိ = ဖြစ်ပါသည်ဘုရား။

http:\\www.dhammadownload.com



တပည့်တော်ဘုရား – တဲ့။ နတ်ပြည်မှာ မဟေသက္ခ တန်ခိုးကြီးတဲ့ နတ်မင်း သွားဖြစ်နေတယ်။ အရှင်ဘုရားကို "ငါဖူးမြော်မယ်၊ တွေ့မယ်" ဆိုပြီးတော့ လာခဲ့ပါတယ်။

## ဟတ္ထိကန္တစောင်းနှင့် မန္တန်

**ကိံ ပန ဘန္တေ အယျာနံ ဣမသ္မိံ ဌာနေ ဝသန္တာနံ ကောစိ ဥပဒ္ဒဝေါ အတ္ထိ။**

ဘန္တေ = အရှင်ဘုရား။ ကိံ = အသို့နည်း။ ဣမသ္မိံ ဌာနေ= ဤတောကြီး မျက်မဲထဲ၌။ ဝသန္တာနံ = နေတော်မူကြကုန်သော။ အယျာနံ = အရှင်ဘုရားတို့အား။ ကောစိ = တစုံတခုသော။ ဥပဒ္ဒဝေါ = ဘေးရန်သည်။ အတ္ထိ ပန = ရှိသလားဘုရား။

လူသူမနီး ဒီတောကြီးထဲမှာ နေတော်မူကြတဲ့ အရှင်ဘုရားတို့အဖို့ ရန် တစုံတခု စိတ်ဆင်းရဲစရာ ဘေးရန်များ ရှိသလားဘုရား – တဲ့။ မဟေသက္ခနတ်မင်းက မေးတယ်။ အလ္လကပ္ပရသေ့က –

**အာမ အာဝုသော ဟတ္ထိ နိဿာယ ကိလမာမိ။**

အာဝုသော = ဒါယကာနတ်မင်း။ အာမ = အေးရှိလေ၏။ ဟတ္ထိ=ဆင်တို့ကို။ နိဿာယ= အမှီပြု၍။ ကိလမာမိ = နေ့စဉ်နေ့စဉ် ငါပင်ပန်း၍ နေရလေ၏။

ဒကာနတ်မင်း–––ရှိတယ်။ ရှိဟယ်။ ဘေးဥပဒ် စိတ်ကို ကပ်ပြီး နှိပ်စက်တတ်တဲ့ ဥပဒ်တစ်ခု ရှိတယ်။ ဘာလဲလို့ ဆိုလို့ရှိယင် ဆင် တွေကို အမှီပြုပြီးတော့ – ငါနေ့စဉ် နေ့စဉ် ပင်ပန်းရတယ်ကွာ။

**ကိံဝေါ ဘန္တေ ဟတ္ထီ ကရောန္တိ။**

ဘန္တေ = အရှင်ဘုရား။ ဝေါ = အရှင်ဘုရားတို့ကို။ ဟတ္ထီ = ဆင်တို့သည်။ (ဝါ) ဆင်တွေက။ ကိံ ကရောန္တိ = ဘာလုပ်လို့လဲ ဘုရား။

http:\\www.dhammadownload.com



ဆင်တွေကို အမှီပြုပြီးတော့ ပင်ပန်းရအောင် အရှင်ဘုရားတို့ကို ဆင်တွေက ဘယ်နှယ်လုပ်လို့လဲ။ မေးတယ်။ အလ္လကပ္ပရသေ့က ပြန်ပြောတယ် -

**သမ္ဗဒ္ဓနဒ္ဓာနေ လက္ခံ ပါတေန္တိ။**

သမ္ဗဒ္ဓနဒ္ဓာနေ = ငါတံမြက်လှည်းထားတဲ့ နေရာ၌။ လက္ခံ= မစင် အညစ်အကြေးကို။ ပါတေန္တိ = စွန့်ချကြကုန်၏။

ငါက တလင်းကလေး သာသာယာယာ လှည်းတယ်။ ကျောင်းသခ်မ်းထဲကို သူတို့လာပြီးတော့၊ တလင်းပြောင်ပြောင်လေးကိုမှ မစင်အညစ်အကြေးတွေကို စွန့်ချကြတယ်။

**ပါဒေဟိ ဘူမိယံ ပဟာရိတွာ ပံသုံ ဥဒ္ဓရန္တိ။**

ဒါတင် ဘယ်ကဦးမလဲ။ ပါဒေဟိ = ခြေတို့ဖြင့်။ ဘူမိယံ = မြေ၌။ ပဟာရိတွာ=ပေါက်၍။ ပံသုံ=မြေကို။ ဥဒ္ဓရန္တိ=ထုတ်ဆောင်ကြကုန်၏။

အညစ်အကြေးမှ တလင်းထဲ စွန့်ရုံတင်မကသေးဘူး။ တကတဲ တလင်းခြေနဲ့တိုက်၊ မြေမှုန့်တွေက တထောင်းထောင်း ထအောင် လုပ်ကြတယ်။

**သွာဟံ လက္ခံ ဆဍ္ဍေန္တော ပံသုံ သမံ ကရောန္တော ကိလမာမိ။**

သွာဟံ = ထိုငါသည်။ လက္ခံ = ဆင်တို့ရဲ့ အညစ်အကြေးကို။ ဆဍ္ဍေန္တော=စွန့်ရသည်ဖြစ်၍။ ပံသုံ = သူတို့ ဖွထားတဲ့မြေကို။ သမံ =ညီမျှအောင်။ ကရောန္တော=နေ့စဉ်နေ့စဉ် ပြုရသည်ဖြစ်၍။ ကိလမာမိ = ပင်ပန်းလှပါ၏ျ

နေ့တိုင်း နေ့တိုင်း ဒီဆင်တွေရဲ့ အညစ်အကြေးတွေ ကျုံးနေရ။ မြေတွေ ညှိနေရနဲ့ နေ့တိုင်း ပင်ပန်းပါတယ်ကွယ်။

**ကိံ ပန တေသံ အနာဂမနံ ဣစ္ဆထ။**

http:\\www.dhammadownload.com




မဟောသကွနတ်က ပြန်မေးတယ်။ ဘန္တေ = အရှင်ဘုရား။ ကိံပန = အသို့နည်း။ တေသံ=ထိုဆင်တို့၏။ အနာဂမနံ=မလာရောက်ခြင်းကို။ ဣစ္ဆထ = အလိုရှိတော်မူကြသလား ဘုရား။

အရှင်ဘုရား--ဒီလိုဆိုယင် အဲဒီ ဆင်တွေ မလာတာကို အရှင်ဘုရား အလိုရှိတော် မူကြသလား။

"အာမ အာဝုသော = အေးဒကာ။ ဆင်တွေ မလာတာ အလိုရှိတယ် ဆိုတော့ -

**တေန ဟိ တေသံ အနာဂမာနံ ကရိဿာမိ။**

ဘန္တေ=အရှင်ဘုရား။ တေနဟိ = သို့တပြီးကား။ ဝါ။ ထိုသို့ အရှင်ဘုရား မလာစေ လိုသဆိုယင်။ တေသံ = ထိုဆင်တို့၏။ အနာ ဂမနံ= မလာကြောင်းဖြစ်တဲ့ ဥပါယ်ကို။ ကရိဿာမိ = တပည့်တော် ပြုပါမယ် ဘုရား။

သူငယ်ချင်းကို အကူအညီပေးတယ်။ ဒီလိုဆိုယင် အဲဒီဆင်တွေ မလာအောင် တပည့်တော် ဥပါယ်ကောင်း ပြုလုပ်ပေးပါမယ် ဘုရား ဆိုပြီးတော့၊ ဟတ္ထိကန္တစောင်း ဟတ္ထိကန္တမန္တန် သုံးပုဒ် သင်ပေးတယ်။

ဟတ္ထိကန္တစောင်းဆိုတာ ဆင်နှစ်သက်လည်း နှစ်သက်တယ်။ ဆင်လည်း ကြောက်တယ်။ ကြောက်အောင် ပြုပါတယ်။ ဆင်ချစ်အောင်လည်း ညှို့ပါတယ်။ စောင်းကြိုး စောင်းညှို့။ သို့သော် ဆင်မုန်းတဲ့စောင်း ဆိုတာထက်တော့ ဆင်ချစ်တဲ့စောင်း ဆိုတာက - နာမည်ဟာ သုတိမင်္ဂလာ ရှိတယ်။ ဒီစောင်းကို ဟတ္ထိကန္တစောင်းလို့၊ ဆင်ချစ်တဲ့စောင်းလို့ ခေါ်တယ်။

ဟတ္ထိကန္တ မန္တန်ဆိုတာကလည်းပဲ ဆင်ချစ်တဲ့မန္တန်။ ဒီမန္တန်က သုံးပုဒ်ရှိတယ်။ ဆင်တွေသိပ်ကြောက်တဲ့ မန္တန်။ ဆင်တွေ တော်ရုံ

http:\\www.dhammadownload.com



တန်ရုံကြောက်တဲ့ မန္တန်။ ဆင်ချစ်တဲ့ မန္တန်လို့။ မန္တန်သုံးမျိုးကို ပေါင်းပြီး သကာလ ဟတ္ထိကန္တမန္တန်လို့ ခေါ်တယ်။ ဆင်ချစ်တဲ့ မန္တာန်လို့ အဲဒီလိုစာက သုံးပါတယ်။

ညို့သုံးချောင်းရှိတဲ့ ဆင်ချစ်စောင်း။ မန္တန်သုံးပုဒ်ကို သင်ပေးပြီးတော့ အလ္လကပ္ပရသေ့ကို မဟေသက္ခနတ်က ဘာပြောသလဲ –

ဘန္တေ= အရှင်ဘုရား။ ဣမံ တန္တိံ ပဟရိတွာ = ဟောဒီညို့ကို တီး၍၊ ဣမသ္မိံ မန္တေ ဝတ္တေ=ဤမန္တန်ကို ရွတ်ဆိုအပ်သည်ရှိသော်–

၁။ တစ်– ဟောဒီကြိုး၊ ဟောဒီညို့ကိုတီးဘုရား၊ ဒီကြိုး ဒီညို့ကို တီးပြီးတော့ အဲဒီတစ်–မန္တန်ကို ရွတ်လို့ရှိယင် – နိဝတ္တိတွာ = ပြန်လှည့်၍၊ ဩလောကေတုမ္ပိ = ကြည့်ခြင်းငှာလည်း။ အသက္ကောန္တာ = မစွမ်းနိုင်ကြကုန်ပဲ။ ဟတ္ထီ = ဆင်တို့သည်။ ပလာယိဿန္တိ = ပြေးကြလိမ့်မယ်ဘုရား။

တစ် – ဒီညို့ ဒီကြိုးကိုတီး၊ တစ်အမှတ် ဒီမန္တန်ကို မန်းလို့ရှိယင် ဆင်တွေဟာ ကိုယ်တော်ကို ပြန်စောင်းမှ မကြည့်ဝံ့ဘဲနဲ့ ပြေးလိမ့်မယ်တဲ့။

၂။ နှစ် – ဣမံ တန္တိံ ပဟရိတွာ = နှစ်မန္တန် ဤစောင်းညို့ကို တီး၍၊ ဣမသ္မိံ မန္တေ= ဤနှစ်အမှတ် မန္တန်ကို။ ဝတ္တေ = ရွတ်ဆိုအပ်သည် ရှိသော်။ နိဝတ္တိတွာ = ပြန်လှည့်၍။ [illegible]တော = နောက်မှ။ ဩလောကေန္တာ ဩလောကေန္တာ = ကြည့်ကုန် ကြည့်ကုန်လျက်။ ပလာယိဿန္တိ = ပြေးကြပါလိမ့်မယ် ဘုရား။

နှစ်အမှတ် ဒီစောင်းညို့ တီးပြီးတော့ နှစ်အမှတ် ဒီမန္တန်ကို ရွတ်လို့ရှိယင် ဆင်တွေဟာ အရှင်ဘုရားကို ပြန်ပြန်

http:\\www.dhammadownload.com



ကြည့်ကြည့် ပြီးတော့ ဆင်တွေ ပြေးကြလိမ့်မယ် ဘုရား။

၃။ သုံး - ဣမံ တတ္တိံ ပဟရိတွာ = ဤသုံးအမှတ် ညို့ကို တီး၍။ ဣမသ္မိံ မန္တေ ဝုတ္တေ = ဤသုံးအမှတ် မန္တန်ကို အရှင်ဘုရား ရွတ်ဆိုတော်မူသည် ရှိသော်။ ဟတ္ထိယူထပတိ = အုပ်ထိန်းဖြစ်တဲ့ ဆင်ကြီးသည်။ ပိဋ္ဌိံ ဥပနာမေန္တော = ကျောက်ကုန်းကို ညွတ်၍။ အာဂမိဿတိ = အရှင်ထံမှောက် လာရောက်ပါလိမ့်မည်။

သုံးအမှတ် ဒီညို့ကိုတီး၊ သုံးအမှတ် ဒီမန္တန်ကိုရွတ်ယင် ဆင်မှ အအုပ်အထိန်းဖြစ်တဲ့ ဆင်ကြီးက ကျောက်ကုန်းကို ညွတ်ပြီး အရှင်ဘုရားထံမှောက် လာရောက်ပါလိမ့်မည် ဘုရား။

ယံ=အကြင်အရာကို။ ဝေါ = အရှင်ဘုရားတို့သည်။ ရုစ္စတိ= နှစ်သက်အပ်၏။ တံ = ထိုအရှင်ဘုရားတို့ အလိုရှိရာကို။ ကရေယျာထ = ပြုတော်မူကြကုန် ဘုရား။

အရှင်ဘုရား ကြိုက်သလို အသုံးချတော်မူ ဘုရားလို့ လျှောက်ထားပြီးတော့ မဟေသက္ခနတ်ကြီး ကွယ်သွားပြီ။ အလ္လကပ္ပရှင်ရသေ့သူ့သခ်မ်းကျောင်းနား ဆင်တွေလာတယ် ဆိုလို့ရှိယင်ဖြင့် တစ်အမှတ် စောင်းညို့ကို တီးပြီးတော့ တစ်အမှတ် မန္တန်ကို ရွတ်တယ်။ ဆင်ဟာ ပြန်ပြီးတော့တောင် မကြည့်ဝံ့ဘဲနဲ့ တစ်ခါတည်း တောက်လျှောက် တစ်ကြိုးတည်း ပြေးတော့တာပဲ။ ဒီတော့မှ သူစိတ်ချမ်းသာတယ်။ ဒီစောင်းလည်း ရှိတယ်။ ဒီမန္တန် သုံးခုလည်း သူသရဇ္ဈာယ်နေတယ်။ ချမ်းချမ်းသာသာ နေရတယ်။ အလ္လကပ္ပရသေ့နဲ့ ဝေဋ္ဌဒီပက ရသေ့နှစ်ဦး အကြောင်း။

http:\\www.dhammadownload.com



## ဥတောနမင်းအကြောင်း

ကိုင်း--ဥတေန။ ပါဠိကတော့ ဥတေန။ လူတွေကတော့ လွယ်လွယ်ဥဒိန္နလို့ ခေါ်တယ်။ အင်း--ဥဒိန်နတ်တဲ့ကွယ်။ နတ်တောင်မှ ဥတိန်နတ်လို့ ခေါ်ကြတယ်။ ပါဠိကတော့ ဥတေနမင်း။

ဥ[illegible]မင်းလာမှ ဒီဥတောနမင်းရဲ့ မိဖုရားကြီး သုံးယောက်ဖြစ်တဲ့ သာမာဝတီရယ်၊ ဝါသုလဒတ္တာရယ်၊ မာဂဏ္ဍီရယ်၊ ဒီလို အစဉ်လာရတယ်။ ဒီတော့ ဥတေနမင်းအကြောင်း ပြောချင်လို့။

### ဥမ္မာဒန္တီနှင့်ရင်း ဖွားတော်မူခန်းနှင့်ရင်း စပ်၍ မှတ်သားဖွယ်

ကြားညှပ်ပြီး ပြောပါရစေအုန်း။ ဥမ္မာဒန္တီတော့။ ဟို - ဗုဒ္ဓဘောဇနိယ အုပ်သင်းက နေပြီးတော့ ဥမ္မာဒန္တီဆိုပြီး ဆင်ကြီးနဲ့။ ရယ်စရာ ရုပ်ပြောင် လုပ်ပြီးတော့ လာကြတယ်။ ဘကြီးမိုးတို့ အုပ်သင်း။ သူတို့လုပ်ပြီးမှ ဥမ္မာဒန္တီကို ဟောရလို့ မဟုတ်တာတွေကို ဆင်မပါတာကိုပေါ့လေ။ ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမတွေနောက်မှ သိရတယ်။

တစ်နေ့က သတင်းစာတစ်ခုထဲမှာ တွေ့လိုက်ရတယ်။ သာမာဝတီတဲ့။ ရုပ်ရှင်ကလည်း သာမာဝတီ ရိုက်တယ်။ စောစောစီးစီး သာမာဝတီအကြောင်းကို သိအောင်လုပ်တယ်။ သူတို့ ဇာတ်သဘင်တို့၊ ရုပ်ရှင်တို့ ဆိုတာတွေ၊ သာသနာက နာမည်ကိုယူ၊ သာသနာက ဗုဒ္ဓဝင်ကိုယူ၊ ယူပြီးပြီဆို သူတို့ ဆင်ချင်သလို ဆင်တာ။ အဲဒါ သူတို့ဟာကို ကြည့်လိုက်ယင် ပေါ့လေ။ အဲဒီ သူတို့ ပြတာကို အဟုတ်ကိုမှတ်တယ်။

ဗုဒ္ဓဝင် ဆိုပါအုန်းကွယ်။ ဟုတ်လား၊ ကိုတင်မောင်တို့ “က”သွားတယ်။ အား-တကတဲ မတ်တော်မာယာ၊ အလောင်း

http:\\www.dhammadownload.com



တော် သိဒ္ဓတ္ထမင်းသား ဖွားပြီးလျှင် ပြီးချင်းလောက်ပဲ နတ်ရွာစံလို့၊ ဒေဝဒဟနဲ့ ကပိလကလူတွေ လုမ္ဗိနီမှာပဲ မယ်တော်မာယာရဲ့ အလောင်းလုတဲ့ပုံ၊ မဟုတ်ဘူး – အမှန်က လုမ္ဗိနီမှာ သားတော် သိဒ္ဓတ္ထမင်းသား ဖွားပြီးတော့ မယ်တော် မာယာသည် ကပိလဝတ် ရွှေနန်းတော် ပြန်လာတယ်။ ရွှေနန်းတော် ရောက်ပြီး ခုနစ်ရက်မြောက်ကျတော့မှ သူ့ရဲ့ အာယု ဒါယ အသက်တမ်းပြည့်လို့မို့ ပျက်စီးတာ။ အလောင်းလုရတာ ဘာမှ စာထဲလည်း မရှိဘူး။ လုမ္ဗိနီပင်ဆိုမှ ဟို ဒေဝဒဟနဲ့ ကပိလက လူတွေ အလောင်းလုရမှာပဲ။ အလောင်း လုရအောင် တစ်ခါတည်း လုမ္ဗိနီပင်တွေ ဖြစ်တယ်။ အဲဒီလိုမဟုတ်တရုတ်တွေဟာ သူတို့သဘင်သည်တွေကျတော့ ချဲ့တယ်။

အခုတော့ ဘုန်းကြီးတို့၊ တရားနာ ပရိသတ်အနေနဲ့ သာမာဝတီ အကြောင်းကိုပေါ့လေ။ စောစောစီးစီး သိပါ။ အဲ––သူတို့ဟာ တကယ့်ဖြစ်ရပ်က တစ်မျိုး၊ သူတို့ ကြည့်ကောင်းအောင် ဇာတ်ကွက်ကို ယူပြီးတော့ ချဲ့ထားတာပဲလို့ သိရတယ်။ ကြိုတင်ပြီးတော့ သာမာဝတီ အကြောင်း နားထောင်ရအောင်။

## ကောသမ္ဗီပြည် ပူရန္တပ္ပမင်း

အခု ဥတေနမင်းအကြောင်း သွားကြစို့။ မင်းနာမည်က ကောသမ္ဗီပြည် ပူရန္တပ္ပမင်းတဲ့။ မိဖုရားကြီး နာမည်ကတော့ ဓမ္မပဒ အဋ္ဌကထာမှာ တိုက်ရိုက်မပါဘူး။ ကေသိနီ မိဖုရားလို့ အင်္ဂုတ္တိုရ်ကျတော့ ပါပြန်တယ်။ ကေသိနီ မိဖုရားသည် ပဋ္ဋာမြား နှုတ်ငုံရှိတဲ့ အချိန်မှာ အခုလို ဆောင်းရာသီနဲ့ တူတယ်။ ပူရန္တပ္ပမင်းတရား

http:\\www.dhammadownload.com



ပတ္တမြားနှုတ်ငုံရှိတဲ့ ကေသိနီ မိဖုရားနဲ့ နံနက်စောစော နန်းတော်ရဲ့ လက်ရမ်းဟင်းလင်း အပြင်မှာ ထွက်ပြီးတော့ နေဆာလှုံနေကြတယ်။

## မိဖုရားအား ငှက်ဆင်ချီခြင်း

အဲဒီအချိန်မှာ မိဖုရားကြီးက မင်းတရားကြီးခြုံတဲ့ ကမ္ဗလာနီကို ခြုံပါရစေလို့ တောင်းတယ်။ မင်းတရားကြီးကလည်း အလိုလိုက်ပြီးတော့ ခြုံပါ။ အင်း--တစ်ယောက်နဲ့ တစ်ယောက် စကားပြောဆိုရင်းက မင်းတရားကြီး လက်မှာဝတ်ထားတဲ့ လက်စွပ် ဝတ်ပါရစေ။ မင်းတရားကြီးကလည်း သူမြတ်နိုးတဲ့ မိဖုရားကြီးဖြစ်လို့၊ လက်စွပ်ကိုလည်း ချွတ်ပေးလိုက်တော့ - ပတ္တမြားနှုတ်ငုံရှိတဲ့ မိဖုရားက လက်စွပ်ကိုဝတ်၊ တစ်နည်းအားဖြင့် နန်းတော်ရဲ့ လက်ရမ်းတော်မှာ နေဆာလှုံရင်း ယုယချစ်ခင်တဲ့ စကားကို ပြောဆိုနေကြတယ်လို့ ဆိုပါတယ်။

အဲဒီအချိန်မှာ "ဟတ္ထိလိင်္ဂ"လို့ ပါဠိလိုခေါ်တယ်။ မြန်မာလိုတော့ ငှက်ဆင်ဆိုတဲ့ ငှက်ကြီးတစ်ကောင်၊ ကောင်းကင်က အစာရှာလာခဲ့တယ်။ သူတို့ရဲ့ အင်အားကို အဋ္ဌကထာက -

**တေကိရ သကုဏာ ပဉ္စန္နံ ဟတ္ထီနံ ဗလံ ဓာရေန္တိ။**

တေ သကုဏာ = ထိုငှက်ဆင်ကြီးတို့သည်။ ပဉ္စန္နံ ဟတ္ထီနံ =ဆင်ငါးစီးတို့၏။ ဗလံ=ခွန်အားကို။ ဓာရေန္တိ ကိရ= ဆောင်နိုင်ကြကုန်သတဲ့။

အဲဒီတုန်းက ငှက်ဆင်တွေဟာ ဆင်ငါးစီးအား ဆောင်နိုင်တယ်တဲ့။ အင်မတန် အားကောင်းတယ်။ အဲဒါနဲ့ ငှက်ဆင်က အစာရှာရင်း ရွှေနန်းတော် လက်ရမ်းပြင်မှာ ပတ္တမြားနှုတ်ငုံရှိတဲ့ မိဖုရားကြီး ကမ္ဗလာနီခြုံလို့ နေဆာလှုံနေတာကို မြင်တော့။ မံသပေသိ=သားတစ်ဟုသော အမှတ်ဖြင့် ငှက်ဆင်က အမှတ်လွဲပြီးတော့ မိဖုရားကြီးကို

http:\\www.dhammadownload.com



သုတ်ပါရော။ ပြည့်ရှင်မင်းကြီးကလည်းပဲ ကြောက်အားလန့်အားနဲ့ နန်းတော်ထဲ ဝင်ပြေးတော့၊ မိဖုရားကြီးက ကိုယ်လေးလက်ဝန် ဖြစ်နေတဲ့အတွက် ထွက်ပြီး မပြေးနိုင်ဘူး။ ငှက်ဆင်ရဲ့ သုတ်တဲ့အထဲမှာ ပါသွားတာပဲ။ သူ့ရဲ့ ခြေသည်းအုံထဲမှာပေါ့လေ။

ပါသွားတော့ ဉာဏ်ပညာရှိတဲ့ မိဖုရားကြီးမို့လို့၊ ဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် ဒီအနားမှာ ဒုက္ခများမယ်။ ငှက်ဆင်က ချီသွားရော၊ မိဖုရားကြီးက လမ်းမှာ စဉ်းစားတယ် –

**သစာဟံ ဝိရဝိဿာမိ။**

အဟံ= ငါသည်။ သစေ ဝိရဝိဿာမိ = အကယ်၍ အော်ဟစ် လိုက်ငြားအံ့။ ငါတကယ်လို့ အော်လိုက်ယင်တဲ့ –

**မနုဿသဒ္ဒေါ နာဂမ တိရစ္ဆာနဂတာနံ ဥဗ္ဗေဇနီယော။**

မနုဿသဒ္ဒေါ နာမ= လူတို့၏ အသံမည်သည်ကို။ တိရစ္ဆာန ဂတာနံ = တိရစ္ဆာန်တို့သည်။ ဥဗ္ဗေဇနီယော = ထိတ်လန့်အပ်ပေ၏။

လူ့သံကိုဆိုလျှင် တိရစ္ဆာန်တွေဟာ အင်မတန်ကြောက်တယ်တဲ့။

**တံ သုတွာ မံ ဆဍ္ဍေဿတိ။**

တံ = ထိုငါဟစ်အော်လိုက်သည့် အသံကို။ သုတွာ = ကြားရ သည် ရှိသော်။ မံ = ငါ့ကို။ ဆဍ္ဍေဿတိ = ထိတ်လန့်၍ ငှက်ဆင် ကြီးက စွန့်ပစ်ချလိုက်လိမ့်မယ်။

**ဆဍ္ဍိတံ သန္တံ သဟ ဂဗ္ဘေန ဇီဝိတက္ခယံ ပါပုဏိဿာမိ။**

ဆဍ္ဍိတံ သန္တံ = ဤသို့ စွန့်ပစ်ချလိုက်သည် ရှိသော်။ ဂဗ္ဘေန= ကိုယ်ဝန်သားနှင့်၊ သဟ = တကွ။ အဟံ = ငါသည်။ ဇီဝိတက္ခယံ = အသက်ကုန်ခြင်းသို့။ ပါပုဏိဿာမိ = ရောက်ရပေလိမ့်မယ်။

ငါ တကယ်လို့များ ဟစ်အော်လိုက်ယင်၊ အသံပြုလိုက်ယင်၊ တိရစ္ဆာန်ဆိုတာ လူရဲ့အသံကို ကြောက်တယ်။ ငါ့အသံကြားယင်

http:\\www.dhammadownload.com



ကြောက်ပြီးတော့ ငါ့ကို လွှတ်ချလိုက်လိမ့်မယ်။ လွှတ်ချလိုက်လျှင် ကိုယ်ဝန်သားနှင့်တကွ ငါသည် အသက်ကုန်ခြင်းသို့ ရောက်ရလိမ့်မယ်။

**ယသ္မိံ ပန ပဒေသေ နိသီဒိတွာ မံ ခါဒိတုံ အာရဘိဿတိ။**

ပန=ပြုလုပ်သင့်သည်ကား။ ယသ္မိံ ပဒေသေ=အကြင်အရပ်၌။ နိသီဒိတွာ = ဤငှက်ဆင်ကြီး နားနေပြီးတော့။ မံ = ငါ့ကို။ ခါဒိတုံ = ခဲစားဖို့ရန်။ အာရဘိဿတိ = အားထုတ်လိမ့်မည်။

**တတြ နံ သဒ္ဒံ ကတွာ ပလာပေဿာမိ။**

တတြ=ထိုနေရာ၌။ နံ= ထိုငှက်ဆင်ကို။ သဒ္ဒံ ကတွာ = အသံ ပြု၍။ ပလာပေဿာမိ = ပျံစေမယ်။

ငါ့ကို တစ်နေရာရာ ချထား၊ စားမယ်လို့ လုပ်တော့မှ အသံ ဟစ်ပြီး သကာလ ဒီငှက်ဆင်ကြီးကို ပျံစေမှ တော်မယ်။

အဲဒီလို စဉ်းစားပြီး မလှုပ်မယှက် အသံမပြုဘဲနဲ့ ငှက်ဆင်ကြီး ထင်တဲ့အတိုင်း သားတစ်ပဲ ထင်ပေစေတော့။ ငြိမ်ပြီး လိုက်သွားတယ်။ ဟိမဝန္တာ ရောက်အောင် ချီသွားတယ်။ အလ္လကပ္ပ ရသေ့ရဲ့ သခ်မ်း ကျောင်း မနီးမဝေးမှာ မဏ္ဍပ်ကြီးပမာ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီး တစ်ခု ရှိတယ်။ အဲဒီ ညောင်ပင်ကြီးပေါ် ချည်းထဲပဲ ဒီငှက်ဆင်ဟာ တောထဲက သားကောင်၊ သမင် သုတ်လာလာ၊ ဒရယ် သုတ်လာလာ၊ ချေ (ဂျီ) သုတ်လာလာ၊ သူ့ဒီအပေါ်ချည်းထဲ ယူပြီးတော့ စားတာပဲတဲ့။

အဲဒီစားနေကျဖြစ်တဲ့ ညောင်ပင်ပေါ်မှာ မိဖုရားကို ညောင်ပင်ရဲ့ ခွကြားထဲမှာ ထားပြီးတော့ သူလာတဲ့ လမ်းကိုပြန်ပြီး မျှော်ပြီး ကြည့်နေသတဲ့။

**အာဂတမဂ္ဂေါလောကနံ ကိရ တေသံ ဓမ္မတာ။**

အဋ္ဌကထာ အထူးမှတ်ချက်ပဲ။ အာဂတမဂ္ဂေါလောကနံ = မိမိလာခဲ့တဲ့လမ်းကို ကြည့်ခြင်းသည်။ တေသံ = ထိုငှက်ဆင်တို့၏။ ဓမ္မတာ ကိရ = သဘောတတ်တွာ ဓမ္မတာ ဖြစ်သတဲ့။

http:\\www.dhammadownload.com



အဲဒါသူတို့ရဲ့ ဓမ္မတာပဲတဲ့။ မစားသေးဘူး။ အစာကို သစ်ပင်ခွကြား ချပြီးမှ သူလာခဲ့တဲ့ လမ်းကိုပြန်ပြီး မျှော်ကြည့်တာ သူတို့ရဲ့ ဓမ္မတာ။ အဲဒီ ဓမ္မတာအတိုင်း သူလာတဲ့ လမ်းကို မျှော်ပြီး ကြည့်နေတော့မှ -

**ဣဒါနိ ဣမံ ပလာပေတုံ ဝဋ္ဋတိ။**

ဣဒါနိ=ယခုအခါ၌။ ဣမံ = ဤငှက်ဆင်ကြီးကို။ ပလာပေတုံ = ပြေးစေခြင်းငှာ။ ဝဋ္ဋတိ = သင်၏။

ကိုင်း--အခုချိန်တော့ ငှက်ဆင်ရဲ့ ခြေထောက်ထဲကလည်း လွတ်ပြီ။ ဒီအချိန်မှာ ငါအသံပေးပြီးတော့ သင်းကို ပြေးစေမှတော်မယ်။ အဲဒီလို စဉ်းစားပြီး၊ လက်နှစ်ဖက်နဲ့ လက်ဝါး တအားကုန်တီး၊ ပါးစပ်ကလည်း ခြောက်လှန့်တဲ့-ဟေး ဟေး ဆိုတဲ့အသံ၊ လက်ဝါးသံ နှုတ်သံ နှစ်သံရောပြီးတော့ ခြောက်လှန့်လိုက်တဲ့ အခါကျတော့မှ ငှက်ဆင်ကြီးက လူမှန်းသိပြီး ပျံသွားတယ်။

အဲဒီနေ့ ညနေဝင်တော့ မိုးကြီးကလည်း ရွာသတဲ့။ အဲဒီ မိဖုရားကြီးမှာ ကမ္ဗလေမျှားကလည်း လှုပ်ရှား၊ ရွှေနန်းတော်မှာ သာဆိုယင် မှုယုလိုက်ကြမှာ။

**မာ ဘာယိ အယျေ။**

အယျေ=ရှင်မ။ မာဘာယိ = မကြောက်ပါနဲ့ဘုရား။ အပါ.က ဘုရား ကျွန်တော်မျိုးမတို့ ရှိပါတယ် စသည်ဖြင့် အာ.ပေ.ဇေက ပြောကြားကြမယ့် အထိန်းတော်ဆို၍ တစ်ယောက်မှ မရှိဘဲ၊ အလွန့်အလွန် အားနည်းစွာဖြင့်၊ မိုးကလည်းရွာ၊ ကမ္ဗလေတွေကလှုပ်၊ ဆင်းရဲဒုက္ခကြီးစွာနဲ့ တစ်ညလုံး မအိပ်ရဘဲနဲ့ ဒုက္ခခံပြီး နေခဲ့ရတယ်။

http:\\www.dhammadownload.com



## ဥတေနဟု အမည်မှည့်ခြင်း

နံနက် နေလည်းထွက်ကရော မိးရှူးသန့်စင် တစ်ယောက်တည်း ဖွားမြင်တယ်။ နံနက် မိုးသောက်ထတဲ့ အချိန်ရယ်။ သားတော်ကလေး လည်း ဖွားတဲ့အချိန်ရယ်၊ မိုးတိမ်တွေကင်းတဲ့ အချိန်ရယ်၊ ဒီသုံးခုဟာ တစ်ခါတည်း တစ်ပြိုင်နက် ဖြစ်သတဲ့။ အဲဒါကြောင့် မိဖုရားခေါင်ကြီး က -

သာ = ထိုမိဖုရားသည်။ မေဃဥတုဉ္စ = မိုးဥတုကိုလည်းကောင်း၊ ပဗ္ဗတဥတုဉ္စ = တောင်ဥတုကို လည်းကောင်း၊ အရုဏဥတုဉ္စ = တက်သစ်စနေဝန်းရဲ့ ဥတုကိုလည်းကောင်း။ အာဂမ္မ = အစွဲပြု၍ (ဂဟေတွာ= ယူ၍)၊ ဇာတတ္တာ = ဖွားမြင်ရကား (ဝါ) ဖွားမြင်သည်၏ အဖြစ်ကြောင့်။ ပုတ္တဿ = သား၏။ နာမံ = အမည်ကို။ ဥတေနောတိ တွေ၀ = ဥတေနမင်းသားဟူ၍ သာလျှင်။ အကာသိ = နောက် တစ်ချိန်ဝယ် မှည့်ခေါ်ခဲ့လေပြီ။

မိုးဥတုရယ်၊ တောင်ကြားထဲက ညောင်ပင်ကြီးဆိုတဲ့ တောင်ဥတု ရယ်၊ တောင်ခိုးပေါ့၊ ဟိုက ထွက်လာတဲ့ တက်သစ်စနေ အရုဏ်ဥတု ရယ်၊ အဲဒီ ဥတုသုံးပါး အစွဲပြုပြီး (ဂဟေတွာ=ဥတုသုံးပါး ရယူပြီး) တော့ ဖွားမြောက် သန့်စင်လို့ မိမိသားရဲ့ အမည်ကို နောက်တစ်ချိန် ကျတော့ "ဥတေန"လို့ အမည်မှည့်သတဲ့။

## အလ္လကပ္ပရသေ့နှင့် တွေ့ခြင်း

အရုဏ်ကျင်းလို့ နေဝန်းထွက်ပြူလာတဲ့ အချိန်မှာ အလ္လကပ္ပ ရသေ့ကလည်းပဲ သူ့ပြကတော့ - နဂိုပကတိသဘော ဓမ္မတာအားဖြင့် ညမိုးရွာယင်တဲ့ ဘယ်တော့မှ သစ်သီးကြီးငယ် သွားမရှာဘူးတဲ့။ ဟိမဝန္တာဆိုတော့ သိပ်အေးတယ်။ သစ်သီးကြီးငယ် အရှာမသွားပဲနဲ့

http:\\www.dhammadownload.com



မိုးရာသီ မိုးရွာတဲ့နေ့တွေဆိုရင် အဲဒီ ညောင်ပင်ကြီးအောက် သွားပြီးတော့ ငှက်ဆင်ကြီးတွေ စားလို့ စွန့်ချလိုက်တဲ့ သမင်ရိုးတွေ၊ ဒရယ်ရိုးတွေ၊ ချေ(ဂျီ)ရိုးတွေ၊ အဲဒါတွေ သွားကောက်၊ သခ်မ်းကျောင်းရောက်တော့ – တစ်ခါတည်း ဒီအရိုးတွေကို ဆွတ်ပြုတ်လုပ်ပြီးတော့ သောက်နေကျ။ အလ္လကပ္ပရသေ့ ညက မိုးရွာတော့ သစ်သီးကြီးငယ် အရှာမထွက်တော့ဘူး။

အဌိ အာဟရိဿာမိ=ညောင်ပင်အောက် သွားပြီးတော့ အရိုးကောက်အုန်းမှပဲ။ ငှက်စားတဲ့ စားကြွင်းအရိုးကို ကောက်တယ်။ ညောင်ပင်အောက် သွားတော့ ညောင်ပင်ပေါ်က ကလေးငိုသံ ကြားတယ်။ မော့ကြည့်တော့ ကေသိနီမိဖုရားကြီးကို မြင်တော့ –

"ကာ သိတွံ" တွံ=သင်သည်။ ကာ=အဘယ်သူသည်။ အသိ =ဖြစ်သနည်း။ မေးတယ်။ မေးတော့ မိဖုရားကြီးက ပြန်ပြောတယ်–

**မနုဿိတ္ထိ အမှိ။**

အဟံ = အကျွန်ုပ်သည်။ မနုဿိတ္ထိ = လူမိန်းမသည်။ အမှိ= ဖြစ်ပါ၏။ အကျွန်ုပ်သည် လူမိန်းမပါ။

**ကထံ အာဂတာသိ။**

အလ္လကပ္ပ ရသေ့က ပြန်မေးတယ်။ ကထံ = ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ အာဂတာ = ဤနေရာသို့ ရောက်လာသည်။ အသိ = ဖြစ်သနည်း။

ဘယ်လိုဘယ်နည်းနဲ့များ ဒီညောင်ပင်ကြီးကို ရောက်လာသလဲ။ လူမိန်းမတစ်ယောက်။ ဒီတော့ မိဖုရားကြီးက ပြန်ပြောတယ် –

**ဟတ္ထိလိင်္ဂသကုဏေန အာနီတာမှိ။**

အယျ = အရှင်ဘုရား။ အဟံ = တပည့်တော်သည် (ဝါ) တပည့်တော်ကို၊ ဟတ္ထိလိင်္ဂသကုဏေန = ငှက်ဆင်သည်။ အာနီတာ= ပို့ဆောင်အပ်သည်။ အမှိ = ဖြစ်ပါသည် ဘုရား။

http:\\www.dhammadownload.com



ငှက်ဆင်ကြီးက သားတစ်မှတ်ပြီး ပို့ဆောင်၍ ဒီနေရာ ရောက်လာပါသည် ဘုရားလို့ ပြောတယ် -

ဒီတော့ ပြန်ပြောတယ် ရသေ့က–ဩတရာဟိ = အောက်ဆင်း ခဲ့လော့။ မိဖုရားကြီးက ပြန်ပြောတယ် -

**ဇာတိသမ္ဘေဒတော ဘာယာမိ အယျ။**

အယျ= အရှင်ဘုရား။ ဇာတိသမ္ဘေဒတော = ဇာတ်တွေရောယှက် ခြင်းမှ။ ဘာယာမိ = ကြောက်ပါတယ်ဘုရား။

(သူတို့ အိန္ဒိယမှာကျတော့ ဇာတ်က တယ်ပြီးတော့ အရေးကြီး တယ်။)

အရှင်ဘုရား–တဲ့ ဇာတ်ချင်း ရောကုန်မှာ ကြောက်တယ်ဘုရား။

တစ်ခါ မေးပြန်တယ်။ အလ္လကပ္ပ ရသေ့က -

"ကာသိ တွံ" တွံ = သင်သည်။ ကာ = အဘယ်ဇာတ်ရှိသူသည်။ အသိ = ဖြစ်သနည်း။

မိဖုရားကြီးက ပြန်ဖြေတယ်– "ခတ္တိယာမှိ"။ အဟံ= တပည့် တော်မသည်။ ခတ္တိယာ = ခတ္တိယဇာတ် ရှိသူသည်။ အမှိ = ဖြစ်ပါ သည် ဘုရား။ တပည့်တော်မ ချတ္တရီးယား၊

ဒီတော့ အလ္လကပ္ပ ရသေ့ကြီးက - "အဟမ္ပိ ခတ္တိယော ယေဝ" အဟမ္ပိ=ငါလည်းပဲ။ ခတ္တိယောယေဝ = ချတ္တရီးယားဇာတ် ရှိတဲ့သူပါပဲ။ ငါလဲပဲ ချတ္တရီးယားပဲ။

(သူတို့ အိန္ဒိယမှာတော့ ချတ္တရီးယားတို့၊ ဗရာမင်တို့၊ ဝိုက်ရှားတို့၊ သုဒ္ဒတို့ဆိုပြီး ဇာတ်ရှိတယ်)။

ငါလည်း ချတ္တရီးယားပဲ။ သင်လည်း ချတ္တရီးယားပဲ။ ဘာဇာတ် ရောမှာ ကြောက်စရာရှိတုန်း။ ဒီလိုပြောတယ်။ ဒီတော့ သူက ချတ္တ ရီးယားပဲလို့ ဆိုတော့ မိဖုရားကြီးက ပြန်ပြောတယ် -

http:\\www.dhammadownload.com



**တေန ဟိ ခတ္တိယမာယံ ကထေဟိ။**

တေနဟိ = သို့တပြီးကား။ ထိုသို့ ခတ္တိယ ရှိသူမှန်လျှင်။ ခတ္တိယမာယံ = မင်းတို့ရဲ့မာယာကို။ ကထေဟိ = ပြောပြစမ်းပါ- ဆိုတော့ သူတို့ ခတ္တိယမာယာဆိုဘာ စာပေနဲ့ ရှိတယ်။ အဲဒီရှိတဲ့ စာပေလာအတိုင်း ခတ္တိယမာယာ ပြောပြတော့မှ သူတော့ ခတ္တိယ အစစ်ပဲ။ ငါ့နဲ့ မျိုးဇာတ်တူတဲ့ ပုဂ္ဂိုလ်ပဲလို့ သဘောကျပြီးတော့ -

**တေနဟိ အာရုယှ ပုတ္တံ မေ ဩတာရေဟိ။**

တေနဟိ = သို့တပြီးကား။ အာရုယှ = ညှော်ညောင်ပင်ပေါ်သို့ တက်ရောက်၍။ မေ =အကျွန်ုပ်၏။ ပုတ္တံ = သားကို။ ဩတာရေဟိ= ချပေးပါ။

ဒီတော့မှ အလ္လကပ္ပ ရသေ့ကြီး သစ်ပင်တစ်ဘက်ကနေပြီး တက်စရာ ရင်းထောင်များလုပ် ညောင်ပင်ပေါ်တက်လို့ မင်းသားကို ပွေ့ချီတဲ့ အခါကျတော့ မိဖုရားကြီးက ဘာပြောသလဲ -

**မာ မံ ဟတ္ထေန ဆုပိ။**

မံ = အကျွန်ုပ်ကို။ ဟတ္ထေန = လက်ဖြင့်။ မာ ဆုပိ = မတို့ မထိပါနဲ့ ဘုရား။ တို့ထိယင် အရှင်ဘုရား သီလပျက်စီးမှာစိုးလို့ ငါ့ကို မတို့နဲ့ ဆိုတာပေါ့လေ။ ဟန်ကြီးလွန်းလို့ မဟုတ်ဘူး။ အရှင် ဘုရား တွေ့ကိုလိရှိယင် အရှင်ဘုရားတို့ရဲ့ ရသေ့၊ ရဟန်း သီလ ပျက်စီးမှာစိုးလို့ ငါ့ပြည့်တော်မကို လက်နဲ့ မတို့နဲ့ ဘုရားလို့ ဆိုပြီး တော့ စောင့်ထိန်းတယ်။

ရသေ့က မင်းသားကို ချီပြီးတော့ ရင်းထောင်လှေကားက ဆင်းပြီးတော့ နောက်မှ မိဖုရားက ညောင်ပင်ပေါ်က ဆင်းတယ်။ ရသေ့ကြီးက ဟရိတသေ သားအမိနှစ်ယောက်ကို သင်္ခမ်းကျောင်း ခေါ်ဆောင်သွားတယ်။ သူခါတိုင်း သစ်သီးကြီးငယ်နဲ့ မျှတပေမယ်လို့

http:\\www.dhammadownload.com



ပလိဗောဓ ဖြစ်ပြီးတော့ **သားအမိနှစ်ယောက်ကို** သခ်မ်းကျောင်းမှာ အပူအအေး မနှိပ်စက်အောင် ထားပြီးတော့ (မစုတ်တဲ့ပျားရည်တွေ ရှိတယ်၊ ဟိမဝန္တာကျတော့ အဲဒီ) မစုတ်တဲ့ ပျားရည်တွေ သွားပြီး တော့ယူ။ တောထဲမှာ ပေါက်နေတဲ့ သလေးနီစပါးတွေ ကိုယ်တိုင် သွားခပ်။ ပလိဗောဓဖြစ်လို့။ ဒါကို ကျောက်နဲ့ ဘာနဲ့ ကြိတ်ပြီးတော့ ယာဂုကျို၊ ကျိုပြီးတော့ သားအမိနှစ်ယောက်ကို တိုက်တယ်။ မွေးမြူတယ်။ ရိုရိုသေသေ မွေးမြူတယ်။

မွေးမြူလို့ ဥတေနမင်းသားလေး တစ်လ၊ နှစ်လ၊ သုံးလ လောက်ရောက်တော့ မိဖုရားကြီးက စဉ်းစားတယ်။ ဘယ်လိုလဲ -

**အဟံ နေဝ အာဂတမဂ္ဂံ ဇာနာမိ၊ န ဂမနမဂ္ဂံ ဇာနာမိ။**

အဟံ = ငါသည်၊ အာဂတမဂ္ဂံ = လာခဲ့ရတဲ့ ခရီးကို။ နေဝ ဇာနာမိ = မသိဘူး။ **ဂမနမဂ္ဂံ = သွားရမယ့်ခရီးကို။** န ဇာနာမိ= မသိဘူး။

ငါလာခဲ့တဲ့ ခရီးလည်း မသိဘူး။ သွားရမယ့် ခရီးလည်း မသိဘူး။ ငါဘယ်ကလာလို့ ဘယ်သွားရမှန်း မသိဘူး။

**တ္ဝမိနာပိ မေ သဒ္ဓိံ ဝိဿာသမတ္တမ္ပိ နတ္ထိ။**

တ္ဝမိနာပိ = ဤရသေ့နှင့်လည်း။ သဒ္ဓိံ = တကွ။ မေ = ငါ့ အဖို့ရာ။ ဝိဿာသမတ္တမ္ပိ = အကျွမ်းတဝင် ခင်မင်ရင်းနှီးခြင်းမျှလည်း။ နတ္ထိ = မရှိ။

ဤရသေ့သူမြတ်နဲ့ ငါနဲ့လည်း အကျွမ်းတဝင် ခင်မင်ရင်းနှီးမှု မရှိဘူး။

**သစေ ပနာယံ အမှေ ပဟာယ ကတ္ထစိ ဂမိဿတိ။**

အယံ = ဤရှင်ရသေ့သည်။ အမှေ = ငါတို့ သားအမိနှစ်ယောက် ကို။ ပဟာယ=စွန့်၍။ ကတ္ထစိ=တစ်စုံတစ်ခုသော အရပ်သို့။ သစေ ဂမိဿတိ = အကယ်၍ သွားငြားအံ့။

http:\\www.dhammadownload.com



**ဥဘောပိ မယံ ဣဓေဝ မရဏံ ပါပုဏိဿာမ။**

မယံ ဥဘောပိ = တို့သားအမိ နှစ်ယောက်စလုံးပင်လျှင်။ ဣဓေဝ= ဤတောကြီးမျက်မဲ သခ်မ်းကျောင်းထဲမှာပင်လျှင်။ မရဏံ = စုတိပြတ်ကြွေသေရခြင်းသို့။ ပါပုဏိဿာမ = ရောက်ကြရပေလိမ့်မယ်။

အကယ်၍များ ဒီရှင်ရသေ့က တို့သားအမိနှစ်ယောက်ကို စွန့်ပြီးတော့ အမှတ်မထင် အရပ်တစ်ပါးများ ပစ်သွားယင်ဖြင့် တို့သားအမိနှစ်ယောက် ဘယ်သွားရ ဘယ်လာရမှန်း မသိဘဲနဲ့ ဟောဒီတောကြီးမျက်မဲ ဒီသခ်မ်းကျောင်းထဲမှာပင် တို့သားအမိနှစ်ယောက်သေကြရလိမ့်မယ်။

**ယံကိဉ္စိ ကတွာ ဣမဿ သီလံ ဘိန္ဒိတွာ ယထာ မံ န မုဉ္စတိ၊ တထာ တံ ကာတုံ ဝဋ္ဋတိ။**

ယံကိဉ္စိ= တစ်စုံတစ်ခုသော အမျိုးသမီး မာယာကို။ ကတွာ= ပြုလုပ်၍။ ဣမဿ = ဤရသေ့၏။ သီလံ = သီလကို။ ဘိန္ဒိတွာ= ပျက်စီးအောင် ပြုလုပ်ပြီး။ ယထာ = အကြင်အခြင်းဖြင့် ပြုသည်ရှိသော်။ မံ = ငါ့ကို။ န မုဉ္စတိ = စွန့်လွှတ်၍ မသွားနိုင်။ တထာ =ထိုသို့သော အခြင်းအရာဖြင့်။ တံ=ထိုရသေ့ကို။ ကာတုံ=ပြုခြင်းငှာ။ ဝဋ္ဋတိ = သင့်၏။

အသက်ဘေး တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ ဆိုသလို တွေ့လာတော့ သူပူပင်မှာပ။ ဩော် ---ငါလာခဲ့တဲ့လမ်းလည်း မသိဘူး။ ပြန်ရမယ့်လမ်းလည်း ငါမသိဘူး။ ငါက "ကျွန်ုပ်ကိုလက်နဲ့မှ မကိုင်နဲ့"လို့ ပြောထားတာနဲ့ ဒီရှင်ရသေ့ကြီးကလည်း ငါ့ကိုလက်နဲ့မှ မတို့ဘဲနဲ့ အကျွမ်းတဝင် ခင်မင်မှုမှ မပြုရှာဘူး၊ စည်းကမ်း စောင့်ထိန်းရှာတယ်။ ဒါပေမယ့် အကယ်၍များ ဒီရှင်

http:\\www.dhammadownload.com



ရသေ့ကြီး တို့သားအမိနှစ်ယောက်ကို စွန့်ပစ်ပြီးတော့များ အရပ်တစ်ပါး သွားလို့ရှိယင်ဖြင့် သားအမိနှစ်ယောက်စလုံး ဒီတောထဲမှာပဲ သေကြရ လိမ့်မယ်။ ဒီတော့ တစ်စုံတစ်ခု ပြုလို့ ဤရသေ့သူမြတ်ရဲ့ သီလပျက်ပြီ ဆိုတော့မှ ငါ့ကို စွန့်လွှတ်၍ မသွားနိုင်အောင်ပြုမှ တော်တော့မယ်။ အကြံပြုပြီးတော့ စဉ်းစားမိပြီး၊ ဒုန္နိဝတ္ထတဲ့။ အဝတ်များ ရှော့ရဲရဲဝတ်ခြင်း စသည့် ရသေ့သူမြတ် သီလပျက်အောင် ပြုလုပ်ပြီးတော့၊ သမဂ္ဂဝါသ = တောထဲမှာ အတူတကွ အညီအညွတ် နေကြတယ်။

## ပုရန္တပ္ပမင်း နတ်ရွာစံခြင်း

နေလို့ - ဆိုကြပါစို့ - သုံးဦးသား တောထဲမှာ တညီတညွတ် တည်း နေကြလို့ ကာလလေး အတန်ကြာတော့ အလ္လကပ္ပရသေ့က ကောင်းကင်မော့ပြီး နက္ခတ်ကြည့်တဲ့အခါ ကောသမ္ဗီပြည်ဆိုင်ရာ နက္ခတ်ညှိုးတာ မြင်တော့ အလ္လကပ္ပ ရသေ့ကြီးက -

**ဘဒ္ဒေ ကောသမ္ဗိယံ ပုရန္တပ္ပရာဇာ မတော။**

ဘဒ္ဒေ = အဘယ်မိဖုရား။ ကောသမ္ဗိယံ = ကောသမ္ဗီပြည်၌။ ပုရန္တပ္ပရာဇာ = ပုရန္တပ္ပမင်းသည်။ မတော = နတ်ရွာစံခဲ့လေပြီ။

ရှင်မိဖုရား--ကောသမ္ဗီပြည်မှာ ပုရန္တပ္ပမင်း နတ်ရွာစံသွားပြီ။ အဲဒီလို ဆိုတဲ့အခါ၊ မိဖုရားကြီးက -

**ကသ္မာ အယျ ဧဝံ ဝဒေသိ၊ ကိံ တေ တေန သဒ္ဓိံ အာဃာတော အတ္ထိ။**

အယျ= အရှင်ဘုရား။ ကသ္မာ = အဘယ်ကြောင့်။ ဧဝံ=ဤသို့။ ဝဒေသိ = ပြောလိုက်သလဲ။ တေ = အရှင်ဘုရားအား။ တေန = ထိုပုရန္တပ္ပမင်းနှင့်။ သဒ္ဓိံ = တကွ။ အာဃာတော = ရန်ငြိုးသည်။ အတ္ထိ ကိံ = ရှိသလား။

http:\\www.dhammadownload.com



အရှင် ဘယ်လို ပြောလိုက်တာလဲ။ အရှင်မှာ ပုရဏ္ဍပွမင်းနဲ့ တစ်စုံတစ်ခု ရန်ငြိုးများ ရှိခဲ့လို့လား။

**နတ္ထိ ဘန္တေ။**

ဘန္တေ = အဘယ်မိဖုရား။ နတ္ထိ = ရန်ငြိုးမရှိပါချေ။ မရှိဘဲနဲ့ ဘာပြုလို့ ပုရဏ္ဍပွမင်း နတ်ရွာစံပြီလို့ ပြောလိုက်တာလဲ။

**နက္ခတ္တမိလာယန မဿ ဒိသွာ ဧဝံ ဝဒါမိ။**

အဿ = ထိုပုရဏ္ဍပွမင်း၏ (ဝါ) ပုရဏ္ဍပွမင်းနှင့် ဆိုင်ရာ။ နက္ခတ္တမိလာယနံ = ကောသမ္ဗီပြည်စွဲ နက္ခတ်ညှိုးချိန်ကို။ ဒိသွာ = မြင်ရ၍။ ဧဝံ = ဤသို့။ ပုရဏ္ဍပွမင်း နတ်ရွာစံပြီလို့။ ဝဒါမိ = ငါပြောလိုက်တာပါ။

ဘာမှ သူနဲ့ ငါနဲ့ ရန်ငြိုးမရှိပါဘူးတဲ့။ ဟောဒီ ကော်င်းကင်မှာ နက္ခတ်ကြည့်လိုက်တဲ့ အခါကျတော့ ပုရဏ္ဍပွမင်းနဲ့ဆိုင်ရာ ကောသမ္ဗီ ပြည် နက္ခတ်ဟာ ညှိုးလို့ပုရဏ္ဍပွမင်း နတ်ရွာစံတယ်လို့ ငါပြောလိုက် တာပါ။

ဒီတော့ မိဖုရားကြီးက သည်းစွာ ဟစ်အော်ငိုလိုက်တယ်။ ချုံးချပြီး ငိုတယ်။ မသိဘူး အဲဒီထိအောင် အလ္လကပ္ပ ရသေ့ကြီးက။

**ကသ္မာ ရောဒသိ။**

ဘန္တေ=အဘယ်မိဖုရား။ ကသ္မာ = အဘယ်ကြောင့်။ ရောဒသိ = ငိုကြွေးရသလဲ။ အရှင်မိဖုရား ဘာပြုလို့ ငိုရသလဲ။ ပုရဏ္ဍပွမင်း နတ်ရွာစံတာနဲ့ ဘာဆိုင်လို့လဲ။ ဆိုတော့မှ မိဖုရားက သူဟာ ကောသမ္ဗီပြည် ပုရဏ္ဍပွမင်းရဲ့ မိဖုရားဖြစ်တဲ့အကြောင်း ငှက်ဆင် ချီလာတဲ့အကြောင်း ပြန်ပြောတော့မှ– အလ္လကပ္ပရသေ့ကြီးက တရား ချတယ် –

**မာ ဘန္တေ ရောဒိ။**

http:\\www.dhammadownload.com



ဘဒ္ဒေ = အဘယ်မိဖုရား။ မာ ရောဒိ = မငိုကြွေးပါနှင့်။

**ဇာတဿ နာမ နိယတော မစ္စု။**

ဇာတဿ နာမ = လူ့ရယ်လို့ ဖြစ်လာတဲ့ သတ္တဝါမည်သူအား။ မစ္စု = သေရခြင်းသည်။ နိယတော = မြဲ၏။

ရှင်မိဖုရားရယ် မငိုပါနဲ့။ ဖြစ်တိုင်းဖြစ်တိုင်းသော သတ္တဝါတွေဟာ သေရမြဲ ဓမ္မတာပါလို့ တရားပြတယ်။

မိဖုရားကြီးက ဘာပြန်ပြောသလဲဆိုတော့ –

**ဇာနာမိ အယျ။**

အယျ=အရှင်။ ဇာနာမိ=သတ္တဝါတိုင်း သေရမှာကို သိပါရဲ့။ သတ္တဝါတိုင်း သေရမယ်ဆိုတာ သိပါတယ်အရှင်––တဲ့။

ဒီတော့ ပြန်မေးတယ်––အလ္လကပ္ပက––

**အထ ကသ္မာ ရောဒသိ။**

အထ=ထိုသို့သိပါလျက်။ ကသ္မာ = အဘယ်ကြောင့်။ ရောဒသိ = ငိုကြွေးရသလဲ။ ဒီတော့ မိဖုရားက ပြန်ပြောတယ် –

**ပုတ္တော မေ ကုလသန္တကဿ ရဇ္ဇဿ အနုစ္ဆဝိကော။**

မေ = ကျွန်တော်မ၏။ ပုတ္တော = သားသည်။ ကုလသန္တကဿ = ခမည်းတော်၏ အရိုက်အရာဖြစ်သော။ ရဇ္ဇဿ = ကောသမ္ဗီမင်းအဖြစ်အား။ အနုစ္ဆဝိကော = လျောက်ပတ်နေပြီ။

ကျုပ်သားလေးဟာ ဆယ့်ခြောက်နှစ်။ ခမည်းတော်ရဲ့ အရိုက်အရာဖြစ်တဲ့ ကောသမ္ဗီမင်း အဖြစ်အား သင့်လျော် လျောက်ပတ်နေပြီ––တဲ့။

**သစေ တတြ အဘဝိဿ၊ သေတစ္ဆတ္တံ ဥဿာပယိဿ။**

မမ ပုတ္တော= ကျွန်တော်မရဲ့ သားသည်။ တတြ =ထိုကောသမ္ဗီပြည်၌။ သစေ အဘဝိဿ = အကယ်၍ ဖြစ်ငြားအံ့။ သေတစ္ဆတ္တံ = ထီးဖြူကို။ ဥဿာပယိဿ = ဆောင်းလေရာပြီ။

http:\\www.dhammadownload.com



ကျွန်တော်မသားကလေး အကယ်၍များ ကောသမ္ဗီပြည်မှာ နေရလို့ရှိယင်ဖြင့် ထီးဖြူစိုက်ဆောက်ပြီးတော့ မင်းမြောက်ကြမှာ၊

ဣဒါနိ ပန = ယခုမှာတော့။ မဟာဇာနိကော = ကြီးစွာသော ဆုံးရှုံးခြင်းသည်။ ဇာတော ဝတ = ဖြစ်လေစွတကား။ ဣတိ=ဤသို့ အောက်မေ့၍။ ရောဒါမိ = ငိုကြွေးပါ၏ အရှင်--လို့။

အဲဒီလို မိဖုရားကြီးက ပြောတဲ့အခါ –

**ဟောတု ဘဒ္ဒေ။**

ဘဒ္ဒေ = အရှင်မိဖုရား။ ဟောတု = ရှိပါစေ။ အရှင်မိဖုရား ရှိပါစေ။ မာ စိန္တယိ=ထွေရာလေးပါး စိတ်အကြံတွေများပြီး ပူဆွေး မနေပါနဲ့။

ရှိပါစေ၊ အရှင်မိဖုရား။ စိတ်အကြံများ ပြီးတော့ ပူဆွေး မနေပါနဲ့။

## ဥတေနအား ဟတ္ထိကန္တမန္တန် သင်ကြားပေးခြင်း

**သစဿ ရဇ္ဇံ ပတ္တေသိ၊ အဟမဿ ရဇ္ဇလာဘနာကာရံ ကရိဿာမိ။**

တွံ=သင်မိဖုရားသည်။ သစေ=အကယ်၍။ အဿ= ထိုသင့်သား အတွက်။ ရဇ္ဇံ=မင်းအဖြစ်ကို။ ပတ္ထေသိ=တောင့်တငြားအံ့။ အဟံ= ငါသည်။ အဿ = ထိုဥတေနမင်းသား၏။ ရဇ္ဇလာဘနာကာရံ = မင်းအဖြစ်ကို ရနိုင်တဲ့ အခြင်းအရာကို။ ကရိဿာမိ =ပြုပေးပါမယ်။

ရှိပါစေရှင် မိဖုရား။ ထွေရာလေးပါး အကြံများမနေနဲ့။ ရှင်မိဖုရား သားတော်ကို မင်းအဖြစ် ရယူလိုသပဆိုလျှင်၊ အဲဒီသားတော် မင်းအဖြစ်ရမယ့် ဥပါယ်တမြည်ကို ငါလုပ်ပေးပါ့မယ်။ ဆိုပြီးတော့။ ဥတေနမင်းသားကိုခေါ်။ စောစောက ပြောတဲ့ ဆင်ချစ်တဲ့ စောင်းကို

http:\\www.dhammadownload.com



အပ်။ မန္တန်သုံးပုဒ်။ ဆင်ကြောက်တာက နှစ်ပုဒ်။ ဆင်ချစ်တာက တစ်ပုဒ်။ မန္တန်သုံးပုဒ်ကို ဥတေနမင်းသားအား သင်ပေးတယ်။ ရပြီဆိုတော့မှ ရသေ့ကြီးက ဘာပြောလဲ -

**ဟတ္ထိသု အနာဂတေသု ရုက္ခံ အဘိရုဟိတွာ တေသု အာဂတေသု ဣမံ မန္တံ ဝတွာ ဣမံ တန္တိံ ပဟရ။**

အဲဒီတော့ အဲဒီအချိန်မှာ ဒီညောင်ပင်ကြီးရဲ့ အနီးအပါးမှာ ဆင်တွေ ကျက်စားပြီးတော့ နေတယ်။ နေပူတဲ့အခါကျတော့ ညောင်ပင်ကြီးအောက် လာလာပြီးတော့ ဆင်တွေ ခိုကြတယ်။ ဒါကို သိလို့ အလ္လကပ္ပ ရသေ့ကြီးက -

တာတ = ချစ်သား။ ဟတ္ထိသု အနာဂတေသု ယေဝ=ဆင်တွေ မလာကြကုန်စဉ်ပင်။ ရုက္ခံ = ညောင်ပင်ပေါ်သို့။ အဘိရုဟိတွာ = သင်ချစ်သားတက်၍။ တေသု = ထိုဆင်တို့သည်။ အာဂတေသု = ညောင်ပင်အောက် လာရောက်ကြကုန်သည် ရှိသော်။ ဣမံ တန္တိံ ပဟရ = ဟောဒီစောင်းညို့ကို ချစ်သားတီးပေးလိုက်တဲ့။

သဗ္ဗေ = အလုံးစုံသော ဆင်တို့သည်။ နိဝတ္တိတွာ =ပြန်နစ်၍။ ဩလောကေတုမ္ပိ = ကြည့်ရှုခြင်းငှာလည်း။ အသက္ကောန္တာ =မစွမ်းနိုင် ကြကုန်ပဲ။ ပလာယိဿန္တိ = ပြေးကြလိမ့်မယ်။

အထ = ထိုသို့ ဆင်တွေ ပြေးသွားပြီးသော နောက်အခါ၌။ ဩတရိတွာ = ညောင်ပင်မှ သက်ဆင်း၍။ အာဂစ္ဆေယျာသိ=သခ်မ်းကျောင်းသို့ ပြန်လာခဲ့။

ပထမနော် - ချစ်သား--မန္တန်သုံးပုဒ်လည်း ရပြီ။ ဆင်တွေ မလာခင် ညောင်ပင်ကြီးပေါ် တက်။ ဆင်တွေ ညောင်ပင်အောက် ရောက်တော့ တစ်နံပါတ်မန္တန်ကို [illegible]ပြီးတော့ တစ်နံပါတ် ဒီစောင်းကြိုးကို တီးလိုက်။ ဒီစောင်းညို့ကို တီးလိုက်။ တီးယင်လေ သင်

http:\\www.dhammadownload.com



ချစ်သားကို ပြန်စောင်းမှ မကြည့်ဘဲနဲ့ ဆင်တွေတောက်လျှောက် တစ်ကြိုးတည်း ပြေးလိမ့်မယ်။ ထွက်ပြေးလိမ့်မယ်။ အဲဒီဆင်တွေပြေးမှ ချစ်သား ညောင်ပင်က ဆင်းပြီးတော့ ပြန်ခဲ့။

ကောင်းပြီဆိုပြီး ဥတေနမင်းသားက ဖခင်ရသေ့ကြီး မှာကြားတဲ့ အတိုင်း ညောင်ပင်ပေါ် ဆင်တွေ မလာခင်တက်။ ဆင်တွေ ညောင် ပင်အောက်ကို လာတဲ့အခါမှာ တစ်နံပါတ်မန္တန်ကို ရွတ်ပြီးတော့ တစ်နံပါတ် စောင်းညှို့ကိုတီးတော့ ပြောတဲ့အတိုင်း ဆင်တွေဟာ လှည့်တောင် မကြည့်ဘူး။ တောက်လျှောက်ပြေးတယ်။

မှန်တာပဲဆိုပြီးတော့ သခ်မ်းကျောင်း ပြန်လာတယ်။ မှန်တယ်- ဖခင်ကြီး။ အေး - ကောင်းပြီ။ နောက်တစ်နေ့လည်း ချစ်သား သွားအုန်း။ အဲ - နောက်တစ်နေ့ကျတော့ -

အဇ္ဇ=ယနေ့တော့။ ဣမံ မန္တံ ဝတွာ= ဤနှစ်နံပါတ် မန္တန်ကို ရွတ်ဆိုပြီးတော့။ ဣမံ တန္တိံ ပဟာရေယျာသိ = ဤနှစ်နံပါတ် စောင်းကြိုးကို တီးလော့။

အဲ--ဒီနေ့တော့ ဒီနှစ်နံပါတ် မန္တန်နဲ့ နှစ်နံပါတ် စောင်းကြိုးကို တီး။ အဲဒီလိုတီးပြီး၊ မှန်ပြီဆိုလို့ရှိရင်။ သဗ္ဗေ = အလုံးစုံသော ဆင် တို့သည်။ နိဝတ္တိတွာ = နစ်၍။ ဩလောကေန္တာ = ကြည့်ရှုပြီးတော့။ ပလာယိဿန္တိ = ပြေးကြလိမ့်မယ်။

မှာတဲ့အတိုင်း ပြုလုပ်တယ်။ မှာတဲ့အတိုင်း ဖြစ်တယ်။ တတိယနေ့ကျတော့ ရှင်ရသေ့က -

"အဇ္ဇ = ယနေ့တော့။ ဣမံ မန္တံ ဝတွာ = ဤတတိယမန္တန်ကို ရွတ်ပြီးတော့။ ဣမံ တန္တိံ ပဟာရ=ဤတတိယစောင်းကြိုးကို ချစ်သားတီး။ ယူထပတိ =အုပ်ထိန်းဖြစ်တဲ့ ဆင်ကြီးသည်။ တေ =

http:\\www.dhammadownload.com



သင်ချစ်သားအား။ ပိဋ္ဌိ ဥပနာမေန္တာ အာဂမိဿတိ= ကျောက်ကုန်းကို ညွတ်ပြီးတော့ ချစ်သားရှိရာ လာလိမ့်မယ်။

ပြောတဲ့အတိုင်းလာတယ်။ ပြောတဲ့အတိုင်း ဥတေနမင်းသားက လုပ်တယ်။ ပြောတဲ့အတိုင်းမှန်တယ်။ မှန်ပြီ။ အားလုံး လက်တွေ့ပဲ။ မန္တန်နဲ့ စောင်းတန်ခိုး။ လက်တွေ့စမ်းပြီး ရသေ့ကြီး က မိဖုရားကြီးကို ပြောတယ် –

**ဘဒ္ဒေ ပုတ္တဿ တေ သာသနံ ဝဒေဟိ။ ဧတ္တော ဝ ဂန္တွာ ရဇ္ဇာ ဘဝိဿတိ။**

ဘဒ္ဒေ=အသင်မိဖုရားကြီး။ တေ= သင်မိဖုရားကြီး၏။ ပုတ္တဿ = သားအား။ သာသနံ = မှာလိုတဲ့ သတင်းစကားကို။ ဝဒေဟိ = ပြောဆိုမှာကြားလိုက်လော့။ ဧတ္တော ဝ = ဤတောကြီးထဲကပင်လျှင်။ ဂန္တွာ = သွား၍။ ရဇ္ဇာ = ကောသမ္ဗီမင်းသည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်မယ်။

ဒီကသွားပြီဆိုလျှင် တောက်လျှောက်ပဲ ကောသမ္ဗီပြည်မင်း အဖြစ်ကို ရလိမ့်မယ်။ အဲဒီတော့ သင့်သားကို သင် မှာလိုတဲ့ သတင်း စကားများ မှာလိုက်လို့ဆိုတော့ မိဖုရားကြီးက သားကို –

**တာတ တွံ ကောသမ္ဗိယံ ပူရန္တပ္ပရညော ပုတ္တော။**

တာတ = ချစ်သား။ တွံ = သင်သည်။ ကောသမ္ဗိယံ = ကောသမ္ဗီပြည်၌။ ပုရန္တပ္ပရညော = ပူရန္တပ္ပမင်းကြီးရဲ့။ ပုတ္တော =သားတည်း။

ချစ်သား – သင်သည် ကောသမ္ဗီပြည် ပူရန္တပ္ပမင်းကြီးရဲ့သား။ သင့်ခမည်းတော် ယခု နတ်ရွာလားပြီ။

မံ = ငါ့ကို။ သဂဗ္ဘံ = ချစ်သားတည်းဟူသော ကိုယ်ဝန်နှင့်တကွ။ ဟတ္ထိလိင်္ဂသကုဏော = ငှက်ဆင်သည်။ အာနေသိ = ဤတောထဲ ရောက်အောင် ဆောင်လာတာ။

http:\\www.dhammadownload.com



အခုချစ်သားရဲ့ ခမည်းတော် နတ်ရွာစံလို့ ခမည်းတော်ရဲ့ အရိုက်အရာ ကောသမ္ဗီထီးနန်းကို ချစ်သား သိမ်းမြန်းဖို့ သွားပေတော့။ အဲဒီမှာ ပုရောဟိတ် အမတ်ကြီးက ဘယ်သူတဲ့။ သက်တော်ရှည် အမတ်ကြီးက ဘယ်သူတဲ့။ မြို့ဝန်က ဘယ်သူတဲ့။ တံခါးမိုလ်၊ တံခါးမှူးက ဘယ်သူတဲ့။ အမည်တွေ အကုန်ပြောပြတယ်။ မှတ်သွား။ အဲဒါတွေ အကုန်ပြောလို့မှ ချစ်သားကို မယုံကြည်ဘူးဆိုယင်၊ ဟောဒီ ကမ္ဗလာအနီကြီး ခမည်းတော်ခြုံတဲ့ ကမ္ဗလာအနီ၊ ဟောဒီမှာ လက်စွပ်၊ ခမည်းတော်ရဲ့လက်စွပ်။

အသဒ္ဒဟန္တာနံ = မြို့ဝန်၊ မှူးမတ်၊ ပုရောဟိတ်၊ တံခါးမှူး၊ တံခါးမိုလ် စသည်တို့ အမည်ကို ပြောလို့မှ မယုံကြည်ကြသေးတဲ့ တိုင်းသူပြည်သား လူအများတို့အား။ ပိတု = မောင့်ခမည်းတော်၏။ ဣမံ ပါရုပနကမ္ဗလဉ္စ = ဤခြုံနေကျဖြစ်တဲ့ ကမ္ဗလာ ကတ္တီပါ ခြုံထည်ကြီးကို လည်းကောင်း၊ ဣမံ ပိလန္ဓနမုဒ္ဒိကဉ္စ = ဒီလက်မှာ ဝတ်ဆင်နေကျဖြစ်တဲ့ လက်စွပ်ကိုလည်းကောင်း။ ဒဿေယျာသိ = ပြလော့။

ဆိုပြီးတော့ လက်စွပ်ရော၊ ကတ္တီပါ အနီခြုံထည်ကြီးကိုရော သားအားပေးလိုက်တယ်။

## ဥတေနမင်းသား အလ္လကပ္ပဘုရင်ဖြစ်ခြင်း

ဒီတော့မှ ဥတေနမင်းသားက အလ္လကပ္ပရသေ့ကြီးကို မေးတယ်--

ဣဒါနိ ကိံ ကရောမိ။

ဣဒါနိ = ယခုအခါ၌။ ကိံ ကရောမိ = ကျွန်ုပ်သားတော် ဘယ်လို ပြုရမလဲ။ အခု ဘယ်လိုလုပ်ရမလဲ။

ဒီတော့ ရသေ့ကြီးက ပြန်ပြီးတော့ အကြံပေးတယ်။

http:\\www.dhammadownload.com



တာတ = ချစ်သား။ တွံ = သင်သည်။ ရက္ခသ=သစ်ပင်၏။ ဟေဋ္ဌိမသာခါယ = အောက်ဆုံးဖြစ်သော အကိုင်း၌။ နိသီဒိတွာ = နိသီဒါဟိ = ထိုင်နေလော့။ နိသီဒိတွာ=ထိုင်နေ၍။ ဣမံ မန္တံ ဝတွာ ဣမံ တန္တိံ ဖဟာရ = **ဟောဒီသုံးနံ့ပါတ် မန္တန်ကို ရွတ်၍ သုံးနံ့ပါတ် စောင်းညို့ကို ချစ်သားတီးလိုက်လော့။**

**ဇေဋ္ဌကဟတ္ထီ တေ ပိဋ္ဌိ ဥပနာမေတွာ ဥပသင်္ကမိဿတိ။**

တေ = သင်ချစ်သား၏ အထံသို့။ ဇေဋ္ဌကဟတ္ထိ =အကြီးအမှူးဖြစ်သော ဆင်ကြီးသည်။ ပိဋ္ဌိ ဥပနာမေတွာ=ကျောက်ကုန်းကိုညွတ်၍။ ဥပသင်္ကမိဿတိ = လာလိမ့်မယ်။

အဲ – သုံးနံ့ပါတ် မန္တန်ရွတ်၊ စောင်းညို့ကို ချစ်သားတီးလိုက်။ တီးရင် ဆင်ကြီးလာလိမ့်မယ်။

တွံ=သင်သည်။ တဿပိဋ္ဌိယံ = ထိုဆင်မင်း၏ ကျောက်ကုန်း၌။ နိသိန္နော၀ =ထိုင်လျက်သာလျှင်။ ရဇ္ဇံ = ကောသမ္ဗီပြည်သို့။ ဂန္တွာ= သွားရောက်၍။ ရဇ္ဇံ = ကောသမ္ဗီမင်းအဖြစ်ကို။ ဂဏှာဟိ=ယူလေလော့။

ဘာမှ မကြောက်ပါနဲ့ ငါ့သား။ ချစ်သားဆီလာမည့် ဆင်ကို ကောသမ္ဗီပြည်က စစ်ဆင်တွေ တစ်ကောင်မှ ကပ်ဝံ့မှာ မဟုတ်ဘူး။ ဒီတော့ ဟောဒီ ဆင်ချစ်တဲ့စောင်း။ ဆင်ချစ်တဲ့ မန္တန်သုံးပုဒ်ကို ချစ်သားယူသွား။

တစ်ခါတည်း ရသေ့ကြီး မှာလိုက်တဲ့အတိုင်း ညောင်ပင်ပေါ် အောက်ဆုံးအကိုင်းကထိုင်။ သုံးနံ့ပါတ် မန္တန်ရွတ်၊ သုံးနံ့ပါတ် စောင်းညို့ကိုတီး။ ဆင်မင်းလာ၍ ညောင်ပင်အောက်က အသင့်ခံတဲ့ အခါကျမှ ဆင်ကျောက်ကုန်းကို စီး၍၊ ဆင်ကြီးရဲ့ နားရင်းနား ကပ်ပြီးတော့ ဘာပြောသလဲ

**အဟံ ကောသမ္ဗိယံ ပုရန္တပဿရညော ပုတ္တော။**

http:\\www.dhammadownload.com



သာမိ= အရှင်ဆင်မင်း။ အဟံ = အကျွန်ုပ်ကား။ ကောသမ္ဗိယံ = ကောသမ္ဗိပြည်၌။ ပူရန္တပ္ပရညော = ပူရန္တပ္ပမင်းကြီး၏။ ပုတ္တော = သားပါ။

အရှင်ဆင်မင်း။ အကျွန်ုပ်သည် ကောသမ္ဗိပြည် ပူရန္တပ္ပမင်းကြီးရဲ့ သားပါ။

**ပေတ္တိကံ မေ ရဇ္ဇံ ဂဏှိတွာ ဒေဟိ သာမိ။**

သာမိ = အိုအရှင်ဆင်မင်း။ မေ = အကျွန်ုပ်အား။ ပေတ္တိကံ= အဖ၏ အမွေဖြစ်သော။ ရဇ္ဇံ = ကောသမ္ဗိ မင်းအဖြစ်ကို။ ဂဏှိတွာ = မရအရယူ၍။ ဒေဟိ = ပေးပါလော့။

အိုဆင်မင်း၊ အကျွန်ုပ်၏ အဖအမွေဖြစ်သော မင်းအဖြစ်ကို မရရအောင် ယူပေးပါလို့ နားရင်းကပ်ပြီးတော့ ပြောတယ်။

အဲဒီတော့ – ဒီဆင်မင်းဆိုတဲ့ ဆင်ကြီးက –

**အနေကာနိ ဟတ္ထသဟဿာနိ သန္နိပတန္တု။**

အနေကာနိ ဟတ္ထိသဟဿာနိ= ထောင်ပေါင်းများစွာ ဆင်တို့ သည်။ သန္နိပတန္တု = စည်းဝေးကြကုန်စေ။

ဒီအဓိပ္ပာယ်နဲ့ ပထမမြည်လိုက်တယ်။ ဟစ်လိုက်တယ်။ ဟာ- ဒီဟိမဝန္တာမှာရှိတဲ့ ဆင်တွေ အကုန်လုံးရောက်လာတယ်။ ဒီညောင်ပင် ကြီးနား ရောက်တော့မှ ဒီဆင်ကြီးက ဒုတိယ –

**ဇိဏ္ဏာ ဟတ္ထိ ပဋိက္ကမန္တု။**

ဇိဏ္ဏာ= အိုမင်းကုန်သော။ ဟတ္ထိ = ဆင်တို့သည်။ ပဋိက္ကမန္တု= ပြန်၍သွားကြကုန်။ ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဒုတိယမြို တစ်ခါ ဟစ်ပြန်တယ်။ ဆင်အိုတွေ ပြန်သွားတယ်။

အင်း – တတိယ အတိတရုဏာ ဟတ္ထိ နိဝတ္တန္တု =အလွန်ငယ် တဲ့ ဆင်တွေပြန်ကြ။ အဲဒီ အဓိပ္ပာယ်နဲ့။ အဲ့ဒီဘာသာနဲ့ ဆင်မင်းက

http:\\www.dhammadownload.com



ရှုတ်တော့ ဆင်ငယ်လေးတွေဟာ အကုန်လုံး ပြန်သွားရတယ်။ တကယ့် ပေါက်သားဆိုတဲ့ အားကောင်းမောင်းသန် ဆင်တွေနဲ့ မင်းသားက တစ်ယောက်တည်းပဲ။ ဆင်တပ်ကြီးနဲ့ သွားတယ်။ ပစ္စန္တ ရစ်သွားတယ်။ တိုင်းစွန်ပြည်နားသွားပြီးတော့ ဗိုလ်ပါ စည်းရုံးတယ်။

**အဟံ ရညော ပုတ္တော။**

အဟံ = ငါတမှုကား။ ရညော = ပူရန္တပ္ပမင်း၏။ ပုတ္တော= သားတည်း။

**သမ္ပတ္တိံ ပတ္ထယမာနာ မယာ သဒ္ဓိံ အာဂစ္ဆန္တု။**

သမ္ပတ္တိံ = စည်းစိမ်ကို။ ပတ္ထယမာနာ = တောင့်တလင့်ဆို အလိုရှိကြတဲ့ သူတို့သည်။ မယာ သဒ္ဓိံ အာဂစ္ဆန္တု = ငါနဲ့အတူတကွ လိုက်ပါကြကုန်။

အံ့သြစရာ။ မင်းသားလေးက တစ်ယောက်တည်း။ ဆင်တပ်ကြီး က နည်းတာမဟုတ်ဘူး။ အဲဒီ ပစ္စန္တ ရစ်က လူတွေသွားပြီး စုရုံး တော့၊ သူ့နောက်က တစ်ခါတည်း ထွက်ပြီးတော့ ပစ္စန္တ ရစ်က လူတွေလိုက်လာတယ်။ ဆင်တွေ **ကိုယ်စီစီးလျက်၊ ဆင်တပ်ကြီးနဲ့၊** ကောသမ္ဗီပြည်ကို ဝိုင်းအုံပြီးတော့ မြို့ပြင်ဘက်ကနေပြီး **ရာဇာသံ** ပေးတယ်။

**ယုဒ္ဓံ ဝါ မေ ဒေတု ရဇ္ဇံ ဝါ။**

တိုတိုပဲ သူ့ရာဇသံက --

မေ = ငါ့အား။ ယုဒ္ဓံဝါ = စစ်ထိုးခြင်းကိုမူလည်း။ ဒေတု= ပေးလော့။ ဝါ - သို့မဟုတ်။ ရဇ္ဇံ = မင်းအဖြစ်ကို။ ဒေတု=ပေးလော့။

စစ်ထိုးခြင်းကိုသော် လည်းကောင်း၊ သို့မဟုတ် တိုင်းပြည် ကိုသော် လည်းကောင်းပေး။ စာတိုတို နှစ်ကြောင်းပဲ ရေးတယ်။

http:\\www.dhammadownload.com



ဒီတော့ မြို့ထဲက တာဝန်ရှိငဲ့ မှူးမတ်တွေက ဘာပြန်ပြောသလဲ–

**မယံ ဒွေပိ န ဒဿာမိ။**

မယံ = ငါတို့သည်။ ဒွေပိ = စစ်ကိုလည်း မပေးနိုင်ဘူး။ တိုင်းပြည်ကိုလည်း မပေးနိုင်ဘူး။ စစ်လည်း မထိုးနိုင်ဘူး။ တိုင်းပြည်လည်း မအပ်နိုင်သေးဘူးတဲ့။ ပြန်ကြားလိုက်တယ်။ အကြောင်းကား–

**အမှာကဉ္စိ ဒေဝီ ဂရုဂဗ္ဘာ ဟတ္ထိလိင်္ဂ သကုဏေန နီတာ။**

ဟိ = အကြောင်းကား။ အမှာကံ = အကျွန်ုပ်တို့၏။ ဒေဝီ= မိဖုရားကို။ ဂရုဂဗ္ဘာ=ပတ္တမြား နှုတ်ငုံရှိစဉ်ကပင်။ ဟတ္ထိလိင်္ဂ သကုဏေန = ငှက်ဆင်သည်။ နီတာ = သုတ်ဆောင်အပ်ခဲ့ပါသည်။

အကြောင်းကား – အကျွန်ုပ်တို့ရဲ့ မိဖုရားကြီးကို ပတ္တမြား နှုတ်ငုံရှိတော်မူစဉ် ငှက်ဆင် သုတ်ချီအပ်ခဲ့ပါသည်။

**တဿာ အတ္ထိဘာဝံ ဝါ နတ္ထိဘာဝံ ဝါ မယံ န ဇာနာမ။**

တဿာ = ထိုမိဖုရားကြီး၏။ အတ္ထိဘာဝံ ဝါ = ရှိသေးသည်၏ အဖြစ်ကိုလည်းကောင်း၊ နတ္ထိဘာဝံ ဝါ =မရှိတော့သည်၏ အဖြစ်ကို လည်းကောင်း။ မယံ = အကျွန်ုပ်တို့သည်။ န ဇာနာမိ =မသိပါကုန်။

**ယာဝ တဿာ ပဝတ္တိံ န သုဏာမ။**

ယာဝ=အကြင်မျှလောက်။ တဿာ=ထိုမိဖုရားကြီး၏။ ပဝတ္တိံ= သတင်းစကားကို။ န သုဏာမ = မကြားကြကုန်သေး။

တာဝ = ထိုမျှလောက်။ ယုဒ္ဓံ = စစ်ထိုးခြင်းကို။ နေဝ ဒဿာ မ = မပေးနိုင်ကြပါကုန်။ ရဇ္ဇံ = တိုင်းပြည်ကိုလည်း။ န ဒဿာ မ = မအပ်နှင်းနိုင်ကြပါကုန်။

ဒီဘက်က ပြန်တာက အကြောင်းအကျိုး လုံလုံလောက်လောက် ပြန်တယ်။ ဥတေနမင်းဆီက လာတဲ့ သဝဏ်က "ကျွန်ုပ်အား စစ် ထိုးလိုမူ ထိုးကြ။ သို့မဟုတ် တိုင်းပြည်ကို အပ်ကြ ရာဇာသံက

http:\\www.dhammadownload.com



သူကတိုတယ်။ ဒီကပြန်တဲ့ သဝဏ်လွှာက ရှည်တယ်။ "ကျွန်ုပ်တို့သည် စစ်လည်း မထိုးနိုင်ကြဘူး။ တိုင်းပြည်ကိုလည်း မအပ်နိုင်ပါဘူး။ အကြောင်းကား - ကျွန်ုပ်တို့၏ မိဖုရားခေါင်ကြီး ပတ္တမြားနှုတ်ငုံ ရှိစဉ်ကပင် ငှက်ဆင်သုတ်ပြီး သွားအပ်ပါတယ်။ ထိုမိဖုရားခေါင်ကြီး အသက်ထင်ရှား ရှိမရှိကို အကျွန်ုပ်တို့ ကွဲကွဲပြားပြား မသိရသေးပါ။ မိဖုရားခေါင်ကြီးရဲ့ အသက်ရှိမရှိ သတင်းစကား မကြားရသေးမီ ကာလအတွင်း ကျွန်ုပ်တို့သည် စစ်လည်း မထိုးနိုင်။ တိုင်းပြည်ကိုလည်း မအပ်နိုင်။ မူးမတ်များပေါ့။ အောက်က စာပြန်လိုက်တယ်။ ဘာပြု လို့လဲ ဆိုတော့ -

**တဒါ ကိရ တံ ပဝေဏိရဇ္ဇံ အဟောသိ။**

အဲဒီတုန်းက ရာဇဝင် အစဉ်အဆက် ဆင်းသက်လာပြီးတော့ မင်းပြုရတာ။ ရာဇဝင် အစဉ်အဆက်အတိုင်း လာတာ။ ငါ လူစွမ်း ကောင်းပဲ။ ငါပြုနိုင်တယ်လို့ ဒီလို မင်းပြုရတဲ့ ထုံးတမ်း မရှိဘူးတဲ့။ ကွယ်လွန်တဲ့ မင်းတရားကြီးရဲ့ ထီးညွန့်နန်းလျာ သားတော် အစဉ် အဆက် မင်းပြုရတယ်။ အဲဒီလို ထုံးတမ်း ရှိသေးတဲ့အတွက် ယခုလို သဝဏ်လွှာ ပြန်ကြားတာ။

ဒီတော့ ဥတေနမင်းသားက -

**အဟံ တဿာ ပုတ္တော။ (သဝဏ်ပြန်လိုက်တယ်)**

အဟံ = အကျွန်ုပ်သည်။ တဿာ = ထိုမဟေသီကောသိနီ မိဖုရားကြီး၏။ ပုတ္တော = သားတည်း။

ကျွန်ုပ်သည် ကောသိနီ မိဖုရားကြီးရဲ့သားဖြစ်တယ်။ ကောသိနီ မိဖုရားကြီးရဲ့ သားဖြစ်ကြောင်း ဘာကို ထောက်ထားလို့ သိရမလဲ။

အဲအရှင်တို့မှာ ပုရောဟိတ်ရဲ့ အမည်ဘယ်သူ၊ မြို့ဝန်ရဲ့ နာမည်ကဘယ်သူ။ တံခါးဗိုလ်၊ တံခါးမှူးရဲ့ နာမည်က ဘယ်သူ၊ စစ်သူကြီးရဲ့ နာမည်က ဘယ်သူ။ အားလုံး ဟိုက ပြောပြတယ်။

http:\\www.dhammadownload.com



ဒါလောက်နဲ့လည်းပဲ ကျွန်တော်မျိုးတို့ မယုံနိုင်သေးဘူး။ ဒ်လို နာမည်မှတ်ပြီးတော့ ဒီလိုမင်းသားဆိုပြီး လုပ်ယင် ခက်ချေရဲ့ ဆိုတယ်။ မနေနိုင်တဲ့ အဆုံးကျတော့မှ မယ်တော်အပ်လိုက်တဲ့ ကတ္တီပါရုံ ခြုံတော်ကြီး။ ခမည်းတော်ဝတ်တဲ့ လက်စွပ် ဒီနှစ်ခု တင်ပြမှ– "ဟာ– ဒါ တို့အရှင်သားပဲ။ တို့ မိဖုရားခေါင်ကြီးရဲ့ သားပဲ။ တို့ အရှင်ရဲ့ သားပဲ"ဆိုပြီးတော့ တိုင်းသူပြည်သားတွေ ယုံမှားကင်းပြီး တံခါးဖွင့်ပေးတယ်။

တစ်ခါတည်း နန်းတင်။ တောက်လျှောက် ဘိသိက် မြှောက်ပြီး တော့ ဥတေနမင်းလို့ တွင်ကျယ်ခဲ့တယ်။ ဒါဥတေနမင်း အကြောင်းတဲ့။

*

http:\\www.dhammadownload.com



## ဃောသကသေဋ္ဌေးဝတ္ထု

ဃောသက သေဋ္ဌေးကြီးအကြောင်းက တစ်ရက်ဟောမကမျောပြီးနေလိမ့်မယ်။ နည်းနည်းလေးပဲတွင်တွင်။ ဟုတ်လား။ ဃောသက သေဋ္ဌေးကြီးအကြောင်း သွားကြအုန်းစို့။

## ဃောသကအလောင်း ကောတုဟလိက၏ ရှေးမကောင်းမှု

အလ္လကပ္ပတိုင်းတဲ့။ ဒါက မြန်မာမှုက။ သီဟိုဠ်မှုက အဇိတတိုင်းတဲ့။ အဲဒီ တိုင်းပြည်မှာ ဒုဗ္ဘိက္ခဘေးကပ်ရောက်တော့ "ကောတုဟလိက"ဆိုတဲ့ ဆင်းရဲသားတစ်ယောက်ရှိတယ်။ သူ့ရဲ့သားကလေးက "ကာပိ"တဲ့။ သူ့ရဲ့ အိမ်ရှင်မက "ကာဠီ"တဲ့။ အဲဒီ မိသားစုသုံးယောက် နေထိုင်ကြတယ်။ သူတို့တွေရဲ့ အလ္လကပ္ပတိုင်း၊ တစ်နည်း အဇိတတိုင်းမှာ ဒုဗ္ဘိက္ခ ဘေးကြီးရောက်တော့ ရသမျှ ရိက္ခာလေး ယူပြီးတော့ ကောတုဟလိက ဆိုတဲ့ ဆင်းရဲသား၊ ကာပိမည်တဲ့သား၊ ကာဠီမည်တဲ့ အိမ်ရှင်မနဲ့ အတူတကွ သုံးယောက်သား –

**ကောသမ္ဗိံ ဂန္တွာ ဇီဝိဿာမိ။**

(ကောသမ္ဗီပြည်က အင်မတန် သာယာတယ်)။ ကောသမ္ဗိံ = ကောသမ္ဗီပြည်သို့။ ဂန္တွာ=အရောက်သွား၍။ ဇီဝိဿာမိ=ချမ်းချမ်းသာသာ အသက်ရှင်ပေအံ့။ အကြံနဲ့ လာကြတယ်။ ခြေလျင်ခရီး လာရတယ်။ လမ်းသွားတော့ ရက်ကလေး တော်တော်လေး ညောင်းလာတော့ ပါတဲ့ ရိက္ခာက ကုန်ရော။ ရိက္ခာကုန်တော့ ကောတုဟလိကဆိုတဲ့ ယောကျ်ား က ကာဠီဆိုတဲ့ အိမ်ရှင်မကို တိုင်ပင်စကား ပြောတယ်–

**ဘဒ္ဒေ မယံ ဇီဝန္တာ ပုန ပုတ္တံ လဘိဿာမ။**

http:\\www.dhammadownload.com



ဘဒ္ဒေ = ရှင်မ။ မယံ = ငါတို့သည်။ ဓိဝဿာ = အသက်ရှင်၍ နေကြရသည် ရှိသော်။ ပုန=တစ်ဖန်။ ပုတ္တံ=သားသမီးကို။ လဘိဿာမ = ရကြပါကုန်အံ့။

**ဆဋ္ဌေတွာ နံ ဂစ္ဆာမ။**

နံ= ထိုကာပိဆိုတဲ့ သားကလေးကို။ ဆဋ္ဌေတွာ = တောထဲမှာ စွန့်ပစ်ခဲ့ပြီးတော့။ ဂစ္ဆာမ = ဝန်ပေါ့ပေါ့ တို့သွားကြစို့လား။

တိုင်ပင်စကား ပြောတယ်။ အဋ္ဌကထာက အထူး မှတ်ချက်ပြတယ် -

**မာတုဟဒယံ နာမ မုဒုကံ ဟောတိ။**

မာတု = မွေးသမိခင် ကျေးဇူးရှင်၏။ ဟဒယံ နာမ =စိတ်နှလုံး မည်သည်။ မုဒုကံ = ဖခင်၏ စိတ်နှလုံးထက် နူးညံ့သည်။ ဟောတိ = ဖြစ်၏။

အမိစိတ်နှလုံး ဆိုတာတဲ့ အဖရဲ့ စိတ်နှလုံးထက် ပိုပြီး နူးညံ့တယ်။ အဖက အကြောင်းရှိယင် သားပေမယ်လို့ပေါ့လေ စွန့်ပစ်နိုင်တယ်။ စွန့်ပစ်မယ်။ အမေက မစွန့်ပစ်နိုင်ဘူး။ အဲဒီလို မစွန့်ပစ်နိုင်တဲ့အတွက် ကာဠီဆိုတဲ့ အိမ်ရှင်မက ဘယ်နှယ့် ပြန်ပြောသလဲ -

**နာဟံ ဓိဝန္တေမေဝ ပုတ္တံ ဆဋ္ဌေတုံ သက္ခိဿာမိ။**

အဟံ = အကျွန်ုပ်သည်။ ဓိဝန္တမေဝ = အသက်ရှင်စဉ်ပင်လျှင်။ ပုတ္တံ = သားကို။ ဆဋ္ဌေတုံ = စွန့်ခြင်းငှာ။ န သက္ခိဿာမိ=မစွမ်းနိုင်ဘူး။

ကျွန်မသားကလေး အသက်ရှင်လျက်နဲ့တော့ ဘယ်လိုနည်းနဲ့မှ မစွန့်ပစ်နိုင်ဘူး။ ဒီတော့ ကောတုဟလိကက ပြန်ပြောတယ် -

**အထ ကိံ ကရောမ။**

အထ = ထိုသို့ မစွန့်ပစ်နိုင်သည် ရှိသော်။ ကိံ ကရောမ=ဘယ်လို လုပ်ကြမလဲ။

http:\\www.dhammadownload.com



အေး မစွန့်နိုင်တာက ကိစ္စမရှိဘူး။ မပစ်နိုင်တာက ကိစ္စမရှိဘူး။ ဘယ့်နှယ်လုပ်မလဲ။ ဒီတော့ အိမ်ရှင်မလေး ကာဠီက ပြန်ပြောတယ် –

**ဝါရေန် နံ ဝဟာမ။**

နံ = ထိုသားကလေးကို။ ဝါရေန = ရှင်တစ်လှည့်၊ ကျွန်မတစ်လှည့်။ ဝဟာမ = ထမ်းပိုးချီပိုး ရွက်ဆောင်ခဲ့မယ်။ ရှင်ချည်းထဲ မသယ်ချင်ယင်တဲ့ ရှင်တစ်လှည့် ကျွန်မတစ်လှည့် သယ်မယ်တဲ့။ ကောင်းပြီဗျာ ဆိုပြီးတော့ သွားကြတယ်။ အမေ့အလှည့်ကျတော့ အမေက ချစ်တာကိုး၊ သားကလေးကို တကတဲ ပန်းကုံးကလေး၊ ပန်းဆိုင်းကလေးလို၊ တစ်ခါတည်း ရင်ထဲမှာ သိပ်ပြီးတော့ ပွေ့ပွေ့ ပိုက်ပိုက်နဲ့ လာခဲ့တယ်။ အဲ – လာခဲ့လို့ အဖေ့အလှည့် တစ်ခါကျ ပြန်တော့၊ ကောတုဟလိက အလှည့်ကျတော့၊ သူကတော့ စိတ်ဂျ ခပ်ကြမ်းကြမ်းနဲ့ တူပါတယ်။ (ယောသက သေဌေးအလောင်းနော်။) ကောတုဟလိကဆိုတဲ့ ဖခင်အလှည့်ကျတော့ ဘာပြောလဲ –

**ဘဒ္ဒေ ဇီဝန္တာ ပုတ္တံ လဘိဿာမ။ ဆဍ္ဍေမ နံ။**

ရှင်မရာ တို့အသက်ရှည်ရှည် နေရလို့ရှိရင် သားသမီး ရပါ လိမ့်မယ်။ ဒီတော့ ဒီသားကလေးကို တို့ပစ်ခဲ့ကြပါစို့လား။ အင်း– ဒီလိုပဲ ပြောတယ်။

ကာဠီကလည်း ပယ်မြဲ ပယ်တယ်။ သူ့စကား။ ရှင့်ကျွန်မ ပြောအထားသားပဲ။ ကျွန်မသားကလေး အသက်ရှင်လျက်နဲ့တော့ ဘယ်လိုနည်းနဲ့မှ မပစ်နိုင်ဘူး။

အဲဒီလိုပြောပြီး နောက်ဆုံး ပြောဖန်များတော့ ကာဠီကဘာမှ မပြောတော့ဘူး။ ရှင်အလှည့် ရှင်သယ်။ ကျွန်မအလှည့် ကျွန်မ သယ်မယ်ဆိုပြီးတော့၊ အဲဒီလို သယ်ကြတဲ့အခါမှာ၊ ကလေးဟာ

http:\\www.dhammadownload.com



အမေ့လက်ကူးလိုက်၊ အဖေ့လက်ကူးလိုက်။ ဒီလို ကူးရလို့ ကလေးလည်း ပန်းလို့။ ဒီတစ်ခါ အဖေ့လက် အကူးကျတော့ ကလေးလေးက အိပ်ပျော်သွားတယ်။ သားကလေးတော့ အိပ်ပျော်ပြီ ဆိုပြီးတော့ ကောတုဟလိက က ကာဠီ ကိုင်း - မင်းရှေ့ကသွားကွာ၊ သူက လည်းပဲ အစာကလည်း မစားရတော့၊ ဆာကလည်း ဆာတယ်၊ ကလေးကို ပွေ့ချီရတဲ့ ဒုက္ခကလည်း တော်တော် ပင်ပန်းသွားတယ်။

ကာဠီကို ရှေ့ကအသွားခိုင်းပြီးတော့ ကာပိကို သူက နောက်က ပွေ့ လိုက်ရင်း ခြုံပုတ်ကလေး တစ်ခုကျတော့၊ ခြုံပုတ်ကလေးမှာ ကာပိကလေးကို သိပ်ပြီးတော့ ထားခဲ့တယ်။ စွန့်ပစ်ခဲတာပေါ့လေ။ သွားလို့ တစ်ခေါ် နှစ်ခေါ်လောက် သွားမိတော့ ကာဠီက လှည့်ကြည့်တဲ့ အခါကျတော့ သားကလေး မမြင်တော့ -

**သာမိ ကုဟိံ မေ ပုတ္တော။**

သာမိ = အရှင်။ မေ = ကျွန်တော်မ၏။ ပုတ္တော=သားသည်။ ကုဟိံ = အဘယ်မှာနည်း။

ကျွန်မသား ဘယ်မှာလဲရှင် - တဲ့။ ဒီလိုမေးတယ်။ အဲဒီတော့

**တေသဿ မေ ဂစ္ဆဿ ဟေဋ္ဌာ နိပဇ္ဇာပိတော။**

ကာဠီ = ကာဠီ။ မေ = ငါသည်။ တေသဿ ဂစ္ဆဿ =ဟောဟို ခြုံပုတ် တစ်ခု၏။ ဟေဋ္ဌာ = အောက်၌။ နိပဇ္ဇာပိတော = သိပ်ထားခဲ့တယ်။

ဟိုခြုံပုတ်အောက်မှာ ငါ့သားကလေး သိပ်ထားခဲ့တယ်။

**သာမိ မာ မံ နာသယိ။**

သာမိ = အရှင်။ မံ = ကျွန်တော်မကို။ မာ နာသယိ=မဖျက်ဆီးပါနဲ့။ ရှင်ကျွန်မကို မဖျက်ဆီးပါနဲ့။ ဖျက်လိုဖျက်ဆီး မလုပ်ပါနဲ့။

**ပုတ္တံ ဝိနာ ဇီဝိတုံ န သက္ကိဿာမိ။**

http:\\www.dhammadownload.com



အပဟံ = ကျွန်တော်မသည်။ ပုတ္တံ ဝိနာ = သားကလေးနှင့် ကင်းကွာရသည် ရှိသော်။ ဇီဝိတံ = အသက်ရှင်ခြင်းငှာ။ နသက္ခိဿာမိ = မစွမ်းနိုင်ပါ။

**အာနေဟိ မေ ပုတ္တံ။**

ကျွန်မ သားကလေး ပြန်ပြီးတော့ ခေါ်ပေးပါ။ ဆိုတော့ မတတ်သာတော့ ခေါ်ပေးရတယ်။ ဒါနဲ့ တစ်ယောက် တစ်လှည့်စီ၊ ဒီလိုလာရင်းက သားကလေးလည်း မိလက်ကူး ဖလက်ကူးတာနဲ့ ခရီးကပန်းတယ်။ အစာက မစားရနဲ့။ သားကလေးလည်း တောထဲမှာ တစ်ခါတည်း ပျက်စီးခဲ့တယ်။ ပျက်စီးပြီး သားကလေးကို တောထဲ ပစ်ခဲ့တယ်။

ဒီနေရာမှာ အဋ္ဌကထာက–ကြိုတင်ပြီးတော့ မှတ်ချက်ပေးတယ်–

**ဣတိ သော ဧတ္တကေ ဌာနေ ပုတ္တံ ဆဍ္ဍေတွာ တဿ နိဿန္ဒေန ဘဝန္တရေ သတ္တဝါရေ ဆဍ္ဍိတော။**

ဣတိ = ဤသို့လျှင်။ သော = ထိုကောတုဟလိက ဆိုတဲ့ လူသည်။ ဧတ္တကေဌာနေ = ဤမျှသော ဌာနၓ္ဌ။ ပုတ္တံ =သားငယ်ကို။ ဆဍ္ဍေတွာ = စွန့်ခဲ့လေသောကြောင့်။ တဿ = ထိုသားကလေးကို စွန့်ပစ်တဲ့ မကောင်းမှု အကုသိုလ်၏။ နိဿန္ဒေန=အကျိုးဆက်ကြောင့်။ ဘဝန္တရေ = ဘဝတစ်ပါး၌။ သတ္တဝါရေ = ခုနစ်ကြိမ်တိုင်တိုင်။ ဆဍ္ဍိတော = အစွန့်အပစ် ခံရ၏။

သားကလေးကို တစ်ကြိမ် စွန့်ပစ်လိုက်တယ်။ အဲဒီ စွန့်ပစ်လိုက်တဲ့ မကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ကောတုဟလိက ဆိုတဲ့ လူမိုက်ဟာတဲ့၊ ဘဝတစ်ပါးကျတော့ ခုနစ်ကြိမ် အစွန့်ပစ်ခံရတယ်။ တစ်ကြိမ် ကိုယ်က စွန့်ပစ်လိုက်တာ။ ခုနစ်ဆ မကောင်းကျိုးပေးတယ်။

http:\\www.dhammadownload.com



## မကောင်းမှုကံကို ငယ်သည်ဟူ၍ မထေ့မဲ့မြင် မပြုရာ

**ပါပကမ္မံ နာမေတံ အပ္ပကန္တိ န အဝမညိတဗ္ဗံ။**

ပါပ ကမ္မံ နာမ = မကောင်းမှု အကုသိုလ်ကံ မည်သည်ကို။ အပ္ပကန္တိ =အနည်းငယ်ကလေးပဲ – ဟူ၍။ န အဝမညိတဗ္ဗံ = မထေ မဲ့မြင်မှု မပြုရာ။

ဥပဒေသ ပေးတယ်။ မကောင်းမှုကိုများလေ နည်းနည်းကလေး ရယ်လို့များသွားပြီး မထေမဲ့မြင် မပြုနဲ့။ အခုတစ်ကြိမ်တည်း ပစ်ခဲ့တယ်။ ဒါတောင် အတင်းပစ်ခဲ့ရတယ်။ အဲဒါကိုပဲ သူဟာလေတဲ့ ဘဝ တစ်ပါးဆိုတဲ့ ယောသကသေဌေးကြီး ဖြစ်မယ့် ဘဝကျတော့ ခုနစ် ကြိမ်ကို အပစ်ခံရတယ်။ ကံကောင်းလို့ မသေတယ်ပေါ့။ အဲဒီလို ပစ်ခဲ့တုန်းက သားကလေး မသေလို့။ အဲ – မသေဘဲနဲ့ သားကလေး က နောက်မှ ခရီးပန်းလွန်းလို့ သေလို့သာ။ အဲဒီ ပစ်ခဲ့တုန်းက သေရင် ယောသကဘဝမှာ သူသေရမှာပဲ။ ဒါကြောင့် အဋ္ဌကထာ ဆရာတော်က –

**ပါပကမ္မံ နာမေတံ အပ္ပကန္တိ န အဝမညိတဗ္ဗံ။**

ထိုမကောင်းမှု အကုသိုလ်ကံ မည်သည်ကို နည်းနည်းကလေး၊ ငယ်ငယ်ကလေးဟဲ့လို့များ သွားပြီး မထေမဲ့မြင် မပြုပါနဲ့။ အထင်မသေး လိုက်ပါနဲ့။ နည်းနည်းကလေး ပေမယ်လို့လည်းပဲ မကောင်းမှု များများပေးတတ်တယ် – တဲ့။

ဒါနဲ့–သူတို့ ဓနီးမောင်နှံ ဆက်ပြီးတော့ လာကြတယ်။ လမ်း ခရီးအကြား ကောသမ္ဗီပြည်နယ်ထဲ ရောက်ပြီဆိုပါတော့။ အဲဒီ ရောက်တယ် ဆိုရင်ပဲ နွားသေဌေး၊ နွားကျောင်းသားကို = ပါဠိကတော့ ဂေါပါလက။ သို့သော် ဂေါပါလကက သူများအခနဲ့ ကျောင်းတဲ့ နွားကျောင်းသား ဟုတ်ပုံမရဘူး။ ကိုယ်ပိုင်နွားကို

http:\\www.dhammadownload.com



ကျောင်းတဲ့ - နွားသေဋ္ဌေးပဲ ဆိုကြပါစို့။ အဲဒီနွားသေဋ္ဌေးအိမ်မှာ ရောက်တယ်။ နွားခြံကြီးနဲ့ နေတဲ့လူပေါ့လေ။ အဲဒီအိမ်မှာ ရောက်တော့။ အဲဒီအိမ်မှာ ကလည်းပဲ "ဓေနုမင်္ဂလာ"လို့။ နွားမကို မင်္ဂလာပြုတဲ့နေ့။ ဆိုကြပါစို့။ နွားမက ဥဿဘ နွားလားလေး ဘာလေးမွေးတော့ အဲဒီ နွားမကို မင်္ဂလာပြုတဲ့ပွဲ ဖြစ်တယ်။ အဲဒီနွားသေဋ္ဌေးရဲ့ အိမ်မှာ လည်းပဲ နေ့စဉ် နေ့စဉ် ပစ္စေကဗုဒ္ဓ အရှင်မြတ်တစ်ပါးက ဆွမ်းစား ကြွတယ်။ အဲဒီ နွားသေဋ္ဌေးသည် ထိုနေ့အဖို့ နွားမကို မင်္ဂလာပြုတဲ့ နေ့အဖို့မှာ နို့ဃနာဆွမ်းတွေချက်။ ပစ္စေကဗုဒ္ဓ အရှင်မြတ်အား ကပ်ပြီးတော့ မင်္ဂလာသဘင် ကျင်းပလို့နေတုန်းမှာ ဗြုန်းကနဲဆို ကောတုဟလိကတို့ ဇနီးမောင်နှံ ရောက်လာတယ်။ ဆီးမေးတယ်-

**ကုတော အာဂတတ္ထ**။

အမောင်တို့ ဇနီးမောင်နှံ ညှိုးညှိုးငယ်ငယ်နဲ့ အဘယ်အရပ်က လာကြတုန်းလို့ မေးတယ်။

ဟာ ကျွန်တော်တို့ အလ္လကပ္ပတိုင်းက ဒုဗ္ဘိက္ခဘေးဖြစ်လို့ ဆင်းရဲဒုက္ခ ရောက်လာကြတာပါဆိုတဲ့ အကြောင်းပြောတော့ နွား သေဋ္ဌေးကလည်း သနားတတ်ပါဘိသနဲ့။ ကဲ-ဒါဖြင့် မောင်တို့ စား ကြပါ။ ဆိုပြီးတော့ များစွာသော ထောပတ်နဲ့ များစွာသော နို့ဃနာ တွေ တစ်ခါတည်း သူတို့ကိုပေးတယ်။ ကျွေးတယ်။

ဒီတော့ အိမ်ရှင်မ/ ကာဠိက ဘယ်နှယ့် ပြောသလဲ -

**သာမိ တယိ ဇိဝန္တေ အဟမ္ပိ ဇီဝါမိ နာမ**။

သာမိ =အရှင်။ တယိ = သင်သည်။ ဇိဝန္တေ = အသက်ရှည်ရှည် နေရသည်ရှိသော်။ အဟမ္ပိ = ကျွန်တော်မလည်းပဲ။ ဇီဝါမိ နာမ = အသက်ရှင်သည် မည်ပါ၏။

http:\\www.dhammadownload.com



အရှင်– တဲ့၊ သင်အသက်ရှင်နေယင် ကျွန်မလည်း အသက်ရှင်တာ မည်တာပါပဲတဲ့။

**ဒီဃရတ္တံ ဥိနောဒရောသိ။**

တွံ = အရှင်သည်။ ဒီဃရတ္တံ = ရှည်မြင့်စွာသော ကာလပတ်လုံး။ ဥိနောဒရော = ဟောက်သောဝမ်းရှိသည်။ အသိ = ဖြစ်၏။

ခုနစ်ရက်၊ ရှစ်ရက် အစာရေစာ ငတ်တယ်ဆိုတော့ "ယာဝဒတ္တံ ဘုဉ္ဇာဟိ"။ ယာဝဒတ္တံ=အလိုရှိတိုင်း။ ဘုဉ္ဇာဟိ= စားပါလော့ ဆိုပြီးတော့၊ ထောပတ်နဲ့ နို့ဃနာတွေ သူ့ဘက်ချည်းပဲ အများကြီး ပေးတယ်။ ကောတုဟာလိက ဆိုတဲ့သူက ခုနစ်ရက်၊ ရှစ်ရက် အဆာကြီးဆာ လာတော့ စားတာ၊ တွင်တွင်ကို စားတာပဲတဲ့။ စားပေမယ်လို့ သူစိတ်ထဲက စားချင်တဲ့ အာသာ ပြေကို မပြေဘူးတဲ့။ အိမ်ရှင်မလေး ကာဠီကတော့ ထောပတ်ကလေးနည်းနည်း၊ နို့ဃနာလေး နည်းနည်း မျှတရုံလေးစားတယ်။ ဒါနဲ့သူတို့ ညေ့သည်အနေနဲ့ သူတို့နှစ်ယောက် ကျွေးပြီးတော့ နွားသေဋ္ဌေးက သူစားမယ်ကြံတော့၊ ဒီ– သူ့အလှည့် ပေါ့လေ။ စားဖို့ရန် နို့ဃနာထမင်းပွဲ သူထိုင်တော့ အိပ်ရာအောက်၊ တစ်နည်းအားဖြင့် ခုတင်အောက်ကရှိတဲ့ ခွေးမကြီးကို သူမစားခင် (နို့ဃနာကလည်းပဲ ပျစ်ပျစ်နဲ့ တူပါတယ်) လက်နဲ့ ဆုပ်ပြီးတော့၊ ထမင်းတစ်ဆုပ်လောက် အောက်က ခွေးမကြီးကို ကျွေးတယ်။ အဲဒါကို ကောတုဟာလိက ဆိုတဲ့လူက မြင်ပြီးတော့ အံ့ဩစရာမရှိ–

**ပုညာ ဝတာယံ သုနခီ။**

အယံ သုနခီ = ဤခွေးမကြီးသည်။ ပုညာ ဝတ = ဘုန်းရှိစွ။ ဒီခွေးမကြီး သိပ်ဘုန်းရှိတာပဲ။

**နိဗဒ္ဓံ ဝေရှုပံ ဘောဇနံ လဘတိ။**

နိဗဒ္ဓံ=အမြဲမပြတ်။ ဝေရှုပံ=ဤသို့သဘောရှိသော။ ဘောဇနံ= ဘောဇဉ်ကို။ လဘတိ = ရပေစွ။

http:\\www.dhammadownload.com



ခွေးမကြီးရဲ့ဘဝကို သူကကြည့်ပြီး အင်မတန်နှစ်ခြိုက်နေတယ်။ အဲဒါ အာသန္နကံလေ။ ခွေးမကြီး ဒါလောက်ကလေး ထမင်းတစ်လုတ် စားရတာကို သူက အလွန်သွားပြီး နှစ်သက်လိုက်တော့ အကုသိုလ် အာသန္နကံဖြစ်တယ်။

## ဃောသကအလောင်း ခွေးဖြစ်ခြင်း

အဲဒီညမှာ သူစားတဲ့အစာ မကျေဘဲနဲ့စုတေ။ ခွေးမကြီးဝမ်းထဲမှာ သွားပြီးတော့ တစ်ခါထဲ အာသန္နကံကြောင့် ခွေးဖြစ်ရတယ်။ ခွေးမကြီး ဝမ်းထဲမှာ သွားပြီးတော့ သန္ဓေစွဲတယ်။ အိမ်ရှင်မလေး ကာဠီကတော့ နွားသေဌေးအိမ်မှာပဲ နေ့စားနဲ့ အလုပ်လုပ်လို့၊ ဆန်ကလေး တစ်စလယ် ရတဲ့အခါ၊ အဲဒီဆန်ကလေး တစ်စလယ်ချက်၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်ထဲ လောင်းလှူပြီးတော့-

**ဒါသဿ ဝေါ ပါပုဏာတု။**

ဘန္တေ = အရှင်ဘုရား။ ဣဒံ= ဤလောင်းလှူမှု ကုသိုလ် အစုသည်။ ဝေါ= အရှင်ဘုရားတို့၏။ ဒါသဿ= ကျွန်၏အထံသို့။ ပါပုဏာတု=ရောက်ပါစေဘုရား- ဆိုပြီးတော့ အဲဒီလိုအမှုကို ညွှန်းပြီးတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလှူရာတယ်။ သူ့ရဲ့ သရီရကိစ္စပေါ့လေ။ သူ့ရဲ့ ဈာပနကိစ္စ ပြုပြီးတဲ့နောက် တစ်ခါ ကာဠီက စဉ်းစားတယ်-

**မယာ ဣဓေဝ ဝသိတုံ ဝဋ္ဋတိ။**

မယာ= ငါသည်။ **ဣဓေဝ= ဤနွားသေဌေးရဲ့ အိမ်၌သာလျှင်။** ဝသိတုံ= နေခြင်းငှာ။ ဝဋ္ဋတိ= သင့်၏။

ဪ-ငါနွားသေဌေးအိမ်မှာပဲ နေ့စားအလုပ်နဲ့ ဆက်နေမှ တော်တော့မယ်။ ဘာကြောင့်လဲ

http:\\www.dhammadownload.com



**နိဗဒ္ဓံ အယျော ဣဏာဂစ္ဆတိ။**

နိဗဒ္ဓံ=အမြဲမပြတ်။ အယျော=အရှင်ပစ္စေကဗုဒ္ဓါသည်။ ဣဓ= ဤနွားသေဌေးအိမ်သို့။ အာဂစ္ဆတိ= ကြွလာ၏။

**ဒေယျဓမ္မော ဟောတု ဝါ မာ ဝါ။**

ငါ့မှာ လှူဖွယ်ဝတ္ထု ရှိရှိ မရှိရှိ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ဒီအိမ်ကို နေ့တိုင်းကြွလာတယ်။

ဒေဝသိကံ ဝန္ဒိတ္ဗံ=နေ့တိုင်းနေ့တိုင်း ရှိခိုးရသည်ရှိသော်။ ဝေယျာဝစ္စံ ကရောန္တိ= ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဖို့ရန်အတွက် ဝေယျာဝစ္စ ပြုလုပ်ရသည်ရှိသော်။ စိတ္တံ= မိမိစိတ်ကို။ ပသာဒေတွာ= သဒ္ဓါရွှမ်းစို ကြည်ညိုစေရသည်ရှိသော် (ဝါ) ကြည်ညိုစေလျက်။ ဗဟုံ= များစွာသော။ ပုညံ= ကောင်းမှုကို။ ပသဝိဿာမိ= ပွားစေရ ပေလိမ့်မယ်။

ကာဠီအမျိုးသမီးက နှလုံးသွင်း အင်မတန် ကောင်းတယ်။ နေ့တိုင်းနေ့တိုင်း အရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြော်ရတယ်။ နေ့တိုင်းနေ့တိုင်း အရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းကျွေးဖို့ ဝေယျာဝစ္စ ပြုလုပ်ရတယ်။ နေ့တိုင်းနေ့တိုင်း သဒ္ဓါတရား ရွှမ်းရွှမ်းစိုစို ဖြစ်ပြီးတော့၊ ငါ့မှာ ကုသိုလ်တွေ နေ့စဉ်နေ့စဉ် ပွားမယ်။ ဒါကြောင့် ဒီနွားသေဌေး ရဲ့အိမ်မှာပဲ နေ့စားနဲ့ အလုပ်လုပ်နေတော့မယ်လို့ ဆုံးဖြတ်ပြီးတော့။ ဆုံးဖြတ်တဲ့ အတိုင်းလဲ နေတယ်။

ခြောက်လ၊ ခုနစ်လလောက်ရှိတော့ ဟောခုနက ခွေးမကြီးက ခွေးတစ်ကောင်တည်း ဖွားတယ်။ ကောတုဟလိကဆိုတဲ့လူ ခွေး သွားဖြစ်နေတယ်။ ဒါပေမယ့်လို့ နွားသေဌေးက လူးလူးဆန်းဆန်း ခွေးကလေးတစ်ကောင်တည်း ဖွားတယ်ဆိုပြီးတော့ နွားမတစ်ကောင်က ထွက်လာတဲ့ နို့ရည်ကို အဲဒီ ခွေးကလေးချည်းကိုပဲ ကျွေးတာပဲ။ ခွေးကလေးက ဝဝတုတ်တုတ်။ တကတဲ မကြာခင်ခွေးက အောင် အောင် မြင်မြင် ဖြစ်လာတယ်။ ပြောပါစို့-

http:\\www.dhammadownload.com



ဒီနွားသေဌေးက တစ်နေ့တစ်နေ့လျှင် နှစ်ကြိမ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ သွားတယ်။ ဆည်းကပ်တယ်။ နွားသေဌေးအိမ်နဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်နေတဲ့ သင်္ခမ်းကျောင်းနဲ့ ခပ်လှမ်းလှမ်းဆိုပါစို့။ အဲဒီလို သွားနေကျဖြစ်တော့၊ သွားတဲ့အခါမှာ လမ်းက တောကြီး ခြားတော့ ခြင်္သေ့တို့၊ သစ်တို့၊ ကျားတို့ရှိမယ်ထင်တဲ့ ခြုံပုတ်များကျတော့ တောသံပေးတယ်။ ဟစ် အော် ခြောက်လှန့်တယ်။ လက်ထဲပါတဲ့တုတ်၊ လှင်ကန်နဲ့ မြေကြီးကို ရိုက်၊ ချုံကိုရိုက်တယ်။ အဲဒီလို တောခြောက်ပြီးမှ ပစ္စေကဗုဒ္ဓါ အရှင်ထံသွားတယ်။

ခွေးနာမည်တော့ မပါဘူး။ ကောတုဟလိကပဲ ဆိုပါတော့။ အယင်ဘဝနာမည်နဲ့။ အဲဒီခွေးကလေးက အဲဒီနွားသေဌေးနောက်က အမြဲလိုက်တယ်။ ပစ္စေကဗုဒ္ဓါ ကျောင်းသွားတိုင်းသွားတိုင်း ဒီခွေး ကလေးလိုက်တယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း ဒီအိမ် ဆွမ်း စားကြွတယ်ဆိုယင် ဆွမ်းမစားခင်ကိုဘဲ ထမင်းကလေး တစ်လုတ် ဆုပ်ပြီးတော့မှ နေ့တိုင်းနေ့တိုင်း ဒီခွေးကလေးကို ကျွေးတယ်။ ဒီ ခွေးကလေးက ဒီထမင်းတစ်လုတ်နဲ့ ပစ္စေကဗုဒ္ဓါ အပေါ်မှာ ချစ်နေ သတဲ့။

ဒါနဲ့--နေ့-ရက်-လ- တော်တော်လေး ကြာညောင်း။ တစ်နေ့ တော့ နွားသေဌေးက ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို လျှောက်တယ်-

## ခွေးကလေး ပစ္စေကဗုဒ္ဓါပင့်ခြင်း

**ဘန္တေ သစေ အမှာကံ ဩကာသော န ဘဝိဿတိ။**

ဘန္တေ - အရှင်ဘုရား။ အမှာကံ= တပည့်တော်တို့အား။ ဩကာသော= အရှင်ဘုရားကို လာရောက်၍ပင့်နိုင်ဖို့ရန် အခွင့်သည်။ သစေ န ဘဝိဿတိ= အကယ်၍ မဖြစ်ငြားအံ့။

http:\\www.dhammadownload.com



တပည့်တော်တို့ အခွင့်မသာလျှင်–

**ဣမံ သုနခံ ပေသေဿာမိ။**

ဣမံ သုနခံ= ဤခွေးကလေးကို။ ပေသေဿာမိ= အရှင့်ထံ မှောက်အပင့်လွှတ်လိုက်ပါ့မယ် ဘုရား။

**တေန သညာဏေန အာဂစ္ဆေယျာထ။**

ခွေးကလေးလာတဲ့ အမှတ်ဖြင့် တပည့်တော်တို့ ပင့်တယ်လို့ သိရှိပြီးတော့ တပည့်တော်တို့အိမ်ကို ဆွမ်းဘုဉ်းပေး ကြွတော်မူပါ ဘုရားလို့၊ အဲဒီလို လျှောက်ခဲ့တယ်။

လျှောက်ထားပြီး ပြန်လာ။ ကိုယ်တိုင် ပင့်နိုင်တယ်ဆိုတဲ့ အခါ ကျတော့ ကိုယ်တိုင်ကိုယ်ကျ သွားပင့်တယ်။ ပစ္စေကဗုဒ္ဓါကို ဆွမ်း သွားပင့်ချိန် မအားလို့ရှိယင် ခွေးကလေး လွှတ်လိုက်တာပဲ။

**ဂစ္ဆ တာတ အယျံ အာနေဟိ။**

တာတ= ချစ်သား။ ဂစ္ဆ= သွားပါချေ။ အယျံ= အရှင်ပစ္စေက ဗုဒ္ဓါကို။ အာနေဟိ= ပင့်ဆောင်ခဲ့လော့။

အဲဒီလိုဆိုပြီးလျှင် ခွေးကလေးကလည်း ခွေးလိမ္မာကလေး။ ပစ္စေကဗုဒ္ဓါ ကျောင်းသွားတာပဲ။ တစ်ကောင်တည်းသွားပြီးတော့ သူ့သခင် ခြသေ့်၊ သစ်၊ ကျားရှိမယ်လို့ထင်လို့ လှင်ကန်နဲ့၊ တုတ်နဲ့ ရိုက်၊ မြေကြီးကို တစ်ဖုံးဖုံးပုတ်၊ တောသံပေးပြီးတော့ ဟစ်အော်။ ချောက်လှန့်တဲ့နေရာ ကျပြီဆိုလျှင် သူကလည်းပဲ နာနာဟောင်ပြီးတော့ သွားသတဲ့။ တောကောင်၊ တောသားတွေပြေးအောင် ဆိုတဲ့ အနေနဲ့။

သွားပြီ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ ရောက်တယ်။ အရှင်မြတ် သင်္ကန်းစွန်းသွားပြီးတော့ ပါးစပ်ကလေးနဲ့ကိုက်၊ ပစ္စေကဗုဒ္ဓါက ဒီအမှတ်နဲ့ လိုက်လာတယ်။ ဒီခွေး ဘယ်လောက်ပါးသလဲလို့ ပစ္စေကဗုဒ္ဓါက သိချင်လို့ လမ်းကိုလွှဲသွားမယ် ကြံယင် သင်္ကန်းစ

http:\\www.dhammadownload.com



လိုက်ဆွဲတယ်။ ပစ္စေကဗုဒ္ဓါက သူ သင်္ကန်းစ ဆွဲထားပေမယ်လို့ လမ်းလွှဲပြီး တစ်ခါတည်း ဇွတ်အတင်းသွားတယ်။ သွားတဲ့အခါကျတော့ ခွေးကလေးက ရှေ့ကလာပြီးတော့ ကန့်လန့်ကန့်လန့်နဲ့ လုပ်သတဲ့။ တော်တော်လိမ္မာတဲ့ ခွေးပဲလို့။ ခွေးနဲ့ ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်လည်းပဲ သံယောဇဉ် မဟုတ်ပေမယ့်။ သနားတဲ့ မေတ္တာနဲ့ ခင်မင်နေမှာပ။ ဒါနေ့တိုင်းနေ့တိုင်း၊ ခွေးကလေး ပင့်တိုင်း ပင့်တိုင်းဟာ ကစားသလိုပေါ့။

အဲဒီလို သွားလို့လာလို့ အချိန်လေး တော်တော်ကြာသော်ငြားတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့ သင်္ကန်းက ဟောင်းသွားပြီ–တဲ့၊ နွမ်းသွားပြီ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သင်္ကန်း ဟောင်းနွမ်းသွားလို့ ဝတ်မဖြစ်လောက်တဲ့ အခြေရောက်တော့မှ နွားသေဌေးက သင်္ကန်းလျာ ပိတ်ချောတစ်စုံ လှူတယ်။ သင်္ကန်းလျာ အဝတ်တစ်စုံလှူတော့ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်က

**အာဝုသော စီဝရံ နာမ ဧကကေန ကာတုံ ဒုက္ကရံ ဖာသုကဋ္ဌာနံ ဂန္တွာ ကာရေဿာမိ။**

အာဝုသော= ဒါယကာ။ စီဝရံ နာမ= သင်္ကန်းမည်သည်ကို။ ဧကကေန= တစ်ယောက်ထီးတည်း။ ကာတုံ= ချုပ်လုပ်ခြင်းမှာ။ ဒုက္ကရံ= ခဲယဉ်းလှ၏။

(ဒကာ– သင်္ကန်းဆိုတာ တစ်ယောက်တည်းချုပ်လို့ မလွယ်ဘူးတဲ့။ တစ်ပါးတည်းချုပ်လို့ မလွယ်ဘူးတဲ့) ဖာသုကဋ္ဌာနံ ဂန္တွာ= ချမ်းသာရာအရပ်ကို သွားပြီးတော့။ ကာရေဿာမိ=သင်္ကန်း ချုပ်လုပ်ပါရစေအုံး။

ငါချမ်းသာတဲ့ နေရာသွားပြီး သင်္ကန်းချုပ်လုပ်အုန်းမယ်ဆိုတော့ နွားသေဌေးက–

http:\\www.dhammadownload.com



**ဣလ္လမေဝ ဘန္တေ ကရောထ။**

ဘန္တေ=အရှင်ဘုရား။ ဣလ္လမေဝ=ဤအရပ်၌ပင်လျှင်။ ကရောထ= ချုပ်တော်မူပါဘုရား။

**န သက္ကာ အာဝုသော။**

ဒကာ– ဒီမှာချုပ်လို့ မဖြစ်ဘူး–တဲ့။

**တေန ဟိ ဘန္တေ မာ စိရံ ဗဟိ ဝသိတ္ထ။**

ဘန္တ= အရှင်ဘုရား။ တေန=ဟိ= သို့တပြီးကား။ စိရံ= ကြာမြင့်စွာ။ ဗဟိ= အပြင်အပ၌။ မာ ဝသိတ္ထ= နေတော်မမူကြပါနဲ့ဘုရား။

အခုလို ဒီမှာချုပ်မဖြစ်ယင်လဲ အရှင်ဘုရားတို့ ဟိုအပြင်မှာ ကြာကြာကြီး မနေခဲ့ပါနဲ့။ မြန်မြန်ကြီး ပြန်ခဲ့ပါ။ ဒီအဓိပ္ပာယ်နဲ့ တောင်းပန်လျှောက်ထားတော့မှ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က–

**တိဋ္ဌ အာဝုသော။**

အာဝုသော= ဒါယကာ။ တိဋ္ဌ= နေရစ်လော့။

ပစ္စေကဗုဒ္ဓါနဲ့ နွားသေဋ္ဌေးပြောတဲ့စကား ခွေးလိမ္မာလေးက နားထောင်တယ်။ နားထောင်ယင်းက ပစ္စေကဗုဒ္ဓါအရှင်မြတ်က နွားသေဋ္ဌေးကို "တိဋ္ဌ အာဝုသော= ကိုင်းဒကာ– နေရစ်တော့"လို့ နှုတ်ဆက်ပြီးတော့ ကောင်းကင်ခရီး ရှာန်ယာဉ်စီး၍ နန္ဒမူလက လိုဏ်ကိုကြွ။ ခွေးကလေးက သံယောဇဉ်ဖြစ်ပြီးတော့ မှီသလောက် ကြည့်နေသေးတယ်။ လှမ်းပြီး ကြည့်နေတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကိုလည်း မမြင်ရရော သူ့ခမျာ ဝိယောဂဒုက္ခ မခံနိုင်ှာနဲ့ နှလုံး ဒီနေရာမှာပဲကွဲပြီးတော့ ခွေးက သေသွားတယ်–တဲ့။

## တိရစ္ဆာန်ဖြောင့်မတ်၍ တာဝတိံသာနတ်ပြည်မှာ ဖြစ်ရခြင်း

အဲဒါကို အဋ္ဌကထာဆရာတော်က ဘာမှတ်ချက်ပေးလိုက်သလဲ ဆိုတော့–

http:\\www.dhammadownload.com



**တိရစ္ဆာနာ ကိရ နာမေတေ ဥဇုဇာတိကာ ဟောန္တိ အကုဋိလာ။**

တေ တိရစ္ဆာနာ နာမ= ဤတိရစ္ဆာန်တို့မည်သည်။ ဥဇုဇာတိကာ=ဖြောင့်မတ်သောသဘောရှိကြကုန်၏။ အကုဋိလာ =မကောက် ကျစ်ကုန်သည်။ ဟောန္တိ= ဖြစ်ကုန်၏။

ဒီတိရစ္ဆာန်ဆိုတဲ့ သတ္တဝါတွေဟာ အင်မတန် ဖြောင့်မတ်တယ်။ ဘယ်တော့မှ မကောက်ကျစ်ဘူး။

**မနုဿာ ပန အညံ ဟဒယေန စိန္တေန္တိ၊ အညံ မုခေန ကထေန္တိ။**

မနုဿာ ပန=လူတို့သည်ကား။ ဟဒယေန=စိတ်နှလုံးဖြင့်။ အညံ=အခြားတစ်ပါးကို။ စိန္တေန္တိ=ကြံစည်ကုန်၏။ မုခေန=ခံတွင်းဖြင့်။ အညံ= တစ်ပါးကို။ ကထေန္တိ= ပြောဆိုကုန်၏။

တိရစ္ဆာန်နဲ့လူနဲ့ အဖြောင့်ချင်းကျတော့ မတူဘူး-တဲ့။ တိရစ္ဆာန်က စိတ်ဖြောင့်တယ်-တဲ့။ စိတ်မကောက်ဘူး။ လူကတော့လေ-တဲ့ စိတ်ကြံတာတစ်မျိုး၊ ပါးစပ်ကပြောတာက တစ်မျိုး။ အဲဒီသဘော ရှိပါတယ်-တဲ့။ ဒါ-အဋ္ဌကထာက ပိုပြီးပြောတာ။

ခွေးလိမ္မာကလေး ဖြောင့်မတ်တဲ့စိတ် မကောက်ကျစ်တဲ့စိတ်နဲ့ အဲဒီစိတ်ရင်း ဖြူဖြောင့်မှု တည်းဟူသော အကြောင်း၊ အကြောင်းပြု ပြီးတော့ အဲဒီခွေးလိမ္မာလေးဟာ တာဝတိံသာ နတ်ပြည်သွားပြီး နတ်သားဖြစ်တယ်။ (စိတ်ရင်းဖြူဖြောင့်ယင် တာဝတိံသာ နတ်ပြည်မှာ သွားဖြစ်တယ်ဆိုတာ ပေါ့လေ။ ဒီခွေးလိမ္မာ ဝတ္ထုက ထင်ရှားတယ်။)

http:\\www.dhammadownload.com



နတ်သမီးတစ်ထောင် အခြံအရံဖြင့် ကြီးစွာသော နတ်စည်းစိမ် ခံစား။ အဲဒီလို နတ်စည်းစိမ် ခံစားနေတဲ့နေရာမှာ အဋ္ဌကထာက အဲဒီနတ်သားရဲ့သဘောစွမ်းရည်ကို ဘာပြောသလဲ။ ထူးဆန်းတာ တစ်ခုရှိတယ်တဲ့။ အဲဒီနတ်သားသည် နတ်သားအချင်းချင်း သို့မဟုတ် နတ်သမီးနဲ့ နားရင်းမှာ ကပ်ပြီးတော့ တိုးတိုး ပြောတာတောင်မှ ခြောက်ယူဇနာထိအောင် အသံကြီးက ပျံ့တယ်၊ ပကတိ စကား ပြောလို့ရှိယင်ဖြင့် အဲဒီတာဝတိံသာ နတ်ပြည်ဆိုတာ ယူဇနာ တစ်သောင်း (၁၀၀၀၀)ကျယ်တယ်။ အဲဒီယူဇနာတစ်သောင်းကျယ်တဲ့ တာဝတိံသာ နတ်ပြည်တစ်ခုလုံး အသံကြီးနဲ့တယ်-တဲ့။

## ဟောင်၍ တောသံပေးခြင်း၏အကျိုးဆက်

ဒီနေရာမှာ အဋ္ဌကထာက မေးတယ်-

**ကိဿ ပနေသ နိဿန္ဒော။**

ဧသ-ဧသော= ဤသို့နားရင်းအပ် တိုးတိုးပြောယင် ခြောက် ယုဇနာ။ ပကတိအသံနဲ့ပြောလို့ရှိယင် ယုဇနာတစ်သောင်းကျယ်တဲ့ တာဝတိံသာ နတ်ပြည်အားလုံး အသံတွေ ဖုံးရခြင်းသည်။ ကိဿ= အဘယ်ကောင်းမှုကံ၏ နိဿန္ဒော= အကျိုးဆက်လဲ။

**ပစ္စေကဗုဒ္ဓေ ပေမေန ဘုက္ကရဏဿ နိဿန္ဒော။**

ပစ္စေကဗုဒ္ဓေ = ပစေကဗုဒ္ဓါအရှင်မြတ်၌။ ပေမေန= ချစ်မြတ်နိုး သဖြင့်။ ဘုက္ကရဏဿ= ဟောင်ခြင်း၏ နိဿန္ဒော= အကျိုးဆက် ပေတည်း။

အရှင်ပစ္စေကဗုဒ္ဓါကို ချစ်မြတ်နိုးသဖြင့် ဟောင်ပေးခဲ့တာတဲ့။ အဲဒီလို ဟောင်ပေးခဲ့တဲ့ ကောင်းမှု၏ နိဿန္ဒော= အကျိုးဆက်ပါ။

http:\\www.dhammadownload.com



ခွဲထားတယ်။ ဆိုကြစို့– စိတ်ရင်းဖြူဖြောင့်မှု၊ မကောက်ကျစ်မှုကြောင့် တာဝတိံသာ နတ်ပြည်မှာဖြစ်တယ်။ အဲဒီ တာဝတိံသာ နတ်ပြည်ဖြစ်တော့ နှာရင်းအပ်ပြီးတော့ တိုးတိုးပြောတဲ့တောင် ခြောက်ယူဇနာ အသံပျံ့တယ်။ ပကတိစကားပြောလိုက်ယင် ယူဇနာ တစ်သောင်းကျယ်တဲ့ တာဝတိံသာ နတ်ပြည်တစ်ခုလုံးသူ့အသံပျံ့တာ၊ အဲဒါပစ္စေကဗုဒ္ဓာ၌ ချစ်ခင်တဲ့ မေတ္တာပေမဖြင့် ပစ္စေကဗုဒ္ဓါကို သွားပင့်တော့ ဟောင်ခဲ့တယ်။ ဟောင်ပေမယ့်သူက ပစ္စေကဗုဒ္ဓါကို ချစ်ခင်တဲ့မေတ္တာ ရှေ့သွားပြုပြီးတော့ ပြုလုပ်တာဖြစ်လို့။ အဲဒီကောင်းမှု အကျိုးဆက်–တဲ့။

## ဃောသကနတ်သားဟု အမည်တွင်ခြင်း

အဲ – နှာရင်းကပ်ပြီး တိုးတိုးပြောယင် ခြောက်ယူဇနာ အသံပျံ့တယ်။ ပကတိပြောရိုးအတိုင်း ပြောလို့ရှိယင် ယူဇနာတစ်သောင်း ကျယ်တဲ့ တာဝတိံသာ နတ်ပြည်ကို အသံပျံ့လို့ အသံဖုံးလို့ သူ့ကို "ဃောသကနတ်သား"လို့ အဲဒီအချိန်က စခေါ်တယ်။

နတ်ပြည်ကပါလာတဲ့ ဃောသကဆိုတဲ့ နာမည်ဟာ နောက် လူ့ပြည်ကျတော့လည်း ဃောသကသေဋ္ဌေးကြီးပဲ ဖြစ်ရတယ်။

**သော တတ္ထ န စိရံ ဌတွာ ခဝိ (ဓမ္မပဒအဋ္ဌကထာ)**

သော=ထိုဃောသကနတ်သားသည်၊ တတ္ထ = ထိုတာဝတိံသာ နတ်ပြည်၌။ စိရံ = ကြာမြင့်စွာ။ နဋ္ဌတွာ = မတည်နိုင်ဘဲ။ (ဝါ) ကြာမြင့်စွာ မတည်သူကို။ ခဝိ = စုတိပြတ်ကြွေ သေလွန်ခဲ့လေပြီ။

နတ်ပြည်မှာ ကြာကြာမနေဘူး။ အဲဒီက စုတေပြီးတော့မှ လူပြည်လာရမှာတဲ့။ (အဲဒီစုတေတဲ့နေရာမှာ စုတေခြင်း၊ သေခြင်း လေးမျိုးက စပြီးတော့ အဋ္ဌကထာက ပြောပါတယ်။ နက်ဖြန်ကျမှ

http:\\www.dhammadownload.com



အဲဒီကနောက်ကို လူပြည် ဘယ်ရောက်တယ်ဆိုယင်ပဲ ရှေ့ကို ယောသက ဘဝက ယောသကသေဒ္ဓေးဖြစ်မှ ပြီးမှာပါ။ ဒီတော့ ယောသကနတ်သား စုတေတာနဲ့ပဲ နားကြအုန်းစို့။)

(ဤတွင် တစ်ညတာတရား ရပ်နားပါသည်။)

✳

**ကောဇာသက္ကရာဇ် ၁၃၃၂ခု၊ သာသနာတော် ၂၅၁၄ခုနှစ်၊ နတ်တော်လပြည့်ကျော်၄-ရက်နေ့ည။ မန္တလေးမြို့၊ ဘုံဘိုင်တန်းရပ်ကွက်၊ ဒါယကာ ဒါယိကာမကြီးငယ် တစ်စုတို့၏ (၁၈) တစ်ဆယ့်ရှစ်ကြိမ်မြောက် ဘုံဘိုင်တန်းရပ်ကွက်၊ ဓမ္မာရုံအတွင်းရှိ မြတ်စွာဘုရား များအား ပူဇော်သော ဘုရားပွဲတော်အတွက် ဟောကြားအပ်သော ဥပါသိကာချိန်ခွင်တရား**

## နတ်တို့သေခြင်းလေးမျိုး

အဋ္ဌကထာဆရာတော်က နတ်တို့ရဲ့သေခြင်း လေးမျိုးကို ဖော်ပြထားတယ်။

**ဒေဝလောကတော ဟိ ဒေဝပုတ္တာ အာယုက္ခယေန ပုညက္ခယေန အာဟာရက္ခယေန ကောပေနာတိ စတူဟိ ကာရဏေဟိ စဝန္တိ။**

ဟိ=အထူးမှတ်ဘွယ်ကား။ ဒေဝလောကတော= နတ်ပြည်လောကမှ။ ဒေဝပုတ္တာ= နတ်သားတို့သည် (တစ်) အာယုက္ခယေန= အသက်တမ်း ကုန်ခြင်းကြောင့် လည်းကောင်း။ (နှစ်) ပုညက္ခယေန= ကောင်းမှုကုသိုလ်ကံစွမ်း ကုန်ခြင်းကြောင့် လည်းကောင်း။ (သုံး) အာဟာရက္ခယေန=အစာအာဟာရကုန်ခန်းခြင်းကြောင့်လည်းကောင်း။

http:\\www.dhammadownload.com



(လေး) ကောပေန=အမျက်ထွက်ခြင်းကြောင့် လည်းကောင်း၊ ဣတိ= ဤသို့။ စတူဟိ ကာရဏေဟိ= လေးပါးသော အကြောင်းတို့ကြောင့်။ စဝန္တိ= စုတိပြတ်ကြွေ သေလွန်ကြရကုန်၏။

နတ်ပြည် လောက နတ်သားများ စုတိရတာဟာ အကြောင်း လေးပါး ရှိတယ်တဲ့။

အာယုက္ခယမရဏ၊ ပုညက္ခယမရဏ၊ အာဟာရက္ခယမရဏ၊ ကောပမရဏလို့ ပါဠိလိုလေးမျိုးရှိတယ်။

၁။ **အာယုက္ခယမရဏ**။ ဆိုတာ ကုသိုလ်ကံအဟုန် အင်မတန် အားကောင်းတဲ့ နတ်များကျတော့ စတုမဟာရာဇ် တာဝတိံသာ နတ်တို့ရွာမှာရှိတဲ့ အသက်တမ်းပြည့် နေပြီးတော့၊ အသက်တမ်းကုန်မှ စုတေတာကို အာယုက္ခယမရဏတဲ့။

၂။ **ပုညက္ခယမရဏ**။ နတ်တို့ရဲ့သက်တမ်းကပင် ရှိသော်လည်းပဲ အဲဒီနတ်ပြည် ပဋိသန္ဓေကျိုးပေးလိုက်တဲ့ ကောင်းမှုကုသိုလ်ကံ အဟုန် ကုန်လို့ နတ်တို့ရဲ့သက်တမ်း မပြည့်မီကြားကာလမှာ နတ်သက်ကြွေ စုတေတာမျိုးကျတော့ ပုညက္ခယမရဏလို့ ခေါ်သတဲ့။

၃။ **အာဟာရက္ခယမရဏ**။ နတ်များဟာ တစ်ခါတလေ သူတို့ နတ်တို့ရဲ့ အာရုံကာမဂုဏ်တွေထဲ မေ့လျော့ ပျော်ပါးမြူးတူးနေတဲ့ အတွက် အစာအာဟာရ တစ်ကြိမ်လောက်မစားမိလိုက်ယင် ဘယ်လို နည်းနဲ့မှ ပြန်ပြီးအသက်မရှင်တော့ဘူး။ ပဒုမ္မာကြာပန်းများ နေ တစ်ကြိမ်လောက် မိလိုက်လို့ရှိယင် ရေအိုးတစ်ရာနဲ့ ထပ်လောင်းသော် လည်းပဲ ဒီကြာပန်းပြန်ပြီးတော့ မလန်းတော့သလိုပဲတဲ့။ နတ်များ တစ်ခါတလေ ဝတ္ထုအာရုံ ကာမဂုဏ်တွေ သုံးစားနေတဲ့အတွက် မိမိတို့အချိန်ကျလို့ ရောက်လာတဲ့ ဒိဗ္ဗထမင်းပွဲကြီး= နတ်ထမင်း= နတ်သြဇာပွဲကြီးကို မစားမိဘဲ တစ်ကြိမ်လောက် ထမင်းစားဖို့

http:\\www.dhammadownload.com



အကြိမ်ကို လွန်လိုက်ယင် ခုနင်ကတုန်းက ကြာပန်းလိုပဲ နောက်ထပ်အကြိမ် တစ်ရာစားပေမယ့်လို့ မရဘူး။ ပြန်ပြီးတော့ အသက်မရှင်ဘူး။ တစ်ခါတည်း နတ်သက်ကြွေ စုတေရတယ်။ အဲဒီစုတေမျိုးကို အာဟာရက္ခယမရဏလို့ ခေါ်တယ်။

၄။ **ကောပမရဏ**။ သူတစ်ဖက်သား၊ တစ်ပါးသော နတ်တို့အပေါ် စိတ်အကြီးအကျယ် ဆိုးပြီးတော့ ဣဿာတွေ၊ မစ္ဆရိယတွေ လွှမ်းမိုးယင်လည်းပဲ နတ်သက်ကြွေစုတေတတ်သတဲ့။ ဘာပြုလို့တုန်းဆိုတော့ ဒေါသဆိုတဲ့ တရားဟာ။ လူတွေတောင်မှ ကြုပ်ကြုပ်ကြီးယင်၊ အဲဒီပုဂ္ဂိုလ်ဟာ ရုပ်အင်မတန်နှစ်နာတယ်။ ရုပ်အင်မတန် ကြွမ်းတယ်။ လူတို့ရဲ့ရုပ်ဟာ နတ်ရဲ့ရူပကာယနဲ့ ကြည့်ယင် အင်မတန် ကြမ်းပါတယ်။ နတ်တို့၊ ဗြဟ္မာတို့ရဲ့ ရူပကာယဟာ အင်မတန်နုပါတယ်။ ထောပတ်ခဲကြီးများလို တကထဲ ပကတိ နတ်ရဲ့ကိုယ်နဲ့ ဟောဒီမြေကြီးပေါ်မှာ လာပြီးရပ်ယင် ထောပတ်တုံးကြီး မြေကြီးပေါ်ချထားလို့ တဖြည်းဖြည်း မြေကြီးထဲ စိမ့်ပြီးတော့ဝင်တာလို အဲဒီလို ဝင်သွားနိုင်တယ်။ အလွန် နူးညံ့တယ်။

အဲဒီနူးညံ့တဲ့ ရူပကာယမှာ ဝင်ပြီးတော့ အားကြီးသောအမျက်ထွက်မှုဆိုတဲ့ ဒေါသတရား ဖြစ်တတ်တယ်၊ မနောပဒေါသိကနတ်ဆိုတာ။ အဲရှေ့က မိမိရှေ့က နတ်သားတစ်ယောက် သွားနေ၊ မိမိရှေ့က သွားရမလား ဆိုပြီးတော့ ဒေါသတွေအပြန်အလှန် ဖြစ်တတ်တယ်။ အဲဒီအခါကျပြီ ဆိုလို့ရှိယင် အမျက်ထွက်ခြင်း ဟူသော အကြောင်းကြောင့် နတ်သက်ကြွေ-စုတေရတယ်။ အဲဒီစုတေခြင်းမျိုးကို ကောပမရဏတဲ့။ နတ်ပြည်မှာ နတ်တို့သေတာ လေးခုအကြောင်း အဋ္ဌကထာက ပြောထားတယ်။

http:\\www.dhammadownload.com



## ဃောသကနတ်သား နတ်သက်ကြွေစုတေခြင်း

ဒါဖြင့်ယင် အခု ဃောသကနတ်သားဟာ အသက်တမ်း မပြည့်ခင် တာဝတိံသာနတ်ပြည်မှာ ကြာကြာမနေဘဲနဲ့ စုတေတာဟာ အာယုက္ခယမရဏတော့ မဟုတ်ဘူး။ ပုညက္ခယမရဏလားဆိုတော့ ပုညက္ခယမရဏလည်း မဟုတ်ဘူးတဲ့။ နို့ ဘာမရဏလဲဆိုတော့

**အယံ ပန ကာမဂုဏေ ပရိဘုဥ္ဇန္တော မုဋ္ဌဿတိ ဟုတွာ အာဟာရက္ခယေန စဝိ။** (လို့အဋ္ဌကထာက ဖွင့်ပြထားတယ်။)

အယံ ပန= ဤဃောသကနတ်သားကတော့။ ကာမဂုဏေ= နတ်၏အာရုံ ကာမဂုဏ်တို့ကို။ ပရိဘုဥ္ဇန္တော=သုံးဆောင်စဉ်၊ မုဋ္ဌဿတိ = မေ့လျော့သောသတိရှိသည်ဖြစ်၍။ အာဟာရက္ခယေန= သုံးခုမြောက် အာဟာရက္ခယမရဏဖြင့်။ စဝိ= စုတိပြတ်ကြွေ သေခဲ့လေပြီ။

## ဃောသက ပြည့်တန်ဆာသားဖြစ်ပြီး စွန့်ပစ်ခံရခြင်း

ဟောဒီလို အဋ္ဌကထာက ဖွင့်ပြထားတယ်။ တာဝတိံသာ နတ်သက်ကြွေလို့ စုတေတဲ့အခါ လူ့ပြည်ရောက်ပြန်တော့ကော ဘယ်သွားဖြစ်သလဲ-ကောသမ္ဗီပြည်က ပြည့်တန်ဆာမ တစ်ဦးရဲ့ ဝမ်းမှာသွားပြီးတော့ ပဋိသန္ဓေနေတယ်။ ကိုးလလွန်မြောက် ဆယ်လ ရောက်လို့ ဖွားမြောက်လာယင်ပဲ မိခင်ဖြစ်တဲ့ ပြည့်တန်ဆာမက သူရဲ့ အစေအပါးဖြစ်တဲ့ မိန်းမကိုမေးတယ်-

**ကိံ ဇာတံ။**

အမ္မ= အမိ။ ဇာတံ= ဤယခုဖွားတဲ့သားသည်။ ကိံ= ဘာလဲ။ မိန်းကလေးလား၊ ယောကျ်ားလေးလားလို့ မေးတယ်။

ဒီတော့ သူ့ရဲ့ အစေခံကပြောတယ်-

**ပုတ္တော အယျေ။**

http:\\www.dhammadownload.com



အယျေ= အရှင်မ။ ပုတ္တော= သားကလေးပါ။

အဲဒီတော့ ပြည့်တန်ဆာမက ဘယ့်နှယ် ပြောသလဲဆိုတော့-

**ဟန္ဒ ဇေ ဣမံ ဒါရကံ ကဏ္ဍရသုပ္ပေ အာရောပေတွာ သင်္ကာရကူဋေ ဆဍ္ဍေဟိ၊**

ဇေ= ကျွန်မ။ ဟန္ဒ= ယခု။ ဣမံ ဒါရကံ= ဤသူငယ်ကို။ ကဏ္ဍရသုပ္ပေ=ဆန်ကောစုတ်၊ ဖန်းစုတ်ထဲ၌။ အာရောပေတွာ= တင်ထား၍။ သင်္ကာရကူဋေ=အမှိုက်သရိုက်စွန့်တဲ့ အမှိုက်ပုံ၌။ ဆဍ္ဍေဟိ=သွားရောက်စွန့်လိုက်လော့။

မလိုချင်ဘူးတဲ့။ အဲဒီမှာ အဋ္ဌကထာက အထူးပြောပြပြန်တယ်-

**နဂရသောဘိနိယော ဟိ ဓီတရံ ပဋိဇဂ္ဂန္တိ န ပုတ္တံ။**

ဟိ= မှန်၏။ နဂရသောဘိနိယော= ပြည့်တန်ဆာတို့သည်။ ဓီတရံ= သမီးကလေးကိုမှ။ ပဋိဇဂ္ဂန္တိ= မွေးကျွေးသုတ်သင်ကြကုန်၏။ ပုတ္တံ=သားယောကျ်ားကို။ န ပဋိဇဂ္ဂန္တိ=မမွေးကျွေး မသုတ်သင်ကြကုန်။

သားရယ်လို့ ထွန်းကားလာယင် အဲဒီလို စွန့်ပစ်တာပဲ။ သမီးကလေးမှ မှုမှုယုယု မွေးကြတယ်။ သုတ်သင်ကြ၊ ကျွေးမွေးကြတယ်။ ဘာကြောင့်လဲဆိုတော့-

**ဓီတရာ ဟိ တာသံ ပဝေဏီ ဃဋီယတိ။**

ဟိ= မှန်၏။ ဓီတရာ= သမီးကတော့။ တာသံ= ထိုပြည့်တန်ဆာတို့၏။ ပဝေဏီ=အစဉ်အဆက်ကို။ ဃဋီယတိ=ဆက်စပ်အပ်၏-တဲ့။

ဒါကြောင့် သမီးကလေးများကျတော့ သူတို့ယုယုယယ ပြုစုကြ မွေးမြူကြတယ်။ သားကလေးများကျတော့ ဒီလိုပဲ အမှိုက်ပုံထဲမှာ စွန့်ပစ်ကြတယ်။ ဓိဝကကြည့်ပါလား။ ဒီလိုပဲ အမှိုက်ပုံ အပစ်ခံရတယ်။ အခု သူငယ်လည်းပဲ အမှိုက်ပုံထဲ သွားအပစ်ခံရတယ်။

http:\\www.dhammadownload.com



အမှိုက်ပုံထဲ အပစ်ခံရတော့၊ အမှိုက်ပုံထဲရောက်တော့၊ ကျီးတွေ၊ အရပ်ထဲကခွေးတွေ ဝိုင်းလို့နေတယ်။ ဝိုင်းလို့သာနေတယ်၊ ခွေးတစ်ကောင်မှ မစားဝံ့ဘူးတဲ့။ ဝိုင်းလို့သာနေတယ်၊ ကျီးတစ်ကောင်မှ မထိုးဝံ့ဘူး နှုတ်သီးနဲ့။ ဘာပြုလို့လဲဆိုတော့

ပစ္စေကဗုဒ္ဓေ= ပစေကဗုဒ္ဓါ အရှင်မြတ်၌။ သိနေဟပ္ပဘာဝသာ= ချစ်ခင်ခြင်း မေတ္တာလျှင် အမွန်ရှိသော။ ဘုက္ကရဏာသာ= အန္တရာယ်ကင်းအောင် ဟောင်ခဲ့ခြင်း ကောင်းမှု၏။ နိဿန္ဒေန= အကျိုးဆက်ကြောင့်။ ကောပိ=တစုံတခုသော ခွေး, ကျီး, လင်းတမျှ။ ဥပဂန္တုံ =အနီးသို့ ကပ်ရောက်ခြင်းငှာ။ န ဝိသဟိ= မစွမ်းနိုင်။

ဟို– ယောသကနတ်သားဘဝ အလျှင်ခွေးလိမ္မာ ဘဝတုန်းက ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့အပေါ်မှာ မေတ္တာရှေ့ထားပြီးတော့ အရှင်မြတ်အား ဘေးရန်ကင်းအောင် စောင့်ရှောက်ပြီးတော့ ဟောင်ခဲ့တဲ့ကောင်းမှုကုသိုလ်ရဲ့ အကျိုးဆက်ကြောင့် ခွေးတစ်ကောင်မှလည်းပဲ အနားနားမကပ်ခဲ့ဘူး။ ဝိုင်းသာနေတယ်။ ဘယ်ကျီးတစ်ကောင်မှလဲ အနားနား မကပ်ဝံ့ဘူးတဲ့။ ဝိုင်းလို့သာ ဝိုင်းတယ်၊ မကပ်နိုင်ဘူး။

အဲဒီအချိန်မှာ အရပ်ထဲက အမျိုးကောင်းသား မင်းယောကျ်ားတစ်ယောက် အိမ်ပြင်ဘက်ထွက်လို့ မျက်စိရဲ့ရှေးရှု မူမိရာ လှမ်းကြည့်လိုက်တော့ ခွေးတွေ၊ ကျီးတွေ ဟိုမှာဝိုင်းလို့ပါလား။

**ကိံ နု ခေါ ဧတံ။**

ဧတံ= ဤကျီးတွေခွေးတွေ ဝိုင်း၍နေတဲ့ အရာသည်။ ကိံ နု ခေါ= ဘာပါလိမ့်။ ဘာပါလိမ့်ဆိုပြီးတော့ သူသွားကြည့်တယ်။ ကလေး ကလေးတွေ့တယ်။ ဝမ်းသာလွန်းလို့–

**ပုတ္တော မေ လဒ္ဓေါ။**

မေ= ငါသည်။ ပုတ္တော= သားကို။ လဒ္ဓေါ= ရအပ်ပြီ။

http:\\www.dhammadownload.com



ဆန်ကောလေးနဲ့ ပစ်ထားတဲ့ခလေးကို တစ်ခါထဲ အိမ်ယူလာတယ်။ အဝတ်ကလေးဘာလေးနဲ့ မှုယု သုတ်သင် ကျွေးမွေးပြီးတော့ထားတယ်။

အဲဒီနေ့အကြောင်းထူး တစ်ခုရှိတယ် ကောသမ္ဗီမှာ။

## ယောသကကို ကောသမ္ဗီသေဋ္ဌေး မွေးစားခြင်း

ကောသမ္ဗီသေဋ္ဌေးကြီးက မနက်ခင်း မင်းကြီးထံသွားပြီးတော့ အခစားဝင်မလို့ ထွက်လာတဲ့အခါကျတော့ လမ်းခရီးအကြား ဉတေနမင်းထံက ပြန်လာတဲ့ ပုရောဟိတ်နဲ့တွေ့တယ်။ ပုရောဟိတ်နဲ့တွေ့တော့ မေးတယ်–

**ကိံ အာစရိယ အဇ္ဇ တေ တိထိကရဏနက္ခတ္တယောဂေါ ဩလောကိတော။**

အာစရိယ=ဆရာပုရောဟိတ်။ ကိံ= ဘယ့်နှယ်လဲ။ အဇ္ဇ=ယနေ့။ တေ= သင်သည်။ တိထိကရဏနက္ခတ္တယောဂေါ= တိထိကရိဏ်း နက္ခတ်တို့ရဲ့ ယှဉ်ပုံကို။ ဩလောကိတော= ကြည့်ရှုအပ်ပြီးပြီလား။

ဆရာ–တဲ့ ဘယ့်နှယ်လဲ၊ ကနေ့ တိထိကရိဏ်း နက္ခတ်ခါးပတ် ယှဉ်နေပုံကို ဆရာကြည့်ပြီးပြီလားတဲ့။ အဲဒီတော့ ပုရောဟိတ်က ပြန်ပြောတယ်–

**အာမ မဟာသေဋ္ဌိ အမှာကံ ကိံ အညံ ကိစ္စံ။**

မဟာသေဋ္ဌိ=သေဋ္ဌေးကြီး။ အာမ=ဩော်–ကြည့်ပြီးပြီ။ အမှာကံ =ငါတို့အဖို့ရန်။ အညံ=နက္ခတ်ကိုကြည့်ခြင်းမှ တစ်ပါးသော။ ကိစ္စံ= ကိစ္စသည်။ ကိံ= ႕ဘယ်ရှိအံ့နည်း။

ပုရောဟိတ်ဆိုတော့ နက္ခတ်ခါးပတ် ကြည့်ရတာပဲတဲ့။ နက္ခတ်ခါးပတ် ကြည့်ခြင်းမှတပါး အခြားကိစ္စ ဘာမှမရှိပါဘူး။

http:\\www.dhammadownload.com



အဲဒီတော့ ကောသမ္ဗီ သေဋ္ဌေးကြီးက ပြန်မေးပြန်တယ်။

**ဇနပဒဿ ကိံ ဘဝိဿတိ။**

ဇနပဒဿ= ဇနပုဒ်တိုက်နယ်အား။ ဝါ-လူများအပေါင်းအား။ ကိံ ဘဝိဿတိ= ဘယ်လိုအကျိုးအပြစ် ဖြစ်ပါလိမ့်မလဲ။

ဆရာကြီး- တိုင်းသားပြည်သူ ဗိုလ်လူအပေါင်း ဘယ်လိုအကျိုး၊ ဘယ်လိုအပြစ်များ ဖြစ်မလဲ နက္ခတ်ယှဉ်ပုံကြည့်တော့။

ပုရောဟိတ်ကြီးက ပြန်ပြောတယ်-"အညံ နတ္ထိ"။ အညံ= အခြားတစ်ပါး ထူးခြားချက်သည်။ နတ္ထိ= မရှိပါ။

အခြားထူးခြားချက်တော့ မရှိပါဘူး သေဋ္ဌေးကြီးတဲ့၊

**ဣမသ္မိံ ပန နဂရေ အဇ္ဇ ဇာတဒါရကော ဇေဋ္ဌကသေဋ္ဌိ ဘဝိဿတိ။**

ပန= ထူးခြားချက်ကတော့။ ဣမသ္မိံ နဂရေ= ဤကောသမ္ဗီမြို့၌။ အဇ္ဇ=ယနေ့။ ဇာတဒါရကော=မွေးဖွားတဲ့သူငယ်သည်။ ဇေဋ္ဌကသေဋ္ဌိ = အကြီးဆုံးသော သေဋ္ဌေးသည်။ ဘဝိဿတိ= ဖြစ်ပေလိမ့်မယ်။

ထူးခြားချက်ကတော့-သေဋ္ဌေးကြီး၊ ဒီကောသမ္ဗီမြို့မှာ ယနေ့ မွေးတဲ့ ကလေးဟာ အကြီးဆုံးသော သေဋ္ဌေးဖြစ်မယ်။ ဒါပဲ ကျုပ် နက္ခတ်သဘောယှဉ်တာကို ကြည့်ရတော့ ဒီလိုပဲတွေ့ရတယ်။

အဲဒီအချိန်မှာ ကောသမ္ဗီသေဋ္ဌေးကြီးရဲ့ သေဋ္ဌေးကတော်က လည်းပဲ ပတ္တမြားနှတ်ငုံ ကိုယ်ဝန်အရင့်အမာ ရှိတယ်။ ကောသမ္ဗီ သေဋ္ဌေးကြီးက လမ်းကပဲ တပည့်တစ်ယောက်ကို ပြန်လွှတ်လိုက်တယ်-

**ဂစ္ဆ ဘဏေ ဇာနာဟိ နံ ဝိဇာတာ ဝါ နော ဝါ။**

ဘဏေ= အချင်း။ ဂစ္ဆ= သွားပါချေ။ နံ= ထိုငါရဲ့ သေဋ္ဌေးကတော်ကြီးကို။ ဝိဇာတာ ဝါ=မီးရှူးသန့်စင် ဖွားမြင်ပြီးပလား။

http:\\www.dhammadownload.com



ဝါ= သို့မဟုတ်။ နောဝိဇာတာ= မီးရှူးသန့်စင် မဖွားမြင်ရသေးဘူးလား ဆိုတာ။ ဇာနာဟိ= သိအောင်စုံစမ်းခဲ့လော့။

ဟိုက= ဗေဒင်ရယ်လို့ ဟောလိုက်ယင် ကိုယ့်ဖို့သာ အယင် စဉ်းစားတော့တာပဲ။ အကြီးဆုံးသော သေဋ္ဌေးဆိုတာ သူ့သား ဖြစ် စေချင်တာ။ အဲဒါနဲ့ သူ့နောက်ကပါလာတဲ့ တပည့်က အိမ်ကို ပြန်ပြီးတော့ အပြေးအလွှားသွားပြီးတော့ စုံစမ်းတယ်။ မဖွားသေးပါ ဘူး။ န ဝိဇာ ယတိ= မဖွားသေးပါဘူးဆိုတဲ့ သတင်းကြားရတော့ ဘုရင့်နန်းတော် သွားတယ်။

သူ့စိတ်ထဲမှာ အလုပ်လုပ်ချင်လှပြီ။ အင်မတန် စီးပွားရေး အမြင်ကျယ်လွန်းတဲ့ သေဋ္ဌေးကြီးလို့ ဆိုရမှာပ။ ဒါနဲ့ ဥတေနမင်းထံ ဝင်ပြီးတော့ ခစားတယ်။ မင်းကိုတွေ့ပြီး၊ ပြီးပြီးချင်း၊ ခပ်သုတ်သုတ် အိမ်ပြန်လာတယ်။ အိမ်ရောက်တော့ ကာဠီလို့ ခေါ်တဲ့ အိမ်စေမ= ကျွန်မကို ငွေတစ်ထောင်ပေးတယ်။ ငွေတစ်ထောင် လက်ထဲအပ် တယ်။ ဘာပြောသလဲဆိုတော့-

**ဂစ္ဆ ဇေ။**

ဇေ= ဟဲ့ကျွန်မ။ ဂစ္ဆ= သွားတည့်ချေ။

ဣမသ္မိံ နဂရေ။ ဤကောသမ္ဗီမြို့၌။ ဥပဓာရေတွာ= ဥပဓာ ရေဟိ=လိုက်လံစုံစမ်းလော့။ ဥပဓာရေတွာ=လိုက်လံစုံစမ်းပြီးသကာလ။ သဟဿံ ဒတွာ=အသပြာ တစ်ထောင်ထိအောင် ပေးပြီးတော့။ အဇ္ဇ=သနေ့။ ဇာတဒါရကံ= မွေးဖွားသောသူငယ်ကို။ ဂဏှိတွာ= ဝယ်ယူ၍။ ဧဟိ= လာလော့။

ကာဠီ-သင်သွားပြီး ကောသမ္ဗီပြည်မှာ ကနေ့မွေးဖွားတဲ့ သူငယ် ကို ရအောင် စုံစမ်းစမ်း။ အဲဒီစုံစမ်းလို့ တွေ့လို့ရှိယင် တစ်ကျပ်ကစပြီး တော့၊ တစ်ထောင်ထိပါစေ။ ဈေးတဲ့အောင်ပေးပြီး သကာလ လာခဲ့။

http:\\www.dhammadownload.com



အဲဒီတော့ ကာဠိုကမြို့ထဲလျှောက်ပြီး စုံစမ်းတယ်ပေါ့။ လမ်းတိုင်း လမ်းတိုင်း၊ လျှောက်ပြီးတော့ကြည့်တဲ့၊ အကဲခတ်တဲ့အခါ စောစောက သူငယ်ကလေး ကောက်ယူ မွေးစားတဲ့အိမ်မှာ ကလေးကလေး သွားတွေ့တယ်။

**အယံ ဒါရကော ကဒါ ဇာတော။**

အယံ ဒါရကော= ဤသူငယ်သည်။ ကဒါ= ဘယ်ရက်တုန်းက။ ဇာတော= မီးရှူးသန့်စင် ဖွားမြင်ခဲ့သလဲ။

အိမ်ရှင်ကို မေးတယ်။ အဲဒီအိမ်ရှင်တွေက-

**အဇ္ဇ ဇာတော။**

ယနေ့ပဲ မီးရှူးသန့်စင် ဖွားမြင်တဲ့ သူငယ်ပါလို့ပြောတယ်။ အဲဒီတော့ ကာဠိုက-

**ဣမံ မယှံ ဒေဟိ။**

ဣမံ=ဤသူငယ်ကလေးကို။ မယှံ= ကျွန်တော်မအား။ ဒေဟိ= အဖိုးနဲ့ပေးပါ။ ရပါရစေ။ တစ်ကျပ်ကစပေးတယ်။ ဟင် မရောင်းနိုင်ဘူး။ ငါးကျပ်ပေး မရောင်း။ တစ်ဆယ်မရောင်း။ တဖြည်းဖြည်း တက်ပြီးတော့ ပေးသွားတာ၊ တစ်ရာကနေပြီး တစ်ထောင်ကျတော့ ဈေးတည့်တယ်။ တစ်ထောင်ပေးပြီးတော့ ဝယ်လာတယ်။

ကလေးကလေး တစ်ထောင်ပေးပြီး ဝယ်လာပြီးတော့၊ ကောသမ္ဗီ သေဋ္ဌေးကို အပ်တော့၊ သေဋ္ဌေးက လက်ထဲရောက်တော့ စဉ်းစားတယ်။

**သစေ မေ ဓီတာ ဝိဇာယိဿတိ၊ တာယ နံ သဒ္ဓိံ နိဝေသေတွာ သေဋ္ဌိဋ္ဌာနဿ သာမိကံ ကရိဿာမိ။**

မေ= ငါ၏သေဋ္ဌေးကတော်ကြီးသည်။ ဓီတာ=သမီးကို။ သစေ ဝိဇာယိဿတိ= အကယ်၍ မီးရှူးသန့်စင် ဖွားမြင်ငြားအံ့။

အကယ်၍များ သေဋ္ဌေးကတော်ကြီး သမီးကညာကို မီးရှူးသန့်စင် ဖွားမြင်မယ်ဆိုယင်။

http:\\www.dhammadownload.com



တာယ= ထိုသမီးနှင့်။ သဒ္ဓိံ= တကွ။ နံ= ထိုသူငယ်ကို။ နိဝေသေတွာ= နေရာချထား၍။ သေဋ္ဌိဋ္ဌာနဿ သာမိကံ= သဌေး ရာထူး၏ အရှင်ကို။ ကရိဿာမိ= ပြုပေအံ့။

**သစေ မေ ပုတ္တော ဝိဇာယိဿတိ။**

မေ= ငါ၏ သဌေးကတော်ကြီးအား။ ပုတ္တော= သားသည်။ သစေ ဝိဇာယိဿတိ= အကယ်၍ မီးရှူးသန့်စင် ဖွားမြင်ငြားအံ့။ နံ=ထိုသူငယ်ကို။ မာရေဿာမိ=တစ်နည်းနည်းနဲ့ သတ်မယ်လို့ သူက ကြံတယ်။

ဒီသဌေးကတော်ကြီးက သမီးဖွားယင်တော့ ဒီသမီးနဲ့ နေရာ ချထားပြီးတော့ သဌေးရာထူးရဲ့ အရှင်ဖြစ်အောင် ငါလုပ်မယ်။ ငါ့သဌေးကတော်ကြီးက သားယောကျ်ားလေးများ မီးရှူး သန့်စင်ခဲ့ ယင်ဖြင့် ဒီသူငယ်ကို ဖျောက်ဖျက်ပစ်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ဟောဒီ ကလေးကို ဒီအတိုင်းပဲ အိမ်မှာထားတယ်။

## ဃောသကကို နွားခြံဝမှာ ပစ်စေခြင်း

နှစ်ရက်၊ သုံးရက်၊ လေးရက်လောက်ရောက်တော့ သဌေး ကတော်ကြီးက သားယောကျ်ားလေး မီးရှူးသန့်စင် ဖွားမြင်တော့ သဌေးကြီးက စဉ်းစားတယ်။ ဘယ်နှယ့် စဉ်းစားသလဲဆိုတော့–

**ဣမသ္မိံ အသတိ မမ ပုတ္တော ဝ သေဋ္ဌိဋ္ဌာနံ လဘိဿတိ။**

ဣမသ္မိံ= ဤသူငယ်သည်။ အသတိ= မရှိမှ။မမ ပုတ္တောဝ= ငါ့သားသည်သာလျှင်။ သေဋ္ဌိဋ္ဌာနံ= သဌေးရာထူးကို။ လဘိဿတိ= ရပေလိမ့်မယ်။

ဒီကောင်ကလေး မရှိမှ ငါ့သား သဌေးရာထူး ရပေလိမ့်မယ်။

http:\\www.dhammadownload.com



ဣဒါနေဝ=ယခုအခါ၌သာလျှင်။ တံ=ထိုသူငယ်ကို။ မာရေတုံ= ဖျောက်ဖျက်ပစ်ခြင်းငှာ။ ဝဋ္ဋတိ= သင့်ပေ၏။

စောစောစီးစီးက ဒီကလေး ဖျောက်ဖျက်ပစ်မယ်လို့ ဒီ အကြံနှော်။

ကဲလေးက ဟိုအတိတ် စတုတ္ထဘဝတုန်းက ကောတု ဟလိက ဆင်းရဲသားဖြစ်ခဲ့တုန်းက၊ မိမိ ရင်နှစ်သည်းချာ သားကို တောထဲမှာ ခြုံအောက်ကို စွန့်ပစ်ခဲ့တယ်။ အဲဒီတုန်းက အကုသိုလ်ဟာ အခု လာပြီးတော့ မကောင်းကျိုးပေးတယ်။ တစ်ကြိမ် ပေးလိုက်ပြီးပြီ။ ဘယ့်နှယ်လဲ။ မိခင်ဖြစ်တဲ့ ပြည့် တန်ဆာက အိမ်စေမကို ဒီကလေး ဗန်းထဲ ထည့်ပြီးတော့ အမှိုက်ပုံထဲ သွားပစ်ဆိုလို့ ပစ်ခဲ့တယ်။ ဒါ တစ်ကြိမ် အပစ် ခံရတယ်။

အခု ဒီကလေး ကံဆိုးပြန်ပြီတဲ့။

ဘာပြောသလဲ။ သဌေးကြီးက အိမ်စေမကာဠီကိုခေါ်–

**ဂစ္ဆ ဇေ ဝဇတော ဂုန္နံ နိက္ခမနဝေလာယ ဝဇဒွါရမဇ္ဈေ ဣမံ တိရိယံ နိပဇ္ဇာပေဟိ။**

ဇေ=ရှင်မကာဠီ။ ဂစ္ဆ=သွားတည့်ချေ။ ဂုန္နံ=နွားတို့၏။ ဝဇတော= ခြံမှ။ နိက္ခမနဝေလာယ= ထွက်တဲ့အချိန်၌။ ဝဇဒွါရမဇ္ဈေ=ခြံတံခါးဝ၏ အလယ်၌။ ဣမံ=ဤသူငယ်ကို။ တိရိယံ=ဖီလာကန့်လန့်။ နိပဇ္ဇာ ပေဟိ=သိပ်ထားခဲ့။

ကာဠီ–သွား၊ ခြံထဲကနွားတွေ မလွှတ်ခင်၊ နွားတွေလွှတ်တော့ မယ်ဆိုတဲ့ အချိန်ကျယင် ခြံတံခါးဝ အလယ်ခေါင်မှာ၊ သွားပြီးတော့ ဒီကလေး ကန့်လန့်သိပ်ထားလိုက်တဲ့။

**ဂါဝိယော နံ မဒ္ဒိတွာ မာရေဿန္တိ။**

http:\\www.dhammadownload.com



ဂါဝိယော= နွားမတို့သည်။ နံ= ထိုကလေးကို။ မဒ္ဒိတွာ= နင်း၍။ မာရေဿန္တိ= သေစေကြလိမ့်မယ်။

အဲဒီလို ပစ်ထားယင် နွားမတွေ တစ်ကောင်မနင်း တစ်ကောင် နင်း ဒါနဲ့ ဒီကလေး သေစေကြလိမ့်မယ်တဲ့ ။

**ပဝတ္တိံ မဒ္ဒိတာမဒ္ဒိတဘာဝံ ပနဿ ဉတွာ ဧဟိ။**

ပန= ငါအထူးမှာလိုတာကတော့။ အဿ= ထိုကလေး၏။ ပဝတ္တိံ= သေမသေဖြစ်ရပ်ကို။ မဒ္ဒိတာမဒ္ဒိတဘာဝံ= နွားမတွေ နင်း မနင်းသည်၏အဖြစ်ကို။ ဉတွာ=သင်သိအောင် စုံစမ်းခဲ့ပြီးမှ။ ဧဟိ= ပြန်လာလော့။

နွားခြံတံခါးဝ သွားပြီးတော့ ချထားလို့ရှိယင် နွားမတွေ နင်းတာနဲ့ ဒီကလေးပျက်စီးရမယ်။ အခုသွားပြီးတော့ အဲဒီနွားခြံတံခါးဝ ကလေးကို သိပ်ထားလိုက်၊ ဒီကလေးရဲ့ ဖြစ်ပုံကို ငါ့လဲပြန်ပြော။ နင်သိအောင် စုံစမ်းခဲ့လို့ အိမ်စေကာင္ဒီကို အိမ်ရှင်သေဌေးခိုင်း။ ခိုင်းတာ အကုန်လုပ်ရတယ်၊

ဒါနဲ့သူလည်း နွားခြံတံခါးဝ အလယ်ခေါင်မှာကိုသွားပြီးတော့ ကလေးကို ပက်လက်ကလေးလှန်ပြီး သိပ်ထားတယ်။ ရက်သား လောက်ပဲ ရှိသေးတဲ့ အရွယ်ပါ။ ဘာတတ်နိုင်တာမှတ်လို့။ ဒီအတိုင်း အပစ်ခံရတယ်။

အဲဒီလို ပက်လက်ကလေးသိပ်ထားပေမယ့်။ ကလေးရဲ့ ကံက ထောက်ပံ့တော့ တစ်နေ့မှာ သူက သောတာပန်အရိယာ ဖြစ်မယ်။ သူ့သန္တာန်မှာ ဖြစ်လတ္တံ့သော သောတာပတ္တိမဂ် ဉာဏ်ရဲ့ တန်ခိုးဣဒ္ဓိပါဒ် ကလည်း ရှိသေးတယ်။ ဉာဏဝိပ္ဖာရိဣဒ္ဓိ ဆိုတာ၊ ပစ္ဆိမဘဝိက သားဆိုတော့မသေဘူး။

http:\\www.dhammadownload.com



အဲဒီလို ပစ်ထားလိုက်တယ် ဆိုယင်ပဲ၊ ခြံတံခါးဝရောက်လည်း ရောက်ကရော ကလေးကိုကြည့်ယင် ကလေးကို ခြေလေးဘက် အောက်မှာအုပ်ပြီးတော့ ဥသဘနွားလားကြီးက မတုန်မလှုပ် ရပ်နေတယ်။ နွားကျောင်းသားက နွားမတွေ ရိုက်မောင်းလုပ်။ နွားမတွေကလည်း ဥသဘနွားလားကြီးရဲ့ ဝဲဘက်၊ ယာဘက်တွေက ထွက်ကြတယ်။ ဒီလိုသာထွက်တယ်။ အဲဒီဥသဘနွားလားကြီးကတော့ မတုန်မလှုပ် တစ်ခါတည်းရပ်နေတယ်။ နွားကျောင်းသားက စဉ်းစားတယ်။

**အယံ ဥသဘော ပုဗ္ဗေ သဗ္ဗပစ္ဆာ နိက္ခမတိ။**

အယံ ဥသဘော= ဤဥသဘနွားလားကြီးသည်။ ပုဗ္ဗေ= ရှေးရှေး ရက်တွေ လတွေတုန်းက။ သဗ္ဗပစ္ဆာ= အလုံးစုံသော နွားတို့၏နောက်မှ။ နိက္ခမတိ = ထွက်၏။

**အဇ္ဇ ပန သဗ္ဗပဌမံ နိက္ခမိတွာ ဝဇဒွါရမဇ္ဈေ နိစ္စလော ဌိတော။**

အဇ္ဇ ပန=ယနေ့တော့ကား။ သဗ္ဗပဌမံ=အလုံးစုံသော နွားတို့မှ ရှေးဦးစွာ။ နိက္ခမိတွာ=ထွက်၍။ ဝဇဒွါရမဇ္ဈေ= ခြံတံခါးဝ အလယ်ခေါင်ကြီးက။ နိစ္စလော=မတုန်မလှုပ်သာလျှင်။ ဌိတော= ရပ်တည်၍ နေ၏။

**ကိံ နုခေါ တေ။**

တေ= ဤသို့ဖြစ်ရခြင်းသည်။ ကိံ နုခေါ= ဘာအကြောင်းပါလိမ့်။ နွားကျောင်းသားက စဉ်းစားပြီးတော့ သွားကြည့်တယ်။ လား-လား- ဥသဘနွားလာကြီး၊ရဲ့ ဗိုက်အောက်မှာ ကလေးကလေး သွားတွေ့တယ်။ ဝမ်းမြောက်ဝမ်းသာနဲ့-

**ပုတ္တော မေ လဒ္ဓေါ။**

မေ= ငါသည်။ ပုတ္တော= သားကို။ လဒ္ဓေါ= ရအပ်ခဲ့ပြီ။

http:\\www.dhammadownload.com



တစ်ခါတည်း ကလေးကလေး ပွေ့ချီပြီးတော့၊ အိမ်ကို တစ်ခါတည်း ယူသွားတယ်။ ကာဠီက ဒီအကြောင်းကို သူဘေးက တစေ့ တစောင်းကြည့်လို့ မြင်တယ်။ မြင်တော့မှ ကောသမ္ဗီသေဋ္ဌေး ကြီးထံ ပြန်ပြီးတော့ပြောတယ်။ နွားကျောင်းသား ကောက်သွားတယ်။ သေဋ္ဌေးကြီးက ခိုင်းပြန်ပြီ။

**ဂစ္ဆ နံ ပုန သဟဿံ ဒတွာ အာနေဟိ။**

ဂစ္ဆ= သွားချေ။ နံ= ထိုကလေးကို။ ပုန= တစ်ဖန်။ သဟဿံ ဒတွာ= ငွေတစ်ထောင်ပေးပြီးတော့။ အာနေဟိ= ခေါ်ဆောင်ခဲ့လော့။

ပိုက်ဆံအကုန်ခံပြီးတော့ ဒီကလေး သေရာသေကြောင်း ကြံပါတယ်။ ငွေတစ်ထောင် ပေးတယ်။ ကဲသွား ဒီကလေးကို တစ်ထောင်နဲ့ ရအောင် ဝယ်ခဲ့။ ကာဠီက ငွေတစ်ထောင်ပိုက်၊ နွားကျောင်းသား အိမ်သွား၊ ဒီကလေးကို ရောင်းပါတော့ဆိုလို့ တစ်ထောင်နဲ့ ဈေးတည့်တယ်။ သေဋ္ဌေး ပြန်အပ်ပြန်ပြီ။

## ဃောသကကို လှည်းလမ်းကြောင်း၌ ပစ်ပြန်ခြင်း

သေဋ္ဌေးက ဒီတော့ တတိယအကြိမ်–

အမ္မ ကာဠီ=အမိကာဠီ။ ဣမသ္မိံ နဂရေ=ဤငါတို့ ကော သမ္ဗီမြို့၌။ ပဉ္စသကဋသတာနိ= လှည်းအစီး ငါးရာတို့သည်။ ပစ္စူသ ကာလေ ဥဋ္ဌာယ=မိုးသောက်ထအခါ၌ထ၍။ ဝါဏိဇ္ဇာယ=ကုန်သွယ် ခြင်းငှာ။ ဂစ္ဆန္တိ= သွားကြကုန်၏။

ကာဠီ နင်သိတယ်မဟုတ်လား။ တို့ကောသမ္ဗီပြည်ကလေ၊ လှည်းအစီးငါးရာ နေ့တိုင်းနေ့တိုင်း စောစောထပြီးတော့ ကုန်ရောင်းဝယ်သွားကြတယ်။ ဘာလုပ်ရမတုန်းဆိုတော့–

http:\\www.dhammadownload.com



တွံ= သင်သည်။ ဣမံ= ဤသူငယ်ကို။ နေတွာ= ယူဆောင်၍။ စက္ကမဂ္ဂေ= လှည်းဘီးကျတဲ့လမ်း၌။ နိပဇ္ဇာပေဟိ= သိပ်၍ထားလော့။

ဒီကလေးယူသွားတဲ့။ ယူသွားပြီးတော့ လှည်းဘီးနင်းမယ့်လမ်းမှာ ဒီကလေးကို အလျားလိုက် တစ်ခါတည်း သိပ်ထားခဲ့။

**ဂေါဏာ ဝါ နံ မဒ္ဒိဿန္တိ၊ စက္ကာ ဝါ ဆိန္ဒိဿန္တိ။**

နံ= ထိုသားငယ်ကို။ ဂေါဏာ ဝါ= နွားတို့ကသော်မှုလည်း။ မဒ္ဒိဿန္တိ=နင်းကြလိမ့်မယ်။ ဝါ=သို့မဟုတ်။ စက္ကာ ဝါ= လှည်းဘီးတို့ကသော်မှုလည်း။ ဆိန္ဒိဿန္တိ= ဖြတ်ကြလိမ့်မယ်။

**ပဝတ္တိံ စဿ ဉတွာဝ အာဂစ္ဆေယျာသိ။**

အဿ= ထိုသူငယ်၏။ ပဝတ္တိံ= ဖြစ်ရပ်ကို။ ဉတွာဝ= သိအောင်လုပ်ပြီးမှသာလျှင်။ အာဂစ္ဆေယျာသိ= နင်ပြန်ခဲ့။

ဆိုပြီးတော့ သုံးနာရီခွဲလောက် အစောကြီးပဲ ဆိုပါစို့။ လူမသိတဲ့အချိန်မှာ ကာဠိက ကလေးကလေး ယူသွားရော။ လှည်းအစီးငါးရာ ကုန်သည်တွေသွားမယ့်လမ်းမှာ လှည်းဘီးကျတဲ့ လမ်းပေါ် ကလေးလေး သိပ်ထားတယ်။ ဟို–တစေ့တပါးက ချောင်းကြည့်တယ်။ ချောင်းပြီးတော့ အကဲခတ်ကြည့်တယ်။

လာပြီ လှည်းအစီးငါးရာ။ အဲဒီအထဲမှာ ကုန်သည်မှူးလုပ်တဲ့ ပုဂ္ဂိုလ်က ရှေးဦးဆုံးလှည်းက စီးပြီးတော့ ကုန်တွေတင် လှည်းမောင်းလာတယ်။ ဒီကလေး အနားလည်းရောက်ကရော အဲဒီလှည်းတွေ၊ နွားတွေဟာ ရှေ့မတိုးတော့ဘူး။ တစ်ခါတည်း ထမ်းပိုးထဲကနေပြီးတော့ ကန်ကန်ရုန်းထွက်လာတယ်။ ရုန်းထွက်ပြန် ပြန်တပ်။ ပြန်တပ်ပြီးတော့ ကုန်တွေပြန်တင်။ မောင်း မရ။ ဒီလိုချည်းပဲ တစ်မနက်လုံး ရုန်းကန်ထွက် ရုန်းကန်ထွက်နဲ့ ဒီလိုဖြစ်နေတယ်။ အဲဒီအချိန်က မှောင်နေသေးတဲ့အချိန်။ ဒီလိုဖြစ်နေတာ အရုဏ်တက်တယ်။ အရုဏ်တက်တော့မှ–

http:\\www.dhammadownload.com



**ကိံ နု ခေါ ဂါဝေါ ကရောန္တိ။**

ဂါဝေါ= နွားတို့သည်။ ကိံ နု ခေါ ကရောန္တိ= ဘာလုပ်နေကြတာပါလိမ့်။ တစ်ကြိမ်မက၊ နှစ်ကြိမ်မက နွားတွေ ဘာဖြစ်နေတာပါလိမ့်။ အရဏ်တက်တော့မှ လှည်းရှေ့လှမ်းမျှော် ကြည့်လိုက်တော့ ဟောဒီလှည်းလမ်းကြောင်းမှာ ကလေးလေးတွေ့တော့မှ ဟာ ဒီကလေးလေးကြောင့်ပဲ ဆိုပြီးတော့ "ပုတ္တော မေ လဒ္ဓေါ" ငါသားလေးရပြီဆိုပြီးတော့ လှည်းကုန်သည်မှူးကလည်း ဝမ်းသာအားရ ကလေးကို အိမ်ယူသွားပြန်တယ်။ ကာဠိက ဒီအဖြစ်သိတယ်။

ကောသမ္ဗီသေဌေးကြီးထံ ပြန်သွားတယ်။ အဲ- သေဌေးကြီးထံမှောက် ရောက်တော့ လှည်းကုန်သည်မှူး ကောက်သွားတယ် ဆိုတဲ့အကြောင်းပြောတော့

**ဂစ္ဆ နံ ပုန သဟဿံ ဒတွာ အာနေဟိ။**

ဂစ္ဆ=သွားတည့်ချေ။ နံ=ထိုကလေးကို။ ပုန=တဖန်။ သဟဿံ ဒတွာ= ငွေတစ်ထောင်ပေးပြီးတော့။ အာနေဟိ= ခေါ်ဆောင်ခဲ့။

ဆိုပြီးတော့ ငွေတစ်ထောင် ပေးလိုက်တယ်။ ကာဠိက လှည်းကုန်သည်မှူးရဲ့ အိမ်သွားပြီးတော့ မရ-အရ တစ်ထောင်နဲ့ ဝယ်လာပြီးတော့ ကလေးကို သေဌေးအပ်ပြီ။ သေဌေးက စတုတ္ထအကြိမ်ကျတော့ ဘာခိုင်းလိုက်သလဲ-

## ယောသကကို သုသာန်၌ပစ်ပြန်ခြင်း

**ဣဒါနိ နံ အာမကသုသာနံ နေတွာ ဂစ္ဆန္တရေ နိပဇ္ဇာပေဟိ။**

ဇေ= ကျွန်မ။ ဂစ္ဆ= သွားလော့။ ဣဒါနိ= ယခုအခါ၌။ နံ=ထိုကလေးကို။ အာမကသုသာနံ=သုသာန်သို့။ နေတွာ= ခေါ်ဆောင်၍။ ဂစ္ဆန္တရေ= ခြုံတစ်ခုခုအောက်၌။ နိပဇ္ဇာပေဟိ= သိပ်ထားခဲ့။

http:\\www.dhammadownload.com



သုသာန်ရောက်အောင် ဒီကလေးကို ယူသွားပါ။ သုသာန်ရောက်တော့ ခြုံပုတ်တစ်ခုခုအောက်မှာ သင်းကို သိပ်ထားခဲ့။

**တတ္ထ သုနခါဒီဟိ ဝါ ခါဒိတော အမနုဿေဟိ ဝါ ပဟဋော မရိဿတိ။**

တတ္ထ= ထိုသုသာန်အနီး ခြုံပုတ်ရဲ့အောက်၌။ သုနခါဒီဟိ= ခွေးစသည်တို့က။ ခါဒိတော ဝါ= ခဲစားအပ်သည်ဖြစ်၍သော်လည်းကောင်း။ အမနုဿေဟိ=ဘီလူးတို့က။ ပဟဋောဝါ= ရိုက်နှက်ပုတ်ခတ်အပ်သည် ဖြစ်၍သော် လည်းကောင်း။ မရိဿတိ= သေလိမ့်မယ်။

အဲဒီသုသာန် ရောက်ပြီဆိုလျှင် တစ်ခုခုပဲ။ ခွေးတို့၊ မြေခွေးတို့၊ တစ်ကောင်ကောင်စားလို့သော် လည်းကောင်း၊ ဒါမှမဟုတ်ယင်လဲပဲ၊ သုသာန်ဆိုတာ ဘီလူးတွေ ဘာတွေ ကျက်စားတာဖြစ်တော့ သူတို့နှိပ်စက် ပုတ်ခတ်လို့လဲပဲ ဒီကလေး သေနိုင်တယ်။

**မတာမတဘာဝဉ္စဿ ဇာနိတွာဝ အာဂစ္ဆေယျာသိ။**

အဿ= ထိုကလေး၏။ မတာမတဘာဝဉ္စ= သေမသေအဖြစ်ကိုလဲပဲ။ ဇာနိတွာဝ= သိအောင် နင်စုံစမ်းပြီးမှသာလျှင်။ အာဂစ္ဆေယျာသိ= ပြန်လာခဲ့လော့။

လွှတ်လိုက်တယ်။ အိမ်စေကာငွဲဆိုတော့ ခိုင်းသမျှ ဘာမှ မငြင်းဝံ့ဘူး လုပ်ရတယ်။ ကလေးလေး ယူသွားတယ်။ သုသာန်က ဟိုခြုံပုတ်တစ်ခုအောက်မှာ ကလေးလေးသိပ်ထား၊ အဲဒီလို သိပ်ထားတဲ့အခါမှာ မနက်ခြောက်နာရီ၊ ခုနစ်နာရီလောက် ရောက်တော့ ဆိတ်ကျောင်းသားတစ်ယောက်က ဆိတ်တွေ စားကျက်ပို့ဖို့ရန်အတွက် ဒီသုသာန်နားကနေပြီး ကပ်ပြီးတော့ ဆိတ်ဟေ့ကို မောင်းသွားတယ်။

အဲဒီလို မောင်းသွားတဲ့အခါမှာ ဆိတ်အုပ်ကြီးထဲက ဆိတ်မကြီး တစ်ကောင်က သစ်ရွက်ကို စားရင်းစားရင်း၊ စာရင်းစားရင်းနဲ့

http:\\www.dhammadownload.com



အဲဒီခြုံပုတ်နား ရောက်တယ်။ ခြုံပုတ်နားရောက်သွားလို့ ခြုံပုတ်အောက်က ကလေးကို တွေ့တယ်ဆိုရင်ပဲ ဆိတ်မကြီးက အဲဒီသူ့ခြေထောက်ကလေးကို၊ ပုဆစ်ကလေးကိုတုပ်ပြီးတော့ ကလေးကို နို့တိုက်ပေးတယ်။ ဆိတ်ကျောင်းသားက နောက်ကနေပြီးတော့ ဟေး ဟေး ဟေး ဟေးနဲ့ ဆိတ်တွေကို မောင်းပေးတယ်ပေါ့။ ဒါပေမယ့်လို့ ဒီခြုံပုတ်အောက်က ဒီဆိတ်မကြီးက မထွက်ဘူး။

ဆိတ်ကျောင်းသားက တဟေးဟေးနဲ့ ခြောက်ပေမယ့် မထွက်တော့–

**ဒဏ္ဍေန နံ ပဟရိတွာ နီဟရိဿာမိ။**

နံ=ထိုဆိတ်မကြီးကို။ ဒဏ္ဍေန=တုတ်လှင်ကန်ဖြင့် (ငါ့လက်ထဲပါတဲ့ တံဖျာဖြင့်) ပဟရိတွာ= ကျောကိုရိုက်၍။ နီဟရိဿာမိ= ခြုံအောက်ကထုတ်မယ်။

ဒီအကြံနဲ့ သူ့လက်ထဲကပါတဲ့ တံဖျာကိုင်ပြီးတော့ ဆိတ်မကြီးအနား သွားတော့ လား–လား ဆိတ်မကြီးက ဒူးလေးကိုတုပ်လို့တဲ့။ ကလေးလေးကို တစ်ခါထဲနို့တိုက် ပေးနေတယ်။ ဒါလေး တအံ့တဩ အထူးအဆန်း မြင်တော့

**ပုတ္တော မေ လဒ္ဓေါ။**

ဟာ– ငါသားရပြန်ပြီ။ ဆိတ်ကျောင်းသားကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ကလေးကိုပွေ့ချီ။ သူ့အိမ်ကိုပြန်ပြီးတော့ ယူဆောင်သွားတယ်။ အဲဒီအကြောင်း ကာဠီက တစေ့တစောင်း ကြည့်လို့သိတော့မှ သေဌေးပြန်ပြီးတော့ အကြောင်းကြားတော့

**ဂန္တွာ တံ ပုန သဟဿံ ဒတွာ အာနေဟိ။**

ကာဠီ= ကာဠီ။ ဂန္တွာ= သွားအုန်း။ ပုန= တစ်ဖန်။ သဟဿံ= အသပြာတစ်ထောင်ကို။ ဒတွာ= ပေး၍။ တံ= ထိုကလေးကို။ အာနေဟိ= ယူဆောင်ခဲ့လော့။

http:\\www.dhammadownload.com



## ဃောသကကို စောရပပါတ ချောက်ထဲပစ်ချပြန်ခြင်း

ငွေတစ်ထောင် ထပ်ပေးတယ်။ အဲ- ဆိတ်ကျောင်းသားဆိုတော့ ငွေတစ်ထောင် မြင်မှမမြင်ဘူးပဲ။ ဒီတော့ ငွေတစ်ထောင်ပေးယင် အလွယ်နဲ့ရတယ်။ ကာဠိက သေဌေးအပ်ပြန်။ အပ်တယ်ဆို ဒီ တစ်ခါတော့ ကောသမ္ဗီသေဌေးက-

**ဂစ္ဆ ကာဠိ ဣမံ အာဒါယ စောရပပါတပဗ္ဗတံ အဘိရုဟိတွာ ပပါတေ ခိပ။**

ဂစ္ဆ ကာဠိ=သွားပါလေကာဠိတဲ့။ (ဘယ်သွားရမလဲ)။ ဣမံ= ဤသူငယ်ကို။ အာဒါယ=ယူဆောင်၍။ စောရပပါတပဗ္ဗတံ= စောရ ပပါတတောင်သို့။ အဘိရုဟိတွာ အဘိရုဟာဟိ= တက်လော့။

လူဆိုးသူဆိုးတွေကို ဟိုတုန်းကတော့- ကမ္မကရဏ= ကံကြမ္မာ သဘောမျိုးပေါ့။ တောင်ပေါ်က တွန်းတွန်းပြီးတော့၊ ပစ်ချပြီးတော့ ဒီလိုသတ်တဲ့ ဒီလိုတောင်မျိုးကို "စောရပပါတတောင်"လို့ရှိတယ်။ အဲဒီ စောရပပါတတောင်ကို-

အဘိရုဟိတွာ= တက်ရောက်ပြီးတော့။ ဣမံ= ဤသူငယ်ကို။ ပပါတေ= ချောက်ထဲ၌။ ခိပ= ပစ်ချလိုက်။

စောရပပါတတောင်ပေါ်တက်။ ဒီကလေးကို ချောက်ထဲ ပစ်ချလိုက်။

**ပဗ္ဗတကုစ္ဆိယံ ပဋိဟညမာနော ခဏ္ဍာခဏ္ဍိကော ဟုတွာ မရိဿတိ (ဘူမိယံ ပတိဿတိ)။**

ဝေ= ဤသို့ ချောက်ထဲပစ်ချလိုက်လို့ရှိယင်ဖြင့်။ ပဗ္ဗတကုစ္ဆိယံ= တောင်ဝမ်း၌။ ပဋိဟညမာနော=ခိုက်အပ်သည်ဖြစ်၍။ ခဏ္ဍာခဏ္ဍိ ကော ဟုတွာ မရိဿတိ= အပိုင်းပိုင်းဖြစ်ပြီးတော့ သေလိမ့်မယ်။ (ဘူမိယံ ပတိဿတိ= မြေသို့ကျလိမ့်မယ်။)

http:\\www.dhammadownload.com



**မတာမတဘာဝဠ္ဌသ ဥတ္တာဝ အာဂစ္ဆေယျာသိ။**

အသ= ထိုကလေး၏။ မတာမတဘာဝဠ္ဌ= သေသည်မသေသည်၏ အဖြစ်ကိုလဲ။ ဥတ္တာ ဝေ= သိအောင် နင်စုံစမ်းပြီးမှသာလျှင်။ အာဂစ္ဆေယျာသိ= လာခဲ့လော့။

ဆိုတော့–သူ့ကျွန်ဆိုတော့ ခိုင်းသမျှ လုပ်ရတယ်။ ဘူလည်းပဲ အမျိုးသမီးတစ်ယောက်ပဲ။ မိခင်စိတ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်။ ဘယ်ပြုချင်မလဲ။ ဒါပေမယ့် သေဒွေးကြောက်တော့ ခိုင်းသလိုပဲ ကလေးကို စောရပပါတတောင်ထိပ်ကို ယူဆောင်သွားပြီးတော့၊ အဲဒီတောင်ထိပ်က နေပြီးတော့ ပစ်ချလိုက်တယ်။ ဖြစ်ချင်ရာဖြစ်ရော့။

ကံကောင်းတော့ ဒီတောင်ခြေမှာ ပတ်ပြီးတော့ ဝါးတောကြီးက ပေါက်လျက်ရှိတယ်။ အဲဒီဝါးပင်တွေ၊ ဝါးရုံတွေပေါ်မှာမှ ရွှေပင်ကြီးက အုပ်ပြီးတော့ ဇာကြီးများ အုပ်ထားသလို၊ ပိုက်ကွန်ကြီးများ အုပ်ထားသလို ဖြစ်နေတယ်။ ကလေးက ကံအားလျော်စွာ ဒီဝါးရုံထိပ်က အုပ်နေတဲ့ရွှေပင်၊ ဇာသဖွယ်အုပ်နေတဲ့ ရွှေပင်ပေါ်မှာ ကော်ဇောပေါ် ကျသလို ကလေးက ကျသွားတယ်။ အဲဒီရွှေပင်အုပ်ကြီးက ခံထားတယ်။

အဲဒီနေ့မှာပဲ ကျူထရုံသည်ပေါ့လေ၊ နှီးဆရာကြီး၊ ဝါးအတွက် လိုအပ်လို့ ဒီလာပြီးတော့ ဒီဝါးရုံ ခုတ်တဲ့အခါကျတော့ ကလေးက အပေါ်က အသံပေးတယ်။ သူတို့သားအဖ နှီးဖြာသားအဖက ဒါရကသဒ္ဒေါဝိယ=ကလေးသံနှင့် တူလှချည့်။ ဒီဝါးရုံပေါ်က ကလေးသံနဲ့တူတယ်ဟော့။ ဒါနဲ့တစ်ခါ သူတို့ တစ်ဖက်ကနေပြီးတော့ ဝါးရုံပေါ် မရောက်အရောက် တက်ကြည့်တော့ ကလေးလေးတွေ့တယ်။

**ပုတ္တော မေ လဒ္ဓေါ။**

http:\\www.dhammadownload.com



ဟာ– သားရပြီ။ ဝမ်းမြောက်ဝမ်းသာနဲ့ နှီးဆရာကြီးက အိမ်ယူသွားပြီ။ ဒီအကြောင်းကို ကာဠီ တစေ့တစောင်း ချောင်းကြည့်ရာက သိလို့ သေဋ္ဌေးကို ပြန်ပြောတယ်။ သေဋ္ဌေးကလည်းပဲ သွားအုန်းတဲ့–

**ဂစ္ဆ နံ သဟဿံ ဒတွာ အာနေဟိ။**

ကာဠီ–သွားအုန်း။ တစ်ဖန်ငွေတစ်ထောင်ပေးပြီးတော့ ဒီကလေးကို ရအောင်ဆောင်ခဲ့။

ကလေးကလည်း ကံဆိုးတာ။ ဒီလောက်တောင်မှ အကြိမ်ကြိမ်ရှိနေတာ။ တစ်ဦးတစ်ယောက်မှ မရောင်းနိုင်ဘူးဆိုတာ မရှိဘူး။ ငွေတစ်ထောင်ကျတော့လည်းပဲ သူကလိုချင် ငါကလိုချင်နဲ့ ရောင်းလိုက်တယ်။ (အဲဒီနှီးဆရာကြီးက တောင်းယက်တဲ့ လူကြီးဆိုပါစို့။ ဒေါင်းရွှေသမားပေါ့။)

အဲဒါနဲ့ သူကရောင်းလိုက်တော့လည်း သေဋ္ဌေးဆီ ရောက်ပြန်တယ်။

## ယောသကကို အိုးဖုတ်သမားထံ လွှတ်ခြင်း

ကိံသု နံ မာရေယျံ=ကိုင်း ဒီကလေးကို ဘယ်လိုများ သတ်ရမလဲ။ သေဋ္ဌေးက စဉ်းစားတယ်။ ဓိက်ထဲအကြံရတယ်။ အကြံရတော့ အိုးထိန်းသည်အိုးလုပ်တဲ့လူဆီသွားတယ်။ အိုးဖုတ်သမားပေါ့လေ။

သမ္မ= အမောင်အိုးထိန်းသည်။ တွံ= သင်သည်။ ကဒါ= အဘယ်အခါကာလ၌။ အာဝါပံ= အိုးဖိုကို။ အာလိမ္ပေဿတိ = မီးတိုက်မလဲ။

အမောင်–မင်းအိုးဖိုကို ဘယ်တော့ မီးတိုက်မလဲ။ အိုးထိန်းသမားက ပြန်ပြောလိုက်တယ်။ သွေ=မနက်ဖြန်ခါ မီးတိုက်မလို့ပဲ သေဋ္ဌေးမင်း။ နက်ဖြန်ခါ တိုက်မလို့ပဲ။

http:\\www.dhammadownload.com



**တေန ဟိ မမ ဧကံ ကမ္မံ ကရောဟိ။**

အေး- ဒါဖြင့် နက်ဖြန်ခါ မီးတိုက်မယ်ဆိုယင် ငါ၏ အလုပ်ကိစ္စတစ်ခုကို မင်းလုပ်ပေးစမ်းပါကွာ။ အိုးထိန်းသည်က ပြန်မေးတယ်-

ကိံ သာမိ= ဘယ်လိုအလုပ် လုပ်ရမှာလဲ အရှင်သေဋ္ဌေး။

ဒီတော့ သေဋ္ဌေးက ပြန်ပြောတယ်။ ရော့ ငွေတစ်ထောင်၊ စရန်နဲ့။ အာမခံပေါ့လေ။

**ဧကော မမ အဝဇာတပုတ္တော အတ္ထိ။**

မမ= ငါ့အား။ ဧကော= တစ်ယောက်သော။ အဝဇာတပုတ္တော= ယုတ်ညံ့တဲ့သားသည်။ အတ္ထိ = ရှိ၏။

သားက လောကမှာ သုံးမျိုးရှိတယ်-

၁။ **အတိဇာတသား** = မိဘထက် သာလွန်မြင့်မြတ်တဲ့သား၊

၂၊ **အနုဇာတသား** =မိဘနဲ့ သင့်လျော်လျောက်ပတ်ရုံ ရှိတဲ့သား၊

၃။**အဝဇာတသား**=မိဘအောက် အစစအရာရာယုတ်နိမ့်တဲ့သား။

အဝဇာတ သားတစ်ယောက်ရှိတယ်ကွာတဲ့။ အဲဒါ ဘာပြုသလဲ-

တံ = ထိုငါရဲ့ အဝဇာတသားကို။ တဝ သန္တိကံ =သင့်အထံသို့။ ပေသေဿာမိ = လွှတ်လိုက်မယ်။ ဘာလုပ်ဖို့တုန်း။ အထ = ထိုသို့ လွှတ်လိုက်သောအခါ၌။ နံ = ထိုငါ့သားကို။ ဂဟေတွာ ဂဏှာဟိ= ဖမ်းယူလော့။ (ဖမ်းပြီး ဘာလုပ်ရမလဲ)။ ဂဟေတွာ= ဖမ်းယူပြီးတော့။ ဂဗ္ဘံ = အိမ်ခန်းထဲမှာ။ ပဝေသေတွာ = ပဝေသေဟိ = သွင်းထား။ (အခန်းထဲ တံခါး ပိတ်ထားလိုက်ကွာ။ ကဲဒါပြီး ဘာလုပ်ရမလဲ)

ပဝေသေတွာ = သွင်းပြီးသကာလ။ တိခိဏာယ ဝါသိယာ= ထက်လှစွာသော ပဲခွပ်ဖြင့်။ ခဏ္ဍာခဏ္ဍိကံ =အပိုင်းအပိုင်း။ ဆိန္ဒိတွာ - ဆိန္ဒာဟိ=ဖြတ်တောက်လော့။ (အခန်းထဲပိတ်ပြီးတော့ ထက်စွာသော ဓားနဲ့ အပိုင်းအပိုင်း ဖြတ်ကွာ)

http:\\www.dhammadownload.com



ဆိန္နိတွာ = အပိုင်းအပိုင်း ဖြတ်ပြီး သကာလ။ တဋ္ဋိယံ =အိုး စရည်းထဲ၌။ ပက္ခိပိတွာ = ပက္ခိပေဟိ = ထည့်လော့။ (ထည့်ပြီး ဘာလုပ် ရမလဲ)။ ပက္ခိပိတွာ=ထည့်ပြီးတော့။ အာဝါပေ =အိုးဖိုထဲ၌။ ပစေယျာသိ '= ဖုတ်ပစ်လိုက်။

**ဣဒံ တေ သဟဿံ သစ္စကာရသဒိသံ။**

ဣဒံ သဟဿံ =ဤဟောဒီ ယခုငွေ တစ်ထောင်သည်။ တေ = သင့်အဖို့ရာ။ သစ္စကာရသဒိသံ = အာမခံနဲ့တူတဲ့ ငွေပါတဲ့။

**ဥတ္တရိံ ပန တေ ကတ္တဗ္ဗယုတ္တကံ ပစ္ဆာ ကရိဿာမိ။**

ဥတ္တရိံ ပန = ငွေတစ်ထောင်ထက် ပိုလွန်သော ငွေကိုမူကား။ ပစ္ဆာ=နောက်အခါကျမှ။ တေ=သင့်အား။ ကတ္တဗ္ဗယုတ္တကံ=ပြုသင့်တဲ့ အမှုကို။ ကရိဿာမိ = ငါပြုပါမယ်။

ကျေးဇူးနောက်မှ ငါပြုပါမယ်ကွာလို့ ဆိုတော့။ အိုးထိန်းသည် အိုးလုပ်တဲ့ လူဆိုတော့ အခုလည်း တစ်ထောင်ရတယ်။ နောက်လည်းပဲ ရအုန်းမယ်ဆိုတော့ သူကလည်း သာဓုပဲ = ကောင်းပါပြီ၊ ပို့လိုက်ပါတဲ့။

သေဋ္ဌေးက နောက်တစ်နေ့ရောက်တော့ ဃောသကကို ခေါ်ပြော တယ်။ တာတ= ဃောသက = ချစ်သား ဃောသက။ ဟေ=လာလော့။ တွံ = သင်သည်။ ဂန္တွာ = သွား၍။ ကုမ္ဘကာရံ = အိုးထိန်းသည်ကို။ ဝဒေဟိ = ပြောလိုက်စမ်း။

ဘယ်လို ပြောရမလဲ အဖေ။

**ဟိယျော ကိရ မေ ပိတရာ အာဏတ္တံ ကမ္မံ နိပ္ဖာဒေဟီတိ။**

ဟိယျော =ယမန်နေ့က။ မေ = ငါ၏။ ပိတရာ=ဖခင်ကြီးသည်။ အာဏတ္တံ = စေခိုင်းအပ်သော။ ကမ္မံ = အလုပ်ကို။ နိပ္ဖာဒေဟိ = ပြီးအောင် ပြုလုပ်ပါလော့။ ဣတိ = ဤသို့။ ကုမ္ဘကာရံ = အိုးထိန်း သည်ကို။ ဝဒေဟိ = မင်းသွားပြောလိုက်။

http:\\www.dhammadownload.com



ကလေးက ဘယ်သိမလဲ။ မင်းသွားပြောလိုက် ဆိုတော့ သာခုပဲ သုပြောနိုင်တယ်။

ကလေးအရွယ်ကပေမယ့် ဆယ်နှစ်၊ ဆယ့်နှစ်နှစ် ဆိုသလို တော်တော်တော့ အရွယ်ရောက်လာပြီနဲ့တူတယ်။ ကစားကောင်း။

ကောင်းပါပြီ အဖေဆိုပြီးတော့ ယောသက သူငယ်လေးက သွားတယ်။ သွားတာတော့ အိုထိန်းသည်ဆီ သွားတာပဲ။ ဒါပေမယ့် အိုးထိန်းသည်ဆီ မရောက်ဘဲ လမ်းခရီးအကြားမှာ ကောသမ္ဗီ - ရန်သူ သေဋ္ဌေးကြီးရဲ့ သားကလေးက၊ ဟိုဒီပြင် အခြား ကလေးတွေနဲ့ ကစားလို့၊ ဂေါ်လီလုံး ကစားလို့ ဂေါ်လီရိုးတယ်။ ရှုံးတဲ့ ကလေးက အစ်ကိုကြီး ယောသကကို မြင်တော့ -

**ကုဟိံ ဂစ္ဆသိ ဘာတိက**=အစ်ကိုကြီးဘယ်သွားမလို့လဲ- တဲ့။

**ပိတု သာသနံ ဂဟေတွာ ကုမ္ဘကာရဿ သန္တိကံ**။

ငါ့ညီတဲ့၊ ငါအဖေ ပြောလိုက်တဲ့ သတင်းစကား ယူဆောင်ပြီးတော့ အိုးထိန်းသည်ဆီ သွားမလို့။ အဲဒီအခါ ကလေးက ပြောတယ်-

**အဟံ တတ္ထ ဂမိဿာမိ** = ကျွန်တော်သွားလိုက်ပါ့မယ်။

**ဣမေ မံ ဒါရကာ ဗဟုံ လက္ခံ ဇိနိံသု**။

အစ်ကိုကြီး- ဟောဒီကောင်လေးတွေ၊ ကျွန်တော်ဆီက ဂေါ်လီလုံးတွေ အများကြီး နိုင်ထားတယ်။ အဲဒီ ဂေါ်လီလုံးတွေကို ပြန်ပြီးတော့ နိုင်အောင် ကစားပေးပါ အစ်ကိုကြီး။

အဲဒီဘဝမှာလဲ ဒီသူငယ်က ယောသကပဲ နာမည်တွင်တယ်နော်။ အစ်ကိုကြီး ယောသက၊ ဒီဂေါ်လီလုံးတွေကို ရအောင်၊ နိုင်အောင် ကစားပေးပါ ဆိုတော့ ယောသကက ပြန်ပြောတယ် -

**အဟံ ပိတု ဘာယာမိ**။

http:\\www.dhammadownload.com



အဟံ = ငါသည်။ ပိတု = ဖခမည်းတော်ကြီးကို။ ဘာယာမိ = ကြောက်ပါသည်ကွာ။ ငါ့ကို ခမည်းတော်ကြီးက အိုးထိန်းသည်ဆီ သတင်းသွားအပို့ လွှတ်လိုက်တာကွ။ ဒီတော့ ငါမသွားလို့ မဖြစ်ဘူး။ ငါခမည်းတော်ကြီးကို ကြောက်တယ်လို့ ဆိုတော့ -

**မာ ဘာယိ ဘာတိက** = အစ်ကိုကြီး မကြောက်ပါနဲ့။ **အဟံ တံ သာသနံ ဟရိဿာမိ**။ အဟံ = ကျွန်တော်သည်။ တံ သာသနံ= ထိုခမည်းတော်ကြီး ပြောလိုက်တဲ့ သတင်းကို။ ဟရိဿာမိ = ဆောင်နှင်းပေးပါမယ်။

**ဗဟူဟိ ဇိတော**=ဒီကလေးတွေက အများကြီးဗျတဲ့။တစ်ယောက်ကသာ ကျွန်တော့်နိုင်တာ မဟုတ်ဘူး။ ဗဟူဟိ = များစွာကုန်သော ကလေးတို့က။ ဇိတော = ကျွန်တော့်ကို နိုင်အပ်ပြီ။

**ယာဝါဟံ အာဂစ္ဆာမိ၊ တာဝ မေ လက္ခံ ပဋိဇိန**။

ယာဝ=အကြင်မျှလောက်။ အဟံ = အကျွန်ုပ်သည်။ အာဂစ္ဆာမိ = ပြန်လာအံ့။ တာဝ = ထိုမျှလောက်။ မေ = ငါ၏။ လက္ခံ = ဂေါ်လီလုံးကို။ ပဋိဇိန = တစ်ဖန်နိုင်အောင် ကစားပေးပါ အစ်ကိုကြီး။

အတင်းအကျပ် ပြောတယ်။ ဘာဖြစ်လို့လဲ။ ယောသကက ဂေါ်လီလုံး အပစ်ကောင်းတယ်တဲ့။ ငါ့အစ်ကိုကြီး ကစားယင်နိုင်မှာပဲ။ ဒီအနေနဲ့ တစ်ခါတည်း အတင်းအကျပ်ကို မကစား – ကစားအောင်၊ ဒီကလေးကလည်း ကံကန့်ဆော်လာတယ် ပြောပါစို့။

အဲဒီလိုဆိုတော့ ယောသကက ဒါဖြင့်ယင်တဲ့ ကုမ္ဘကာရ = အိုးထိန်းသည်ရဲ့ အထံသွားပြီးတော့ ခမည်းတော်ကြီး ပြောလိုက်တဲ့ သတင်း မင်းပို့တော့ကွာ။ ဘယ်လိုလဲ -

**ပိတရာ ကိရ မေ ဟိယျော ဧကံ ကမ္မံ အာဏတ္တံ တံ နိပ္ဖာဒေဟီတိ**။

http:\\www.dhammadownload.com



"ယမန်နေ့က ငါ့ရဲ့ ခမည်းတော်ကြီး စေခိုင်းအပ်တဲ့ အလုပ်ကို ပြီးအောင် လုပ်လိုက်ပါတဲ့"လို့ မင်းသွားပြော။

ကောင်းပြီ အစ်ကိုကြီး။ ဟောဒီက ဂေါ်လီသာ နိုင်အောင်ကစား ဆိုပြီးတော့ ကောသမ္ဗီသူဌေးရဲ့ သားကလေးက သူလည်း ဘာသိမလဲ။ ဃောသကလည်း မသိဘူး။ သူလည်း မသိဘူး။ သွားရော။ ဟို ရောက်တယ် ဆိုယင်ပဲ မှာလိုက်တဲ့အတိုင်း "ဆရာ အိုးထိန်းကြီး၊ ကျွန်တော်တို့ရဲ့ ခမည်းတော်က ယမန်နေ့က စေခိုင်းထားတဲ့ အလုပ်ကို ပြီးအောင် လုပ်လိုက်ပါတဲ့" ပြောတော့၊ သေဌေးမှာထားတဲ့ အတိုင်း ကလေးကို တစ်ခါတည်း အိမ်ခန်းထဲသွင်း၊ မှာတဲ့အတိုင်း ပေါ့လေ၊ အပိုင်းပိုင်းခုတ်၊ အိုးစရည်းထဲထည့် အိုးဖိုထဲထည့်ပြီး မီးတိုက်ပစ်တယ်။

ဃောသကကလည်း ကျန်တဲ့ ကလေးတွေနဲ့ သူက ကစား။ ဂေါ်လီလုံးတွေ ပြန်နိုင်။ ငါ့ညီလေး လာခဲ လာခဲနဲ့။ ယုန်ထောင် ကြောင်မိတယ် ကောသမ္ဗီသေဌေးက။ မျှော်လို့ အချိန်ကုန်လို့ မလာ တော့မှ ဂေါ်လီလုံးတွေ ခါးပိုက်ထဲ ပိုက်ပြီးတော့ အိမ်ပြန်သွားတယ်။ ကောသမ္ဗီသေဌေးကြီးက မြင်တယ်ဆိုယင်ပဲ –

**ကိံ တာတ န ဂတောသိ။**

တာတ=ချစ်သား။ ကိံ =အသို့နည်း။ န ဂတော =မသွားသည်။ အသိ=ဖြစ်သလော။ ဟ– ငါ့သား၊ မင်းမသွားဘူးလားလို့ ပြောတယ်။

ဒီတော့ ဃောသကက ပြန်ပြောတယ်။ "မသွားဘူး၊ ကျွန်တော် မသွားဘူး" ဟ–မင်းမသွားယင် ဘယ်သူသွားမလဲဆိုတော့ "ကျွန်တော့် ညီလေး သွားတယ်"– ညီလေးဆိုတာ ကောသမ္ဗီ သေဌေးကြီးရဲ့သား။

အို – ကောသမ္ဗီသေဌေး မပြစ်မှားထိုက်တဲ့ သူကို အကြိမ်ကြိမ် ပြစ်မှားတဲ့ပုဂ္ဂိုလ်။ အန္တ ရာယ်ရောက်သလို၊ တစ်ခါတည်း သူ့မလေ

http:\\www.dhammadownload.com



တောင်ကြီးနဲ့ ဖိသလိုပဲ။ သောကတွေ၊ ပရိဒေဝတွေ ဖိစီးပြီးတော့– **"အဟံ ဝိ"** ငါရှိစရာ ကောင်းလိုက်ပါဘိဆိုတဲ့ အသံကြီးနဲ့ ဟစ်အော်ကြွေးကြော်ပြီးတော့ ရင်ပတ်စည်တီး ငိုကြွေး၍ –

**အမ္ဗော ကုမ္ဘကာရ မာ မံ နာသယိ။**

အမ္ဗော ကုမ္ဘကာရ = အိုအမောင် အိုးထိန်းသည်။ မံ = ငါ့ကို။ မာ နာသယိ=မဖျက်ဆီးပါလင့်။ မံ=ငါ့ကို။ မာ နာသယိ=မဖျက်ဆီးပါလင့်။

ရင်ပတ်စည်တီး ပြောတယ်။ အဲဒီတော့ အိုးထိန်းသည်က ဘာပြောလဲ။

**သာမိ မာ သဒ္ဒံ ကရိ၊ ကမ္မံ တေ နိပ္ဖန္နံ။**

သာမိ = အရှင်သေဌေး။ မာ သဒ္ဒံ ကရိ = အသံမပြုပါနဲ့။ တေ= အရှင်သေဌေးမင်း၏။ ကမ္မံ = အလုပ်သည်။ နိပ္ဖန္နံ=ပြီးပါပြီ။

ဆိတ်ဆိတ်နေပါ အရှင်သေဌေးမင်း။ အရှင်သေဌေးမင်း ခိုင်းစေတဲ့ အလုပ် ပြီးပါပြီလို့ ဟောဒီလိုကို ပြောတာ။ မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားယင်ဖြင့် ကြီးစွာ ဆင်းရဲဒုက္ခ ရောက်တယ်ဆိုတာ ဒီဓမ္မပဒ ဒေသနာတွေမှာပဲ မြတ်စွာဘုရား ဟောထားတယ်။

## မပြစ်မှားထိုက်သူကို ပြစ်မှား၍ ပျက်စီးရခြင်း

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ (ဓမ္မပဒ ဂါထာ၊ ၁၃၇)

(ဒီနေရာမှာပေါ့လေ။ မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်အား ပြစ်မှားတဲ့ အခြားပုဂ္ဂိုလ်တစ်ယောက် ဒုက္ခရောက်သလို ကောသမ္ဗီသေဌေး ဒုက္ခကြီးစွာ ရောက်တယ်)

http:\\www.dhammadownload.com



ယော = အကြင်သူသည်။ အဒဏ္ဍေသု = ဒဏ်မထားသင့်တဲ့ ပုဂ္ဂိုလ်တို့၌။ ဒဏ္ဍေန = ဒဏ်ထားခြင်းဖြင့်။ ဒုဿတိ =နှိပ်စက်ပြောအံ့။ အပဒုဋ္ဌေသု = မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်တို့၌။ ဒုဿတိ =ပြစ်မှားပြောအံ့။ သော = ထိုသူသည်။ ဒသန္နံ = ဆယ်ပါးသော အရာဌာနတို့တွင်။ အညတရံ ဌာနံ = အမှတ်မထား တစ်ပါးပါးသော ဒဏ်အရာဌာနသို့။ ခိပ္ပမေဝ = လျှင်စွာသာလျှင်။ နိဂစ္ဆတိ = ရောက်တတ်၏။

ဘေးဆယ်တန်၊ ဒဏ်ဆယ်ပါးဆိုတဲ့ လူ့စကားရှိတယ်နော်။ ဒဏ်ဆယ်ပါးဆိုတာ အခုပြောတော့မယ်။

**ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။**

**ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဥ္စ ပါပုဏေ။ (ယင်း၊ ၁၃၈)**

ဖရုသံ=ကြမ်းကြုတ်စွာသော။ ဝေဒနံ ဇာနိံ=ဆင်းရဲဒုက္ခ ဝေဒနာ ရောက်၍ ဆုံးရှုံးရခြင်းသို့လည်းပဲ။ နိဂစ္ဆတိ=ရောက်တတ်၏။ (အလွန် ကြမ်းတမ်းတဲ့ ဆုံးရှုံးတဲ့ ဆင်းရဲဒုက္ခဝေဒနာ၊ အခု ဒီသေဒ္ဒေးကြီးဟာ ဒါ တစ်ဒဏ်သင့်တာ။ တစ်ချို့ကျတော့)

သရီရဿ = ကိုယ်ခန္ဓာ၏။ ဘေဒနဥ္စ = ပျက်စီးခြင်းသို့လည်း။ နိဂစ္ဆတိ = ရောက်တတ်၏။ (ဒါက နှစ်ဒဏ်သင့်တာ။ မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို ပြစ်မှားယင် ဤဒဏ်တွေ ရောက်တတ်တယ်။)

ဂရုကံ ဝါပိ အာဗာဓံ = အလွန်ကြီးလေးတဲ့ ကုမရနိုင်တဲ့ အနာရောဂါသို့မူလည်း။ နိဂစ္ဆတိ = ရောက်တတ်၏။ (အဟုရခက်တဲ့ အနာကြီးရောဂါကြီး၊ အလွန်လေးတဲ့၊ ဝန်လေးတဲ့ ရောဂါကြီးသော် လည်းကောင်း ဖြစ်တတ်တယ်တဲ့။)

စိတ္တက္ခေပဥ္စ ပါပုဏေ= စိတ်ပျံ့လွင့်ခြင်းသို့လည်းပဲ ရောက်တတ်တယ်။

ဟောဒီ ဂါထာက ဒဏ်လေးပါးပါတယ်။

http:\\www.dhammadownload.com



**ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။**
**ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုရံ။ (ယင်း၊၁၃၉)**

ရာဇတော=မင်းထံမှ။ ဥပသဂ္ဂံ= ဘေးရန်သို့မှုလည်း။ နိဂစ္ဆတိ = ရောက်တတ်၏။ (မင်းဘေးမင်းဒဏ်များလည်း သင့်တတ်တယ်။)

ဒါရုဏံ=ကြမ်းတမ်းစွာသော။ အဗ္ဘက္ခာနဉ္စ=အစွပ်အစွဲ ခံရခြင်းသို့မှုလည်း နိဂစ္ဆတိ=ရောက်တတ်၏။ (ဟောဒါကလည်း ဒဏ်တစ်ပါး)။

ဉာတီနံ=ဆွေမျိုးတို့၏။ ပရိက္ခယဉ္စ= ကုန်ခန်းခြင်းသို့ မှုလည်း။ နိဂစ္ဆတိ = ရောက်တတ်၏။ (ဆွေပျက်မျိုးပျက်လည်း ဖြစ်တတ်တယ် – ဒါဒဏ်တစ်ပါး)

ဘောဂါနံ=စည်းစိမ်ဥစ္စာတို့၏။ ပဘင်္ဂုရဉ္စ=ပျက်စီး ပြုန်းတီးခြင်းသို့မှုလည်း။ နိဂစ္ဆတိ = ရောက်တတ်၏။ (ဥစ္စာစီးပွား ပျက်ပြားခြင်းလည်း ဒဏ်တစ်ပါးပဲ)

**အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။**
**ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။**
**(ယင်း၊ ၁၄၀)**

အထ ဝါ=ထိုမှတစ်ပါး။ အဿ= ထိုမပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို ပြစ်မှား ဒဏ်မလုပ်သင့်တဲ့ ပုဂ္ဂိုလ်တို့ကို ဒဏ်ဖြင့် နှိပ်စက်တဲ့ ပုဂ္ဂိုလ်အား။ အဂါရာနိ = မိမိပိုင်တဲ့ အိမ်တို့ကို။ ပါဝကော=ပါဝကဟု ခေါ်ဆိုရသော။ အဂ္ဂိ = မီးကသော်မှုလည်း။ ဍဟတိ = လောင်ကျွမ်းတတ်၏။ (ဒဏ်သင့်တယ်။ ထိုသူပိုင်တဲ့အိမ်ကို မီးလောင်တတ်တယ်တဲ့)။ ဒုပ္ပညော = ပညာမဲ့တဲ့၊ မပြစ်မှားသင့်တဲ့ သူကို ပြစ်မှားတဲ့သူသည်။ ကာယဿ ဘေဒါ = ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်၌။ နိရယံ=ငရဲသို့။ ဥပပဇ္ဇတိ= ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရတတ်၏။

http:\\www.dhammadownload.com



ဒဏ်ဆယ်ပါးကိုပြတဲ့ ဂါထာ ဖြစ်ပါတယ်။ အဲဒီလို မပြစ်မှားသင့်တဲ့ ပုဂ္ဂိုလ်ကို သွားပြီး ပြစ်မှားယင် ဒီဒဏ်ဆယ်ပါး တစ်ပါးပါး ရောက်တတ်တယ်။

အခုကောသမ္ဗီ သေဌေးကြီး ပထမဒဏ်ရောက်တယ်။ "ဝေဒနံ ဖရုသံ ဇာနိံ" ဆင်းရဲဒုက္ခဝေဒနာမှ ကြမ်းကြမ်းတမ်းတမ်း ခံရတာ။ ရင်ပတ်ကို ကွဲလုမတတ်။ ဒါနဲ့လည်း သူတော်ပလားလို့ ဆိုတော့၊ သေဌေးကြီးက မတော်သေးဘူး။ လျှော့ကို မလျှော့သေးဘူး။ ကဲ-ဒါလောက်တောင်ရှိမှ မင်းတော့ နောက်ဆုံးအကြံနဲ့ ကြံအုန်းမှပဲ။

## ဃောသကကို ကိုယ်စားလှယ်ထံလွှတ်၍ သတ်စေခြင်း

ဒါ နေ့ဆက် ရက်ဆက်တော့ မဟုတ်ဘူးနော်။ ဟိုဖြစ်ရပ်တွေဟာ အခုနောက်ဆုံး ခုနှစ်ခုမြောက်ဆိုတဲ့ ဒီကိစ္စ ပြုလုပ်တဲ့အချိန်မှာ ဃောသကက ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ် သားလောက်ရှိမယ်။ သေဌေးက ဒီကလေးကို ကြည့်ကို မကြည့်နိုင်ဘူး။ မျက်စိထဲမှာ စပါးမွေး စူးစူးနေတယ်။

အဲ ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်သားကျတော့၊ ကိုင်း- နင် နောက်ဆုံး အပြုတ်ပဲကွာ ဒီတစ်ချီ ဆိုပြီးတော့ -

**ကိန္တိ နံ မာရေယျံ။**

နံ =ထိုဃောသကကို။ ကိန္တိ = ဘယ်ပုံဘယ်ပန်း။ မာရေယျံ= သတ်ရပါ့မလဲ။

ဃောသကကို ငါ ဘယ်လိုများ သတ်ရပါ့မလဲ။ အဲဒီလို ကြံစည်တဲ့အခါ သူ့စိတ်ထဲမှာ စိတ်ကူးပေါ်လာတယ်။

**အမှာကံ ဂါမသတေ အာယုတ္တကော အတ္ထိ။**

http:\\www.dhammadownload.com



အမှာကံ=ငါတို့၏။ ဂါမသတေ = ရွာတစ်ရာ၌။ အာယုတ္တကော = အလုပ်ကို ကိုယ်စားလှယ် လုပ်တဲ့ ကိုယ်စားလှယ်သည်။ အတ္ထိ= ရှိ၏။

ဤမည်သောရွာန ငါ့ရဲ့ ရွာတစ်ရာကို အုပ်ချုပ်တဲ့ ကိုယ်စားလှယ် ရှိတယ်။

**တဿ သန္တိကံ ပေသေတွာ မာရေဿာမိ။**

တဿ=ထိုငါ့ကိုယ်စားလှယ်၏။ သန္တိကံ=အထံသို့။ ပေသေတွာ = လွှတ်၍။ ဣမံ = ဤယောကျာ်းကို။ မာရေဿာမိ = သတ်စေအံ့။

ဒါဟာ နောက်ဆုံးပဲ။ အဲဒီလို စိတ်ကူးထဲမှာ အကြံပေါက်ပြီး တော့ အိမ်ပေါ်တက် စာရေးတယ်။ သုံးကြောင်း၊ သုံးကြောင်း။

**အယံ မေ အဝဇာတပုတ္တော။**

ဤယခု စာယူလာသော သူသည် အဝဇာတသား ဖြစ်သည်။ (ဒါပထမအကြောင်း)

**ဣမံ မာရေတွာ ဝစ္စကူပေ ခိပတု။**

ဣမံ = ဤငါ့ရဲ့ အဝဇာတသားကို။ မာရေတွာ = သတ်၍ ဝစ္စကူပေ = ကျင်ကြီးတွင်းထဲ၌။ ခိပတု = ပစ်ချစေချင်၏။

ဤသူငယ်ကိုသတ်၍ ကျင်ကြီးတွင်းထဲ ပစ်ချစေချင်၏။ (ဒါ ဒုတိယအကြောင်း)

ဧဝံ ဟတော အဟံ ဧတုလဿ ကတ္တဗ္ဗယုတ္တကံ ပစ္ဆာ ဇာနိဿာမိ။

ဤသို့ ငါမှာလိုက်သည့်အတိုင်း ပြုလုပ်သည် ရှိသော် ငါသည် ဦးရိုးတော်အတွက် ပြုလုပ်သင့်သမျှသော ကျေးဇူးဆပ်မှုကို နောက် ဘစ်ခါမှာ သိပါမယ်။ (ဒါ တတိယအကြောင်း)

http:\\www.dhammadownload.com



အောက်ကနေပြီးတော့ ကောသမ္ဗိသေဌေး- ဆိုပြီးတော့ စာလွှာထဲမှာ အောက်က သက်မှတ်ထိုးတယ် ။

စာရွက်ကလေးခေါက်။ ဃောသကကို ခေါ်တယ်။

ဖေဟိ တာတ ဃောသက = ချစ်သား ဃောသကလာလော့။ အမှာကံ = ငါတို့၏။ ဂါမသတေ = ရွာတစ်ရာ၌။ အာယုတ္တကော= အလုပ်ကို အုပ်ချုပ်လုပ်ကိုင်တဲ့ ကိုယ်စားလှယ်သည်။ အတ္ထိ =ရှိ၏။

ရွာတစ်ရာကို အုပ်ချုပ်တဲ့ ရွာအုပ် ငါ့ရဲ့ ကိုယ်စားလှယ်ရှိတယ်။ ကောင်းပါပြီ ဖခင်။ ဘာလုပ်ရမလဲ။

**တာတ ဣမံ ပဏ္ဏံ ဟရိတွာ တဿ ဒေဟိ။**

တာက= ချစ်သား။ ဣမံ ပဏ္ဏံ=ဤသဝဏ်လွှာကို။ ဟရိတွာ= ယူဆောင်ပြီးတော့။ တဿ = ထိုငါရဲ့ ရွာအုပ်ကိုယ်စားလှယ်အား။ ဒေဟိ = ပေးလော့။

အဲဒီလို ပြောပြီးတော့ စာရွက်ကလေး ဃောသက ပုဆိုးစွန်းမှာ ထုပ်ပေးလိုက်တယ်။ ဒီတော့ ဃောသကက ပြောတယ်။ သွားခါနီး-

**ပါထေယျံ မေ တာတ နတ္ထိ။**

တာတ= ခမည်းတော်ကြီး။ မေ = ကျွန်တော်အား။ ပါထေယျံ= လမ်းခရီးမှာ စားစရာရိက္ခာသည်။ နတ္ထိ = မရှိဘူး ခင်ဗျား။

ဖခင်--ကျွန်တော် လမ်းမှာ စားစရာရိက္ခာ မပါဘူး။

**ပါထေယျေန တေ ကမ္မံ နတ္ထိ။**

သေဌေးက ဘယ်လောက် နှိပ်နှိပ်စက်စက်လဲလို့။

ပါထေယျေန=ရိက္ခာဖြင့်။ တေ = သင့်အဖို့ရာ။ ကမ္မံ=ပြုဖွယ် အမှုသည်။ နတ္ထိ = မရှိ။

မင့် စားနပ်ရိက္ခာ ပေးစရာအမှုကိစ္စ မရှိဘူးကွတဲ့။ နို့ဒါဖြင့် ဘာစားရပလဲတဲ့။

http:\\www.dhammadownload.com



အန္တရာမဂ္ဂေ = လမ်းခရီးအကြားတွင်။ အသုကဂါမေ နာမ=ဤ အမည်ရှိသောရွာ၌။ မမ သဟာယကော သေဋ္ဌိ=မိတ်ဆွေ ငါရဲ့ သူငယ်ချင်း သေဋ္ဌေးသည် အတ္ထိ=ရှိ၏။

အေး- ဤမည်သောရွာ။ (ရွာနာမည် ကုက္ကိုပင်ရွာလို့ ပြောကြပါစို့။) ဤမည်သောရွာမှာ ငါ့ရဲ့သူငယ်ချင်း သေဋ္ဌေးရှိတယ်။ အဲဒါ ဘာလုပ်ရမလဲ။

**တဿ ဃရေ ပါတရာသံ ကတွာ ပုရတော ဂစ္ဆာဟိ။**

တဿ=ထိုငါ့သူငယ်ချင်း သေဋ္ဌေး၏။ ဃရေ=အိမ်၌။ ပါတရာသံကတွာ=နံနက်စာစားပြီးတော့။ ပုရတော ဂစ္ဆာဟိ=ရှေ့ဆက်ပြီးတော့ မင်းအဲဒီ ရွာအုပ်ကိုယ်စားလှယ်ထံ ရောက်အောင်သွား။ ဆိုတော့-

ငြင်းမှ မငြင်းဝံ့ဘဲ။ ဃောသကက သာဓု=ကောင်းပါပြီ။

အဲဒီ သူ့စာကို ဖတ်ကြည့်ရင်တော့ အကြောင်းအရာ သုံးပါး-

**ဤစာပါသူကား ငါ၏ အဝဇာတသား ဖြစ်သည်။**

**ဤစာပါသူကို သတ်၍ ကျင်ကြီးတွင်းထဲ၌ ပစ်ချစေချင်သည်။**

**ဤမှာလိုက်တဲ့အတိုင်း ပြုလုပ်လျှင် ဦးရီးတော်အား ကျွန်ုပ်သည် ပြုလုပ်သင့်သော ကျေးဇူးများ နောက်အချိန်မှာ သိပါမည်။**

အောက်က **ကောသမ္ဗီသေဋ္ဌေး**လို့ ဆိုပြီးတော့ ဒီလို စာရေးပေးလိုက်တယ်။ ဃောသကရဲ့ ပုဆိုးဆဲမှာ ဒီစာလေး ထုပ်ပေးလိုက်တယ်။ ဒီကလေးက ဒီစာ မဖတ်တတ်ဘူး။ ဘာမှ မဖတ်တတ်ဘူး။ ဘယ်လိုလုပ် ဖတ်တတ်လိမ့်မလဲ။ မွေးကတည်းက ဒီကလေးလေးကို သေဖို့ရန်ချည်းထဲပဲ ဒီသေဋ္ဌေးက အမျိုးမျိုး ကြံနေတာ။ ဘယ် ညာ သင်ပေးမှာလဲ။ ကလေးက ဆယ့်ခြောက်နှစ်။ ဆယ့်ခုနှစ်နှစ်သာ ရောက်လာတယ်။ ဘာမှ မတတ်ဘူး။ အခုလည်းပဲ ကြည့်ပါအုံး။ ဘာမှ မင်းလမ်းစားသွားရအောင် မုန့်ရယ် ဘာရယ်မပါဘူး။ ဒီအတိုင်း သွားရမှာပဲ။

http:\\www.dhammadownload.com



ဒီတော့ ကြောက်လည်း ကြောက်ရတော့ သာဓု = ကောင်းပါပြီ ဖခင် ဆိုပြီးတော့ ဃောသကပုဆိုးစွန်းမှာ သဝဏ်လွှာ စာလွှာလေး ထုတ်ပြီးတော့သွား။ အဲဒီသူငယ်ချင်း သေဋ္ဌေးရွာရောက်။ သေဋ္ဌေး အိမ်ကို မေးသွားတော့။ သေဋ္ဌေးကတော်ကြီးနဲ့ ပထမတွေ့တယ်။ သေဋ္ဌေး ကတော်ကြီးက ဆီးမေးတယ် -

**တွံ ကုတော အာဂတောသိ။**

မောင်ရင် ဘယ်ကလာသလဲ။

ဃောသကက ပြန်ပြောတယ် -

**အမ္မော နဂရတော။**

အမ္မ= အိုမိခင်။ အမ္မောနဂရတော = မြို့တွင်းမှ။ အာဂတော= လာသည်။ အမှိ = ဖြစ်ပါသည် ခင်ဗျား။

ကျွန်တော် မြို့ထဲက လာပါတယ် ခင်ဗျား။

**ကဿ ပုတ္တောသိ။**

တွံ=သင်သည်။ ကဿ= အဘယ်သူ၏။ ပုတ္တော = သားသည်။ အသိ = ဖြစ်သနည်း။

မောင် ဘယ်သူ့သားလဲ။

**တုမှာကံ သဟာယကသေဋ္ဌိနော အမ္မ။**

အမ္မ = မိခင်။ တုမှာကံ = အမေတို့ရဲ့။ သဟာယကသေဋ္ဌိနော= သူငယ်ချင်းဖြစ်တဲ့ ကောသမ္ဗီသေဋ္ဌေးကြီးရဲ့။ ပုတ္တော = သားပါခင်ဗျား။

**တွံသိ ဃောသကော နာမ။**

ဃောသကော နာမ = ဃောသကဆိုတာ။ တွံ = အမောင်သည်။ အသိ = ဖြစ်သလား။ သေဋ္ဌေးကတော်ကြီးက မေးတယ်။ ဩော် ကောသမ္ဗီ သေဋ္ဌေးကြီးရဲ့သား ဃောသကဆိုတာ မောင်ပဲလားလို့ မေးတော့။ "အမ္မ အာမ" အမ္မ = မိခင်။ အာမ = ဟုတ်ပါတယ်ခင်ဗျား။

http:\\www.dhammadownload.com



သုံးခုပဲ။ အသွားအပြန် စကားသုံးကြော့ ပြောရတယ်။ သေဋ္ဌေးကတော်ကြီးက ယောသကကို မြင်တယ်ဆိုယင်ပဲ တစ်ခါတည်း သိပ်ချစ်သွားတယ်။ သိပ်ချစ်တာပဲ။ သားသမီးချစ်ကို ချစ်သွားတယ်။

အဲဒီ သေဋ္ဌေးကတော်ကြီးများကလည်းပဲ ဇနပုဒ်သေဋ္ဌေးဆိုကြပါစို့။ အဲဒီ သေဋ္ဌေးကတော်မှာ ဆယ့်ငါး နှစ်ဆယ့်ခြောက်နှစ် အရွယ် ရောက်တဲ့ သမီး၊ အလွန် လှပတင့်တယ်တဲ့ သမီးတစ်ယောက်ရှိတယ်။ မိမိတို့ ခုနစ်ထပ် အိမ်ကြီးမှာ အပေါ်ဆုံးအထပ် ကျက်သရေတိုက်ခန်းမှာ အစေခံတစ်ယောက်နဲ့ ချမ်းချမ်းသာသာထားတယ်။

အဲဒီတော့ သေဋ္ဌေးကတော်ကြီးက ယောသကကို သားဟူသောချစ်ခြင်း ဖြစ်ပြီးတော့နေတုန်း – ဟိုခုနစ်ထပ်က၊ အထက်ဆုံးအထပ်က သေဋ္ဌေးသမီးဆီက အစေခံတစ်ယောက်ကို ဈေးထဲ ခိုင်းလိုက်တယ်။ အဲဒီ အစေခံကျွန်မက အောက်ထပ် ဆင်းလာတော့ သေဋ္ဌေးကတော်ကြီးက မြင် –

**ကုဟိံ ဂစ္ဆသိ** = ညည်းဘယ်သွားမလို့လဲလို့ မေးတယ်။

**အယျ ဓီတာယ ပေသနေန** = အိုသခင်မကြီး၊ သမီးက လွှတ်လိုက်သဖြင့် ဈေးသွားမလို့ပါ။

**ဣတော တာဝ ဧဟိ** = ဒီကို အလျင်လာခဲ့အုန်းတဲ့။ သေဋ္ဌေးကတော်ကြီးက –

**တိဋ္ဌတု ပေသနံ** = ညည်းသခင်မ စေခိုင်းလိုတဲ့ ကိစ္စသည်။ တိဋ္ဌတု = ရှိပါစေဦး။ ထားလိုက်အုန်း။

ညည်းသခင်မခိုင်းတဲ့ ဥစ္စာကို ထားလိုက်အုန်း။ ဘယ့်နှယ်လုပ်ရမလဲ။

**ပုတ္တဿ မေ ပီဌကံ အတ္ထရိတွာ ပါဒေ ဓောဝိတွာ တေလံ မက္ခိတွာ သယနံ အတ္ထရိတွာ ဒေဟိ။**

http:\\www.dhammadownload.com



မေ = ငါ၏။ ပုတ္တဿ = သားအား (ဟောဒီ မောင်ယောသက အတွက်)။ ပိဠကံ = အင်းပျဉ်ကို။ အတ္ထရိတွာ = အတ္ထရာဟိ=ခင်းလော့ (ငါ့သားအတွက် ဒီအင်းပျဉ်ခင်းလိုက်) အတ္ထရိတွာ = ခင်းပြီးတော့။ ပါဒေ = ငါ့သားခြေတို့ကို။ ဓောဝိတွာ ဓောဝါဟိ = ဆေးပေးလော့။ ဓောဝိတွာ = ဆေးပြီးတော့။ တေလံ=ဆီကို။ မက္ခိတွာ – မက္ခေဟိ= လိမ်းပေးလိုက်။ (ငါ့သား ခရီးအဝေးကြီးက လာရတာ) မက္ခိတွာ= လိမ်းပေးပြီးတော့မှ။ သယနံ = ငါ့သားအတွက် အိပ်ရာနေရာကို။ အတ္ထရိတွာ = ခင်း၍။ ဒေဟိ = ပေးလိုက်လော့။

**ပစ္ဆာပေသနံ ကမ္မံ ကရိဿတိ** = နောက်မှ ညည်းသခင်မ ခိုင်းလိုက်တာကို လုပ်ရလိမ့်မယ်။

ဆိုတော့။ အိမ်စေမကိုး။ သေဋ္ဌေးကတော်ကြီးက ခိုင်းတော့ ဘာမှ မငြင်းနိုင်ဘူး။ ခြေဆေးစရာ နှန်လေးချ။ သေဋ္ဌေးသား ကြွပါ လို့ဆိုပြီးတော့ ယောသက ခြေထောက်ကို ဆေးပေးရတယ်။ ပြီးတော့ ခြေထောက်ကိုသုတ်။ ဆီလိမ်း၊ ယောသကဖို့ အိပ်ရာရော ခင်းပြီး တော့မှ၊ အဲဒီ ချမ်းချမ်းသာသာ အိပ်ဖို့နေရာထိုင်ခင်း ပေးပြီးတော့မှ ဈေးသွားတယ်။

ပြန်လာတယ်။ သခင်မဆီရောက်။ အပေါ်ထပ်တက်။

"ဘာပြုလို့ ဒီလောက်ကြာရသလဲ" သခင်မလုပ်တဲ့ သေဋ္ဌေး သမီးက စိတ်ဆိုးတယ်။ စိတ်ဆိုးတော့ ဒီကျွန်မက ဘယ့်နှယ် ပြောသလဲ ဆိုတော့ –

**မာ မေ ကုဇ္ဈိ။**

မေ = ကျွန်တော်မအား။ မာ ကုဇ္ဈိ = အမျက်မထွက်နဲ့၊ စိတ် မဆိုးနဲ့။

ကျွန်မကို စိတ်မဆိုးပါနဲ့။

http:\\www.dhammadownload.com



**သေဋ္ဌိပုတ္တော ဃောသကော အာဂတော**=သူဌေးသားဃောသက ရောက်နေပါတယ်။

**တဿ ကတ္တဗ္ဗကိစ္စံ ကတွာ တတ္ထ ဂန္တွာ အာဂတာ + မှိ**

တဿ = ထိုသူဌေးသားအတွက်။ ကတ္တဗ္ဗကိစ္စံ ကတွာ=ဤမည် ဤမည်သော အလုပ်ကိစ္စများကို ပြုလုပ်ပြီးတော့မှ။ တတ္ထ =ထိုသခင်မ ခိုင်းတဲ့ ဈေးသို့။ ဂန္တွာ = သွား၍။ အာဂတာမှိ = ကျွန်မ ပြန်လာခဲ့ရ တာပါ။

သခင်မ ကျွန်မကို စိတ်မဆိုးပါနဲ့။ ဟိုကောသမ္ဗီပြည်ကလေ ကောသမ္ဗီသေဌေးကြီးရဲ့ သားကြီး ဃောသကဆိုတာ လာတယ်။ အဲ ကျွန်မကို သေဌေးကတော်ကြီးက သခင်မ အမေကနေပြီး သကာလ.ခိုင်းလို့ ဃောသကဖို့ ခြေဆေးခုံ ချပေးရတယ်၊ ဃောသကကို ခြေထောက် ရေဆေးပေးရတယ်။ ဆီကို လိမ်းပေးရတယ်။ သူ့ကို အိပ်ရာနေရာတွေ ခင်းပေးရတယ်။ အဲဒါတွေ လုပ်ပြီးမှ သခင်မခိုင်းတဲ့ ဈေးကို သွားရတယ်။ အဲဒီဈေးက အခုပြန်လာတာတဲ့။

## ပုဗ္ဗေဝသန္နိဝါသ

ဃောသကဆိုတဲ့ အသံလည်းကြားရော သေဌေးသမီးမှာ အရေကိုဖောက် အသားကိုရောက်။ အသားကိုဖောက် အရိုးကိုရောက်။ အရိုးကိုဖောက်ပြီးတော့ ရိုးတွင်းခြင်ဆီ ခိုက်သွားအောင်ချစ်တဲ့ မေတ္တာ ပေမဓာတ်တွေ စိတ်တွေ ဝင်လာတယ်။ ဘာပြုလို့လဲ –

ဒီသေဌေးသမီးက (အခုဘဝက ထောက်ယင်ပေါ့လေ) လွန်ခဲ့တဲ့ တတိယ ဘဝတုန်းက ကောတုဟလိက ဆင်းရဲသားရဲ့ ဇနီးကလေး ကာဠီ။ အဲဒီကာဠီသည် ကောတုဟလိကဆင်းရဲသားရဲ့ဇနီးဘဝတုန်းက နွားသေဌေးရဲ့အိမ်မှာ နေ့စားလုပ်ပြီးတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား

http:\\www.dhammadownload.com



ဆွမ်းတစ်စလယ် ချက်လှူခဲ့ဖူးတယ်။ အဲဒီ ကောင်းမှုကုသိုလ်ကံက ကျေးဇူးပြုလိုက်လို့ အခု ဓနပုဒ်သေဌေးရဲ့သမီး လာဖြစ်နေတာတဲ့။ ဘဝက ဝေးတာ မဟုတ်သေးဘူး။ နှစ်ဘဝလောက်ပဲ ခြားတယ်။ ပြောပါရို့

အယင်ယောသက နတ်သားဘဝ၊
အဲဒီအယင် ခွေးလိမ္မာဘဝ၊
အဲဒီနှစ်ဘဝလောက်ပဲ ခြားသေးတယ်။

**ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။**

**ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။**

**(ဇာ၊ ၁၊၆၆။ ဓမ္မ၊ ဋ္ဌ၊ ၁၊ ၁၁၆)**

ဥဒကေ=ရေ၌။ ဥပ္ပလံ ဝါ= ကြာသည်လည်းကောင်း။ အည ဝါ= ကြာမှတစ်ပါး ဟင်းညှံ့ကတောက် စသည်သည် လည်းကောင်း။ ဒွေ ဟေတု = ရေရယ် ညွန်ရယ် - အကြောင်းနှစ်ပါးတို့ကို။ ပဋိစ္စ= စွဲ၍။ ဟောတိ ယထာ = ဖြစ်သကဲ့သို့။

ရေထဲမှာ ကြာရယ်။ ဒီပြင် ကန်စွန်းတို့၊ဟင်းညှံ့တို့၊ ကတောက်တို့ စသည် ရေထဲမှာပေါက်တဲ့ အရာတွေဟာတဲ့ ရေရယ် ညွန်ရယ် ဒီအကြောင်းနှစ်ပါးကို စွဲပြီးတော့ ပေါက်ရောက်သလို -

ပုဗ္ဗေ =ရှေးရှေးဘဝ ရှေးကာလတုန်းက။ သန္နိဝါသေန ဝါ = အတူတကွ ပေါင်းသင်း နေထိုင်ခဲ့ရခြင်းကြောင့် လည်းကောင်း။ ပစ္စုပ္ပန္နဟိတေန ဝါ = ပစ္စုပ္ပန္န ဤဘဝ၀ယ် ဟိတ- ကျေးဇူး အထူး ပြုခဲ့ခြင်းကြောင့် လည်းကောင်း။ ဧဝံ = ဤသို့ပေါင်းစပ် ကြောင်း နှစ်ရပ်ကြောင့်။ ပေမံ= ချစ်ခင်ခြင်းဆိုတဲ့ ပေမဓာတ်သည်။ ဇာယတေ = ဥပါဒ်ထင်ရှား ဖြစ်ပွား၍ လာလေ၏။

ချစ်တယ်ဆိုတဲ့ အချစ်ဓာတ် ဖြစ်ပေါ်လာခြင်းဟာလည်း အကြောင်းနှစ်ပါး ရှိတယ်။ ဘာလဲဆိုတော့ -"ပုဗ္ဗေဝ သန္နိဝါသ"တဲ့။

http:\\www.dhammadownload.com



ရှေးရှေး ဘဝတုန်းက အတူတကွ နေထိုင်ခဲ့၊ ပေါင်းသင်း ဆက်ဆံခဲ့ရခြင်း– ဒါလည်း အကြောင်းတစ်ပါး။

ပစ္စုပ္ပန် ဤဘဝမှာ အကျိုးကျေးဇူးကို ရွက်ဆောင်တယ်– ဒါအကြောင်း တစ်ပါး။

အဲဒီ အကြောင်းနှစ်ပါးကြောင့် ချစ်ခင်မှုဆိုတဲ့ မေတ္တာပေမဓာတ် ပေါ်ပေါက်တာပါ။ အခုကျတော့ ဃောသကနဲ့ ဇနပုဒ် သေဋ္ဌေးသမီးနဲ့က "ပုဗ္ဗေဝ သန္နိဝါသ"ဆိုတဲ့ ရှေးဘဝက အတူတကွ ပေါင်းသင်း ဆက်ဆံခဲ့ခြင်းတည်းဟူသော အကြောင်းက လှုံ့ဆော်လို့ အရေဖောက်– အသား၊ အသားကိုဖောက်– အရိုး၊ အရိုးကိုဖောက်ပြီးတော့ ရိုးတွင်းခြင်ဆီ ခိုက်အောင် ချစ်ခင်မှုဆိုတဲ့ မေတ္တာပေမဓာတ်တွေ ဖြစ်သွားတယ်။ ဒီတော့မှ သေဋ္ဌေးသမီးက –

**ကုဟိံ သော အမ္မ။**

အမ္မ=အမိ။ သော=ထိုဃောသကသည်။ ကုဟိံ=အခုဘယ်မှာလဲ။

• အမိ– ဃောသက အခုဘယ်မှာလဲ– ဆိုတော့ ဟိုကျွန်မက ပြောတယ်–

**သယနေ နိပန္နော နိဒ္ဒါယတိ။**

သယနေ = အိပ်ရာမှာ။ နိပန္နော = လျောင်းလျက်။ နိဒ္ဒါယတိ = အိပ်ပျော်နေတယ်။ လျောင်းပြီးတော့ အိပ်ပျော်နေတယ် သခင်မ။

**အတ္ထိ ပနဿ ဟတ္ထေ ကိဉ္စိ။**

အဿ = ထိုကိုဃောသက၏။ ဟတ္ထေ = လက်၌။ ကိဉ္စိ = တစုံတခုသည်။ အတ္ထိ ပန = ရှိသလားအမိ။

ဃောသကရဲ့ လက်ထဲမှာ တစုံတခုများ ပါများလာသလား။ ဒီတော့ ကျွန်မက ပြန်ပြောတယ် –

**ဒုဿန္တေ ပဏ္ဏံ အတ္ထိ။**

http:\\www.dhammadownload.com



ဒုဿန္တေ = ပုဆိုးစွန်းမှာတော့။ ပဏ္ဏံ = သဝဏ်လွှာသည်။ အတ္ထိ = ရှိပါ၏။

အိုသခင်မရဲ့။ လက်ထဲမှာတော့ ဘာမှ မပါဘူး။ ကိုဃောသကရဲ့ ပုဆိုးစွန်းမှာတော့ သဝဏ်လွှာ ပါလာတယ်။ သူ့ဖခင် သေဋ္ဌေးက စာပေးခိုင်းလို့တဲ့။

## စာအသစ်ရေးခြင်း

**ကိံ ပဏ္ဏံ နု ခေါ တံ။**

တံ ပဏ္ဏံ =ဤသဝဏ်လွှာ ဆိုတာဟာ။ ကိံ နု ခေါ=ဘယ်လို စာများပါလိမ့်။

သေဋ္ဌေးသမီးလေးက စဉ်းစားပြီးတော့ မိဘများ အာရုံတစ်ပါး စိတ်ထားနေစဉ် အပေါ်ဆုံး ခုနစ်ဆင့်ကနေပြီးတော့ အောက်ထပ်ဆင်း။ ဃောသက အိပ်နေတဲ့ အိပ်ရာအနား အသာသွားပြီးတော့ သူ့ပုဆိုးစွန်း ထုပ်ထားတဲ့ စာရွက်ကလေးကို ဘယ်သူမှ မသိအောင် အသာကလေး ဖြုတ်ယူတယ်။ သူ့အခန်းထဲယူ။ ဝင်ပေါက်ပိတ်။ လေသာ ပြတင်းပေါက် ဖွင့်ပြီးတော့ စာဖတ်ကြည့်တယ်။ ကောသမ္ဗီသေဋ္ဌေးကြီးက ရေးလိုက်တဲ့စာ။

**ဤစာပါသူကား ငါ၏ အဝဇာတသား ဖြစ်သည်။**
**ဤသူကို ကျင်ကြီးတွင်း၌ ချစေချင်သည်။**
**ဤကဲ့သို့ ကျွန်ုပ် ပြောသည့်အတိုင်း ဆောင်ရွက်လျှင် ကျွန်ုပ်သည် ဦးရှိုးတော်၏အတွက် ပြုလုပ်သင့်သမျှ အမှုကို နောက်တစ်ချိန်၌ သိပါမည်။**

ဒီစာဖတ်မိယင် သူဋ္ဌေးသမီးက –

**အယော ဝတ ဗာလော အတ္တနော မရဏပဏ္ဏံ ဒုဿန္တေ ဗန္ဓိတွာ ဝိစရတိ။**

http:\\www.dhammadownload.com



အဟော ဝတ ဗာလော= ဩော် = ညဏ်နည်းစွ။ (ဃောသက သိပ်ညဏ်နည်းတာပဲ)။ အတ္တနော = မိမိအား။ မရဏပဏ္ဏံ=သတ်မဲ့စာလွှာကို။ ဒုဿန္တော=မိမိပုဆိုးစွန်း၌။ ဗန္ဓိတွာ =ဖွဲ့ချည်၍။ ဝိစရတိ = လှည့်လည်သွားလာ၍ နေရ၏။

သစေ = အကယ်၍များ။ တံ = ဤယခု သဝဏ်လွှာကို။ မယာ = ငါသည်။ န ဒိဋ္ဌံ =မတွေ့အပ်သည်။ အဿ = ဖြစ်ငြားအံ့။ "နတ္ထိဿ ဇီဝိတံ"။ အဿ = ထိုကိုဃောသက၏။ ဇီဝိတံ=အသက် ဟာဖြင့်။ နတ္ထိ = ရှိတော့မှာ မဟုတ်ဘူး။

အကယ်၍များ ဒီစာလွှာ ငါမတွေ့ယင် ကိုဃောသကရဲ့အသက် ဟာ ရှိမှာမဟုတ်တော့ဘူးပတဲ့။ အဲဒီလို စဉ်းစားပြီးတော့ ကောသမ္ဗီ သေဌေးရဲ့ စာရွက်ကြီးကို အကုန်လုံး ဆုပ်ပစ်တယ်။ ပြီးတော့မှ ဟော သူက စာအသစ်ရေးတယ်။

**အယံ မမ ပုတ္တော ဃောသကော နာမ။**

(ဒါအကြောင်းအရာ တစ်ခု။ စာရွက်ပေါ်ရေးတယ်)

ဤစာပါသူသည် ကျွန်ုပ်ရဲ့သား ဃောသကအမည်ရှိတဲ့သူ ဖြစ်ပါသည်။

**ဂါမသတတော ပဏ္ဏာကာရာနိ အာဟရာပေတွာ** = အမောင် အုပ်ချုပ်တဲ့ ရွာတစ်ရာမှ လက်ဆောင်များကို ဆောင်စေပြီး သကာလ–

**ဣမဿ ဇနပဒသေဋ္ဌိနော ဓိတရာ သဒ္ဓိံ မင်္ဂလံ ကတွာ။**

ဣမဿ = ဤဃောသက ကျွန်ုပ်သားအား။ ဇနပဒသေဋ္ဌိနော ဓိတရာ သဒ္ဓိံမင်္ဂလံ ကတွာ=ဇနပုဒ်သေဌေး၏ သမီးနဲ့ ထိမ်းမြားမင်္ဂလာ ပြုပြီးလျှင်––တဲ့။

နေရာရွာရဲ့ ရွာလယ်ခေါင်မှာ နှစ်ထပ်အိမ်တစ်လုံး ဆောက်ပေး လိုက်ပါ။

http:\\www.dhammadownload.com



ကာရေတွာ = ဆောက်လုပ်ပြီး သကာလ။ **ပါကာရပရိက္ခေပေန စေဝ ပုရိသဂုတ္တိယာ စ သုသံဝိဟိတာရက္ခံ ကရောတု** = (ပါဠိမှာ။ မြန်မာလိုကျတော့)။ နှစ်ထပ်အိမ်ကြီး ဆောက်ပြီးလျှင်တဲ့။ တံတိုင်း၊ အရံအတားဖြင့် လည်းကောင်း။ ယောက်ျား အစောင့်အရှောက်ဖြင့် လည်းကောင်း ကျွန်ုပ်သားကို ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်မှုကို ပြုစေချင်ပါသည်တဲ့။

**မယှဉ္စ ဉာဒဉ္စ မယာ ကတန္တိ သာသနံ ပေသေတု။**

ကျွန်ုပ်တို့ထံသို့လည်း ဤအမှု ဤအမှုများ ပြုလုပ်ပြီးပါပြီဟူ၍ သဝဏ်လွှာ သတင်းစကား ပြန်ကြားစေချင်ပါသည်။

**ဇဝံ ကတေ အဟံ မာတုလဿ ကတ္တဗ္ဗယုတ္တကံ ပစ္ဆာ ဇာနိဿာမိ။**

ကျွန်ုပ်စာပါအတိုင်း ဆောင်ရွက်ခဲ့သည်ရှိသော် ကျွန်ုပ်သည် ဦးရီးတော် ကိုယ်စားလှယ်မင်းအား ပြုသင့်တဲ့ အလုပ်ကိစ္စကို နောက်တစ်ချိန်မှာ ကောင်းကောင်းကြီး သိပါမည်။ အောက်က ကောသမ္ဗိသေဌေး။

စာရွက်ကလေးခေါက်။ ယောသကရဲ့ ပုဆိုးစွန်းသွားချည်။ ဉာဏ်ကြွေမပျက်။

ညနေကျတော့မှ ယောသက အိပ်ရာကနိုး။ ထတော့ ထမင်းပါ ကျွေး။ ဝပြီ။ ထမင်းစားပြီးပြီ ဆိုတော့မှ ဆက်သွားတယ်။

## ယောသကနဲ့ သူဌေးသမီး မင်္ဂလာကိစ္စ ဆောင်ရွက်ခြင်း

အဲဒီကိုယ်စားလှယ်ရဲ့ ရွာရောက်။ အဲဒီအချိန်မှာ ကိုယ်စားလှယ်က အလုပ်လုပ်နေတုန်း ဖြုန်းကနဲ ဝင်သွားတော့ –

**ကိံ တာတ။**

http:\\www.dhammadownload.com



တာတ = အမောင်။ ကိံ = ဘာလဲ။ အမောင်ဘာလဲ။

**ပိတရာ မေ တုမှာကံ ပဏ္ဏံ ပေသိတံ။**

မေ=ကျွန်တော်ရဲ့။ ပိတရာ=ခမည်းတော်သေဌေးကြီးက။ တုမှာကံ=အရှင်ကိုယ်စားလှယ်ကြီး၏ အထံသို့။ ပဏ္ဏံ=သဝဏ်လွှာကို။ ပေသိတံ=အပို့ခိုင်းလို့ပါ။

**ကိံ ပဏ္ဏံ တာတ အာဟာရ။**

ဘာသဝဏ်လွှာလဲ။ ဘာစာလဲ လူလေး။ ယူခဲ့စမ်းပါ။

အဲဒီတော့မှ ဃောသကက သူ့ပုဆိုးစွန်းက စာလွှာလေး ထုတ်ပြီးတော့ တစ်ခါတည်း အဲဒီ ကိုယ်စားလှယ် အပ်လိုက်တယ်။ ကိုယ်စားလှယ်က ဖတ်တယ်။

"ဤစာပါ သူသည် ကျွန်ုပ်၏သား ဃောသက ဖြစ်ပါသည်။ အမောင်အုပ်ချုပ်တဲ့ ရွာတစ်ရာမှ ပဏ္ဏာလက်ဆောင်များကို စုရုံးပြီး လျှင် ဤကျွန်ုပ်၏သား မောင်ဃောသကကို ဇနပုဒ် သေဌေးသမီးနှင့် ထိမ်းမြားမင်္ဂလာ ပြုလုပ်ပေးစေလိုသည်။ ထိမ်းမြားမင်္ဂလာ ပြုလုပ်ပြီးသောအခါ ကိုယ်စားလှယ်နေသော ရွာ၏ အလယ်၌ နှစ်ထပ်အိမ်ကြီး တစ်ဆောင် ဆောက်လုပ်၍ တံတိုင်း အရံအတား ယောက်ျား အစောင့်အရှောက်များနှင့် တကွ လုံလုံခြုံခြုံ စောင့်ရှောက်မှုကို ပြုစေလိုသည်။ ကျွန်ုပ်ထံသို့လည်း ဤအမှု ဤအမှုများကို ပြုလုပ်ပြီးကြောင်း သတင်းစကား ပြန်ကြားစေလိုသည်။ စာပါအတိုင်း ရွက်ဆောင်ခဲ့သည်ရှိသော် ကျွန်ုပ်သည် ဦးရီးတော်၏ အပေါ်၌ ပြုလုပ်သင့်သမျှ ကျေးဇူးတုံ့ဆပ်မှုများကို သိပါမည်"။

ကောသမ္ဗီသေဌေးကြီး

ဆိုတဲ့ စာဖတ်ပြီးတော့ -

http:\\www.dhammadownload.com



ကိုယ်စားလှယ်က ဝမ်းသာလွန်းလို့ –

**ပဿထ ဘော မမ သာမိနော မယိ သိနေဟံ ကတွာ။**

ဘော= အိုအချင်းတို့။ ပဿထ = ရှုကြကုန်လော့ (စာရွက်ကြီး တပြပြနဲ့) ကြည့်ကြစမ်းပါ အချင်းတို့။ မမ သာမိနော= ငါ့သခင်၏။ မယိ = ငါ့အပေါ်၌။ သိနေဟံ = ဘယ်လောက် ချစ်သလဲဆိုတာ။ ပဿထ=ကြည့်ကြကုန်လော့ (စာရွက်ကြီး သူ့အိမ်ကလူတွေ ပြတယ်။)

**ဇေဋ္ဌပုတ္တဿ မေ မင်္ဂလံ ကရောတူ ·တိ မမ သန္တိကံ ပဟိဏိ**

မေ = ငါ၏။ ဇေဋ္ဌပုတ္တဿ။ သားကြီးကိုဃောသကအတွက်။ မင်္ဂလံ = ထိမ်းမြားမင်္ဂလာမှုကို။ ကရောတု = ပြုပေးလိုက်စေချင်သည်။ ဣတိ=ဤသို့ဆို၍။ မမ သန္တိကံ=ငါ၏ အထံသို့။ ပဟိဏိ=ယုံကြည် ကိုးစားလို့ လွှတ်လိုက်တာတဲ့။ သီဃံ = လျင်မြန်စွာ။ ဒါရု အာဒီနိ = သစ်ဝါး စသည့်တို့ကို။ အာဟာရထ = ဆောင်ကြကုန်လော။

အဲဒီမှာရှိတဲ့ လက်ထောက်သူကြွယ်တွေ ဘာတွေကို တစ်ခါ အကုန်လုံး စုဝေးပြီးတော့ တိုတို ပြောကြပါစို့လေ။ ဇနပုဒ်သေဋ္ဌေးသမီး ရေးတဲ့ စာထဲမှာ ပါတဲ့အတိုင်းပဲ။ ရွာတစ်ရာက လက်ဆောင်ပဏ္ဏာတွေ၊ လက်ဖွဲ့ပစ္စည်းတွေ တစ်ခါတည်းစုတယ်။ ဇနပုဒ် သေဋ္ဌေးသမီးနဲ့ ဃောသကနဲ့ ထိမ်းမြားမင်္ဂလာပြု။ အဲသူတို့နေတဲ့ ရွာလယ်ခေါင်မှာ နှစ်ထပ်အိမ်ကြီးဆောက်။ ဘေးကလည်းပဲ တံတိုင်း အရံအတား လုံလုံလဲလဲ ယောက်ျားတွေကိုလည်းပဲ အစောင့်အနေ ချထားပြီးတော့ အဲဒီ၊ ၂ ဃောသကသေဋ္ဌေးနဲ့ သေဋ္ဌေးသမီးတို့ နှစ်ယောက် ချမ်းချမ်း သာသာ နေစေပြီးတော့မှ ဟောဒီ ကိုယ်စားလှယ်ကြီးက ကောသမ္ဗီ သေဋ္ဌေးကြီးထံ –

**ကျွန်ုပ်သည် အရှင်သူဋ္ဌေးမင်း မှာလိုက်တဲ့အတိုင်း ရွာ တစ်ရာမှ ပဏ္ဏာလက်ဆောင်များစု၍၊ လက်ဖွဲ့ပစ္စည်းများစု၍**

http:\\www.dhammadownload.com



ယောသကသားကြီးကို ဓနပုဒ် သူဌေးသမီးနဲ့ ထိမ်းမြားမင်္ဂလာ ပြုပေးလိုက်ပါပြီ။ သဌေးမင်းရဲ့ စာပါအတိုင်း ကျွန်ုပ်တို့နေရာ ရွာလယ်ခေါင်၌ နှစ်ထပ်အိမ်ဆောက်၍ တံတိုင်း၊ အရံအတား နှင့်တကွ ယောက်ျား အစောင့်အနေများကိုလည်း ချထားပြီး ပါပြီ။

ကိုယ်စားလှယ်ကြီး

ဆိုပြီးတော့ ကောသမ္ဗီသဌေးကြီးဆီ တစ်ခါတည်း စာပို့လိုက် တယ် –

(ဤနေရာတွင် တစ်ညတာ တရား ရပ်နားပါသည်)

✳

ကောဇာသက္ကရာဇ် ၁၃၃၂–ခု၊ သာသနာတော် ၂၅၁၄– ခုနှစ်၊ နတ်တော်လပြည့်ကျော် (၅)ရက်နေ့ည၊ မန္တလေးမြို့ ရွှေချည်ထိုး ရပ်ကွက်၊ ဒါယိကာ ဒါယကာမကြီးငယ် တစ်စု တို့၏ ဘုရားပွဲအတွက် ဟောကြားအပ်သော – သုံးကြိမ်မြောက် သာမာဝတီဝတ္ထု တရားတော်–

## ကောသမ္ဗီသဌေးကြီး သွေးသွန်ဝမ်းလားနာဖြစ်ခြင်း

ဓနပုဒ်သဌေးရဲ့ သမီးနဲ့ ထိမ်းမြားမင်္ဂလာမှု ပြုတဲ့အကြောင်းကို ကောသမ္ဗီသဌေးကြီးရဲ့ ကိုယ်စားလှယ်က စာပါအတိုင်း ဤမည်သော ဓနပုဒ် သဌေးသမီးနဲ့ ထိမ်းမြားမင်္ဂလာ ပြုပြီးပါပြီ။ စာမှာပါတဲ့အတိုင်း ကျွန်ုပ်တို့ ရွာမှာအလယ်ခေါင် နှစ်ထပ်အိမ်ကြီး ဆောက်ပြီးတော့ တံတိုင်း၊ အရံအတား၊ ယောက်ျားအခြံအရံများနဲ့ လုံလောက်အောင်

http:\\www.dhammadownload.com



အစောင့်အရှောက်များ ပြုပြီးပါပြီဆိုတဲ့ သဝဏ်လွှာ ကောသမ္ဗိ သေဌေးကြီးထံ ရောက်တော့။ သေဌေးကြီး ဘယ်လို အောက်မေ့သလဲ-

**ယံ ကာရေမိ တံ န ဟောတိ။ ယံ န ကာရေမိ၊ တဒေဝ ဟောတိ။**

ယံ = အကြင်အမှုကို။ ကာရေမိ = ငါပြုစေတဲ့ အမှုကတော့။ န ဟောတိ = မဖြစ်။ ယံ = အကြင်အမှုကို။ န ကာရေမိ=ငါမပြုစေ။ တဒေဝ = ထိုငါအပြုမခိုင်းတဲ့ အမှုကသာလျှင်။ ဟောတိ =ဖြစ်၏။

အရပ်လိုပြောလို့ ရှိယင်ဖြင့် ငါခိုင်းတာတော့ မဖြစ်။ ငါမခိုင်းတာ ဖြစ်ချေပြီလို့ သားသောက အပေါ်မှာ အခု ဣစ္ဆာ အလာဘ = မိမိ အလိုရှိတာမရခြင်း-ဆိုတဲ့ အပူထပ်ဆင့်တော့ သေဌေးကြီးရဲ့ ရင်တွင်း လှိုက်ကာ ဘယ်လောက်များ ပူသလဲ ဆိုလို့ရှိယင် သားရဲ့သောက အပူရယ်၊ သူဖြစ်ချင်တာ မဖြစ်ဘဲနဲ့၊ သူက ဃောသက သေစေချင်တာ မသေဘဲနဲ့ သေဌေးသားမက် ဖြစ်သွားတော့ အဲဒီမနာလိုတဲ့ ဣဿာ ဒေါသ တန်ခိုးတွေ၊ အခိုးတွေ နှလုံးရိုက်တော့ ပါဠိလို "အတိသာရ" လို့ခေါ်တဲ့ သွေးသွန်ဝမ်းလားနာ ဖြစ်သွားတယ်။

တစ်ခါတည်း အိပ်ရာထဲမှာ လူမမာကြီး ဖြစ်သွားတယ်။ ဟို ဇနပုဒ်မှာရှိတဲ့ ဇနပုဒ်သေဌေးသမီး၊ ဃောသကရဲ့ သေဌေးကတော်လေး ကလည်း အစီအမံကောင်းလိုက်တာ။ သူ့အိမ်မှာရှိတဲ့ လူတွေကို ပြောတယ် -

**သစေ** ကောစိ **သေဋ္ဌိနော သန္တိကာ အာဂစ္ဆတိ။**

သေဋ္ဌိနော = ကောသမ္ဗိသေဌေးကြီး၏။ သန္တိကာ = အထံမှ။ ကောစိ = တစုံတယောက်သော သူသည်။ သစေ အာဂစ္ဆတိ = အကယ်၍လာငြားအံ့။

သူ့အိမ်က လူတွေကို ပြောတာပါ။ ကောသမ္ဗိသေဌေးကြီးဆီက တယောက်ယောက်များ လာလို့ရှိယင်တဲ့။

http:\\www.dhammadownload.com



**မမ အကထေတွာ သေဋ္ဌိပုတ္တာသ ပဋ္ဌမတရံ မာ ကထယိတ္ထ။**

မမ=ငါ့အား။ အကထေတွာ= မပြောကြားကြဘဲ။ သေဋ္ဌိပုတ္တာသ = သေဌေးသားအား။ ပဋ္ဌမတရံ =အလျင်လက်ဦး။ မာ ကထယိတ္ထ= မပြောကြားကြလင့်။

ဟိုကောသမ္ဗိက ဖခင်သေဌေးကြီးထံက တစ်ယောက်ယောက် များ လာလို့ရှိရင်ဖြင့် ငါ့ကို မပြောသေးဘဲနဲ့ သေဌေးသားများ သွားပြီး အလျင်လက်ဦး မပြောကြနဲ့နော်။ ငါ့ကို အလျင်ပြောကြ။ အဲဒီလို မှာထားတယ်။

## ဃောသကကို အမွေမပေးရအောင် အားထုတ်ခြင်း

**ဒါနိ တံ ဒုဋ္ဌပုတ္တံ မမ သာပတေယျဿ သာမိကံ န ကရိဿာမိ။**

ဒါနိ = ယခုအခါ၌။ တံ ဒုဋ္ဌပုတ္တံ = ထိုသားပျက်ကို။ မမ သာပတေယျဿ = ငါ၏ ဥစ္စာအနှစ်များ၏။ သာမိကံ =အရှင်သခင် ဖြစ်အောင်။ န ကရိဿာမိ = မပြုတော့အံ့။

ဘယ်လိုနည်းနဲ့မဆို အခုပဲ ငါ ဃောသကဆိုတဲ့ ဒီသားပျက်ကို ငါ့ရဲ့ အမွေအနှစ် မခံနိုင်တဲ့လူဖြစ်အောင် လုပ်မယ်ဆိုတဲ့ အကြံရှိတယ်။ အကြံရှိပြီးတော့ သူ့ရဲ့ ကိုယ်စားလှယ်အနားမှာ ပြုစုနေတဲ့ ကိုယ်စားလှယ်ကြီးကို ကောသမ္ဗိသေဌေးက ဘာပြောလဲ –

**မာတုလ ပုတ္တံ မေ ဒဋ္ဌုကာမောမှိ**

မာတုလ=ဦးလေး။ မေ=ငါ၏။ ပုတ္တံ =သားဖြစ်တဲ့ ဃောသကကို။ ဒဋ္ဌုကာမော + မှိ = မြင်ချင်လှပါ၏။

ဦးလေး၊ ကျွန်ုပ်သား ဃောသကကို မြင်ချင်ပါတယ်။

**ဧကံ ပါဒမူလိကံ ပေသေတွာ မမ ပုတ္တံ ပက္ကောသာပေဟိ။**

http:\\www.dhammadownload.com



ကေ=တစ်ယောက်သော။ ပါဒမူလိကံ=ခြေရင်း၌ အလုပ်အကျွေး ဖြစ်တဲ့ လူတစ်ယောက်ယောက်ကို။ ပေသေတွာ =စေလွှတ်၍။ မမ ပုတ္တံ = ကျွန်ုပ်၏သား ယောသကကို။ ပက္ကောသာပေဟိ = အခေါ်လွှတ်ပါလော့။

သူ့ရဲ့ ကိုယ်စားလှယ်ကို ပြောတယ်။ ဦးလေးတဲ့ – ကျွန်တော့်သား ယောသကကို ကျွန်တော် မြင်ချင်ပါတယ်။ ခြေရင်း အလုပ်အကျွေး လူတစ်ယောက်ယောက် စေလွှတ်ပြီး သကာလ ကျွန်ုပ်ရဲ့သား ယောသကကို ခေါ်ခိုင်းလိုက်စမ်းပါတဲ့။

ဒီတော့ ကိုယ်စားလှယ်ကလည်း။ သာဓု=ကောင်းပါပြီ အရှင်သေဌေးမင်း။ အဲဒီလို ဆိုပြီးတော့ သူဌေးအိမ်က အစေခံတစ်ယောက်ကို ဇနပုဒ်မှာရှိတဲ့ ယောသက သေဌေးသားရဲ့ အိမ်ကိုလွှတ်လိုက်တယ်။ အဲဒီအိမ်ရောက်တယ်။ ရောက်သွားတဲ့အခါ သေဌေးသားရဲ့အိမ်က လူတွေက အမောင်ဘယ်ကလဲ။ ကျွန်တော် ကောသမ္ဗီက– ယောသက သေဌေးကြီးအိမ်ကပါ ဆိုတော့။ ဟာ – ဒါဖြင့်လာ သေဌေးကတော်လေးထံ ခေါ်သွားတယ်။ ဇနပုဒ် သေဌေးသမီးထံ ခေါ်သွားတယ်။ သေဌေး သမီးလေးက ဆီးပြီးမေးတယ်။

**ကိံ တာတ။**

တာတ = အမောင်။ ကိံ = ဘာလဲတဲ့။

အမောင် ဘာကိစ္စလဲ။

ဒီတော့ သေဌေးအိမ်ကလာတဲ့ လူက ပြောတယ်။

**သေဋ္ဌိ ဂိလာနော။**

အယျေ=အရှင်မ။ သေဋ္ဌိ=သေဌေးသည်။ ဂိလာနော =မမာမကျန်း ဖြစ်၍နေပြီ။

အတ္တနော ပုတ္တံ ပဿိတုံ ပက္ကောသာပေသိ အယျေ။

http:\\www.dhammadownload.com



အယျေ = အရှင်မ။ အတ္တနော = မိမိ၏။ ပုတ္တံ = သားဖြစ်တဲ့ ယောသက သေဌေးသားကို။ ပဿိတုံ= ရှုမြင်လိုတဲ့အတွက်။ ပက္ကော သာပေသိ = အခေါ်လွှတ်လိုက်ပါတယ်။

သေဌေးကတော်လေးရယ်။ သေဌေးကြီး မမာဘူးဗျာ။ အဲသူ့ရဲ့သား ယောသက သေဌေးသားကို တွေ့မြင်ချင်လို့ အခေါ်လွှတ်လိုက်ပါတယ်။

သေဌေးကတော်လေးက ပြန်မေးတယ်။

**ကိံ တာတ ဗလဝါ ဒုဗ္ဗလော။**

တာတ=အမောင်။ ကိံ=ဘယ်နှယ့်လဲ။ ဗလဝါ=အားအင်ကလေးများ ရှိရဲ့လား။ ဒုဗ္ဗလော=အားအင်တွေများ သိပ်နည်းနေသလား။

အမောင်-- သေဌေးကြီး ကြည့်ရတာ အားအင်များ ရှိသေးရဲ့လား၊ အားများ သိပ်နည်းနေသလား။

**ဗလဝါ တာဝ အာဟာရံ ဘုဉ္ဇတိယေဝ အယျေ။**

တာဝ ဗလဝါ = အားရှိပါသေးတယ်။ အယျေ = ရှင်မသေဌေးကတော်လေး။ အာဟာရံ=အစာအာဟာရကို။ ဘုဉ္ဇတိယေဝ =စားမြဲစားနေပါသေး၏။

သေဌေးကတော်လေး- အားရှိပါသေးတယ်။ အစားမပျက်သေးပါဘူး။ အစာ အာဟာရများ စားမြဲစားလျက် ရှိနေပါသေးတယ်တဲ့။ ဒီတော့မှ သေဌေးကတော်လေးက အစီအမံ ကောင်းတယ်။ ဒီလူကို ပြန်မလွှတ်ဘူး။ အိပ်ရာနေရာ။ (တကတဲ) စားစရာ သောက်စရာတွေ အပြည့်အစုံ ပေးပြီးတော့ -

**မယာ ပေသိတကာလေ ဂမိဿသိ၊ အစ္ဆဿု တာဝ။**

မယာ = ငါသည်။ ပေသိတကာလေ = လွှတ်သောအခါ၌။ ဂမိဿသိ = အမောင် သွားရပါလိမ့်မည်။ တာဝ အစ္ဆဿု=ခဏနေပါအုန်းတော့တဲ့။

http:\\www.dhammadownload.com



အမောင် – တဲ့။ အမောင် ကျုပ်လွှတ်လိုက်တဲ့ အချိန်ကျတော့ အမောင်သွားရလိမ့်မယ်။ အခုတော့ ခဏနေပါအုန်း။ အိပ်ရာနေရာ ကောင်းကောင်းပေး။ ကောင်းကောင်း ကျွေးမွေး ညှိခံထားတယ်။ ဒီလူလည်း မပြန်ချင်အောင်၊ ပြီးပြန်ရော။

ဒီလူ မလာလို့ နောက်နှစ်ရက်၊ သုံးရက်၊ လေးရက်လောက် ကျတော့ ကောသမ္ဗီသေဌေးကြီးက ဒုတိယအကြိမ်မြောက် ကိုယ်စားလှယ် ကို ပြောပြန်တယ် –

**ကိံ မာတုလ န တေ မမ ပုတ္တဿ သန္တိကံ ပဟိတံ။**

မာတုလ = ဦးလေး။ ကိံ = အသို့နည်း။ မမ = အကျွန်ုပ်၏။ ပုတ္တဿ = သားဖြစ်တဲ့ ယောက်ျား၏။ သန္တိကံ = အထံသို့။ တေ= သင်သည်။ န ပဟိတံ =လူမလွှတ်အပ်ဘူးလား။ အဲဒီလို မေးတဲ့အခါ ကိုယ်စားလှယ်က ဘယ့်နှယ်ပြန်ပြောသလဲ။

**ပဟိတံ သာမိ၊ ဂတပုရိသော န တာဝ ဧတိ။**

သာမိ = အရှင်။ ပဟိတံ = လွှတ်အပ်ပါ၏။ ဂတပုရိသော= သွားတဲ့ယောက်ျားသည်။ န တာဝ ဧတိ = အခုထက်ထိ မလာသေး ပါဘူး။

အရှင်သေဌေးမင်းရယ်။ လွှတ်ပါတယ်။ ဒါပေမယ့် သွားတဲ့ လူဟာ အခုထက်ထိ ပြန်မလာသေးဘူ.တဲ့။ ဒီတော့ ကောသမ္ဗီ သေဌေးကြီးက အရေးကြီးလာပြီ။

**တေန ဟိ ပုန အပရံ ပေသေဟိ။**

တေန ဟိ = သို့တပြီးကား။ ပုန = တစ်ဖန်။ အပရံ = အခြား တစ်ယောက်ကို။ ပေသေဟိ = လွှတ်အုန်း။

ဒီလိုဆိုယင် နောက်တစ်ယောက် ထပ်ပြီးတော့ လွှတ်ပါအုန်း။

ကိုယ်စားလှယ်က ကောင်းပါပြီအရှင် သေဌေးမင်းဆိုပြီးတော့ ဒုတိယတစ်ယောက် လွှတ်လိုက်တယ်။ အဲဒီ ဒုတိယတစ်ယောက်

http:\\www.dhammadownload.com



လွှတ်လိုက်ပြန်တော့လည်းပဲ ထိုနည်းလည်းကောင်းပဲ။ သေဋ္ဌေးကတော်လေးက ဆီးမေးပြီးတော့။ ရောဂါမတိုးသေးဘူး ဆိုသ၍၊ အဲဒီလိုပဲ ပြန်မလွှတ်ဘူး။ သုံးရက်၊ လေးရက်၊ ငါးရက်။ သွားတာက "အတိသာရ" သွေးသွန်းဝမ်းလားနာ ဆိုတော့ သေဋ္ဌေးကြီး တစ်ရက်ထက် တစ်ရက်၊ တစ်ရက်ထက် တစ်ရက် အားလျော့မှန်းမသိ အားလျော့လာတယ်။ သူကလည်း မသေခင်ကို ဃောသကကို ဖြုတ်ချခဲ့ချင်တာ။

## ဃောသက ဖနိုးမောင်နဲ့ သေဋ္ဌေးကြီးထံသွားခြင်း

အင်းအဲဒီတော့ ရောဂါက အရေးကြီးသလိုပဲ။ ဃောသကကို သူက ဖြုတ်ချဖို့ကလည်း အရေးကြီးတယ်။ ဟင်း – တတိယမ္ပိ ပြောပြန်တယ်။ တတိယအကြိမ်ကျတော့ ဘယ်လို ဖြစ်လာသလဲ။ ရောဂါက တစ်နေ့တစ်ခြား ဆိုးလာတော့။ အတိသာရ = သွေးဝမ်းသွားတဲ့ ရောဂါဖြစ်တာ။ ထွေးခံတစ်လုံးဝင်၊ တစ်လုံးထွက်။ တစ်လုံးဝင်၊ တစ်လုံးထွက် ဖြစ်လာတယ်။ ရောဂါအခြေအနေက တော်တော်ကျွမ်းသွားပြီ။ အဲဒီ တတိယအကြိမ်ကျတော့လည်းပဲ

**ကိံ မာတုလ န တေ မမ ပုတ္တဿ သန္တိကံ ပဟိတံ။**

ဦးလေး ဘယ့်နှယ်လဲတဲ့။ ကျွန်ုပ်ရဲ့သား ဃောသကထံကို မလွှတ်ဘူးလားလို့ မေးတော့ –

ပဟိတံ သာမိ =လွှတ်ပါတယ် အရှင်သေဋ္ဌေးမင်း။ ဂတပုရိသော န တာဝ ဧတိ = သွားတဲ့ယောကျ်ားက အခုထက်ထိ ပြန်မလာသေးလို့ပါလို့။ ဟင် – ဒီတော့ သေဋ္ဌေးကြီးက –

တေန ဟိ ပုန အပရံ ပေသေဟိ = ဒီလိုဆိုယင် တစ်ဖန် တစ်ယောက် ထပ်လွှတ်အုန်း ကိုယ်စားလှယ်ကြီး ဦးလေး ဆိုပြီးတော့ ပြောလိုက်တော့ တတိယလူ လွှတ်လိုက်တယ်။

http:\\www.dhammadownload.com



အင်း တတိယလူ ရောက်တော့ သေဒ္ဓေးကတော်လေးက ရှေးနည်းအတိုင်းပဲ မေးတယ်။

ကိံ တာတ ဗလံ ဒုဗ္ဗလော=အမောင်–သေဒ္ဓေးကြီး အားအင် များရှိရဲ့လား။ အားများ လျော့နေသလားလို့ မေးလိုက်တဲ့အခါ တတိယလူကျတော့ –

**ဗာဠှဂိလာနော အယျေ။**

အယျေ=အရှင်သူဋ္ဌေးကတော်ကလေး။ သေဒ္ဓိ=သေဒ္ဓေးကြီး သည်။ ဗာဠှဂိလာနော= အပြင်းအထန် မမာမကျန်းဖြစ်၍ နေပါပြီ။

သေဋ္ဌိ=သေဒ္ဓေးကြီးသည်။ အာဟာရံ ပစ္စိန္ဒိတွာ=အစာအာဟာရ ကို မစားနိုင်ဘဲပြတ်၍။ မစ္စုပရာယနော ဇာတော =သေခြင်းတရားလျှင် လဲလျောင်းရာရှိ၍ နေပါပြီ။

သေဖို့ရာပဲ။ နေ့သေမလား။ ညသေမလား။ စိုးရိမ်ရတဲ့ အခြေအနေမှာ ရောက်နေတယ်။

**ဧကံ ဘာဇနံ ပဝိသတိ၊ ဧကံ နိက္ခမတိ။**

ဧကံ ဘာဇနံ = ထွေးခံတစ်လုံးက။ ပဝိသတိ=ဝင်၏။ ဧကံ= ထွေးခံတစ်လုံးလောက်။ နိက္ခမတိ = ထွက်ရ၏။

အတိသာရ = ဝမ်းသွေးသွန်တဲ့ ရောဂါဖြစ်လို့ ထွေးခံတစ်လုံးဝင် တစ်လုံးထွက်။ တစ်လုံးဝင် တစ်လုံးထွက် အင်မတန် အရေးကြီးတဲ့ အပိုင်းမှာ ရောက်နေပြီ။ သေဒ္ဓေးကတော်လေး–လို့ ဆိုတော့မှ ဒီသေဒ္ဓေး ကတော်လေးက –

**ဣဒါနိ ဂန္တုံ ကာလော။**

ဣဒါနိ = ယခုအခါ၌။ ဂန္တုံ = သွားဖို့ရန်။ ကာလော=အချိန် တန်ပြီလို့ စဉ်းစားမိသတဲ့။ အဲဒီလို စဉ်းစားမိပြီးတော့၊ သေဒ္ဓေးသား ယောသကထံ သွားပြီးတော့ –

**ပိတာ ကိရ တေ ဂိလာနော။**

http:\\www.dhammadownload.com



သာမိ = အရှင်သေဋ္ဌေးသား။ တေ = အရှင်သား၏။ ပိတာ= ဖခမည်းတော်ကြီးသည်။ ဂိလာနော ကိရ = မမာဘူးတဲ့။

အရှင့်သား၊ အရှင့်သားရဲ့ ခမည်းတော်ကြီး မမာဘူးတဲ့လို့ ဆိုတော့။

**ကိံ ဝဒေသိ ဘဒ္ဒေ။**

ဘဒ္ဒေ = ရှင်မ။ ကိံ ဝဒေသိ = ဘယ်လို ပြောလိုက်သလဲ။ သေဋ္ဌေးသမီးလေးက ပြောတယ် -

**အဖာသုကမဿ သာမိ။**

သာမိ = အရှင်။ အဿ = ထိုအရှင့်ခမည်းတော်ကြီး၏။ အဖာသုကံ = မချမ်းသာခြင်း၊ မကျန်းမာခြင်းသည်။ အဟောသိ = ဖြစ်နေသတဲ့။

ဒီတော့ ယောသက သေဋ္ဌေးသားက ပြန်မေးတယ် -

**ဣဒါနိ ကိံ ကရောမိ။**

ဣဒါနိ = ယခုအခါ၌။ ကိံ ကရောမိ = ဘယ်လိုလုပ်မလဲ။

သေဋ္ဌေးသမီးလေးက ပြောတယ် -

သာမိ = အရှင်။ ဂါမသတတော = ကျုပ်တို့အုပ်ချုပ်နေတဲ့ ရွာပေါင်း တစ်ရာမှ။ ဝုဋ္ဌာနပဏ္ဏာကာရံ=ဖြစ်ပေါ်တဲ့ လက်ဆောင်ပဏ္ဏာ ကို။ အာဒါယ=ယူ၍။ ဂန္တွာ=ကောသမ္ဗီပြည်သို့ သွားပြီးတော့။ နံ = ထိုအရှင့်သားရဲ့ ဖခင်သေဋ္ဌေးကြီးကို။ ပဿိဿာမ = ဖူးမြော်ကြ စို့လား။ တွေ့ကြစို့လား။

ရွာတစ်ရာက လက်ဆောင်ပဏ္ဏာတွေကို ယူ။ ကောသမ္ဗီသွား။ အရှင့်သားရဲ့ ခမည်းတော်ကြီးကို သွားတွေ့ကြစို့လားလို့ တိုင်ပင်တဲ့ အခါ။ သာဓု = ကောင်းပြီရှင်မ။ စိမ်တော့ဆိုတော့။ ရွာတစ်ရာကို အကြောင်းကြားရတယ်။ ဖခင်ကောသမ္ဗီ သေဋ္ဌေးကြီးထံ သွားမလို့။

http:\\www.dhammadownload.com



လက်ဆောင်ပဏ္ဏာများ ယူသွားချင်လို့ ဆိုတော့ ရွာတစ်ရာက လက်ဆောင်တွေ လာပို့တယ်။

အဲဒီလာပို့တဲ့ လက်ဆောင်တွေ၊ လှည်းတွေ အစီးစီးတင်၊ ထွက်လာကြတယ်။ သေဋ္ဌေးသမီးလေးက မိမိရဲ့ ရွာနားရောက်တော့ သေဋ္ဌေးသား ဃောသကကို ပြောတယ် –

**ပိတာ တေ ဒုဗ္ဗလော။**

သာမိ = အရှင်။ တေ = အရှင်၏။ ပိတာ = ခမည်းတော်ကြီး သည်။ ဒုဗ္ဗလော = အားအလွန်နည်းသွားပြီ။

အရှင့်သားရဲ့ ခမည်းတော်ကြီး အား အလွန်နည်းသွားပြီ။

**တွေကံ ပဏ္ဏာကာရံ ဂဟေတွာ ဂစ္ဆန္တာနံ ပပဉ္စော ဘဝိဿတိ။**

တွေကံ = ဤမျှများပြားသော။ ပဏ္ဏာကာရံ = လက်ဆောင်ကို။ ဂဟေတွာ = ယူ၍။ ဂစ္ဆန္တာနံ= သွားကြကုန်သော ကျွန်ုပ်တို့အဖို့။ ပပဉ္စော = အချိန်ကြာမြင့်သည်။ ဘဝိဿတိ = ဖြစ်ပါလိမ့်မယ်

ဤမျှ များပြားတဲ့ လက်ဆောင်တွေနဲ့ သွားရလို့ရှိယင် အချိန် ကြာနေတော့မှာပဲ အရှင့်သားတဲ့။

ဧတံ = ဤလက်ဆောင်ပစ္စည်း ဝတ္ထုအစုစုကို။ နိဝတ္တာပေတိ = ပြန်နစ်စေပါလော့။

သေဋ္ဌေးသမီးလေးက ပြောတတ်တယ်။ ဒီတော့ ဃောသက သေဋ္ဌေးသားက ကောင်းပါပြီ၊ ဟုတ်လား။ ရှင်မ ကြိုက်တဲ့အတိုင်း စီမံပေတော့– ဆိုတော့ အဲဒီ လက်ဆောင်ပဏ္ဏာတွေကို သူ့မ်ဘအိမ် အကုန်ပို့တယ်။ အဲဒီလိုပို့ပြီးမှ သူတို့ ဇနီးမောင်နှံ လာကြတယ်။ လမ်းကတည်းကိုက သေဋ္ဌေးကတော်လေးက ပြောလာခဲ့တယ်။ ဃောသကကို ဘယ့်နှယ်ပြောလဲ။

http:\\www.dhammadownload.com



**သာမိ တွံ အတ္တနော ပိတု ပါဒပဿေ တိဋ္ဌေယျာသိ အဟံ ဉဿီသကပဿေ ဌဿာမိ။**

သာမိ = အရှင်။ တွံ = သင်သည်။ အတ္တနော ပိတု = မိမိ၏ ခမည်းတော်ကြီး၏။ ပါဒပဿေ = ခြေရင်းဘက်က။ တိဋ္ဌေယျာသိ။ ရပ်တည်ပါလော့။ အဟံ - ကျွန်တော်မသည်။ ဉဿီသကပဿေ = ဦးခေါင်းရင်းဘက်က။ ဌဿာမိ = ရပ်တည်ပါအံ့။

အရှင် ဟိုရောက်ယင် အရှင်က ခြေရင်းက နေနော်။ ကျွန်တော်မက ခေါင်းရင်းကနေမယ်။ တိုင်ပင်ပြီးတော့ ကောင်းပြီဆိုပြီး သွားကြတယ်။ ကောသမ္ဗီရောက်။ သေဋ္ဌေးကြီးရဲ့ အိမ်ထဲလည်း ဝင်မိရော မိမိတို့မှာပါတဲ့ အခြွေအရံ ပရိသတ်တွေကို

**ဂေဟဿ ပုရတော စ ပစ္ဆတော စ အာရက္ခံ ဂဏှာထ။**

ဂေဟဿ = အိမ်၏။ ပုရတော စ = ရှေ့မှလည်းကောင်း။ ပစ္ဆတော စ = နောက်မှလည်းကောင်း။ အာရက္ခံ = အစောင့်အရှောက်ကို။ ဂဏှာထ= ယူကြကုန်။

တစ်ခါတည်း အိမ်ရဲ့ရှေ့ရော၊ အိမ်ရဲ့နောက်ရော မိမိလူတွေကို တစ်ခါတည်း အစောင့်အနေ ချထားတယ်။ သေဋ္ဌေးသမီးလေး အစီအရင်တွေပါ။ အဲဒီလို ဆိုပြီးတော့ အိမ်ပေါ်တက်သွားတယ်။ နဂို အချက်အတိုင်း သေဋ္ဌေးသမီးလေးက သေဋ္ဌေးကြီးရဲ့ ခေါင်းရင်းက။ ဃောသကက ခြေရင်းက။

•

## သေဋ္ဌေးကြီးက ဉစ္စာအားလုံးကို ဃောသကအား လွှဲခဲ့ခြင်း

အဲဒီအချိန်မှာ သူဋ္ဌေးကြီးက အင်မတန် အားနည်းပြီးတော့ ပက်လက်ကလေး ဖြစ်နေတယ်။ အဲဒီလို ပက်လက်ကလေ ဖြစ်နေ တော့ ကိုယ်စားလှယ်ကြီးက သေဋ္ဌေးကြီးရဲ့ ခြေထောက်ကို၊ ခြေဖဝါးကို

http:\\www.dhammadownload.com



နိပ်လို့။ ဆုပ်လို့ ပေးနေတယ်။ ယောသကတို့ ဇနီးမောင်နှံ= ယောသကက ခြေရင်းက၊ သေဌေးကတော်လေးက ခေါင်းရင်းက၊ နေရာအသီးသီး ယူပြီးစ ပင်လျှင် ကိုယ်စားလှယ်ကြီးက ဘာပြောသလဲ။

**ပုတ္တော တေ သာမိ အာဂတော။**

သာမိ = အရှင်သေဌေးမင်း။ တေ=သေဌေးမင်း၏။ ပုတ္တော= သားသည်။ အာဂတော = လာပါပြီလို့။

အဲဒီလို ပြောလိုက်တဲ့အခါ သေဌေးကြီးက– ကုဟိံသော = သူ ဘယ်မှာလဲ။ ဒီလိုပေါ့ ဗမာလို ဆိုယင်။ ဒီတော့ ကိုယ်စားလှယ်ကြီးက လက်ညှိုးထိုးပြဖို့။

**ဧသ ပါဒမူလေ ဌိတော။**

ဧသ–ဧသော = ဤအရှင်သေဌေးကြီးရဲ့ သားသည်။ ပါဒမူလေ = ခြေရင်း၌၊ ဌိတော = ရပ်နေပါတယ်။

အဲဒီတော့မှ သူဌေးကြီးက –

**မမ ဂေဟေ ကိတ္တကံ ဓနံ။** (ကိုယ်စားလှယ်ကြီးကို မေးတယ်)

မမ ဂေဟေ = ငါ၏အိမ်၌။ ဓနံ = ဥစ္စာသည်။ ကိတ္တကံ= အဘယ်မျှ ရှိသနည်း။

ဥစ္စာ စာရင်း ပြောစမ်း ကိုယ်စားလှယ်ကြီး။ ကိုယ်စားလှယ်ကြီးက ပြန်ပြောတယ်။ –

**သာမိ ဓနသာဝ စတ္တာလီသကောဋိယော။**

သာမိ = အရှင်သေဌေးကြီး။ ဓနဿဝ = ဥစ္စာ၏သာလျှင်။ ပရိဗ္ဗယေ = အပိုင်းအခြားကား။ စတ္တာလီသကောဋိယော = ကုဋေ လေးဆယ်တို့ ရှိပါကုန်၏။

အရှင်သေဌေးမင်း၊ ရွှေငွေစိန်ကျောက်ဆိုတဲ့ အတွင်း ဥစ္စာရတနာ သော့တင်ပဲ ကုဋေလေးဆယ် ရှိပါတယ်။

http:\\www.dhammadownload.com



**ဥပဘောဂ ပရိဘောဂ ဘဏ္ဍာနံ ပန ဝန ဂါမ ခေတ္တ ဒီပဇ စတုပ္ပဒယာနဝါဟနာနဉ္စ အယဉ္စ အယဉ္စ ပရိစ္ဆေဒေါ။**

ပန = တိုမှတ်ပါ။ ဥပဘောဂ ပရိဘောဂ ဘဏ္ဍာနဉ္စ=အတွင်းအသုံးအဆောင်၊ အပြင်အသုံးအဆောင် ဖြစ်ကြတဲ့ အိမ်ထောင်မှုခမ်းနား အသုံးအဆောင်တို့၏ လည်းကောင်း။ ဝန ဂါမ ခေတ္တ ဒွိပဒ စတုပ္ပဒ ယာန ဝါဟနာနဉ္စ = တောတွေ၊ ရွာတွေ၊ လယ်တွေ၊ အခြေ နှစ်ချောင်းရှိတဲ့ ကျွန်မိန်းမ၊ ကျွန်မယောကျ်ားတွေ၊ အခြေလေးချောင်း ရှိတဲ့ ဆင်၊ မြင်း၊ ကျွဲ၊ နွား အစရှိတဲ့ သတ္တဝါတွေ (သေဌေးကြီးပိုင်တဲ့ ပစ္စည်းတွေ)ယာဉ်တွေ၊ ယာဉ်မှာကတဲ့ မြင်းတွေ၊ ဆင်တွေ၊ ကျွဲတွေ၊ ယင်းတို့၏၊ ပရိစ္ဆေဒေါ = အပိုင်းအခြားကတော့။ အယဉ္စ အယဉ္စ = ဤမျှ ဤမျှ ဖြစ်ပါသည်။

တရင်းနဲ့တကွ အကုန်လုံး ကိုယ်စားလှယ်ကြီးက ပြောတယ်။ အရှင်သေဌေးမင်း။ အရှင်သေဌေးမင်း ပိုင်တဲ့ ဥစ္စာကား။ ရွှေငွေရတနာကား ကုဋေလေးဆယ် ရှိတယ်။ အရှင်သေဌေးမင်း ပိုင်တဲ့ ဥယျာဉ်တောများက ဤရွေ့ဤမျှ၊ ရွာပေါင်း ဤရွေ့ဤမျှ၊ ယာပေါင်း ဤရွေ့ဤမျှ။ အခြေနှစ်ချောင်းရှိတဲ့ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား ပေါင်းက ဤရွေ့ဤမျှ၊ အခြေလေးချောင်းရှိတဲ့ ဆိတ်တို့၊ သိုးတို့ အစရှိတဲ့ ပစ္စည်းတွေက ဤရွေ့ဤမျှ။ ယာဉ်တွေပေါင်း ဤရွေ့ဤမျှ။ ယာဉ်မှာကတဲ့ ကျွဲ၊ နွားတွေက ဤရွေ့ဤမျှ။ ဤမည်တဲ့ အတွင်းအသုံးအဆောင်၊ အပြင်အသုံးအဆောင်ဖြစ်တဲ့ အိမ်ထောင်မှု ပရိဘောဂ အသုံးအဆောင်တို့ကား ဤရွေ့ဤမျှ ရှိပါတယ်။ အတိအကျ ကိုယ်စားလှယ်ကြီးက ပြောတယ်။

ပြောပြီးသည်နှင့် ဘစ်ပြိုင်နက် ယသာသက သေဌေးကြီးက –

http:\\www.dhammadownload.com



**အဟံ ဗွေတ္တက် ဓနံ မမ ပုတ္တာသဲ ဃောသကာသာ န ဒေမိ လို့**
ဆိုချိန်မရောက်ခင် "န" ကလေးမပါပဲနဲ့ "ဒေမိ"လို့ ဆိုမိတယ်။

ဗမာပြန်တော့ ပိုထင်ရှားတယ်။ သေဋ္ဌေးသမီးလေးက အင်မတန် အကြံဉာဏ်ကောင်းတယ်နော်။ သူဌေးသမီးလေးက –

**အယံ ပုန ကထေန္တော အညံ ကိဉ္စိ ကထေယျ။**

အယံ = ဤသေဋ္ဌေးကြီးသည်။ ပုန = တစ်ဖန်။ ကထေန္တော= ပြင်၍များ ပြောလိုက်လို့ရှိယင်။ အညံ = ဤစကားမှတစ်ပါးသော။ ကိဉ္စိ = တစုံတခုသော စကားကို။ ကထေယျ = ပြောဆိုလေရာ၏။

ဒီသေဋ္ဌေးကြီး နောက်တစ်ခါများ ပြင်ပြောယင်တော့ တစ်မျိုး ဖြစ်ချေရဲ့။ အခုအလုံးက သူ့တို့တယ်ပြီးတော့ ပိုင်ပါတယ်။

အဲဒီလို စဉ်းစားပြီတော့ အလွန့်အလွန် ပူပင်တဲ့ အမူအယာနဲ့ ဆံပင်တွေ ဖရိုဖရဲ ဖြစ်ပြီးတော့ ငိုကြီးဟာစ်ကျယ်နဲ့ –

**ကိံ နာမေတံ တာတ ဝဒေဟိ။**

သူဌေးကြီးရဲ့ ရင်ဝခေါင်းနဲ့ ဆောင့်တယ်။ ဖခင်ကြီး ဘယ်လို စကားကို ပြောရသလဲ။

**ဣဒံ နာမ တေ ဝစနံ သုဏောမ။**

တေ = အသင်ဖခင်ကြီး၏။ ဣဒံ နာမ ဝစနံ = ဤမည်သော စကားကို။ သုဏောမ = ကျွန်ုပ်တို့ ကြားရပါကုန်၏။

မယံ= ကျွန်ုပ်တို့သည်။ အလက္ခိကာ = အသရေ မရှိကုန်သည်။ အမှ ဝတ = ဖြစ်ကုန်စွ။

ဖခင်သေဋ္ဌေးကြီးက ဘာတွေ လျှောက်ပြောနေရတာလဲ။ အခုလို ဒီစကားတွေ ပြောလိုက်ရတာက အင်မတန် ကျက်သရေ မရှိပါဘူး။ ထိုစကားက သောကာနီးလို့ တကတဲမှာတဲ့ အတွက်ပေါ့လေ။ စိတ်မချမ်းသာလို့ ပြောတဲ့ပုံမျိုး။ ပါးစပ်ကလည်း ပြောပြီး ...

http:\\www.dhammadownload.com



ခေါင်းနဲ့ ရင်ပတ်ကို တစ်ခါတည်း ဇော့တော့၊ နဂိုက အားပျော့နေတဲ့ သေဋ္ဌေးကြီးဟာ တစ်ခါတည်းချောရော။ သေဋ္ဌေးကြီး တစ်ခါတည်း အချောကို ဇော့တယ်။ အပူရုပ်နဲ့။ သေဋ္ဌေးကြီး ကွယ်လွန်သွားပြီ။

## ဥတေနမင်းက ဃောသကကို သေဋ္ဌေးရာထူး၌ ခန့်ထားခြင်း

သေဋ္ဌေးကွယ်လွန်တဲ့ အကြောင်းကို ဥတေနမင်းအား လျှောက်ထားတယ်။ ဃောသက သေဋ္ဌေးကြီးဖြင့် ကွယ်လွန်ပြီ။ ဒီတော့မှ မင်းက ဒီသေဋ္ဌေး ကွယ်လွန်တဲ့အခါ ဈာပနအခမ်းအနား၊ အဆောင် အယောင် ပေးနေကျအတိုင်း ပေးပြီးတော့၊ ကောသမ္ဗီ သေဋ္ဌေးကြီးရဲ့ ဈာပနကိစ္စ ပြုလုပ်ပြီးတဲ့ အခါကျတော့မှ ဥတေနမင်းက မင်းချင်း တွေကို မေးတယ်။

**အတ္ထိ ပနဿ ပုတ္တော ဝါ ဓီတာ ဝါ။**

ဘဏေ = အချင်းတို့။ အဿ = ထိုကောသမ္ဗီ သေဋ္ဌေးကြီးအား။ ပုတ္တော ဝါ=သားသော်လည်းကောင်း၊ ဓီတာ ဝါ=သမီးသော်လည်း ကောင်း။ အတ္ထိ ပန = ရှိသလား။

အချင်းတို့၊ ကောသမ္ဗီ သေဋ္ဌေးကြီးမှာ သား သို့မဟုတ် သမီး ရှိသလား။ ဒီတော့ မင်းချင်းတွေက ပြန်လျှောက်တယ်။

**အတ္ထိ ဒေဝ ဃောသကော နာမ ပုတ္တော။**

ဒေဝ = အရှင်မင်းကြီး။ အတ္ထိ = ရှိပါသည်ဘုရား။ ဃောသကော နာမ = ဃောသကအမည်ရှိသော။ ပုတ္တော = သားသည်။ အတ္ထိ = ရှိပါသည်ဘုရား။

အရှင်မင်းကြီး ကောသမ္ဗီသေဋ္ဌေးကြီးမှာ သားရှိတယ်။ နာမည်က ဃောသကတဲ့။

သဗ္ဗံ သာပတေယျံ တဿ နိယျာဒေတွာဝ မတော ဒေဝ။

http:\\www.dhammadownload.com



ဒေဝ = အရှင်မင်းမြတ်။ သဗ္ဗံ = အလုံးစုံသော။ သာပတေယျံ= ဥစ္စာနှစ်ကို။ တဿ = ထိုသားကြီး သြရသ ဃောသကအား။ နိယျာ ဒေတွာဝ=အပ်နှင်း၍သာလျှင်။ မတော= စုတိပြတ် ကွေသေလွန်ခဲ့ပါလေပြီ။

ပြောကြတယ်။ အားလုံးဥစ္စာနှစ်တွေ အကုန်လုံး ဃောသက သားကြီး သြရသကို အပ်နှင်းပြီးတော့ သေသွားပါသတဲ့ ဘုရား။ တစ်အိမ်လုံး သိကြသတဲ့။

ဒီတော့မှ ဥတေနမင်းက ဃောသကကိုခေါ်။ အခေါ်လွှတ်တယ်။ ဃောသကက– "ရာဇာနံ ပဿိဿာမိ"=ပြည့်ရှင်မင်းကြီးကို အဖူး အမြော် ငါဝင်မယ်လို့– ဒီအကြံနဲ့။ ဘာမှစိတ်မပူနဲ့၊ မင့်ခမည်းတော်ကြီးရဲ့ အရိုက်အရာဖြစ်တဲ့ သူဌေးရာထူးကို သူတစ်ပါးမပေးဘူး။ မင်းအား ပေးမယ်လို့ အဲဒီလို အားပေးအားမြှောက် စကားပြောပြီးတော့၊ ကိုင်းအမောင်သွားတော့။ လွှတ်လိုက်တယ်။

ဃောသကက ရွှေနန်းတော်က ကွန်ရြေ့ရဆင်းတယ်။ ဥတေနမင်းက လေသာပြတင်းက နေပြီးတော့ ဃောသကသွားပုံ အခြင်းအရာကို ပြန်ကြည့်ပြန်တယ်။ ဒီတစ်ခါကျတော့ ဃောသကက အလာတုန်းကလို မဟုတ်ဘူး။ ရေအိုင်တွေ၊ ဗွက်တွေ မခုန်တော့ဘူး။ တကတဲ ကွန်ရြေ့ကြီး တစ်ခွဲသားနဲ့။ တွေ့တဲ့ရေအိုင်တွေ ဖြေးဖြေး (ဖြည်းဖြည်း)လေး ဆင်းပြီးတော့ ကွန်ရြေ့ကြီးနဲ့ သွားတယ်။

ဥတေနမင်းတရားက သူ့အမူအယာ ထူးခြားချက်ကို မြင်လို့ မင်းချင်းတစ်ယောက် လွှတ်ပြီး ဃောသက ပြန်ခေါ်လိုက်အုန်း။ ရောက်လာတယ်။ ရှေ့တော်မှောက်ရောက်လာ။

**ကိံ နု ခေါ တာတ တံ မမ သန္တိကံ အာဂစ္ဆန္တော ဥဒကံ လင်္ဃိတွာ အာဂမ္မ။**

http:\\www.dhammadownload.com



တာတ = အမောင်။ တွံ = သင်သည်။ မမ သန္တိကံ=ငါ့အထံသို့။ အာဂစ္ဆန္တော=လာစဉ်တုန်းက။ ဥဒကံ = တွေ့တဲ့ရေတွေကို။ လယိတွာ = ခုန်ခုန်ပြီးမှ။ အာဂမ္မ = လာခဲ့၍။ ဂစ္ဆန္တော = ပြန်သွားလတ်သည်ရှိသော်။ ဩတရိတွာ = ရေထဲဆင်းဆင်းပြီးတော့။ ကိံ နု ခေါ= အဘယ့်ကြောင့်။ သဏိကံ = ဖြည်းဖြည်း (ဖြေးဖြေး)လေး။ ဂစ္ဆသိ= သွားသလဲ။

အမောင် - မင်း ဘယ့်နှယ်ကြောင့် ငါ့ထံ လာစဉ်တုန်းက တွေ့တဲ့ ရေဖွက်တွေကို ခုန်ခုန်ပြီး လာပြီးတော့။ အခုပြန်တော့ မခုန်တော့ဘဲ ရေထဲဆင်းပြီးတော့ ဖြေးဖြေးလေး ဘာပြုလို့ မောင်ပြန်တာလဲ။ ဒီတော့ ယောသကက ပြန်ပြောတယ် -

**အာမ ဒေဝ အဟံ တသ္မိံ ခဏေ ကုမာရကော ကိဋ္ဌနကာလော နာမ သော။**

ဒေဝ = အရှင်မင်းကြီး။ အာမ = ဟုတ်ပါတယ်။ (အလာတုန်းက ကျွန်တော်မျိုး ရေတွေခုန်ခုန်ပြီး လာတာဟုတ်တယ်။ ပြန်တော့လည်း ကျွန်တော်မျိုး ရေထဲဆင်းပြီး ဖြေးဖြေးမှ သွားတယ်။ ဟုတ်တယ်။) အဟံ= အကျွန်ုပ်သည်။ တသ္မိံ ခဏေ=ထိုသို့ လာစဉ်တုန်းက။ ကုမာရကော=လူငယ်ကလေး တစ်ယောက်ပါတဲ့။ (ကျွန်တော်မျိုး လာစဉ်တုန်းက ကလေးပါတဲ့၊ ဘာမှ ရာထူးမရှိဘူး။) သော = ထို ကလေးအရွယ် အခါ ဆိုတာ။ ကိဋ္ဌနကာလော နာမ = မြူးခုန်တဲ့ အရွယ်အခါ ဟုတ်ပါတယ် ဘုရား။

**ဣဒါနိ ပန မေ ဒေဝေန ဌာနန္တရံ ပဋိဿုတံ။**

ဣဒါနိ ပန=ယခုအခါ၌ကား။ မေ =အကျွန်ုပ်အား။ ဒေဝေန = အရှင်မင်းကြီးသည်။ ဌာနန္တရံ= သေဋ္ဌေးရာထူး ဌာနန္တရကို။ ပဋိဿုတံ = ဝန်ခံအပ်ခဲ့လေပြီ။

http:\\www.dhammadownload.com



အခုတော့ အရှင်မင်းကြီး ကျွန်တော်မျိုးအား သေဒ္ဓေးရာထူးကို ဝန်ခံလိုက်ပြီတဲ့။

တသ္မာ = ထို့ကြောင့်။ ယထာ ပုရေ အစရိတ္ဘာ =ရှေးတုန်းကလို မသွားဘဲ။ ဣဒါနိ = ယခုအခါ၌။ သန္တိသိန္နေန = ငြိမ်ငြိမ်သက်သက် ဣန္ဒြေရသူသည်။ ဟုတွာ= ဖြစ်၍။ စရိတုံ = သွားခြင်းငှာ။ ဝဋ္ဋတိ= သင့်ပါသည်ဘုရား။

ယခုတော့ အရှင်မင်းကြီးက ကျွန်တော်မျိုးကို သေဒ္ဓေးရာထူး ခန့်မယ်လို့ ဝန်ခံလိုက်ပါပြီ။ ဒါကြောင့် ကျွန်တော်မျိုး အလာတုန်းကလို ကလေးမဟုတ်တော့၊ သေဒ္ဓေးကြီး ဖြစ်တော့မယ်။ အဲဒါကြောင့်မို့လို့ အလာတုန်းကလို သွားဖို့ရာ မတော်ဘဲနဲ့ ဣန္ဒြေရရ ငြိမ်ငြိမ်ဆိမ်ဆိမ် သွားမှ သင့်တော်ပါ့မယ်ဘုရားလို့ လျှောက်ထားတော့ – ဥတေနမင်း ကလည်းပဲ –

**ဓိတိမာ အယံ ပုရိသော။**

အယံ ပုရိသော=ဤယောကျ်ားသည်။ ဓိတိမာ = အလွန်သမာဓိ ရှိတဲ့လူပါပေ။

**ဣဒါနေဝဿ ဌာနန္တရံ ဒဿာမိ။**

ဣဒါနေဝ=ယခုပင်လျှင်၊ အဿ =ထိုယောကျ်ားအား။ ဌာနန္တရံ = သေဒ္ဓေးရာထူးကို။ ဒဿာမိ = ငါပေးတော့မယ်။

အင်မတန် သမာဓိရှိတဲ့ လူပါပေ။ အခုပဲ ဒင်းကိုဖြင့် သေဒ္ဓေး ရာထူးပေးမှပဲ ဆိုပြီးတော့။ သေဒ္ဓေးရဲ့ အဆောင်အယောင် ရွှေကွမ်းအစ် တွေ၊ မြူတာတွေ။ သေဒ္ဓေးဆိုင်ရာ ထီးဖြူတွေ၊ သေဒ္ဓေးဆိုင်ရာ ပလ္လင်တွေ၊ အသုံးအဆောင်တွေက တမျိုးတမျိုးလျှင် တရာတရာတဲ့။ အားလုံးပစ္စည်း တစ်ခုတစ်ခုလျှင် တစ်ရာ၊ တစ်ရာပေးပြီး တော့ ကောသမ္ဗီသေဒ္ဓေးကြီးခန့်တယ်။ သေဒ္ဓေးကြီးအဖြစ်နဲ့ ရွှေနန်းတော်

http:\\www.dhammadownload.com



ကနေ ရထားစီးပြီး မြို့ကို လက်ယာရစ် လှည့်တယ်။ ကြည့်လေရာရာ အရပ်တိုင်း တုန်လှုပ်တယ်။

## ဃောသကသေဌေး အကြီးအကျယ် သံဝေဂရခြင်း

အဲဒီအချိန်မှာ သေဌေးသမီးဟာ ကာဠီ ကျွန်မနဲ့ တိုင်ပင်နှီးနှော စကားပြောပြီးတော့ ထိုင်နေတယ်။

**အမ္မ ကာဠိ ပုတ္တဿ တေ စတ္တိကာ သမ္ပတ္တိ မံ နိဿာယ ဥပ္ပန္နာ။**

အမ္မကာဠိ = အိုအမေကာဠီ။ တေ ပုတ္တဿ = အမဲ့သားအား။ စတ္တိကာ သမ္ပတ္တိ =ဤမျှလောက်သော စည်းစိမ်သည်။ မံ=အကျွန်မကို။ နိဿာယ = အမှီပြု၍။ ဥပ္ပန္နာ = ဖြစ်ပေါ်လာ၏။

အိုအမေကာဠီ၊ သင့်သားအဖို့ရာ ဤမျှလောက်သော စည်းစိမ်ချမ်းသာဟာ ကျွန်တော်မ ကြောင့်သာ၊ ကျွန်တော်မကို အမှီပြု၍သာ ဖြစ်ပေါ်လာရတာပါ။

ဒီလိုပြောတယ်။ အဲဒီအခါ ကာဠီ ကျွန်မက

**ကိံ ကာရဏာ အမ္မ။**

အမ္မ = ချစ်သမီး၊ ကိံကာရဏာ = အဘယ့်ကြောင့်နည်း။

ချစ်သမီး ဘယ်လိုကြောင့်လဲလို့ မေးတယ်။

**အယဉှိ အတ္တနော မရဏပဏ္ဏံ ဒုဿန္တေ ဗန္ဓိတွာ အမှာကံ ဃရံ အာဂတော၊ အထဿ မယာ တံ ပဏ္ဏံ ဖာလေတွာ မယာ သဒ္ဓိံ မင်္ဂလကရဏတ္ထာယ အညံ ပဏ္ဏံ လိခိတွာ တွေကံ ကာလံ တတ္ထ အာရက္ခော ကတော။**

အယဉ္ဟိ=ဤသေဌေးသားသည်။ အတ္တနော မရဏပဏ္ဏံ = မိမိအား သတ်မဲ့ စာလွှာကို။ ဒုဿန္တေ = ပုဆိုးစွန်း၌။ ဗန္ဓိတွာ =

http:\\www.dhammadownload.com



ဖွဲ့ချည်၍။ အမှာကံ=ကျွန်တော်မတို့၏။ ဃရံ=အိမ်သို့။ အာဂတော =ရောက်လာခဲ့ပါ၏။ အထ=ထိုသို့ ရောက်လာသောအခါ၌။ အဿ =ထိုသေ္ဌးသား၏။ တံ ပဏ္ဏံ = ထိုသေစာကို။ ဖာလေတွာ = ဆုတ်ဖြဲ၍။ မယာ သဒ္ဓိံ =ကျွန်တော်မနှင့်အတူ။ မင်္ဂလကရဏတ္ထာယ= ထိမ်းမြား မင်္ဂလာ ပြုစေခြင်းငှာ။ အညံ ပဏ္ဏံ = တစ်မျိုးတစ်မည် ဖြစ်သော စာကို။ လိခိတွာ=ရေး၍။ တွက်ကံ ကာလံ = ဤမျှကာလ တိုင်အောင်။ တတ္ထ =ထိုရွာပေါင်းတစ်ရာ အုပ်ချုပ်ရာ အရပ်၌။ အာရက္ခကော= အစောင့်အရှောက်ကို။ ကတော = ပြုအပ်ပါ၏။

အိုအမယ်ကာဠီ။ ဤယောသက သေ္ဌးသားဟာ ကိုယ့်ကို သတ်မဲ့ စာလွှာကို ပုဆိုးစွန်းမှာ ဖွဲ့ချည်ပြီးတော့ ကျွန်တော်မတို့ အိမ်ကို ရောက်လာပါတယ်။ ဒါကြောင့် ကျွန်တော်မက အဲဒီစာကို ဆုတ်ဖြဲပြီး ကျွန်တော်မနဲ့ ထိမ်းမြားရအောင် စာအသစ် ရေးခဲ့ပါတယ်။ အခု ထက်တိုင် သူ့ကို အဲဟိုအရပ်မှာ စောင့်ရှောက်ခဲ့ပါတယ်။

ကာဠီ ကျွန်မက ပြန်ပြောတယ် –

**အမ္မ တွံ တွက်ကံ ပဿသိ။**

အမ္မ=သခင်မ။ တွံ = သင်သည်။ တွက်ကံ=ဤမျှလောက်ကိုသာ။ ပဿသိ = ကြုံတွေ့ သိမြင်ရပေသေးသည်။

သခင်မ သင်ဟာ ဒီအချက် တစ်ချက်ကိုပဲ ကြုံဖူး၊ တွေ့ဖူးသေး တာကိုး။

**ဣမံ ပန သေဋ္ဌိ ဒဟရကာလတော ပဋ္ဌာယ မာရေတုကာမော မာရေတုံ နာသက္ခိ၊ ကေဝလံ ဣမံ နိဿာယ ဗဟုံ ဓနံ ခီယိ။**

ပန =စကားဆက်ပါမယ်။ သေဋ္ဌိ=သေ္ဌးကြီးသည်။ ဣမံ= ဤသေ္ဌးသားကို။ ဒဟရကာလတော ပဋ္ဌာယ = ကလေးအရွယ် ငယ်စဉ်မှစ၍။ မာရေတုကာမော= သတ်လိုသည်ဖြစ်၍။ သတ်စေ

http:\\www.dhammadownload.com



သော်လည်း။ မာရေတုံ = သေစေခြင်းငှာ။ နာသက္ခိ = မစွမ်းနိုင်ခဲ့ပါ။ ကေဝလံ = သက်သက်။ ဣမံ = ဤသေဌေးသားကို။ နိဿာယ=မှီ၍။ ဗဟုံ ဓနံ = ဥစ္စာများစွာ။ ခါယိ = ကုန်ခန်းခဲ့ရ၏။

စကားဆက်ရမယ်ဆိုယင် သခင်မ၊ သေဌေးကြီးဟာ ယောသက သေဌေးသားကို သေစေလိုသည် ဖြစ်၍ သတ်စေပါသော်လည်း သေအောင် မတတ်နိုင်ခဲ့ပါဘူး။

သူ့ကို သတ်တဲ့အကြောင်း ပြန်ပြောင်း ပြောရယင် –

၁။ သူ့အမေ ပြည့်တန်ဆာမဟာ သူ့ကို အမှိုက်ပုံမှာ စွန့်ပစ်ပေမယ့် မသေဘဲ – လူတစ်ယောက်က ကောက်ယူမွေးစားတယ်။ အဲဒီလူဆီက သေဌေးသားကို အသပြာ တစ်ထောင်ပေးပြီး သေဌေးကြီးက မွေးစားခဲ့တယ်။ မွေးစားတုန်းကတော့ သမီးမွေးရင် ပေးစားဖို့ပဲ။ ဒါပေမယ့် ရက်မကြာခင်ပဲ သေဌေးကြီးရဲ့ ဇနီးက သားလေးမွေးတော့ သူ့ကို သတ်ပစ်ဖို့ ဖြစ်လာတယ်။ ဒါကြောင့် –

၂။ နွားခြံအဝမှာ ချအထားခိုင်းတယ်။ နွားနင်း သေအောင်ပေါ့။ မသေဘူးရှင်မ။ နွားကျောင်းသားက ကောက်ယူမွေးစားလိုက်တယ်။ အဲဒီ နွားကျောင်းသားဆီက ငွေတစ်ထောင် ပေးဝယ်ပြီး။

၃။ ကုန်သည် လှည်းငါးရာသွားမယ့်လမ်း ချအထားခိုင်းပြန်တယ်။ မသေဘူးရှင်မ။ လှည်းမှူးက ကောက်ယူမွေးစားလိုက်တယ်။ လှည်းမှူးဆီက အသပြာတစ်ထောင် ပေးဝယ်ပြီး။

၄။ သင်္ချိုင်းမှာ ခွေးစား၊ ဘီလူးစား ဖြစ်စေဆိုပြီး ပစ်ပြန်တယ်။ ဘာကောင်မှ အစားမခံရဘဲ ဆိတ်မကြီးက နို့တောင် တိုက်လိုက်သေးတယ်။ ဆိတ်ကျောင်းသားက ကောက်ယူ မွေးစားလိုက်ပြန်တယ်။ ဆိတ်ကျောင်းသားဆီက ငွေတစ်ထောင် ပေးဝယ်ပြီး။

http:\\www.dhammadownload.com



၅။ စောရပပါတတောင်ပေါ်က ချစေတယ်။ ကံကောင်းလို့ ဝါးချုံပေါ် တင်နေပြန်လို့ ဝါးခုတ်သမားက မွေးစားပြန်တယ်။ သူ့ဆီက ငွေတစ်ထောင် ပေးဝယ်ပြန်ပြီး။

၆။ အိုးဖုတ်သမားဆီ လွှတ်ပြီး သတ်ခိုင်းပြန်တယ်။ သူမသေဘဲ သေဌေးကြီးရဲ့ သားသာ သေသွားတယ်။

၇။ ဒါနဲ့နောက်ဆုံး အကြိမ်အဖြစ် ရွာစားဆီလွှတ်ပြီး သတ်ခိုင်းတာမှာ သခင်မနဲ့တွေ့လို့ ဒီအခြေဆိုက်တာပါပဲလို့ ကာဠိက ဇာတ်ကြောင်း လှန်တယ်။ သေဌေးကြီးက သတ်ခိုင်းပေမယ့် ဃောသက မသေဘဲ ငွေတွေသာ သောက်သောက်လဲ ကုန်ခဲ့ရတဲ့ ဒီအဖြစ်ကို လည်းကောင်း၊ သားအရင်း သေသွားရတဲ့ သောကကြောင့် သေဌေးကြီး သေရတဲ့ အဖြစ်ကို လည်းကောင်း၊ တွေးပြီး သေဌေးသမီးလေးက–

**အမ္မ အတိဘာရိယံ ဝတ သေဋ္ဌိနာ ကတံ။**

အမ္မ=အိုမိခင် ကာဠီ။ သေဋ္ဌိနာ =သေဌေးကြီးသည်။ ဝတ=ဧင်စစ်အားဖြင့်။ အတိဘာရိယံ = အလွန်ဝန်လေးသော အမှုကို။ ကတံ = ပြုခဲ့လေပြီတကား။

အိုမိခင် ကာဠီ– သေဌေးကြီးဟာ မကြံကောင်း မစည်ကောင်း အလွန်တရာ ဝန်လေးတဲ့ အမှုကြီးကို ပြုခဲ့တာပါလားလို့ ပြောတယ်။

အဲဒီလို သူတို့နှစ်ဦးသား ပြောဆို တိုင်ပင်နေကြတုန်းမှာ ဃောသကလည်း မြို့ကို လက်ယာရစ်လှည့်ပြီးရာက ပြန်လာတယ်။ သူ့ကိုမြင်တော့ သေဌေးသမီးလေးက

**အယံ ဧတ္တကော သမ္ပတ္တိ မံ နိဿာယ ဥပ္ပန္နာ တိ ဟာသိတံ အကာသိ။**

"ဒီသေဌေးသားရဲ့ ဤမျှလောက်သော စည်းစိမ်ဟာ ငါ့ကိုမှီပြီး ဖြစ်တာပဲ"လို့ မိမိရဲ့ ကျေးဇူးကို အောက်မေ့ပြီး ပြက်ရယ်မှုကို ပြုလိုက်တယ်။ ဒါကိုမြင်တော့ သေဌေးသား ဃောသကက -

http:\\www.dhammadownload.com



**ကိံ ကာရဏာ ဟာသိ** = သင်ဘာလို့ ပြက်ရယ် ပြုတာလဲလို့ မေးတယ်။

**ဧကံ ကာရဏံ နိဿာယ** = အကြောင်းတစ်ခုကို ရည်စူးပြီးတော့ ရယ်တာပေါ့လို့ သေဌေးသမီးလေးက ပြောတယ်။

**ကထေဟိ နံ** = အဲဒီအကြောင်းကို ပြောစမ်းလို့ သေဌေးသားက ခိုင်းတယ်။ သေဌေးသမီးလေးက မပြောဘူး။ မပြောတော့ကို ယောသက သေဌေးသားက –

**သစေ န ကထေဿသိ၊ ဣဓေဝ တံ ဆိန္ဒိဿာမိတိ တဇ္ဇေတွာ အသိံ နိက္ကမို။**

သစေ န ကထေဿသိ = အကယ်၍များ နင်မပြောဘူးပဆိုရင်။ တံ=နင့်ကို။ ဣဓေဝ ဆိန္ဒိဿာမိ တိ=နှစ်ပိုင်း ဖြတ်မည်ဟု။ တဇ္ဇေတွာ = ခြိမ်းခြောက်၍။ အသိံ နိက္ကမို = ဓားကိုဆွဲ၏။

သေဌေးသမီးလေးက မဖြေတော့ သေဌေးသားက စိတ်ဆိုးတယ်။ ဒါနဲ့ နင်ပြောရင်ပြော၊ မပြောရင် ဓားနဲ့ နှစ်ပိုင်းပိုင်းမယ်ဆိုပြီး ဓားကိုဆွဲတယ်။ ဒီတော့မှ သေဌေးသမီးလေးက –

**အယံ ဇေတ္တိကာ သမ္ပတ္တိ တယာ မံ နိဿာယ လဒ္ဓါတိ စိန္တေတွာ ဟာသိတံ။**

အယံ ဇေတ္တိကာ သမ္ပတ္တိ = ဤမျှလောက်သော ဤစည်းစိမ်ကို။ တယာ =သင်သည်။ မံ နိဿာယ = ငါ့ကိုမှီ၍။ လဒ္ဓါတိ = ရပေသည်ဟု။ စိန္တေတွာ = ကြံစည်မိ၍။ ဟာသိတံ = ရယ်အပ်ပါ၏။

ဤရွေ့ဤမျှသော သေဌေးစည်းစိမ်ကို အရှင်သေဌေးသားဟာ ကျွန်တော်မကြောင့်သာ ရတာပါလို့ တွေးမိတဲ့အတွက် ရယ်တာပါလို့ ပြောတယ်။

http:\\www.dhammadownload.com



**ယဒိ မမ ပိတရာ အတ္တနော သန္တကံ မယှံ နိယျာဒိတံ တွံ ဧတ္ထ ကိံ ဟောသိ။**

မမ ပိတရာ=ငါ့ဖခင် သေဋ္ဌေးကြီးသည်။ အတ္တနော သန္တကံ= မိမိ၏ဥစ္စာကို။ မယှံ=ငါ့အား။ ယဒိ နိယျာဒိတံ=အကယ်၍ အပ်နှင်းခဲ့ငြားအံ့။ ဧတ္ထ= ဤစည်းစိမ်၌။ တွံ = သင်သည်။ ကိံ ဟောသိ= အဘယ်ကြောင့် ပါဝင်လာရသနည်း။

ငါ့ဖခင်ဟာ သူ့စည်းစိမ်ကို ငါ့ပေးခဲ့တာ အမှန်ပဲ။ အဘယ့်ကြောင့် ဒီကိစ္စမှာ သင်ပါရသလဲ။ သလို မေးလိုရင်း ဖြစ်တယ်။

သေဋ္ဌေးသမီးလေး ပြောတာကို ဃောသက မယုံဘူး။ ဖခင်ကြီး သေခါနီးမှာ စည်းစိမ်တွေ ဃောသကအား ပေးပါ၏လို့ ဆိုတာလည်း အမှန်ပဲကိုး။ သူက အဖြစ်အပျက် အလုံးစုံကို ဘာတစ်ခုမျှ မသိတာ ပဲဟာ။ ဒါ်တော့ သေဋ္ဌေးသမီးလေး ပြောတဲ့ စကား ဘယ်ယုံမလဲ။ သူမယုံတော့ကို သေဋ္ဌေးသမီးလေးက –

**တုမှာကံ ပိတရာ မရဏပဏ္ဏံ ဒတွာ ပေသိတော၊ တုမှေ မယာ ဉာဒိတွဒ္ဓ ကတွာ ရက္ခိတာ။**

တုမှာကံ ပိတာ=အရှင်တို့၏ ဖခင်သည်။ မရဏပဏ္ဏံ ဒတွာ= အရှင့်ကို သတ်ရမည့်စာကို ပေး၍။ ပေသိတော = ရွာကိုယ်စားလှယ်ထံသို့ စေလွှတ်ခဲ့ပါ၏။ တုမှေ = အရှင်တို့ကို။ မယာ = ကျွန်တော်မသည်။ ဉာဒိတွဒ္ဓ = ဤသို့ဤနှယ် အမှုကို။ ကတွာ = ပြု၍။ ရက္ခိတာ= စောင့်ရှောက်ခဲ့ရပါသည်။

အရှင်တို့၏ ဖခင်သည် အရှင့်ကို သတ်ဖို့ဆိုပြီး စာရေးပြီးတော့ ရွာကိုယ်စားလှယ်ထံ လွှတ်ခဲ့တာပါ။ အဲဒါကို ကျွန်မဖတ်ကြည့်ပြီး သိရလို့ ကျွန်မနဲ့ ပေးစားရအောင် စာအသစ်ရေး၊ မင်္ဂလာဆောင်၊ ရွာလယ်မှာ အိမ်ဆောက်၊ အစောင့်အရှောက်တွေနဲ့။ သလိုစိမ်ပြီး

http:\\www.dhammadownload.com



အရှင်ကို ကျွန်မ စောင့်ရှောက်ခဲ့ရတာပါလို့ သေဒွေးသမီးလေးက အကြောင်းစုံ ပြောပေမယ့် ယောက်ျားကက မယုံဘူး။

**တွံ အဘူတံ ကထေသိ** = သင်းမဟုတ်တာ ပြောတာပဲလို့ မယုံကြည်ဘဲ။

**မာတရံ ကာဠိံ ပုစ္ဆိဿာမိ** = အမေကာဠီကို မေးမယ်လို့ ကြံစည်စိတ်ကူးပြီး -

**ဓဝံ ကိရ အမ္မာ**=အဲဒီအတိုင်း ဟုတ်သတဲ့လား အမေလို့ မေးတယ်။

**အာမ တာတ** =ဟုတ်တယ်သား။ **ဒဟရကာလတော ပဋ္ဌာယ** = ငယ်စဉ်ကစ၍။ **တံ မာရေတုကာမော** = သင့်ကို သေစေလိုသည် ဖြစ်၍။ **မာရေတုံ အသက္ကောန္တော** = သေအောင် မသတ်နိုင်ရကား။ **တံ နိဿာယ**=သင့်ကိုမှီ၍။ **ဗဟုံ ဓနံ ခီယိ**=ဥစ္စာများစွာ ကုန်ခန်းခဲ့ရ၏။

**သတ္တသု ဌာနေသု**=ခုနစ်ဌာနတို့၌။ **တွံ**=သင်သည်။ **မရဏာတော** = သေခြင်းမှ။ **မုတ္တော** = လွတ်ခဲ့ပြီ၏။

**ဣဒါနိ** = ယခုအခါ၌။ **ဘောဂဂါမတော** = စားကျေးရွာမှ။ **အာဂမ္မ** = လာလတ်၍။ **သဗ္ဗသာတေန သဒ္ဓိံ** = အလုံးစုံ တစ်ရာစီ တစ်ရာစီနှင့်တကွ။ **သေဋ္ဌိဋ္ဌာနံ ပတ္တော** = သေဌေးအရာ ရောက်ရပေ၏။

ဟုတ်တယ်သား။ ငါ့သား ငယ်စဉ်ကစပြီး ငါ့သားကို သတ်ရအောင်၊ သေအောင်ဆိုပြီး အမျိုးမျိုး ကြံစည်ဆောင်ရွက်ခဲ့ဘာ မအောင်မြင်ဘဲ ငွေတွေသာကုန်၊ ဥစ္စာကုန် လူပန်း ဖြစ်ခဲ့ရကာယ်။

ငါ့သားဟာ မွေးတဲ့ အမေ ပြည့်တန်ဆာမက စွန့်ပစ်တာ။ နွားခြံဝမှာ ထားတာ။ လှည်းလမ်းကြောင်းမှာ ထားတာ။ သချိုင်းမှာ ထားတာ။ စေရပပါတချောက်မှာ ချဝဘ။ အိုးဖုတ်သမားဆီလွှတ်ပြီး သတ်ခိုင်းတာ။ စုစုပေါင်း -ခုနစ်ဌာနမှာ သေဘေးက လွတ်ခဲ့တယ်။

http:\\www.dhammadownload.com



အခုအခါ ငါ့သားဟာ စားကျေးရွာကနေ ရောက်လာပြီး သေဌေးအဆောင်အယောင် အလုံးစုံ တစ်ရာစီ တစ်ရာစီနဲ့ သေဌေးကြီး အဖြစ် ရောက်ရတာပဲလို့ အမေကာဠီက ပြောပြတယ်။

ကာဠီ အမေထံက အဲဒီ စကားကြားရတော့ ဃောသက သေဌေးက ကြံတယ်။ ဘယ်လို ကြံသလဲဆိုတော့ –

**ဘာရိယံ ဝတ ကမ္မံ။** အလွန်တရာ ဝန်လေးလှတဲ့ အမှုပါလား၊

**ဝေဠုပါ ခေါ ပန မရဏာ မုတ္တဿ မေ ပမာဒဗိဝိတံ ဗိဝိတုံ အယုတ္တံ။**

ဝေဠုပါ ခေါ ပန မရဏာ=ဤသို့ သဘောရှိသော သေခြင်းမှ၊ မုတ္တဿ မေ=လွတ်ပြီးသော ငါ့အဖို့။ ပမာဒဇီဝိတံ=မေ့မေ့လျော့လျော့ ဖြင့် အသက်ရှင်ခြင်းကို။ ဇီဝိတုံ = ရှင်စေခြင်းငှာ။ အယုတ္တံ=မသင့်ပါ တကား။

ဒီလို ခုနစ်ဌာန သေဘေးမှ လွတ်ခဲ့ရတဲ့ ငါ့အဖို့ရာ မေ့မေ့ လျော့လျော့ အသက်ရှင်လို့တော့ မတော်ဘူးလို့။ အဲဒီလို စဉ်းစားပြီး နေ့တိုင်း နေ့တိုင်း အသပြာတစ်ထောင် စွန့်လွှတ်ပြီး ခရီးသွား၊ အထီးကျန် အစရှိတဲ့ သူတို့အား အလှူဒါနကို ဖြစ်စေပါတယ်။

**မိတ္တော နာမဿ** ကုဋုမ္ဗိကော **ဒါနဗျာဝဋော အဟောသိ။**

အဿ = ထိုဃောသက **သေဌေး၏။** မိတ္တောနာမ ကုဋုမ္ဗိကာ= မိတ္တမည်သော သေဌေးသည်။ ဒါနဗျာဝဋော အဟောသိ = အမှုဒ္ဒ ဝေယျာဝစ္စကို ရွက်ဆောင်သူ ဖြစ်လေ၏။

ထိုဃောသက သေဌေးရဲ့ မိတ္တအမည်ရှိတဲ့ သေဌေးကတော့ ဃောသက သေဌေး အလှူပေးတဲ့ကိစ္စမှာ အလှူကို စီမံပြီး လုပ်ဆောင် ရတဲ့ ဝေယျာဝစ္စ ပုဂ္ဂိုလ် ဖြစ်ပါတယ်တဲ့။ ဒါဃောသက အကြောင်းပဲ။

နောက်များမှ သာမာဝတီဝတ္ထု ဆက်ကြရအောင်။

http:\\www.dhammadownload.com



## သာမာဝတီဝတ္ထုတရား

## ဘဒ္ဒဝတီသေဋ္ဌေးမိသားစု ပျက်စီးဆုံးပါးခြင်း

ကောသမ္ဗီပြည်မှာ ဃောသကသေဋ္ဌေးရယ်လို့ ထင်ရှားတဲ့ အချိန်မှာ ဘဒ္ဒဝတီပြည်မှာလည်းဘဒ္ဒဝတီသေဋ္ဌေးဆိုတာက ဃောသက သေဋ္ဌေးရဲ့ မမြင်ဘူးတဲ့ မိတ်ဆွေဖြစ်တယ်။ ဘဒ္ဒဝတီမြို့ကလာတဲ့ ကုန်သည်တွေထံမှ ဃောသကသေဋ္ဌေးက ဘဒ္ဒဝတီသေဋ္ဌေးရဲ့ စည်းစိမ် ဥစ္စာကို လည်းကောင်း၊ အရွယ်အသက်ကို လည်းကောင်း ကြားရတဲ့ အတွက် အဲဒီဘဒ္ဒဝတီသေဋ္ဌေးနဲ့ အကျွမ်းကဝင် မိတ်ဆွေဖြစ်ချင်တဲ့ အတွက် လက်ဆောင်ပဏ္ဏာ ပို့တယ်။ ဘဒ္ဒဝတီသေဋ္ဌေးကလည်း ကောသမ္ဗီကလာတဲ့ ကုန်သည်တို့ရဲ့အထံကနေ ဃောသကသေဋ္ဌေးရဲ့ စည်းစိမ်ကို လည်းကောင်း အရွယ်ကိုလည်းကောင်း ကြားရတဲ့အတွက် အဲဒီ ဃောသကသေဋ္ဌေးနဲ့ မိတ်ဆွေဖြစ်ချင်လို့ လက်ဆောင်ပဏ္ဏာ ပို့တယ်။ အဲဒီလိုနဲ့ ထိုသေဋ္ဌေးနှစ်ဦးဟာ တစ်ဦးကိုတစ်ဦး မမြင်ဘူးပဲ မိတ်ဆွေဖြစ်ပြီးတော့ နေတယ်။

**အပရဘာဂေ ဘဒ္ဒဝတိယသေဋ္ဌိနော ဂေဟေ အဟိဝါတရောဂေါ ပတိတော။**

အပရဘာဂေ = နောက်အဖို့၌။ ဘဒ္ဒဝတိယသေဋ္ဌိနော ဂေဟေ= ဘဒ္ဒဝတီသေဋ္ဌေး၏ အိမ်၌။ အဟိဝါတရောဂေါ = ယင်းအနာသည်။ ပတိတော = ကျရောက်အပ်ခဲ့လေပြီ။

နောက်ဆုံးကျတော့ ဘဒ္ဒဝတီသေဋ္ဌေးရဲ့အိမ်မှာ ယင်းအနာ ကျရောက်ခဲ့တယ်။ (ပလိပ်ရောဂါလို ဟာမျိုးပ)။

အဲဒီရောဂါ ကျရောက်ပြီဆိုလျှင် ဦးစွာပထမ ယင်ကောင်တွေ သေကာယ်။ အဲဒီနောက် အစဉ်အတိုင်း ကင်းသန်းတွေ၊ ကြွက်တွေ၊

http:\\www.dhammadownload.com



ကြက်တွေ၊ ဝက်တွေ၊ နွားတွေ၊ ကျွန်မိန်းမတွေ၊ ကျွန်ယောကျ်ားတွေ သေတယ်။ အဲဒီအားလုံးရဲ့ နောက်မှာမှ အိမ်သူ၊ အိမ်သားတွေ သေတယ်။ အိမ်နံရကိုဖောက်ပြီး ထွက်ပြေးနိုင်သူတို့သာ အသက်ကို ရကြတယ်တဲ့။ အဲဒီလိုရောဂါ ကျရောက်တဲ့အချိန်မှာ ဘဒ္ဒဝတီသေဋ္ဌေး ရယ်၊ ဇနီးသေဋ္ဌေးကတော်ရယ်၊ သမီးရယ်- သားမိသားဖ သုံးယောက် ဟာ အဲဒီနည်းနဲ့ ထွက်ပြေးကြပြီး၊ ဃောသကသေဋ္ဌေးကို တွေ့ချင်တဲ့ ဆန္ဒနဲ့ ကောသမ္ဗီခရီးကို သွားခဲ့ကြတယ်။ ဘဒ္ဒဝတီသေဋ္ဌေးတို့ဟာ သွားရင်းလာရင်းနဲ့ လမ်းခုလပ်မှာပဲ စားရေးရိက္ခာကကုန်၊ လေပူ၊ နေပူဒဏ်ကလည်း နှိပ်စက်တော့ ဆာလောင်မွတ်သိပ်ပြီး၊ ကိုယ် ပင်ပန်းပြီး ခဲခဲယဉ်းယဉ်းနဲ့ ကောသမ္ဗီရောက်။ ရေရလာယ်ရာအရပ်မှာ နားနေ၊ ရေမိုးချိုးပြီး မြို့တံခါးမှာ အဆင်သင့်တွေ့ရတဲ့ ဇရပ် တစ်ဆောင်ထဲ ခိုပင်နေကြတယ်။ အဲဒီရောက်တော့ ဘဒ္ဒဝတီသေဋ္ဌေးက သေဋ္ဌေးကတော်ကို ပြောတယ်။

**ဘဒ္ဒေ ဣမိနာ နီဟာရေန ဂစ္ဆန္တာ ဝိဇာတမာတုယာပိ အမနာပါ ဟောန္တိ။**

ဘဒ္ဒေ = နှမအိမ်ရှင် သေဋ္ဌေးကတော်။ ဣမိနာ နီဟာရေန= ဤအစာ မစားရခြင်းဖြင့်။ ဂစ္ဆန္တာ=သွားကြကုန်သည်ရှိသော်။ ဝိဇာတ မာတုယာပိ = မွေးသည့်အမေပင်လျှင်။ အမနာပါ = မနှစ်သက်သည်။ ဟောန္တိ = ဖြစ်တတ်ကုန်၏။

ချစ်နှမ သေဋ္ဌေးကတော်၊ ခုလိုအစားမစားရသေးဘဲနဲ့ သွားမယ် ဆိုယင် ကိုယ့်ကိုမွေးတဲ့ အမေကတောင် ကြည်ဖြူမှာ မဟုတ်ဘူး။

**သဟာယကော ကိရ မေ အဒ္ဓိကကပဏာဒီနံ ဒေဝသိကံ သဟဿံ ဝိဿဇ္ဇေတွာ ဒါနံ ဒါပေသိ။ တတ္ထ ဓိတရံ ပေသေတွာ အာဟာရံ အာဟာရာပေတွာ ဧကာဟံ ဒွီဟံ ဣဒေဝ သရီရံ သန္တပ္ပေတွာ သဟာယကံ ပဿိဿာမိ။**

http:\\www.dhammadownload.com



မေ = ငါ၏။ သဟာယကော = မိတ်ဆွေ ယောသကသေဋ္ဌေးသည်။ အဒ္ဒိက ကပဏာဒီနံ = ခရီးသွား အထီးကျန် စသူတို့အား။ ဒေဝသိကံ= နေ့တိုင်း။ သဟဿံ= အသပြာ တစ်ထောင် တစ်ထောင်။ ဝိဿဇ္ဇေတွာ=စွန့်၍။ ဒါနံ ဒါပေသိ ကိရ=အလှူပေးစေသတဲ့။ တတ္ထ=ထိုအလှူပေးရာ အရပ်သို့။ ဓီတရံ=သမီးကို။ ပေသေတွာ = စေလွှတ်၍။ အာဟာရံ=အစားအစာကို။ အာဟာရာပေတွာ =ဆောင်ယူစေ၍။ ဧကာဟံ ဒွိဟံ=တစ်ရက် နှစ်ရက်။ ဣဓေဝ=ဤအရပ်၌ပင်လျှင်။ သရီရံ သန္တပ္ပေတွာ=ခန္ဓာကိုယ်ကို ရောင့်ရဲငြိမ်းအေးစေပြီးမှ။ သဟာယကံ = မိတ်ဆွေ ယောသကသေဋ္ဌေးကို။ ပဿိဿာမ=တွေ့မြင်ကြရအောင်။

အဘာယ်ချစ်နှမ ငါ့မိတ်ဆွေ ယောသကသေဋ္ဌေးဟာ တစ်နေ့တစ်နေ့ အသပြာ တစ်ထောင် တစ်ထောင် စွန့်လွှတ်ပြီး ခရီးသွား အထီးကျန်သူတွေကို အလှူပေးလေ့ ရှိသတဲ့။ အဲဒီ အလှူပေးတဲ့ နေရာကို သမီးလေး လွှတ်ပြီး အစားအစာ အတောင်းခိုင်းမယ်။ တစ်ရက် နှစ်ရက် ဒီမှာနားနေပြီးမှ မိတ်ဆွေယောသကသေဋ္ဌေးနဲ့ တွေ့ကြတာပေါ့။ သလိုပြောတယ်။

## သာမာဝတီအလောင်း ထမင်းတောင်းရခြင်း

သေဋ္ဌေးကတော်ကလည်း ကောင်းပါပြီဆိုပြီး သဘောတူတယ်။ အဲဒီလို သူတို့သုံးဦးသား မြို့တံခါးက ဇရပ်ထဲမှာပဲ နေကြတယ်။ နောက်တစ်နေ့ အလှူပေးတဲ့အချိန် ကြေညာတဲ့အခါမှာ အထီးကျန်သူ ခရီးသွား စသူတို့ အစားအစာအတွက် သွားကြတဲ့အခါမှာ မိခင်၊ ဖခင် သေဋ္ဌေးကြီးနဲ့ သေဋ္ဌေးကတော်တို့က

**အမ္မ ဂစ္ဆ အမှာကံ အာဟာရံ အာဟရ။**

http:\\www.dhammadownload.com



ချစ်သမီး သွားပြီးတော့ ငါတို့ဖို့ ထမင်းသွားယူချေပါလို့ သမီးလေးကို ခိုင်းလိုက်တယ်။

ဥစ္စာများစွာ ကြွယ်ဝချမ်းသာတဲ့ အမျိုးရဲ့သမီး ဖြစ်လင့်ကစား၊ ဥစ္စာပစ္စည်း ပျက်စီး ပြုန်းတီးခြင်းကြောင့် ရက်ပင်ရက်သော်လည်း အရှက်ကိုမငဲ့နိုင်ဘဲ ခွက်ကိုစွဲ၍ သူဆင်းရဲ အထီးကျန်တွေနဲ့အတူ ထမင်းတောင်းဖို့ သွားတဲ့အခါ–

**ကတိ ပဋိဝီသေ ဂဏှိဿသိ အမ္မ။**

ချစ်သမီး လူဘယ်လောက်စာ ယူမလဲလို့ မေးတဲ့အခါဌမှူကား။

တယော=သုံးယောက်စာ ပေးပါလို့ ဖြေတယ်။ အဲဒီသေဌေးသမီးလေးကို သုံးယောက်စာ ပေးလိုက်ကြပါတယ်။ အဲဒီသေဌေးသမီးလေး ထမင်းဟင်းများကို ယူဆောင်လာတဲ့ အခါကျတော့ သုံးယောက်သားစားဖို့ ထိုင်လိုက်ကြတယ်။

အဲဒီအခါ ဇနီး သေဌေးကတော်နဲ့ သမီးလေးက–

**သာမိ ဝိပတ္တိ နာမ မဟာကုလာနမ္ပိ ဥပ္ပဇ္ဇတိ၊ မာ အမှေ ဩလောကေတွာ ဘုဉ္ဇ၊ မာ စိန္တယိ။**

သာမိ=အရှင်သေဌေးမင်း။ ဝိပတ္တိနာမ=ဥစ္စာပြုန်းတီး ပျက်စီးခြင်းမည်သည်။ မဟာကုလာနမ္ပိ=ကြီးကျယ်သော အမျိုးတို့အားလည်း။ ဥပ္ပဇ္ဇတိ=ဖြစ်တတ်ပါ၏။ မာ အမှေ ဩလောကေတွာ ဘုဉ္ဇ=ကျွန်တော်မတို့ကို မရှုမငဲ့ဘဲ သုံးဆောင် စားသောက်တော်မူပါ။ မာ စိန္တယိ= ဘာမှ ထွေရာလေးပါး စိတ်အကြံ မများပါနှင့်။

အရှင်သေဌေးမင်း။ ဥစ္စာပြုန်းတီးပျက်စီးတယ်ဆိုတာ ကျွန်တော်မတို့ တစ်မျိုးထဲမှာသာ ဖြစ်တာမှုတ်ပါဘူး။ တခြား တခြား ကြီးကျယ်တဲ့ အမျိုးတွေမှာလည်း ဖြစ်တတ်တာပါပဲ။ ကျွန်တော်မတို့ကို မငဲ့ဘဲ အရှင်သေဌေးမင်း ဝအောင်စားပါ။ ကျွန်တော်မတို့ စားမှ

http:\\www.dhammadownload.com



စားရပါ့မလားလို့ ထွေထွေရာရာ စိတ်အကြံ များမနေပါနဲ့ လို့ သားအမိနှစ်ယောက်က အကြောင်း အမျိုးမျိုးပြပြီး၊ တောင်းပန် တောင်းပန်ပြီး ကျွေးကြတယ်။ အဲဒီဘဒ္ဒဝတိ သေဋ္ဌေးဟာ ထမင်းစားပြီး အစာမကြေနိုင်တဲ့အတွက် အရုဏ်တက်မှာပဲ ကွယ်လွန်သွားတယ်။ သားအမိနှစ်ယောက်လည်း အမျိုးမျိုးအဖုံဖုံ တမ်းတ ငိုကြွေးကြတယ်။

နောက်နေ့ နံနက်ကျတော့ သေဋ္ဌေးသမီးလေးဟာ ငိုယိုပြီး အစားအစာအတွက် သွားတဲ့အခါကျတော့–

**ကတိ ပဋိဝိသေ ဂဏှိဿသိ** = လူဘယ်လောက်စာ ယူမလဲလို့ မေးတဲ့အခါကျတော့ ဒွေ=နှစ်ယောက်စာပေးပါလို့ ဖြေတယ်။ သေဋ္ဌေး သမီးလေးဟာ စားစရာယူပြီး မိခင်ကို တောင်းတောင်းပန်ပန်နဲ့ ကျွေးတယ်။ အဲဒီ သေဋ္ဌေးကတော်ဟာလည်းပဲ တောင်းတောင်းပန်ပန်နဲ့ ကျွေးတာဆိုတော့ စားလည်းပြီးရော အစာမကြေနိုင်တာနဲ့ အဲဒီနေ့မှာပဲ ကွယ်လွန်သွားတယ်။

ကလေးမလေးဟာ တစ်ယောက်တည်း ငိုကြွေးမြည်တမ်းပြီး၊ ထိုမိဘနှစ်ပါး ဆုံးပါးသွားလို့ ရောက်ရတဲ့ ဒုက္ခထက် အလွန်တရာ ဆာလောင်မွတ်သိပ်တဲ့ ဒုက္ခက အားကြီးလေတော့ နောက်တစ်နေ့ မှာလည်း သူတောင်းစားတွေနဲ့အတူ ငိုယိုလျက် အစားအစာအတွက် သွားတဲ့အခါ–

**ကတိ ပဋိဝိသေ ဂဏှိဿသိ အမ္မ** = လူဘယ်လောက်စာ ယူမလဲသမီးလို့ မေးတဲ့အခါ

ဧကံ = တစ်ယောက်စာပါလို့ ဖြေတယ်။

မိတ္တသေဋ္ဌေးက အဲဒီသေဋ္ဌေးသမီးလေး သုံးရက်တိုင် ထမင်း တောင်းတာကို မှတ်မိနေတယ်။ ဒါကြောင့် အဲဒီသေဋ္ဌေးသမီးလေးကို–

**အပေဟိ နဿ ဝသလိ၊ အဇ္ဇ တာဝ ကုစ္ဆိပ္ပမာဏံ အညာသိ။**

http:\\www.dhammadownload.com



ဝသလိ = သူယုတ်မ။ အပေဟိ =ဖယ်လော့။ နဿ=ပျက်လေလော့။ အဇ္ဇ = ယနေ့မှ။ တဝ = သင်၏။ ကုစ္ဆိပ္ပမာဏံ = ဝမ်းအတိုင်း အရှည်ကို။ အညာသိ = သင်သိ၏။

ဟယ်သူယုတ်မ၊ ဖယ်လော့၊ ပျက်လေလော့၊ ကနေ့ကျမှပဲ ကိုယ့်ဝမ်းရဲ့ ပမာဏကို ကိုယ်သိတော့တယ်လို့။ သလိုပြောတယ်။ အရှက်အကြောက်နဲ့ ပြည့်စုံတဲ့ အမျိုးကောင်းသမီး ဖြစ်လေတော့ ရင်ဝကို လှံနဲ့ထိုးလိုက်သကဲ့သို့၊ အနာကို ဆားရေ ပက်လိုက်သကဲ့သို့၊ အင်မတန် အခံရခက်တဲ့ဒုက္ခ ရောက်ပြီး

**ကိံ သာမိ။**

ဘာ့ကြောင့်လဲ အရှင်တဲ့။ ဘာ့ကြောင့် ဒီလိုပြောရတာလဲ။ ဒီတော့ မိတ္တသေဋ္ဌေးက ပြန်ပြောတယ်-

**တယာ ပုရေ တယော ကောဋ္ဌာသာ ဂဟိတာ။**

တယာ = သင်သည်။ ပုရေ = ရှေးဝှန်းက (ငါ) ကမြန်မနေ့တုန်းက၊ တယော ကောဋ္ဌာသာ = သုံးယောက်စာတို့ကို။ ဂဟိတာ= ယူအပ်ကုန်၏။

ဒီမှာလေ၊ သင်ဟာ တမြန်မနေ့တုန်းက သုံးယောက်စာ ယူတယ်။ ဟုတ်တယ်။ ဟိယျော ဒွေ=ယမန်နေ့တုန်းက နှစ်ယောက်စာ ယူတယ်။ ဟုတ်ပါတယ်။

**အဇ္ဇ ဧကံ ဂဏှာသိ။**

အဇ္ဇ= ယနေ့တော့။ တွံ = သင်သည်။ ဧကံ = တစ်ယောက်စာကိုသာ။ ဂဏှာသိ = ယူတော့၏။

ကနေ့တော့ဖြင့် တစ်ယောက်စာ သင်ယူတယ်။ ဟုတ်ပါတယ်။ အဲဒါ ဘာပြုလဲ။

**အဇ္ဇ တေ အတ္တနော ကုစ္ဆိပ္ပမာဏံ ဉာတံ။**

http:\\www.dhammadownload.com



အဇ္ဇ=ယနေ့။ ဝေး=သင်သည်။ အတ္တနော= မိမိ၏။ ကုစ္ဆိပ္ပမာဏံ = ဝမ်းပမာဏကို။ ဉာတံ = သိအပ်ပြီ။

ဒီ – လွန်ခဲ့တဲ့ ရက်တွေတုန်းက နင်ပိုပြီးတော့ စားချင်လို့ ပိုပြီးတောင်းတာ။ ကနေ့မှ နင့်ဝမ်းပမာဏ နင်သိတာ။ မိတ္တသူကြွယ် ထင်တာက ကလေးမလေးက သူတစ်ယောက်တည်းနဲ့ သုံးယောက်စာ တောင်းတယ်။ နှစ်ယောက်စာ တောင်းတယ်။ ဒီလိုထင်လို့။ ဒီတော့–

**မာ မံ သာမိ အတ္တနော အတ္ထာယ ဂဏှိတိ မညိတ္ထ။**

သာမိ = အရှင်။ မံ = ကျွန်တော်မကို။ အတ္တနော အတ္ထာယ ဂဏှိတိ = ကျွန်တော်မ တစ်ယောက်စာအတွက် တမြန်မနေ့တုန်းက သုံးယောက်စာ။ မနေ့က နှစ်ယောက်စာ။ ကနေ့ တစ်ယောက်စာ ဒီလို ယူသွားတယ်လို့များ မမှတ်ပါနဲ့။

**အထ ကဿ ဧဝံ ဂဏှိ။**

အထ = ထိုသို့ဖြစ်လျှင်။ ကဿ = အဘယ့်ကြောင့်။ ဧဝံ= ဤသို့ တမြန်မနေ့ကတော့ သုံးယောက်စာ၊ မနေ့ကတော့ နှစ်ယောက်စာ၊ ကနေ့တော့ တစ်ယောက်စာကို။ ဂဏှိ = နင်ယူသလဲ။

ဒီလိုဆိုယင် ဘာပြုလို့ တမြန်မနေ့က သုံးယောက်စာ၊ မနေ့က နှစ်ယောက်စာ၊ ကနေ့ နင်တစ်ယောက်စာ ယူရသလဲ။ ဒီတော့ ကလေးမက သာမာက ပြန်ပြောတယ်။

**ပုရေ တယော ဇနာ အဟုမှ သာမိ။**

သာမိ = အရှင်။ ပုရေ = ရှေးတုန်းက (ဝါ) တမြန်မနေ့တုန်းက။ တယော ဇနာ=ကျွန်တော်မတို့ သားအမိ သုံးယောက်သည်။ အဟုမှာ = ဖြစ်ခဲ့ပါကုန်၏။

တမြန်မနေ့တုန်းက ကျွန်တော်မတို့သားအမိသုံးယောက် ရှိပါတယ်။ ဟိယျော ဒွေ = မနေ့ကတော့ နှစ်ယောက်ပဲ ရှိပါတယ်အရှင်တဲ့။

http:\\www.dhammadownload.com



**အဇ္ဇ ဧကိကာဝ ဇာတာမှိ။**

အဇ္ဇ=ယနေ့တော့။ ဧကိကာဝ= ကျွန်တော်မ တစ်ယောက်တည်း သာလျှင်။ ဇာတာ = ဖြစ်သည်။ အမှိ = ဖြစ်ပါ၏။ ပြန်ပြောပါတယ်။

တမြန်မနေ့တုန်းက ကျွန်တော်မတို့ သားအမိ သုံးယောက်။ မနေ့ကတော့ နှစ်ယောက်။ ကနေ့တော့ ကျွန်တော်မ တစ်ယောက် တည်းပဲ ရှိတော့တယ်။

ရော–သူပြောတာ ဆန်းတယ်ဆိုပြီးတော့ မိတ္တက ပြန်ပြော တယ်–

**ကေန ကာရဏေန။**

ဘယ့်နှယ့်ကြောင့် တမြန်မနေ့တုန်းကတော့ သုံးယောက်။ မနေ့က နှစ်ယောက်။ ကနေ့တော့ တစ်ယောက်တည်း ဖြစ်ရတာလဲ သမီး ဆိုတော့မှ သာမာက အကုန်လုံး ပြန်ပြောတယ်။ ဘယ့်နှယ် ပြောသလဲ။

အရှင်တဲ့၊ ကျွန်မတို့ ဘဒ္ဒဝတီမြို့ကပါ။ ဘဒ္ဒဝတီသေဋ္ဌေး ကြီးရယ်။ သေဋ္ဌေးကတော်ကြီးရယ်၊ ကျွန်မရယ်– သားအမိ သုံး ယောက် အဟိဝါတရောဂါ နှိပ်စက်လို့ လာကြတယ်။ လမ်းမှာ ရိက္ခာပြတ်ပြီးတော့ ဆင်းဆင်းရဲရဲရောက်လို့ ဟောဒီ တမြန်နေ့၊ အယင်တစ်နေ့က ကောသမ္ဗီ ရောက်တယ်။ ဒီအသွင်အပြင်နဲ့သာဖြင့် မွေးမိခင်ကတောင်မှ နှစ်သက်ဖွယ် မရှိဘူးဆိုပြီးတော့ ကျွန်မတို့ မိသားစုသုံးယောက် မြို့တံခါးက ဇရပ်မှာ တည်းခိုနေကြ၍ တမြန် မနေ့ကလည်း သားအမိသုံးယောက်မို့လို့ သုံးယောက်စာ တောင်းပြီး တော့ ကျွေးခဲ့တယ်။ ဖခင်ကြီး အဲဒီနေ့ည အစာမကြေတဲ့ ရောဂါနဲ့ ကွယ်လွန်တယ်။

http:\\www.dhammadownload.com



အင်း မနေ့ကတော့ သားအမိနှစ်ယောက်မို့လို့ နှစ်ယောက်စာ တောင်းပြီး ကျွေးလိုက်ပြန်ရော။ မနေ့ညက အမေက ကွယ်လွန်တယ်။ ကနေ့တော့ ကျွန်တော်မ တစ်ယောက်တည်း ရှိတော့တယ်။ ဒါကြောင့် ကနေ့ တစ်ယောက်စာ တောင်းတာပါဆိုပြီး အကြောင်းအကျိုးကို အကုန်လုံး ဖော်ပြပြောလိုက်တော့–

**အမ္မ ဓဝံ သန္တေ မာ စိန္တယိ၊ တွံ ဘဒ္ဒဝတိယသေဋ္ဌိနော ဓိတာ အဇ္ဇကာလတော ပဋ္ဌာယ မမ ဓိတာယေဝ နာမ။**

အမ္မ=သမီး။ ဓဝံသန္တေ =ဤသို့ဖြစ်သည်ရှိသော်။ မာ စိန္တယိ= ထွေရာလေးပါး စိတ်များပြီးတော့ မပူပန်နဲ့။ တွံ = သင်သည်။ ဘဒ္ဒဝတိယ သေဋ္ဌိနော = ဘဒ္ဒဝတိသေဋ္ဌေးကြီး၏။ ဓိတာ =သမီးပါလား။ အဇ္ဇကာလတော ပဋ္ဌာယ = ယနေ့ကစ၍။ တွံ = သင်သည်။ မမ ဓိတာယေဝ နာမ = ငါရဲ့သမီးသည်သာလျှင်။ ဇာတာ =ဖြစ်လေပြီ။

မိန်းကလေး ဒီလိုဆိုလို့ရှိယင်၊ သမီး ဘာမှ မပူနဲ့တော့၊ သမီးက ဘဒ္ဒဝတိသေဋ္ဌေးကြီးရဲ့ သမီးပဲ။ ကနေ့ကစပြီးတော့ သမီးဟာ ငါ့သမီးဖြစ်ပြီလို့ ခေါင်းကလေး ကိုင်ကိုင်ပြီးတော့ကိုလေ– ဦးထိပ်ကလေး နမ်း၊ သနားလွန်းလို့ ငယ်ထိပ်ကလေးနမ်းပြီးတော့ အိမ်ခေါ်သွားတယ်။ သမီးအရာထားပြီးတော့ တစ်ခါတည်းပြုလို့။ မိတ္တသုကြွယ်ရဲ့သမီး ဖြစ်သွားပြီ ဆိုပါစို့။

## အလှူမဏ္ဍပ်မှာ ဆူဆူညံညံ အသံမထွက်အောင် သာမာဝတီ စီမံခြင်း

အဲဒီလို မိတ္တသုကြွယ်ရဲ့ သမီးဖြစ်ပြီးလို့ တစ်ရက်၊ နှစ်ရက် နေမိတဲ့အခါကျတော့ အဲဒီ မိတ္တသုကြွယ်ရဲ့အိမ်နဲ့ ဃောသကသေဋ္ဌေးရဲ့ အလှူတင်းကုတ်=အလှူမဏ္ဍပ်နဲ့လည်း သိပ်ပြီးတော့ ဝေးပုံ မပေါ်ဘူး။ မိတ္တသေဋ္ဌေးအိမ်ကနေပြီးတော့ ထမင်းကျွေးပြီဆိုလျှင် လူတွေ ဆူဆူ

http:\\www.dhammadownload.com



ဆူဆူနဲ့။ တကထဲ တိုးကြဲ့ဖေ့ကြ။ တစ်ခါတည်း ဒီအသံတွေကြားတယ်။ ဟိုက။

ဒီတော့ - သာမာက (သာမာပဲ အဲဒီနေ့ထိအောင် နာမည်ရှိသေးတယ်) ဘယ့်နှယ်ပြောသလဲ။

**တာတ ကသ္မာ စေတံ ဇနံ နိ်သာဒ္ဒံ ကတွာ ဒါနံ န ဒေထ။**

တာတ = မွေးသဖခင် ကျေးဇူးရှင်။ ကသ္မာ = အဘယ့်ကြောင့်။ စေတံ ဇနံ = ထိုလူအပေါင်းကို။ နိသဒ္ဒံ ကတွာ = အသံတိတ်အောင် ပြု၍။ ဒါနံ = အလှူဒါနကို။ န ဒေထ = မပေးကြသလဲ။

အဖေရယ် - ဘယ့်နှယ်ကြောင့် ဒီလူတွေကို အသံတိတ်အောင် လုပ်ပြီးတော့ အလှူဒါန မပေးသလဲ။

**န သက္ကာ ကာတုံ အမ္မ။**

အမ္မ=သမီး။ ကာတုံ = ဒီလူတွေ အသံတိတ်အောင် ပြုလုပ်ခြင်းငှာ။ န သက္ကာ = မတတ်ကောင်းဘူး။

သမီးရယ်၊ ဒီလူတွေ အသံတိတ်အောင် မတတ်နိုင်ဘူးသမီးရဲ့။

ရော - ဒီတော့ သာမာက ပြန်ပြောတယ်။ သက္ကာ တာတ= တတ်နိုင်ပါတယ် အဖေရယ်တဲ့။

**ရော - ကထံ သက္ကာ အမ္မ။**

အမ္မ=သမီး။ ကထံ=ဘယ်ပုံဘယ်နည်း။၊ သက္ကာ=တတ်နိုင်သလဲ။

ဘက်နိုင်ပါတယ်အဖေ။

ဟာ-သမီး ဘယ့်နှယ်လုပ်တတ်နိုင်မှာလဲ။ ဒီတော့မှ သာမာက ပြောကယ်-

တာတ = မွေးဖသခင် ကျေးဇူးရှင်။ ဒါနဂ္ဂံ = အလှူမဏ္ဍပ်ကို။ ပရိက္ခိပိတွာ = ဆုးဝန်းရံ၍။ ဧကေကသော ပဝေသနပ္ပမာဏေန

http:\\www.dhammadownload.com



= တစ်ယောက်စာ တစ်ယောက်စာ ဝင်နိုင်ရုံ၊ ထွက်နိုင်ရုံ အတိုင်းအရှည် ပမာဏဖြင့်။ ဒွေဒွါရာနိ= တံခါးနှစ်ပေါက်တို့ကို၊ ယောဇေတွာ - ယောဇေဟိ=တပ်ပေးပါ။ ယောဇေတွာ=တပ်ပေးပြီးသကာလ။ ဧကေန ဒွါရေန ပဝိသိတွာ၊ ဧကေန နိက္ခမထ = ဟောဒီတံခါး တစ်ပေါက်က ဝင်ပြီးတော့ ဒီတံခါးပေါက်ကထွက်ကြပါလို့။ ဣတိ=ဤသို့။ ဝဒေထ = ပြောဆိုကြပါ။ ဧဝံ =ဤသို့ ပြုသည် ရှိသော်၊ နိဿဒ္ဒါ ဟုတွာ= အသံတိတ်ကုန်သည် ဖြစ်၍သာလျှင်။ ဂဏှိဿန္တိ =ခံယူကြပါလိမ့်မယ်။

အဖေရယ်၊ အလွယ်ကလေးပါ။ ဒီလူတွေ အသံတိတ်အောင် လုပ်ဖို့ အလွယ်ကလေး။ (ဘယ့်နှယ် လုပ်ရမတုန်း)။ ဟောဒီလို၊ ဟော- အလျှုတင်းကုတ်=အလှူမဏ္ဍပ်ကြီးကို တစ်ခါတည်း လှည့်ပြီးတော့ ဆူးတွေအုပ်ထား၊ ဆူးအရုံ၊ ဆူးရုံတွေ အုပ်ထား၊ အဲ အုပ်ပြီး ဘယ့်နှယ် လုပ်ရမလဲ။ အဲဒီလိုအုပ်ပြီးတော့မှ တစ်ယောက်စာ ဝင်ပေါက်၊ ထွက်ပေါက်၊ တံခါး နှစ်ပေါက်တပ်။ ဒီတံခါးကလည်း နှစ်ယောက်ဝင်နိုင်တဲ့ တံခါး မဟုတ်ရဘူး။ တစ်ယောက်ဝင်နိုင်တဲ့ အပေါက်ဖြစ်ရမယ်။

ဝင်ပေါက်၊ ထွက်ပေါက် တပ်ပြီးတော့မှ အဲဒီကလူတွေကို ဒီတံခါးက ဝင်ပြီးတော့ ဒီတံခါးက ထွက်သွားကြလို့ - အဲဒီလို ပြောလိုက်ပါ။ အဲဒီလို ပြောလိုက်လို့ရှိယင် အကုန်လုံး အသံတိတ်ပြီး တော့ ယူသွားပါလိမ့်မယ်။ အခုဟာက၊ အဖေတို့ဟာက ဒီက တံခါးကမှ ဝင်စရာ ထွက်စရာ မရှိတော့ လူတွေက တစ်ယောက် တစ်ယောက် တိုးပြီးတော့ ဆူညံကုန်တယ်။ ဆူးကာထားယင် ဘယ်တော့မှလဲ ဆူးရုံက မတိုးတတ်ဘူး။

http:\\www.dhammadownload.com



## ဆရာတော့်ကိုယ်တွေ့ ဘုန်းကြီးပျံပွဲ ထမင်းရုံ

အဲဒီတုန်းကလူတွေကတော့ ဆူးလဲ မတိုးဝံ့သလား မသိဘူး။ တကတဲ ဘုန်းကြီး ဟို - အရပ်တစ်ခုမှာ ရဟန်းဝါ ၆- ဝါလောက်က တောကဘုန်းကြီးပျံ တစ်ခု လိုက်သွားဘူးတယ်။ ဘယ်အရပ်ကယ်လို့ မပြောပါရစေနဲ့တော့။ တောအရပ်ဆိုတော့ တယ်လဲ ကျွေးရပါတယ်။ ကျွေးလိုက်ရတာ။ ချောင်းဘေးမှာ တစ်ခါတည်း သွားပြီးတော့ ထမင်းက ချက်ရတယ်။ ရေစည် ထူးမတိုက်ရဘူး။ အဲဒီချောင်းထဲကရေ။ အဲ ချောင်းကျော်ပြီးတော့မှ ဟိုဘက်မှာ ထမင်းရုံက ဆောက်ထားတယ်။

တောရွာဆိုတော့လဲ ထမင်းရုံကလဲ အပေါ်က အမိုးက ဖျာ မဟုတ်ဘူး။ ပြောင်းရိုးတွေ။ ထမင်းရုံဘေးက ကာတာ ဘာတွေလဲ ဆိုတော့ ဆူးတွေ။ ဒါနဲ့ မဖြစ်ဘူးဆိုပြီးတော့ အထဲထဲဝင်ပြီးတော့ ကြည့်တယ်။ အဲဒီမှာ အုပ်ချုပ်တဲ့ ဦးပဥ္စင်းတွေက အင်မတန်ခင်တဲ့ ကိုယ်တော်တွေဆိုတော့ ဝင်ကြည့်တာ။ ပျဉ်ပြားကလဲပဲ ပေပျဉ်တွေ၊ ဆယ်ပျဉ်တွေ။ ဒီလိုမဟုတ်ပါဘူး။ တောထဲဆိုတော့ ပကာတွေ၊ ဟင်း - ပကာတွေ ပက်လက်လှန်ပြီး ဖြစ်သလို ငုတ်တွေ၊ ခဲတွေနဲ့ ကြဲဖန်ပြီးတော့ ထားတယ်။ ပကာနှစ်ချပ်ချတယ်။ (ဆူးဆိုလို့ အမှတ်ရလို့ ပြောတာပါ)

အဲဒီဥစ္စာပေါ်မှာ တစ်ခါ ထမင်းကလဲပဲ လေးယောက်ကယ်လို့ ဝိုင်းနိုင်တာ မဟုတ်ဘူး။ ဒီပကာမှာ ခပ်ရှရှလေး ထားရတယ်။ ဇလုံလေး နှစ်ခု။ အဲဒီဇလုံလေးထဲ ပဌမ ထမင်းထည့်တဲ့လူက လျှောက်ထည့်သွားတယ်။ ဟိုက မခေါ်ရသေးဘူး။ ပြီးတော့မှ ငါးခြောက်ထည့်တဲ့လူက ငါးခြောက်ကလေးတွေ လက်ကလေးထဲ

http:\\www.dhammadownload.com



ဆုပ်ပြီးတော့ ဒီဇလုံလေးထဲ ထည့်ရတယ်။ ပြီးတော့မှ သရက်ချဉ်ကလဲပဲ ကြွေဇွန်းနဲ့ တစ်ဇွန်းစာလောက် ထည့်တာ။

အဲဒီ ခပ်ရွရွလေးထားတဲ့ ခွက်နှစ်ခုကြားထဲက ဟင်းချို ပန်းကန်လေးက သံပန်းကန်လေး တစ်လုံး တည်လိုက်လို့။ ဇလုံထဲ မှာတော့ဖြင့် ငါးခြောက်လဲ ပါတယ်။ ငရုတ်သီးကြော်လေးလဲ ပါတယ်။ သရက်ချဉ်လေးလဲ ပါတယ်။ အဲဒီဇလုံထဲမှာ ဒါပဲ။ ဒီ– အလယ်ခေါင်လို့ မဆိုသာဘူး။ ခပ်ရွရွထားရတော့၊ ဒီ ဟင်းချို ပန်းကန်ကလဲ သံပန်းကန်ပဲ။ အဲဒီမှာတင် ပြီးတော့ အဲဒီရုံပေါက် စောင့်တဲ့ ဘုန်းကြီးက=ခင်မင်တဲ့ ဦးပဥ္စင်းက ပြောတယ်။ "ဝိစိတ္တ– မင်းသွားကွာ"တဲ့။ ဟာ – ဦးပဥ္စင်းရာ တပည့်တော် – ဦးပဥ္စင်းတို့ ဆီက စားတာ မမြင်ဘူးလို့ ကြည့်ချင်လို့ပါလို့ ပြောတော့။ ဟာ– ကြည့်လို့ မဖြစ်ဘူးကွာတဲ့။ သွားတဲ့။ သူကလဲပဲ လက်ထဲမယ် တကထဲကို လေးတောင်လောက်ရှိတဲ့ ကြိမ်တုတ်ကြီးကို ကိုင်လို့။ ဒါနဲ့သွားကွာတဲ့။ ဟာ–ဦးပဥ္စင်း ကြည့်ချင်လို့ပါဆိုတော့– ဟိုဘက် – ချောင်းဟိုဘက်ထိပ်ကနေ ကြည့်ကွာတဲ့။ ဒါနဲ့ ဟိုဘက်ထိပ်က သွားကြည့်ရတယ်။

ဟိုဘက်ထိပ်က ကြည့်တော့ သူတို့ဟာက ဒီ တောပေမယ်လို့ လဲပဲ၊ ဒီ မန္တလေးရွှေမြို့တော်ကလာတဲ့ ကိုယ်တော်တွေ အစီအမံ ဆိုတော့ ပရိသတ်ခေါ်ပုံကတော့ အင်မတန်ကျတယ်။ ဒီထမင်းရုံက လဲ ထမင်းပြင်ပြီးတယ် ဆိုလို့ရှိယင် သူက အလံထူလိုက်တယ်။ အင်း – ဒီက အားလုံးပြင်ပြီးပြီဆိုမှ အလံထူတယ်။

ထမင်းရုံက အလံထူလိုက်ယင် ဟိုက ချောင်းအရှေ့ဘက်ကရှိတဲ့ ချောင်းထိပ်က ပုဂ္ဂိုလ် အထောက်တော်ကလဲပဲ သူက အလံထူရ

http:\\www.dhammadownload.com



တယ်။ အဲဒီအလံထူမှ ဟိုအရှေ့မှာ ယာလေးကွက်လောက် ရှိတဲ့ ဘုန်းကြီးပျံကွင်းထဲက အလှည့်ကျတဲ့လူကို လွှတ်လိုက်တယ်။

ဟင် – တကထဲ အလှည့်ကျတဲ့လူတွေ လာတော့ ရှေ့ဆုံးက အဖိုးကြီးပေါ့လေ။ ၆၀–၇၀ လောက်ရှိပါမယ်။ တစ်ခါတည်း သူက စိတ်ဆိုးမာန်ဆိုးနဲ့ အော်လာတယ်။ ဘာလဲဆိုတော့ ဦးပဥ္စင်းရေ ဒီလူတွေဟာ တပည့်တော်တို့ရွာကလူတွေ မဟုတ်ဘူး။ ဘယ်က ကလေကဝတွေမှန်း မသိဘူး–နဲ့ အော်လိုက်တာ သူက။ ဒါနဲ့ အဲဒီ က အလံကိုင်တဲ့ ဦးပဥ္စင်းကို ဦးပဥ္စင်း ဘာဖြစ်တာလဲ။ ဟို တစ်ရွာ က လိုက်လာလို့ ပြောတာပေါ့ ကိုယ်တော်တဲ့။ ဒါနဲ့ တစ်ခါတည်း သူတို့ ချောင်းထဲဆင်းသွားရော။ ချောင်းထဲဆင်းသွားတော့ ရေအိုးစင် ရယ်လို့ ရှိတာမဟုတ်ဘူး။ ချောင်းထဲမှာ သွင်သွင်စီးနေတဲ့ အဲဒီရေထဲမှာ ငုတ်ကလေးတွေစိုက်ပြီးတော့ အဲဒီထဲမှာ ရေခွက်က ချည်ထားတယ်။ ဆင်းသွားကတည်းက ဒီချောင်းထဲ လက်ဆေး။ ချောင်းဟိုဘက်ကမ်း ကျတော့ တစ်ခါတည်း ထမင်းရုံတိုးရတယ်။ ခုနက ကြိမ်တုတ်ကြီးနဲ့ စောင့်တဲ့ ဦးပဥ္စင်းက – မတိုးနဲ့ဟ၊ မတိုးနဲ့ ဟနဲ့ ကြိမ်တုတ်ကြီးနဲ့လေ။ ပြောလို့သာ ပြောတယ်။ သူလဲ အစသာ မတိုးနဲ့ဟ ပြောနိုင်တယ်။ တော်တော်ကြာတော့ သူလဲပဲ ဆူးထဲကို ရောက်လို့။ လူတွေ တိုး လိုက်ပုံများတော့။

အခု သာမာဝတီ။ သာမာဆိုတဲ့ အမျိုးသမီးက အဲဒီထမင်းရုံ ဘေးက ဆူးလှည့်ကာတယ်။ ပြီးတော့မှ လူတစ်ယောက်ဝင်သာရုံ အပေါက်။ ဝင်ပေါက် ထွက်ပေါက် တံခါး နှစ်ပေါက်လုပ်။ ဒီ အပေါက်ကဝင်ပြီးတော့ ဒီအပေါက်က ထွက်ကြပါဆိုယင်။ အဲဒါ အသံတိတ်တိတ်နဲ့ ယူသွားကြမှာပဲ ဆိုတော့မှ–

http:\\www.dhammadownload.com



မိတ္တသေဋ္ဌေးက–

**ဘဒ္ဒကောဝ အမ္ဗ ဥပါယော။**

အမ္ဗ=သမီး။ တေ =သင်ချစ်သမီး၏။ ဥပါယော = နည်းလမ်း ဥပါယ်သည်။ ဘဒ္ဒကောဝ = ကောင်းလေစွ။

ဆိုပြီးတော့ လက်ခံတယ်။ အဲဒီအချိန်ကစပြီးတော့ "သာမာ" ဆိုတဲ့ မူလအမည်ပေါ်မှာ "ဝတိ"ဆိုတာ ဆူးစောင်ရန်း၊ ဆူးအရံအတား ကို ခေါ်တယ်။ အဲဒီလို ဆူးအရံအတားနဲ့ အလှူမဏ္ဍာပ်ကို လှည့်ပြီး တော့ အုပ်စေလို့ "ဝတိ"ဒါထည့်ပြီးတော့ "သာမာဝတိ" ဒီကစပြီး တော့ သာမာဝတိလို့ ဒီကလေးမကို ခေါ်သတဲ့။– နာမည်တွင်သတဲ့။ သာမာဝတီလို့သာ လွယ်လွယ်ခေါ်ကြပါစို့။ သာမာဝတီဆိုရင်ပေါ့လေ။ အိမ်ကျတော့ ရွတ်ကြည့်။ ရွတ်ရခက်ခက်ပဲ။ သာမာဝတီဆိုတော့ သက်သက်သာသာရှိတယ်။ ဝါစာသိလိဋ္ဌ။

ဒါနဲ့ မိတ္တသူကြွယ်ကပေါ့လေ။ သာမာဝတီညွှန်ပြတဲ့ နည်းနဲ့ နောက်နေ့ နောက်နေ့ ကျွေးတဲ့အခါကျတော့ မဆူတော့ဘူး။ တစ်ခါတည်း တစ်ယောက်ဝင်လာ၊ အဲဒီတစ်ယောက်စာ ပေးလိုက်။ ဟိုအပေါက်ကထွက်သွား။ နောက်တစ်ယောက်ဝင်လာ။ တစ်ခါတည်း။ အေးတယ် – အသံတိတ်သွားတယ်။

## ဃောသကသေဋ္ဌေး မိတ္တသေဋ္ဌေးထံ ရောက်လာခြင်း

ရှေးရှေးရက်တွေတုန်းက အဲဒီထမင်းရုံကနေပြီးတော့ တိုးကြ ဝှေ့ကြ ဟစ်ကြ အော်ကြတဲ့ အသံကြားတော့ ဃောသကသေဋ္ဌေး ကလေ–

**မယှံ ဒါနဂ္ဂေ သဒ္ဒေါ။**

အယံ=ဤအသံသည်။ မယှံ=ငါ၏။ ဒါနဂ္ဂေ= အလှူတင်းကုတ် က။ သဒ္ဒေါ = အသံပဲလို့ ဆိုပြီးတော့ ဝမ်းသာသတဲ့။ ရှေးရှေးရက်တွေ

http:\\www.dhammadownload.com



ဝှန်းက တိုးလို့ တိုးလို့။ လူတွေတိုးတော့ တစ်ယောက် တစ်ယောက် အော်ကြဟစ်ကြနဲ့၊ ဒီအသံတွေ ကြားတော့။ သြော် ဒီအသံဟာ - ငါ့ အလှူမဏ္ဍပ်=အလှူထမင်းရုံက အသံပဲလို့ ဆိုပြီးတော့ ဝမ်းသာတယ်။

အခု နှစ်ရက်၊ သုံးရက် အသံမကြားရဘူး။ ရော - မိတ္တက ထမင်းများ မကျွေးလို့လားလို့ အောက်မေ့တယ်။ သူ့ သူကြွယ်မိတ္တ ထမင်း မကျွေးလို့လားလို့ အောက်မေ့သတဲ့။

အဲဒီတော့မှ တစ်နေ့ သုံးရက်လောက်ရှိတော့ မိတ္တလာတယ်။ မိတ္တသူကြွယ် သူ့ဆီလာတော့

**သမ္မ ဒိယျတိ ကပဏဒ္ဓိကာဒီနံ ဒါနံ။**

သမ္မ=အဆွေ။ ကပဏဒ္ဓိကာဒီနံ =အထီးကျန်ကပ်ပါး ခရီးသွား စသည်တို့အား။ ဒါနံ = အလှူဒါနကို။ ဒိယျတိ = ပေးလှူပါ၏လော။

မိတ္တ - ထမင်းအလှူ - လှူရဲ့လားကွ တဲ့။

အာမ သာမိ။ သာမိ = အရှင်သေဌေး။ အာမ ဒိန္န = အေး-လှူအပ်ပါ၏။

**အထ ကိံ ဒွိဟတီဟံ သဒ္ဒေါ န သုယျတိ။**

အထ =ထိုသို့လှူအပ်ပါလျက်။ ကိံ = အဘယ်ကြောင့်။ ဒွိဟတီဟံ =ယခု နှစ်ရက် သုံးရက်အတွင်းမှာ။ သဒ္ဒေါ = အသံကို။ န သုယျတိ = မကြားအပ်ပါသလဲ။

ဟ - ဒီလို လှူပါ ထမင်းကျွေးပါလျက်နဲ့ အခု နှစ်ရက် သုံးရက်အတွင်းမှာ ဘာ့ကြောင့် အသံမကြားရတုန်း - ကိုမိတ္တတဲ့။

ဆိုတော့ မိတ္တက ပြန်ပြောတယ် -

**ယထာ နိဿဒ္ဒါ ဟုတွာ ဂဏ္ဍန္တိ၊ တထာ မေ ဥပါယော ကတော။**

http:\\www.dhammadownload.com



ယထာ=အကြောင်အခြင်းဖြင့်။ နိဿဒ္ဒါ ဟုတ္ဝာ=အသံမရှိကုန်သည် ဖြစ်၍။ ဂဏှန္တိ =ယူကုန်၏။ ဟထာ=ထိုသို့သော အခြင်းဖြင့်။ မေ =အကျွန်ုပ်သည်။ ဥပါယော = နည်းလမ်းဥပါယ်ကို။ ကထော = ပြုအပ်ပါပြီ။

အိုအရှင်သေဋ္ဌေးမင်းနှယ်။–လူတွေ အသံတိတ်အောင် နည်းလမ်းဥပါယ်ကို ကျွန်ုပ်ပြုထားလို့ပေါ့။ ဒီတော့ ယောသကသေဋ္ဌေးက မေးပြန်တယ်။

**အထ ပုဗ္ဗေ ကသ္မာ နာ + ကာသိ**

အထ = ထိုသို့ဖြစ်ပါလျက်။ ပုဗ္ဗေ = ရှေးတုန်းကပင်လျှင်။ တသ္မာ = အဘယ့်ကြောင့်။ နာ + ကာသိ = မပြုသနည်း။

ကိုမိတ္တရယ်၊ ခင်ဗျား ဒီလိုဆိုယင် ရှေးရှေးရက်တွေတုန်းက ဘာဖြစ်လို့ အသံတိတ်အောင် မလုပ်သလဲဆိုတော့

**အဇာနနတာယ သာမိ။ သာမိ = အရှင်။** အဇာနနတာယ။ မသိလို့ပေါ့။

အသံတိတ်အောင်လုပ်တဲ့နည်း မသိလို့ ရှေးရှေးရက်ကေ ာ မပြုတာပါလို့

**ဣဒါနိ ကထံ တေ ဉာတော။**

ဣဒါနိ =ယခုအခါမှာတော့။ တေ = သင်သည်။ ဥပါယော= အသံတိတ်တဲ့နည်းကို။ ကထံ = ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ဉာတော = သိအပ်သလဲ။

ဒါဖြင့်ဗျာတဲ့– ခင်ဗျား ဟိုတုန်းက မသိဘူးဆိုတော့ အခုတော့ ခင်ဗျား ဘယ်လိုနည်းနဲ့ အသံတိတ်တဲ့ နည်းလမ်းဥပါယ်ကို သိရသလဲ။ ဒီတော့မှ မိတ္တက ပြန်ပြောတယ်။

**မိတရာ မေ အက္ခာတော သာမိ။**

http:\\www.dhammadownload.com



သာမိ = အရှင်သေဌေးမင်း။ မေ = အကျွန်ုပ်၏။ ဓီတရာ= သမီးကလေးက။ အက္ခာတော = ပြောကြားအပ်ပါပြီ။

ကျွန်ုပ်သမီးကလေးက ပြောလို့ ကျွန်တော် ကနေ့မှသိတာပေါ့။

## သာမာဝတီကို ဃောသကသေဌေး မွေးစားခြင်း

ရော– ဃောသကက ဒီမိတ္တဆိုတာ သူ့လက်အောက်ခံ။ သူ့အနားက သူကြွယ်တစ်ယောက်။ သူ့ဝိုင်းထဲတွင် နေတဲ့ သူကြွယ်တစ်ယောက်။ ဟုတ်လား။

**မယှံ အဝိဒိတာ တဝ ဓီတာ နာမ အတ္ထီတိ။**

တဝ = သင်၏။ ဓီတာ နာမ = သမီး မည်သည်။ အတ္ထီတိ= ရှိ၏ဟူ၍။ မယှံ = ငါသည်။ အဝိဒိတာ = မသိအပ်ပါတကား။

ဟ – မိတ္တ၊ မင်း ဘယ့်နှယ့်ပြောတာလဲ။ မင်းမှာ သမီးရှိတယ်လို့ ငါတို့ ဘယ်တုန်းကမှ မသိခဲ့ဘူးကွာတဲ့။ အခုမှ မင်းက ကျွန်တော်မျိုးရဲ့ သမီးလေးကပြောလို့။ ဘာ – ညာနဲ့ ပြောတော့၊ ဒီတော့ မင်း သမီးဆိုတာ ဘယ်သူလဲ။ ဘယ်ကလဲ။ အဲဒီလို မေးတဲ့အခါကျတော့မှ မိတ္တသူကြွယ်က ပြန်ပြီးတော့ ဘဒ္ဒဝတီမြို့ကနေပြီးတော့ ဘဒ္ဒဝတိယသေဌေးကြီး၊ ဇနီး၊ သမီးတို့ သုံးယောက်သား အဟိဝါတရောဂါနှိပ်စက်လို့ အရှင်သေဌေးမင်းကိုအားကိုးပြီး ကောသမ္ဗီလာ။ ကောသမ္ဗီကနေ့ရောက် နောက်တစ်နေ့ သေဌေးကြီးသေ။ နောက်တစ်နေ့ သေဌေးကတော်သေ။ အင်း – နောက်တစ်နေ့ တတိယနေ့ကျတော့ သမီးလေးတစ်ယောက်သာ ရှိတယ်။ အဲဒီအကြောင်းတွေ အကုန်ပြန်ပြောတယ်။ စောစောကအကြောင်းတွေ အခု မိတ္တသူကြွယ်က ပြောတော့မှ

**ဓဝံ သန္တေ မမ ကသ္မာ န ကထေသိ။**

http:\\www.dhammadownload.com



ဝေ သန္တေ = ဤသို့ဖြစ်လျက်။ မမ = ငါ့အား။ ကသ္မာ = အဘယ်ကြောင့်။ - န ကထေသိ = စောစောက မပြောသလဲ။

မိတ္တရာ မင်း ဒီလိုဆိုယင် ဘာ့ကြောင့် ငါ့ကို စောစောက မပြောသလဲ။

**မမ သဟာယကဿ ဓီတာ မမ ဓီတာ နာမ။**

မမ = ငါ၏။ သဟာယကဿ = သူငယ်ချင်း ဘဒ္ဒဝတိယ သေဋ္ဌေး၏။ ဓီတာ=သမီးလဲပဲ။ မမ =ငါ၏။ ဓီတာ နာမ= သမီးပဲ။

သူငယ်ချင်း ဘဒ္ဒဝတိယသေဋ္ဌေးရဲ့ သမီးလဲ ငါ့သမီးပဲကွာတဲ့။ သွားခေါ်ချေ ဆိုပြီးတော့။ သာမာဝတီကို ခေါ်တယ်။ ရှေ့ရောက်တယ်။

**အမ္မ သေဋ္ဌိနော ဓီတာသိ။**

အမ္မ = သမီး၊ တွဲ့ = သင်သည်။ သေဋ္ဌိနော =ဘဒ္ဒဝတိယသေဋ္ဌေးကြီးရဲ့။ ဓီတာ=သမီးသည်။ အသိ= ဖြစ်သလား။

သမီး - သမီးဟာ ဘဒ္ဒဝတိယ သေဋ္ဌေးကြီးရဲ့ သမီးလား။

ဒီတော့ ပြောတယ်-

**အာမ တာတ**။ တာတ=ဖခင်။ အာမ=ဟုတ်ပါတယ်။

တေန ဟိ မာ စိန္တယိ။ တေနဟိ=သို့တပြီးကား။ မာ စိန္တယိ= သမီး ထွေရာလေးပါး အကြံများပြီး စိတ်များ ပူမနေနဲ့။ တွံ = သင်သည်။ မမ = ငါ၏။ ဓီတာ = သမီးသည်။ အသိ = ဖြစ်လေပြီ။

ဒီလိုဆိုယင် သမီး ဘာမှမပူနဲ့တော့။ သမီးဟာ ငါ့သမီးဖြစ်ပြီ။ ကိုင်း မိတ္တ မင်းရဲ့သူငယ်ချင်း မဟုတ်ဘူး။ သူ့ဖခင် ဘဒ္ဒဝတိယသေဋ္ဌေးဟာ ငါရဲ့သူငယ်ချင်း။ ဒီတော့ ငါ့သူငယ်ချင်းသမီးဟာ ငါ့သမီးပဲ။ ငါ့ပဲပေးတော့ ဆိုပြီးတော့ သာမာဝတီကို တစ်ခါတည်း သူက သမီးကြီးအရာမှာ ထားပြီးတော့ ချီးမြှောက်တယ်။

http:\\www.dhammadownload.com



## သာမာဝတီကို ဥတေနမင်း တော်ကောက်ခြင်း

သာမာဝတီရဲ့ အခြံအရံအနေနဲ့၊ သေဋ္ဌေးသမီးရဲ့ ရံရွေတော်တွေအနေနဲ့ အမျိုးသမီးငါးရာ တစ်ခါတည်း ပေးတယ် တင့်တောင့်တင့်တယ်။ ဃောသကသေဋ္ဌေးကြီးရဲ့ သမီးအဖြစ်နဲ့ အလွန် ထင်ထင်ရှားရှား ချမ်းချမ်းသာသာ ဖြစ်နေတယ်။ ဒီလိုလာလို့ ကစ်နှစ်၊ နှစ်နှစ်လောက် ရောက်ပြီဆိုပါစို့။ သာမာဝတီ အရွယ်ရောက်တယ်။ ကောသမ္ဗီပြည်မှာ ပွဲလမ်းသဘင်ကျင်းပပြီဆိုယင် တစ်မြို့လုံး ကျင်းပပြီဆိုလို့ရှိယင် အိမ်ထဲကမထွက်တဲ့ (တစ်နည်း ရိုင်းရိုင်းပြော ရယင် အိမ်တွင်းပုန်းပေါ့) အမျိုးသမီးတွေလဲပဲတဲ့၊ မိမိတို့ အခြွေအရံနဲ့ အိမ်ပြင်ထွက်ပြီးတော့ (လှည်းတွေ၊ ဘာတွေ၊ ရထားတွေ မစီးရဘူး) အားလုံးမြင်အောင် မိမိတို့အခြံအရံနှင့်တကွ ခြေကျင်ထွက်၍ မြစ်ဆိပ်သွားပြီးတော့ ရေချိုးရတယ်။ ဒါ သူတို့ရဲ့ ယဉ်ကျေးမှုပေါ့လေ။ ကောသမ္ဗီပြည်မှာ။

အဲဒီဓမ္မတာ ထုံးစံအတိုင်း၊ အဲဒီပွဲနေ့တုန်းက သာမာဝတီသည် မိမိရဲ့အခြံအရံ ရံရွေတော်ငါးရာတို့နှင့် အတူတကွ ခြေကျင် နန်းတော်ကွက်လပ်ကြီးထဲက ဖြတ်ပြီးတော့ မြစ်ဆိပ်ကို ရေချိုးသွားတော့ ဥတေနမင်းတရား ရှေ့နန်းတော်ပေါ်က၊ လေသာပြတင်းက လှမ်းကြည့်လို့ သာမာဝတီတို့အဖွဲ့ကို မြင်ယင်ပဲ အနားကရှိတဲ့ မင်းချင်းတွေကို မေးတယ်။

**ကဿ + မာ နာဋကိတ္ထိယော။**

ကဿမာ=ဤသူမတို့သည်။ ကဿ=အဘယ်သူ၏။ နာဋကိတ္ထိယော = ကချေသည်မတွေလဲ။

အချင်း - ဟို ကချေသည်မတွေ ဘယ်သူရဲ့ ကချေသည်မတွေလဲ။

http:\\www.dhammadownload.com



(အာဝဇ္ဇနုန်းသမား ဆိုလိုရှိယင် ဒါ မြို့တော်သိန်းအောင်ဇာတ်က ကချေသည်မတွေလား။ ဘာလား၊ ဒါတွေပေါ့လေ။ သောစရာ၊ ရောစရာတွေ မသောပါနဲ့)။

ဥတေနမင်းကြီးအနေနဲ့ သူတို့ကို မြင်ရတာ ဇာတ်ထဲက ကချေသည်မတွေလို့ပဲ ထင်တယ်။ ဒါလောက်ပဲ တင့်တယ်တယ်။ ဒီတော့ မင်းချင်းယောကျာ်းက

**န ကဿစိ နာဋကိတ္ထိယော ဒေဝ။**

ဒေဝ = အရှင်မင်းမြတ်။ ကဿစိ = တစ်စုံတစ်ယောက်သော ဇာတ်ဆရာ၏မျှ။ န နာဋကိတ္ထိယော = ကချေသည်တွေ မဟုတ်ပါဘူး ဘုရား။

အရှင်မင်းကြီး၊ ဘယ်ဇာတ်ဆရာ၏မျှ ကချေသည်မတွေ မဟုတ်ပါဘူး။

**အထ ကဿ ဓီတရော။**

အထ = ထိုသို့ ကချေသည်မတွေ မဟုတ်ယင်။ ကဿ = အဘယ်သူ၏။ ဓီတရော = သမီးတွေလဲ။ ဟ - ကချေသည်မတွေ မဟုတ်ယင် ဒီအမျိုးသမီးတွေဟာ ဘယ်သူ့သမီးတွေလဲလို့ မေးတော့။ မင်းချင်းတွေက-

**ဃောသကသေဋ္ဌိနော ဓီတာ ဒေဝ၊ သာမာဝတီ နာမေသာ။**

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ်။ ဧသာ = ဟောဟို သတို့သမီးသည်။ ဃောသကသေဋ္ဌိနော=ဃောသကသေဋ္ဌေးကြီးရဲ့။ ဓီတာ = သမီးပါကဲ့။ သာမာဝတီ နာမ = သာမာဝတီဆိုတာ။ ဧသာ = ထိုသူမပါလို့။

သာမာဝတီဆိုတာ သူပဲ။ အင်မတန် ဉာဏ်ပညာရှိသဟဲ့။ ရုပ်ရော၊ ပညာရော၊ အဆင်းရော၊ အချင်းရော ပြည့်စုံတဲ့ အမျိုးသမီး

http:\\www.dhammadownload.com



ဖြစ်တော့ ဥတေနမင်းတရားက သာမာဝတီပေါ် စိတ်ဟိမ်းညွတ်သွားတယ်။ မေတ္တာရည်ငံရှိတော့ သာမာဝတီတို့မှ ရေချိုးမပြန်သေးဘူး၊ ဥတေနမင်းလည်း ရာဇသိက္ခာ်ဘ္ကန္ဓြေမှ မဆည်နိုင်ဘူး။ တစ်ခါတည်း တမန်လွှတ်ပြီးတော့ အခုဆို အခုပဲ။ ဃောသကသေဌေးကြီးအိမ် လွှတ်လိုက်တယ်။

**ဓိတရံ ကိရ မေ ပေသေတု (တိုတိုပဲ) ။**

တေ = သင်သေဌေး၏။ ဓိတရံ = သမီးကို။ မေ=ငါ့အထံသို့။ ပေသေတု = ပို့ဆက်ရမယ်။

အရေးတကြီး ရေးတဲ့စာနဲ့ တူတယ်။ "သေဌေး သင့်သမီးကို ငါ့ထံ ပို့ဆက်ရမယ်။"

သူက တိုတိုရေးတော့ ဃောသကသေဌေးကြီးကလဲ

**န ပေသေမိ ဒေဝ။**

မပို့ဆက်နိုင်ဘူး ္ရှင်မင်းကြီး။ ပြန်ကြားလိုက်တယ်။ အင်း– နောက် လာပြန်တယ်။

**မာ ကိရ ဓပံ ကရောတု၊ ပေသေတုယေဝ။**

ဓဝံ =ဤသို့။ မာ ကရောတု ကိရ=မလုပ်နဲ့တဲ့။ ပေသေတုယေဝ = ကေန်မချွတ် ပို့ဆက်ရမယ်တဲ့။ မင်းချင်းတွေ အကြောင်းပြန်လိုက်တယ်။

ဒီတော့ ဃောသကသေဌေးကြီးက ဘာပြောလဲ။

**မယံ ဂဟပတိကာ နာမ ကုမာရိကာနံ ပေါထေတွာ ဝိဃာဌေတွာ ကမ္မနဘယေန န ဒေမ ဒေဝ။** (စာပြန်လိုက်တယ်)

ဒေဝ =သမ္မုတိနတ် အရှင်မင်းမြတ်။ မယံ ဂဟပတိကာ နာမ = ကျွန်တော်တို့ သူကြွယ်တို့မည်သည်။ ကုမာရိကာနံ = သမီးပျိုတို့အား။ ပေါထေတွာ = ပုတ်ခတ်၍။ ဝိဟေဌေတွာ = ညှင်းပန်းနှိပ်စက်၍။

http:\\www.dhammadownload.com



ကမ္မနာဘယေန = ဆွဲငင်ယူမှာ ကြောက်သောကြောင့်။ န ဒေမ = မပေးဝံ့ပါကုန်။

အသင့်ရွှေနန်းတော် ရောက်သွားလို့ရှိယင်၊ ဘုရင် အမျက်တော် ရှတယ်ဆိုယင်။ ကျွန်ုပ်တို့ သမီးကိုတဲ့ ရိုက်ပုတ်ဆွဲငင် ညှင်းပန်းနှိပ်စက်မှာကို ကြောက်လို့ မပေးဝံ့ပါဘူးဘုရားတဲ့။ ဟုတ်လား။ ဘယ်သူ့မှ လက်ဖျားနဲ့တို့တာ မကြိုက်ဘူး။ အဲဒီတော့ သမီးရှင်ဆိုတာ ကိုယ့်သမီးကို ရွှေနန်း မပို့ချင်ဘူးတဲ့။ မပို့ချင်တာ ဘာကြောင့်လဲ။ ရွှေနန်းတော်ဆိုတာ အဆင်ပြေတဲ့အခါ တော်တယ်။ အဆင်မပြေတဲ့အခါကျတော့ တစ်ခါတည်း ရိုက်ပုတ်ဆွဲငင် ဒီလိုအပြစ်ခံရတယ်။ အနှင်ခံရတယ်။ အဲဒီဘေးဒဏ် ကြောက်လွန်းလို့ ကျွန်တော်မျိုး မပေးချင်ဘူးတဲ့။ ကျွန်ုပ်တို့ မပေးချင်ဘူးဆိုတော့ နှစ်ကြိမ်လောက်ပြောလို့ မရတော့ ဘုရင် အမျက်တော်ရှတယ်။ ဃောသကသေဋ္ဌေးရဲ့အိမ် တစ်ခါတည်း မင်းတံဆိပ်ခတ်တယ်။ (ကနေ့လိုတော့ ချိတ်ပိတ်တယ်။ မင်းတံဆိပ်ခတ်တယ်ဆိုတာ ချိတ်ပိတ်တာ)။ မင်းတံဆိပ်ခတ် ချိတ်ပိတ်ပြီးသကာလ သေဋ္ဌေးကြီး ဇနီးမောင်နှံကို အိမ်အပြင်ဘက် အကုန်လုံးဆွဲတယ်။ ဆွဲပြီးတော့ အကုန်ထုတ်တာပဲ။ ခိုကိုးရာမဲ့ ဒီအတိုင်း ပြင်ဘက်မှာ။ ဖွင့်လဲမဖွင့်ဝံ့ဘူး။

သာမာဝတီ ရံရွေတော်ငါးရာနဲ့ ရေချိုးရာကပြန်လာ။ ပြန်လာပြန်တော့ သူလဲပဲ မဝင်ရဘူးတဲ့။ သူ့အိမ်ရယ်လို့ သူဝင်မယ်ကြံတော့ မဝင်ရဘူး။ ကြည့်လိုက်တော့ အမေနဲ့အဖေလည်းပဲ အိမ်ပြင်ဘက်မှာ။

ကိံ ဧတံ တာတ။ တာတ=ဖခင်။ ဧတံ = ဤအမှုသည်။ ကိံ = ဘယ့်နှယ်ဖြစ်တာလဲ။

အဖေ၊ ဘယ်လိုဖြစ်ကြတာလဲ။ အဲဒီတော့ သူ့ဖခင် ဃောသကသေဋ္ဌေးကြီးက ပြောတယ်–

http:\\www.dhammadownload.com



**အမ္ဗ ရာဇာ တဝ ကာရဏာ ပဟိဏိ။**

အမ္ဗ=သမီး။ တဝ ကာရဏာ=သင် သမီးဟူသော အကြောင်းကြောင့်။ ရာဇာ = ပြည့်ရှင်မင်းကြီးက။ ပဟိဏိ = ငါ့ထံကို ရာဇသံ ပို့အပ်တယ်။

သမီးကြောင့် သမီးကို ပို့ဆက်ရမယ်ဆိုတဲ့ ရာဇသံ ရောက်လာတယ် သမီးရယ်။ အဲဒီတော့ ဘာဖြစ်တုန်းဆိုတော့—

အထ = ထိုအခါ၌။ န မယံ ဒဿာမာတိ = မပေးနိုင်ဘူး အရှင်မင်းကြီး လို့ ငါတို့က ပြန်ကြတယ်။ ဣတိ ဝုတ္တေ = ငါတို့က ဤသို့ ပြောဆိုအပ်သည်ရှိသော်။ ဃရံ = အိမ်ကို။ လဥ္ဇာပေတွာ = တံဆိပ်ခတ်စေ၍ (ဝါ) ချိတ်ပိတ်စေ၍။ အမှေ = ငါတို့ကို။ ဗဟိ= အိမ်ပြင်ပသို့။ ကာရာပေသိ = ဆွဲထုတ်စေ၏။

ဒို့ဇနီးမောင်နှံ၊ ဒို့တွေကိုကွာတဲ့။ အိမ်ချိတ်ပိတ်ပြီးတော့ ငါ့အား ဒီလိုပြောရမလားဆိုပြီးတော့ ဆွဲထုတ်ခံရတယ် ဆိုတော့မှ သာမာဝတီက ပြောတယ်—

**တာတ ဘာရိယံ ဝေါ ကမ္မံ ကတံ။**

တာတ = ဖခင်။ ဝေါ = သင်ဖခင်တို့သည်။ ဘာရိယံ ကမ္မံ= ဝန်လေးတဲ့အမှုကို။ ကတံ = ပြုအပ်ပြီ။

အဖေ၊ အဖေကလဲ အင်မတန် တာဝန်လေးတဲ့ ရာဇဝတ်မှုကြီး အဖေလုပ်တာကို။

ရညာ နာမ ပဟိတေ = ပြည့်ရှင်မင်းကြီးက ရာဇသံပေးခဲ့လို့ ရှိယင်။ န ဒေမာတိ အဝတွာ = မပေးနိုင်ဘူးလို့ "ဘူး"စကား မသုံးမူ၍။

**သစေ မေ မိတရံ သပရိဝါရံ ဂဏှထ ဒေမာတိ ဝတ္တဗ္ဗံ ဘဝေယျ တာတ။**

http:\\www.dhammadownload.com



တာတ = ဖခင်။ သစေ = အကယ်၍။ မေ ဓိတရံ =အကျွန်ုပ်တို့၏သမီးကို။ သပရိဝါရံ = သူရဲ့ အရံမိဿံများနှင့်တကွ။ သစေ ဂဏှထ = အကယ်၍ သိမ်းပိုက်ကုန်ငြားအံ့။ ဒေမ = ကျွန်တော်မျိုးတို့ ဆက်ကပ်ကြပါမယ်။ ဣတိ = ဤသို့။ ဝတ္တဗ္ဗံ = ပြောဆိုသင့်သည်။ ဘဝေယျ = ဖြစ်ရာ၏။

သာမာဝတီက ပြောတယ်။ ဖခင်–ပြည့်ရှင်မင်းဆိုတာ သက်ဦးဆံပိုင်။ သူကတောင်းယင် မပေးနိုင်ဘူးလို့ အဲဒီလို အပြတ်မပြောလိုက်ရဘူး။ အဲဒီလို အပြတ်မပြောပဲနဲ့ ကျွန်တော်မျိုးတို့ရဲ့ သမီးကို သူရဲ့ ရံရွေတော်ငါးရာနဲ့အတူတကွ သိမ်းပိုက်မယ်ဆိုယင် ဆက်သပါမယ်လို့။ အဲဒီလို ပြောသင့်တာ ဖခင်ရဲ့လို့ ဆိုတော့ သေဌေးကြီးက ပြန်ပြောတယ်။

**သာဓု အမ္မ၊ တဝ ရုစိယာ သတိ ဓဝံ ကရိဿာမိ။**

အမ္မ= သမီး။ သာဓု = ကောင်းပါ၏။ တဝ = သင်ချစ်သမီး၏။ ရုစိယာ = သဘောတူချက်သည်။ သတိ – ရှိလတ်သော်။ ဧဝံ =ဤချစ်သမီး ပြောတဲ့အတိုင်း။ ကရိဿာမိ = အဖေပြုပါမယ်။

အဖေက ချစ်သမီး စိတ်ဆင်းရဲနေမှာစိုးလို့။ အကယ်၍ ချစ်သမီးက ဒီအတိုင်း သဘောတူသပ ဆိုလို့ရှိယင် သမီး အခုပြောတဲ့အတိုင်း အဖေလုပ်မယ်ဆိုတော့ သာမာဝတီက သဘောတူတယ်။ သဘောတူတော့မှ သေဌေးကြီးက၊ ကိုင်း မင်းချင်းများ – မောင်တို့သွားလျှောက်လိုက်ပါ။ သမီးကိုသိမ်းပိုက်လို့ရှိယင် သမီးတင် မသိမ်းပိုက်ပါနဲ့။ သမီးရဲ့ အခြံအရံ ရံရွေတော်များနဲ့တကွ သိမ်းပိုက်လို့ရှိယင် သမီးကို ဆက်သပါမယ်။ ဒီအတိုင်း မောင်တို သွားလျှောက်ပါ။ ဥတေနမင်းထံ သွားလျှောက်ရတယ်။

http:\\www.dhammadownload.com



ဒီတော့မှ ဥတေနမင်းက အမျက်တော်ပြေသတဲ့။ အင်း– အဲဒီ အကြောင်းကိုပေါ့လေ။

ရာဇာ=ဥတေနမင်းသည်။ သာဂုတိ=ကောင်းပြီဟူ၍။ သမ္ပဋိစ္ဆိတွာ =သမ္ပဋိစ္ဆတိ=ဝန်ခံ၏။ သမ္ပဋိစ္ဆိတွာ=ဝန်ခံပြီးမှ။ တံ =ထိုသာမာဝတိကို။ သပရိဝါရံ = အခြံအရံဖြစ်တဲ့ ရံရွေတော်ငါးရာနှင့်တကွ။ အာနေတွာ=ရွှေနန်းတော်သို့ ဆောင်၍။ အဘိသိဉ္စိတွာ = အဘိသိက်ရေချမ်း သွန်းဖျန်း၍။ အဂ္ဂမဟေသိဋ္ဌာနေ = မိဖုရားခေါင်ကြီးအရာ၌။ ဌပေသိ = ထားခဲ့ပြီ။

ရွှေနန်းတော် ဆောင်၊ အဘိသိက်ရေချမ်းများ သွန်းပြီးသကာလ၊ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး အရာမှာ ထား။

**သေသာယေ၀ ပရိဝါရိတ္ထိယော အဟေသုံ။**

သေသာ = ကြွင်းကျန်သော ငါးရာသော အမျိုးသမီးတို့သည်။ တဿာ = ထိုမိဖုရားခေါင်ကြီး သာမာဝတီ၏။ ပရိဝါရိတ္ထိယော = အခြံအရံ မောင်းမ မိဿံတို့သည်။ အဟေသုံ = ဖြစ်ကုန်ပြီ။

**အယံ သာမာဝတိယာ ဥပ္ပတ္တိ။**

အယံ=ဤသည်ကား။ သာမာဝတိယာ = သာမာဝတီမိဖုရား၏။ ဥပ္ပတ္တိ = အဋ္ဌုပ္ပတ်ပဲတဲ့။ ဒီမှာ အဋ္ဌကထာက တစ်ခန်းပြီးပြန်တယ်။

(ဤတွင် တစ်ညတာ တရား ရပ်နားပါသည်)

*

http:\\www.dhammadownload.com



## ဝါသုလဒတ္တာဝတ္ထု

**၁၃၃၂–ခုနှစ်၊ သာသနာတော် ၂၅၁၄ – ခု၊ နတ်တော် လပြည့်ကျော် ၆–ရက်၊ နေ့ည၊ မန္တလေးမြို့ တရုတ်တန်း ရပ်ကွက်နေ ဒါယကာ၊ ဒါယိကာမ ကြီးငယ်တစ်စုတို့၏ ၇– ကြိမ်မြောက် တရားပွဲ၌ ဟောကြားအပ်သော ၄– ကြိမ်မြောက် သာမာဝတီဝတ္ထု တရားတော်။**

သာမာဝတီဝတ္ထုကလည်း ခြောက်ခါလောက် ဟောမှ ပြီးမှာ ဖြစ်ပါတယ်။ အခု လေးခါတော့ ရောက်ပြီ။ သုံးကြိမ်ဟောခဲ့တာ။ ယမန်နေ့က သာမာဝတီအကြောင်းကို ဟောပြီးပြီ။ ဓမ္မပဒ အဋ္ဌကထာ တစ်အုပ်လုံးထဲမှာဖြင့် ဒီ သာမာဝတီဝတ္ထုရယ်၊ ဝိသာခါဝတ္ထုရယ် အလွန်ရှည်တဲ့ ကျယ်ဝန်းတဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။

ယနေ့တော့ သာမာဝတီအကြောင်းမှ တစ်ပါး ဝါသုလဒတ္တာ ဆိုတဲ့ ဥတေနမင်းတရားရဲ့ ဒုတိယမိဖုရားခေါင်ကြီး အကြောင်းပဲ။ အဋ္ဌကထာက ဆက်ပြီးတော့ ပြောပြပါတယ်။

**ဥတေနဿ ပန အပရာပိ ဝါသုလဒတ္တာ နာမ ဒေဝီ အဟောသိ စဏ္ဍပဇ္ဇောတဿ ဓီတာ။**

ပန = ထိုမှတစ်ပါး။ သာမာဝတီရဲ့ အကြောင်းအရာမှတစ်ပါး။ ဥတေနဿ =ဥတေနမင်းတရားကြီးအား။ အပရာပိ = သာမာဝတီ မိဖုရားမှ တစ်ပါးလည်းဖြစ်သော။ စဏ္ဍပဇ္ဇောတဿ =စဏ္ဍပဇ္ဇောတ မင်း၏။ ဓီတာ = သမီးတော်ဖြစ်သော။ ဝါသုလဒတ္တာ နာမ=ဝါသုလ ဒတ္တာ အမည်ရှိသော။ ဒေဝီ= မိဖုရားခေါင်သည်။ အဟောသိ=ရှိပါ၏။

ဥတေနမင်းတရားကြီးမှာ သာမာဝတီမှတစ်ပါး စဏ္ဍပဇ္ဇောတ မင်းကြီးရဲ့ သမီး "ဝါသုလဒတ္တာ" လို့ခေါ်တဲ့ မိဖုရားတစ်ပါးလည်း ရှိသတဲ့။ အဲဒီမိဖုရား၏ အကြောင်းအရာ အကျယ်ကို အခု ပြောတဲ့ အတိုင်း သိပါ။

http:\\www.dhammadownload.com



## စဏ္ဍပဇ္ဇောတမင်း ဥတေနမင်းကို ဖမ်းယူခြင်း

ဥဇ္ဇေနီပြည်မှာ စဏ္ဍပဇ္ဇောတမင်းလို့ ရှိတယ်။ သူ့ခေတ်၊ သူ့အခါတုန်းက အလွန်တန်ခိုးကြီးတဲ့မင်း။ နေရဲ့ အရှိန်အဝါလိုပဲ။ သူ့ရဲ့ တေဇာအာဏာစက်ဟာ အင်မတန် ပြင်းထန်တယ်။ အဲဒီဥဇ္ဇေနီပြည်မှာ စဏ္ဍပဇ္ဇောတမင်း မင်းပြုတော့၊ တစ်နေ့သဋ္ဌ မင်္ဂလာဥယျာဉ်ဘော် ကစားထွက်ပြီး ပြန်လာလို့ ရွှေနန်းတော်ရောက်တဲ့အခါ မင်းစည်းစိမ်ကိုကြည့်ပြီးတော့ အနားကရှိတဲ့ မင်းချင်းတွေ သူကပြောတယ်။

**အတ္ထိ နု ခေါ အညဿပိ ကဿစိ ဧဝရူပါ သမ္ပတ္တိ။**

ဘဏေ = အချင်းတို့။ အညဿပိ = ငါမှတစ်ပါးလည်းဖြစ်သော။ ကဿစိ = တစ်စုံ တစ်ယောက်သောမင်းအား၊ ဧဝရူပါ =ဤသို့သဘောရှိသော။ သမ္ပတ္တိ =ခမ်းနားကြီးကျယ်တဲ့ စည်းစိမ်သည်။ အတ္ထိ နုခေါ = ရှိသေးသလော။

အချင်းတို့ ငါမှတစ်ပါး အခြားမင်းတစ်ဦးမှာ ဤမျှ ကြီးကျယ်ခမ်းနားတဲ့ မင်းစည်းစိမ်များ ရှိသလား။ ဒီတော့ မင်းချင်းတွေက ဘာပြန်ပြောလဲ။

**ကိံ သမ္ပတ္တိ နာမေသာ။**

သော သမ္ပတ္တိ=ဤအရှင်မင်းတရားကြီးရဲ့ စည်းစိမ်သည်။ ကိံ နာမ=အဘယ်အမည်ရှိသနည်း။ အရှင်မင်းတရားကြီးရဲ့ စည်းစိမ်ဟာ ဘာမှ မပြောပလောက်ပါဘူးတဲ့။

**ကောသမ္ဗိယံ ဥတေနဿ ရညော အတိမဟတီ သမ္ပတ္တိ။**

ကောသမ္ဗိယံ = ကောသမ္ဗီပြည်၌။ ဥတေနဿ ရညော=ဥတေနမင်းတရား၏။ သမ္ပတ္တိ=စည်းစိမ်သည်။ (ဝါ)စည်းစိမ်ကား။ အတိမဟတီ = အလွန်ပင် ကြီးကျယ်လှပါ၏။

http:\\www.dhammadownload.com



အရှင်မင်းတရားကြီးရဲ့ စည်းစိမ်ဟာ ဘာပြောလောက်လို့လဲတဲ့။ ကောသမ္ဗီပြည်မှာ ဥတေနမင်းတရားရဲ့ စည်းစိမ်က သိပ်ကြီးကျယ်တာ။ ရှင်ဘုရင် မခံချင်အောင် တို့ပေးတယ်။ အဲဒီတော့ စဏ္ဍပဇ္ဇောတမင်းက မခံချင်စိတ်နဲ့ ဘာပြောလဲ။

**တေန ဟိ ဂဏှိဿာမ နံ။**

တေန ဟိ=သို့တပြီးကား။ ဝါ = ဒါဖြင့်လျှင်။ နံ =ထိုဥတေနမင်းတရားကို။ ဂဏှိဿာမ = ဖမ်းယူကြကုန်စို့။

ဒီလိုဆိုယင် ဥတေနမင်းကို ဒို့-ဖမ်းယူကြစို့လားလို့ တိုင်ပင်တယ်။ မင်းချင်းတွေက ဘယ့်နှယ်ပြောသလဲဆိုတော့-

**န သက္ကာ သော ဂဟေတုံ။**

သော =ထိုဥတေနမင်းတရားကို ဖမ်းယူခြင်းငှာ။ န သက္ကာ= မတတ်နိုင်ပါ။ ဥတေနမင်းကို ဖမ်းလို့ မဖြစ်ဘူးတဲ့။ ဖမ်းလို့ မရဘူးတဲ့။ မဖမ်းနိုင်ဘူးဘုရား။

ဒီတော့ စဏ္ဍပဇ္ဇောတမင်းက ပြောပြန်တယ် -

**ကိဉ္စိ ကတွာ ဂဏှိဿာမ ဃေဝ။**

ကိဉ္စိ = တစ်စုံတစ်ခု နည်းလမ်းကို။ ကတွာ = ပြုလုပ်ပြီးတော့။ ဂဏှိဿာမဃေဝ = ကေန်ပဲ ငါတို့ ဖမ်းယူကြကုန်အံ့။

ဘယ်လိုနည်းနဲ့မဆို တစုံတခုသော ဥပါယ်နည်းလမ်းဖြင့် နည်းလမ်းဥပါယ်ပြုပြီးတော့ ဒီဥတေနမင်းကို ဒို့ လက်ရဖမ်းမယ် ကွာတဲ့။ ရာဇမာန်ခေါ်ပါတယ်။ ဒီတော့ မင်းချင်းတွေက ဘယ့်နှယ် ပြန်ပြောလဲ။

**န သက္ကာ ဒေဝ။**

ဒေဝ = အရှင်မင်းမြတ်။ န သက္ကာ = မတတ်နိုင်ပါဘူး။

တတ်နိုင်မှာ မဟုတ်ဘူး အရှင်မင်းကြီး။ ဒီတော့ စဏ္ဍပဇ္ဇောတ မင်းက မေးတယ်။

http:\\www.dhammadownload.com



ကိံ ကာရဏာ = အဘယ်အကြောင်းကြောင့်နည်း။ ဘာ့ကြောင့် မတတ်နိုင်ရမှာလဲကွာ။ ငါသို့လျှင် နေလောက်တန်ခိုးတေဇာ အာဏာ ပြင်းတဲ့မင်းက ဥတေနမင်းလို မင်းတစ်ယောက်တော့ ဖမ်းဖို့ ဘာလို့ မတတ်နိုင်ရမှာလဲ။ မင်းချင်းတွေက ပြန်ပြောတယ်–

**သော ဟတ္ထိကန္တံ နာမ သိပ္ပံ ဇာနာတိ။**

**မန္တံ ပရိဝတ္တေတွာ ဟတ္ထိကန္တဝီဏံ ဝါဒေန္တော နာဂေ ပလာပေတိပိ ဂဏှာတိပိ။**

**ဟတ္ထိဝါဟနသမ္ပန္နော တေန သဒိသော နာမ နတ္ထိ။**

(စာသုံးပိုဒ် ပြန်ပြောတယ်)

ဒေဝ = အရှင်မင်းမြတ်။ သော = ထိုဥတေနမင်းတရားသည်။ (နယ်နယ် မမှတ်နဲ့ဘုရားတဲ့၊ ပေါ့ပေါ့မတွက်နဲ့) ဟတ္ထိကန္တံ နာမ = ဟတ္ထိကန္တ အမည်ရှိသော။ သိပ္ပံ = အတတ်ပညာကို။ ဇာနာတိ = တတ်သိ၏။

ဟတ္ထိကန္တမန္တန်ကို သူတတ်တယ်။ ဆင်ချစ်တဲ့မန္တန် ခေါ်ပါ တယ်။ ဆင်ကြောက်တာရယ်။ ဆင်ချစ်တာရယ်။ ဆင် သိပ်ကြောက် တာရယ်။ သူက မန္တန်သုံးပုဒ်ရတယ်။ (ဒို့သော် ဆင်ကြောက်တဲ့ မန္တန်ဆိုတာက စကားသုတိ နားထဲမကောင်းလို့) ဆင်ချစ်တဲ့မန္တန် သူက တတ်တယ်ဘုရားတဲ့။

မန္တံ ပရိဝတ္တေတွာ = မန္တရားကို စိပ်ပြီးသကာလ (မန္တန်စိပ်ပြီး သကာလ) ဟတ္ထိကန္တဝီဏံ = ဆင်ချစ်တဲ့စောင်းကို။ ဝါဒေန္တော = တီးလျက်။ နာဂေ = ဆင်တို့ကို။ ပလာပေတိပိ = ပြေးလဲပြေးစေနိုင်၏။ ဂဏှာတိပိ = သူအလိုရှိသလို ဖမ်းလဲဖမ်းယူနိုင်၏။

ဟတ္ထိကန္တ စောင်းတီးပြီးသကာလ၊ ဟတ္ထိကန္တမန္တန်ကို ရွတ်ဆို ပြီးပြီဆိုလျှင် ဥတေနမင်းတရားဟာ ဆင်ပြောင်တွေကို ပြေးအောင် လဲ လုပ်နိုင်တယ်။ လက်ရလဲပဲ အလွယ်နဲ့ ဖမ်းနိုင်တယ်ဘုရားတဲ့။

http:\\www.dhammadownload.com



တေန=ထိုဥတေနမင်းတရားနှင့်။ သဒိသော=တူသော။ ဟတ္ထိဝါဟန သမ္ပန္နော = ဆင်ယာဉ်နဲ့ ပြည့်စုံသောသူသည်။ နတ္ထိ = ဤဇမ္ဗူဒိပ်ကျွန်းမှာ တစ်လူမျှ မရှိပါ။

ဥတေနမင်းနဲ့တူတဲ့ ဆင်တပ် အင်အားကောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဇမ္ဗူမှာ မရှိဘူးဘုရား။

အဲဒီတော့မှ **စဏ္ဍပဇ္ဇောတမင်းက** လက်လျှော့တဲ့အသံမျိုးနဲ့ ပြောတယ်။

**န သက္ကာ ဘော ဂဟေတုံ။**

**ဘဏေ = အချင်းတို့။** မယာ = ငါသည်။ သော =ထိုဥတေနမင်းကို။ **ဂဟေတုံ** = ဖမ်းယူခြင်းငှာ။ န သက္ကာ = ဘယ်လိုနည်းနဲ့မှ မတတ်နိုင်တော့ဘူးလား။

ဘယ်လို**နည်းနဲ့မှ မတတ်နိုင်**တော့ဘူးလားကွာတို့။ ဒီတော့ ရှင်ဘုရင်က **တင်းယင် မင်းချင်း**တွေက လျှော့အောင်ပြောတယ်။ ရှင်ဘုရင်က ခပ်လျှော့လျှော့ပြောပြန်တော့ မင်းချင်းတွေက တစ်ခါ စိတ်အားတက်လာအောင် ပြောပြန်တယ်–

**သစေ တေ ဒေဝ ဧကန္တေန အယံ နိစ္ဆယော။**

ဒေဝ =အရှင်မင်းကြီး။ တေ= အရှင်မင်းကြီးအား။ ဧကန္တေန =ကေန်စင်စစ်ပင်။ အယံ နိစ္ဆယော=ဤဥတေနမင်းတရားကို ဖမ်းယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်သည်။ သစေ ဟောတိ=အကယ်၍ ဖြစ်ငြားအံ့။

အရှင်မင်းကြီး – အကယ်၍ အရှင်မင်းကြီးမှာ ဥတေနမင်းတရားကိုဖြင့် ငါ ဘယ်လိုနည်းနဲ့မဆို မရအရဖမ်းမယ်လို့ ဆုံးဖြတ်ချက်များ အကယ်၍ချမှတ်ထားခဲ့လို့ရှိယင်–

**တေန ဟိ ဒါရုဟတ္ထိ ကာရေတွာ တဿသန္တိကံ ပေသေဟိ။**

http:\\www.dhammadownload.com



တောန ဟိ = သို့တပြီးကား။ ဒါရုဟတ္ထိံ=သစ်သားဆင်ရုပ်ကို။ ကာရေတွာ=ပြုစေ၍။ တဿ = ထိုဥတေနမင်းတရား၏။ အာသန္နဋ္ဌာနံ = အနီးဖြစ်တဲ့အရပ်သို့။ ပေသေဟိ = လွှတ်ထားပါ။

ဆုံးဖြတ်ချက် ဒါလောက်ခိုင်နေယင် သစ်သားဆင်ရုပ်ကြီးလုပ်ဘုရားတဲ့။ လုပ်ပြီးတော့ ဥတေနမင်းနဲ့ နီးကပ်တဲ့နေရာမှာ အဲဒီဆင်ရုပ်ကြီးကို သွားလွှတ်ထားတဲ့။

**သော ဟတ္ထိဝါဟနံ ဝါ အဿဝါဟနံ ဝါ သုတွာ ဒူရမ္ပိ ဂစ္ဆတိ။**

သော=ထိုဥတေနမင်းတရားသည်။ ဟတ္ထိဝါဟနံ ဝါ=ဆင်ယာဉ်ကိုသော်လည်းကောင်း။ အဿဝါဟနံ ဝါ=မြင်းယာဉ်ကိုသော်လည်းကောင်း။ သုတွာ = ဤနေရာ၊ ဤဌာနမှာ ရှိတယ်လို့ သတင်းစကားကြားသိရသည်ရှိသော်။ ဒူရမ္ပိ =ဝေးစွာသောအရပ်သို့မူလည်း။ ဂစ္ဆတိ = လိုက်တတ်၏။

ဥတေနမင်းက ဆင်ဖမ်း၊မြင်းဖမ်း အင်မတန် ဝါသနာ ပြင်းထန်တယ်တဲ့။ ဘယ်တောမှာ ဆင်ရှိသတဲ့။ ဘယ်တောမှာ မြင်းရှိသတဲ့ ဆိုလို့ရှိယင် အဝေးကြီးတောင်မှ သွားပြီးတော့ သူဖမ်းတတ်တယ်။

**တတ္ထ နံ အာဂတံ ဂဟေတုံ သက္ကာ ဘဝိဿတိ။**

တတ္ထ =ထိုအရပ်ဖြစ်တဲ့ဆင်ကို လွှတ်တဲ့နေရာဌာန၌။ အာဂတံ= လာရောက်သော။ နံ = ထိုဥတေနမင်းတရားကို။ ဂဟေတုံ =ဖမ်းယူခြင်းငှာ။ သက္ကာ = တတ်ကောင်းသည်။ ဘဝိဿတိ = ဖြစ်ပါလိမ့်မည်ဘုရား။

အဲဒီဆင်ရုပ်ကြီးထားတဲ့နေရာ ဥတေနမင်းတရားက တကယ်ဆင်မှတ်ပြီးတော့ လာလိမ့်မယ်။ အဲဒီလို လာတဲ့အခါကျတော့မှ

http:\\www.dhammadownload.com



သူ့ကို အလွယ်နဲ့ ဖမ်းနိုင်ပါလိမ့်မယ်ဘုရားလို့ ပြောတော့။ စဏ္ဍပဇ္ဇောတမင်းက -

**အတ္ထေသော ဥပါယော** (စဉ်းစားတယ်)

ဧသော ဥပါယော = ဤဥတေနမင်းကို ဖမ်းနိုင်တဲ့ ဤနည်းလမ်း ဥပါယ်သည်။ အတ္ထိ = ဖြစ်နိုင်၏။

ဒီနည်းအတိုင်းဆိုယင် ဖြစ်နိုင်တယ်။ ဥတေနမင်းကို ဖမ်းယူဖို့ ဖြစ်နိုင်တယ်။ ဆိုပြီးတော့ အလွန်လှပတဲ့ ဆင်ရုပ်ကြီးတစ်ရုပ် လုပ်သတဲ့။ သေးသေးညှော်ညှော် မထင်ပါနဲ့။ အဝေးက ခပ်လှမ်းလှမ်းကများ ကြည့်ယင် တကယ့်ဆင်ကြီးပဲ။ နှာမောင်းအရှင်။ ခေါင်းက အရှင်။ နားရွက်ကအရှင်။ မျက်စိကလည်း လှုပ်ပြ။ တကယ့်အသက်ရှိတဲ့ ဆင်ကြီးလို့ထင်လောက်တဲ့ ဆင်ရုပ်ကြီးတစ်ခု လုပ်တယ်။ အဲဒီဆင်ရုပ်ကြီးအတွင်းမှာကို လူခြောက်ကျိပ်လောက် လမ်းလျှောက်နိုင်တယ် ဆိုတယ်။ အင်း - လူခြောက်ကျိပ်လောက်ကို စကြံသွားနိုင်သတဲ့။

အဲဒီဆင်ရုပ်ကြီး လုပ်ပြီးတော့ ဥတေနမင်းတရားကြီးရဲ့ နယ်ပယ်ဖြစ်တဲ့ ကောသမ္ဗီပြည် အတွင်းက ရေအိုင်ကြီးတစ်ခုနားမှာ တစ်ခါတည်း ဒီဆင်ရုပ်ကြီး သွားထားတယ်။ အထဲတည်းကလဲ လူတွေနဲ့ပေါ့။ လူပေါင်းခြောက်ဆယ် အထဲတည်းမှာပါတယ်။ အဲဒီလို ရေအိုင်ရဲ့အနီးမှာ ဒီဆင်ကြီးကို အသက်ရှိတဲ့ဆင်ပမာ သွားထားပြီးတော့။ ဒီဆင်ကြီးက ရေအိုင်နား ဟိုသွားလိုက်၊ ဒီသွားလိုက်၊ ပုံပန်းမှာ တကယ့်အသက်ရှိတဲ့ ဆင်ကြီးတစ်ကောင် ဒီအနားမှာ ကျက်စားနေတဲ့ပုံ လုပ်တယ်။

သဏ္ဌာန်လုပ်တော့ ကောသမ္ဗီပြည်က မုဆိုးတစ်ယောက်က ဒီတောထဲ ဒီဆင်ကြီး သွားတွေ့တယ်။ အရုပ်ဆင်ကြီးပေါ့။ သူ မပစ်ဝံ့ဘူး။ အင်မတန်ကြီးတဲ့ဆင်။

http:\\www.dhammadownload.com



**အယံ အမှာက်ံ ရညော အနုစ္ဆဝိကော။**

အယံ = ဤဆင်ကြီးသည်။ အမှာကံ = ငါတို့၏။ ရညော= ဥတေနမင်းတရားကြီးအား။ အနုစ္ဆဝိကော = သင့်လျော်လျောက်ပတ်တဲ့ ဆင်ကြီးပါပေ။

ရောမဆင်ကြီး။ ဒီတော့ ဒီဆင်ကြီးဟာ ငါတို့ရဲ့သခင် ဥတေနမင်းတရားအား လျော်လျောက်ပတ်တဲ့ ဆင်ကြီးပဲ။ ဆိုပြီးတော့ ကောသမ္ဗီပြည် ပြန်သွားတယ်။ ဥတေနမင်းတရား ထံမှောက် ဝင်ရောက်ပြီးသကာလ ဘာပြောသလဲ

**ဒေဝ မယာ သဗ္ဗသေတော ကေလာသကူဋပဋိဘာဂေါ**

**တုမှာကညော၀ အနုစ္ဆဝိကော ဝရဝါရဏော ဒိဋ္ဌော။**

ဒေဝ= အရှင်မင်းမြတ်။ မယာ = အကျွန်ုပ်သည်။ သဗ္ဗသေတော = တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော (ဆင်ဖြူကြီး၊ ဆင်ဖြူတော်ကြီး ဘုရား)။ ကေလာသကူဋပဋိဘာဂေါ = ကေလာသငွေတောင်အထွတ်နှင့် တူပေသော။ တုမှာကညော၀=အရှင်မင်းကြီးတို့ အားသာလျှင်။ အနုစ္ဆဝိကော = သင့်လျော်လျောက်ပတ်သော။ ဝရဝါရဏော = မြတ်သောဆင်ကြီးကို။ ဒိဋ္ဌော = မြင်အပ်ခဲ့ပါသည်ဘုရား – လို့။

ဥတေနမင်းကြီး ထွက်ပြီးလိုက်ချင်လောက်အောင်ကို တစ်ခါတည်း သူက ချီးကျူးဖွဲ့နွဲ့ လျှောက်ထားတော့ ဥတေနမင်းကလဲပဲ မန္တန်ရှင် – စောင်းရှင်ဆိုတော့။ ဆင်ဖမ်း အင်မတန် ဝါသနာကြီးတယ်။ မှဆိုးပြောတယ်ဆိုယင်ပဲ "ကိုင်း – မင်း ခရီးလမ်းညွှန် လုပ်ပေတော့" လို့ မှဆိုးကို ခရီးလမ်းညွှန်ထားပြီး များစွာသော စစ်သည်ဗိုလ်ပါတို့နှင့် ဆင်ဖမ်းထွက်တယ်။

ဥတေနမင်း ထွက်လာပြီဆိုတဲ့ သတင်းစကား သူလျှိုများကြားတော့ စဏ္ဍပဇ္ဇောတမင်းထံ တစ်ခါတည်း၊ တိတ်တဆိတ်

http:\\www.dhammadownload.com



သွားပြီးတော့ အကြောင်းကြားတယ်။ ဥတေနမင်း ထွက်လာပြီ။ စဏ္ဍပဇ္ဇောတမင်းက ထွက်ပြီးတော့ ဘာစီမံလိုက်သလဲဆိုတော့ အလယ်ခေါင်က ဆင်ပြေးမယ့်လမ်းမှာ ဟာလာဟင်းလင်း ထားပြီးတော့ ဆိုကြပါစို့။ အလယ်ခေါင် ဆင်ပြေးတဲ့လမ်းမှာ နှစ်မိုင်လောက် ဟာလာဟင်းလင်း ထားပြီး လက်ဝဲ၊ လက်ယာကနေပြီးတော့ စစ်တပ်ကြီးကို တစ်ခါတည်း ချထားတယ်။ တပ်ပုန်းချထားတယ်။ လက်ဝဲကတပ်ကြီး။ လက်ျာကတပ်ကြီး။ အဲဒီလို တပ်ပုန်းချပြီးတော့ အသင့်စောင့်နေတယ်။

ဥတေနမင်းကလဲပဲ မှုဆိုးနဲ့ လမ်းပြလုပ်ပြီးတော့ မြောက်မြားစွာသော စစ်သည်ဗိုလ်ပါတို့နဲ့ ထွက်လာပြီး ရေအိုင်နားကဆင်ကြီးကို ဟတ္ထိကန္တ ဆင်ချစ်တဲ့မန္တန်ကို မန်းတယ်။ ဆင်ချစ်တဲ့ စောင်းညှို့ကို တီးပြီးတော့ ခေါ်သော်လဲပဲ တကယ့်ဆင်မှမဟုတ်ပဲ၊ အရုပ်ဆင်ဆိုတော့ ဆင်ကြီးက ပြေးတယ်။ ဆင်ဖြူကြီး။

ဆင်ကြီးကပြေးတော့ ရာဇမာန်နဲ့ ဆင်နဲ့ပဲလိုက်တယ်။ အထဲတည်းမှာ လူပေါင်း ခြောက်ဆယ်ဆိုတော့ ဆင်ခြေထောက် တစ်ခုတစ်ခုလျှင် လူဆယ့်ငါးယောက်ဆိုတော့ အရုပ်ဆင်ကို အသက်ရှိဆင်က မှီအောင် မလိုက်နိုင်ဘူးတဲ့။ မလိုက်နိုင်တော့မှ ဥတေနမင်းတရားက မြင်းစီးပြီးတော့ ဒီဆင်နောက် တစ်ခါတည်းလိုက်တယ်။ ဆင်ကြီးက ရှေ့ကနေပြေး။ ဥတေနက နောက်က မြင်းစီးလိုက်တော့ သူ့ရဲ့စစ်သည်ဗိုလ်ပါတွေနဲ့ သူနဲ့ကွဲပြီးတော့ ကျန်ရစ်ရောတဲ့။

ဒီဆင်ဖမ်းတာနဲ့ စစ်သည်ဗိုလ်ပါတွေ နောက်မှာ ကျန်ရစ်ခဲ့ပြီးတော့ သူတစ်ဦးတည်း တပ်ကျွံလာတော့မှ သူ့ကိုဝိုင်းဖမ်းတာ။ အဲဒီ တပ်ပုန်းချထားတဲ့ တပ်ကြီးက ဥတေနမင်းတရား ဖမ်းသွားတယ်ဆိုယင်ပဲ သူ့ရဲ့စစ်တပ်ကြီးက ကောသမ္ဗီပြည်ကို ပြန် မြို့ထဲမဝင်ဝံ့ဘူး။

http:\\www.dhammadownload.com



မြို့ရဲ့ အပြင်ဘက်မှာ ခန္ဓဝါရခေါ်တဲ့ ယာယီတဲနန်း ဆောက်လုပ်ပြီးတော့ နေကြတယ်။ ရှင်ဘုရင် မလာမချင်း မြို့တွင်း မပင်ကြသေးဘူး။ မဝင်ဝံ့ဘူး။ မြို့ပြင်ကနေ စောင့်ပြီးတော့ ဥတေနမင်းကြီး လာမယ့်အချိန် စောင့်မျှော်နေတယ်။

ဥတေနမင်းက တစ်ယောက်တည်း တပ်ကျွံသွားတော့ စဏ္ဍပဇ္ဇောတ မင်းလက်ထဲ ဖမ်းမိသွားတယ်။ ဥဇ္ဇေနီပြည်ကို ခေါ်သွားတယ်။ ဟိုရောက်တော့ ထောင်ထဲသွင်း။ အစောင့်အနေချ။ တံခါးကို ပိတ်ထားပြီးတော့ စဏ္ဍပဇ္ဇောတမင်းက အောင်သေများ သောက်နေတယ်တဲ့။ စစ်အောင်ပွဲကျင်းပတယ်။ အောင်သေသောက်တယ်လို့ ခေါ်တယ်။ တစ်ရက်မပြီးဘူး။ နှစ်ရက်မပြီးဘူး။ သုံးရက်ဆက်ပြီးတော့ တစ်ခါတည်း အောင်ပွဲကျင်းပတယ်။ အောင်သေသောက်တယ်လို့ ခေါ်တယ်။ အရက်သောက်တာပါ။

အဲဒီလိုကျင်းပနေတော့ သုံးရက်လောက်ရောက်တော့ ဥတေနက သူ့စောင့်နေတဲ့လူတွေကို

**ကဟံ ဝေါ တာတ ရာဇာ။**

တာတ = အမောင်။ ဝေါ = သင်တို့၏။ ရာဇာ=မင်းကြီးသည်။ ကဟံ = ဘယ်မှာလဲ။

မောင်ရင် - မောင်ရင်တို့ရဲ့မင်း အခု ဘယ်မှာလဲ။

ဥတေနမင်းက ပုံပန်းမယ် အရှယ်ငယ်ငယ်နဲ့တူတယ်။ တော်တော် ထက်ထက်မြက်မြက် ဒီတော့ အစောင့်လုပ်တဲ့လူက ဘာပြောသလဲ။

**ပစ္စာမိတ္တော မေ ဂဟိတောတိ ဇယပါနံ ပိဝတိ။**

မေ = ငါသည်။ ပစ္စာမိတ္တော = ရန်သူကို။ ဂဟိတော=ဖမ်းယူအပ်မိလေပြီ။ ဣတိ = ဤသို့ဆို၍။ ဇယပါနံ = အောင်သေကို။ ပိဝတိ = သောက်နေပါသည်။

http:\\www.dhammadownload.com



အောင်ပွဲခံပြီးတော့ အောင်သေသောက်နေပါတယ်ဘုရား။

ဥတေနက ဘာပြောလိုက်သလဲဆိုတော့ -

**ကာ နာမေသာ မာတုဂါမဿ ဝိယ တုမှာကံ ရညော ကိရိယာ။**

တုမှာကံ ရညော= သင်တို့မင်းကြီး၏။ ကိရိယာ = ပြုမှုပုံသည်။ မာတုဂါမဿ ကိရိယာ ဝိယ = မာတုဂါမရဲ့ ပြုမှုပုံကဲ့သို့ပါတကား။ ဧသာ = ဤအပြုအမူသည်။ ကာ နာမ = ဘယ်လိုဟာမျိုးလဲ။

အရပ်ပြော ပြောယင်တော့ "ဒါ ဘာလဲကွ၊ မင်းတို့ရဲ့မင်းကြီးရဲ့ လုပ်ပုံဟာ မာတုဂါမ = မိန်းမ လုပ်ပုံနဲ့ အင်မတန်တူတယ်။" တဲ့။ ဒီလိုပြောတာ။

**နနု ပဋိရာဇာနံ ဂဟေတွာ ဝိဿဇ္ဇေတုံ ဝါ မာရေတုံ ဝါ ဝဋ္ဋတိ။**

နနု= စင်စစ်ကေန် အမှန်တကယ်ဆိုတော့။ ပဋိရာဇာနံ = ထိးပြိုင်ဖြစ်တဲ့ မင်းမျိုးကို။ ဂဟေတွာ=ဖမ်းယူပြီးလျှင်။ ဝိဿဇ္ဇေတုံ ဝါ = လွှတ်ခြင်းငှာ သော်လည်းကောင်း။ မာရေတုံဝါ = မကျေနပ်လျှင သတ်ခြင်းငှာ သော်လည်းကောင်း။ ဝဋ္ဋတိ = သင့်၏။

ဘာလဲကွာတဲ့။ တကယ်ဆိုတော့ ထီး ပြိုင်၊ နန်းပြိုင်ဖြစ်တဲ့ တစ်ဘက်မင်းကို ဖမ်းယူပြီးလျှင် ကျေနပ်ယင် လွှတ်လိုက်ဖို့ ကောင်းတယ်။ မကျေနပ်ယင် သတ်ဖို့ကောင်းသကွာတဲ့။

ဣဒါနိ = ယခုမှာတော့။ အမှေ = ငါတို့ကို။ ဒုက္ခံ=ဆင်းဆင်းရဲရဲ။ နိသီဒါပေတွာ = နေစေပြီးတော့။ ဇယပါနံ = အောင်သေကို။ ပိဝတိ ကိရ = သောက်သတဲ့။

အခုတော့ကွာတဲ့။ တို့တော့ ဆင်းဆင်းရဲရဲ ကြပ်ကြပ်တည်းတည်း ထိုင်နေစေပြီးတော့ အောင်သေများ သောက်သတဲ့။ မင်းတို့

http:\\www.dhammadownload.com



ရှင်ဘုရင်ရဲ့ လုပ်ပုံဟာ မိန်းမလုပ်ပုံနဲ့ အင်မတန်တူတယ်။ ဘာလဲကွ။ မခံချင်အောင် ပြောတယ်။ ဒီတော့ အစောင့်လုပ်တဲ့သူက စဏ္ဍပဇ္ဇောတမင်းကြီးဆီ သွားပြီးတော့ "ဥတေနက ဒီလိုပြောနေပါတယ် ဘုရား" ဆိုတော့ စဏ္ဍပဇ္ဇောတမင်းကြီးက လာတယ်။ ဥတေနရှေ့က လာပြီးတော့ -

**သစ္စံ ကိရ တွံ ဧဝံ ဝဒသိ။**

တွံ=သင်သည်။ ဧဝံ =ဤသို့။ ဝဒသိ = ပြောဆိုတယ် ဆိုတာ သစ္စံ ကိရ=မှန်သလားတဲ့။ သင် ဒီလိုပြောတယ်ဆိုတာ မှန်သလားတဲ့။

ဥတေနက ပြန်ပြောတယ်။

**အာမ မဟာရာဇ။** မဟာရာဇ = မြတ်သောမင်းကြီး။ အာမ= အိမ်း - မှန်၏။ မှန်တယ်မင်းကြီးတဲ့။

ဒီတော့ စဏ္ဍပဇ္ဇောတမင်းက ပြန်ပြောတယ်။

**သာဓု တံ ဝိဿဇ္ဇေဿာမိ။**

သာဓု = ကောင်းပြီ။ တံ = သင့်ကို။ ဝိဿဇ္ဇေဿာမိ=လွှတ်မယ်။ ကောင်းပြီ၊ ဒီလိုဆိုယင် မင့်ကိုလွှတ်မယ်။

**ဧဝရူပေါ ကိရ တေ မန္တော အတ္ထိ ၊ တံ မယှံ ဒဿသိ။**

တေ = သင့်အား (ဝါ) သင်၏အထံ၌။ ဧဝရူပေါ = ဤသို့ သဘောရှိသော။ မန္တော = ဟတ္ထိကန္တခေါ်တဲ့ ဆင်ချစ်တဲ့ မန္တန်သည်။ အတ္ထိ ကိရ = ရှိသတဲ့။

ဟုတ်ကဲ့လား။ ဟတ္ထိကန္တမန္တန် ဆင်ချစ်တဲ့မန္တန် မင့်မှာရှိတယ်ဆိုတာ ဟုတ်သလား။ ဟုတ်တယ်။ မယှံ = ငါ့အား။ တံ = ထိုမန္တန်ကို။ ဒဿသိ = မင်းပေးနိုင်ပါ့မလား။ ငါ့ကို ပေးနိုင်မလားကွတဲ့။

ဥတေနမင်းက ပြောတယ်။ သာဓု ဒဿာမိ = ကောင်းပြီ ပေးပါ့မယ်။

http:\\www.dhammadownload.com



**ဂဟဏသမယေ မံ ဝန္ဒိတွာ တံ ဂဏှာဟိ။**

ဂဟဏသမယေ = ဒီမန္တန်ကို သင်ယူတဲ့အခါ၌။ မံ = ငါ့ကို။ ဝန္ဒိတွာ = ရှိခိုးပြီးမှ။ တံ = ထိုမန္တန်ကို။ ဂဏှာဟိ = ယူလော့။

ပြန်ပြီး အကြပ်ကိုင်တယ်။ ကောင်းပြီ ပေးမယ်။ သို့သော်လဲပဲ ဒီမန္တန်ကို သင်ယူတဲ့အခါ အသင်မင်းကြီးက ကျွန်ုပ်ကို ရှိခိုးရမယ်တဲ့။ ရှိခိုးပြီးမှ ဒီမန္တန်ကို သင်ယူရမယ်။

**ကိံ ပန တွံ ဝန္ဒိဿသိ။**

တွံ = သင်သည်။ ဝန္ဒိဿသိ ကိံ ပန = ရှိခိုးနိုင်ပါ့မလားတဲ့။ ဘယ့်နှယ်လဲ။ ခင်ဗျား ကျုပ်ကို ရှိခိုးနိုင်ပါ့မလား။ တစ်ယောက် တစ်ယောက်ပေါ့လေ တင်ကြတယ်။

ဒီတော့ စဏ္ဍပဇ္ဇောတမင်းကလဲပဲ သူက မင်းထက်ပဲ။ ဥတေန ကလဲပဲ– မင်းထက်ပဲ။ အဲဒီလို မင်းထက်ချင်း တွေ့တော့ စဏ္ဍပဇ္ဇောတ က ဘာပြောလဲ။

**ကျှာဟံ တံ ဝန္ဒိဿာမိ ၊ န ဝန္ဒိဿာမိ။**

ငါ မင်းကို ဘယ်ရှိခိုးနိုင်မှာလဲကွတဲ့။ ရှိမခိုးနိုင်ဘူး။

ဒီတော့ ဥတေနကလည်း ပြန်ပြောတယ်။

**အဟမ္ပိ တေ န ဒဿာမိ။**

အဟမ္ပိ = ငါကလဲပဲ။ တေ = သင့်အား။ န ဒဿာမိ = ရှိမခိုးယင်ဖြင့် ဘယ်လိုနည်းနဲ့မှ ဆင်ချစ်တဲ့မန္တန်ကို မပေးနိုင်ဘူး။

မင်းကြီးကမှ ကျုပ်ကို ရှိမခိုးနိုင်ယင် ကျုပ်ကလဲ ဘယ်လိုနည်းနဲ့မှ ဒီဆင်ချစ်တဲ့ မန္တန်ကို မပေးနိုင်ဘူး။

စဏ္ဍပဇ္ဇောက ခြိမ်းခြောက်တယ်။

**ဧဝံ သန္တေ ရာဇာဏံ တေ ကရိဿာမိ။**

http:\\www.dhammadownload.com



ဓဝံ သန္ဓေ=ဤသို့ သင်က ငြင်းဆန်နေလို့ရှိယင်။ တေ = သင့်အား။ ရာဇာဏာ=မင်းရဲ့အာဏာကို။ ကရိဿာမိ=ပြုရပေလိမ့်မယ်။

ဟာ မင်း ဒီလိုအာဏာဆန်နေလို့ရှိယင် မင်းကို ငါ မင်း အာဏာနဲ့ လုပ်ရလိမ့်မယ်။

ဥတေနက ပြန်ပြောတယ်။

**ကရောဟိ သရီရဿ မေ ဣဿရော၊ န ပန စိတ္တဿ။**

ကရောဟိ=မင်းရဲ့အာဏာ ပြုချင်ပြုပါလေ။ (ခင်ဗျား အာဏာ အတိုင်း လုပ်ချင်ယင်လုပ်ပေါ့။ ) မေ=အကျွန်ုပ်အပေါ်၌။ သရီရဿ = ကိုယ်ကို။ တွံ = သင်သည်။ ဣဿရော = အစိုးရ၏။ စိတ္တဿ ပန = စိတ်ကိုကား။ န ဣဿရော = အစိုးမရဘူး။

ခင်ဗျား အာဏာနဲ့လုပ်ချင်ယင် လုပ်တာပေါ့။ ဒါပေမယ့်လို့ ကျွန်ုပ်ရဲ့ကိုယ်ကိုသာ အစိုးရတာတဲ့။ ကျွန်ုပ်ရဲ့စိတ်ကို အစိုးမရပါဘူး။ အဲဒီလို ရဲရဲတောက် ကြုံးဝါးတဲ့စကားကို ကြားတော့ ဒီကောင် ဒီလို ခြိမ်းခြောက်လို့လဲ ရမှာမဟုတ်ဘူး။

**ကထံ နုခေါ ဣမံ မန္တံ ဂဏှိဿာမိ။**

(စဏ္ဍပဇ္ဇောတမင်းက စဉ်းစားတယ်။) ကထံနုခေါ=ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ဣမံ မန္တံ = ဤဥတေနမင်းဆီမှာရှိတဲ့ မန္တန်ကို။ ဂဏှိဿာမိ =ရယူရပါ့မလဲ။ ဘယ်လိုနည်းနဲ့များ သင်းဆီက မန္တန်ကိုရအောင် လုပ်ရပါ့မလဲ။ အဲဒီလို စဉ်းစားတော့ ဆက်ပြီး အကြံဖြစ်တယ်။

## ဝါသုလဒတ္တာကို မန္တန်သင်ယူစေခြင်း

**ဣမံ မန္တံ အညံ ဇာနာပေတုံ န သက္ကာ။**

http:\\www.dhammadownload.com



ဣမံ မန္တံ=ဤ ဥတေနဆိက မန္တန်ကို။ အညံ = သူတစ်ပါးကို။ ဇာနာပေတုံ= သိစေခြင်းငှာ။ န သက္ကာ=မတတ်ကောင်း။

ဥတေနရဲ့ မန္တန်ကို သူတစ်ပါးကို အသိပေးဖို့ မသင့်တော်ဘူးတဲ့။

မမ ဓိတရံ=ငါရဲ့သမီးတော်ဖြစ်တဲ့ ဝါသုလဒတ္တာကို။ တဿ သန္တိကေ = သူ၏အထံ၌။ ဥဂ္ဂဏှာပေတွာ = သင်စေပြီးမှ။ အဟံ= ငါသည်။ တဿာ=ထိုသမီးတော်၏။ သန္တိကေ=အထံမှ။ ဂဏှိဿာမိ = သင်ယူပေအံ့။

သူတကာလဲ အသင်ခိုင်းလို့ မတော်ဘူး။ ဒီတော့ ငါရဲ့သမီးတော် ဝါသုလဒတ္တာကို သူ့ထံမှ ဆင်ချစ်တဲ့မန္တန်ကို အသင်ခိုင်းပြီး သမီးတော် အထံက ငါ တစ်ဆင့် သင်ယူမယ်ဟဲ့ဆိုပြီးတော့။

**အညဿ ဝန္ဒိတွာ ဂဏှန္တဿ ဒဿသိ။**

အညဿ = ငါမှ တပါးသောသူကို။ ဝန္ဒိတွာ = ရှိခိုးစေ၍။ ဂဏှန္တဿ = သင်ယူသောသူအား။ ဒဿသိ = ပေးမလား။

အေး ဥတေန။ ငါကတော့ မင်းကို ရှိမခိုးနိုင်ဘူး။ ငါ့အပြင် အခြားမင်းကို ရှိခိုးတဲ့ပုဂ္ဂိုလ်အား မင်းပေးနိုင်မလားတဲ့ အဲဒီမန္တန်။

ဒီတော့ ဥတေနကလဲ ရဲရဲတောက် ပြန်ပြောတယ်။ အာမ မဟာရာဇ=မင်းကြီး၊ အိမ်း – ပေးနိုင်တယ်။

တေနဟိ = ထိုသို့တပြီးကား။ အမှာကံ = ငါတို့၏။ ဃရေ= နန်းတော်၌။ ဧကာ ခုဇ္ဇာ = ခါးကုန်းမ တစ်ယောက်သည်။ အတ္ထိ= ရှိပေ၏။

အေး ဒါဖြင့် နန်းတော်မှာ ခါးကုန်းမ တစ်ယောက် ရှိတယ် ကွာတဲ့။

တဿာ = ထိုခါးကုန်းမအား။ အန္တောသာဏိယံ = တင်းတိမ် ကန့်လန့်ကာအတွင်း၌၊ ဝန္ဒိတွာ = ရှိခိုး၍။ နိသိန္နာယ =နေသည်ရှိသော်။

http:\\www.dhammadownload.com



တွံ=သင်သည်။ ဗဟိသာဏိယံ =တင်းတိမ် ကန့်လန့်ကာ အပြင်ဘက်၌။ ဌိတော၀ = ရပ်တည်လျက်သာလျှင်။ မန္တံ = မန္တန်ကို။ ဝါစေဟိ = ချပေးနိုင်မလား။

အေး--အဲဒီ ခုဇ္ဇာဆိုတဲ့ ကျွန်မဟာ တင်းတိမ်ကန့်လန့်ကာ အတွင်းကနေပြီးတော့ သင့်ကို ရှိခိုးပြီးတော့ ထိုင်နေလိမ့်မယ်။ အဲဒ်သူအား မင်းက တင်းတိမ် ကန့်လန့်ကာ အပြင်ဘက်က နေပြီးတော့ ဆင်ချစ်တဲ့ မန္တန်ကို မင်းချပေးနိုင်မလားတဲ့။

ဥတေနက ဘာပြောလဲ။

**ခုဇ္ဇာ ၀ါ ဟောတု ပီဌသပ္ပိ ၀ါ။**

ခုဇ္ဇာ ဝါ=ခါးကုန်းတဲ့မိန်းမပဲ ဖြစ်ဖြစ်။ ပီဌသပ္ပိဝါ= မသွားနိုင်ဘဲ ခုံကလေး လှည်းလေးနဲ့ တွန်းပေးရတဲ့ အဆွံ့ပဲ့ဖြစ်ဖြစ်တဲ့၊ (ပီဌသပ္ပိ ဝါ ဟောတု= အဆွံ့ပဲ့ဖြစ်ပစေ။ ခုဇ္ဇာ ဝါ ဟောတု=ခါးကုန်းတဲ့ မိန်းမပဲ ဖြစ်ပစေ။) ဝန္ဒန္တိယာ=ငါ့အား ရှိခိုးတဲ့မိန်းမအား။ ဒဿာမိ =ငါပေးမယ်။ မန္တန်ပေးမှာပဲတဲ့။ ခါးကုန်းတဲ့ မိန်းမပဲဖြစ်ဖြစ်၊ အေး-- ကုန်ကုန်ပြောမယ်။ မသွားနိုင်လို့ လှည်းလေး၊ အင်းပျဉ်လေးပေါ် တင်ပြီးတော့ တွန်းပြီးတော့ သွားရတဲ့ မိန်းမပဲဖြစ်ဖြစ်တဲ့၊ ငါ့အား-ရှိခိုးရင် အဲဒီမိန်းမအား ငါပေးမယ်။

စဏ္ဍပဇ္ဇောတက အာမခံချက်ရတယ်။ ရတော့မှ အေး – ဒါဖြင့်ယင် ငါ စီမံမယ်ကွာ။ ရွှေနန်းတော်သွားတယ်။ သမီးတော်နဲ့ သားအဖနှစ်ယောက် တိုင်ပင်တယ်။ ဘယ်လိုတိုင်ပင်လဲ။

**အမ္မ ဧကော သင်္ခကုဋ္ဌိ အနဂ္ဃမန္တံ ဇာနာတိ။**

အမ္မ = သမီး။ ဧကော = တစ်ယောက်သော။ သင်္ခကုဋ္ဌိ = ခရုသင်းရောဂါ စွဲနေတဲ့ နူနာသည်သည်။ အနဂ္ဃမန္တံ = အဖိုးမဖြတ်နိုင်တဲ့ မန္တန်ကို။ ဇာနာတိ = တတ်သိ၏။

http:\\www.dhammadownload.com



သမီးရယ် ခရုသင်းတွေ စွဲနေတဲ့ ရောဂါကြီးသည် တစ်ယောက် အဖိုးမဖြတ်နိုင်တဲ့ မန္တန်တက်တယ်ကွဲ့။ အဲဒါ ဘာပြုတုန်း။

တွံ=ချစ်သမီးသည်။ အန္တောသာဏိယံ =တင်းတိမ် ကန့်လန့်ကာ ၏ အတွင်းဘက်၌။ နိသီဒိတွာ = နေထိုင်၍။ တံ = ထိုခရုသင်း ရောဂါသည်ကို။ ဝန္ဒိတွာ = ရှိခိုး၍။ မန္တံ = မန္တန်ကို။ ဂဏှ=သင်ယူ ပါလေ။ သော = ထိုလူနူသည်။ ဗဟိသာဏိယံ=တင်းတိမ်ကန့်လန့်ကာ ပြင်ဘက်၌။ ဌတွာ = နေ၍။ တုယှံ = သင်သမီးတော်အား။ ဝါ စေဿတိ = ပို့ချသင်ကြားပေးလိမ့်မယ်။ အဟံ = ငါသည်။ တဝ= သင်ချစ်သမီး၏။ သန္တိကာ=အထံမှ။ တံ = ထိုမန္တန်ကို။ ဂဏှိဿာမိ = သင်ယူပေအံ့။

ချစ်သမီး– လူက ခရုသင်းရောဂါ အနာကြီးသည်။ သူက တတ်ထားလိုက်တာကလည်း အဖိုးမဖြတ်နိုင်တဲ့ မန္တန်တဲ့။ အဲဒီတော့ သမီးသူ့ကိုလဲ မမြင်ရဘူး။ သူနဲ့လည်း မနီးရပါဘူးတဲ့။ ဒီတော့ ကန့်လန့်ကာ ကာခြားထားတယ်။ တင်းတိမ် ကန့်လန့်ကာ ခြားထား တယ်။ သူက ရှိခိုးတဲ့ လူမှ မန္တန်ပေးမယ် ပြောတယ်။ ဒီတော့ သမီး က ကန့်လန့်ကာ ဒီဘက်ကနေပြီးတော့ ရှိခိုး ထိုင်ပြီးတော့။ အဲ သူက ရပ်ပြီးတော့ သင်ပေးတဲ့ မန္တန်ကို သမီးသင်ပါ။ သမီးတော် သင်ပြီးတဲ့ အခါကျမှ သမီးတော်ထံမှ ခမည်းတော် သင်ယူပါမယ်။ ဆိုတော့ ဝါသုလဒတ္တာ သမီးတော်ကလဲပဲ ဖခင်ရဲ့စကား မငြင်း သာတော့ဘဲ ဒါလက်ခံလိုက်တယ်။

အဲဆိုကြပါစို့၊ ရွှေနန်းတော် တစ်နေရာမှာပေါ့။ ကန့်လန့်ကာ ကြီးကာ။ ဝါသုလဒတ္တာမင်းသမီးကို ကန့်လန့်ကာ တစ်ဖက်ကထား၊ ဥတေနမင်းကို ကန့်လန့်ကာ တစ်ဖက်က ထားပြီးတော့။ သည့်ပြင်လူ တွေလဲ ကြားမှာကိုလဲ စိုးရတယ်။ ကြားမှာလဲ စိုးရတော့၊ ကဲလေ

http:\\www.dhammadownload.com



ဂါ သုလဒတ္တာနဲ့ ဥတေနမင်းတို့လောက်ပဲ ဒီအခန်းက ရှိ တယ်။ ဒီပြင်လူတွေလည်း အဝေးသွား ဆိုပြီးတော့ အကုန်နှင်ထုတ် ထားတယ်။ ဒီပြင်လူတွေ ဒီမန္တန်တတ်သွားမှာ စိုးသေးတယ်။

အဲဒီမှာ ဥတေနက ကန့်လန့်ကာ ပြင်ဘက်က နေပြီးတော့ ဆင်ချစ်တဲ့ မန္တန်ကို ချပေးတယ်။ ဝါသုလဒတ္တာ အထဲတည်းက နေပြီ တော့ ကန့်လန့်ကာ အတွင်းထဲက နေပြီးတော့ ဆင်ချစ်တဲ့မန္တန် သင်တယ်။

တစ်ခေါက်ချလည်း မရဘူး။ နောက်တစ်ခေါက် သင်ပေးလို့ လည်း မရ။ အခေါက် ခေါက်သင်ပေးလို့မရတော့ ဥတေနက လှထက်ဆိုတော့ -

အရေ ခုဇ္ဇေ = ဟယ်ခါးကုန်းမကြီး။ တေ = သင်၏။ မုခံ= ခံတွင်းသည်။ အတိဗလောဋ္ဌကပေါလံ = အလွန်ထူတဲ့ နှုတ်ခမ်းသား ရှိစွတကား။ ဇဝံ နာမ ဝဒေဟိ = ဤလိုဆို။

ဟဲ့ - အကုန်းမကြီး။ (စဏ္ဍပဇ္ဇောတမင်း ပြောတဲ့အတိုင်း) ဟယ် - ကုန်းမကြီး၊ နင့်ပါးစပ်က ခံတွင်းက ထူလှချည်လား။ နှုတ် ပါးစောင်ကြီးက ထူလှချည်လား။ ဟောဒီလိုဆို-ဆိုပြီးတော့ တစ်ခါ တည်း ချလိုက်ပြန်။ သူ အဲဒီလို ဆိုလိုက်တော့ ဝါသုလဒတ္တာ မင်းသမီးကလည်း သူ့ကို အကုန်းမကြီး၊ ခုဇ္ဇာကြီးလို့ ဆိုရမလားဆိုပြီး စိတ်ဆိုးပြီးတော့

**အရေ ဒုဋ္ဌသခ်ကုဋ္ဌိ ကိံ ဝဒေသိ။**

အရေ ဒုဋ္ဌသခ်ကုဋ္ဌိ =ဟယ် ခရုသင်းစွဲ ကုဋ္ဌနာရှိတဲ့ လူပျက်ကြီး။ ကိံ ဝဒေသိ = ဘယ့်နှယ်ပြောလိုက်တာလဲ။

(ဓာတ်ရုပ်တွေ ပေါ်ကုန်တော့မယ်)။

**ကိံ မာဒိသာ ခုဇ္ဇာ နာမ ဟောတိ။**

http:\\www.dhammadownload.com



မာဒိသာ = ငါကဲ့သို့သော အမျိုးကောင်းသမီးသည်။ ခုဇ္ဇာ
နာမ= ကုန်းသောသူသည်။(ဝါ)ခုဇ္ဇာ= ကျွန်မသည်။ ကိံ ဟောတိ
=အဘယ် မှာလျှင် ဖြစ်နိုင်အံ့နည်း။

ရော - ဒီကလဲပဲ ခုဇ္ဇာလို့ လှမ်းပြောတယ်။ ဟိုကလဲပဲ
ပြန်ပြောလိုက်တာက – အရေ ဒုဋ္ဌသခ်ကုဋ္ဌိ = တကတဲ ကုဋ္ဌနူနာရှိတဲ့
ဟဲ့လူပျက်တဲ့။ ဥတေနက စဉ်းစားတယ်။ အမှုတော့ တယ်မမှန်ဘူး
ဆိုပြီးတော့ ကန့်လန့်ကာ လှပ်ကြည့်လိုက်တယ်။ တကယ့် ဝါသုလ
ဒတ္တာ မင်းသမီးကို တွေ့တယ်။ ဇာတိတွေ ပေါ်ကုန်ပြီ။

### ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့ ချစ်ကျွမ်းဝင်ကြခြင်း

**ကာသိတွံ (ဥတေနက)**

တွံ=သင်သည်။ ကာ= အဘယ်သူမသည်။ အသိ = ဖြစ်သနည်း။

**ရညော ဓိတာ ဝါသုလဒတ္တာ နာမာ + ဟံ။**

အဟံ=အကျွန်ုပ်သည်။ ဝါသုလဒတ္တာ နာမ=ဝါသုလဒတ္တာ
အမည်ရှိသော။ ရညော=မင်းကြီး၏။ ဓိတာ=သမီးတော်သည်။ အမှိ
= ဖြစ်ပါ၏။

ကျွန်တော်မဟာ မင်းကြီးရဲ့ သမီးတော် ဝါသုလဒတ္တာတဲ့။

**ပိတာ တေ တံ မယှံ ကထေန္တော ခုဇ္ဇာတိ ကထေသိ။**

တေ = သင်၏။ ပိတာ = ခမည်းတော်သည်။ မယှံ =ငါ့အား၊
တံ = သင့်ကို။ ကထေန္တော = ပြောဆိုတုန်းကတော့။ ခုဇ္ဇာတိ= အကုန်းမ
ကြီးဟူ၍။ ကထေသိ = ပြောဆို၏။

ဟာ–သင့်ခမည်းတော်က ငါ့ကို ပြောတုန်းက သင့်ကို အကုန်း
မကြီး၊ ခုဇ္ဇာကြီးလို့ ပြောပါလားတဲ့။

ဝါသုလဒတ္တာကလည်း ပြန်ပြောတယ် –

http:\\www.dhammadownload.com



**မယှမ္ပိ ကထေန္တော တံ သခံကုဋ္ဌိ ကတ္တာ ကထေသိ။**

မယှမ္ပိ = အကျွန်ုပ်အားလည်း။ ကထေန္တော = ခမည်းတော်ကြီး ပြောတုန်းကဆိုရင်။ တံ = အသင်မင်းကြီးကို။ သခံကုဋ္ဌိ ကတ္တာ= ခရုသင်းစွဲနေတဲ့ ကုဋ္ဌရောဂါသည်ကြီး ပြု၍။ ကထေသိ = ပြောဆို ပါ၏။

ပေါက်ကုန်ကြပြီ။ ခမည်းတော်ကြီးက မန္တန်ရှင် အသင်ကို ပြောတော့ သခံကုဋ္ဌိ= ကုဋ္ဌရောဂါ ခရုသင်းနာရှိတဲ့ လူကြီးလို့ ပြောပါတယ်။ အဲဒီတော့မှ ဥတေနမင်းက ပြောတယ်။

**တေန ဟိ အမှာကံ သန္တဝကရဏဘယေန ကထိတံ ဘဝိဿတိ။**

တေန ဟိ = သို့တပြီးကား (ဝါ) ဒါဖြင့်ယင် ငါစဉ်းစားမိပြီတဲ့။ အမှာကံ = ငါတို့၏။ သန္တဝကရဏ ဘယေန = တစ်ယောက်နှင့် ဘစ်ယောက် ချစ်ခင်ရင်းနှီးမည်မှကြောက်သဖြင့်။ ကထိတံ =ပြောဆို အပ်သည်။ ဘဝိဿတိ = ဖြစ်ပေလိမ့်မယ်။

တို့နှစ်ယောက် ရင်းနှီးသွားမှာ ကြောက်လို့ သင့်ခမည်းတော်က သင့်ကိုတော့ ခုဇ္ဇာမကြီး = အကုန်းမကြီး။ ငါ့ကိုတော့ ဒုဋ္ဌကုဋ္ဌိ = ခရုသင်းနာကုဋ္ဌရောဂါရှိတဲ့ လူကြီးလို့ ပြောတာပဲ။ အဲပြည့်ရှင်မင်းကြီး ဘလဲ ဒီလိုပဲ၊ တစ်ယောက်နဲ့ တစ်ယောက် မေတ္တာရည်င် ရှိသွားမှာ ဗိုးလို့ လိမ်ပြောထားတာ။ အခုတော့ ဇာတိရုပ်တွေ ပေါ်ကုန်တော့ ျှင်ဘုရင်စိုးတဲ့ အတိုင်းပဲ နှစ်ဦးသားဟာ ဒီအခန်းထဲမှာပဲ သူတို့ မေတ္တာရည်င် ရှိကြတယ်။ မန္တန် မသင်တော့ဘူး။

အဲ နောက်တစ်နေ့ စဏ္ဍပဇ္ဇောတမင်းက မေးတယ်။ သမီးကို–

**သိပ္ပံ ဂဏှာသိ အမ္မ။**

အမ္မ = သမီး။ သိပ္ပံ = မန္တန်ကို။ ဂဏှာသိ =သင်ယူရရဲ့လား။

http:\\www.dhammadownload.com



ဝါသုလဒတ္တာက "ဂဏှာမိ တာတ"။ တာတ = ခမည်းတော်
ဘုရား။ ဂဏှာမိ = သင်ယူနေတုန်းပါ။

သမီးတော်-မန္တန်သင်ရရဲ့လား။ ခမည်းတော်သင်ယူနေတုန်းပါ

တစ်နေ့လဲဒါပဲ။ နောက်တစ်နေ့လဲ ဒါပဲ။ မရသေးဘူးကို
အဲသုံးရက်လောက် ရှိတော့ သူတို့မေတ္တာရည်ငံ ရှိပြီးလို့ တစ်ယောက်
နဲ့ တစ်ယောက် အင်မတန်မေတ္တာနယ်တွေ ကျွံပြီးတဲ့ အချိန်ကျတော့မှ
မစွန့်နိုင်တဲ့ အချိန်ရောက်တော့မှ ဥတေနကု ပြောတယ်။

ဘဒ္ဒေ = အဘယ်တဲ့။ (ဒါတစ်ယောက်နဲ့ တစ်ယောက် ဇနီး
မောင်နှံ မိဖုရားများကို ရှင်ဘုရင်ကခေါ်တဲ့ အခေါ်မျိုး) ဘဒ္ဒေ =
အဘယ်။ သာမိကေန = အရှင်သခင် လင်ဖြစ်သော ပုဂ္ဂိုလ်သည်၊
ကတ္တဗ္ဗံ နာမ = ပြုလုပ်အပ်တဲ့ ချီးမြှင့်မှုမည်သည်ကို။ မာတာပိတရော
= မိဘနှစ်ပါးတို့သည်။ ကာတုံ = ပြုခြင်းငှာ။ နေဝ သက္ကောန္တိ =
မစွမ်းနိုင်ကုန်။ ဘာတုဘဂိနိယော= မောင်နဲ့ အစ်မ၊ ညီအစ်မတို့
လည်းပဲ။ ကာတုံ = ပြုခြင်းငှာ။ နသက္ကောန္တိ = မစွမ်းနိုင်ကြကုန်၊

ဝါသုလဒတ္တာရေတဲ့- အရှင်သခင် လင်ယောက်ျား တစ်ယောက်
ချီးမြှောက် ပြုစုတဲ့ အလုပ်မျိုးကို ဘယ်လိုနည်းနဲ့မှ မိဘနှစ်ပါးက
မလုပ်နိုင်ဘူးကွတဲ့။ ဘယ်လိုနည်းနဲ့မှ မောင်တွေ၊ အစ်မတွေ၊ ညီမ
တွေကလဲ မလုပ်နိုင်ဘူးတဲ့။

**သစေ မယှံ ဇီဝိတံ ဒဿသိ။**

တွံ=သင်သည်။ မယှံ=ငါ့အား။ ဇီဝိတံ = အသက်ကို။ သစေ
ဒဿသိ = အကယ်၍ ပေးငြားအံ့။

အကယ်၍ သင် ငါ့ကို အသက်ရှင်အောင်ပေးလေ ငါ့အသက်ကို
ကယ်နိုင်မယ်ဆိုယင်။

**ပဉ္စ တေ ဣတ္ထိသတာနိ ပရိဝါရံ ဒတွာ အဂ္ဂမဟေသိဋ္ဌာနံ
ဒဿာမိ။**

http:\\www.dhammadownload.com



တေ=သင့်အား။ ပဋ္ဌ ဣတ္ထိသတာနိ=မောင်းမငါးရာတို့ကို ပရိဝါရံ ဒတွာ = အခြွေအရံအဖြစ် ပေးပြီးတော့။ အဂ္ဂမဟေသိဋ္ဌာနံ = မိဖုရားခေါင်ကြီးရဲ့ ရာထူးဌာနကို၊ ဒဿာမိ = ငါပေးမယ်။

မင်းကသာ ငါ့အသက်ကို ကယ်ကွာတဲ့။ ကယ်လို့ရှိယင်တော့ ကောသမ္ဘီပြည်ရွှေနန်းတော် ရောက်လို့ရှိယင် မောင်းမငါးရာ ပေးပြီး တော့ သင့်ကို အဂ္ဂမဟေသီမိဖုရားခေါင်ကြီး ခန့်မယ်လို့ဆိုတော့ ဝါသုလဒတ္တာ ကလဲ ဘာပြန်ပြောသလဲ။

**သစေ ဣမသ္မိံ ဝစနေ ပတိဋ္ဌာတုံ သက္ခိဿထ ဒဿာမိ ဝေါ ဇီဝိတံ။**

ဣမသ္မိံ ဝစနေ=ဤအရှင်မင်းကြီး ပြောဆိုတဲ့ စကား၌။ ပတိဋ္ဌာတုံ=တည်ခြင်းငှာ။ သစေ သက္ခိဿထ=အကယ်၍ စွမ်းနိုင်ကုန် ငြားအံ့။ ဝေါ=အရှင်မင်းကြီးတို့၏။ ဇီဝိတံ = အသက်ကို။ ဒဿာမိ = ပေးပါ့မယ်။

အခုပြောတဲ့ စကားအတိုင်းတည်နိုင်ယင်အရှင်မင်းကြီးတို့ရဲ့ အသက်ကို ကယ်ဆယ်ပါ့မယ်၊ ကယ်တင်ပါ့မယ်။

သက္ခိဿာမိ ဘဒ္ဒေ။ ဘဒ္ဒေ=အဘယ်ဝါသုလဒတ္တာ။ သက္ခိဿာမိ = ငါစွမ်းနိုင်ပါ၏။ အခုပြောတဲ့ စကားမှာ တည်ခြင်းငှာ ငါစွမ်းနိုင် ပါတယ်။ မင်းကွာ။ မင်းဆိုတဲ့ ပုဂ္ဂိုလ်ဟာ မလိမ်ပါဘူး။ မင်းမှာ သစ္စာရှိတယ်။

## ဥတေနနှင့် ဝါသုလဒတ္တာတို့ ထွက်ပြေးရန်ကြံခြင်း

ဝါသုလဒတ္တာက –

**သာဓု သာမိ။** သာမိ = အရှင်။ သာဓု = ကောင်းပါပြီ။

နှစ်ဦး ကျေနပ်ကြတယ်။ ကြံတော့မယ်တဲ့ အသက်ရှင်ရာ ရှင်ကြောင်း။ ဝါသုလဒတ္တာက ခမည်းတော်ကြီးထံ သွားတယ်။

http:\\www.dhammadownload.com



ခမည်းတော်ကြီးနေတဲ့ အဆောင်နဲ့ သူတို့နေတဲ့ အဆောင် တခြားစီ နေတယ်ပေါ့။ ဒီတော့ ခမည်းတော်ကြီးထံ ဝင်ပြီးတော့ ခစားတော့–

**ကိံ အမ္မ နိဋ္ဌိတံ သိပ္ပံ။**

အမ္မ= ချစ်သမီး။ ကိံ = ဘယ့်နှယ်လဲ။ သိပ္ပံ = အတတ်ပညာ မန္တန်သည်။ နိဋ္ဌိတံ = ပြီးပြီလား။

သမီး၊ ဘယ်နှယ်လဲ။ မန္တန် အတတ်ပညာ သင်တာပြီးပလားလို့ ဆိုတော့။

ဝါသုလဒတ္တာက –

**န တာဝ နိဋ္ဌိတံ တာတ သိပ္ပံ။**

တာတ = ခမည်းတော်ဘုရား။ သိပ္ပံ = မန္တန်အတတ်ပညာသည်။ န တာဝ နိဋ္ဌိတံ = မပြီးသေးပါဘူး ဘုရား။ မပြီးသေးပါဘူးတဲ့။ အေး–စဏ္ဍပဇ္ဇောတ ခမည်းတော်ကြီးက –

ကိံ အမ္မတဲ့။ အမ္မ=သမီး။ ကိံ= ဘာများလိုသေးသလဲ။ မန္တန် အတွက် မပြီးသေးဘူးဆိုတော့ သမီးဘာလိုသေးသလဲ။ ဆိုတော့ ဝါသုလဒတ္တာက ခမည်းတော်ကြီးကို ဘယ့်နှယ်ပြောသလဲ။

**တာတ ရတ္တိံ ကိရ တာရကသညာယ မန္တဿ ဥပစာရတ္ထာယ ဧကံ ဩသဓံ ဂဟေတဗ္ဗံ အတ္ထိ။**

(ပိပိရိရိပဲ ခမည်းတော်ကြီးကို လိမ်တော့တယ်။) တာတ= ခမည်းတော်ဘုရား။ ရတ္တိံ=ညဥ့်အခါ၌။ တာရကသညာယ=နက္ခတ် ကြယ်တာရာ တို့၏ အမှတ်ဖြင့်။ မန္တဿ ဥပစာရတ္ထာယ= မန္တန်ရဲ့ ဥပစာအလို့ငှာ။ ဂဟေတဗ္ဗံ = နှုတ်ယူသင့်တဲ့။ ဧကံဩသဓံ=ဆေးမြစ် တစ်ခုသည်။ အတ္ထိ = ရှိသတဲ့ဘုရား။

ခမည်းတော်ကြီးဘုရား– နက္ခတ်ခါးပတ်ကို ကြည့်ပြီးတော့။ နက္ခခါးပတ် အမှတ်ဖြင့် မန္တန်ရဲ့ ဥပစာပရိကံ အခြံအရံ အနေနဲ့

http:\\www.dhammadownload.com



နှုတ်ယူရမယ့် ဆေးမြစ်တစ်ခု ရှိသတဲ့ ဘုရား။ ဒါကလဲပဲ နက္ခတ်ကြုံမှ ခါးပတ်ကြုံမှ။

တသ္မာ = ထို့ကြောင့် (ဝါ) သို့ရကား။ အမှာကံ =ကျွန်ုပ်တို့ရဲ့ အဖို့ရာ။ ဝေလာယ ဝါ=အချိန်ဟုတ်သည်၌လည်းကောင်း။ အဝေလာယ ဝါ=အချိန်မဟုတ်သည်၌ လည်းကောင်း။ (အခါဟုတ်ဟုတ် မဟုတ်ဟုတ်) နိက္ခမနကာလေ=ဆေးမြစ်တူး ထွက်တဲ့အခါ၌။ ဧကံ ဝါဟနဒွေဝ=ယာဉ်တစ်ခုကို လည်းကောင်း။ ဧကံ ဒွါရဋ္ဌ =ထွက်စရာ တံခါး တစ်ခုကို လည်းကောင်း။ လဒ္ဓုံ=ရခြင်းငှာ။ ဝဋ္ဋတိ=သင့်ပါသည် ဘုရား။

ခမည်းတော်ကြီးဘုရားတဲ့။ မန္တန်က လွယ်တာမဟုတ်ဘူး။ အဲဒီမန္တန်က ဥပစာဆိုတဲ့ ပတ်ဝန်းကျင်အစီအမံတွေနဲ့ ဘုရား။ နက္ခတ်ခါးပတ် ကြုံတဲ့အချိန်မှာ ကြည့်ပြီးတော့ ဒီမန္တန်ရဲ့ ပရိကံ အစီအမံအရ အနေနဲ့ ဆေးမြစ်တစ်ခု တူးရလိမ့်အုန်းမယ် ဘုရား။ အဲဒီလို တူးရမှာဖြစ်တော့ သမီးတို့လေ အချိန်ဟုတ်ဟုတ်။ မဟုတ် ဟုတ် ထွက်နိုင်ဖို့ရန် တံခါး တစ်ပေါက်လောက် ရမှတော်မယ်။ ပြီးတော့ အချိန်မနှောင်းအောင်လဲပဲ ခမည်တော်ကြီးမှာရှိတဲ့ ယာဉ် ငါးမျိုးထဲက ယာဉ်တစ်မျိုးမျိုးလဲ ရမှာတော်မယ်။

ခမည်းတော်ကြီးက နားမလည်ဘူး။ သာဓု = ကောင်းပြီသမီး။ ဆိုလိုက်ကရော။ သူတို့ပြေးဖို့ ထွက်ဖို့ရန်အတွက် ဟောဒီတံခါးကို သူတို့ ယူတယ်။ ရှင်ဘုရင်ကြီးက အဲဒီတံခါးရဲ့တံခါးစောင့်ကို အချိန်မရွေး သူတို့ ထွက်ချင်ရင် မင်းထွက်ခွင့်ပေးလိုက်။ အမိန့်ပေးထား တယ်။ ဆေးမြစ်တူးတဲ့ ထွက်တာက ဆေးမြစ်တူးဆိုပြီး ထွက်တယ်။

http:\\www.dhammadownload.com



## စက္ကဝတ္တိမင်း၏ ယာဉ်ငါးမျိုး

စက္ကဝတ္တိမင်းမှာ ယာဉ်ငါးမျိုးရှိတယ်။

(၁) **ဘဒ္ဒဝတီ**ခေါ်တဲ့ ဆင်မယဉ်သာ။ တစ်နေ့ကို ယူဇနာ ငါးဆယ် သွားနိုင်သတဲ့။ နည်းတဲ့ဆင်မ မဟုတ်ဘူး။ (ဆယ်ယူဇနာ ဆိုရင် မိုင်ပေါင်း (၁၂၀) တစ်ရာ့နှစ်ဆယ် ရှိတယ်နော်။ မိုင်ပေါင်း ၆၀၀ သွားနိုင်သတဲ့။ ဒီဆင်မယဉ်သာ။ မိုင်ပေါင်း ၆၀၀ ဆိုတော့ ဒီကနေ ဟိုရန်ကုန်ရဲ့ တစ်ပြန် ဟိုဘက်ထက်ဝက်လောက် ရှိတယ်။ တစ်နေ့တည်း သွားနိုင်တယ်။

(၂) **ကာက**-ကျွန်တော်ကလည်းပဲ တစ်နေ့ ယူဇနာခြောက်ဆယ် သွားနိုင်ပါတ်။

(၃) **စေလကဋ္ဌိမြင်း** - (၄) **မုဉ္စကေသီမြင်း** လို့။ မြင်းယာဉ်အစုံက လဲပဲ တစ်နေ့တို ယူဇနာတစ်ရာ သွားနိုင်သတဲ့။ ဒီမြင်းနှစ်ကောင်က မိုင်ထောင့်နှစ်ရာ သွားနိုင်သတဲ့ သူတို့ တစ်နေ့ခရီး။

(၅) **နာဠာဂိရိ**ဆိုတဲ့ ဆင်က ယူဇနာတစ်ရာ့နှစ်ဆယ် သွားနိုင် တယ်တဲ့။

အဲသည်လို ယာဉ်ထူးငါးမျိုးရဲ့ သခင် စက္ကဝတ္တိဘုရင် တစ်ပါးတဲ့။ မကြားစဖူး ဒါလောက်ထူးကဲတဲ့ ယာဉ်တွေ သူရတာ ဘယ်ကောင်းမှုကြောင့်လဲ။ ဆိုတော့-သူ့ရဲ့အတိတ်ဝတ္ထု တစ်ခုရှိတယ်-

## စက္ကဝတ္တိမင်း၏ ရှေးကောင်းမှု

အတိတ်ဝတ္ထုက ဘယ်လိုလဲဆိုတော့ ဘုရားမပွင့်မီ သာသနာ ပြင်ပ တစ်ချိန်မှာ မြို့တစ်မြို့၌ (ဗာရာဏသီတော့ မဟုတ်ဘူး) မင်း တစ်ယောက် စိုးအုပ်တယ်။ အဲမြို့နာမည်က မထင်မရှားဘူး။

http:\\www.dhammadownload.com



အဲဒီမင်းရဲ့ တပည့်ရင်းပေါ့လေ လူယုံ၊ ကျွန်ယုံတစ်ယောက် ရှိတယ်။ အင်မတန် အသွားအလာ မြန်သတဲ့။ ခြေမြန်တော်ပေါ့။

တစ်နေ့သ၌ မင်းကြီးလုပ်တဲ့ ပုဂ္ဂိုလ်က မြို့ပြင်ဘက် ထွက်ပြီးတော့ ဂင်္ဂါမြစ်ထဲ သွားပြီးတော့ ရေချိုးတယ်။ ရေချိုးပြီးတော့ ပြန်လာတယ်။ အဲဒီအချိန်မှာပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ဆူကလည်းပဲ မြို့ထဲဝင်ပြီးတော့ ဆွမ်းခံလို့၊ မာရ်နတ်က အနှောင့်အယှက် ပေးထားတဲ့အတွက် မြို့သူမြို့သားတွေ တစ်ယောက်မှ ဆွမ်းမလောင်းလိုက်ဘူး၊ မေ့နေတယ်ပေါ့။ မာရ်နတ် မြားငါးစင်းတဲ့– သမ္မောဟန =လူတွေ တွေဝေနေအောင် လုပ်တာ။ ဒါသူ့ရဲ့ မြားတစ်မျိုး။ လူတွေ တွေဝေနေအောင် ပစ္စေကဗုဒ္ဓါမှန်း မသိအောင် တွေဝေနေတော့ ဘယ်သူမှ ဆွမ်းမလောင်းလိုက်ဘူး။ ပစ္စေက ဗုဒ္ဓါကိုယ်တော်ကြီးက ဆေးမြဲတိုင်းသော သပိတ်ဖြင့် မြို့ထဲက ပြင်ဘက် ထွက်လာတယ်။ မြို့တံခါးရောက်တော့ မာရ်နတ်က မေးတယ်။

**အပိ ဘန္တေ ဝေါ ကိဉ္စိ လဒ္ဓံ။**

ဘန္တေ = အရှင်ဘုရား။ ဝေါ = အရှင်ဘုရားတို့သည်။ ကိဉ္စိ= တစိုးတစိမျှသော ဆွမ်းကို။ လဒ္ဓံ အပိ = ရအပ်ပါရဲ့လား ဘုရား။

မထင်ရှားသော လူတစ်ယောက် အသွင်နဲ့ မာရ်နတ်က မေးတယ်။ အရှင်ဘုရားတဲ့။ အရှင်ဘုရားတို့မှာ တစိုးတစိ ဆွမ်းလေးများ အနည်းငယ် ရရဲ့လားတဲ့ မေးတော့

**ကိ ပန မေ တွံ အလာဘနာကာရံ ကရိ။**

(ပစ္စေကဗုဒ္ဓါကသိတယ် ဒီကောင်မာရ်နတ်။ သက်သက်မဲ့ မထင်မရှား ယောကျ်ား တစ်ယောက်အသွင်နဲ့ မေးနေတာ၊ သူ နှိပ်စက်နေတာ)

တွံ = သင်သည်။ ကိံ ပန =အဘယ့်ကြောင့်။ မေ = ငါအား။ အလာဘနာကာရံ = မရမယ့်အကြောင်းကို။ ကရိ = ပြုဘိသနည်း။

http:\\www.dhammadownload.com



မာရ်နတ်၊ မင်းဘယ့်နှယ်ကြောင့် ငါရဲ့ ဆွမ်းမရအောင်၊ မင်းဘယ့်နှယ်ကြောင့် လုပ်တာလဲ။

**တေန ဟိ နိဝတ္တိတွာ ပုန ပဝိသထ ဣဒါနိ န ကရိဿာမိ။**

ဘန္တေ=အရှင်ဘုရား။ တေန ဟိ=သို့တပြီးကား။ (ဝါ) ဒါဖြင့်ယင်။ နိဝတ္တိတွာ= ပြန်လှည့်ပြီးတော့။ ပုန ပဝိသထ= မြို့ထဲတစ်ဖန် ဝင်ကြပါအုန်း ဘုရား။ ဣဒါနိ = ယခုအခါမှာတော့။ န ကရိဿာမိ=ဆွမ်း မရအောင် တပည့်တော် မလုပ်တော့ပါဘူး။

ဒီလိုဆိုယင် ဘုရားတဲ့။ အရှင်ဘုရား. လှည့်ပြီးတော့၊ ပြန်ပြီးတော့ မြို့ထဲဝင်ပါအုန်း။ အခု တပည့်တော်နောက် ဆွမ်းမရအောင် မလုပ်တော့ပါ ဘုရား။ ပဉ္စကဗုဒ္ဓါ အရှင်မြတ်က ဘာပြောသလဲ -

**နာဟံ ပုန နိဝတ္တိဿာမိ။**

အဟံ = ငါသည်။ ပုန = တစ်ဖန်။ နနိဝတ္တိဿာမိ = မပြန်နစ်တော့ဘူး။

ပြန်မလှည့်တော့ဘူးကွတဲ့။ တကတဲအစားမင်တဲ့ ပုဂ္ဂိုလ်မှတ်လို့။ ဒီလိုပဲ မာရ်နတ်ဟာ လုပ်တယ်နော်။ ဘုရားရှင့်မကြီးကိုတောင် သူ လုပ်သေးတယ်။ အခုပဉ္စကဗုဒ္ဓါလဲ သူအနှောင့်အယှက် ပေးတယ်။ ပဉ္စကဗုဒ္ဓါကလဲ ရဲရဲတောက်ပဲ။ ငါမြို့က ထွက်လာပြီးတော့မှတော့ ပြန်ပြီး မဝင်ပါဘူးကွာတဲ့။ အစားခင်မင်တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး ဆိုပြီးတော့ ရဲရဲတောက် ပြောလိုက်တယ်။

ဒါဖြင့် မာရ်နတ်ကကော အခုပြောတာ အကောင်းလားဆိုတော့ မဟုတ်ဘူး။ ဒီတစ်ခါ ပြန်ပြီးများ ဝင်ယင်ပေါ့လေ အားလုံး မြို့သူမြို့သားတွေကိုပူး တစ်ယောက်ပြီး တစ်ယောက် သူ ဝင်ပူးပြီးတော့ ပဉ္စကဗုဒ္ဓါကို လက်ခုပ်လက်ဝါးတီးပြီး ဝိုင်းပြီးလှောင်မလို့၊ ပြောင်မလို့။ ဒီအကြံနဲ့ခိုင်းတာ။

http:\\www.dhammadownload.com



အဲဒီနောက် မာရ်နတ်က ဩော်-ငါ့အကြံအတိုင်းတော့ မဖြစ်ချေဘူးဆိုပြီး ဒီအနားလာပြီး မထင်မရှား ဒီယောက်ျားက မျက်စိအောက်တင်ကို ပျောက်သွားတယ်။ မာရ်နတ်ပေါ့လေ။ သူ့တန်ခိုးနဲ့သူကွယ်သွားတယ်။

အဲဒီမြို့ရဲ့ မင်းက ရေချိုးပြန်လာတော့ ပဉ္စကဗုဒ္ဓါနဲ့ ရင်ဆိုင်ဖြစ်နေတယ်။

**အပိ ဘန္တေ ကိဉ္စိ လဒ္ဓံ။**

ဘန္တေ =အရှင်ဘုရား ကိဉ္စိ=တစုံတခုသောဆွမ်းကို။ လဒ္ဓံအပိ = ရအပ်ပါရဲ့လား ဘုရား။

အရှင်ဘုရား တစုံတခုသော ခဲဘွယ်ဘောဇဉ်များ ရအပ်ပါရဲ့လား။

**စရိတွာ နိက္ခန္တမှိ အာဝုသော။**

အာဝုသော=ဒါယကာမင်းတရား။ မယံ= ငါတို့သည်။ စရိတွာ= မြို့ထဲသို့ လှည့်လည်၍။ နိက္ခန္တမှိ=ထွက်ခဲ့ကြပြီ။

အဲဒီလိုဖြေတယ်။ ဒကာ – ဒီမြို့ထဲမှာ ဆွမ်းခံလှည့်လည်ပြီးတော့ ထွက်ခဲ့ပါတယ်။

**အယျော မယာ ပုဋ္ဌိတံ အကထေတွာ အညံ ဝဒတိ။**

(မင်းလုပ်တဲ့သူက) အယျော=အရှင်မြတ်သည်။ မယာ ပုဋ္ဌိတံ = ငါမေးတဲ့စကားကို။ အကထေတွာ=မဖြေဆိုဘဲ။ အညံ =တစ်ပါးသော စကားကို။ ဝဒတိ = ပြောဆို၏။

**န ကိဉ္စိ လဒ္ဓံ ဘဝိဿတိ။**

တစုံတခုကိုမျှမရတာ ဖြစ်လိမ့်မယ်။ ရမှာမဟုတ်ဘူးတဲ့။ ရှင်ဘုရင်က စဉ်းစားမိတယ်။ ငါမေးတာ– အရှင်ဘုရား– တစုံတခု စားဖွယ်သောက်ဖွယ်များ ရခဲ့ရဲ့လားလို့ မေးတယ်။ ရတယ်လို့

http:\\www.dhammadownload.com



ပြောယင်လဲ ပြောဖို့၊ အခုတော့ အဲဒီလို မပြောဘဲနဲ့၊ ငါမေးတာကို မဖြေဘဲနဲ့။ တခြား ဖြေတယ်တဲ့။ ဟိုမြို့ထဲ လှည့်ပြီးတော့ ဆွမ်းခံပြီးလို့ ထွက်ခဲ့ပါပြီ။ ဒါပဲပြောတယ်။ ဆွမ်းရ - မရ မပြောဘူး။ အဲဒီတော့ ကေန်မုချပဲ ဟစ်တခု ခဲဘွယ်ဘောဇဉ်ဆွမ်းကို မရခဲ့တာ အမှန်ပဲ။ ဒါနဲ့ ပဉ္စကဗုဒ္ဓါနား လက်အုပ်ချီသွားလို့ သပိတ်ကို ကြည့်တဲ့အခါ သပိတ်ထဲ ဘာမျှ မပါတာ မြင်ရတော့ အိမ်မှာ ထမင်းကျက်မကျက်ကို မသိတဲ့အတွက် ရဲရဲရင့်ရင့် သပိတ်ကို မယူဝံ့ဘဲ။

**ထောက် ဘန္တေ အဓိဝါသေထ။**

အရှင်မြတ်ဘုရား။ အတန်ငယ် သည်းခံဆိုင်းငံ့တော်မူပါဘုရား လို့ လျှောက်ထားပြီး အိမ်ကို အမြန်ပြန်တယ်။

**အမှာက် ဘတ္တံ နိဋ္ဌိတံ။**

ငါ့အဖို့ ထမင်းအဆင်သင့် ဖြစ်ပြီလားလို့ မေးတော့။ ဖြစ်ပြီ ဆိုတာနဲ့ အဲဒီခြေမြန်တော် ကျွန်ယုံ အလုပ်အကျွေးကို -

**တာတ အညော တယာ သမ္ပန္နဝေဂတရော နာမ နတ္ထိ။**

တာတ=အမောင်။ တယာ=သင့်ထက်။ အညော=တစ်ပါးသော။ သမ္ပန္နဝေဂတရော နာမ= လျင်မြန်ခြင်းနှင့် ပြည့်စုံသူသည်။ နတ္ထိ= မရှိ။

အမောင်- သင့်ထက် လျင်မြန်စွာ သွားနိုင်တဲ့ သူ မရှိဘူး။ ဒီတော့

**သီဃေန ဇဝေန ဘဒန္တံ ပတွာ "ပတ္တံ မေ ဒေထာ" တိ ဝတွာ ပတ္တံ ဂဟေတွာ ဧဟိ။**

သီဃေန ဇဝေန=လျင်မြန်သော အဟုန်ဖြင့်။ ဘဒန္တံ =ပဉ္စက ဗုဒ္ဓါ အရှင်မြတ်ထံ။ ပတွာ=ရောက်အောင်သွား၍၊ ပတ္တံ မေ ဒေထာ တိ = တပည့်တော်အား သပိတ်ကို စွန့်တော်မူပါဟု။ ဝတွာ=လျှောက်

http:\\www.dhammadownload.com



ထား၍။ ပတ္တံ ဂဟေတွာ = သပိတ်ကိုယူ၍။ဝေဂေန ဧဟိ = အမြန် ပြန်လာခဲ့လော့။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ အမြန်သွားပြီး သပိတ်ကို တောင်း ယူချေပါ မြန်မြန် ပြန်လာခဲ့ပါခိုင်းလိုက်တယ်။

ခြေမြန်တော် ကျွန်ယုံ အလုပ်အကျွေးလဲ တစ်ခွန်းတည်းသော စကားနဲ့ပင် ပြေးသွားပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံက သပိတ်ကို တောင်းပြီး ပြန်လာခဲ့တယ်။ အစိုးရတဲ့ မင်းကလည်း မိမိစားမယ့် ထမင်းကို သပိတ်ပြည့်အောင် ထည့်ပြီး

**ဣမံ သီဃံ ဂန္တွာ အယျဿ သမ္မာဒေဟိ။ အဟံ တေ ဣတော ပတ္တိံ ဒမ္မိ။**

တာတ = အမောင်။ သီဃံ ဂန္တွာ = လျင်မြန်စွာ ပြေးသွား၍။ ဣမံ=ဤဆွမ်း အပြည့်ပါသော သပိတ်ကို။ အယျဿ = ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား။ သမ္မာဒေဟိ=လက်ရောက် ကပ်လှူချေလော့။ အဟံ =ငါသည်။ တေ =သင့်အား။ ဣတော = ဤအလှူမှ။ ပတ္တိံ=အဖို့ကို။ ဒမ္မိ = ပေးပါ၏။

အမောင်၊ ဤဆွမ်းသပိတ်ကို အမြန်ဆုံး ပြေးသွားပြီးတော့ ရှင်ပစ္စေကာ ဗုဒ္ဓါအား လက်ရောက် ဆက်ကပ်ချေပါ။ သင့်ကိုလဲ ငါအမျှဝေပါတယ်။ သလိုပြောတယ်။

## ကျွန်ယုံခြေမြန်တော်၏ ဆုတောင်း

ထိုခြေမြန်တော် ကျွန်ယုံအလုပ်အကျွေးလဲ သပိတ်ကိုယူပြီး အဟုန်နဲ့ ပြေးသွားပြီးတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား သပိတ်ကို ဆက်ကပ်ပြီး တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ ရှိခိုးပြီးတော့

http:\\www.dhammadownload.com



**ဘန္တေ ဝေလာ ဥပကဍ္ဎာတိ အဟံ အတိသီဃေန အာဂတော စ ဂတော စ။**

ဘန္တေ=အရှင်ဘုရား။ အဟံ=တပည့်တော်သည်။ ဝေလာ ဥပကဍ္ဎာတိ = မွန်းတည့်ချိန် နီးကပ်လာချေပြီဟု။ အတိသီဃေန ဇဝေန=အလွန်လျင်မြန်သော အဟုန်ဖြင့်၊ အာဂတော စ=လာခြင်းလည်း ရှိ၏။ ဂတော စ=သွားခြင်းလည်းရှိ၏။

အရှင်မြတ်ဘုရား- တပည့်တော်သည် မွန်းတည့်ချိန် နီးကပ်နေပြီ ဖြစ်သည့်အတွက် အလွန်လျင်မြန်သော အဟုန်နဲ့ အရှင်ဘုရားထံ သပိတ်ယူဖို့ရန် တစ်ခေါက်။ ဆွမ်းထည့်ပြီးသောအခါ ဆွမ်းအပြည့်နဲ့ တစ်ခေါက် လာရောက်ခဲ့ရပါသည်။ ဆွန်းချိန်မှီအောင်ဆိုပြီး သပိတ်ကို ယူပြီး သွားရသည်က တစ်ခေါက် ဖြစ်ပါသည် ဘုရား။

(က) ယာဉ်ငါးမျိုးနှင့် ပြည့်စုံရပါလို၏။

**တေဿ မေ ဇဝဿ ဖလေန ယောဇနာနံ ပဏ္ဏာသ – သဋ္ဌိ– သတဝီသသတဂမနသမတ္ထာနိ ပဉ္စ ဝါဟနာနိ နိဗ္ဗတ္တန္တု။**

မေ = တပည့်တော်၏၊ တေဿ ဇဝဿ ဖလေန = ဤသို့ လျင်မြန်စွာ ပြေးသွားပြေးလာ ပြုရသည့်အကျိုးကြောင့်။ ယောဇနာနံ ပဏ္ဏာသ=သဋ္ဌိ– သတ ဝီသသတ ဂမန သမတ္ထာနိ = ယူဇနာငါးဆယ်၊ ခြောက်ဆယ်၊ တစ်ရာ၊ တစ်ရာ့နှစ်ဆယ် ခရီးကိုသွားခြင်းငှာစွမ်းနိုင်ကုန်သော။ ပဉ္စ ဝါဟနာနိ=ယာဉ်ငါးမျိုးတို့သည်။ နိဗ္ဗတ္တန္တု = ဖြစ်ပါစေကုန်သတည်း။

အရှင်မြတ်ဘုရား- တပည့်တော် ယခုကဲ့သို့ အလွန် လျင်လျင် မြန်မြန် ပြေးလာ ပြေးသွား ပြုရသည့် အကျိုးကြောင့် ယူဇနာငါးဆယ်၊ ယူဇနာခြောက်ဆယ်၊ ယူဇနာတစ်ရာ၊ ယူဇနာ တစ်ရာ့နှစ်ဆယ်

http:\\www.dhammadownload.com



ခရီးကို သွားခြင်းမှာ စွမ်းနိုင်သော ယာဉ်ငါးမျိုးတို့ တပည့်တော်အတွက် ဖြစ်စေချင်ပါသည် ဘုရား။

ဒါက သူခုလို ပြေးလာ ပြေးသွားလုပ်ရတဲ့အတွက် ရချင်လို့ ဆုတောင်းတဲ့ ပထမဆုတောင်း၊ အေး – ဒုတိယဆုတောင်းကို ကြည့်ရအောင်။

## (ခ) နေရှိန်နှင့်တူသော အာဏာနှင့် ပြည့်စုံရပါလို၏။

**အာဂစ္ဆန္တဿ စ မေ ဂစ္ဆန္တဿ စ သရီရံ သူရိယတေဇေန တတ္တံ၊ တဿ မေ ဖလေန နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ အာဏာ သူရိယ တေဇသဒိသာ ဟောတု။**

ဘန္တေ=အရှင်မြတ်ဘုရား။ အာဂစ္ဆန္တဿ စ=လာလည်းလာရသော။ ဂစ္ဆန္တဿ စ=သွားလည်း သွားရသော။ မေ=တပည့်တော်၏။ သရီရံ = ကိုယ်သည်။ သူရိယတေဇေန = နေပူရှိန်ကြောင့်။ တတ္တံ= ပူလောင် ရပါ၏။ မေ=တပည့်တော်၏ တဿ ဖလေန = ထိုသို့ နေပူခံကာ လာရခြင်း၊ သွားရခြင်း အကျိုးအားဖြင့်။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ =ဖြစ်လေရာရာ၌။ အာဏာ=တန်ခိုးအာဏာစက်သည်။ သူရိယ တေဇသဒိသာ = နေ၏ရှိန်စော် အာနုဘော်နှင့် တူသည်။ ဟောတု= ဖြစ်ပါစေချင်၏။

အရှင်မြတ်ဘုရား– တပည့်တော် အလွန်လျင်မြန်သော အဟုန် ဖြင့် လာရခြင်း၊ သွားရခြင်း ရှိပါ၏။ တပည့်တော်၏ ကိုယ်ခန္ဓာသည် နေပူရှိန်ကြောင့် ပူလောင်ပါ၏။ ဤအကျိုးဆက်ကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ နေရှိန်နှင့်တူသော ဘုန်းတန်ခိုး အာဏာရှိပါစေဘုရား။ ဒါကသူ့ရဲ့ ဒုတိယဆုတောင်း။ တတိယကျတော့ –

http:\\www.dhammadownload.com



(ဂ) လောကုတ္တရာတရားတော်၏ အဖို့ရှိသူ ဖြစ်ရပါလို၏။

**ဣမသ္မိံ ပိဏ္ဍပါတေ သာမိနာ ပတ္တိံ ဒိန္နာ။**

**တဿာမေ နိဿန္ဒေန တုမှေဟိ ဒိဋ္ဌဓမ္မဿ ဘာဂီ ဟောမိ။**

ဘန္တေ=အရှင်ဘုရား။ ဣမသ္မိံ ပိဏ္ဍပါတေ=ဤဆွမ်းကို လှူရာ၌။ သာမိနာ =တပည့်တော်၏ သခင်အရှင်မင်းကြီးသည်။ ပတ္တိံ=အလှူအဖို့ကို။ ဒိန္နာ = ပေးဝေပါသည် ဘုရား။ မေ = တပည့်တော်၏။ တဿာ=ထိုအလှူအဖို့၏။ နိဿန္ဒေန =အကျိုးဆက်ကြောင့်၊ တုမှေဟိ = အရှင်ဘုရားတို့။ ဒိဋ္ဌဓမ္မဿ=သိမြင်အပ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာ တရားတော်၏။ ဘာဂီ = အဖို့ရှိသူသည်။ ဟောမိ=ဖြစ်ရပါလို၏။

အရှင်မြတ်ဘုရား– ဤဆွမ်းကိုလှူသောအခါ တပည့်တော်၏ အရှင်မင်းကြီးက တပည့်တော်ကို အမျှပေးဝေပါသည် ဘုရား။ ဤ အကျိုးဆက်ကြောင့် အရှင်ဘုရားတို့ သိမြင်အပ်သော လောကုတ္တရာ တရားကိုးပါး၏ အဖို့ရှိသူ ဖြစ်ရပါလို၏ အရှင်ဘုရားလို့ သလို ဆုတောင်းပါတယ်။

ဆုတောင်းတော့ကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်က သင်တောင်းတဲ့ အတိုင်း ဖြစ်စေ – ဆိုပြီး။

**ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။**

**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။ ။**

**ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။**

**သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိ ဇောတိရသော ယထာ။**

လို့ ဒိန်စ်ဂါထာ ရွတ်ပြီး ဆုပေးပါတယ်။

သင်အလိုရှိအပ်သော တောင့်တအပ်သော ဆုအားလုံးပြည့်စေ။

http:\\www.dhammadownload.com



တစ်ဆယ့်ငါးရက်ည လင်းသည့် လကဲ့သို့ အကြွံအစည် ခပ်သိမ်း ပြည့်စုံစေ။

သင်အလိုရှိအပ်သော ဆုအလျှင်အမြန် ပြည့်စေ။

အလိုခပ်သိမ်း ပြီးစေတတ်သော ပတ္တမြားရတနာကဲ့သို့ အကြံ အစည် ဟူသမျှ ပြည့်စေ။ ဒါပစ္စေကဗုဒ္ဓါရဲ့ ဆုပေးပဲ။ အနုမေဒနာ ဂါထာပဲ။

အဲဒီလို ခြေမြန်တော် ကျွန်ယုံအလုပ်အကျွေး ဘဝက ကုသိုလ် ဆက်ကြောင့် ခုဘဝမှာ စဏ္ဍပဇ္ဇောတ မင်းရယ်လို့ လာဖြစ်တယ်။ သူ ဆုတောင်းခဲ့တဲ့အတိုင်း သူ့ရဲ့ ကုသိုလ်ကြောင့် ယာဉ်ငါးပါးလဲ ပေါ်ထွန်းခဲ့တယ်။

## ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့ ထွက်ပြေးခြင်း

တစ်နေ့ကျတော့ စဏ္ဍပဇ္ဇောတမင်း ဥယျာဉ်ကစားထွက်တယ်။ ဥတေနမင်းက ကနေ့ပြေးမှပဲလို့။ အလွန်တရာကြီးသော သားရေအိတ် တို့ကို ရွှေငွေတို့ဖြင့် ဖြည့်စေ၍ ဘဒ္ဒဝတီ ဆင်မရဲ့ ကျောကုန်းမှာ တင်ပြီးတော့ ဝါသုလဒတ္တာကို ခေါ်ဆောင်ကာ ပြေးတယ်။ နန်းတော် စောင့်တို့က ဥတေနမင်း ပြေးတာကို မြင်တော့ စဏ္ဍပဇ္ဇောတမင်း ဥယျာဉ်ကစားထွက်တဲ့ နေရာသွားပြီး စဏ္ဍပဇ္ဇောတမင်းကို လျှောက် ထားတယ်။ စဏ္ဍပဇ္ဇောတမင်းက အမြန်လိုက်ကြ ဆိုပြီးတော့ စစ်သည်ဗိုလ်ပါတွေ စေလွှတ်တယ်။

ဥတေနမင်းလဲ စစ်သည်ဗိုလ်ပါ အပေါင်း လိုက်လာတာ ကိုလဲ သိရော ငွေအိတ်ကို ဖြည်ပြီး ငွေတွေ ထွက်ကျစေခဲ့တယ်။ နောက်က လိုက်လာကြတဲ့ စစ်သည် ဗိုလ်ပါတွေဟာ ငွေတွေကို ကောက်ယူကြတယ်။ ကောက်ပြီးမှ တစ်ဖန် လိုက်ကြပြန်တယ်။

http:\\www.dhammadownload.com



ဥတေနမင်းကလဲ ရွှေအိတ်ကိုဖြည်ပြီး ကြဲပြန်တယ်။ အဲဒီစစ်သည် ဗိုလ်ပါတွေ ရွှေကို လိုချင်တဲ့ ရမက်ဇောနဲ့ အချိန်လင့်နေတုန်းမှာပဲ မိမိရဲ့ တပ်ထဲကို ရောက်သွားပါတော့တယ်။

(ဥတေနမင်းရဲ့ တပ်တွေက မြို့ပြင်မှာ တပ်ချပြီး နေကြတာ။ မိမိတို့ဘုရင် ပြန်ရောက်အလာကို စောင့်ရင်းနဲ့ မြို့မြင်မှာ စစ်စခန်းချပြီး နေကြတာ) အခု ဥတေနမင်း ပြန်ရောက်လာတာလဲ မြင်ရော ဥတေနမင်းရဲ့ စစ်သည်ဗိုလ်ပါ အပေါင်းက မိမိတို့ ရှင်ဘုရင်ကို ခြံရံပြီး ကောသမ္ဗီပြည်တွင်း သွင်းကြတယ်။

ထိုဥတေနမင်းလည်း နန်းတော်ရောက်တယ် ဆိုယင်ပဲ ဝါသုလ ဒတ္တာကို အဘိသိက်သွန်းပြီးတော့ မိဖုရားအရာမှာ ထားပါတယ်။ ဒါက ဝါသုလဒတ္တာမင်းသမီးရဲ့ ဝတ္ထု ဥတေနမင်းနဲ့ ဝါသုလဒတ္တာတို့ တွေ့ဆုံကြတဲ့ အခန်း ဤမှာပင် ဆုံးပါတယ်။

မာဂဏ္ဍီမိဖုရား အကြောင်းကို ဆက်ကြဦးစို့။

## မာဂဏ္ဍီမိဖုရားဝတ္ထု

### မာဂဏ္ဍီပုဏ္ဏား ဇနီးမောင်နှံ အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်ခြင်း

ဥတေနမင်းရဲ့ တတိယမိဖုရားဖြစ်တဲ့ မာဂဏ္ဍီမိဖုရား အကြောင်း ကို မပြောခင် မာဂဏ္ဍီမိဖုရားရဲ့ ဖခင်ပုဏ္ဏားကြီးနဲ့ မိခင်ပုဏ္ဏေးမကြီးတို့ အရဟတ္တဖိုလ်ပေါက် ရဟန္တာဖြစ်တဲ့ အကြောင်းကို သုတ္တနိပါတ် အဋ္ဌကထာ (ဒုတိယတွဲ။ စာ ၂၅၇ - မှာလာတဲ့) မာဂဏ္ဍိယ သုတ္တဝဏ္ဏနာ အတိုင်း ဟောကြ နာကြအုန်းစို့။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံး စံပျော်နေတော်မူစဉ် မိုးသောက်ထအခါ ဗုဒ္ဓစက္ခုဖြင့် လောကကို

http:\\www.dhammadownload.com



ကြည့်တော်မူသည်ရှိသော် ကုရုတိုင်း ကမ္မာသဓမ္မနိဂုံးနေ မာဂဏ္ဍီ ပုဏ္ဏား၏လည်းကောင်း၊ ဇနီး ပုဏ္ဏေးမ၏လည်းကောင်း အရဟတ္တဖိုလ် ပေါက် ဆိုက်ရောက် မည့်အကြောင်း ဥပနိဿယကို မြင်တော်မူပါ တယ်။ မြင်တော်မူတယ် ဆိုလျှင်ပဲ သာဝတ္ထိပြည်မှ ကြွတော်မူပြီးတော့ ကမ္မာသဓမ္မရွာနဲ့ မနီး မဝေး တောအုပ်တစ်ခုမှာ ရွှေရောင်အဆင်းရှိတဲ့ ရောင်ခြည်တော်ကို လွှတ်ပြီး ထိုင်နေတော်မူပါတယ်။

အဲဒီလို မြတ်စွာဘုရား ထိုင်နေတော်မူတဲ့ အချိန်မှာပဲ မာဂဏ္ဍီ ပုဏ္ဏားက မျက်နှာသစ်မယ်ဆိုပြီး သွားတဲ့အခါ ရွှေရောင်အဆင်းရှိတဲ့ အလင်းရောင်ကို မြင်တာနဲ့– ဘာပါလိမ့်မလဲလို့ ဟိုဟိုဒီဒီ ကြည့်ရှုတဲ့ အခါ မြတ်စွာဘုရားကို မြင်ရပါတယ်။ မြတ်စွာဘုရားကို မြင်ရလျှင်ပဲ မာဂဏ္ဍီပုဏ္ဏားက အတိုင်းထက် အလွန်ဝမ်းမြောက် ဝမ်းသာ ဖြစ် သွားတယ်။ သူ့မှာ ရွှေအဆင်းရှိတဲ့ သမီးတစ်ယောက် ရှိသတဲ့။ အဲဒီသမီးကို မင်းညီမင်းသား အစရှိသူတို့ တောင်းရမ်းကြပေမယ့် မရကြဘူးတဲ့။ ပုဏ္ဏားကြီးမှာ ခံယူချက်တစ်ခု ရှိတယ် –

**သမဏဿေဝ နံ သုဝဏ္ဏဝဏ္ဏဿ ဒဿာမိ။**

ရွှေအဆင်းရှိတဲ့ ရဟန်းကိုသာလျှင် ငါပေးမယ်။ ဒီလို ခံယူချက် ရှိထားတယ်။

အဲဒီမာဂဏ္ဍီ ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားကိုမြင်တော့

**အယံ မေ ဓိတာယ သမာနဝဏ္ဏော၊ ဣမဿ နံ ဒဿာမိ။**

အယံ = ဤသူသည်။ မေ = ငါ၏။ ဓိတာယ = သမီးနှင့်။ သမာနဝဏ္ဏော = တူညီသော အဆင်းရှိ၏။ ဣမဿ =ဤသူအား။ နံ = ထိုသမီး မာဂဏ္ဍီကို။ ဒဿာမိ = ငါပေးအံ့။

ဤပုဂ္ဂိုလ်ဟာ ငါ့သမီးနဲ့ အသားအရောင် တူတယ်။ ဒီပုဂ္ဂိုလ်ကိုပဲ ငါ့သမီးကို ပေးမယ်။ ဒီလို စိတ်အကြံ ဖြစ်ပေါ်ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားကို မြင်ရတယ် ဆိုယင်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်။

http:\\www.dhammadownload.com



အဲဒီ မာဂဏ္ဍီပုဏ္ဏားကြီးဟာ အလျင်အမြန် အိမ်ပြန်သွားပြီး ပုဏ္ဏေးမကို ပြောတယ်။ ဘယ်လို ပြောသလဲဆိုတော့ -

**ဘောတိ ဘောတိ မယာ ဓီတာယ သမာနဝဏ္ဏော ပုရိသော ဒိဋ္ဌော၊ အလင်္ကရောဟိ ဒါရိကံ၊ တဿ နံ ဒဿာမိ။**

ဘောတိ ဘောတိ=အိုရှင်မ ရှင်မ။ မယာ=ငါသည်။ ဓီတာယ = သမီးမာဂဏ္ဍီနှင့်။ သမာနဝဏ္ဏော ပုရိသော =ရုပ်ရည်အဆင်းတူသော ယောကျ်ားကို။ ဒိဋ္ဌော = မြင်တွေ့အပ်ချေပြီ။ ဒါရိကံ = သမီးကို။ အလင်္ကရောဟိ = တန်ဆာဆင်ပါလော့။ တဿ = ထိုယောကျ်ားအား၊ နံ = ထိုသမီးကို။ ဒဿာမိ = ငါပေးအံ့။

အိုရှင်မ- သမီးနဲ့ ရုပ်ရည်အဆင်းတူတဲ့ ယောကျ်ားကို ငါ မြင်ခဲ့ပြီ။ သမီးကို - တန်ဆာဆင်ပါ။ သူနဲ့ ပေးစားမယ်။ သလို ပြောတော့ ပုဏ္ဏေးမကြီးလဲ သမီးကို နံ့သာရေနဲ့ ရေချိုးခိုင်း။ အဝတ်ဝတ်၊ ပန်းပန်၊ တန်ဆာဆင်နေတုန်းမှာပဲ မြတ်စွာဘုရားရဲ့ ဆွမ်းခံချိန် ရောက်လာပါတော့တယ်။ မြတ်စွာဘုရားသည် ကမ္မာသ ဓမ္မရွာကို ဆွမ်းအဖို့ငှာ ဝင်တော်မူပါတယ်။

ထိုမာဂဏ္ဍီပုဏ္ဏားကြီးတို့ ဇနီးမောင်နှံဟာ သမီးကိုခေါ်ပြီး မြတ်စွာဘုရား သီတင်းသုံး ထိုင်နေတော်မူခဲ့တဲ့ နေရာကို သွားကြတယ်။ အဲဒီနေရာရောက်တော့ မြတ်စွာဘုရားကို မတွေ့ရတာနဲ့ ပုဏ္ဏေးမ ကြီးက ဟိုဟိုဒီဒီ ကြည့်တော့ကို မြတ်စွာဘုရားရဲ့ ထိုင်နေတော်မူရာ မြက်အခင်းကို တွေ့တယ်။ မြတ်စွာဘုရားရဲ့ ထိုင်တော်မူရာနေရာ၊ ခြေတော်ရာ၊ ဒီနှစ်မျိုးဟာ အနှောင့်အယှက်၊ အရှုပ်အထွေးမရှိ တည်နေတယ်။ မြက်အခင်းကလေးကလွဲလို့ မြတ်စွာဘုရားကို မတွေ့ရတော့မှ "ဘယ်မှာလဲ ပုဏ္ဏား- မင်းမြင်ခဲ့တဲ့ ယောကျ်ား ဘယ်မှာလဲ" လို့ ပုဏ္ဏေးမကြီးက မေးတယ်။ အေး - ဟောဒီ

http:\\www.dhammadownload.com



သစ်ပင်အောက် ငါမြင်တာပဲ ဆိုပြီးတော့ ဘုရား ထိုင်သွားခဲ့တဲ့ အခင်းကို ပြတယ်။

**သေ ဗြာဟ္မဏ တဿ တိဏသန္ထာရော။**

ဗြာဟ္မဏ = ပုဏ္ဏား။ သော = ဤမြက်အခင်းကလေးသည်။ တဿ = ထိုသင်မြင်ခဲ့တယ်ဆိုတဲ့ ယောကျ်ား၏။ တိဏသန္ထာရော= မြက်အခင်းလား။

ဒီမြက်အခင်းဟာ မင်းမြင်ခဲ့တယ်ဆိုတဲ့ ယောကျ်ားရဲ့ မြက်အခင်းလား။

ပုဏ္ဏားကြီးက – အာမ ဘောတိ။ အေး – ဟုတ်တယ်ရှင်မတဲ့။

**တေန ဟိ ဗြာဟ္မဏ အမှာကံ အာဂမနကမ္မံ န သမ္မဒ္ဓိဿတိ။**

ဗြာဟ္မဏ=ပုဏ္ဏား။ တေန ဟိ =ထိုသို့တပြီးကား။ ဝါ ဒါဖြင့်လျှင်။ အမှာကံ အာဂမနကမ္မံ = ငါတို့လာရတဲ့ အမှုကိစ္စသည်။ န သမ္မဒ္ဓိဿတိ = ပြည့်စုံလိမ့်မည်မဟုတ်။

ပုဏ္ဏား ဒီလိုဆိုယင်ဖြင့် တို့လာတဲ့ကိစ္စ ဘာမှ ပြည့်စုံတော့မှာ မဟုတ်ဘူး။

**ကသ္မာ ဘောတိ။** ဘောတိ = အရှင်မ။ ကသ္မာ = အဘယ် ကြောင့်နည်း။

ဘယ့်နှယ်ကြောင့် တို့လာတဲ့ကိစ္စ မပြီးရမှာလဲ၊ ဆိုတော့ –

**ပဿ ဗြာဟ္မဏ အဗျာကုလော တိဏသန္ထာရော။**

ဗြာဟ္မဏ = ပုဏ္ဏား။ ပဿ = သေသေချာချာ ကြည့်စမ်းပါ။ တိဏသန္ထာရော = ဤမြက်အခင်းကလေးသည်။ အဗျာကုလော = မရောယှက် မရှုပ်ထွေးဘူး။

တည်လို့ မြက်အခင်းကလေး။

**န ကဿစိ ကာမဘောဂိဿ ပရိဘုတ္တော။**

http:\\www.dhammadownload.com



ကဿစိ = တစုံတယောက်သော။ ကာမဘောဂိနော =ကာမချမ်းသာ ခံစားသုံးဆောင်တဲ့ သာမန်တစ်ဦး တစ်ယောက်၏။ နပရိဘုတ္တော = အသုံးအဆောင် မဟုတ်ဘူး။

ဒီမြက်အခင်းကလေးကိုက လူသာမန်တို့ရဲ့ အသုံးအဆောင် မဟုတ်ဘူး။ ကာမဘောဂီ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ အသုံးအဆောင် မဟုတ်ဘူး။ တို့လာတဲ့ ကိစ္စတော့ ဘယ်လိုနည်းနဲ့မှ မပြည့်စုံဘူးတဲ့။ ဒီတော့ ပုဏ္ဏားကြီးက ဘယ့်နှယ်ပြောသလဲ။

**မာ ဘောတိ မင်္ဂလေ ပရိယေသိယမာနေ အဝမင်္ဂလံ အဘာဏိ။**

ဘောတိ = ရှင်မ။ မင်္ဂလေ = မင်္ဂလာကို။ ပရိယေသိယမာနေ = ရှာမှီးအပ်နေစဉ်။ အဝမင်္ဂလံ = အမင်္ဂလာကို။ မာ အဘာဏိ = မပြောပါနဲ့။

ရှင်မရာ – တို့မင်္ဂလာကို ကြံရှာနေတဲ့ အချိန်မှာ မင်္ဂလာမရှိတဲ့ စကားတွေ ရှင်မ မပြောပါနဲ့။ အေး– ငါဟုတ်တာပြောတာ။ ပုဏ္ဏေးမကြီးက ပညာရှိတယ်။ ဒါနဲ့ ပုဏ္ဏေးမကြီးက ဒီမြက်အခင်းကလေးရဲ့ ပတ်ဝန်းကျင်ကို ဟိုအနား ဒီအနားလျှောက်ပြီး ကြည့်ပြန်တော့ ဘုရားအမိဒ္ဓာန်ပြီး ချထားတဲ့ ခြေရာတွေ့တယ်။

**အယံ တဿ ပဒနိက္ခေပေါ။**

ဗြာဟ္မဏ = ပုဏ္ဏား။ အယံ = ဤခြေရာသည်။ တဿ=သင်မြင်ခဲ့တယ်ဆိုတဲ့ ယောကျ်ား၏။ ပဒနိက္ခေပေါ = ခြေရာလား။

အာမ ဘောတိ= ဟုတ်တယ်ရှင်မ– ငါမြင်ခဲ့တဲ့ လူ့ရဲ့ခြေရာ။ ဘုရားရဲ့ ခြေရာကို ကြည့်ပြီးတော့ ပြောတယ်။ ဒီတော့ ပုဏ္ဏေးမကြီးက ဘယ့်နှယ်ပြောလဲ –

**ပဿ ဗြာဟ္မဏ ပဒနိက္ခေပံ။**

http:\\www.dhammadownload.com



ဗြာဟ္မဏ = ပုဏ္ဏား။ ပဒနိက္ခေပံ = ခြေရာကို။ ပဿ=စေ့စေ့ငှငှ ကြည့်ရှုစမ်းပါလော။

**နှာ + ယံ သတ္တော ကာမေသု ဂဓိတော။**

အယံ သတ္တော =ဤခြေရာရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်သည်။ ကာမေသု= ဝတ္ထုကာမတို့၌။ န ဂဓိတော = မတပ်မက်တဲ့ ပုဂ္ဂိုလ်ပါ။

ပုဏ္ဏားက ခြေရာကို သေသေချာချာ ကြည့်တယ်။ ဒီခြေရာ ရှင်ဟာတဲ့ ဝတ္ထုကာမကို သုံးစွဲတဲ့ပုဂ္ဂိုလ် မဟုတ်ဘူးဟဲ့တဲ့။ ပုဏ္ဏား ကြီးက ပြန်မေးတယ်။

**ကထံ တွံ့ ဘောတိ ဇာနာသိ။**

ဘောတိ = ရှင်မ။ တွံ = သင်သည်။ ကထံ =ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့်။ ဇာနာသိ = သိသလဲ။

ရှင်မရာ၊ ရှင်မပြောလိုက်တဲ့ စကားတွေက အမင်္ဂလာချည်းပဲ။ ဒီခြေရာဟာ ကာမဘောဂီ=လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ ခြေရာ မဟုတ် ဘူး။ ဒီပုဂ္ဂိုလ်သည် ဝတ္ထုကာမကို မသုံးစွဲဘူး။ မတပ်မက်တဲ့ ပုဂ္ဂိုလ်လို့ ရှင်မ ဘယ်လိုလုပ် သိသလဲ။ ပုဏ္ဏားကြီးက မခံချင်ဘူး။ အဲဒီလို မခံချင်လို့မေးတော့ ပုဏ္ဏေးမကြီးက –

**ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊**

**ဒုဋ္ဌဿ ဟောတိ အနုကဍ္ဎိတံ ပဒံ။**

**မူဠှဿ ဟောတိ သဟသာနုပီဠိတံ၊**

**ဝိဝဋ္ဋစ္ဆဒဿ ဣဒံ + မီဒိသံ ပဒံ။ (သုတ္တနိပါတ၊ ဋ္ဌ၊ ၂၊ ၂၅၈)**

ဗြာဟ္မဏ= ပညာမဲ့ဗြား ဟဲ့ ပုဏ္ဏား။ ဟိ = အပြေစကား ငါ ပြောကြားဦးအံ့။ ရတ္တဿ = ဝတ္ထုအာရုံ ကာမဂုဏ် ခုံမင်တတ်တဲ့ သူ၏။ ပဒံ = ခြေရာသည်။ ဥက္ကုဋိကံ = ဖဝါးဆွတ်နင်းတတ်သည်။ ဘဝေ – ဘဝတိ = ဖြစ်၏။

http:\\www.dhammadownload.com



ဟဲ့ပုဏ္ဏားတဲ့– ရာဂသမားရဲ့ ခြေရာဆိုတာတဲ့၊ ဖဝါးဆွတ်နင်း တတ်တယ်။ ဖဝါးဆွတ်ဆိုတာက တစ်ခါတလေ ဖနောင့်က ထိလိုက်၊ ခြေဖျားက မြှောက်လိုက်။ တစ်ခါတလေ ခြေဖျားကထိ၊ ဖနောင့်က မြှောက်တယ်။ အဲဒီလို အမျိုးမျိုး သွားတယ်တဲ့ ရာဂသမားက။

ဒုဋ္ဌဿ = ဒေါသကြီးတဲ့ သူ၏ ခြေရာသည်။ အနုကမုတံ= တံကျစ်ရေး သကဲ့သို့ ဆွဲငင်အပ်သည်။ ဟောတိ = ဖြစ်၏။

ဒေါသကြီးတဲ့သူဟာပေါ့လေ၊ ခြေရာ ဘယ်တော့မှ သန့်သန့် ရှင်းရှင်း မဖြစ်ဘူး။ ခပ်ဆွဲဆွဲသွားတယ်၊ ဒေါသသမားဟာ။

မူဠ္ဟဿ=မောဟကြီးတဲ့ သူ၏။ ပဒံ= ခြေရာသည်။ သဟသာ = အဆောတလျင်၊ အရေးတကြီး။ အနုပီဠိတံ = ဖိနှိပ်အပ်သည်။ ဟောတိ = ဖြစ်၏။

ခြေရာကြည့်ယင် အရေးတကြီး နင်းနှိပ်သွားတဲ့ ခြေရာနဲ့တူယင် ဒီလူဟာ မောဟကြီးတဲ့လူ။ ဒီလို သိရမယ်။

ဤဒိသံ=ဤသို့ ရှုအပ် ထူးမြတ်လှသော။ ဣဒံ ပဒံ =ဤခြေရာ သည်ကား။ ဝိဝဋ္ဋစ္ဆဒဿ = ကိလေသာအမိုး ဖျက်ချိုးဖွင့်လှစ်ပြီးတဲ့ ပုဂ္ဂိုလ်၏။ ပဒံ = ခြေရာပါတည်း။

ပုဏ္ဏေးမကြီးက – ကြည့်စမ်း၊ အရေးတကြီး ကပြီးကပြစ်နင်းတဲ့ ပုံလည်း မပေါ်ဘူးတဲ့ မောဟသမား ဆိုရအောင်။

ဒေါသသမားဆိုရအောင်– တံကျစ်ရေးသကဲ့သို့၊ တကတဲ ဆွဲပြီးတော့ ပေါ်လာတဲ့ ခြေရာလဲမဟုတ်ဘူး။ ဒရွတ်တိုက်ဆွဲဆွဲပြီးတော့ နင်းတတ်တယ် ဒေါသသမားက။ လောဘသမား ဆိုရအောင်ကား ဒီခြေရာက ဖဝါးဆွတ်နင်းတဲ့ခြေရာ မဟုတ်ဘူး။ ဥက္ကုဋိကဆိုတာက– အဲတစ်ခါတလေ ခြေဖျားဘက်က ခြေရာပေါ်ပြီးတော့ ဖနောင့်ဘက်က မပေါ်တတ်ဘူး။ မထင်ရှားဘူး။ တစ်ခါတလေ ဖနောင့်ဘက်က

http:\\www.dhammadownload.com



ထင်ရှားပြီးတော့ ခြေဖျားဘက်က မထင်ရှားဘူး။ အဲဒီလို ဖဝါးဆွတ်သွားယင်ပေါ့လေ။ ဒီလိုဖြစ်ဟတ်တယ်။

[ဖနောင့်ကို– ခြေဖျားကို– တစ်ပါးကိုပိတ်၊ တစ်ပါးလှစ်ပြီးတော့ တစ်ပါးကိုနင်းတယ်။ အဲဒီလိုနင်းတာမျိုးကို ဖဝါးဆွတ်နင်းတယ် ခေါ်တယ်။]

အခုခြေရာက ဒီအမှုအရာတွေ တစ်ခုမှမပါဘူး။ ဒါကြောင့် ဒီခြေရာရှင်ဟာလေ ကိလေသာတည်းဟူသော အမိုးကို ဖြတ်ချိုးဖွင့်လှစ်ပြီးတဲ့၊ ကိလေသာကင်းပြီးတဲ့ ပုဂ္ဂိုလ်ရဲ့ ခြေရာတဲ့။

ပုဏ္ဏားကြီး ဇနီးမောင်နှံပေါ့လေ။ မာဂဏ္ဍီတို့သားအမိ၊ မိသားစုသုံးယောက် အခြေအတင် ပြောဆိုနေကြစဉ် ဘုရားကိုယ်တော်မြတ်ကြီး ကမ္မာသဓမ္မနိဂုံးထဲက ဆွမ်းခံပြီးလို့၊ ဆွမ်းကိစ္စပြီးလို့ ဒီတောအုပ်ထဲ ပြန်ကြွတယ်။ ဘုရားကိုယ်တော်မြတ်ကြီး ကြွလာတော့ မြတ်စွာဘုရားရဲ့ ကိုယ်တော်မြတ်မှ၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇေဋ္ဌ၊ ပဘဿရဆိုတဲ့ ရောင်ခြည်တော်ခြောက်ပါးတွေ၊ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတွေ။ ရှစ်ဆယ်သော အနုဗျဉ္ဇနလက္ခဏာတော်တွေ၊ အသရေတွေ၊ ဗုဒ္ဓအသရေနဲ့ ဘုရား ကိုယ်တော်မြတ်ကြီး ကြွလာတာမြင်တော့ ပုဏ္ဏေးမကြီးက ပြောတယ်–

**သော တယော ဗြာဟ္မဏ ဒိဋ္ဌော။**

ဗြာဟ္မဏ= ပုဏ္ဏား။ တယာ ဒိဋ္ဌော= သင်မြင်ခဲ့တယ်ဆိုတဲ့ ယောကျာ်းဆိုတာ။ သော–သော= ထိုသူပဲလား။

ပုဏ္ဏား၊ သင်မြင်ခဲ့တဲ့ ယောကျာ်းဆိုတာ ဟိုသူလား။ ဟိုပုဂ္ဂိုလ်လား။

ပုဏ္ဏားကြီးက ပြောတယ်။ အာမ ဘောတိ။ အိမ်း– ဟုတ်ပါတယ် ရှင်မ။

http:\\www.dhammadownload.com



**အာဂတကမ္မံ န သမ္ပဇ္ဇိဿတေဝ။**

အာဂတကမ္မံ= ငါတို့လာတဲ့ အလုပ်ကတော့။ န သမ္ပဇ္ဇိဿတေဝ= ဘယ်လိုနည်းနဲ့မှ ပြီးစီးမှာ မဟုတ်တာ ကေန်တဲ့။

ဒို့လာတဲ့ကိစ္စ ဘယ်လိုနည်းနဲ့မှ မအောင်မြင်ဘူး ပုဏ္ဏားတဲ့။ မအောင်မြင်မှာ သေချာတယ်။ မပြီးစီးမှာ သေချာတယ်။ ကေန္တ။

**ဝေရူပေါ နာမ ကာမေ ပရိဘုဉ္ဇိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ။**

ဝေရူပေါ နာမ=ဤသို့သောပုဂ္ဂိုလ်သည်။ (တကတဲ၊ မဟာပုရိသ လက္ခဏာတော်ကြီးတွေ၊ ငြီးငြီးရှန်းကယ် ထွန်းတင့်တယ်လျက်။ ရှစ်ဆယ်အစု အနုဗျဉ္ဇနလက္ခဏာတော်ငယ် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် သို့နှယ်တင့်တယ်တဲ့ ရူပကာယ အသရေရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်သည်) ကာမေ=ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို။ ပရိဘုဉ္ဇိဿတီတိ= သုံးဆောင်လိမ့်မယ်လို့။ ဧတံ ဌာနံ=ဤအကြောင်းသည်။ န ဝိဇ္ဇတိ= မရှိဘူး။ တစိုးတစိ မရှိဘူးဟဲ့ပုဏ္ဏား။

ဒို့လာတဲ့ကိစ္စတော့ ဘာမှပြီးမြောက်အောင်မြင်မှာ မဟုတ်ဘူး။

အဲဒီလို သူတို့နှစ်ယောက် ဒီလိုအချီအချပြောနေတုန်း ဘုရားကိုယ်တော်မြတ်က စောစောကထိုင်တဲ့ မြက်ခင်းကလေးပေါ်မှာပဲ သွားပြီးတော့ ထိုင်သည်။

မာဂဏ္ဍီပုဏ္ဏားကြီးကလဲပဲ အရေးမနှောင်းအောင် ဆိုပြီးတော့ အဆင်တန်ဆာတွေ အပြည့်အစုံဆင်ထားတဲ့ မာဂဏ္ဍီသမီးလေးကို ဘယ်ဘက်လက်နဲ့ဆွဲ။ ရေစက်ချဖို့ ကရားကို ညာဘက်လက်က ကိုင်ပြီးတော့ ပါးစပ်က ဘာပြောသလဲ-

**ဘော ပဗ္ဗဇိတ တွဉ္စ သုဝဏ္ဏဝဏ္ဏော အယဉ္စ ဒါရိကာ။**

ဘော ပဗ္ဗဇိတ=အိုရဟန်း။ တွဉ္စ=သင်ကလဲပဲ။ သုဝဏ္ဏဝဏ္ဏော =ရွှေရောင်အဆင်း၊ ဝါဝင်းသောအဆင်း ရှိပါပေ၏။ အယဉ္စ ဒါရိကာ=

http:\\www.dhammadownload.com



ဤငါ့သမီး မာဂဏ္ဍီသူငယ်မလဲပဲ။ သုဝဏ္ဏဝဏ္ဏော= ရွှေရောင်အချင်း ဝါဝင်းသောအဆင်း ရှိပါပေ၏။

ငါ့သမီးလေး မာဂဏ္ဍီကလည်း ရွှေရောင်။ အသင်ရဟန်းကလည်း ရွှေရောင်။

**အနုစ္ဆဝိကာ သော တဝ။**

သော=ဤငါ့သမီး မာဂဏ္ဍီသည်။ တဝ=သင့်အား။ အနုစ္ဆဝိကာ =သင့်လျော်လျောက်ပတ်ပါ၏။

**ဣမာ+ဟံ ဘောတော ဘရိယံ ပေါသာဝနတ္ထာယ ဒမ္မိ။**

အဟံ=ငါသည်။ ဣမံ= ဤငါ့သမီးကို။ ဘောတော=အရှင်အား။ ဘရိယံ= အိမ်ရှင်မပြု၍။ ပေါသာဝနတ္ထာယ= မွေးမြူဖို့ရန်။ ဒမ္မိ= ပေးပါရစေ။

အဲဒီလိုဆိုပြီးတော့ ဘုရားအနီးသို့ သမီးလေးဆွဲလာ။ တစ်ခါတည်း ဘုရားလက်ထဲထည့်မယ်လို့ ကိုင်လိုက်တယ်။ ဘုရားကလေ ပေါက်လဲမလွှတ်ဘူး။ ဘယ့်နှယ်လဲ။ မာဂဏ္ဍီ ပုဏ္ဏားကြီးကို အာလုပ် မထားဘဲနဲ့။ မာဂဏ္ဍီပုဏ္ဏားကြီးကို စကားစမြည် ဘာမျှ မပြောဘဲနဲ့ အခြားသူတစ်ယောက်နဲ့ ပြောဆိုနေသကဲ့သို့ ဘုရားက ရွတ်တယ်။

**ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊**

**နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ၊**

**ကိ+မေဝိ+ဒံ မုတ္တကရီသ ပုဏ္ဏံ၊**

**ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။**

ဒီပြင် ပုဂ္ဂိုလ်တစ်ယောက်နဲ့ စကားပြောသလို ဘုရား ဒီဂါထာ ရွတ်တာတဲ့။

တဏှာဉ္စ=တဏှာမည်တဲ့ မာရ်နတ်မင်းရဲ့ သမီးကိုလည်း ကောင်း၊။ အရတိဉ္စ= အရတီခေါ်တဲ့ မာရ်နတ်သမီးကိုလည်းကောင်း၊

http:\\www.dhammadownload.com



ရဂဣ=ရဂါခေါ်တဲ့ မာရ်နတ်သမီးကိုလည်းကောင်း။ ဒိသွာန= သတ္တသတ္တာဟ စံတော်မူပြီးတဲ့နောက် အဇပါလညောင်ပင်ရင်း သီတင်းသုံးစဉ်က ငါဘုရားမြင်ပါလျက်။ မေထုနသ္မိံ=မေထုန်အမှု၌။ ဆန္ဒော အပိ=တောင့်တလင့်ဆို အလိုရှိတဲ့ဆန္ဒကလေးမျှသော်လည်း။ နာ့ဟောသိ=မဖြစ်ခဲ့ချေ။

ဘုရားက ဒီပြင်ပုဂ္ဂိုလ်တစ်ယောက်နဲ့ စကားပြောသလို ငါ့မှာလေတဲ့ လွန်ခဲ့တဲ့ ဘုရားဖြစ်ပြီး စသတ္တသတ္တာဟစံပြီးလို့ အဇပါလညောင်ပင်ရင်းမှာ သီတင်းသုံးနေတဲ့အချိန် မာရ်နတ်သမီးတွေ လာပြီးတော့ ငါဘုရားကို ဖျားယောင်းတဲ့ အချိန်တုန်းကတောင်မှ တဏှာရယ်၊ အရတီရယ်၊ ရဂါရယ်ဆိုတဲ့ မာရ်နတ်သမီးသုံးယောက်ကို မြင်တုန်းကတောင်မှ မေထုန်အမှု၌ ဆန္ဒကလေးမျှ ငါဘုရားသန္တာန်မှာ မဖြစ်ဘူး။ နတ်မိမယ်ရတနာတွေမြင်လို့တောင်မှ ငါဘုရားသန္တာန်မှာ မေထုန်အမှု၌ ဆန္ဒကလေးမျှ မဖြစ်လျှင် မုတ္တကရီသံ= ကျင်ငယ်တွေကျင်ကြီးတွေ တစ်ကိုယ်လုံး ပြည့်၍နေသော။ ကိုဒံ=ဤမာဂဏ္ဍီ အမျိုးသမီးကို။ ဒိသွာန=မြင်ရ၍။ ဆန္ဒော=တပ်မက်တဲ့ဆန္ဒသည်။ ကိ+မေဝ အဟောသိ =အဘယ်မှာလျှင် ဖြစ်နိုင်အံ့နည်း။ န အဟောသိဧဝ= မဖြစ်သည်သာလျှင်တည်း။

ဟိုအညစ်အကြေးတွေစင်တဲ့ နတ်မိမယ်သုံးယောက်ကို မြင်တာတောင်မှ တဏှာဆန္ဒ မဖြစ်ဘဲနဲ့ မာဂဏ္ဍီကိုမြင်လို့ ငါ့သန္တာန်မှာ တွယ်တာတပ်မက်တဲ့တဏှာ လောဘ ဘယ်တော့ ဖြစ်မှာလဲ။ မဖြစ်ဘူး။ မဖြစ်ရုံသာလားလို့ ဆိုတော့-

ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။ ပုဏ္ဏားကြီး မျက်စိကြည့်ပြောရလို့ရှိယင်တော့-

နံ= ထိုမင်းသမီးအရုပ်ဆိုးမ မာဂဏ္ဍီကြီးကို (နတ်သမီးတွေနဲ့စာယင် နတ်သမီးလောက် မလှဘူး။) ပါဒါပိ= ခြေဖျားကလေးများဖြင့်

http:\\www.dhammadownload.com



သော်လည်း။ သမ္ပသိတုံ=တို့ခြင်းငှာ။ န ဣစ္ဆေ=မတောင့်တ မလင့်ဆို အလိုမရှိရိုး ကေန်မှန်လှပါ၏။

ဒီမာဂဏ္ဍိကိုတဲ့ ငါခြေဖျားကလေးနဲ့တောင် မတို့ချင်ဘူးတဲ့။ မြတ်စွာဘုရားက အဲဒီလို ဂါထာတစ်ပုဒ်ဟောတယ်။

မာဂဏ္ဍိယသုတ်ကျတော့ ဒီဂါထာကစပြီးတော့ မာဂဏ္ဍိပုဏ္ဏားကြီးက မေးလိုက်၊ ဘုရားကဖြေလိုက်။ ဒီအမေးအဖြေကိုပေါ့လေ။ မေးတဲ့ဂါထာ၊ ဖြေတဲ့ဂါထာ စုစုပေါင်း နောက်မှာဆယ့်နှစ်ဂါထာ ပါတယ်။ ဒါက တစ်နေ့တစ်ချိန်မှ သုတ္တနိပါတအဋ္ဌကထာ မာဂဏ္ဍိယသုတ်က ဖွင့်တဲ့အတိုင်း ဟုတ်လား။ အခြေအနေပေးတော့ မာဂဏ္ဍိယ သုတ်ဆိုတာ တခြား နာယူရတယ်။

အခုတော့ ဓမ္မပဒအဋ္ဌကထာက အဲဒီမာဂဏ္ဍိယသုတ်က ဂါထာထဲမှာ ပဌမဆုံးထွက်လာတဲ့ ဒီဂါထာကို ထုတ်ဖော်ပြီးတော့ ဓမ္မပဒအဋ္ဌကထာက ဘယ်နှယ်ဖွင့်သလဲ။

**ဂါထာပရိယောသာနေ ဗြာဟ္မဏော စ ဗြာဟ္မဏီ စ အနာဂါမိဖလေ ပတိဋ္ဌဟိံသု (ဓမ္မ၊ ဋ္ဌ ၂။၁၃၀)**

**ဂါထာ ပရိယောသာနေ၊**

**ဒိဗ္ဗာန တဏှံ အရတိံ ရဂဉ္စ၊**

**နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ၊**

**ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊**

**ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။**

ဆိုတဲ့ ဂါထာနိဂုံး ဆုံးလတ်သောအခါ၌။ ဗြာဟ္မဏော စ=မာဂဏ္ဍိပုဏ္ဏားကြီးသည် လည်းကောင်း။ ဗြာဟ္မဏီ စ=မာဂဏ္ဍိပုဏ္ဏေးမကြီးသည် လည်းကောင်း။ အနာဂါမိဖလေ=အနာဂါမိဖိုလ်၌။ ပတိဋ္ဌဟိံသု= တည်ကြကုန်ပြီ။

http:\\www.dhammadownload.com



ဘုရားရဲ့ ဒီဂါထာလဲဆုံးရော မာဂဏ္ဍီပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီး နှစ်ယောက်စလုံး အနာဂါမိဖိုလ်၌ တည်ကြတယ်။ အနာဂါမ်အရိယာတွေ ဖြစ်သွားတယ်။ ဒါက ဓမ္မပဒ အဋ္ဌကထာ။

သုတ္တနိပါတ် အဋ္ဌကထာကတော့- (နှာ ၂၆၂)

**ဒေသနာ ပရိယောသာနေ ဗြာဟ္မဏော စ ဗြာဟ္မဏီ စ ပဗ္ဗဇိတွာ အရဟတ္တံ ပါပုဏိံသု။**

အနာဂါမိ မြှုပ်ထားတယ်။ ဒေသနာဆိုတော့ ဆယ့်သုံးဂါထာရှိတယ်။ ဒေသနာ နိဂုံးဆုံးတဲ့အခါ မာဂဏ္ဍီပုဏ္ဏားကြီး၊ မာဂဏ္ဍီပုဏ္ဏေးမကြီး နှစ်ဦးသားတို့ တစ်ခါတည်း ရဟန်းပြုတယ်တဲ့။ တရားနာနေတုန်းကတော့ ဘယ်မဂ်ဘယ်ဖိုလ်ရောက်တာ မပြောဘူး။ ရဟန်းပြုပြီးတဲ့နောက် အရဟတ္တဖိုလ်သို့ ရောက်ကြတယ်။ မာဂဏ္ဍီယသုတ်အဋ္ဌကထာကျတော့ အဲဒီလိုဖွင့်တယ်။ အခု ဓမ္မပဒအဋ္ဌကထာကျတော့ ဂါထာနိဂုံး ဆုံးလဲဆုံးရော မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ အနာဂါမ်အရိယာ ဖြစ်ကြတယ်။ ကိုင်း သူတို့ကဖြစ်ပြီ။

## မြတ်စွာဘုရားအပေါ် မာဂဏ္ဍီ ရန်ငြိုးဖွဲ့ခြင်း

မာဂဏ္ဍီသတို့သမီး ဘယ်လိုဖြစ်သလဲ။

မာဂဏ္ဍီသတို့သမီးကတော့

အဿ= ထိုရဟန်းအား။ မယာ= ငါဖြင့်။ အတ္ထော=အလိုသည်။ သစေ နတ္ထိ=အကယ်၍ မရှိငြားအံ့။ အနတ္ထိကဘာဝေါ စ= အလိုမရှိတဲ့ အဖြစ်ကိုသာလျှင်။ ဝတ္တဗ္ဗော= ပြောဆိုသင့်၏။

ဒီရဟန်းဟာ မလိုချင်ယင် မလိုချင်ဘူး ပြောလိုက်ပေါ့။ ဒီလို။ အခုတော့ အညစ်အကြေးကျင်ကြီးတွေ၊ ကျင်ငယ်တွေပြည့်နေတဲ့ နင့်သမီးရုပ်ဆိုးမ မာဂဏ္ဍီကြီးကို ငါခြေဖျားနဲ့တောင် မတို့ချင်ဘူး။

http:\\www.dhammadownload.com



ငါ့ကို မစင်တွေ ကျင်ကြီးကျင်ငယ်တွေနဲ့ ပြည့်တဲ့ပုဂ္ဂိုလ်အဖြစ်နဲ့ သူပြောတယ်။ အရှက်တကွဲ အကျိုးနဲ့ ပြောသပေါ့။

ဟောတု= ရှိပစေအုန်းတဲ့။ ဟုတ်လား။

အို-- အမေနဲ့အဖေကတော့ တရားနာရလို့၊ ဒီအသံကြားရလို့ အနာဂါမ်ဖြစ်တယ်။ မလိမ္မာတဲ့ သမီးကျတော့ ရန်ငြိုးဖွဲ့တယ်။ ဟောတု=ရှိစေအုန်းတဲ့။ အက္ကေနော= မိမိ၏။ ဇာတိကုလပဒေသ ဘောဂယသဝယသမ္ပတ္တိ=ဇာတ်နဲ့ပြည့်စုံခြင်း။ (ငါတို့ဇာတ်ဟာ မနိမ့်ပါဘူးတဲ့။) ကုလပဒေသ= ဘယ်အမျိုး ဘယ်အမျိုးတို့ဖြင့် ပြရဲ့တဲ့ အမျိုး၏ပြည့်စုံခြင်း။ ဘောဂသမ္ပတ္တိ= စည်းစိမ်ဥစ္စာရဲ့ ပြည့်စုံခြင်း။ ယသသမ္ပတ္တိ= အခြွေအရံ ပရိသတ်ရဲ့ပြည့်စုံခြင်း။ ဝယသမ္ပတ္တိ= အရွယ်ရဲ့ ပြည့်စုံခြင်းကို။ အာဂမ္မ= အစွဲပြု၍-

ငါဟာ ဇာတ်လည်းမနိမ့်ဘူး။ အမျိုးလည်း နိမ့်သူမဟုတ်ဘူး။ တကတဲ လူမွဲလည်း မဟုတ်ဘူး။ စည်းစိမ်ဥစ္စာကလဲပဲ ဘောဂသမ္ပတ္တိ။ တစ်ခါအခြွေအရံနည်းတဲ့သူ မဟုတ်ဘူး၊ ယသသမ္ပတ္တိ။ ငါလဲပဲ အရွယ်အင်မတန် ပြည့်စုံသေးတယ်။ အရွယ်နုပျိုသေးတဲ့ ဝယသမ္ပတ္တိကို အစွဲပြု၍

တထာရူပံ= ငါနဲ့ထိုက်တန်တဲ့။ ဘတ္တာရံ= လင်ယောကျ်ားကို။ လဘိတွာ= လဘိတု= ရပစေအုန်းတဲ့။ လဘိတွာ= ရပြီးတဲ့နောက်မှ။ သမဏဿ ဂေါတမဿ= ရဟန်းဂေါတမ၏ အပေါ်မှာ။ ကတ္တဗ္ဗယုတ္တကံ= ပြုသင့်သည်နှင့်ယှဉ်တဲ့ ပြုသင့်တဲ့အလုပ်ကို။ ဇာနိဿာမိ= စဉ်းစားပေးတော့မယ်။

အခုတော့ ရှိပစေအုန်း။ ငါရဲ့အရွယ်၊ ငါရဲ့အမျိုး၊ ငါရဲ့ဇာတ်၊ ငါရဲ့စည်းစိမ်၊ ငါရဲ့ အခြွေအရံအသင်းအပင်းနဲ့ ပြည့်စုံမှုကို အစွဲပြု၍ ငါနဲ့ထိုက်တန်သော အရှင်သခင်လင်ယောကျ်ား ရလိမ့်အုံးမယ်။ အဲဒီရတဲ့အခါကျမှ ရဟန်းဂေါတမအပေါ်မှာ လက်စားချေမယ်။

http:\\www.dhammadownload.com



ဒီအကြံနဲ့ အဲဒီအချိန်ကစပြီးတော့ မာဂဏ္ဍီက ဘုရားအပေါ်မှာ ရန်ငြိုးဖွဲ့သွားတယ်။ မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ကတော့ အနာဂါမ် အရိယာဖြစ်တော့ သမီးလည်း မတွယ်တာတော့ဘူး။ စီးပွားဥစ္စာလည်း မတွယ်တာတော့ဘူး။ ဘယ့်နှယ်လုပ်မတုန်း။ သမီးကလေး မာဂဏ္ဍီကို ဝတ္တရားအရ မာဂဏ္ဍီပုဏ္ဏားကြီးရဲ့ညီ စူဠမာဂဏ္ဍီလက်ကိုအပ်တယ်။ ပေးခဲ့တယ်။ ဘထွေးပေါ့။ စူဠမာဂဏ္ဍီ လက်ကို။ ကွာ–တဲ့ ငါ့ညီ– တို့တော့ ရဟန်းပြုတော့မယ် ဆိုပြီးတော့ သမီးကလေးကို အဲဒီစူဠမာဂဏ္ဍီလက် အပ်တယ်။ အပ်ပြီးတော့ သူတို့က ရဟန်းပြုတယ်။ ဇနီးမောင်နှံ နှစ်ယောက်စလုံး။ တစ်ယောက် က ဘိက္ခု။ တစ်ယောက်က ဘိက္ခုနီ သံဃာထံ သွားပြီးတော့ ရဟန်းပြုကြလို့၊ ရဟန်းတရား အားထုတ်ကြလို့ မကြာမြင့်မီပင်လျင် မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံရဟန်းတို့ အရဟတ္တဖိုလ် ရောက်တယ်။ သူတို့ကတော့ ဘဝဇာတ်သိမ်း ငြိမ်းသွားတယ်။

ကိုင်း– ဒီနေရာမှာ အဋ္ဌကထာက အမေးတစ်ခုပြောတယ်။ ဘယ်လိုလဲ–

**ကိံ ပန သတ္ထာ တာယ အတ္တနိ အာဃာတုပ္ပတ္တိံ ဇာနာတိ နောာ။**

သတ္ထာ=မြတ်စွာဘုရားသည်။ တာယ= ထိုမာဂဏ္ဍီက။ အတ္တနိ= ကိုယ်တော့်အပေါ်၌။ အာဃာတုပ္ပတ္တိံ= ရန်ငြိုးဖွဲ့လိမ့်မည်ကို။ ဇာနာတိ ကိံ= သိရဲ့လော။ နော ဇာနာတိ ကိံ= မသိဘူးလော။

ဘုရားက ကိုယ်တော့်အပေါ်မှာ မာဂဏ္ဍီသတို့သမီးက အာဃာတ ရန်ငြိုး ဖွဲ့လိမ့်မယ်ဆိုတာ ကြိုတင်ပြီးတော့ သိသလား။ မသိဘူးလားတဲ့။ အဋ္ဌကထာကဖြေတယ်–

**ဇာနာတိယေဝ**= သိတာ အမှန်ကေန်ပဲတဲ့။

http:\\www.dhammadownload.com



**ဇာနန္တော ကသ္မာ ဂါထမာဟ။**

ဇာနန္တော= သိပါလျက်။ ကသ္မာ= အဘယ့်ကြောင့်။ ဂါထံ= ရန်ငြိုးဖွဲ့လောက်တဲ့ ဂါထာကို။ အာဟ= ပြောဆိုသနည်း။

သိလျက်နဲ့ ဘာဖြစ်လို့ဘုရားက ရန်ငြိုးဖွဲ့မယ့် ဒီဂါထာကို ဟောရသလဲ။

**ဣတရေသံ ဒွိန္နံ ဝသေန။**

ဣတရေသံ ဒွိန္နံ= မာဂဏ္ဍီသတို့သမီးမှတပါး အဖေဖြစ်တဲ့ မာဂဏ္ဍီပုဏ္ဏားကြီး အမေဖြစ်တဲ့ မာဂဏ္ဍီပုဏ္ဏေးမကြီး နှစ်ဦးသားတို့၏။ ဝသေန=အစွမ်းအားဖြင့်။ အာဟ=ဟောတော်မူပါ၏။

ဘာကြောင့် ရန်ငြိုးဖွဲ့မယ့် ဒီဂါထာ ဘုရားကဟောရသလဲ။ ဟိုမာဂဏ္ဍီပုဏ္ဏားကြီးနဲ့ မာဂဏ္ဍီပုဏ္ဏေးမကြီးကို အကြောင်းပြုပြီး ဟောတာပေါ့။ သူတို့အတွက် ဟောတယ်။

**ဗုဒ္ဓါ ဟိ အာဃာတံ အဂဏေတွာ မဂ္ဂဖလာဓိဂမာရဟာနံ ဝသေန ဓမ္မံ ဒေသေန္တိ ယေဝ။**

ဟိ= မှန်၏။ ဗုဒ္ဓါ= မြတ်စွာဘုရားတို့သည်။ အာဃာတံ= သူတစ်ဖက်သား ရန်ငြိုးဖွဲ့မည်ကို။ အဂဏေတွာ=န ဂဏေန္တိ=ရေတွက်တော်မမူကြကုန်။ (သူတစ်ပါး ရန်ငြိုးဖွဲ့မှာကို ဘုရားများ မရေတွက်ဘူးတဲ့)။ အဂဏေတွာ=မရေတွက်မူ၍။ မဂ္ဂဖလာဓိဂမာရဟာနံ ဝသေန =မဂ်ဖိုလ်ရထိုက်တဲ့ ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် (ဝါ) ပုဂ္ဂိုလ်တို့နှင့် စပ်၍။ ဓမ္မံယေဝ= တရားကိုသာလျှင်။ ဒေသေန္တိ= ဟောတော်မူကြကုန်၏။

ရန်ငြိုးဖွဲ့မယ့်လူတွေ ဘုရားက ဂဏန်းထည့်တွက်နေတာ မဟုတ်ဘူးတဲ့။ မဂ်ဖိုလ်ရမယ့် ပုဂ္ဂိုလ်တွေကိုသာ ကြည့်ပြီးတော့ တရားကိုသာ မဂ်ဖိုလ်ရဖို့သာ ဟောတာ။ ဒီဂါထာ ရွတ်လိုက်လို့

http:\\www.dhammadownload.com



မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံ မဂ်ဖိုလ်ရမယ်မှန်းသိလို့ ဒီဂါထာ ရွတ်တာ။ ဟို ရန်ငြိုးဖွဲ့မယ့် မာဂဏ္ဍီကို တယ်အရေးစိုက်တာ မဟုတ်ဘူး။

## မာဂဏ္ဍီ ဉတေနမင်း၏ မိဖုရားဖြစ်ခြင်း

မာဂဏ္ဍီပုဏ္ဏားကြီး ဇနီးမောင်နှံတို့ သမီးကလေး မာဂဏ္ဍီကို ညီဖြစ်တဲ့ စူဠမာဂဏ္ဍီထံ အပ်နှံပြီးတော့ သာသနာ့ဝန်ထမ်း ရဟန်းပြုလို့ မကြာမြင့်မီ အရဟတ္တဖိုလ်ပေါက် ရောက်၊ အာသဝေါကုန်ခန်း ရဟန္တာကြီး ဖြစ်သွားကြပြီ။ ဘထွေးကလဲပဲ စိန္တေသိ= ကြံစည်မိ၏တဲ့။ စဉ်းစားတယ်။ ဘယ်လိုစဉ်းစားသလဲ။

ကိံ စိန္တေသိ= ဘယ်လိုကြံစည်သနည်း ဟူမူကား-

**မမ ဓီတာ ဩမကသတ္တဿ န အနုစ္ဆဝိကာ။**

မမ ဓီတာ= ငါ့သမီးလေး မာဂဏ္ဍီသည်။ ဩမကသတ္တဿ= အယုတ်ဖြစ်သော သတ္တဝါအား (ဝါ) အောက်ကျနောက်ကျ သတ္တဝါတို့အား။ န အနုစ္ဆဝိကာ=မသင့်လျော် မလျောက်ပတ်။

သူ့အရေလေး သူ့အသွေးလေးက အောက်ကျနောက်ကျ ယုတ်ညံ့တဲ့လူတွေနဲ့ မသင့်တော်ဘူးတဲ့။

**ဧကဿ ရညောဝ အနုစ္ဆဝိကာ။**

ဧကဿ ရညောဝ=မဟာရာဇာ တစ်ဦးဦးနှင့်သာ။ အနုစ္ဆဝိကာ= သင့်လျော်လျောက်ပတ်၏။ ဣတိ = ဤသို့။ စိန္တေသိ =ကြံစည်မိ၏။

မဟာရာဇာတစ်ဦးဦးနှင့်သာ ငါ့တူမလေး။ ဟိုအကိုကြီးက ပေးလို့မို့ သူက သမီးအရာထားပြီးတော့ ငါ့သမီးလေးက တော်တာ၊ သိပ်တော်တာ။

http:\\www.dhammadownload.com



အဲဒီလို ကြံစည်စဉ်းစားမိပြီးတော့။ ဣတိ= ဤသို့။ စိန္တေတွာ = ကြံစည်စဉ်းစားမိပြီးတော့။ တံ = ထိုမာဂဏ္ဍီ အမျိုးသမီးကို။ အာဒါယ = ခေါ်ဆောင်၍ -

ငါ့တူမ၊ ငါ့သမီး၊ ဒို့ကမ္မာသဓမ္မ ရွာနိဂုံးမှာ နေ၍တော့ ဘာမှ ငါ့သမီးနဲ့ ထိုက်တန်တဲ့ အရှင်သခင် လင်ယောကျ်ား ရမှာမဟုတ်ဘူး။ သွားကြစို့ဆိုပြီးတော့၊ တံ = ထိုမာဂဏ္ဍီ သတို့သမီးကို။ အာဒါယ = ခေါ်ဆောင်၍။ ကောသမ္ဗိံ = ကောသမ္ဗီပြည်သို့။ ဂန္တ္ဝာဂစ္ဆသိ = သွားလေ၏။ (ကောသမ္ဗီရောက်တဲ့အခါကျတော့) - ကောသမ္ဗိံ= ကောသမ္ဗီပြည်သို့။ ဂန္တ္ဝာ = သွားရောက်၍။ သဗ္ဗာလင်္ကာရေဟိ=အလုံးစုံသော အဆင်တန်ဆာတို့ဖြင့်။ အလင်္ကရိတွာ = သမီးကလေး မာဂဏ္ဍီကို တန်ဆာဆင်ပြီးတော့ (ဥတေနမင်းကြီးထံ ဝင်တယ်။ ရောက်တော့ ရှည်ရှည်မပြောဘူး။)

**ဣမံ ဣတ္ထိရတနံ ဒေဝဿ အနုစ္ဆဝိကံ။**

ဣမံ ဣတ္ထိရတနံ = ဤမိန်းမမြတ်ရတနာသည်။ ဒေဝဿ= သမ္မုတိနတ် အရှင်မင်းမြတ်အား။ အနုစ္ဆဝိကံ = သင့်လျော်လျောက်ပတ်ပါသည်ဘုရား။ ဣတိ = ဤသို့ပြောဆို၍။ ဥတေနဿ ရညော = ဥတေနမင်းတရားအား။ အဒါသိ = ဆက်လေပြီ။

ဥတေနမင်းတရားအား တစ်ခါတည်း ဆက်သတယ်။ ဒါဖြင့် ဥတေနမင်းတရားကကော ခုနက ဝါသုလဒတ္တာတို့နဲ့ အလာအသွား ဘယ့်နှယ်နေတုန်းဆိုတော့။

သော = ထိုဥတေနမင်းတရားလဲပဲ။ တံ = ထိုမာဂဏ္ဍီအမျိုးသမီးကို။ ဒိသွာဝ = မြင်လျှင်မြင်ခြင်း။ ဥပ္ပန္နဗလဝသိနေဟော =ဖြစ်ပေါ်လာသော အားကြီးသောချစ်ခြင်း ရှိသည်ဖြစ်၍။ အဘိသေကံ ကတွာ = အဘိသိက် သွန်းလောင်းမှု ပြုပြီးတော့။ ပဉ္စသတမာတုဂါမ

http:\\www.dhammadownload.com



ပရိဝါရံ ဒတွာ = မောင်းမမိဿံ အမျိုးသမီးငါးရာ ပေးပြီးတော့။ အဂ္ဂမဟေသိဋ္ဌာနေ = မိဖုရားခေါင်ကြီးရာထူး၌။ ဌပေသိ = ထားခဲ့လေပြီ။

မိဘုရားခေါင်ကြီး သုံးဦးရှိသွားပြီ။ (တစ်) သာမာဝတီမိဖုရားကြီး။ (နှစ်)ဝါသုလဒတ္တာမိဖုရား။ (သုံး)မာဂဏ္ဍီမိဖုရားကြီး။ သုံးဦးစလုံး အဂ္ဂမဟေသီချည်းပဲ။ ဒီမှာ အဋ္ဌကထာက တစ်ခန်း သိမ်းတယ်။

**အယံ မာဂဏ္ဍိယာယ ဥပ္ပတ္တိ။**

အယံ=ဤဆိုအပ်ပြီးသည်ကား။ မာဂဏ္ဍိယာယ=မာဂဏ္ဍီ မိဖုရား၏။ ဥပ္ပတ္တိ=အကြောင်းအရာ ဖြစ်ပုံတည်း။

## တရားသံဆေယူကြစေရန် ရည်သန်၍ ဝေပုလ္လသုတ္တန်ကို ကြားညှပ်ဟောကြားတော်မူခြင်း

ဩော် - ဒို့တရားတော်မှာကတဲ့ ဘုရားကိုယ်တော်မြတ်ကြီး ဒိဝတ္ထုမှာလာတဲ့ သာမာဝတီတို့၊ ခုဇ္ဇုတ္တရာတို့၊ သာမာဝတီအမှူးပြုတဲ့ အမျိုးသမီးငါးရာတို့ အဲဒီတုန်းက ကောသမ္ဗီပြည်မှာရှိတဲ့ ကျောင်းဒကာ ဃောသကသေဋ္ဌေး၊ ပါဝါရိကသေဋ္ဌေး၊ ကုက္ကုဋသေဋ္ဌေးတို့ဆိုတဲ့ ဒီအရာဝတ္ထုတွေသည် ယနေ့ ဘာမှ အစရှာမတွေ့တော့ဘူး၊ ဝေပုလ္လသုတ္တန်များလို။ ဝေပုလ္လသုတ္တန်မှာ မြတ်စွာဘုရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ အကျဲဆုံးဖော်ပြတယ်။ ဂိဇ္ဈကုဋ်တောင်ပေါ်က နေပြီးတော့ ရဟန်းတော်တွေကို ရာဇဂြိုဟ်ပြည် ပတ်လည်မှာ တည်နေတဲ့ တောင်ငါးလုံးရံနေတဲ့ ရှိတဲ့အနက် ဂိဇ္ဈကုဋ်တောင်ပေါ်က နေပြီးတော့ ဝေပုလ္လတောင်ကြီးကို လက်ညှိုးညွှန်ပြီးတော့ အနိစ္စလက္ခဏာကို အကျဲဆုံး မြတ်စွာဘုရား ပြတယ် -

http:\\www.dhammadownload.com



**ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ "ပါစီနဝံသော" တွေဝ သမညာ ဥဒပါဒိ (သံ ၊ ၁ ၊ ၃၉၆)**

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားတို့။ ဘူတပုဗ္ဗံ = ရှေးကဖြစ်ဖူး အကြောင်းထူးကား။ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ= ဤဝေပုလ္လတောင်၏။ ပါစီနဝံသော တွေဝ = ပါစီနဝံသဟူ၍သာလျှင်။ သမညာ = အမည်သည်။ ဥဒပါဒိ = ထင်ရှားဖြစ်ခဲ့ပြီ။ တရားခင်းတာ–

ချစ်သားတို့–– အဲဒီ ဝေပုလ္လတောင်ကြီးရဲ့ အမည်ဟာတဲ့။ ရှေးက ဖြစ်ခဲ့ဖူးတာကို ပြောရယင် ဝေပုလ္လမဟုတ်ဘူးတဲ့။ "ပါစီနဝံသ တောင်" ဒီတောင်ကြီးရဲ့ နာမည်ဖြစ်ခဲ့တယ်။

**တေန ခေါ ပန ဘိက္ခဝေ သမယေန မနုဿာနံ "တိဝရာ"တွေဝ သမညာ ဥဒပါဒိ။**

ချစ်သားတို့ အဲဒီအချိန်တုန်းကလေ လူတွေရဲ့အမည်ဟာ "တိဝရ"လို့ ခေါ်တယ်။

**တိဝရာ ဘိက္ခဝေ မနုဿာ ပါစီနဝံသံ ပဗ္ဗတံ စတူဟေန အာရောဟန္တိ၊ စတူဟေန ဩရောဟန္တိ။**

ချစ်သားတို့ – အဲဒီခေတ်တုန်းက တိဝရခေါ်တဲ့ လူတွေဟာ ပါစီနဝံသလို့ အမည်တွင်ခဲ့တဲ့ ဟောဒီဝေပုလ္လတောင်ကြီးကို လေးရက် တက်ရတယ်တဲ့။ လေးရက် ဆင်းရတယ်။ တက်တာ လေးရက်ကြာ တယ်။ ဆင်းတာ လေးရက်ကြာတယ်။

အဲဒီတုန်းက – ကကုသန် မြတ်စွာဘုရား ပွင့်ထွန်းတော်မူတယ်။ ကကုသန်မြတ်စွာဘုရားရဲ့ အဂ္ဂသာဝကအစုံက ဝိဓုရမထေရ်နဲ့ သဉ္ဇီဝ မထေရ်လို့ ခေါ်တယ်။ အဲဒီတုန်းက ပါစီနဝံသဆိုတဲ့ ဝေပုလ္လတောင်ရဲ့ နာမည်။ လူတွေရဲ့ တိဝရဆိုတဲ့ နာမည်။ အဲဒီတုန်းက တောင်ရဲ့ အမြင့်ပမာဏ လေးယူဇနာရှိတယ်။ တက်တဲ့အခါ လေးရက်ကြာ တယ်။ ဆင်းတဲ့အခါ လေးရက်တိုင်။ ပမာဏမြင့်အောင်။

http:\\www.dhammadownload.com



အဲဒီတုန်းကပွင့်တဲ့ဘုရား ကကုသန်မြတ်စွာဘုရား။ အနှစ်လေးသောင်းတန်းမှာ ပွင့်တယ်။ အဲဒီကကုသန် မြတ်စွာဘုရားရဲ့ အဂ္ဂသာဝကအစုံက အရှင်ဝိဓုရနဲ့ အရှင်သဉ္ဇီဝမထေရ်လို့။ အဲဒီလို အမိန့်ရှိပြီးတော့မှ သံဝေဂနဲ့ အနိစ္စလက္ခဏာနိဂုံး ဘယ်လို အုပ်ပေးသလဲ –

**ပဿထ ဘိက္ခဝေ သာ စေဝိမဿ ပဗ္ဗတဿ သမညာ အန္တရဟိတာ။**

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားတို့။ ပဿထ=ဉာဏ် ပညာစက္ခုဖြင့် ကြည့်ရှုကြပါကုန်လော့။ ဣမဿ ပဗ္ဗတဿ =ယနေ့ ဝေပုလ္လခေါ်တဲ့ ဤတောင်ကြီး၏။ သာ စေဝ သမညာ =ထိုစဉ်က တွင်ခဲ့တဲ့ ပါစီနဝံသဆိုတဲ့ အမည်လဲပဲ။ အန္တရဟိတာ = ကွယ်ပျောက်ခဲ့လေပြီ။

ကနေ့လူတွေမေးကြည့်။ ဒီတောင်ကြီး ပါစီနဝံသတောင်လို့ တွင်ခဲ့တယ်ဆိုတာ တစ်ယောက်မှ မသိဘူး။ တေ စ မနုဿာ ကာလင်္ကတာ= ထိုစဉ်က တိဝရခေါ်တဲ့ လူတွေလဲ တစ်ယောက် မကျန် အားလုံး စုတိပြတ်ကြွေ သေလွန်ခဲ့ကုန်ပြီ။ သော စ ဘဂဝါ ပရိနိဗ္ဗုတော = ထိုစဉ်က ပွင့်တော်မူခဲ့တဲ့ ကကုသန်မြတ်စွာဘုရားလဲပဲ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူ ခဲ့လေပြီ။

**ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အဒ္ဓုဝါ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ။**

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားတို့။ သင်္ခါရာ = ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ ဧဝံ အနိစ္စာ=ဤသို့ မမြဲခြင်း သဘော ရှိကုန်၏။ ဧဝံ အဒ္ဓုဝါ = ဤသို့ မခိုင်ခြင်း သဘောရှိကုန်၏။ ဧဝံ အနဿာသိကာ = ဤသို့ မသက်သာခြင်း သဘောရှိကုန်၏။

http:\\www.dhammadownload.com



**ယာဝဋီဒံ ဘိက္ခဝေ အလ+ မေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ၊ အလံ ဝိမုစ္စိတုံ။**

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ယာဝဋ္ဌ အတိဝိယ =အလွန်လျှင်။ သဗ္ဗသင်္ခါရေသု=ကြွင်းမဲ့ဥဿုံ အလုံးစုံသော သင်္ခါရ တရားတို့၌။ နိဗ္ဗိန္ဒိတုံ = နိဗ္ဗိဒါဉာဏ် ရင့်သန်အောင် ကြိုးကုတ် အားထုတ်ခြင်းငှာ။ အလ+ မေဝ = သင့်လှသည်သာတည်း။ ဝိရဇ္ဇိတုံ =ဝိရာဂဉာဏ် ရင့်သန်အောင် ကြိုးကုတ်အားထုတ်ခြင်းငှာ။ အလ+ မေဝ= သင့်လှသည်သာတည်း။ ဝိမုစ္စိတုံ=ကိလေသာမှ လွတ်မြောက်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါက် ကျင့်ဆောက် ကြိုးကုတ် အားထုတ်ခြင်းငှာ။ အလံ=သင့်လှလေပြီ။

ဒီဝေပုလ္လတောင်ကြီးကို လက်ညှိုးထိုးပြပြီးတော့ ကကုသန် မြတ်စွာဘုရား လက်ထက်တုန်းက ဒီတောင်ကြီး ပါစီနဝံသခေါ်တယ်။ ကောဏာဂုံမြတ်စွာဘုရား လက်ထက်ကျတော့ “ဝင်္ကတ”လို့ ခေါ် တယ်။ အဲဒီတုန်းက ဒီရာဇဂြိုဟ် ပြည်သူပြည်သားတွေရဲ့ နာမည်ဟာ “ရောဟိတသ”ခေါ်တယ်။ အဲဒီတုန်းက ရောဟိ တသ ခေါ်တဲ့ ရာဇဂြိုဟ်မြို့နေရာမှာ နေတဲ့ လူတွေဟာ ကနေ့ ဝေပုလ္လတောင်ကြီး၊ ဟိုတုန်းက ဝင်္ကတခေါ်တဲ့ တောင်ကြီးကို သုံးရက် တက်ရတယ်။ သုံးရက်ဆင်းရတယ်။ ဘာပြုလို့လဲ။ သုံး ယူဇနာမြင့်တော့ ကကုသန် မြတ်စွာဘုရား လက်ထက်တုန်းက လေးယူဇနာ မြင့်တဲ့ တောင်ကြီးဟာ ကောဏာဂုံဘုရား လက်ထက်ကျတော့ သုံး ယူဇနာ မြင့်တယ်။ ဒါကြောင့် လူတွေ သုံးရက် တက်ရတယ်။ သုံး ရက် ဆင်းရတယ်။ ထိုစဉ်က ကောဏာဂုံဘုရား ပွင့်တယ်။

ချစ်သားတို့–ဉာဏ်မျက်စိနဲ့ ကြည့်စမ်း။ အဲဒီတုန်းက ယနေ့ ဝေပုလ္လတောင်ကြီးရဲ့ ဝင်္ကတဆိုတဲ့ အမည်လဲ ပျောက်သွားပြီ။

http:\\www.dhammadownload.com



အဲဒီတုန်းက ရောဟိတဿခေါ်တဲ့ လူတွေရဲ့အမည်လဲပဲ အခု ငါဘုရား ဟောလို့သာ ချစ်သားတို့ သိရတယ်။ အဲဒီလူတွေရဲ့ အမည်လဲ ပျောက်ပြီ။ အဲဒီလူတွေလဲ ဟာစ်ယောက်မှ မကျန်ဘူး။ အဲဒီတုန်းက ပွင့်တော်မူတဲ့ ကောဏာဂုံဘုရားလဲပဲ ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ။ ယခင်က နည်းအတိုင်း -

**ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အဒ္ဓုဝါ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ။ ယာဝဉ္စိဒံ ဘိက္ခဝေ အလ + မေဝ သဗ္ဗသင်္ခါရေသု နိဗ္ဗိန္ဒိတုံ၊ အလံ ဝိရဇ္ဇိတုံ အလံ ဝိမုစ္စိတုံ။**

အဲဒီလို ကောဏာဂုံဘုရားလက်ထက်မှာ ဒီတောင်ရဲ့အမည်။ အဲဒီတုန်းက ရာဇဂြိုဟ်မြို့က လူတွေရဲ့ အမည်။ အဲဒီတုန်းကပွင့်တဲ့ ကောဏာဂုံဘုရား။ ကောဏာဂုံဘုရားရဲ့ အဂ္ဂသာဝကအစုံဖြစ်တဲ့ ဘိယျောသော မထေရ်၊ ဥတ္တရ မထေရ်ဆိုတဲ့ မထေရ်နှစ်ပါး။ ဒါတွေ ခင်းပြောပြီးတော့မှ မြတ်စွာဘုရားက အနိစ္စလက္ခဏာကို ထင်မြင်အောင်ပြတယ်။

တစ်ခါ ကဿပမြတ်စွာဘုရား လက်ထက်ကျတော့ ဒီဝေပုလ္လ တောင်ရဲ့ အမည် တစ်မျိုးပြောင်းလာတယ်။ သုပဿတောင်တဲ့။ ရွှေမြင်တင်တောင်ကြီးပေါ့။ အဲဒီအချိန်ကျတော့ လူတွေရဲ့အမည်က "သုပ္ပိယ"လို့ ခေါ်သတဲ့။ ရာဇဂြိုဟ်ပြည်မှာနေတဲ့ မဂဓတိုင်းသားတွေ အဲဒီတုန်းက သုပ္ပိယ လို့ခေါ်တယ်။

အဲဒီသုပ္ပိယခေါ်တဲ့ လူတွေသည် သုပဿ ခေါ်တဲ့ အဲဒီဝေပုလ္လ တောင်ကြီးကို နှစ်ရက်တက်ရတယ်၊ နှစ်ရက်ဆင်းရတယ်။ ဘာပြု လို့လဲ။ နှစ်ယူဇနာပဲမြင့်လို့။

http:\\www.dhammadownload.com



ဒါကြောင့် လူ့ဝေါဟာရ ဘုရားတစ်ဆူနဲ့ တစ်ဆူကြား မြေကြီး တစ်ယူဇနာမြင့်တယ်လို့ ဆိုကြတယ်။ တောင်တွေက မိုးရွာတော့ တဖြည်းဖြည်းစီးပြီးတော့ကျတယ်။ ကောဏာဂုံ မြတ်စွာဘုရား လက်ထက် သုံးယူဇနာ၊ ကဿပဘုရား လက်ထက်ကျတော့ နှစ်ယူဇနာ။

ကဿပဘုရားရဲ့ အဂ္ဂသာဝက အစုံက တိဿ မထေရ်၊ ဘာရ ဒွါဇ မထေရ်။

အားလုံးခင်းပြောပြီးမှ မြတ်စွာဘုရားက –

**ပဿထ ဘိက္ခဝေ သာ စေဝိမဿ ပဗ္ဗတဿ သမညာ အန္တရဟိတာ။**

ရှေးနည်းအတိုင်း ချစ်သားတို့ – ဉာဏ်မျက်စိနဲ့ ကြည့်ကြစမ်းပါ။ ကနေ့ ဟောဒီ ဝေပုလ္လတောင်ကြီးက ကဿပမြတ်စွာဘုရား လက်ထက်တုန်းက တွင်ခဲ့တဲ့ သုပဿဆိုတဲ့ အမည်လဲ ပျောက်သွားပြီ။

တေစ မနုဿာ ကာလင်္ကတာ = ထိုစဉ်က သုပ္ပိယခေါ်တဲ့ လူတွေလဲ တစ်ယောက်မကျန် ကွယ်လွန်ကုန်ကြပြီ။ သော စ ဘဂဝါ ပရိနိဗ္ဗုတော = ထိုစဉ်က ပွင့်တော်မူတဲ့ ကဿပ မြတ်စွာဘုရားလဲ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူပြီ။

**ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ ၊ ဧဝံ အဒ္ဓုဝါ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ။**

ချစ်သားတို့ – သက်ရှိသက်မဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရဆိုတာ ဤသို့လျှင် မမြဲခြင်း သဘော၊ ဤသို့လျှင် မခိုင်မာခြင်း သဘော၊ ဤသို့လျှင် မသက်သာခြင်းသဘော ရှိတယ်လို့ သံဝေဂနဲ့ = အနိစ္စ ဝိပဿနာနဲ့ နိဂုံး တစ်ဂုံး၊ တစ်ဂုံးအုပ်ပေးတယ်။

အဲ ကိုယ်တော့်လက်ထက်ကျတော့ –

http:\\www.dhammadownload.com



**တေရုပိ ခေါ ပန ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ "ဝေပုလ္လော" တွေဝ သမညာ ဥဒပါဒိ။**

ချစ်သားတို့ ကနေ့ကျတော့ ဟောဒီတောင်ကြီးရဲ့ အမည်ဟာ "ဝေပုလ္လ"လို့ ချစ်သားတို့ သိကြတယ်။ ဝေပုလ္လလို့ခေါ်တယ်။

**ဣမေသဥ္စ မနုဿာနံ "မာဂဓကာ" တွေဝ သမညာ ဥဒပါဒိ။**

ဟောဒီ ရာဇဂြိုဟ်ပြည်ထဲက ရာဇဂြိုဟ်ပြည်ပေါ်မှာ နေတဲ့ လူတွေရဲ့နာမည်ကို "မာဂဓကေ" မာဂဓတိုင်းသားတွေလို့ ခေါ်ကြတယ်။ နာမည်ပြောင်းလာတယ်။

**မာဂဓကာ ဘိက္ခဝေ မနုဿာ ဝေပုလ္လံ ပဗ္ဗတံ မုဟုတ္တေန အာရောဟန္တိ မုဟုတ္တေန ဩရောဟန္တိ။**

ချစ်သားတို့– ယနေ့ မာဂဓတိုင်းသား လူတွေဟာတဲ့ ဝေပုလ္လ တောင်ကြီးကို ခဏပဲတက်တယ်။ ခဏပဲဆင်းတယ်။ တစ်ရက်တက် တစ်ရက်ဆင်းတောင် မရှိတော့ဘူးတဲ့။ ဘာပြုလို့လဲ။ ကကုသန် မြတ်စွာဘုရား လက်ထက်တုန်းက လေးရက် တက်ရတယ်၊ လေး ယူဇနာ မြင့်တယ်။ ကောဏာဂုံဘုရားလက်ထက် သုံးရက်တက်ရတယ်၊ သုံးယူဇနာမြင့်ကယ်။ ကဿပမြတ်စွာဘုရား လက်ထက်မှာ နှစ်ရက် တက်ရတယ်၊ နှစ်ယူဇနာမြင့်တယ်။ နှစ်ရက်ဆင်းရတယ်။

အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရား လက်ထက် ကျတော့ တစ်ယူဇနာ မြင့်ပါတော့လား။ ဟုတ်လား။ တစ်ရက် တက်ဖြစ်ပါတော့လား။ ဒီလိုနော်။ ကကုသန်မြတ်စွာဘုရား အနှစ် လေးသောင်းတန်းပွင့်တယ်။ လူတို့ရဲ့ အသက်တမ်းသည် တဖြည်းဖြည်း ဆုတ်ယုတ်လို့ ဆယ်နှစ်တမ်းရောက်။ ဆယ်နှစ်တမ်းက အဆပေါင်း မြောက်မြားစွာ နေပြီးတော့ တစ်ဖန်ပြန်ပြီး တက်ကပ်။ အသင်္ချေ

http:\\www.dhammadownload.com



ထိအောင် တက်သွားလို့။ အသင်္ချေက ပြန်ပြီးလျော့လာတဲ့အခါ အနှစ်သုံးသောင်းတမ်းမှာ ကောဏာဂုံဘုရား ပွင့်တယ်။ အန္တရကပ် တစ်ကပ်ခြားပြီးတော့ ပွင့်တယ်။

ကောဏာဂုံဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် အနှစ်သုံးသောင်းတမ်းက တဖြည်းဖြည်း လူတွေအသက်တမ်း ဆုတ်ယုတ်– ဆယ်နှစ်တမ်းရောက်။ ဟင်–တစ်ခါ အသင်္ချေထိအောင် ပြန်တက်။ အသင်္ချေကလဲပဲ တက်တဲ့နေရာက တစ်ဖန်ပြန်ပြီးတော့ ဆုတ်ယုတ်လာလို့ အနှစ်· နှစ်သောင်းတမ်းမှာ ကဿပ မြတ်စွာဘုရားက ပွင့်တယ်။ ကောဏာဂုံဘုရားနဲ့ ကဿပဘုရား ကြားထဲလဲပဲ အန္တရကပ် တစ်ကပ်ပဲ ခြားတယ်။

ကဿပဘုရား အနှစ်နှစ်သောင်းတမ်း ပွင့်လို့ ပရိနိဗ္ဗာန်စံပြီးတဲ့နောက် အနှစ်ဆယ်နှစ်တမ်း ထိအောင် သတ္တဝါတွေ အသက်တမ်း ဆုတ်ယုတ်လို့၊ တစ်ဖန် အသင်္ချေထိအောင် ပြန်တက်၊ ပြန်ပြီးတော့ ဆုတ်ကပ်မှာ အနှစ်တစ်သောင်းတမ်း၌ ဂေါတမမြတ်စွာဘုရား ပွင့်ဖို့ပဲ။ မပွင့်သေးဘူး။ ဘာပြုလို့တုန်း။ ပါရမီမပြည့်စုံသေးလို့။ အဲဒီတုန်းက ပွင့်သွားယင်လည်း ကနေ့ပုဂ္ဂိုလ်တွေဟာပေါ့လေ။ ဘုရားရဲ့သာသနာ တွေ့ရတော့မှာ မဟုတ်ဘူး။ အဲဒီတုန်းက မပွင့်တာလဲပဲ၊ ဒီဘုန်းကြီးတို့ ဒကာ ဒကာမတွေအားလုံးဖို့ပဲလို့သာ အောက်မေ့ပေတော့။

အနှစ်ငါးထောင်တမ်း မပွင့်ဘူး။ လေးထောင် – သုံးထောင် – နှစ်ထောင် – တစ်ထောင်တမ်း မပွင့်သေးဘူး။ ဘာ့ကြောင့်လဲ။ ရိုးရိုးပြော။ ပါရမီမပြည့်သေးလို့။ အင် – အနှစ်ငါးရာတမ်း မပွင့်သေးဘူး။ လေးရာ – သုံးရာ – နှစ်ရာတမ်းထိအောင် မပွင့်သေးဘူး။

http:\\www.dhammadownload.com



အနှစ်တစ်ရာတမ်း နောက်ဖျားစွဲလောက်မှ လာပြီးတော့မှ ပါရမီက ပြည့်တယ်။ အခု အနှစ်တစ်ရာတမ်း လာပွင့်ရတော့ အန္တရကပ် တစ်ကပ်တွင် မကတော့ဘူးတဲ့။ တစ်ကပ်နဲ့ တစ်ဝက်သာသာ ကျော်လာတော့ ခုနင်က ဝေပုလ္လတောင်ကြီးဟာ တစ်ယူဇနာ မက တော့ဘူး။ နိမ့်သွားတယ်။ အင်း ယူဇနာဝက်လောက် ထားပါတော့။ အဲဒီတော့ တစ်နေ့တက် မရှိဘူးတဲ့။ ဒါကို မြတ်စွာဘုရားက

**မာဂဓကာ ဘိက္ခဝေ မနုဿာ ဝေပုလ္လံ ပဗ္ဗတံ မုဟုတ္တေန အာရောဟန္တိ မုဟုတ္တေန ဩရောဟန္တိ။**

ချစ်သားတို့ မာဂဓခေါ်တဲ့ တိုင်းသားပြည်သူတွေဟာတဲ့ ယနေ့ ဝေပုလ္လခေါ်တဲ့ ဒီတောင်ကို ခဏပဲတက်ကြတယ်။ ခဏပဲ ဆင်းကြ တယ်။

**ဧတရဟိ ခေါ ပနာဟံ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။**

ချစ်သားတို့၊ ကနေ့တော့လေ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင်ဖြစ်တဲ့ ငါဘုရားပွင့်တယ်။

**မယှံ ခေါ ပန ဘိက္ခဝေ သာရိပုတ္တ မောဂ္ဂလ္လာနံ နာမ သာဝကယုဂံ အဂ္ဂံ ဘဒ္ဒယုဂံ။**

ငါဘုရားရဲ့ အဂ္ဂသာဝကအစုံကျတော့ သာရိပုတ္တရာထေရ်၊ မောဂ္ဂလ္လာန်ထေရ်လို့ ချစ်သားတို့ အသိပဲမဟုတ်လား။ ကိုယ်တော့် လက်ထက် လောလောဆယ်ဆယ်က ဝေပုလ္လတောင်ကြီးရဲ့ ဝေပုလ္လ ဆိုတဲ့ အမည်။ မဂတိုင်းကလူတွေရဲ့ အသက်က ထင်ရှားရှိနေ သေးတယ်။ ကိုယ်တော်လဲ အသက်ထင်ရှား ရှိနေသေးတော့ - တရားဆင်ပုံ ပြောပါတယ်။

**ဘဝိဿတိ ဘိက္ခဝေ သော သမယော၊ ယာ အယဉ္စေဝ ဣမဿ ပဗ္ဗတဿ သမညာ အန္တရဓာယိဿတိ။ ဣမေ စ မနုဿာ ကာလံ ကရိဿန္တိ ၊ အဟဉ္စ ပရိနိဗ္ဗာယိဿာမိ။**

http:\\www.dhammadownload.com



ဘိက္ခဝေ= ရဟန်းတော်များ အို ချစ်သားတို့။ ယသ္မိံ=အကြင် အခါ၌။ ဣမဿ ပဗ္ဗတဿ = ဤဝေပုလ္လတောင်ကြီး၏။ ယာ အယံ သမညာ=အကြင်ဝေပုလ္လဆိုတဲ့ တောင်ရဲ့အမည်သည်။ အန္တရ ဓာယိဿတိ = ကွယ်လိမ့်မယ်။ ဣမေစ မနုဿာ = ဤမဂဓတိုင်းသား လူများလဲပဲ။ ကာလံ ကရိဿန္တိ = တစ်ယောက်မကျန် စုတိပြတ်ကြွေ သေလွန်ကြကုန်လတ္တံ့။ အဟဥ္စ=လူသုံးပါးတို့၏ဆရာ ဘုရား ငါလဲပဲ။ ယသ္မိံ သမယေ = အကြင်အခါ၌။ ပရိနိဗ္ဗာယိဿာမိ = ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းရပေတော့အံ့။ သော သမယော = ဒီ ဝေပုလ္လတောင်ကြီးရဲ့၊ ဝေပုလ္လဟူသောအမည် ပျောက်တဲ့အချိန်၊ ရာဇဂြိုဟ်ပြည်ထဲက မာဂဓလို့ခေါ်တဲ့ မာဂဓတိုင်းသား လူတွေများ တစ်ယောက်မကျန် စုတိပြတ်ကြွေ သေလွန်တဲ့အချိန်၊ ငါဘုရား ပရိနိဗ္ဗာန်စံတဲ့အချိန်သည်။ ဘဝိဿတိ = တစ်နေ့တွင် မုချဧကန် ဖြစ်လိမ့်မည်အမှန်။ ဒါ မြော်ပြီးတော့ ချစ်သားတို့ ကြည့်ကြ။

**ဧဝံ အနိစ္စာ ဘိက္ခဝေ သင်္ခါရာ။ ဧဝံ အဒ္ဓုဝါ ဘိက္ခဝေ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ဘိက္ခဝေ သင်္ခါရာ။**

ချစ်သားတို့၊ သက်ရှိသက်မဲ့ သင်္ခါရတွေဆိုတာ အခုပြောတဲ့ အတိုင်း မမြဲခြင်းသဘော၊ မခိုင်မာခြင်းသဘော၊ မသက်သာခြင်း သဘော ရှိတယ်ဆိုတာ အနိစ္စလက္ခဏာကို အကျဲဆုံး ဖော်ပြတယ်။

အခုလဲပဲ တရားနာပရိသတ်တွေ အနေနဲ့ "ဪ– ဒီသာမာဝတီ ဝတ္ထု ဖြစ်ပေါ်လာတဲ့ အချိန်တုန်းက ရှိတဲ့ ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်စံသွားပြီတဲ့၊ အဲဒီတုန်းက ကောသမ္ဗီပြည်က သေဋ္ဌေး သုံး ယောက် အစအန ဘာမှမရှိဘူး၊ အကုန်ပျောက်ကုန်ပြီ။ ဒီအကြောင်း ဝတ္ထုမှာ အဝင်အပါဖြစ်တဲ့ သာမာဝတီတို့၊ မာဂဏ္ဍီတို့၊ တစ်ယောက်မှ မကျန်ဘူး၊ အားလုံးချုပ်ပျောက်ကုန်ပြီ။ ရုပ်နာမ်ဓမ္မသင်္ခါရတို့ကား

http:\\www.dhammadownload.com



ဤသို့ မမြဲခြင်းသဘော ရှိကုန်စွတကား။ ဤသို့ မခိုင်မာခြင်း သဘောရှိကုန်စွတကား။ ဤသို့ မသက်သာခြင်းသဘော ရှိကုန်စွ တကားလို့။

ကိုယ်နာတဲ့ တရားထဲကနေပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို အဲဒီလိုလဲပဲ စဉ်းစားပြီးတော့ နာယူကြပါဘိ။ ဘုန်းကြီးတော့ ဒီတရားကြွေးဆပ်ဖို့ရန် ရှိတဲ့အတိုင်း သာမာဝတီဝတ္ထု ငါးကြိမ်မြောက် ဟောပါတော့မယ်။ ရှေ့လေးကြိမ်တုန်းက ပဌမအကြိမ် ဥတေနမင်း ရဲ့အကြောင်း၊ ဒုတိယအကြိမ် သာမာဝတီရဲ့အကြောင်း။ တတိယ အကြိမ် မာဂဏ္ဍီမိဖုရားရဲ့ အကြောင်း။ စတုတ္ထ အကြိမ်တုန်းက စဏ္ဍပဇ္ဇောတမင်းရဲ့ သမီးတော် ဝါသုလဒတ္တာဆိုတဲ့ မိဖုရားအကြောင်း အပိုင်းလိုက် အပိုင်းလိုက် ဟောပြီးခဲ့ပြီ။

## အနာထပိဏ်သေဋ္ဌေး၏ အစေား နေ့ဝက်ဥပုသ်ဖြင့် တန်ခိုးကြီးသော နတ်ဖြစ်ခြင်း

အခု ပဋ္ဌမအကြိမ်ကျတော့ တရားနာပရိသတ်ရဲ့ ဉာဏ်ထဲမှာ "သြော် – ကောသမ္ဗီပြည်က ဥတေနမင်းတရားမှာ သာမာဝတီဆိုတဲ့ ဃောသကသေဋ္ဌေးကြီးရဲ့သမီး မိဖုရားခေါင်ကြီး တစ်ဦး ရှိသတဲ့။ မာဂဏ္ဍီဆိုတဲ့ မာဂဏ္ဍီပုဏ္ဏားကြီးရဲ့သမီး မိဖုရားကြီးတစ်ဦး ရှိသတဲ့။ ဝါသုလဒတ္တာလို့ခေါ်တဲ့ စဏ္ဍပဇ္ဇောတမင်းရဲ့သမီး မိဖုရားကြီး တစ်ဦး ရှိသတဲ့လို့ အဲဒီလိုသိထား။

အဲဒီလိုသိခဲ့ပြီးတဲ့နောက် ဥတေနမင်းတရား လက်ထက် ကောသမ္ဗီပြည်မှာ ဃောသကသေဋ္ဌေး၊ ပါဝါရိကသေဋ္ဌေး၊ ကုက္ကုဋ သေဋ္ဌေး လို့ မင်းသုံးသေဋ္ဌေးကြီး သုံးယောက်ရှိတယ်။ အဲဒီသေဋ္ဌေးကြီး သုံးယောက်သည် နောက်ဆုံး ပစ္ဆိမဘဝိကသားပီပီ ဘုရားပွင့်တော်မမူမီ

http:\\www.dhammadownload.com



အချိန်လောက်က နေပေါ့လေ – ပွင့်တော်မူခါနီးအချိန်လောက်က ရှိပါလိမ့်မယ်။

ဘယ်နှယ်လဲဆိုတော့ ဟိမဝန္တာက ရသေ့ငါးရာ၊ မိုးတွင်းကျတော့ ဟိမဝန္တာမှာ မိုးက အင်မတန်များတော့ မနေနိုင်ဘူး။ ရသေ့တွေ ကောသမ္ဗီဆင်းလာတော့ ရသေ့တွေရဲ့ ဣန္ဒြေသိက္ခာကို အလွန် ကြည်ညိုတဲ့အတွက် ဒီသေဌေးသုံးဦးက တာဝန်ခံပြီးတော့ ကောသမ္ဗီ ပြည် ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူပါတယ်။ တပည့်တော်တို့ ဆွမ်းပြုစုပါမယ်။ လျှောက်ထားပြီး သေဌေးသုံးဦး အလှည့်ကျ ဆွမ်းပြုတယ်။ အဲ– မိုးလကျွတ်တဲ့အခါကျတော့ ရသေ့တွေ နောက် နှစ်ဝါမိုးတွင်းမှာလဲ လာပြီးတော့ သီတင်းသုံးဖို့ရန် ပဋိညာဉ်ဝန်ခံချက် တောင်းပြီးမှ၊ အဲ – ရသေ့တွေကို ပူဇော်ပြီးတော့ လွှတ်လိုက်တယ်။

ဒီလိုလာခဲ့တဲ့ နှစ်ပရိစ္ဆေဒကာလ တော်တော်လေးလဲညောင်းပြီ၊ ဘုရားလဲပဲပွင့်ပြီ။ အဲဒီဘုရား ပွင့်လာတဲ့အချိန်မှာ တစ်ချိန်ဆိုကြပါစို့။ ဟိမဝန္တာက ရသေ့ငါးရာ မိုးလနီးလို့ မိုးဦးကျ ဝါဆိုလပြည့်ခါနီးမှာ ဟိမဝန္တာက ကောသမ္ဗီလာကြတယ်။ တောကြီးထဲကျတော့ ညောင် ပင်ကြီး တစ်ပင် တွေ့တယ်။ ခရီးပန်းလို့ ရသေ့ငါးရာ နားနေတဲ့ အခါကျတော့ ညောင်ပင်ကြီးကြည့်ရတာ အကိုင်းအခက်အလက်နဲ့ အင်မတန် တင့်တင့်တယ်တယ် တွေ့တဲ့အတွက် ဒီအထဲ အကြီးဆုံး ဖြစ်တဲ့ ရသေ့ကြီးက စဉ်းစားသတဲ့။ တယ်လဲ ခရီးကပန်းတယ်။ ပင်လဲပင်ပန်းပါတယ်။

**ဣမသ္မိံ ရုက္ခေ အဓိဝတ္ထာ ဒေဝတာ ဩဠာရိကာ န ဘဝိဿတိ။**

ဣမသ္မိံ ရုက္ခေ=ဤပညောင်ပင်၌။ အဓိဝတ္ထာ ဒေဝတာ= စိုးအုပ်၍ နေတဲ့ နတ်မင်းသည်။ ဩဠာရိကာ = ယုတ်နိမ့်သော အတိုင်းအရှည် ရှိသည်။ န ဘဝိဿတိ = ဖြစ်လိမ့်မည်မဟုတ်။

http:\\www.dhammadownload.com



ဒီလောက်ကြီးတဲ့ ညောင်ပင်ကြီး၊ အုပ်စိုးနေတဲ့ ရက္ခစိုးနတ်မင်းဟာ - ဘုန်းကံသေးငယ်တဲ့ နတ်မင်းတော့ ဖြစ်မှာမဟုတ်ဘူးတဲ့။

**မဟေသက္ခေနေဝတ္ထ ဒေဝရာဇေန ဘဝိတဗ္ဗံ။**

ဧတ္ထ = ဤပညောင်ပင်၌။ ဒေဝရာဇေန = အုပ်စိုး၍နေတဲ့ နတ်မင်းသည်။ မဟေသက္ခေန = ကြီးသောတန်ခိုးရှိသော နတ်မင်းသည်။ ဘဝိတဗ္ဗံ = ဖြစ်လေရာ၏။

ဧကန္တ ဒီညောင်ပင်ကြီးကို အုပ်စိုးနေတဲ့ နတ်ဟာဖြင့်။ မဟေသက္ခ = နတ်မင်းကြီးဖြစ်မှာ အမှန်ပဲ။

**သာဓု ဝတ သစာ + ယံ ဣသိဂဏဿ ပါနီယံ ဒဒေယျ။**

အယံ = ဤညောင်စောင့်နတ်ကြီးသည်။ သစေ = အကယ်၍။ ဣသိဂဏဿ = ရသေ့အပေါင်းအား။ ပါနီယံ = သောက်ရေကို။ ဒဒေယျ = ပေးဝေငြားအံ့။ သာဓု ဝတ = ကောင်းလေစွ။

အကယ်၍များ ဒီညောင်စောင့်နတ်ကြီးက ဒို့ရသေ့တွေ၊ ခရီးပန်းလာတဲ့ ရသေ့တွေကို သောက်ရေများ ပေးယင် ကောင်းမှာပဲလို့ အကြီးဆုံးရသေ့ကြီးက စဉ်းစားလိုက်တယ်။ ရသေ့ရဲ့ စိတ်အကြံသိပြီးတော့ ညောင်စောင့်နတ်ကြီးကလဲ ဒီညောင်ပင်ခွကြားကနေပြီးတော့ သောက်ရေတွေ သွင်သွင်၊ သွင်သွင်နဲ့ ကျလာတယ်။

သောက်ရေသောက်ပြီးတော့ သောက်ရေတော့ရပြီ။ ဒို့ချိုးဖို့ရေများ ပေးယင်ကောင်းလေစွ။ အဲဒီလို စိတ်ထဲက ချိုးရေ တောင့်တလိုက်။ တစ်ခါ ချိုးရေတွေ ဟိုကညောင်ပင်ပေါ်က ဖျန်းဖျန်း ဖျန်းဖျန်းနဲ့ ချတယ်။သွန်ချပေးလိုက်တယ်။ အင်း-ဒို့ရေချိုးရပြီ။ သစ်သီးကြီးငယ်တွေများ ချပေးယင် ကောင်းမှာပဲလို့၊ အောက်မေ့လိုက်ပြန်တော့လဲ သစ်သီးတွေ ညောင်ပင်ပေါ်က၊ စားကောင်းတဲ့ သစ်သီးကြီးငယ်တွေ ဖြိုးဖြိုး ဖြုန်းဖြုန်းကျတယ်။ စားသောက်ပြီးတော့ ရသေ့ကြီးက စဉ်းစားတယ်။

http:\\www.dhammadownload.com



အယံ ဒေဝရာဇာ = ဤရုက္ခစိုးနတ်မင်းသည်။ အမှေဟိ = ငါ တို့သည်။ စိန္တိတံ စိန္တိတံ=ကြံတိုင်းကြံတိုင်းသော။ သဗ္ဗံ=အလုံးစုံကို။ ဒေတိ = ပေးပေ၏။

ငါတို့ သောက်ရေစိတ်ကူးလိုက် သောက်ရေပေး။ သုံးရေ စိတ်ကူးလိုက် သုံးရေပေး။ သစ်သီးကိုစားချင်လို့ သစ်သီးတောင်းလိုက် သစ်သီးပေး။ တောင်းသမျှ အကုန်ပေးနေတာပဲ။

**အဟော ဝတ နံ ပဿေယျာမ။**

နံ = ထိုရုက္ခစိုးမင်းကို။ ပဿေယျာမ = မျက်ဝါးထင်ထင် မြင်ကြရပါကုန်မူ။ အဟော ဝတ=ဩော် - ကောင်းလေစွ။

ဒီရုက္ခစိုးကြီးကို မျက်ဝါးထင်ထင် မြင်ရယင် သိပ်ကောင်းမှာပဲ။ အကြီးအကဲဖြစ်တဲ့ ရသေ့ကြီးက အဲဒီလို စဉ်းစားတယ်။ ဒီစိတ်ကူး လိုက်တယ်ဆိုယင်ပဲ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ဒိဗ္ဗောင်ပင် စောင့်နတ်ကြီးက ကိုယ်ထင်ပြတယ်။ နေ လ မြောက်မြားစွာ ထွန်း လင်းသလိုပြတော့ တအံ့တဩဖြစ်ပြီးတော့ ရသေ့ကြီးက ဘာပြော သလဲ။

**ဒေဝရာဇ မဟတီ တေ သမ္ပတ္တိ။**

ဒေဝရာဇာ = ရုက္ခစိုးနတ်မင်းကြီး။ တေ = သင်နတ်မင်းကြီး၏။ သမ္ပတ္တိ = စည်းစိမ်ကား။ မဟတီ = ကြီးကျယ်လှပါပေ၏။

ရုက္ခစိုးကြီး – သင့်ရဲ့ စည်းစိမ်ဟာ အင်မတန် ကြီးကျယ်ပါ၏။

**ကိံ နု ခေါ ကတွာ အယံ တေ လဒ္ဓါ။**

ကိံ နု ခေါ = ဘယ်လိုကောင်းမှုကို။ ကတွာ = ပြု၍။ တေ= သင်သည်။ အယံ = ဤ ကြီးစွာသော စည်းစိမ်ကို။ လဒ္ဓါ = ရအပ် ပါသနည်း။

http:\\www.dhammadownload.com



ဘယ်လိုကောင်းမှုများ ပြုလုပ်ခဲ့လို့ သင် ဒါလောက်ကြီးကျယ်တဲ့ စည်းစိမ်ကို ရတာလဲ။ ဆိုတော့ ရုက္ခစိုးကြီးက သူ့ရဲ့ ကောင်းမှုဟာ သေးငယ်လွန်းလို့ မပြောချင်ဘူး။ မပြောချင်တဲ့အတွက် –

**မာ ပုစ္ဆထ အယျာ။**

အယျာ = အရှင်ဘုရားတို့။ မာ ပုစ္ဆထ = မေးတော်မမူကြပါနဲ့ ဘုရား။

မမေးကြပါနဲ့ဘုရား။ တပည့်တော် ကောင်းမှုကုသိုလ် မပြောပလောက်လို့။

ဒီတော့ ရသေ့ကြီးတင်မကဘူး၊ အားလုံးရသေ့တွေကပါ ဝိုင်းပြီးတော့ –

**အာစိက္ခ ဒေဝရာဇ။**

ဒေဝရာဇ = ရုက္ခစိုးနတ်မင်း။ အာစိက္ခ = ပြောသာပြောစမ်းပါ။

သင်ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကို ပြောပြစမ်းပါ။ အားလုံးရသေ့တွေကပါ ဝိုင်းပြီး တောင်းပန်တယ်။ အေး – အတင်းအကြပ်တောင်းပန်ရကား မငြင်းသာတော့ဘဲနဲ့ –

**တေန ဟိ သုဏာထ**=ဒါလိုဆိုယင် အရှင်ဘုရားတို့ နားထောင်ကြပါဘုရား။ တပည့်တော်ဟာ အယင်ဘဝတုန်းက သာဝတ္ထိပြည်မှာ ဆင်းရဲသားတစ်ယောက် ဖြစ်ခဲ့တယ်။ အင်မတန် ဆင်းရဲတဲ့အတွက် နေ့စားအလုပ် လုပ်လိုလို့ အလုပ်ရှာတဲ့အခါမှာ အနာထပိဏ်သေဌေးကြီးရဲ့ အိမ်မှာ အလုပ်ရတယ်။ အနာထပိဏ်သေဌေးက ဘုရားကျောင်းဒကာ ဖြစ်တယ်။

အဲဒီလိုဖြစ်လို့ ဥပုသ်နေ့တစ်နေ့။ ဥပုသ်နေ့မှာဆိုယင် အနာထပိဏ် သေဌေးကြီးရဲ့ အိမ်မှာ အားလုံး ဥပုသ်စောင့်ကြတယ်။ ဒီလူကတော့ ဆင်းရဲတဲ့လူ။ ဘာမှ နားမလည်ဘူး။ နားမလည်တဲ့

http:\\www.dhammadownload.com



အတွက် နေ့စားအလုပ်ရှိရာ တောထဲမှာ အနာထပိဏ်သေဌေးကြီးရဲ့ အလုပ်ကိုပဲ သူသွားလုပ်နေတယ်။ အနာထပိဏ်သေဌေးကြီးက မနက်ခင်း ကျောင်းကပြန်တဲ့အခါကျတော့ အိမ်ကလူတွေမေးတယ်။

**တဿ ဘတိကဿ အဇ္ဇုပေါသထဒိဝသဘာဝေါ ကေနစိ ကထိတော။**

အမ္ဘော=အမောင်တို့။ တဿ ဘတိကဿ= (အေး နာမယ် ဘတက ဆိုကြပါစို့) ဟို မောင်ဘတကဆိုတဲ့ နေ့စား အလုပ်သမား အား။ အဇ္ဇ=ယနေ့။ ဥပေါသထဒိဝသဘာဝေါ = ဥပုသ်နေ့ ဖြစ်တဲ့ အကြောင်းကို။ ကေနစိ = တစ်ဦးတစ်ယောက်က။ ကထိတော = ပြောကြားအပ်ကဲ့လား။

မောင်တို့- ဟိုဘတကဆိုတဲ့ နေ့စားအလုပ်သမားလေးကို ကနေ့ ဥပုသ်နေ့ ဖြစ်တဲ့အကြောင်း မောင်တို့အထဲက တစ်ဦး တစ်ယောက်များ မပြောလိုက်ဘူးလား တဲ့။ ပြောသလား။ မေးတယ်။ အဲဒီတော့ အိမ်ကလူတွေက -

**န ကထိတော သာမိ။**

သာမိ= အရှင်သေဌေးမင်း။ န ကထိတော = မပြောလိုက်မိပါဘူး။

အဲဒီသူငယ် မမြင်ဘဲကိုး။ ဒီတော့ အရှင်သေဌေးမင်း မပြောလိုက်ပါဘူး။ အေး - မပြောလို့ သူအလုပ်လုပ်ထွက်သွားတာပဲ။

**တေန ဟိဿ သာယ + မာသံ ပစထ။**

တေန ဟိ=ထိုသို့တပြီးကား။ အဿ = ထို မောင်ဘတက အတွက်။ သာယ + မာသံ = ညစာထမင်းကို။ ပစတ = ချက်ထား လိုက်ကြပါ။

http:\\www.dhammadownload.com



အလုပ်လုပ်သွားတာ။ ညနေစောင်းမှ သူ အိမ်ပြန်လာလိမ့်မယ်။ ဒီတော့ သူဒီနေ့ ဥပုသ်မစောင့်ရဘူး။ သူ့အတွက် မောင်တို့ ညနေစာ ထမင်း ချက်ထားကြပါလို့ ပြောတယ်။ ပြောတဲ့အတိုင်းလဲပဲ အဲဒီဘတက လုပ်သားအတွက် ညနေစာ ထမင်း ချက်ထားတယ်။ အနာထပိဏ်သေဋ္ဌေးကြီးရဲ့ အိမ်မှာ ကျန်တဲ့လူတွေ အကုန်လုံး ဥပုသ်စောင့်ကြတယ်။ အေး – ကုန်ကုန်ပြောကြပါစို့ရဲ့။ ကလေးတွေတောင်မှ အဲဒီနေ့ ဥပုသ်စောင့်တယ်။ ဥပုသ်သည်လေးတွေ ဖြစ်အောင် လုပ်ထားတယ်။ နောက်တော့ ပေါ်လွင်လာလိမ့်မယ်။

ညနေချမ်းကျလို့ အလုပ်ပြီးတဲ့အခါ တောထဲကအလုပ်ပြီးတော့ ဘတက ပြန်လာတယ်။ အဲ ပြန်လာတယ်ဆိုယင်ပဲ သူ့ကို ထမင်း ခူးပြီးတော့ပေးတယ်။ ပေးလိုက်လို့ သူ့လက်ထဲ ရောက်တယ်ဆိုယင်ပဲ ဩော် – ငါသိပ်ဆာတာပဲလို့ အမှတ်တမဲ့ မစားလိုက်ဘူးတဲ့။ မစားဘဲနဲ့ ဒီအိမ်ရဲ့ အခြေအနေကို သူအကဲခတ်တယ်။ သူ့စိတ်ထဲဘယ်လိုလဲ

**အညေသု ဒိဝသေသု ဣမသ္မိံ ဂေဟေ ဘတ္တံ ဒေထ၊ သူပံ ဒေထ၊ ဗျဉ္ဇနံ ဒေထာ တိ မဟာကောလာဟလံ အဟောသိ။**

အညေသု ဒိဝသေသု = အခြားနေ့များ၌။ ဣမသ္မိံ ဂေဟေ= ဤသေဋ္ဌေးကြီးရဲ့အိမ်၌။ ဘတ္တံ ဒေထ =ကျွန်တော့် ထမင်းပေးကြပါ။ သူပံ ဒေထ= ကျွန်တော့်ကို ပဲဟင်း ပေးကြပါ။ ဗျဉ္ဇနံ ဒေထ = ကျွန်တော့်ကို အသားဟင်း ပေးကြပါ။ ဣတိ =ဤသို့၊ မဟာကောလာဟလံ = ကြီးစွာသော အုတ်အုတ်ကျက်ကျက် ထမင်းတောင်းသံ၊ ဟင်းတောင်းသံသည်။ အဟောသိ = ဖြစ်ခဲ့သည်။

ဩော် လွန်ခဲ့တဲ့နေ့တွေတုန်းက ဒီအိမ်မှာ ကျွန်တော့်ထမင်းပေးပါ။ ကျွန်တော့် ဟင်းချိုပေးပါ။ ကျွန်တော့် ပဲဟင်းပေးပါ။ ကျွန်တော့်အသားဟင်းပေးပါနဲ့ ထမင်းတောင်း ဟင်းတောင်းကြတဲ့ ကောလဟလ အုတ်အုတ်ကျွက်ကျွက် ဆူညံတဲ့အသံကြီး ဖြစ်ခဲ့တယ်။

http:\\www.dhammadownload.com



**အဇ္ဇ တေ သဗ္ဗေ နိသဒ္ဒါနိပဇ္ဇိံသု။**

အဇ္ဇ = ယနေ့တော့။ တေ သဗ္ဗေ = ထိုအလုပ်သမား အားလုံးတို့သည်။ နိသဒ္ဒါ=ထမင်းတောင်းတဲ့အသံ မရှိကြကုန်ဘဲ။ နိပဇ္ဇိံသု = ကိုယ်စီကိုယ်ငှ လျောင်း၍ ငြိမ်ငြိမ်နေကြကုန်၏။

ကနေ့တော့ ထူးလိုက်တာ အားလုံး ခါတိုင်း ငါနဲ့အတူတူ ဆူဆူညံညံ ထမင်းတောင်းတဲ့လူတွေ တစ်ယောက်မှ ထမင်း မတောင်းပဲနဲ့ အသံတိတ်ပြီးတော့ အိပ်ရာထဲမှာ လျောင်းပြီးတော့ လူတွေက ပုတီးစိပ်နေတဲ့ပုံနဲ့ တူပါတယ်။ အားလုံး လျောင်းနေကြတယ်။

**မယှမေဝ ကေဝလ အာဟာရံ ဝဍ္ဎယိံသု။**

မယှမေဝ ကေဝလ = ငါတစ်ယောက်တည်း အတွက်သာလျှင်။ အာဟာရံ = ထမင်း အစာအာဟာရကို။ ဝဍ္ဎယိံသု = ခူး၍ နေကြကုန်၏။

ဧတံ = ဤသို့ဖြစ်ပုံသည်။ ကိံ နု ခေါ = အဘယ့်ကြောင့်ပါလိမ့်။ ငါမေးအုန်းမှပဲ။

ဒီလိုဖြစ်တာ ဘာကြောင့်ပါလိမ့်ဆိုပြီးတော့ သူမေးသတဲ့။

**အဝသေသာ ဘုဥ္ဇိံသု ၊ န ဘုဥ္ဇိံသု။**

ထမင်းပေးတဲ့သူကို၊ သမ္မ = မိတ်ဆွေ။ အဝသေသာ = ငါမှ ကြွင်းသောလူတို့သည်။ ဘုဥ္ဇိံသု= စားပြီးကုန်ကြပလား။ န ဘုဥ္ဇိံသု = မစားကြရသေးဘူးလား။

သူငယ်ချင်းရာ ကျန်တဲ့သူတွေ စားပြီးကုန်ပလား။ မစားရသေးဘူးလား။ အဲဒီတော့ ထမင်းပေးတဲ့လူက ပြောတယ် –

**န ဘုဥ္ဇိံသု တာတ။**

တာတ = အမောင်ဘတက။ န ဘုဥ္ဇိံသု= မောင်မှကျန်လူတွေ တစ်ယောက်မှ မစားကြဘူး။

http:\\www.dhammadownload.com



ဒီတော့ ဘတကက ပြန်မေးတယ် -

ကိံ ကာရဏာ=ဘာ့ကြောင့် မစားကြတာတုန်း ခင်ဗျား။ ပြောစမ်းပါလို့ဆိုတော့။ သူပုံပန်းမတော့ ရောက်ဟ ဟာ လေးငါးရက်ပဲ ရှိသေးသနဲ့ တူတယ်။ အယင့် အယင် ဥပုသ်တွေ ရှိပုံမပေါ်ဘူး။ အဲဒီ တော့မှ ထမင်းပေးတဲ့လူက ဘာပြောသလဲ။

**ဣမသ္မိံ ဂေဟေ ဥပေါသထဒိဝသေသု သာယ+ မာသံ န ဘုဥ္ဇန္တိ**။

သမ္မ =မိတ်ဆွေ ဘတက။ ဣမသ္မိံ ဂေဟေ =ဤ အနာထပိဏ် သူဌေးကြီးရဲ့ အိမ်၌။ မနုဿာ = လူတို့သည်။ ဥပေါသထဒိဝသေသု = ဥပုသ်နေ့တို့၌။ သာယ + မာသံ = ညနေစာကို နဘုဥ္ဇန္တိ = မစား ကြဘူးမောင်။

ဒီအိမ်ကလူတွေ ဥပုသ်နေ့ကျယင် ညနေစာ မစားဘူးတဲ့။

**သဗ္ဗေဝ ဥပေါသထိကာ ဟောန္တိ**။

သဗ္ဗေဝ= အိမ်သူအိမ်သား အားလုံးတို့သည်ပင်လျှင်။ ဥပေါသ ထိကာ = ဥပုသ်စောင့်သုံး ကြကုန်သည်။ ဟောန္တိ = ဖြစ်ကုန်၏။

တအိမ်သားလုံး ၊ အကုန်လုံး ဥပုသ်စောင့်တယ်ကွဲ့။

အန္တမသော =အောက်ထစ်ပိုင်းခြား အယုတ်အားဖြင့် ပြောရ လို့ရှိယင်။ ထနပါယိနောပိ ဒါရကော = နို့စို့တဲ့ ကလေးသူငယ် တို့ကိုတောင်မှ။ မုခံ ခါလေတွာ = ခံတွင်းကို ဆေးစေပြီးသကာလ။ စတုမဓုရံ = စတုမဓုကို။ မုခေ = ခံတွင်း၌။ ပက္ခိပါပေတွာ =ထည့် သွင်းစေ၍။ မဟာသေဋ္ဌိ = ငါတို့အရှင်သခင် အနာထပိဏ်သူဌေးကြီး သည်။ ဥပေါသထိကေ = ဥပုသ်စောင့်သုံးတဲ့ ကလေးသူငယ်တို့ကို။ ကာရေတိ = ပြုစေ၏။

http:\\www.dhammadownload.com



မောင် – လူကြီးတွေ မဆိုထားနဲ့။ ဒီအိမ်မှာလေ၊ ဥပုသ်နေ့ကျပြီ ဆိုလို့ရှိယင် နို့စို့တဲ့ ကလေးတွေတောင်မှ နို့မစို့ရဘူးကွဲ့။ သေဋ္ဌေးကြီးက ဥပုသ်နေ့ကျပြီဆိုယင် ကလေးတွေကို ခံတွင်းကို အဆေးခိုင်းတယ်။ နို့ချိုအေး တိုက်ကျွေးမယ့်အစား ကလေးတွေကို စတုမဓုလေး ခံတွင်းထဲခွဲ့ပေးတယ်။ အဲဒီလို ပေးပြီးတော့ ဘာမှမသိတဲ့ ကလေးတွေကိုတောင်မှ ဥပုသ်သည်ကလေးတွေ ဖြစ်အောင် သေဋ္ဌေးကြီး စီမံတယ်ကွယ်တဲ့။ ညချမ်းရောက်လို့ –

**ဂန္ဓတေလပ္ပဒီပေ ဇာလန္တေ ခုဒ္ဒကမဟလ္လကဒါရကာ သယနဂတာ ဒွတ္တိံသာကာရံ သဇ္ဈာယန္တိ။**

ဂန္ဓတေလပ္ပဒီပေ=နေဝင်လို့ နံ့သာဆီမီးကို။ ဇာလန္တေ =ညှိပြီးသည်ရှိသော် (နေဝင်ပြီဆိုတော့ ဒီအိမ်မှာ နံ့သာဆီမီး ဘုရားကို အာရုံပြုပြီး မီးပူဇော်ရတယ်။ အဲဒီလို နံ့သာဆီမီး ညှိပြီးလတ်သည်ရှိသော်)။ ခုဒ္ဒကမဟလ္လကဒါရကာ=ဒီအိမ်မှာရှိကြတဲ့ ငယ်ငယ်ကြီးကြီး အသီးသီးသော သူငယ်တို့သည်။ သယနဂတာ = ဇိဝိန်ဆိတ်ဆိတ် အိပ်ရာထဲမှာ နေကြကုန်လျက်။ ဒွတ္တိံသာကာရံ = သုံးဆယ့်နှစ်ကောဋ္ဌာသကို။ သရဇ္ဈာယန္တိ = သရဇ္ဈာယ်ကြပါကုန်၏။

ဥပုသ်နေ့ အဲဒီအိမ်မှာ ရှိကြတဲ့ ငယ်ငယ်ကြီးကြီး ကလေးတွေ အိပ်ရာထဲ အသာလှဲပြီး ငြိမ်ငြိမ်နေပြီးတော့ –

**အတ္တိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော**

သုံးဆယ့်နှစ်ကောဋ္ဌာသကို ရွတ်ရတယ် မောင်ရယ်။

တုယှံ ပန=မောင့်အားကား။ ဥပေါသထဒိဝသဘာဝံ =ယနေ့ ဥပုသ်နေ့ ဖြစ်တဲ့အကြောင်းကို။ ကထေတုံ = ပြောကြားခြင်းငှာ။ သတိံ= သတိကို။ န ကရောမိ = ငါမပြုမိဘူး။

မောင်ရယ် – မောင့်ကိုလေ ယနေ့ ဥပုသ်နေ့ဖြစ်တဲ့အကြောင်း ပြောဖို့ရန် ငါသတိမရဘူးကွယ်။ သတိမပြုလိုက်မိဘူးကွယ်တဲ့။

http:\\www.dhammadownload.com



**တသ္မာ တဝေဝ ဘတ္တံ ပက္ကံ။**

တသ္မာ =ထို့ကြောင့်။ တဝေဝ = မောင့်အတွက်သာလျှင်။ ဘတ္တံ = ညစာထမင်းကို။ ပက္ကံ=ချက်အပ်ပြီ။ နံ=ထိုမောင့်အတွက် ထမင်းကို။ ဘုဉ္ဇဿု = မောင်တစ်ယောက်ပဲစားလော့။

အကြောင်းအကျိုး လုံလုံလောက်လောက် ထမင်းကျွေးတဲ့လူက ပြောတယ်။ ဒီတော့ ဘတက ဆိုတဲ့ အလုပ်သမား နေ့စားက ဘာ ပြောသလဲ။

**သစေ ဣဒါနိ ဥပေါသထိကော ဘဝိတုံ ဝဋ္ဋတိ အဟမ္ပိ ဘဝေယျံ။**

သမ္မ= မိတ်ဆွေ။ ဣဒါနိပိ = ယခုအခါ၌လည်း၊ ဥပေါသထိ ကော = ဥပုသ်သည်သည်။ ဘဝိတုံ = ဖြစ်ခြင်းငှာ။ သစေ ဝဋ္ဋတိ= အကယ်၍ အပ်ငြားအံ့။ အဟမ္ပိ=ငါလဲပဲ။ ဥပေါသထိကော=ဥပုသ် ကျင့်သုံးသူသည်။ ဘဝေယျံ=ဖြစ်ပါရစေ။

သူငယ်ချင်းရာ– အခုအချိန်မှာ ဥပုသ်စောင့်လို့ ရသေးယင် ငါလဲ ဥပုသ်စောင့်ပါရစေကွာ။ ငါလဲ ဥပုသ်စောင့်တဲ့သူတစ်ယောက် ဖြစ်ပါရစေတဲ့။ ဒီတော့ ထိုထမင်းကျွေးတဲ့လူက ဘာပြန်ပြောလဲ။

**ဣဒံ မဟာသေဋ္ဌိ ဇာနာတိ။**

ဣဒံ = ဤအချိန်မှ ဥပုသ်စောင့်လို့မရ ဆိုတဲ့အကြောင်းကိုတော့။ မဟာသေဋ္ဌိ=အနာထပိဏ်သေဌေးကြီးမှ။ ဇာနာတိ=သိမှာ။

ငါတော့ မသိဘူးကွာတဲ့။ အလုပ်သမားချင်း ပြောတယ်။ ဒီ အကြောင်းတော့ အနာထပိဏ်သေဌေးကြီးမှ သိမှာ။ ဒီတော့ ဘတက က ပြောတယ်။

**တေန ဟိ နံ ပုစ္ဆထ။**

http:\\www.dhammadownload.com



တေန ဟိ=သို့တပြီးကား။ ဝါ=ဒါဖြင့်ယင်။ နံ=ထိုအနာထပိဏ်သေဌေးကြီးကို။ ပုစ္ဆထ = မေးပေးကြစမ်းပါ။

ရယင် ကျုပ်လည်း ဥပုသ်စောင့်ချင်လို့။ ညနေမှ – ညနေမှ။ အဲဒီတော့မှ ထမင်းမစားသေးဘူး ဒီလူက။ အဲဒါနဲ့ သူပြောတဲ့အတိုင်း ထမင်းကျွေးတဲ့လူက သေဌေးကြီးသွားပြီးတော့ သေဌေးကြီး ဘတကဆိုတဲ့ အလုပ်သမားက ခုချိန်မှာ ဥပုသ်စောင့်လို့ရသေးယင် သူလည်း ဥပုသ်စောင့်ချင်လို့တဲ့။ အခု ညစာ မစားသေးဘူး။ စောင့်နေတယ်။ ဘယ်လိုပြောလိုက်ရမလဲ" ဆိုတော့မှ အနာထပိဏ် သေဌေးကြီးက ဖြေကြားတယ် –

ဣဒါနိ ပန အဘုဥ္ဇိတွာ မုခံ ဝိက္ခာလေတွာ ဥပေါသထင်္ဂါနိ အဓိဋ္ဌဟန္တော ဥပမုံ ဥပေါသထကမ္မံ လဘိဿတိ။

ဣဒါနိ ပန = ယခုအခါ၌ကား။ အဘုဥ္ဇိတွာ = မစားဘဲနဲ့။ မုခံဝိက္ခာလေတွာ=ခံတွင်းကိုဆေးပြီးတော့။ ဝါ=လုပ်ကျင်းပြီးတော့။ ဥပေါသထင်္ဂါနိ=ရှစ်ပါးသော ဥပုသ်အင်္ဂါတို့ကို။ အဓိဋ္ဌဟန္တော= ဆောက်တည်လတ်သည်ရှိသော်။ ဥပမုံ = ထက်ဝက်သော။ ဥပေါသထကမ္မံ=ဥပုသ်ကျင့်သုံးမှုကို။ လဘိဿတိ=ရနိုင်ပါသေး၏။

နေ့တော့ မရဘူးကွယ်။ ညအတွက် နေ့ဝက်ဆိုတဲ့ ဥပုသ်ကျင့်သုံးမှုကို ရ ဖြစ်ပါသေးတယ်။

ဒီတော့မှ ဒီလူက ပြန်ပြီးတော့။ ဘတကရေ – သေဌေးကြီးက ဒီလို ဒီလိုပြောသကွဲ့။ ဟာ – ဒီလိုဆိုယင် ငါမစားဘူး။ သူ့ဖို့ ခူးထားတဲ့ ထမင်း သူမစားဘူး။ သေဌေးကြီး ပြောလိုက်တဲ့အတိုင်း ပလုတ်ကျင်း။ ရေနဲ့လုပ်ကျင်းပြီးတော့ "ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ " စပြီးတော့ ရှစ်ပါးသော အဋ္ဌင်္ဂသီလ ဥပုသ်အင်္ဂါတွေကို တခါတည်း သူ ထိုင် ဆောက်တည်လိုက်တယ်။ အဲ – သူလဲ ဥပုသ်ဆောက်တည်ပြီးတော့ ညအိပ်ရာဝင်ပြီ ဆိုပါစို့။

http:\\www.dhammadownload.com



တစ်နေ့လုံးလဲပဲ အလုပ် လုပ်ထားတယ်။ မနက်ကလဲ မစားရသေးဘူး။ အခုလဲ ညနေလဲ မစားရသေးဘူးဆိုယင် ဘာဖြစ်မလဲ။ တစ်ခါတည်း လေတွေလေတွေ ပျက်စီးလာတယ်။ နာလိုက်တာ။ လေနာလိုက်တာ။ အဲဒီနာတဲ့ လေနာကို သူ့ကိုယ်သူ ကြိုးနဲ့ပတ်ပြီးတော့၊ ကြိုးစဆွဲပြီးတော့ တစ်ခါတည်း အောင့်အီး သည်းခံတယ်။ လှုပ်နေတယ်။ လူးနေတယ်။ ထမင်းမစားဘူး။

ဟ – ဘတက ဘာဖြစ်တာလဲ။

ဟာ – ကျွန်တော် လေနာလွန်းလို့၊ ဆိုကြပါစို့၊ အစာမရှိတဲ့ အတွက် ဖြစ်တဲ့လေနာ။ လိမ့်နေတယ်။ ဟာ – မဖြစ်ဘူးဆိုပြီးတော့ အတူနေလူတွေက အနာထပိဏ်သေဌေးကြီး သွားပြောတယ်။

"သေဌေးကြီး– ဘတကဆိုတဲ့ သူငယ်တော့ ဟောဒီလို ဖြစ်နေတယ်။" ဆိုတော့မှ သေဌေးကြီးက မီးထွန်းတဲ့။ စတုမဓုရလေး ယူခဲ့တဲ့။ ယူလာတယ်။ မီးခွက်ကလေးနဲ့ ဒီနားရောက်တော့ –

**ကိံ တာတ။** (သေဌေးကြီးက)

တာတ = အမောင်။ ကိံ = ဘာဖြစ်တာလဲ။

အမောင် ဘာဖြစ်တာလဲ ဘတက။

ဘတက ကပြန်ပြောတယ်–

**သာမိ ဝါတာ မေ ကုပ္ပိတာ။**

သာမိ= အရှင်သေဌေးမင်း။ မေ= ကျွန်တော်၏ကိုယ်၌။ ဝါတာ= လေတို့သည်။ ကုပ္ပိတာ= ပျက်စီး၍နေကြပါသည် ခင်ဗျား။

သေဌေးရယ်။ ကျွန်တော်ရဲ့ လေဓာတ်တွေ ပျက်စီးလို့ပါ။

**တေန ဟိ ဥဋ္ဌာယ ဣဒံ ဘေသဇ္ဇံ ခါဒါဟိ။**

တာတ= အမောင်ဘတက။ တေနဟိ= ထိုသို့တပြီးကား= ဝါ–လေဒါလောက် နာလို့ရှိယင်ဖြင့်။ ဥဋ္ဌာယ=ထ၍။ ဣဒံ ဘေသဇ္ဇံ= ဟောဒီဆေးကလေးကို။ ခါဒါဟိ= မောင်စားလိုက်စမ်းပါ။

http:\\www.dhammadownload.com



စတုမဓုလေး ကျွေးတယ်။ ဒီတော့ ဘတက ဆိုတဲ့လုပ်သားက ဘာပြန်ပြောသလဲ။

**တုမှေပိ ခါဒထ သာမိ။**

သာမိ= အရှင်သေဌေးမင်း။ တုမှေပိ= အရှင်သေဌေးမင်းတို့ လည်းပဲ။ ခါဒထ= စားသုံးကြလားတဲ့။

အရှင်သေဌေးကြီးတို့ကော ဒါ စားမှာလားတဲ့။ ဒီတော့ သေဌေးကြီးကလဲပဲ ဘာပြောတုန်း-

**အမှာကံ အဖာသုကံ နတ္ထိ၊ တွံ ခါဒါဟိ။**

အမှာကံ=ငါတို့မှာ။ အဖာသုကံ= မကျန်းမာခြင်း၊ ရောဂါဝေဒနာ ဆိုတဲ့ အကြောင်းသည်။ နတ္ထိ= မရှိဘူး။

မောင်-တို့မှာ မကျန်းမာဘူးဆိုတဲ့ အကြောင်းမရှိဘူးကွဲ့။ မရှိလို့ ဒါစားဖို့မလိုဘူး။ တွံ ခါဒါဟိ= မောင်ပဲစားပါ။ အနာထပိဏ် သေဌေးကြီးက ချော့ချော့မော့မော့ကျွေးတယ်။ ဆးရဲ့လား-ဆိုတော့၊ သူပြန်ပြောတယ်-

**သာမိ အဟံ ဥပေါသထကမ္မံ ကရောန္တော သကလံ ကာတုံ နာသက္ခိံ။**

သာမိ=အရှင်သေဌေးမင်း။ အဟံ= အကျွန်ုပ်သည်။ ဥပေါသထ ကမ္မံ= ဥပုသ်သီတင်းစောင့်သုံးခြင်း အမှုကို။ ကရောန္တော=ပြုသည် ရှိသော်။ သကလံ=တစ်နေ့လုံးလုံးကို။ ကာတုံ= ပြုခြင်းငှာ။ နာသက္ခိံ= မစွမ်းနိုင်ဘူး။

ကျွန်တော် ကုသိုလ်ကံက အင်မတန်နည်းပါတယ်။ ဥပုသ် စောင့်ချင်တာတောင် ကျွန်တော် တစ်နေ့လုံး ဥပုသ်စောင့်ဖို့ရန် မစွမ်းနိုင်ခဲ့ဘူး။ အခွင့်မရခဲ့ဘူး။

**ဥပဍ္ဎကမ္မမ္ပိ မေ ဝိကလံ မာ အဟောသိ။**

http:\\www.dhammadownload.com



မေ=အကျွန်ုပ်၏။ ဥပဓုကမ္မမ္ဗိ=နေ့ဝက်စောင့်သုံးသော ဥပုသ် အမှုကလေးလဲပဲ။ ဝိကလံ=ချို့တဲ့ခြင်းသည်။ မာ အဟောသိ= မဖြစ်ပါစေနဲ့။

နေ့ဝက်တင်စောင့်ရတဲ့ ကျွန်တော့်ဥပုသ် ချို့တဲ့မသွားပါစေနဲ့ အရှင်သေဋ္ဌေးမင်းလို့ ပြောတော့ သေဋ္ဌေးကြီးက ဟော သူ့လက်ထဲ ထည့်တယ်။ မယူဘူး။ မစားလိုဘူး။ ဒီတော့မှ သေဋ္ဌေးကြီးက –

မာ ဧဝံ ကရိ တာတ။

တာတ=အမောင် ဘတက။ ဧဝံ=ဤသို့။ မာ ကရိ=မလုပ်ပါနဲ့။

ဒီလိုမလုပ်ပါနဲ့ မောင်ရယ်။ စားလိုက်ပါ။ ဘယ်လိုပြောပြော ဘတက မစားဘူး။ သေဋ္ဌေးမင်းရယ်– ကျွန်တော် ဥပုသ်စောင့်ချင် တာတောင် တစ်နေ့လုံး မစောင့်နိုင်ဘဲနဲ့ နေ့ဝက်ကလေး စောင့်ရ တာ။ သေဋ္ဌေးမင်းတို့မှ မစားဘဲနဲ့ ကျွန်တော် ဒါစားလိုက်ရင် ကျွန်တော့် နေ့ဝက် ဥပုသ်ကလေးဟာ ချို့တဲ့သွားတော့မပေါ့၊ ကျွန်တော် မစားဘူးဆိုပြီးတော့၊ ဘယ်လိုကျွေးကျွေး မစားဘူး။ နောက်ဆုံး သေဋ္ဌေးကြီးက လက်လျှော့ပြီးတော့ ပြန်သွားရတယ်။ အဲဒီနေ့ သန်းခေါင်ကျော်လောက်လည်း ရောက်ရော ပန်းကလေး ညှိုးသလို အဲဒီဘတက နေ့စားအလုပ်သမားဘဝက စုတေပြီးတော့ က နေ့တော့ ဟောဒီညောင်ပင်ကြီးမှာလာပြီး ညောင်စောင့်နတ် ဖြစ်ပါတယ် ဘုရားတဲ့ လျှောက်ထားပြီးတော့ –

သော မဟာသေဋ္ဌိ ဗုဒ္ဓမာမကော ဓမ္မမာမကော သံဃမာမကော။

အယျာ=အရှင်ရသေ့သူမြတ်တို့ဘုရား။ သော မဟာသေဋ္ဌိ=ထို အနာထပိဏ် သေဋ္ဌေးကြီးသည်။ ဗုဒ္ဓမာမကော=ဘုရားကို မြတ်နိုးတဲ့ သေဋ္ဌေးကြီးပါ။ ဓမ္မမာမကော=တရားတော်ကို မရက်မစက် မြတ်နိုး သည် ဖြစ်ပါ၏။ သံဃမာမကော=သံဃာတော်ကို မရက်မစက် မြတ်နိုးသည် ဖြစ်ပါ၏။

http:\\www.dhammadownload.com



**တံနိဿါယ ကတဿ ဥပမုပေါသထ ကမ္မဿ နိဿန္ဒေန သော သမ္ပတ္တိ မယာ လဒ္ဓါ။**

တံ= ထိုအနာထပိဏ် သေဌေးကြီးကို။ နိဿာယ= အမှီပြု၍။ ကတဿ=ပြုအပ်ခဲ့သော။ ဥပမုပေါသထကမ္မဿ=နေ့ဝက် စောင့်ထိန်းရတဲ့ ကောင်းမှု၏။ နိဿန္ဒေန= အကျိုးဆက်ကြောင့်။ မယာ= အကျွန်ုပ်သည်။ သော=ဤစည်းစိမ်ကို။ လဒ္ဓါ=ရအပ်ခဲ့ပါပြီ။ လို့ ပြောလိုက်တယ်–

## ရသေ့ငါးရာ ဘုရားထံမှောက်၌ ရဟန္တာဖြစ်ခြင်း

သူပြောတဲ့စကားမှာ "ဧေ၊ ၁ သေဌိ ဗုဒ္ဓမာမကော ဓမ္မမာမကော သံဃမာမကော" ဘုရား၊ တရား၊ သံဃာဆိုတဲ့ အသံပါလာတယ်။ ရသေ့တွေက "ဘုရား"ဆိုတဲ့အသံ ပါလာတော့၊ ပါရမီရှိတော့–

**ဗုဒ္ဓေါတိ ဝဒေသိ။**

ဒေဝရာဇ= အမောင်ညောင်စောင့်နတ်မင်း။ ဗုဒ္ဓေါတိ= ဗုဒ္ဓဟူ၍။ ဝဒေသိ= ပြောလိုက်သလား။

ညောင်စောင့်နတ်မင်း။ "ဘုရား"လို့ ပြောလိုက်သလား။

ညောင်စောင့်နတ်ကြီးက ပြန်ပြောတယ်။ ဗုဒ္ဓေါတိ ဝဒါမိ။ အရှင်တို့။ ဘုရားတပည့်တော် "ဗုဒ္ဓေါ=ဘုရား"လို့ ပြောလိုက်တာပါ။

ဝမ်းသာလိုက်တာတဲ့။ တစ်ခါထဲ အားလုံးရသေ့တွေ စောစောက ထိုင်လျက်၊ အခုတော့ ဒီရုက္ခစိုးကြီးရဲ့ ပါးစပ်က ဗုဒ္ဓမာမကော၊ ဓမ္မမာမကော၊ သံဃမာမကော–ဆိုတဲ့၊ ဘုရား–တရား–သံဃာ ဆိုတဲ့ အသံလည်းကြားရော။ အားလုံးထပြီး လက်အုပ်ချီမိုး ရှိခိုး၍နေပါတယ်။ ဗုဒ္ဓေါတိ ဝဒေသိ၊ ဘုရားလို့ ပြောလိုက်သလား ရုက္ခစိုးမင်း။ ဗုဒ္ဓေါတိ ဝဒါမိ=တပည့်တော် ဘုရားလို့ ပြောလိုက်ပါတယ်ဘုရား။ သုံးကြိမ် တိုင်တိုင် ဝန်ခံစေတယ်။ သုံးကြိမ်တိုင်တိုင် မေးတယ်။

http:\\www.dhammadownload.com



**ယောသောပိ ခေါဇ သော ဒုလ္လဘော လောကသ္မိံ ယဒိဒံ ဗုဒ္ဓေါတိ။**

ဗုဒ္ဓေါတိ= ဘုရားဟူသော။ ယဒိဒံ– ယော အယံ ယောသော= အကြင်အသံသည်။ အတ္ထိ=ရှိ၏။ လောကသ္မိံ=လောက၌။ ဧသော ယောသောပိ= ဤဘုရားဆိုတဲ့ အသံတောင်မှ။ ဒုလ္လဘော= ရခဲလှပါပေ၏။

ညောင်စောင့်နတ်မင်း– ဘုရားကို ဖူးဖို့နေနေသာသာ၊ ဘုရား ဆိုတဲ့ အသံကလေးကို ကြားဖို့တောင် အင်တန် ရခဲပါတယ်။

ဒေဝတေ=အို ညောင်စောင့်နတ်မင်း။ တယာ= သင်ညောင်စောင့် နတ်မင်းသည်။ မယံ=ငါတို့ကို။ အနေကေသု ကပ္ပသတသဟဿေသု =မဟာကပ်ပေါင်း အသိန်းပေါင်း မြောက်မြားစွာတို့၌။ အသုတပုဗ္ဗံ= တစ်ကြိမ်တစ်ခါမျှ ရှေးကမကြားဖူးသော။ သဒ္ဒံ=ဘုရား၊ တရား၊ သံဃာ ဆိုတဲ့အသံကို။ သုဏာပိတာ=ကြားစေအပ်ကုန်သည်။ အမှိ= ဖြစ်ကုန်ပါ၏။

ကျေးဇူးတင်လိုက်ပါဘိ ညောင်စောင့်နတ်မင်း။

အဲဒီလို တညီတညွတ်တည်း ကျေးဇူးတင်စကား ပြောပြီးတော့၊ တပည့်ရသေ့တွေက ဆရာကြီးကို ဘာပြောသလဲ။

**တေန ဟိ သတ္ထုသန္တိကံ ဂစ္ဆာမ**

ဆရာကြီး၊ တေနဟိ=သို့တပြီးကား။ ဝါ–ထိုသို့ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ပေါ်ထွန်းနေပြီ ဖြစ်ရကား။ သတ္ထုသန္တိကံ= မြတ်စွာဘုရားရဲ့ အထံသို့။ ဂမိဿာမ=သွားကြပါစို့။

ဆရာကြီး၊ ဘုရားထံသွားကြပါစို့။ ပြောရော။ ဒီတော့ ဆရာကြီးက သဘောကြီးတယ်။ ဘယ်နှယ် ပြန်ပြောသလဲ။

http:\\www.dhammadownload.com



တာတာ= အမောင်တို့။ တယော သေဋ္ဌိနော=ကောသမ္ဗီပြည်က သေဋ္ဌေးကြီးသုံးဦးတို့သည်။ အမှာကံ= ငါတို့အပေါ်၌။ ဗဟူပကာရာ= ဥပကာရ ကျေးဇူး အထူးများကြ ပါပေကုန်၏။

မောင်တို့– သူ့ကျေးဇူးများလည်း စဉ်းစားကြပါအုန်း။ ကောသမ္ဗီ ပြည်က ဃောသက သေဋ္ဌေးကြီး၊ ကုက္ကုဋသေဋ္ဌေးကြီး။ ပါဝါရိက သေဋ္ဌေးကြီးဆိုတဲ့ ဒီသေဋ္ဌေးကြီး သုံးဦးဟာ ငါတို့အပေါ်မှာ သိပ် ကျေးဇူးများတာ။ မိုးတွင်းမိုးတွင်မှာ ထိုသူတို့ရဲ့ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးကို ဒို့အားကိုးရတာ။ နို့ ဆရာကြီး ဘာလုပ်ချင်သေးသလဲ။

သွေ= နက်ဖြန်ခါ၌။ တေသံ= ထိုသေဋ္ဌေးတို့၏။ နိဝေသနေ= အိမ်၌။ ဘိက္ခံ= ဆွမ်းကို။ ဂဏှိဿာမ= ခံယူကြအုန်းစို့။

နက်ဖြန်တော့ကွယ် သေဋ္ဌေးတွေအိမ်က ဆွမ်းခံကြအုန်းစို့။

တေသမ္ပိ= ထိုသေဋ္ဌေးတို့၏။ နိဝေသနေ= အိမ်၌။ ဘိက္ခံ= ဆွမ်းကို။ ဂဏှိတွာ–ဂဏှာမ= ခံယူကြကုန်စို့။ ဂဏှိတွာ= ခံယူပြီး၍။ တေသမ္ပိ= ထိုသေဋ္ဌေးတို့အားလည်း။ အာစိက္ခိတွာ= ဘုရားပွင့်နေ ကြောင်း ပြောကြားပြီးမှ။ ဂမိဿာမ= သွားကြကုန်စို့။ အခုတော့

**အစိဝါသောထ တာတာ။**

တာတာ= တပည့်တို့။ အစိဝါသေထ= တစ်ရက်လောက်တော့ သည်းခံကြအုန်း မောင်တို့လို့ သူ့တပည့်တွေ ချွေးသိပ်စကားပြောပြီး။ ရက္ခစိုးကြီး ကျေးဇူးတင်စကား ပြောပြီးတော့ ကောသမ္ဗီလာကြတယ် တော က်လျှောက် ကောသမ္ဗီလာတာပဲ။ နက်ဖြန် ကောသမ္ဗီ ရောက် တယ်။ သေဋ္ဌေးတွေကလည်း သိတယ်။ ဒီနေ့ဆိုလို့ရှိယင်။

**အဇ္ဇ နော အယျာနံ အာဂမနဒိဝသော။**

အဇ္ဇ=ယနေ့။ နော=ငါတို့၏။ အယျာနံ=အရှင်ဖြစ်တဲ့ ရသေ့ ငါးရာတို့၏။ အာဂမနဒိဝသော= လာမဲ့နေ့ရက်ပါတကား။

http:\\www.dhammadownload.com



နှစ်တိုင်းနှစ်တိုင်း ဒီရက်လာနေကျဆိုပြီးတော့။ ဟိုကလည်း ဆွမ်းတွေပြင်ထားတယ်။ စောင့်မျှော်နေကြတယ်။ မျှော်နေတုန်း ရသေ့ငါးရာရောက်သွားပြီ။ ဟာ-တစ်ခါတည်း အသီးသီးပင့်တယ်။ ဆွမ်းကျွေး၊ အားလုံး ဆွမ်းကိစ္စ ပြီးပြီဆိုတော့၊ ရသေ့တွေက ဘာပြောသလဲ-

**မယံ ဂမိဿာမ။**

ဥပါသကာ= ဒါယကာတို့။ မယံ= ငါတို့သည်။ဂမိဿာမ= သွားကြတော့မယ်။

သေဒ္ဓေးတို့၊ ဒို့သွားတော့မယ်။ ဆိုတော့ သေဋ္ဌေးတွေက အံ့အားသင့်တယ်။ ပြန်ပြီး ဘာပြောသလဲဆိုတော့-

**န နု ဘန္တေ တုမှေဟိ စတ္တာရော ဝဿိကေ မာသေ အမှာကံ ဂဟိတာဝ ပဋိညာ၊ ကုဒါနိ ကုဟိံ ဂစ္ဆထ။**

ဘန္တေ= အရှင်တို့ဘုရား။ တုမှေဟိ= အရှင်ဘုရားတို့သည်။ စတ္တာရော ဝဿိကေ မာသေ= မိုးလေးလတို့ပတ်လုံး နေထိုင်ဖို့ရန်။ အမှာကံ=တပည့်တော်တို့အား။ ပဋိညာ= ဝန်ခံချက်ကို။ ဂဟိတာဝ နနု= ယူအပ်ပြီးသည် မဟုတ်ပါလော။

အရှင်ဘုရားတို့- အရှင်ဘုရားတို့အား မိုးလေးလပတ်လုံး တပည့်တော်တို့ ကောသမ္ဗီမှာနေဖို့ အရှင်ဘုရားတို့ ပဋိညာဉ်ယူပြီးသား မဟုတ်လား။ ဝန်ခံချက်ပြုပြီးသား မဟုတ်လား။

ကုဒါနိ= ယခုအခါ၌။ ကုဟိံ= အဘယ်အရပ်သို့။ ဂစ္ဆထ= ကြွသွားတော်မူကြမလဲ ဘုရား။

ပဋိညာဉ်ဖောက်ဖျက်ပြီးတော့ ဘယ်ကြွမလို့တုန်း လို့ ဆိုတော့ ရသေ့တွေက ပြောတယ်-

http:\\www.dhammadownload.com



**လောကေ ကိရ ဗုဒ္ဓေါ ဥပ္ပန္နော ဓမ္မော ဥပ္ပန္နော သံဃော ဥပ္ပန္နော တသ္မာ သတ္ထုသန္တိကံ ဂမိဿာမ။**

သေဋ္ဌိနော=သေဋ္ဌေးတို့။ လောကေ=လောက၌။ ဗုဒ္ဓေါ=ဘုရားရတနာသည်။ ဥပ္ပန္နော ကိရ=ပွင့်ထွန်းနေပြီတဲ့။ ဓမ္မော=တရားရတနာသည်လည်း ဥပ္ပန္နော ကိရ=ပွင့်ထွန်းနေပြီတဲ့။ သံဃော=သံဃာရတနာသည်လည်း။ ဥပ္ပန္နော ကိရ=ပွင့်ထွန်းနေပြီတဲ့။ တသ္မာ=ထို့ကြောင့်။ သတ္ထု =မြတ်စွာဘုရား၏။ သန္တိကံ=အထံသို့။ ဂမိဿာမ=သွားကြကုန်အံ့။

လောကမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ပွင့်ထွန်းနေပတဲ့ သေဋ္ဌေးတို့။ ဒါ့ကြောင့် ငါတို့ ဘုရားရှိရာ သွားမလို့။ သေဋ္ဌေးတွေက ပြန်မေးတယ်။

**ကိံ ပန တဿ သတ္ထုနော သန္တိကံ တုမှာကညေဝ ဂန္တုံ ဝဋ္ဋတိ။**

ဘန္တေ=အရှင်ဘုရားတို့။ ကိံ ပန=ဘယ့်နှယ်လဲ။ တဿ သတ္ထုနော= ထိုမြတ်စွာဘုရား၏။ သန္တိကံ= အထံသို့၊ တုမှာကညေဝ= အရှင်ဘုရားတို့အားသာလျှင်။ ဂန္တုံ=သွားခြင်းငှာ။ ဝဋ္ဋတိ=အပ်သလား။

ဘယ့်နှယ်တုန်းဘုရားတဲ့။ အဲဒီဘုရားဆီ အရှင်ဘုရားတို့သာ သွားကောင်းသလားတဲ့။ ဒီတော့ ရသေ့တွေက ရိုးရိုးပြန်ပြောတယ်–

**အညေသမ္ပိ အဝါရိတံ အာဝုသော။**

အာဝုသော= ဒါယကာသေဋ္ဌေးတို့။ အညေသမ္ပိ= တပါးသောသူတို့အားလည်း။ အဝါရိတံ= မတားမြစ်အပ်ပါဘူး။

တခြားပုဂ္ဂိုလ်တွေကိုလည်းပဲ ဘုရားဆီ မသွားရဘူးလို့ တားမြစ်ချက် မရှိပါဘူး သေဋ္ဌေးတို့။ ဒီတော့ သေဋ္ဌေးတွေက ဘာပြောလဲ–

**တေန ဟိ ဘန္တေ အာဂမေထ။**

http:\\www.dhammadownload.com



ဘန္တေ=အရှင်ဘုရား။ တေန ဟိ= ထိုသို့တပြီးကား။ အာဂမေထ =တစ်ရက်နှစ်ရက်လောက် ဆိုင်းကြပါအုန်း။ (ဘာလုပ်ချင်လို့လဲ)

မယံ=တပည့်တော်တို့သည်။ ဂမနပရိဝစ္ဆံ= သွားဖို့ရန် အစီအမံ ကို။ ကတွာ= ပြုလုပ်ပြီးသကာလ။ ဂစ္ဆာမ= အရှင်ဘုရားတို့နှင့် အတူတကွ လိုက်ချင်လို့ပါ။

ဒီလိုဆိုယင်– တစ်ရက်လောက်တော့ ဆိုင်းပါအုန်း။ တပည့် တော်တို့ သွားဖို့ရန် အဆောင်အယောင် အစီအမံများ စီမံပြီးသကာလ အရှင်ဘုရားတို့နှင့် အတူတကွ လိုက်ပါချင်လို့ပါတဲ့။

ရသေ့တွေကလည်း အရေးကြီးလိုက်တာ ဘယ့်နှယ် ပြန်ပြော တုန်း။

**တုမှေသု ပရိဝစ္ဆံ ကရောန္တေသု အမှာကံ ပပဉ္စော ဟောတိ။**

တုမှေသု=အရှင်သေဌေးတို့သည်။ ပရိဝစ္ဆံ= ခရီးသွားဖို့။ ပရိကံ= အစီအမံကို။ ကရောန္တေသု= ပြုကုန်စဉ်(ဝါ) ပြုနေကြမယ်ဆိုယင်။ အမှာကံ= ငါတို့အဖို့ရန်။ ပပဉ္စော= အချိန်ကြာမြင့်သည်။ ဟောတိ= ဖြစ်၏။

ဟာ–မင်းတို့ခရီးသွားဖို့ ပြင်ဆင်လုပ်နေယင် ဒို့အဖို့ရာ အချိန် တွေ အရေးတွေ နှောင်းကုန်လိမ့်မယ်။

**မယံ ပုရတော ဂစ္ဆာမ။**

မယံ= ငါတို့သည်။ ပုရတော= ရှေ့က။ ဂစ္ဆာမ= သွားနှင့်ကြ ကုန်အံ့။

တုမှေ ပစ္ဆာ အာဂစ္ဆေယျာထ= အရှင်သေဌေးတို့ နောက်ကပဲ တဖြည်းဖြည်း လိုက်ခဲ့ကြတော့။

လူဆိုတော့ ပေါ့ပေါ့နဲ့ မသွားနိုင်ဘူး။ ရဟန်းဆိုတော့ ခုဆို စိတ်ကူးအရ အခုထပြီး အခုသွားနိုင်တယ်။ အဲဒီလိုပြောပြီးတော့

http:\\www.dhammadownload.com



တောက်လျှောက် ဘုရားဆီသွားတယ် ဒီရသေ့ငါးရာ။ သာဝတ္ထိပြည် ဘုရားဆီသွားလို့ ဘုရားနဲ့တွေ့။ တရားနာ။ တစ်ခါတည်း အာသဝေါ ကုန်ခန်း၊ ရဟန္တာဖြစ်ပြီးတော့၊ မြတ်စွာဘုရားထံ ရဟန်းအဖြစ် တောင်းတော့၊ ဧဟိဘိက္ခု= ရဟန်းတွေချည်းပဲ အကုန်ဖြစ်ကုန်တယ်။ သူတို့က ရဟန်းငါးရာ။

## ဃောသကသေဌေး၊ ကုက္ကုဋသေဌေးနှင့် ပါဝါရိကသေဌေးတို့ သောတာပန်တည်ခြင်း

ကောသမ္ဗိက ဃောသကသေဌေးကြီး၊ ကုက္ကုဋသေဌေးကြီး၊ ပါဝါရိကသေဌေးကြီး သုံးဦးက တစ်ဦးတစ်ဦးလျှင် လှည်းအစီးငါးရာ၊ ငါးရာစီ ဆန်တွေ၊ ဆီတွေ၊ ပဲတွေ၊ အဝတ်အထည်တွေ လှူရန် တန်းရန်တွေ တိုက်ပြီးတော့ သာဝတ္ထိသွားတယ်။ မြတ်စွာဘုရားက ပြန်ပြီး ဘာအမိန့်ရှိသလဲ-

**သုညာဂါရေ ခေါ ဂဟပတယော တထာဂတာ အဘိရမန္တိ။**

ဂဟပတယော= ဒါယကာတို့။ တထာဂတာ= မြတ်စွာဘုရား တို့သည်။ သုညာဂါရေ= ဆိတ်ငြိမ်ရာအရပ်၌။ အဘိရမန္တိ=မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်တော် မူကြကုန်၏။

သေဌေးတို့၊ တစ်ခုသတိထား၊ ဘုရားများဟာတဲ့ ဆိတ်ငြိမ်ရာ သုညာ ဂါရမှာမှ ပျော်ပိုက်တော်မူကြတယ်။ မြို့ထဲ ရွာထဲမှာ ဘုရားဖို့ ကျောင်းမတည်ကြနဲ့လို့ ပြောတာ။ ဒီတော့ သေဌေးတွေက ဘာလျှောက်သလဲ-

**အညာတံ ဘန္တေ။**

ဘန္တေ= ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အညာတံ= တပည့်တော်များ သိပါတယ်ဘုရား။

http:\\www.dhammadownload.com



**အမေ့ဟိ ပဟိတသာသနေန အာဂန္တွာ ဝဋ္ဋတိ။**

အမေ့ဟိ=တပည့်တော်တို့သည် ပဟိတသာသနေန = ပင့်လျှောက် စေလွှတ်အပ်သော သတင်းစကားဖြင့်။ အာဂန္တုံ=ကြွလာခြင်းငှာ။ ဝဋ္ဋတိ= သင့်ပါတယ်ဘုရား။

လျှောက်ပြီးတော့မှ သေဋ္ဌေးသုံးဦး ကောသမ္ဗီပြည် ပြန်တယ်။ ဃောသက သေဋ္ဌေးကြီးကလည်း မိမိပိုင်တဲ့ ဥယျာဉ်ထဲမှာ ကျောင်းတိုက်ကြီး ဆောက်တယ်။ အဲဒီကျောင်းတိုက်ကြီးသည် "ဃောသိတာရုံကျောင်း"။ ကုက္ကုဋ သေဋ္ဌေးကြီးကလည်း မိမိပိုင်တဲ့ ဥယျာဉ်အတွင်းမှာ ကျောင်းတိုက်ကြီးဆောက်လို့ "ကုက္ကုဋာရုံကျောင်းတိုက်"။ ပါဝါရိက သေဋ္ဌေးကလည်း မိမိပိုင်တဲ့ အာရာမ်ကြီးအတွင်းမှာ ကျောင်းတိုက်ကြီးတည်တယ်။ "ပါဝါရိကာရုံကျောင်း" ကောသမ္ဗီမှာ ကျောင်းတိုက်ကြီးသုံးခု ပေါ်ပေါက်လာတယ်။ သေဋ္ဌေးသုံးဦး ဆောက်ပြီးလို့ ဘုရားအမှူးပြုတဲ့ သံဃာကိုပင့်၊ ကောသမ္ဗီရောက်၊ မြတ်စွာဘုရားသည် ဒီသေဋ္ဌေးသုံးဦးရဲ့အိမ်ကို အလှည့်ကျ ကောသမ္ဗီပြည်ထဲ ကြွကြွပြီးတော့ ဆွမ်းဘုန်းပေးရတယ်။ ဗုဒ္ဓဘာသာ တစ်ယောက်မှ မရှိသေးဘူး။

**သုမနပန်းသည် ဘုရားကို ဆွမ်းကပ်ခွင့် တစ်ရက်ရခြင်း**

အဲဒီအချိန်မှာ သေဋ္ဌေးသုံးယောက်ပဲ ဗုဒ္ဓဘာသာအယူ ရှိကြသေးတယ်။ ကြွကြွပြီး ဘုန်းပေးတယ်။ ဃောသကသေဋ္ဌေးအိမ် ဆွမ်းစားကြွလို့ရှိယင် အဲဒီနေ့ ဃောသိတာရုံကျောင်းမှာ သီတင်းသုံးရောတဲ့။ ပါဝါရိကသေဋ္ဌေးအိမ် ဆွမ်းစားကြွတဲ့နေ့ ပါဝါရိကသေဋ္ဌေး ဆောက်တဲ့ ကျောင်းတိုက်မှာ နေတယ်။ ကုက္ကုဋသေဋ္ဌေးအိမ်မှာ ဆွမ်းစားကြွယင် အဲဒီနေ့ ကုက္ကုဋာရုံကျောင်းထဲမှာ သွားနေတယ်။

http:\\www.dhammadownload.com



မြတ်စွာဘုရား အဲဒီလို သေဌေးသုံးဦး ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းတိုက်ကြီးသုံးတိုက်မှာ အလဲအလှယ် စံနေတော်မူတယ်။ ဘယ်မှ ဗုဒ္ဓဘာသာ တစ်ယောက်ရယ်လို့ မရှိသေးဘူး။ ဒီသေဌေး သုံးဦးပဲ။ အဲဒီ သေဌေးသုံးဦးအိမ်မှာ အလဲအလှယ် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ဆွမ်းကျွေးတာမြင်တော့ အဲဒီသေဌေးတို့ထံမှာ အမြဲတစေ ပန်းသွင်းနေတဲ့ သုံမနဆိုတဲ့ ပန်းသည်တစ်ယောက်ရှိတယ်။ အတုမြင် အတတ်သင်။

ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို သေဌေးတွေ ဆွမ်းကပ်တာ သူကမြင်တော့ သူလဲ ကပ်ချင်တယ်။ ကပ်ချင်တာနဲ့ သူက သေဌေးတွေကို ဘာပြောသလဲ–

**အဟံ တုမှာကံ ဒီဃရတ္တံ ဥပကာရကော။**

ဘဏေ= အရှင်သေဌေးတို့။ အဟံ= အကျွန်ုပ်သည်။ တုမှာကံ= သင်သေဌေးတို့၏ အပေါ်၌။ ဒီဃရတ္တံ= ရှည်လျားလှစွာ ကာလ ပတ်လုံး။ ဥပကာရကော= ကျေးဇူးပြုခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။

အရှင်သေဌေးတို့အပေါ် ကျွန်တော် အင်မတန် အချိန် ကြာမြင့်စွာက ကျေးဇူးပြုခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်။ သူက နေ့စဉ်နေ့စဉ် ပန်းမရ အရ ပို့ရတာဟာလည်း ဒါ သူ့ကျေးဇူးပေါ့။

**သတ္ထာရံ ဘောဇေတုကာမောမှိ**

မြတ်စွာဘုရားကို ကျွန်တော်လဲ ဆွမ်းကျွေးချင်တယ်။

**မယှမ္ပိ ဧကဒိဝသံ သတ္ထာရံ ဒေထ။**

မယှမ္ပိ= ကျွန်တော်အားလည်း။ ဧကဒိဝသံ= တစ်ရက်လောက်။ သတ္ထာရံ= မြတ်စွာဘုရားကို။ ဒေထ= ပေးတော်မူကြပါ။

ကျွန်တော့်လည်းပဲ ဘုရားကို တစ်ရက်လောက် ဆွမ်းကျွေးခွင့် ပေးကြပါ။

http:\\www.dhammadownload.com



ဒီတော့ သေဌေးတွေက–

**တေန ဟိ ဘန္တေ သွေ ဘောဇေဟိ။**

ဘန္တေ= အမောင်သုမန။ တေန ဟိ=ထိုသို့တပြီးကား။ (ဝါ) မောင်ဒါလောက် ဆွမ်းကျွေးချင်ပါသပဆိုယင်။ သွေ= နက်ဖန်။ ဘောဇေဟိ= ကျွေးလော့။ ဒို့ခွင့်ပေးတယ်။

မင်း ဒါလောက်တောင် သဒ္ဓါတရားထက်နေယင် နက်ဖြန် ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းကျွေးတဲ့။

**သာဓု သာမိ။**

သုမနကလည်းပဲ ကောင်းပါပြီအရှင်သေဌေးမင်းဆိုပြီးတော့ တစ်ခါတည်း လက်ခံတယ်။ အခုည ဘုရားသိတင်းသုံးတဲ့ ဃောသိတာရုံ ကျောင်းတော်သွား။ ဘုရားအမှူးရှိတဲ့ သံဃာတော် နက်ဖြန်ခါ တပည့်တော်အိမ် ဆွမ်းစားကြွတော်မူပါဘုရား။ သေဌေးတွေထံကလဲ အခွင့်လဲ ရခဲ့တယ်။ ဘုရားကလဲ လက်ခံတယ်။

## သာဝတီမိဖုရားအတွက် ခုဇ္ဇုတ္တရာ ပန်းဝယ်ခြင်း

သုမနကား နက်ဖြန်ရောက်တော့ ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းကျွေးဖို့ ပြင်ဆင်နေပြီ။ ချက်ပြုတ်နေပြီ။ ဝေယျာဝစ္စတွေပြုနေပြီ။ အဲဒီအချိန်မှာ ဥတေနမင်းတရားက သာမာဝတီမိဖုရားကြီး ပန်ဖို့ အတွက် တစ်နေ့တစ်နေ့လျှင် ပန်းဘိုးငွေရှစ်ကျပ်ရှစ်ကျပ် ပေးတယ်။ ရှစ်ကျပ်ဖိုး ပန်းအပန်ခိုင်းတယ်။ မိဖုရားက ပန်းဝယ်သွားနိုင်တာမှ မဟုတ်ဘဲ။ သူ့အိမ်မှာ မိဖုရားရဲ့နန်းတော်မှာ အစေအပါးဖြစ်တဲ့ နာမည်ရင်းက ဥတ္တရာ၊ နည်းနည်းလေးခါးကုန်းလို့ သူ့ကို ခုဇ္ဇုတ္တရာတဲ့။

ခုဇ္ဇ= နည်းနည်းခါးကုန်းသော။ ဥတ္တရာ= ဥတ္တရာ အမျိုးသမီး။ အဲ– ပေါင်းခေါ်လိုက်တော့ ခုဇ္ဇုတ္တရာ။ အဲဒီ

http:\\www.dhammadownload.com



ခုဇ္ဇာဆိုတဲ့ နာမည်ဟာ ကုသဇာတ်ထဲကျတော့လဲပဲ အဲဒါ ခုဇ္ဇာ။ လူတွေ ပါးစပ်ထဲကျတော့ ဂုဇ္ဇာ ဖြစ်သွားတယ်။ ခါးတစ်ချောင်းငင်ကို နောက်က ဇကွဲနှစ်လုံးဟာ ခုဇ္ဇာ၊ ပါဠိ စကားနော်။ ခါးအနည်းငယ်ကုန်းတဲ့ အမျိုးသမီး။

ခုဇ္ဇုတ္တရာအမျိုးသမီး နေ့တိုင်းနေ့တိုင်း သုမနအိမ် ပန်းဝယ်လာတယ်။ ကိုင်း ဘယ့်လောက်တော်သလဲလို့ ဆိုလို့ရှိယင် ဟိုက ပေးလိုက်တာက ရှစ်ကျပ်ဖိုး။ ရှစ်ကျပ်ဖိုးဝယ်ဖို့။ ဥတေနမင်းဆီက ပန်းဖိုးရှစ်ကျပ်ဖိုး ရှစ်ကျပ်ဖိုး နေ့တိုင်းထုတ်တယ်။ လေးကျပ်ဖိုး လေးကျပ်ဖိုး ဝယ်သွားတယ်။ လေးကျပ်–လေးကျပ် နေ့တိုင်းစားတယ်။ ခုဇ္ဇုတ္တရာက။ ဒါ သူ့ဟိုဘက်ရက်။ လွန်ခဲ့တဲ့ရက်တွေ လတွေ၊ ရှစ်ကျပ်ဖိုး အဝယ်ခိုင်းတာ။ ရှစ်ကျပ်ဖိုး ထုတ်ပြီးတော့ လေးကျပ်ဖိုး သူက စားလိုက်တယ်။ လေးကျပ်ဖိုးပဲ သာမာဝတီဖို့ ဝယ်သွားတယ်။ ဒါ နေ့တိုင်းအလုပ်။

## ခုဇ္ဇုတ္တရာ ပန်းဝယ်ရင်း ဘုရားတရား နာရ၍ သောတာပန်တည်ခြင်း

ဒီကနေ့လဲပဲ လာပြီး သူပန်းဝယ်။ သုမနက ခါတိုင်းတော့ ပန်းလေးကျပ်ဖိုးပေးပါဆို ချက်ချင်းပေးလိုက်တယ်။ ကနေ့တော့ ဘာပြောလဲ–

**မယာ သတ္ထာ နိမန္တိတော။**

ဥတ္တရေ= ဥတ္တရာ။ ခုဇ္ဇုတ္တရာ။ မယာ= ငါသည်။ သတ္ထာ= မြတ်စွာဘုရားကို။ နိမန္တိတော=ရဟန်းသံဃာနဲ့တကွ ပင့်ဖိတ်ထားတယ်။

ငါလေ ဘုရားအမှူးရှိတဲ့ သံဃာကို ငါ့အိမ်ဆွမ်းကျွေးမလို့ဟ။ ငါပင့်ထားတယ်။

http:\\www.dhammadownload.com



အဇ္ဇ=ယနေ့။ ပုပ္ဖေဟိ=ပန်းတို့ဖြင့်။ သတ္ထာရံ=မြတ်စွာဘုရားကို။ ပူဇေဿာမိ= ငါပူဇော်မလို့။

ကနေ့လေ ငါဘုရားကိုပန်းတွေနဲ့ ပူဇော်မလို့ဟ။

တိဋ္ဌ တာဝ တဲ့။ နင်ခဏဆိုင်းအုန်း။ နင့်ကို ပန်းမရောင်းနိုင်သေးဘူး။ ဘုရားကို ငါပန်းတွေ ပူဇော်မလို့။

**တွံ ပရိဝေသနာယ သဟာယိကာ ဟုတွာ ဓမ္မံ သုတွာ အဝသေသာနိ ပုပ္ဖာနိ ဂဟေတွာ ဂမိဿသိ။**

တွံ= သင်သည်။ ပရိဝေသနာယ= ငါတို့ဘုရား အမှူးရှိတဲ့ သံဃာကို ဆွမ်းပြုစုတဲ့ ကိစ္စ၌။ သဟာယိဟာ= ကုသိုလ်ကောင်းမှု ပြုဖော်သဟဲသည်။ ဟုတွာ–ဟောဟိ= ဖြစ်အုန်းတဲ့။

ဘုရားအမှူးရှိတဲ့ သံဃာပြုစုရတယ်ဆိုတာ အင်တန်ပြုရခဲတယ်။ အဲဒီတော့ ဝေယျာဝစ္စ ဒို့နဲ့အတူပေါင်းပြီးတော့ ပြုအုန်း။ ကောင်းမှုပြုတဲ့ အဖော်သဟဲဖြစ်အောင်။

ဟိတွာ=ဖြစ်ပြီးသကာလ၊ ဓမ္မံ= တရားကို၊ သုတွာ–သုဏောဟိ= နာကြားဦးလော့။ (ဝေယျာဝစ္စပြုပြီးတော့ တရားနာအုန်းဟဲ့) သုတွာ= တရားနာပြီးလတ်သည်ရှိသော်။ အဝသေသာနိ ပုပ္ဖာနိ= ကျန်တဲ့ပန်းတို့ကို။ ဂဟေတွာ= ယူ၍။ ဂမိဿသိ= နင် သွားရလိမ့်မယ်။

ဒို့တရားနာပြီးမှ ကျန်တဲ့ပန်းများ ယူပြီးတော့ နင်သွား။

ခုဇ္ဇုတ္တရာလပဲ ကျေကျေနပ်နပ်“သာဓု” ကောင်းပါပြီဆိုပြီးတော့၊ တစ်ခါတည်း ဝေယျာဝစ္စကူလုပ်တယ်။ ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းပါကပ်ပြုပြီးလို့ မြတ်စွာဘုရား တရားဟောတဲ့အခါ ရှိရှိသေသေနာတယ်။ တရားဒေသနာ နိဂုံးလဲဆုံးရော ခုဇ္ဇုတ္တရာလဲ သောတာပန်ဖြစ်တယ်။ ခါတိုင်းခါတိုင်းတော့ ရှစ်ကျပ်ရှစ်ကျပ် ထုတ်လာပြီး လေးကျပ်လေးကျပ် သူ့ဖို့စားတယ်။ လေးကျပ်ဖိုးပဲ

http:\\www.dhammadownload.com



ပန်းကိုဝယ်တယ်။ ကနေ့တော့ ပန်းတွေဟာ ရှစ်ကျပ်ဖိုးအကုန်လုံး ဝယ်သွားတယ်။ ခါတိုင်းထက် ပန်းတစ်ဆတိုးလာတယ်။

သာမာဝတီဆီရောက်။ ပန်းတွေက တစ်ဆတိုးပါလာတော့ သာမာဝတီက ဆီးမေးတယ်။

**ကိံ နု ခေါ အမ္မ အဇ္ဇ အမှာကံ ရညာ ဒွိဂုဏံ ပုပ္ဖမူလံ ဒိန္နံ။**

အမ္မ=အမိခုဇ္ဇာ။ ကိံ နု ခေါ=အသို့နည်း။ အဇ္ဇ=ယနေ့။ အမှာကံ=ငါတို့အား။ (ဝါ) ငါတို့အတွက်။ ရညာ=ပြည့်ရှင်မင်းကြီးက။ ဒွိဂုဏံ= နှစ်ဆတက်သော။ ပုပ္ဖမူလံ= ပန်းဖိုးကို။ ဒိန္နံ= ပေးအပ်သလား။

အမိခုဇ္ဇာ - ဘယ့်နှယ်လဲ။ ကနေ့ ဒို့အပေါ်မှာ သဒ္ဓါတရားကြီးမားလာပြီး ပြည့်ရှင်မင်းကြီးက ပန်းဖိုးကို နှစ်ဆတိုးပေးလို့လားတဲ့။

ခုဇ္ဇုတ္တရာက ပြန်ပြောတယ် -

**နော အယျေ။**

အယျေ = ရှင်မ။ နော ဒိန္နံ။ မပေးအပ်ပါဘူး။ မပေးပါဘူး အရှင်မ။

**အထ ကသ္မာ ဗဟူနိ ပုပ္ဖာနိ။**

အထ=ထိုသို့ဖြစ်ပါလျက်။ ကသ္မာ =အဘယ့်ကြောင့်။ ပုပ္ဖာနိ = ပန်းတို့သည်။ ဗဟူနိ = တစ်ဆတိုးများနေရသလဲ။

သောတာပန် ဖြစ်သွားပြီ။ မလိမ်လဲ မလိမ်တော့ဘူး။ ခိုးလဲ မခိုးတော့ဘူး။ သူလိမ် မပြောတော့ဘူး။ သတ်ချင်ကသတ်။ မုသာဝါဒ သိက္ခာပုဒ်ကိုလဲ သူမလွန်ကျူးတော့ဘူး။ ဘာပြောသလဲ ဆိုတော့ -

**အညေသု ဒိဝသေသု အဟံ စတ္တာရော ကဟာပဏေ အတ္တနော ဂဟေတွာ စတူဟိ ပုပ္ဖာနိ အာဟရာမိ။**

အယျေ = အရှင်မ။ အဟံ = ကျွန်တော်မသည်။ အညေသု ဒိဝသေသု=တခြားနေ့တို့၌။ စတ္တာရော ကဟာပဏေ=လေးကျပ်တို့ကို။

http:\\www.dhammadownload.com



အတ္တနော=မိမိအတွက်။ ဂဟေတွာ=ယူပြီးမှ။ စတူဟိ=လေးကျပ်တို့ဖြင့်။ ပုပ္ဖာနိ = ပန်းတို့ကို။ အာဟရာမိ = ဝယ်ယူခဲ့ပါသည်။

အရှင်မတဲ့။ အခြားအခြား ပြီးခဲ့တဲ့ နေ့တွေကဆိုရင်၊ ငွေလေးကျပ်ကို ကိုယ့်အတွက် ယူပြီးမှ ကျန်တဲ့လေးကျပ်နဲ့ ပန်းကို ဝယ်ခဲ့တာပါတဲ့။ ဒါကြောင့်မို့လို့ အယင်နေ့တွေက ပန်းနည်းတယ်။ ကနေ့ကျတော့ ပန်းက များနေတယ်။ ဒီတော့ ပြောလိုက်တယ်။ သာမာဝတီက

**အဇ္ဇ ကသ္မာ န ဂဏှိ။**

အဇ္ဇ = ယနေ့တော့။ ကသ္မာ = အဘယ့်ကြောင့်။ န ဂဏှိ = သင့်အတွက် ငွေလေးကျပ်ကို မယူသလဲ။

တဲ့တိုး ပြောရရင်။ ကနေ့တော့ ညည်းဘာဖြစ်လို့ ငွေလေးကျပ် မခိုးသလဲ။ ဒီလို ပြန်ပြောတယ်။ ဘာဖြစ်လို့ မခိုးယူသလဲဆိုတော့။ ခုဇ္ဇုတ္တရာက ဘာပြောလိုက်သလဲဆိုတော့ –

**သမ္မာသမ္ဗုဒ္ဓဿ ဓမ္မကထံ သုတွာ ဓမ္မဿ အဓိဂတတ္တာ။**

အယျေ=ရှင်မ။ သမ္မာသမ္ဗုဒ္ဓဿ= မြတ်စွာဘုရား၏။ ဓမ္မကထံ = တရားစကားကို။ သုတွာ=ကြားနာရ၍။ ဓမ္မဿ=သစ္စာလေးပါးတရားအား။ အဓိကတတ္တာ=သိအပ်သည်၏ အဖြစ်ကြောင့်။ န ဂဏှိံ=ကျွန်တော်မ ကနေ့တော့ မခိုးဘူး။

ဘုရား တရားကို နာရလို့။ သစ္စာလေးပါးတရား သိလို့။ ကျွန်တော်မ မခိုးဘူး။ ရိုးရိုးပဲ ပြောတယ်။ အဲဒီလို ရိုးရိုး ဝန်ခံတဲ့ အခါမယ် သာမာဝတီက –

(သာသနာမကြည်ညိုမယ့်၊ ပါရမီမရှိမယ့် မိန်းမမဟုတ်ဘူး။ အဲဒီတော့ ပါရမီမရှိမယ့် မိန်းမဆိုယင် ဘယ်လိုပြောမလဲ)

http:\\www.dhammadownload.com



အရေ ဒုဠ္ဌဒါသိ =ဟယ်ကျွန်မယုတ်။ တွေက် ကာလံ= ဤမျှ ကာလကြာအောင်။ တယာ ဂဟိတကဟာပဏေ = နင်ခိုးယူအပ်တဲ့ အသပြာတို့ကို။ မေ = ငါ့အား။ ဒေဟိ = ပေးလော့။

ကြိမ်းမောင်း၊ ရိုက်မောင်း လုပ်မယ်။ ဟဲ့ ကျွန်မ၊ အပျက်မ။ ဒီမျှကြာအောင် နင်ယူခဲ့တဲ့ ငါ့ပိုက်ဆံတွေ ပြန်ပေးလို့ တောင်းမှာပဲ။ ခြိမ်းခြောက်မယ်။ မောင်းမဲမယ်။ သာမာဝတီ ဤသို့ မမောင်းမဲဘူး။ မခြိမ်းခြောက် မမောင်းမဲပဲနဲ့

ဘာပြောလိုက်သလဲ -

## သာမာဝတီနှင့် မောင်းမငါးရာကို စုဠ္ဌဝတ္တရာ တရားဟောခြင်း

**အမ္မ တယာ ပိဝိတံ အမတံ အမှေပိ ပါယေဟိ။**

အမ္မ = အမိခုဇ္ဇုတ္တရာ။ တယာ = သင်သည်။ ပိဝိတံ=သောက် အပ်ခဲ့သော။ အမတံ = အမြိုက်အရသာကို။ အမှေပိ = ငါတို့ကိုလည်း။ ပါယေဟိ = တိုက်ကျွေးပါအုန်း။

အမိခုဇ္ဇုတ္တရာ- အမိသောက်ခဲ့သော အမြိုက်တရားကို ငါတို့ ကိုလည်းပဲ တိုက်ကျွေးပါအုန်းလို့ ပြောတယ်။ ဒီတော့ ခုဇ္ဇုတ္တရာက ဘာပြောလဲ။

**တေန ဟိ မံ နှာပေဟိ။**

တေန ဟိ=ထိုသို့တပြီးကား။ (ဝါ)ထိုသို့ အမြိုက်တရား နာကြားလိုသပဆိုယင်။ မံ = ငါ့ကို။ နှာပေဟိ = နံ့သာရေဖြင့် ချိုးပေးပါစေ။

အမြိုက်တရား နာချင်သလား သခင်မ။ နာချင်တယ်။ နာ ချင်ယင် ငါရေချိုး ပါရစေအုန်း။ အေး ချိုးပါဆိုပြီးတော့ နံ့သာရေ ဆယ့်ခြောက်အိုးနဲ့ ရေချိုးခိုင်းတယ်။ ပြီးပြီဆိုတော့မှ အလွန်ကောင်း

http:\\www.dhammadownload.com



မွှန်တဲ့ အဝတ်နှစ်ထည် ပေးတယ်။ တစ်ထည်ကိုဝတ်၊ တစ်ထည်ကို လောဘတ်လို လက်ကန်တော့ လေးထိုးလို့။ နေရာမြင့်မြင့် ခင်းပေးပါ။ ခင်းပေးပြီးပြီ။ အဲဒီအပေါ်မှာ ယပ်တောင်ကလေး တစ်ခုပေးပါ။ ပေးပြီးပြီ။ အဲဒီ ယပ်တောင်ကလေးကို ကိုင်ပြီးတော့ ဓမ္မကထိက ထေရီမကလေးသဏ္ဍာန်။ ဥပမုသာဝက ခေါ်တယ်နော်။ အမျိုးသမီး လေးရဲ့ ပဆစ်တုပ်နဲ့ ထိုင်နည်းမျိုးဖြင့် ထိုင်ပြီးတော့ ခုဇ္ဇုတ္တရာသည် ဘုရားဟောတဲ့အတိုင်း တရားပြန်ပြီး ဟောတယ်။ သာမာဝတီနဲ့တကွ မောင်းမမိဿံ ငါးရာဟာ အောက်ကနေပြီးတော့ တရားနာတယ်။

**တဿာ ဓမ္မကထံ သုတွာ သဗ္ဗာပိ သောတာပတ္တိဖလေ ပတိဋ္ဌဟိံသု။**

တဿာ = ထိုခုဇ္ဇုတ္တရာ၏။ ဓမ္မကထံ = တရားစကားကို။ သုတွာ = ကြားနာရ၍။ (ဝါ) ကြားနာရသောကြောင့်။ တာ သဗ္ဗာပိ = ထိုအလုံးစုံသော သာမာဝတီ အမှူးပြုတဲ့ မောင်းမမိဿံ ငါးရာ တို့သည်လည်း။ သောတာပတ္တိဖလေ ပတိဋ္ဌဟိံသု = သောတာပတ္တိ ဖိုလ်၌ တည်ကြပြီ။

## ခုဇ္ဇုတ္တရာ နေ့စဉ်နေ့တိုင်း ဘုရားထံသွား တရားနာခြင်းဖြင့် တိပိဋကဓရဖြစ်ခြင်း

သာမာဝတီတို့ အဆောင်တစ်ဆောင်လုံး သောတာပန် ဖြစ်တယ်။ ဖြစ်တော့မှ အားလုံးက သာမာဝတီနဲ့တကွ မောင်းမမိဿံ ငါးရာတို့က ခုဇ္ဇုတ္တရာကို ဘာပြောသလဲ။

**အမ္မ အဇ္ဇတော ပဋ္ဌာယ တွံ ကိလိဋ္ဌကမ္မံ မာ ကရိ။**

အမ္မ =အမိ။ အဇ္ဇတော ပဋ္ဌာယ = ယနေ့ကစ၍။ တွံ=သင်သည်။ ကိလိဋ္ဌကမ္မံ = ယုတ်ညံ့တဲ့ အလုပ်ကို။ မာ ကရိ = မလုပ်နဲ့တော့။

http:\\www.dhammadownload.com



အိမ်မှာ ပင်ပန်းမဲ့အလုပ်။ ညစ်နွမ်းမဲ့ အလုပ်ကို ဟုတ်လား။ ခါတိုင်းတော့ ဒီအနားက အဝတ်ကို ဟိုအနား ပို့လိုက်အုံး။ ဟို အနားခေါက်အုန်း။ ဒီလိုအောက်တန်း၊ နောက်တန်း အလုပ်ကို မလုပ်နဲ့တော့။ ထွေးခံကလေး ဆေးလိုက်အုန်းဆိုတဲ့ ဒါတွေ ဘာမှ မလုပ်နဲ့။ နို့ ဘာလုပ်ရမလဲ -

**အမှာကံ မာတုဋ္ဌာနေစ အာစရိယဋ္ဌာနေစ ဌတွာ သတ္ထုသန္တိကံ ဂန္တွာ သတ္ထာရာ ဒေသိတံ ဓမ္မံ သုတွာ အမှာကံ ကထေဟိ။**

အမှာကံ= ငါတို့၏။ မာတုဋ္ဌာနေ စ=မိခင်အရာ၌လည်းကောင်း။ အာစရိယဋ္ဌာနေ စ=ဆရာအရာ၌ လည်းကောင်း။ ဌတွာ- တိဋ္ဌာဟိ = တည်ပါ။

ကျုပ်တို့ရဲ့ အမေ့အရာ၊ ကျုပ်တို့ရဲ့ ဆရာအရာမှာ တည်ပါ။ တည်ပြီးတော့ ဘာလုပ်ရမလဲ။

ဌတွာ = တည်ပြီးတော့။ သတ္ထုသန္တိကံ = ဘုရားအထံသို့။ ဂန္တွာ - ဂစ္ဆာဟိ = နေ့တိုင်း နေ့တိုင်း သွားပါ။ (သွားပြီး ဘာလုပ်ရ မလဲ)။ ဂန္တွာ = သွားပြီးသကာလ။ သတ္ထာရာ = မြတ်စွာဘုရားသည်။ ဒေသိတံ = ဟောတော်မူအပ်သော။ ဓမ္မံ = တရားကို။ သုတွာ - သုဏောဟိ = နေ့တိုင်း နေ့တိုင်း နာခဲ့ပါ။ (မှတ်မှတ်သားသား)။ သုတွာ= ကြားနာပြီး သကာလ။ အမှာကံ = ငါတို့အား။ ကထေဟိ = ဘုရားဟောတဲ့အတိုင်း ပြန်ပြီး တရားဟောပါ။

အေး ခုဇ္ဇုတ္တရာဟာ တရားဟောတဲ့ အလုပ်ပဲ လုပ်ရတယ်။ သူတို့ ပြောတဲ့အတိုင်း အဲဒီအချိန်ကစပြီး နေ့တိုင်း နေ့တိုင်း ဘုရား ဆီကို သွားတယ်။ ဘုရားဆီက ပြန်လာပြီး ဘုရားဟောတဲ့ တရား တွေ တစ်လုံးမကျန် သာမာဝတီနဲ့ မောင်းမမိဿံ ငါးရာကို ဟော တယ်။

http:\\www.dhammadownload.com



အေး – နေ့တိုင်း နေ့တိုင်း ဘုရားကျောင်းကို သွားပြီးတော့ တရားနာ။ စာတွေကျက်။ အဲဒီလို လေ့ကျက်ဖန်များလာလို့ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်လောက် ရှိသွားပြီဆိုပါစို့။ ခုဇ္ဇုတ္တရာဟာ တိပိဋကဓရ ဖြစ်သတဲ့။ ပိဋကသုံးပုံ တစ်ခါတည်း ဆောင်ပြီးသား ဖြစ်တယ်။ မှန်တယ်နော်။

## ခုဇ္ဇုတ္တရာ ဟောသည့် ဣတိဝုတ်ပါဠိတော်

ဒီအမျိုးသမီး လောကကနေပြီးတော့ သာသနာမှာ ဝင်ပြီးတော့ ဂုဏ်ယူမယ်ဆိုရင် ဂုဏ်ယူစရာ၊ လက်ညှိုးထိုးစရာ ကျမ်းရှိတယ်။ ဟောဘုန်းကြီးတို့ သံဂါယနာတင်တဲ့ နိကာယ်ငါးရပ်ထဲမှာ ခုဒ္ဒက နိကာယ်၊ အဲဒီခုဒ္ဒကနိကာယ်မှာ ပဌမဆုံး စာအုပ်မှာ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊သုတ္တနိပါတ်လို့ ငါးကျမ်းကို တစ်အုပ် ရိုက်တယ်။

အဲဒီမှာ **ဣတိဝုတ္တကပါဠိ ဆိုတာဟာ ဟောဒီ ခုဇ္ဇုတ္တရာ ဟောတာ**။ ခုဇ္ဇုတ္တရာဟောတယ် ဆိုတာ ခုဇ္ဇုတ္တရာက ဘုရားမဟော တာကို သူ့အဟောလုပ်ပြီး ဟောတာမဟုတ်ဘူး။ သူဘုရားဆီက တရားနာလို့ တိပိဋကဓရ ပုဂ္ဂိုလ်ဖြစ်ပြီးတဲ့နောက်၊ နာခဲ့ရတဲ့တရား တွေထဲမှာ တရားတစ်မျိုး တစ်မျိုး၊တစ်မျိုး တစ်မျိုးဟောတဲ့ သုတ္တန် တွေ။ နှစ်မျိုးနှစ်မျိုးဟောတဲ့ သုတ္တန်တွေ။ သုံးမျိုးသုံးမျိုး ဟောတဲ့ သုတ္တန်တွေ။ လေးမျိုးလေးမျိုးဟောတဲ့ သုတ္တန်တွေ။ ငါးမျိုးငါးမျိုး ဟောတဲ့ သုတ္တန်တွေ အကုန်လုံး အမျိုးတူရာကို စုပြီးတော့ ဧကက နိပါတ်။ ဒုကနိပါတ်၊ တိကနိပါတ်၊ စတုက္ကနိပါတ်၊ ပဉ္စကနိပါတ် ဆိုပြီးတော့ သုတ်တွေကို တူရာပေါင်းပြီးတော့ (၇၂) ခုနှစ်ဆယ့်နှစ်သုတ် ရှိတယ်။ အဲဒီသုတ္တန်တွေကို သူပေါင်းပြီးတော့ ဟောထားတာ။

http:\\www.dhammadownload.com



ဥပမာ ပြောကြပါစို့။ အရှင်အာနန္ဒာတို့ - သုတ္တန်တစ်ခု၊ မင်္ဂလသုတ် ဆိုကြပါစို့။ နိဒါန်းက ဘာစလိုက်သလဲ -

**ဧဝံ မေ သုတံ -**

ဒီလိုလာတယ်။ ဒါအရှင်အာနန္ဒာ တရား နိဒါန်းပျိုးတာ။ သုတ္တန် နိဒါန်းပျိုးတာ။ အဲဒါကို အနက်ပေးတော့ -

ဘန္တေ ကဿပ = အရှင်မဟာကဿပ။ ဣဒံ သုတ္တံ =ဤ မင်္ဂလသုတ်တော်ကို။ မေ - မယာ = အကျွန်ုပ်အာနန္ဒာ မထေရ်သည်။ ဧဝံ=ဤသို့။ ဘဂဝတော = မြတ်စွာဘုရား၏။ သမ္မုခါ =မျက်မှောက်တော်မှ။ ဧဝံ = ဤသို့။ သုတံ = ကြားအပ်ပါ၏။

ဒီလို ပိုင်ပိုင်နိုင်နိုင်ပဲ ထည့်သင့်တဲ့ ပါဠိကို ထည့်ပေးထားတာ။ ဧဝံ မေ သုတံနဲ့ စတယ်။ အရှင်အာနန္ဒာတို့ စတာ။

## လောဘသုတ်

ခုဒ္ဒုတ္တရာသုတ္တန်စပုံက တစ်မျိုး။ မူက ဘယ့်နှယ်စတုန်း။ လောဘသုတ်ဆိုပါစို့။ အဲဒီ သူဟောတဲ့ ဣတိဝုတ် လောဘသုတ်မှာ-

**ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမရဟတာတိ မေ သုတံ။**

ဟော- သူ စတာ။ အရှင်အာနန္ဒာ ဧဝံ မေ သုတံနဲ့ စတာကို။ သူလဲပဲ ပဋိသမ္ဘိဒါပတ္တသာပိကာ ဖြစ်တော့ကို ပဋိသမ္ဘိဒါဉာဏ်နဲ့ မှီပြီးတော့ ဘုရားအလိုကျအတိုင်း သုတ္တန်နိဒါန်းကို ပျိုးတာ။

**"ဝုတ္တံ ဟေတံ ဘဂဝတာ ဝုတ္တမရဟတာတိ မေ သုတံ"**

ဒါ သူ ထည့်ပေးတဲ့ တရား နိဒါန်း

တေံ = ဤလောဘသုတ်ကို။ ဘဂဝတာ = မြတ်စွာဘုရားသည်။ ဝုတ္တံ=ဟောတော်မူအပ်ပြီ။ မေ = ခုဒ္ဒုတ္တရာ ခေါ်သမုတ် အကျွန်ုပ်သည်။ အရဟတာ ဝုတ္တန္တိ =မြတ်စွာဘုရား ဟောကြားအပ်၏ ဟူ၍။ သုတံ =နားဝယ်ဆတ်ဆတ် ကြားနာအပ်ဖူးပါ၏။

http:\\www.dhammadownload.com



ဇဝံ မေ့ သုတံ အစား၊ တည်ပြီးတော့မှ ဘုရား ဟောတဲ့ တရားသား။

**ဧကဓမ္မံ ဘိက္ခဝေ ပဇဟထ၊ အဟံ ဝေါ ပါတိဘောဂေါ အနာဂါမိတာယ။**

ဘုရားဟောတာ။ မြတ်စွာဘုရားက တစ်နေ့ရာမှာ ကိုယ်တော့် သာဝကတွေ ဟောတုန်းက -

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ ဧကဓမ္မံ=တစ်ခုသော တရားကို။ ပဇဟထ=ပယ်စွန့်ကြကုန်။ အဟံ=လူသုံးပါးတို့၏ ဆရာ ဘုရားငါသည်။ ဝေါ = သင်ချစ်သားတို့အတွက်။ အနာဂါမိ တာယ = အနာဂါမ်ဖြစ်ဖို့ရန်။ ပဋိဘောဂေါ = အာမခံပါ၏။

အာမခံပါရစေ ချစ်သားတို့။ ချစ်သားတို့ဘက်က တရားတစ်ခု ကိုသာ ပယ်ပါ၊ အဲဒီ ချစ်သားတို့ဘက်က တရားတစ်ခု ပယ်ယင် အနာဂါမ်ဖြစ်ဖို့ရန် ငါဘုရား ရဲရဲတောက် အာမခံပါတယ်။

ကတမံ ဧကဓမ္မံ = အဘယ်တရား တစ်ခုကို။ ပဇဟာမ=ပယ် စွန့်ကြရပါမလဲ။ ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့။ လောဘံ =လိုချင်တပ်မက်မှု လောဘဆိုတဲ့။ ဧကံဓမ္မံ =တစ်ခုသော တရားကို။ ပဇဟထ = ပယ်စွန့်ကြပါကုန်။ ချစ်သားတို့ဘက်က။

အဟံ=ငါဘုရားသည်။ ဝေါ =သင် ချစ်သားတို့အတွက်။ အနာဂါမိတာယ = အနာဂါမ် ဖြစ်ဖို့ရန်အရေး။ ပါဋိဘောဂေါ = ရဲရဲတောက် အာမခံပေးပါ၏။

ငါဘုရား ရဲရဲတောက် အာမခံတယ် အနာဂါမ် ဖြစ်ဖို့ရန်။ အဲဒီလိုဟောတဲ့ ဘုရားစကား။ စကားပြေခေါ်တယ်။ ပါဠိလိုစုဏ္ဏိယ ခေါ်တယ်။ မြတ်စွာဘုရားကလဲ အဲဒီတုန်းက အဲဒီလို စကားပြေ စုဏ္ဏိယ ဟောပြီးတဲ့အခါကျတော့ ဂါထာဂီတိ အနေနဲ့ ဆက်ပြီး မြတ်စွာဘုရားက ဟောသွားတယ်။ ဘယ်လိုလဲ။

http:\\www.dhammadownload.com



ယောနု လောသောမှ လုဒ္ဒါသော၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။
တံလောဘံ သမ္မဒညာယ၊ ပဇဟန္တိ ဝိပဿိနော။

မြတ်စွာဘုရားက ဆိုပြီးသော စကားပြေ စုဏ္ဏိယစကားတွေရဲ့ သင်္ဂဟဂါထာ ရွတ်လို့လဲကောင်း။ အဲဒီလိုဟောတဲ့ စကားပြေနဲ့ စုဏ္ဏိယကြား ရှင်အာနန္ဒာ – မထေရ်မြတ်တို့၊ ဒီနှစ်ခုကို စကားဆက်စပ် ပေးတာက ဘယ်လိုတုန်း။

ဣဒမဝေါစ ဘဂဝါ ဣဒံ ဝတွာန သုဂတော၊ အထာပရံ ဧတဒဝေါစ။

ဘဂဝါ = မြတ်စွာဘုရားသည်။ ဣဒံ = ဤစုဏ္ဏိယစကားပြေ စကားကို။ အဝေါစ = ဟောကြားပြီ။ သုဂတော = ကောင်းသော စကားကို မိန့်ကြားတော်မူတဲ့ မြတ်စွာဘုရားသည်။ ဣဒံ=ဤ စကားကို။ ဝတွာန=ဟောကြားတော် မူပြီးသော်။ အထာပရံ =ထိုမှ တစ်ပါးသော။ ဧတံ = ဤဂါထာ စကားကို။ အဝေါစ =ဟောတော် မူ၏။

ဆိုပြီးတော့မှ စကားပြေ စုဏ္ဏိယနဲ့ ဂါထာနဲ့ အကူးမှာ စကားအဆက်အစပ် အနုသန္ဓေ တပိုဒ်ကလေး အဲဒီလို ထည့်ပေးတယ်။

ခုနစ်ဆူရာက ရှင်အာနန္ဒာမှုကို မယူဘူး။ သူက သူ့မူနဲ့သူ။ ဒါပြောနေတာဟာ အမျိုးသမီးလောကကပေါ့လေ ဂုဏ်ယူမယ်ဆိုရင် ဂုဏ်ယူနိုင်အောင်။ ဂုဏ်ယူယုံတင် မဟုတ်ဘူး။ ထိုအမျိုးသမီး၏ သာသနာမှာ ချသွားတဲ့ သုတ္တန် များတာလည်း မဟုတ်ဘူး။ သုက်ပေါင်း ခုနှစ်ဆယ့်နှစ်သုတ် ရှိတယ်။ ကျက်လိုက်ယင် ဘာမှ မများဘူး။ တစ်ချို့ သုတ္တန်များက ငါးကြောင်းလောက် ရှိတယ်။ ခုနစ်ဆူရာ ကျတော့လဲ အဲဒီ စုဏ္ဏိယ စကားပြေနဲ့ ဂါထာကို ရှင်အာနန္ဒာမှုမျိုးနဲ့ မကူးဘူး။ ဘယ်နှယ်ပြောသလဲ။ သူကူးပုံက –

http:\\www.dhammadownload.com



**တေမတ္ထံ ဘဂဝါ အဝေါစ၊ တဒ္ဓေတံ ဣတိ ဝုစ္စတိ။**

ဟောရေ့က အဲဒီလို စကားဆက်စပ်ပေးတယ်။ အခု ဘုန်းကြီး ပြောနေတဲ့ စကားတွေ၊ သိတင်းသုံးဖော် ဒိညီတော်၊ နောင်တော်၊ ဟောဒီ သံဃာတော်တွေ အနေနဲ့ကျတော့ အဓိပ္ပာယ် ဘယ်လောက် ရှိတယ်ဆိုတာ သိတယ်။ ဣဒ မဝေါစ ဘဂဝါ၊ ဣဒံ ဝတ္တာန။ နဲ့ မကူးဘူး။ စကား ဆက်မပေးဘူး။ ဒီခုဒ္ဒကတွေရာ အမျိုးသမီး ပြောပါ တယ်။ ဘယ့်နှယ်လဲ။

**တေမတ္ထံ ဘဂဝါ အဝေါစ၊ တဒ္ဓေတံ ဣတိ ဝုစ္စတိ။**

ဘဂဝါ = မြတ်စွာဘုရားသည်။ တေမတ္ထံ = ဤအကြောင်းကို။ **အဝေါစ** = ဟောတော်မူပြီ။ ဣဒမဝေါစ ဘဂဝါကို သူက တေမတ္ထံ ဘဂဝါ အဝေါစ။ သူက သူ့မူနဲ့သူ။ ပြီးတော့မှ "တဒ္ဓေတံ ဣတိ ဝုစ္စတိ။ တတ္ထ = ထိုစကားပြေ စုဏ္ဏိယ စကား၌။ ဧတံ =ဤသင်္ဂဟ ဂါတိ စကားကို။ ဣတိ = ဤသို့။ ဝုစ္စတိ = ထပ်၍ ဟောတော်မူအပ်၏။

တဒ္ဓေတံ ဣတိ ဝုစ္စတိ ပြီးတော့မှ ဘုရားဟောတဲ့ ဂါထာကို-

**ယေန လောဘေန လုဒ္ဓါသေ၊ သတ္တာဂစ္ဆန္တိ ဒုဂ္ဂတိံ။**

**တံ လောဘံ သမ္မဒညာယ၊ ပဇဟန္တိ ဝိပဿိနော။**

ဆိုတဲ့ အဲဒီဂါထာ။ ဒါ "လောဘသုတ်" ဆိုတာ ဒါလောက်ပဲ။

## ဒေါသသုတ်

အဲ - ဒေါသသုတ်ကျတော့လဲပဲ ဒီလိုပဲ -

**ယေန ဒေါသေန ဒုဋ္ဌာသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။**

**တံ ဒေါသံ သမ္မာဒညာယ၊ ပဇဟန္တိ ဝိပဿိနော။**

ဟိုအဲဒီ ကေကနိပါတ်မှာ လောဘသုတ်၊ ဒေါသသုတ်၊ မောဟသုတ်၊ မာနသုတ်၊ မက္ခသုတ်ဆိုတဲ့ ဒီသုတ္တန်တွေဟာ တစ်သုတ်

http:\\www.dhammadownload.com



ရယင် အမျိုးသမီးတွေဟာ ကျန်လေးငါးဆယ်သုတ်ဟာ လွယ်လွယ်နဲ့ ကြည့်ရုံနဲ့ ရသွားပါတယ်။ ခဲခဲယဉ်းယဉ်း မကျက်ရဘူး။ ကျက်ချင် မှ အောင် ရွတ်ချင်အောင် ပြောနေပါတယ်။

ခုဇ္ဇုတ္တရာသည် သာသနာ၌ "တဗ္ဗောတံ ဣတိ ဝုစ္စတိ"လို့ စကားဆက်စပ်ပေးတဲ့ – သုတ်တိုင်း သုတ်တိုင်းမှာ ဒီလို ဆက်စပ် ပေးလို့။ သူစုထားတဲ့ သုတ္တန်တွေကို "ဣတိဝုတ္တကပါဠိ"လို့ = ဣတိဝုတ်ပါဠိလို့ ခေါ်ရတယ်။ တစ်ကျမ်းတစ်ဖွဲ့ကို သာသနာမှာ ရှိတယ်။ အဲဒါလောက် သာသနာမှာ ကျေးဇူးများသွားတဲ့ အမျိုးသမီး။ သာသနာမှာ ချိန်ခွင်ကြီးလို့ နောက်မြတ်စွာဘုရား ဟောတာ။ ဒီလို အခြေပါပါကို သိထားမှ။

## ခုဇ္ဇုတ္တရာ ဗဟုသုတဓမ္မကထိက ဧတဒဂ်ရခြင်း

အဲဒီတော့ တိပိဋကရေလည်း ဖြစ်တယ်။ အေး – ကနေ့ပြော ပြောယင် ကျမ်းပြုပေါ့လေ။ အရိယသာဝိကာ တစ်ယောက်။ ဣတိ ဝုတ္တက ကျမ်းပြု။ အဲဒီလို သာသနာမှာ တရားနဲ့ ပတ်သက်၍ ဗဟုသုတလည်း များတယ်။ တရားဟောကလဲ ကောင်းတယ်။ သာမာဝတီတို့ကို နေ့တိုင်း ဟောနေရတော့ တရားဟောကောင်းတော့ သူကလည်း ဓမ္မကထိက။ အခုလောက် မြတ်စွာဘုရားက ကိုယ်တော့် သာဝိကာ ဥပါသိကာတွေကို ဧတဒဂ် ပေးတဲ့အခါမှာ ဟောဒီ ခုဇ္ဇုတ္တရာကို ဘယ်လို ဘွဲ့ပေးခဲ့သလဲ။

**ဧတဒဂ္ဂ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုသုတာနံ ဓမ္မကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ။**

ဧတဒဂ္ဂပါဠိထဲမှာ– ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ=ယာ အယံ ခုဇ္ဇုတ္တရာ = အကြင်ခုဇ္ဇုတ္တရာသည်။ အတ္ထိ=ရှိ၏။

http:\\www.dhammadownload.com



ဗဟုဿုတာနံ = ဗဟုသုတ ပြောကြွယ်ဝကုန်သော။ ဓမ္မကထိကာနံ =တရားဟောကောင်းကြကုန်သော။ (ဓမ္မကထာယံ သာဓု ဓမ္မကထိကော – လို့ ဝိဂြိုဟ်လုပ်ရကယ်။) ဓမ္မကထိကာနံ = တရားဟောမှု၌ ခွမ်းကုန် လိမ္မာကုန် ကောင်းကုန်သော။ မမသာဝိကာနံ ဥပါသိကာနံ =ငါဘုရားရဲ့ တပည့်မ – ဥပါသိကာတို့အနက်။ ဧတံ သော = ဤခုဇ္ဇုတ္တရာသည်။ အဂ္ဂံ – အဂ္ဂါ = အမြတ်ဆုံးပါတည်း။

ဗဟုသုတ ဓမ္မကထိက ဥပါသိကာထဲမှာတော့ ခုဇ္ဇုတ္တရာသည် အသာဆုံး၊ အမြတ်ဆုံး ဆိုပြီးတော့ အဲဒီမှာ သူ့ကို ဓမ္မကထိကအရာ ဧတဒဂ်ပေးတယ်။ ဗဟုသုတအရာ ဧတဒဂ်ပေးတယ် အမျိုးသမီးဘက်က။

## သာမာဝတီတို့ ခဲခဲယဉ်းယဉ်း ဘုရားဖူးကြခြင်း

ဒီတော့ နေ့စဉ်နေ့တိုင်း ဘုရားဆီသွား တရားနာ၊ ပြန်၊ နန်းတော်ရောက်၊ တရားဟော၊ သူ့အလုပ်က ဒါပဲ။ တရားနာ၊ စာကျက်၊ တရားဟော၊ တရားနာ၊ စာကျက်၊ တရားဟော၊ သာမာဝတီတို့ တစ်ဆောင်လုံးဟာ ဓမ္မနန်းတော်ကြီး ဖြစ်နေပါတယ်။ ဟိုဘက်က မာဂဏ္ဍီတို့၊ ဝါသုလဒတ္တာတို့ မပါဘူးနော် အခု ပြောတဲ့အထဲ။

အဲဒီလို စာကျက်၊ စာအံ၊ တကထဲ တရားပြန်၊ ဒီလိုနေ့ချည်းထဲ တစ်ရက်ထက် တစ်ရက် တစ်ရက်ထက် တစ်ရက်။ ဘုရားကိုလည်း အဲဒီနေ့ ကျအောင် သာမာဝတီတို့ မဖူးရသေးဘူး။ မဖူးရရှာဘူး။ ဒီတော့ တစ်ရက်ထက်တစ်ရက် ဖူးချင်လာတယ်။ ဖူးချင်လာတော့ ခုဇ္ဇုတ္တရာ အမေကြီးကို သူတို့ အပူကပ်ကြတယ်။

အမ္ဘ သတ္ထာရံ ဒဋ္ဌုကာမာ + မှာ။

http:\\www.dhammadownload.com



အမ္မ=ဘဂေဝ၊ ခုဇ္ဇုတ္တရာ။ သတ္ထာရံ=မြတ်စွာဘုရားကို။ ဒဋ္ဌုကာမာ = ဖူးမြော်ခြင်းငှာ အလိုရှိကုန်သည်။ အမှာ = ဖြစ်ကြပါကုန်၏။

အမေ – ဘုရားကို ကျွန်မတို့ ဖူးချင်ပြီ။

တံ နော ဒဿေဟိ။

တံ =ထိုမြတ်စွာဘုရားကို။ နော = ကျွန်မတို့အား။ ဒဿေဟိ = ဖူးမျှော်ရအောင် လုပ်ပေးပါ။ ပြပေးပါ။

ဂန္ဓမာလာဒီဟိ တံ ပူဇေဿာမ။

တံ = ထိုမြတ်စွာဘုရားကို။ ဂန္ဓမာလာဒီဟိ = နံ့သာပန်း စသည်တို့ဖြင့်။ ပူဇေဿာမ = ပူဇော်ကြပါကုန်အံ့။ ဝါ = ပူဇော်ကြပါရစေ။

ပူဇေတာပ၊ အမေ – ကျွန်မတို့ ဘုရားဖူးချင်တယ်။ ဘုရားဖူးရအောင် လုပ်ပေးပါ။ မြတ်စွာဘုရားကို နံ့သာပန်း စသည်တို့နဲ့ ပူဇော်ပါရစေ။ ပူဇော်ချင်လှပြီ ဆိုတော့ ခုဇ္ဇုတ္တရာက ဘာပြောလဲ။

အယျေ ရာဇကုလံ နာမ ဘာရိယံ၊ တုမှေ ဂဟေတွာ ဗဟိ ဂန္တုံ န သက္ကာ။

အယျေ= အရှင်မတို့။ ရာဇကုလံ နာမ =မင်းတို့ရဲ့ နန်းတော်မည်သည်။ ဘာရိယံ = အလွန်ဝန်လေး၏။ တုမှေ = အရှင်မတို့ကို။ ဂဟေတွာ = ခေါ်၍။ ဗဟိ = အပတစ်နေရာသို့။ ဂန္တုံ=သွားခြင်းငှာ။ န သက္ကာ = မစွမ်းနိုင်ပါ။

အရှင်မတို့၊ မင်းရဲ့ နန်းတော်ဆိုတာ ဝန်လေးလှတယ်။ တာဝန် ရှိပါတယ်။ ရှင်မတို့ကို ဒီမင်းရဲ့ နန်းတော်ထဲကနေပြီး တခြား တစ်နေရာ ခေါ်ဆောင်သွားဖို့ရန် ကျွန်မ မတတ်နိုင်ပါဘူးတဲ့၊ ပြောတော့။

အမ္မ နော မာ နာသေဟိ။

http:\\www.dhammadownload.com



အမ္ဗ=အမိခုဇ္ဇုတ္တရာ။ နော = အကျွန်ုပ်တို့အား။ မာ နာသေဟိ = မဖျက်ဆီးပါနှင့်။

အမှာကံ = အကျွန်ုပ်တို့အား။ သတ္ထာရံ = မြတ်စွာဘုရားကို။ ဒဿေဟေဝ =မဖူးရ ဖူးရအောင် ကြံဆောင်ပေးပါ။

အမေခုဇ္ဇုတ္တရာရယ်။ ကျွန်မတို့ကို မဖျက်ပါနဲ့။ ဘုရားကို ဘယ်လိုနည်းနဲ့မဆို မဖူးရ ဖူးရအောင်သာ လုပ်ပေးပါ။ အမေကြံရင် ဖြစ်မယ်ပေါ့။ အဲဒီတော့ ခုဇ္ဇုတ္တရာက ဘယ်လို အကြံပေးသလဲ။

တေန ဟိ=ထိုသို့ တပြီးကား။ အယျေ=သခင်မတို့။ တုမှာကံ =သခင်မတို့၏။ ဝသနဂဗ္ဘာနံ=နေထိုင်ရာတိုက်ခန်းတို့၏။ ဘိတ္တိသု = နံရံတို့၌။ ယတ္ထကေန = အကြင်မျှလောက်သော အပေါက်ဖြင့်။ ဩလောကေတုံ = ကြည့်စေခြင်းငှာ။ သက္ကာ = တတ်ကောင်းသည်။ ဟောတိ = ဖြစ်၏။

ဒီလိုဆိုယင် ရှင်မတို့ကို အကြံပေးမယ်။ ဘယ့်နှယ်လဲ။ သခင်မတို့နေတဲ့ တိုက်ခန်း အဲဒီတိုက်ခန်းရဲ့ နံရံ– ဟော လမ်းဘက်မှာ၊ အဲဒီတိုက်ခန်းရဲ့ နံရံမှာ ဆိုကြပါစို့ရဲ့။ လေးလက်မလောက် အပေါက် ဖောက်ယင် ကောင်းကောင်းမြင်တယ်။ အဲဒါ လေးလက်မ အပေါက် ဖောက်ရမယ်။

ဘိတ္တိသု = နံရံတို့၌။ ယတ္ထကေန = အကြင်မျှလောက်သော အပေါက်ဖြင့်။ ဩလောကေတုံ=ကြည့်ရှုခြင်းငှာ။ သက္ကာ=တတ်ကောင်းသည်။ ဟောတိ = ဖြစ်၏။ တတ္တကံ ဆိဒ္ဒံ ကတွာ = ထိုမျှလောက် မြင်လောက်အောင် အပေါက်လုပ်ပြီး သကာလ။ ဂန္ဓမာလာဒီနိ အာဟာရပေတွာ =. နံ့သာပန်း စသည်တို့ကို အဲဒီအနား ယူဆောင် ပြီးတော့။ တိဏ္ဏံ သေဋ္ဌီနံ = သေဌ်းကြီးသုံးဦးတို့၏။ ဃရဒွါရံ=အိမ် တံခါးဝသို့ အာဂစ္ဆန္တံ=ကြွလာတော်မူသော။ သတ္ထာရံ=မြတ်စွာဘုရား ကို–

http:\\www.dhammadownload.com



အဲဒီအပေါက်ကနေပြီး ကြည့်ကြဖို့။ ဘုရားကိုယ်တော်မြတ်သည်။ ဃောသကသူဌေး ပါဝါရိက သူဌေး၊ ကုက္ကုဋသူဌေးတို့ရဲ့ အိမ်ကို အလဲအလှယ် နေ့တိုင်းနေ့တိုင်း ဟောဒီလမ်းက ကြွတယ်။ အဲဒီလို ကြွလာတော်မူတဲ့ မြတ်စွာဘုရားကို –

တုမှေ =သခင်မတို့သည်။ တေသု တေသု ဌာနေသု = ထိုထို မိမိတို့ အပေါက်ဖောက်ထားတဲ့ နေရာ၌။ ဌတွာ=ရပ်တည်ပြီး သကာလ။ ဩလောကေထ စေဝ=ဖူးလဲ ဖူးကြကုန်။ ဟတ္ထေ စ ပသာရေတွာ ဝန္ဒထ။ ဟတ္ထေ=လက်တို့ကို။ ပသာရေတွာ=ဆန့်တန်း၍။ ဝန္ဒထ စ =ရှိလည်း ခိုးကြကုန်။ ပူဇေထ စ = ရှင်မတို့ ယူထားတဲ့ နံ့သာပန်း စသည်တို့ဖြင့်လည်း ပူဇော်ကြကုန်။

ဒါအကြံပေးတာ။ နံရံကို ဖောက်ပြီးသကာလ အဲဒီမှာ ဘုရားကို အားရပါးရ အဲဒီအပေါက်ကနေပြီးတော့ ဖူးကြ။ အဲဒီကနေပြီးတော့ လက်တွေ ဆန့်တန်းပြီးတော့ ဘုရားရှိရာ ဘက်သို့ ပန်းတွေ ကြဲဖြန့်ပြီးတော့ ပူဇော်ကြ။ ဘာပဲပြစ်ဖြစ် အကြံပေးလိုက်တယ်။ ရှင်မတို့ကို နန်းတော်အပြင်ဘက်တော့ ခေါ်လဲ မသွားဝံ့ဘူး။

သာမာဝတီ မိဖုရားနဲ့တကွ မောင်းမမိဿံတွေ ခုဇ္ဇုတ္တရာ အကြံပေးချက်အတိုင်း မိမိတို့ အိပ်ခန်းနံရံတွေမှာ အပေါက်တွေ ဖောက်ပြီးတော့ အဲဒီ အပေါက်က ဘုရားကြွတိုင်း ကြွတိုင်း၊ ကျောင်းတော်ပြန်တိုင်း ဘုရားကို ဖူးမြော်ကြ၊ ပူဇော်ကြ၊ ရှိခိုးကြတယ်။ သူတို့ဟာနဲ့ သူ့တို့ ရသလောက်ပဲပေါ့။

## သာမာဝတီတို့ ဘုရားကို ဖူးမြော်သည်ကို အကြောင်းပြု၍ သာမာဝတီအပေါ် မာဂဏ္ဍီ ရန်ငြိုးဖွဲ့ခြင်း

အဲဒီလိုနေလို့ တစ်လ၊ နှစ်လ ကြာသွားတော့ တစ်နေ့သ၌ မာဂဏ္ဍီ မိဖုရားက သာမာဝတီတို့ အဆောင်ဘက်ကို အလည်လျှောက်

http:\\www.dhammadownload.com



လာတယ်။ အဲဒီလို ရောက်လာတယ် ဆိုယင်ပဲ ဒီသာဟာတော်တို့ မောင်းမမိသံတွေနေတဲ့ အိပ်ခန်းတွေမှာ၊ နံရံတွေမှာ အပေါက်တွေ မြင်တော့ -

ဆ္ကဒံ ကိံ။

မာဂဏ္ဍီက မေးတယ်။ ဆ္ကဒံ=ဤအပေါက်သည်။ ကိံ = ဘာတွေလဲ။

ဒီအပေါက်တွေက ဘာဖြစ်တာလဲ မေးတယ်။ ဟိုမောင်းမ မိသံတွေက မာဂဏ္ဍီ ဘုရားအပေါ်မှာ ရန်ငြိုးထားတာ ဘယ်သိမလဲ။ မသိတော့။ ဒို့အမျိုးသမီး အချင်းချင်း ဆိုပြီးတော့ ရိုးရိုးပြောကြတယ်-

သတ္ထာ ဣမံ နဂရံ အာဂတော။

အယျေ=ရှင်မ မာဂဏ္ဍီ။ သတ္ထာ=မြတ်စွာဘုရားသည်။ ဣမံ နဂရံ=ဤငါတို့ရဲ့ ကောသမ္ဗီမြို့တော်ကို။ အာဂတော = ကြွရောက်လာပြီ။

အေး -ဘာဖြစ်သလဲ မာဂဏ္ဍီက။ အေး - ဒီမြို့ ကြွလာတော့ ဘာဖြစ်တုန်း။

မယံ = ငါတို့သည်။ ဧတ္ထ = ဤနေရာ၌။ ဌတွာ=ရပ်တည်၍။ သတ္ထာရံ = မြတ်စွာဘုရားကို။ ဝန္ဒာမ စေဝ = ရှိခိုးလည်း ရှိခိုးကြ ကုန်၏။ ပူဇေမ စ=ပူလည်းပူဇော်ကြကုန်၏။

ဟောဒီနေရာက ရပ်ပြီး၊ ဒီအပေါက်ကနေပြီး။ ဘုရားကို ဖူးလဲ ဖူးရတယ်။ ဘုရားလဲ ရှိခိုးတယ်။ ဘုရားကို ပူလဲပူဇော်တယ်။ သူငယ်ချင်းရေလို့။ သူတို့က အကောင်းမှတ်ပြီး ပြောတာ။ (စောစောက တတိယ တရားပွဲတုန်းက မာဂဏ္ဍီအကြောင်း ပြောခဲ့ပါတယ်။ ရန်ငြိုးဖွဲ့ခဲ့တာတွေကို သူတို့ မသိဘူး။ မာဂဏ္ဍီရဲ့ ရန်ငြိုးမသိတော့ ရိုးရိုးပြောတယ်) မာဂဏ္ဍီရန်ငြိုး ပေါ်လာပြီ။ ဘာလဲ။

http:\\www.dhammadownload.com



အာဂတော နာမ ဣမံ နဂရံ သမဏော ဂေါတမော။

သမဏော ဂေါတမော = ရဟန်းဂေါတမသည်။ ဣမံ နဂရံ= ဤငါတို့ရဲ့ ကောသမ္ဗီပြည်သို့။ အာဂတော နာမ = လာပေါ့ကို။

အင်း– ရဟန်း ဂေါတမ၊ တို့ရဲ့ ကောသမ္ဗီပြည် ရောက်လာပကိုး။ ဒါသူ့ နာမ က ဂရဟာ ခေါ်တယ်နော်။ ကဲ့ရဲ့တဲ့ နာမ။ ချီးမွမ်းတဲ့၊ အံ့ဩတဲ့ နာမ မျိုး မဟုတ်ဘူး။ အာဂတော နာမ = ရောက်လာပကိုး။ ရောက်လာပေါ့ကိုးလို့ ဆိုတာ ဟုတ်လား။ မရိုမသေ မခံ့မရန့် ပြောတဲ့သဘော။

ဣဒါနိ ဿ ကတ္တဗ္ဗံ ဇာနိဿာမိ ဣမာပိ တဿ ဥပဋ္ဌာယိကာ

ဣဒါနိ = ဤအခါ၌။ အဿ = ထိုရဟန်းဂေါတမအပေါ်၌။ ကတ္တဗ္ဗံ = ပြုသင့်တဲ့ အလုပ်ကို။ ဇာနိဿာမိ = ငါစဉ်းစား ရတော့မှာပဲ။

ဣမာပိ=ဤမောင်းမတို့သည်လည်း။ တဿ=ထိုရဟန်းဂေါတမ ၏။ ဥပဋ္ဌာယိကာ = အလုပ်အကျွေး တပည့်မတွေဘဲ။ ဣမာသမ္ပိ =ဤ ကျွန်မတို့ အပေါ်၌လည်းပဲ။ ကတ္တဗ္ဗံ=ပြုလုပ်သင့်တဲ့ အမှုကို ဇာနိဿာမိ = ငါစဉ်းစားရတော့မယ်။

တစ်ခါတည်း ဘုရားအပေါ် ငြိုးတဲ့ ရန်ငြိုးဟာ သာမဝတီ အမှူးပြုတဲ့ မောင်းမတွေရော အကုန်လုံး ရန်ငြိုးဆက်သွားတယ်။ ရဟန်းဂေါတမအပေါ် ငါဘယ်လို လုပ်သင့်တယ် ဆိုတာ စဉ်းစားရ တော့မှာပဲ။ ဒီမောင်းမတွေလဲပဲ။ ရဟန်းဂေါတမရဲ့ တပည့်တွေ။ သင်းတို့အပေါ်မှာလည်းပဲ ငါလုပ်သင့်လုပ်ထိုက်တဲ့ လက်စားချေမှုကို ငါစဉ်းစားရတော့မှာပဲ။ နန်းတော်အဆောင် တစ်ခါတည်း တန်းသွား တယ်။ ရောက်တယ်။ ဘာလဲ။ မာဂဏ္ဍီပြောပြီ။ ဥတေနမင်းကြီးကို သူဘာပြောသလဲ။

http:\\www.dhammadownload.com



**မဟာရာဇ သာမာဝတီ မိဿိကာနံ ဗဟိဒ္ဓါ ပတ္ထနာ အတ္ထိ။**

မဟာရာဇ = မြတ်သောမင်းကြီး။ သာမာဝတီ မိဿိကာနံ= **သာမာဝတီ**အမှူးရှိတဲ့ မောင်းမတို့အား။ ဗဟိဒ္ဓါ = အရှင်မင်းကြီးမှအပြင် အပဒ္ဓ။ ပတ္ထနာ = တောင့်တချက်သည်။ အတ္ထိ = ရှိ၏။

ပြင်ပမှာ စိတ်တွေ တောင့်တကုန်ပြီတဲ့။

**ကတိပါဟေနေဝ တေ ဇီဝိတံ မာရေဿန္တိ။**

ကတိပါဟေနေဝ = နှစ်ရက်သုံးရက်ဖြင့် ပင်လျှင်။ တေ=အရှင်မင်းကြီး၏။ ဇီဝိတံ = အသက်ကို။ မာရေဿန္တိ = လုပ်ကြံကြလိမ့်မယ်။

အဲဒါ တစ်ခုတည်း အတတ်နိုင်ဆုံး ပစ်ချလိုက်တာပဲ။ ဥတေနမင်းကြီး စိတ်ဆိုး သွားတယ်။ သာမာဝတီနဲ့တကွ မောင်းမမိဿံတွေကို နန်းတော်က နှင်ချအောင် ပြုလုပ်တာပဲ။

အရှင်မင်းကြီး သာမာဝတီနဲ့ တကွ မောင်းမမိဿံတွေမှာ အပြင်ဘက်မှာ စိတ်ညွတ်နေကြတယ်။ သတိထားနေတဲ့။ သုံးရက်အတွင်းမှာ အရှင်မင်းကြီးရဲ့ အသက်ကို လုပ်ကြံကြလိမ့်မယ်။

ဥတေနမင်းကြီးဟာ တော်တော် နှလုံးသွင်း ကောင်းတယ်လို့ ဆိုရမယ်။ မာဂဏ္ဍီ ဒီလို **ပြောပေမယ်လို့** -

**န တာ ဧဝရူပံ ကရိဿန္တိ။**

တာ=ထိုသာမာဝတီ **အမှူးရှိတဲ့ မောင်းမမိဿံ**တို့သည်။ ဧဝရူပံ = ဤသို့သဘောရှိတဲ့ ရက်စက် ကြမ်းကြုတ်တဲ့ အမှုမျိုးကို။ န ကရိဿန္တိ = ပြုကြလိမ့်မယ် မဟုတ်ဘူး။

**အေး** - သာမာဝတီနဲ့ မောင်းမမိဿံတွေဟာ ဒါလောက် ကြမ်းကြုတ်တဲ့ အလုပ်ကို လုပ်ကြမှာ မဟုတ်ဘူး။ သူ့ရဲ့ စဉ်းစားချက်ပေါ့။ ဥတေနမင်းကြီးက သူပြောတာ အရေးမစိုက်ဘဲနဲ့။ ဒုတိယအကြိမ် ပြောလဲ အရေးမစိုက်ဘူး။ အို-- ဒီအမျိုးသမီးတွေ

http:\\www.dhammadownload.com



ဟာ ဒါလောက်တောင် ရက်စက်တဲ့အလုပ်ကို မလုပ်ပါဘူး။ စဉ်းစားတယ်။ အင်း တတိယအကြိမ်ပြောလဲ သူသဘောနဲ့ပဲ စဉ်းစားကြည့်တယ်။ ဘာမှ မလုပ်ဘူး။ ပြောမရတော့ မာဂဏ္ဍီ ဘာပြောလဲ။

သဒ္ဒေ မေ န သဒ္ဒဟာသိ။

မေ= ကျွန်တော်မအပေါ်၌။ သဒ္ဒေ န သဒ္ဒဟာသိ = အကယ်၍ မယုံကြည်ငြားအံ့။ တာသံ ဝသနဋ္ဌာနံ ဂန္တွာ= ထိုသူမတို့ရဲ့ နေရာတိုက်ခန်းကို အရှင်မင်းကြီး ကိုယ်တိုင်သွားပြီး။ ဥပဓာရေဟိ = သိအောင် စုံစမ်းတော်မူဘုရား။

မဟာရာဇကြီး၊ ကိုယ်တိုင်ကြွပြီးတော့ စုံစမ်းပါ။ ဒါလောက်ကြီး ခိုင်ခိုင်မာမာ ပြောတော့။ မသွားမကောင်းဘူး။ ဥတေနမင်းတရားသွားပြီ သာမာဝတီရဲ့ အဆောင်ကို။

မာဂဏ္ဍီ ပြောတဲ့အတိုင်း အိပ်ခန်းတွေထဲမှာ အပေါက်တွေကိုယ်စီတွေ့ခဲ့တယ်။ မေးတယ် ဥတေနမင်းက။ ဒီအပေါက်တွေ ဘာလုပ်ကြတာလဲ။ ဟိုမောင်းမမိဿံတွေကလဲ အရိယာတွေ။ တစ်ခုမှ လိမ်မပြောဘူး။ အရှင်မင်းကြီး ကျွန်တော်မတို့ ဟောဒီအပေါက်ကနေပြီးတော့ အဲဒီလမ်းက ကြွလာတဲ့ ဘုရားကိုယ်တော်မြတ်ကြီးကို ဖူးရပါတယ်။ ဘုရားကို ဒီကနေပြီးတော့ ပန်းတွေနဲ့ တင်မြှောက်ပူဇော်တယ်။ ရိုးရိုးပဲပြောတယ်။ သတ်ချင် သတ်ပစေတော့။ အသက်ကိုပဲ စွန့်တယ်။ မုသာဝါဒတော့ လိမ်မပြောဘူး။

ဥတေနမင်းကလည်း အင်း – သာမာဝတီ ပြောတဲ့အတိုင်း အပြင်ဘက်ကို သူတို့ဟာက (ပုံပန်းတော့ အိန္ဒိယကိုသာ လှမ်းမျှော်ကြည့်ပါလေ။) အပြင်ဘက် မကြည့်ရဲတဲ့ အမျိုးတွေနဲ့ တူတယ်။ ဒီအိန္ဒိယ ကုလားထဲက အပြင်ဘက်ကို မကြည့်ရတဲ့ ခေါင်းမြီးခြုံ အမျိုးတွေနဲ့ တူတယ်။

http:\\www.dhammadownload.com



ဒီတော့ ဥတေနမင်းတရားက အဲဒီအပေါက်တွေ တစ်ခါ ပြန်ပြီးတော့ အင်္ဂတေနဲ့ အပိတ်ခိုင်းတယ်။ အပိတ်ခိုင်းပြီးတော့ အပေါက အလင်းရောင်လည်း မအောင် လေလည်းဝင်အောင် ဆို ပြီးတော့ "ဥဒ္ဒ္ဓိဒ္ဓက ဝါတပါန" ဥဒ္ဓိဒ္ဓက ဆိုတာ အပေါက အပေါက အပေါက်ပါတဲ့။ ဝါတပါန – ပြတင်းပေါက်။ အားမှန်လည်း ပြတင်းပေါက်။ အဲဒီအချိန်က စပြီး ဖြစ်တာတဲ့။

**ဥဒ္ဓ္ဓိဒ္ဓက ဝါတပါနာနိ ကိရ တသ္မိံ ကာလေ ဥပ္ပန္နာနိ။**

အဋ္ဌကထာက မှတ်ချက်ပေးတယ်။ အပေါက မှန်လည်ပါတဲ့ ပြတင်းပေါက်တွေဟာ အဲဒီအချိန်ကတည်းက စ, ဖြစ်တယ်တဲ့။ ခုလည်း ဥတေနမင်းကြီးက သာမာဝတီ မောင်းမမိဿံတွေကို ကြိမ်းတယ်၊ မောင်းတယ်။ ဘာမှ မလုပ်ဘူး။ မာဂဏ္ဍီ အခဲခက်နေ တယ်။ ဒီအပေါက်တွေ တွေ့ယင်ပေါ့လေ။ ဒီမောင်းမမိဿံတွေကို အကုန် နန်းတော်က နှင်ချလိမ့်မယ် ထင်တာ။ မနှင်ဘူး။ ဘာမှ အကြောင်းမျှ မထူးဘူးပေါ့။ သူ့တပည့်မတွေလည်း ကြည့်မရဘူး။

**သမဏာသု ဂေါတမဿ ကတ္တဗ္ဗံ ကရိဿာမိ။**

သမဏာသု ဂေါတမဿ=ရဟန်းဂေါတမ အပေါ်မှာ။ ကတ္တဗ္ဗံ = ပြုလုပ်သင့်တဲ့ အမှုကို။ ကရိဿာမိ = ငါလုပ်မှပဲ။

## မာဂဏ္ဍီ လူငှား၍ ဘုရားကို ဆဲစေခြင်း

ရဟန်းဂေါတမအပေါ် ငါလုပ်သင့်တဲ့ အလုပ်လုပ်မှပဲ အကြံ ဖြစ်ပြီးတော့။ အဲဒီအချိန်မှာ ဗုဒ္ဓဘာသာရယ်လို့မှ တစ်ယောက်မှလည်း မရှိသေး။ သူဌေးသုံးယောက်ကလွဲလို့ ကျန်တဲ့လူတွေဟာ မိစ္ဆာဒိဋ္ဌိတွေ ချည်းပဲ ဆိုပါစို့။ မာဂဏ္ဍီက အဲဒီ လူတွေကိုခေါ် ပိုက်ဆံတွေပေး။ ဘာ ပြောသလဲ။ အဲဒီလူတွေကို ဘယ့်နှယ် ပြောသလဲဆိုတော့

http:\\www.dhammadownload.com



သမဏံ ဂေါတမံ အဒ္ဒေ့သနုဂရံ ပဝိသိတွာ ဝိစရန္တံ ဒါသ
ကမ္မကာရပေါရိသေဟိ အက္ကောသေတွာ ပရိဘာသေတွာ ပလာပေထ။

အမ္ဘော=အမောင်တို့။ အဒ္ဒေ့သနုဂရံ = မြို့တွင်းသို့။ ပဝိသိတွာ
= ဝင်၍။ ဝိစရန္တံ = မြို့တဲ လှည့်လည်ကျက်စား သွားရံနေသော။
သမဏံ ဂေါတမံ = ရဟန်းဂေါတမကို။ (ဘာလုပ်ရမလဲ သခင်မ၊
ဟိုလူတွေက ရဟန်းဂေါတမကို ဘယ်နှယ် လုပ်စေချင်တုန်း။)
ဒါသကမ္မကာရပေါရိသေဟိ = ကျွန်ဖြစ်တဲ့ လူတွေ၊ အလုပ်သမားတွေ၊
ယောကျ်ားတွေကို၊ အက္ကောသေတွာ = ဆဲရေးစေ၍။ ပရိဘာသေတွာ
= ရေရွတ်စေ၍။ ပလာပေထ = ကောသမ္ဗီပြည်မှ ပြေးအောင်လုပ်ကြ။

ထွက်ပြေးအောင်လုပ်ပေါ့။ ဆဲ။ တကတဲ ကြိမ်းမောင်း။
မင်းတို့ ကိုယ်တိုင် မကြိမ်းမောင်းလို့ရှိယင် မင်းတို့အိမ်က အလုပ်
သမားတွေ၊ ကျွန်တွေကိုခိုင်းပါ၊ ဆဲပါစေ။ ရေရွတ်ကြိမ်းမောင်း၊
ထွက်ပြေးအောင် လုပ်ပစေ။ ရောပိုက်ဆံ – ဘယ်လောက်ယူသွား။
ဟုတ်လား။ မာဂဏ္ဍီ ဘုရားပြေးအောင်လုပ်တာ။ အဲဒီတော့ အဲဒီလူ
တွေကလည်း မိစ္ဆာဒိဋ္ဌိတွေ။ ဘုရား၊ တရား၊ သံဃာမှာ ကြည်ညိုတဲ့
သဒ္ဓါတရား ဘာမှ မရှိဘူး။ မရှိတော့ ပိုက်ဆံရတော့ ကိုယ်တော်
မြတ်ကြီး ကောသမ္ဗီပြည်ထဲဝင်လို့ ရဟန်းတွေနဲ့ ကြွလာတယ်။
ဘုရားကိုကြည့်ပြီးတော့ တစ်ခါတည်း သူတို့ဆဲကြတယ်။

**စောရောသိ ဗာလောသိ မူဠ္ဟောသိ။**

တွံ = သင်သည်။ စောရော = ခိုးသူသည်။ အသိ = ဖြစ်၏။
တွံ = သင်သည်။ ဗာလော = မလိမ္မာသူ လူမိုက်သည်။ အသိ=
ဖြစ်၏။ တွံ = သင်သည်။ မူဠ္ဟော = တွေဝေသည်။ အသိ=ဖြစ်၏။

သူခိုးကြီးဟ ဟုတ်လား။ လူမိုက်ကြီးဟ၊ လူတွေဝေကြီးဟ။
မခံနိုင်အောင်ပြောတယ်။

http:\\www.dhammadownload.com



သြဒ္ဓေါသိ ဂေါဏောသိ ဂဒြဘောသိ။

တွံ =သင်သည်။ သြဒ္ဓေါ = ကုလားအုတ်သည်။ အသိ=ဖြစ်၏။ တွံ=သင်သည်။ ဂေါဏော = နွားကြီးသည်။ အသိ = ဖြစ်၏။ တွံ =သင်သည်။ ဂဒြဘောသိ=မြည်းသည်။ အသိ=ဖြစ်၏။

သိပ်လွန်သွားပြီ။ ဟာကုလားအုတ်ကြီးဟာ၊ နွားကြီးဟာ၊ အင်းဘုရားကို၊ ဘုရားကို နွားကြီးဟဲ့၊ မြည်းကြီးဟဲ့။

နေရယိကောသိ။ တွံ = သင်သည်။ နေရယိကော = ငရဲသို့သွားရမယ့် ပုဂ္ဂိုလ်သည်။ အသိ=ဖြစ်၏။ တွံ= သင်သည်။ တိရစ္ဆာနဂတော=တိရစ္ဆာန်သည်။ အသိ= ဖြစ်၏။ တိရစ္ဆာန်ကြီးဟဲ့ ဘုရားကိုဆဲကြတယ်။ "နတ္ထိ တုယှံ သုဂတိ"။ တုယှံ = သင်ဂေါတမအား။ သုဂတိ=ကောင်းရာသုဂတိသည်။ နတ္ထိ = မရှိ။ ဒုဂ္ဂတိ ယေဝ တုယှံ ပါဋိကင်္ခါ= သင့်အဖို့ရာ ဒုဂ္ဂတိသာလျှင် အလိုရှိအပ်၏။ မင်းဧကန်မုချဒုဂ္ဂတိ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။ အပါယ်ဘုမ်ိ-ဒုဂ္ဂတိ ရောက်မဲ့အကောင်ကြီး။ ရိုင်းရိုင်းကြီး အဲဒီလိုပြောတာ။ ကန်တော့ပါရဲ့။ ဟုတ်လား။ သူတို့ပြောတဲ့ပုံ ပေါ်အောင်သာ ပြောရတာပါ။ ဒါလောက်ဆဲရေး။ ဒါလောက် ကြမ်းပါတယ်။ ဟုတ်လား

**စောရောသိ ဗာလောသိ မူဠှောသိ သြဒ္ဓေါသိ ဂေါဏောသိ, ဂဒြဘောသိ နေရယိကောသိ တိရစ္ဆာနဂတောသိ နတ္ထိ တုယှံ သုဂတိ ဒုဂ္ဂတိ ယေဝ တုယှံ ပါဋိကင်္ခါ။**

မြိန်မြိန်ရှက်ရှက်ကိုပဲ ရက်ရက်စက်စက် ဆဲတယ်။ အဲဒီလိုဆဲတဲ့, အသံကြားတော့ အရှင်အာနန္ဒာက ဘုရားလျှောက်တယ်။

**ဘန္တေ ဣမေ နာဂရာ အမှေ အက္ကောသန္တိ ပရိဘာသန္တိ။**

ဘန္တေ= အရှင်မြတ်ဘုရား။ ဣမေ နာဂရာ = ဤကောသမ္ဗီမြို့သူမြို့သားတို့သည်။ အမှေ= တပည့်တော်တို့ကို။ အက္ကောသန္တိ=

http:\\www.dhammadownload.com



ဆဲရေးကြပါကုန်၏။ ပရိဘာသန္တိ = ရေရွတ်ခြိမ်းခြောက် ကြပါကုန်၏။ ခဲနဲ့ပစ်လိုက်ရ။ တုတ်နဲ့ ရိုက်လိုက်ရ စသည်ဖြင့်။

ချစ်သား ဘာဖြစ်ကုန်း –

**ဣတော အညတ္ထ ဂစ္ဆာမ**

ဣတော =ဤနေရာမှ။ အညတ္ထ = အရပ်တစ်ပါးသို့။ ဂစ္ဆာမ = သွားကြကုန်စို့ဘုရား။

ဒီမြို့သူမြို့သားတွေ တပည့်တော်တို့ကို သိပ်ဆဲတာပဲ ဘုရား။ ဒီတော့ တခြားသွားကြပါစို့။

ဘုရားကပြန်ပြောတယ် –

**ကုဟိံ အာနန္ဒ။**

အာနန္ဒ =ချစ်သား အာနန္ဒာ။ ကုဟိံ = အဘယ်အရပ်သို့။ ဂစ္ဆထ = သွားကြမလဲ။ ချစ်သား ဘယ်ကိုသွားချင်သလဲတဲ့။

**အညံ နဂရံ ဘန္တေ။**

ဘန္တေ=အရှင်မြတ်ဘုရား။ အညံ=ကောသမ္ဗီပြည်မှ တစ်ပါးသော။ နဂရံ = မြို့သို့။ ဂစ္ဆထ = သွားတာပဘုရား။

အင်း – ဒီမြို့အပြင် တခြားမြို့တွေ ပေါပါတယ် ဘုရား။ တခြားမြို့သွားတာပေါ့။ ဘုရားက ဆက်မေးတယ်။

**တတ္ထ မနုဿေသု အက္ကောသန္တေသု ပုန ကတ္ထ ဂမိဿာမ အာနန္ဒ။**

အာနန္ဒ = ချစ်သား အာနန္ဒာ။ တတ္ထ = ထိုရောက်တဲ့ မြို့၌။ မနုဿေသု = လူတို့သည် (ဝါ) လူတို့က။ အက္ကောသန္တေသု=ဆဲရေးကြပြန်လျှင်။ ပုန=တစ်ဖန်။ ကတ္ထ = အဘယ်အရပ်သို့။ ဂမိဿာမ = ငါတို့သွားကြမလဲ။

ချစ်သားရယ်– ချစ်သား ပြောတဲ့အတိုင်း အဲဒီတခြားမြို့ ရောက်သွားယင် အဲဒီမြို့ရောက်တော့ အဲဒီမြို့က လူတွေက တို့

http:\\www.dhammadownload.com



ဆဲရေးပြန်တော့ တစ်ဖန် ဘယ်သွားအုန်းမလဲ။ ဘုရားမေးတယ်။ အရှင်အနန္ဒာက ပြန်လျှောက်တယ် -

**တတောပိ အညံ နဂရံ ဘန္တေ။**

ဘန္တေ = အရှင်မြတ်ဘုရား။ တတောပိ = ထိုဆဲရေးတဲ့ မြို့မှလည်း။ အညံ = တစ်ပါးသော။ နဂရံ = မြို့သို့။ ဂစ္ဆာမ = သွားကြတာပဘုရား။

အဲဒီမြို့က ဆဲပြန်တော့ ဒီပြင် မြို့တစ်မြို့သွားမယ် ဘုရား။ ဘုရားက ဆက်မေးပြန်တယ်။

**တတ္ထာပိ မနုဿေသု အက္ကောသန္တေသု ကုဟိံ ဂမိဿာမ။**

အာနန္ဒ = ချစ်သားအာနန္ဒာ။ တတ္ထာပိ = ထိုတတိယမြို့၌လည်း။ မနုဿေသု = လူတို့က။ အက္ကောသန္တေသု = ဆဲရေးကြကုန်သည်ရှိသော်။ ကုဟိံ =အဘယ်အရပ်သို့။ – ဂမိဿာမ = ငါတို့ သွားကြမလဲ။

အဲဒီမြို့မှာ အဲဒီလူတွေက ဆဲပြန်တော့ တို့ဘယ်သွားမလဲကွဲ့သားရ။ အရှင်အာနန္ဒာကလဲပဲ –

**တတောပိ အညံ နဂရံ ဘန္တေ။**

ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ အဲဒီဆဲတဲ့ မြို့ကျတော့လည်း အဲဒီမြို့အပြင် တခြား မြို့သွားမယ် ဘုရား။

ဒီတော့ မြတ်စွာဘုရားက ဒီလိုဆိုယင် သွားနေတာနဲ့ တရားမဟောရတော့ဘူးနော်။ ဒီတော့ ဟိုမြို့ကဆဲ တခြားမြို့သွား။ အဲဒီမြို့ကဆဲ ဟိုမြို့ပြောင်းတာပေါ့လို့ အရှင်အာနန္ဒာက ပြောတော့ မြတ်စွာဘုရားက –

**အာနန္ဒ ဧဝံ ကာတုံ န ဝဋ္ဋတိ။**

အာနန္ဒ = ချစ်သား အာနန္ဒာ။ ဧဝံ = ဤသို့။ ကာတုံ=ပြုခြင်းငှာ။ န ဝဋ္ဋတိ = မသင့်ဘူး။

http:\\www.dhammadownload.com



ဒီလိုမလုပ်ရဘူး ချစ်သား။

**ယတ္ထ အဓိကရဏံ ဥပ္ပန္နံ။**

ယတ္ထ = အကြင်အရပ်၌။ အဓိကရဏံ = အဓိကရဏ်းသည်။ ဥပ္ပန္နံ=ဖြစ်၏။ တတ္ထဝ=ထိုအဓိကရဏ်း ဖြစ်ရာ၌ပင်လျှင်။ တဿံ= ထိုအဓိကရဏ်းသည်။ ဝူပသန္တေ = ငြိမ်းပြီးသည်ရှိသော်။ အညတ္ထ = တစ်ပါးသောအရပ်သို့။ ဂန္တုံ = သွားခြင်းငှာ။ ဝဋ္ဋတိ = သင့်၏။ ချစ်သားအာနန္ဒာ – အဓိရဏ်းဖြစ်ရာ အရပ်မှာ အဓိကရဏ်းငြိမ်းပြီ ဆိုတော့မှ အရပ်တစ်ပါး သွားသင့်တယ်။ အဲဒီတော့ ဒီအဓိကရဏ်းကို ဒီအတိုင်းတန်းလန်းကြီး ထားပြီးတော့ ထွက်ပြေးလို့ ဘယ်ဖြစ်မတုန်း။ ဟုတ်လား။ ထွက်ပြေးရာ ရောက်တယ်။

**ကေ ပန တေ အာနန္ဒ အဇ္ဈောသန္တိ။**

အာနန္ဒ = ချစ်သားအာနန္ဒာ။ အဇ္ဈောသန္တိ = ဆဲရေးကြ တယ်ဆိုတဲ့ လူတွေဟာ။ ကေ ပန တေ = ဘယ်လို လူတွေလဲ။

အေး – တို့ကိုဆဲရေးတာ ဘယ်လိုလူတွေတုန်း။ ဒီတော့ အရှင်အာနန္ဒာက လျှောက်ထားတယ်။

ဘန္တေ = အရှင်မြတ်ဘုရား။ ဒါသကမ္မကရေ = ကျွန်တွေ၊ အလုပ်သမားတွေကို။ ဥပါဒါယ = အစပြု၍။ သဗ္ဗေ = အလုံးစုံသော။ ကောသမ္ဗီပြည်သားတို့သည်။ အဇ္ဈောသန္တိ = ဆဲရေးကြပါသည် ဘုရား။

အရှင်ဘုရား– ကျွန်တွေ၊ အလုပ်သမားတွေ၊ အဲလူတွေက စပြီးတော့ တစ်ပြည်လုံးက အားလုံးကတပည့်တော်တို့ကို ဆဲရေး နေတယ် ဘုရား။ ဒီတော့မှ မြတ်စွာဘုရားက – အတ္တဒဏ္ဍသုတ်လို့ ခေါ်တယ်။ ဓမ္မပဒနာဂဝဂ်မှာ တရားဟောစရာ။

**အဟံ အာနန္ဒ သင်္ဂါမံ ဩတိဏ္ဏဟတ္ထိသဒိသော။**

http:\\www.dhammadownload.com



အာနန္ဒ =ချစ်သား အာနန္ဒာ။ အဟံ = လူသုံးပါးတို့၏ ဆရာ ငါဘုရားသည်။ သင်္ဂါမံ = စစ်မြေပြင်သို့။ ဩတိဏ္ဏဟတ္ထိသဒိသော = သက်လာတဲ့ = ဆင်းလာတဲ့ ဆင်ပြောင်ကြီးနှင့် တူသည်။

ငါဘုရားကား စစ်မြေပြင်ကို ထွက်လာတဲ့ ဆင်ပြောင်ကြီးနဲ့ တူတယ်။ ချစ်သား။

**သင်္ဂါမံ ဩတိဏ္ဏဟတ္ထိနော ဟိ စတူဟိ ဒိသာဟိ အာဂတေ သရေ သဟိတုံ ဘာရော။**

ဟိ = မှန်၏။ သင်္ဂါမံ=စစ်မြေပြင်သို့။ ဩတိဏ္ဏဟတ္ထိနော= ထွက်လာ သက်လာသော စစ်ဆင်ကြီး၏ အဖို့ရာ။ စတူဟိ ဒိသာဟိ=အရပ်လေးမျက်နှာတို့မှ။ အာဂတေ=လာကုန်သော။ သရေ =မြားတို့ကို။ သဟိတုံ = ကြံ့ကြံ့ခံခြင်းငှာ။ ဘာရော =တာဝန်တည်း။

စစ်ထွက်လာတဲ့ စစ်ဆင်ကြီးဟာ အရပ်လေးမျက်နှာက ပစ်လိုက်တဲ့မြားတွေကို ရဲရဲကြံ့ကြံ့ ခံရတယ် ချစ်သားရဲ့။ အဲဒီလို ခံဖို့ရန် ဒီစစ်ဆင်ကြီးရဲ့ တာဝန်။

တထေဝ=ထို့အတူပင်။ ဗဟူဟိ=များစွာကုန်သော။ ဒုဿီလေဟိ =ဒုဿီလပုဂ္ဂိုလ်တို့သည်။ ကထိတ ကထာနံ=ပြောဆိုအပ်တဲ့ ဆဲရေးစကားတို့ကို။ သဟနံ နာမ=သည်းခံခြင်း မည်သည်။ မယှံ = ငါဘုရား၏။ ဘာရော = တာဝန်။

ငါဘုရားရဲ့ တာဝန်က အဲဒီ ဒုဿီလပုဂ္ဂိုလ်တွေ ဆဲရေးတဲ့ စကားတွေကို သည်းခံဖို့ရန် ငါဘုရားရဲ့ တာဝန်။ အဲဒီလို စကားပြေ စုဏ္ဏိယနဲ့ ပြောပြီးတော့

**အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။**

**အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။**

(ဓမ္မပဒ၊ ဂါထာ၊ ၃၂၀)

http:\\www.dhammadownload.com



အနန္တာ=ချစ်သား အာနန္ဒာ= သင်္ဂါမေ=စစ်မြေပြင်၌။ နာဂေါ = ဆင်ပြောင်ကြီးသည်။ စာပတော။ လေးမှ။ ပတိတံ =ပစ်လိုက်တဲ့ လှေ၏ထံမှောက် ကျရောက်လာသော။ သရံ = မြားအစင်းစင်းကို။ တိတိက္ခတိက္ကဝ = ကြံ့ကြံ့သည်းခံ သကဲ့သို့။ အဟံ = လူသုံးပါးရဲ့ ဆရာ ငါဘုရားသည်။ အတိဝါကျံ = ဒုဿီလပုဂ္ဂိုလ်များ ကျူးကျူး ကျော်ကျော် ပြောဆိုတဲ့ စကားကို။ တိတိက္ခိဿံ=ကြံ့ကြံ့ သည်းခံ ပေအံ့။ ဟိ = မှန်၏။ ဗဟုဇ္ဇနော = များစွာသော လူအပေါင်းသည်။ ဒုဿီလော = လုံးလုံးသီလ မရှိဘူး။

မဟုတ်တာကို ဘုရားတစ်ခွန်းမှ မပြောဘူး။ ကနေ့ပြော။ ကမ္ဘာလူဦးရေ ,ဟုတ်လား။ တွက်ကြည့်စမ်း။ သီလဝန္တလူက ဘယ်လောက်ရှိသလဲ။ ဒုဿီလက များတယ်။

ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရုဟတိ။

ဒန္တော သေဋ္ဌော မနုဿေသု၊ ယော ဓိ တိဝါကျံ တိတိက္ခတိ။

(ယင်း၊ ၃၂၁)

အနန္ဒ = ချစ်သားအာနန္ဒာ။ ဒန္တံ = ယဉ်ကျေးတဲ့ ဆင်ယဉ်၊ မြင်းယဉ်ကို။ သမိတိံ = ပွဲသို့။ နယန္တိ = ဆောင်ကြကုန်။

ဆင်ရိုင်း၊ မြင်းရိုင်း၊ နွားရိုင်းကို ဘယ်ပွဲထုတ်မလဲ ချစ်သား။ ပွဲထုတ်တယ်ဆိုတာ ဆင်ဖြစ်လဲ ဆင်ယဉ်မှ ပွဲထုတ်ခံရတာ။ မြင်းဖြစ်လဲ မြင်းယဉ်မှ ပွဲထုတ်ခံရတာ။ နွားဖြစ်လဲ နွားရိုင်းကြီး ဘယ်တော့မှ ပွဲထုတ်မခံရဘူး။ နွားလိမ္မာမှ ပွဲထုတ်ခံရတယ်။

ရာဇာ=မင်းသည်လည်း။ ဒန္တံ = ယဉ်ကျေးတဲ့ဆင်၊ ယဉ်ကျေး တဲ့မြင်း၊ လိမ္မာတဲ့ဆင်၊ လိမ္မာတဲ့မြင်းကိုမှ။ အဘိရုဟတိ = စီး၏။ ယော=အကြင်သူသည်။ – အတိဝါကျံ= ဆဲဆိုရေရွတ်သော စကားကို။ တိတိက္ခတိ = သည်းခံ၏။ သော = ထိုသူသည်။ မနုဿေသု =

http:\\www.dhammadownload.com



လူတို့တွင် (ဝါ) လူတို့ထက်။ ဒန္တော = ယဉ်ကျေး၏။ သေဋ္ဌော= အထူးသဖြင့် မြတ်၏။

အရိယမဂ်တိုင်အောင် ယဉ်ကျေးမှ၊ လိမ္မာမှ လူအရိယာ သူတော်ကောင်းတွေ လူတစ်ဖက်သား လွန်လွန်ကျူးကျူး ပြောလာတဲ့ စကားကို ကြံ့ကြံ့ကြီး သည်းခံနိုင်တယ်။

**ဝရမဿတရာ ဒန္တာ၊ အာဇာနိယာ စ သိန္ဓဝါ။**

**ကုဉ္ဇရာစ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။**

**(ယင်း၊ ၃၂၂)**

အာနန္ဒ = ချစ်သားအာနန္ဒာ။ ဒန္တာ = ယဉ်ကျေးလိမ္မာကုန်သော။ အဿတရာ စ = အဿတိုရ်မြင်းတို့သည် လည်းကောင်း။ အာဇာနိယာ = အကြောင်းအကျိုး ထိုးထွင်း၍ သိမြင်ကြကုန်သော။ သိန္ဓဝါ စ=သိန္ဓောမြင်းတို့သည် လည်းကောင်း။ ဒန္တာ = ယဉ်ကျေးလိမ္မာကြကုန်သော။ ကုဉ္ဇရာ စ မဟာနာဂါ = ဆင်ပြောင်ကြီးတို့သည် လည်းကောင်း။ ဝရံ = လူ့လောကဝယ် ချီးမွမ်းအပ်မြတ်လှပေ၏။

လောကမှာ လိမ္မာယဉ်ကျေးတဲ့ အဿထိုရ်မြင်း၊ သိန္ဓောမြင်း၊ အာဇာနည်မြင်း၊ ဆင်းအာဇာနည်၊ မြင်းအာဇာနည်ဆိုတဲ့ သတ္တဝါတွေဟာ မချီးမွမ်းအပ်ဘူးလား။ ချီးမွမ်းအပ်တယ်။ မမြတ်ဘူးလား၊ မြတ်တယ်။

အတ္တဒန္တော=မိမိကိုယ်ကို အရိယာမဂ် လေးပါးဖြင့် ယဉ်ကျေးအောင် ဆုံးမပြီးတဲ့ အရိယာသူတော်စင်သည်။ တတော =ထိုဆင်လိမ္မာမြင်းလိမ္မာထက်။ ဝရံ = အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေ၏။

ငါဘုရားဟာ ဝါသနာနှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာပြီးတော့ ကိလေသာကို ဝါသနာနှင့်တကွ ပယ်ပြီးတော့ အရိယာမဂ်လေးပါးကို ရောက်၍ အယဉ်ကျေးဆုံး ဖြစ်ပြီးသော

http:\\www.dhammadownload.com



ပုဂ္ဂိုလ်ပါ။ ဒါ့ကြောင့် ငါဘုရားသည် အယဉ်ကျေးဆုံး ဖြစ်ပြီးသော ဆင်ပြောင်ကြီးပါ။ မိစ္ဆာဒိဋ္ဌိတွေ၊ ဒုဿီလတွေပစ်တဲ့၊ ဟိုဆဲရေးသမားတည်းဟူသော မြားတွေ အစင်းစင်း ကျချင်တိုင်း ကျပါစေ။ ဒါတွေ မတုန်မလှုပ် ခံဖို့ ဆိုတာ ငါဘုရားရဲ့ တာဝန်။ အဲဒီလို မြတ်စွာဘုရား တရားဒေသနာလဲ ဟောလိုက်ကရော -

**ဓမ္မကထာ သမ္ပတ္တမဟာဇနဿ သာတ္ထိကာ အဟောသိ။**

ဓမ္မကထာ= မြတ်စွာဘုရား ဟောကြားတဲ့ ဒီအတ္တဒန္တ တရားဒေသနာသည်။ သမ္ပတ္တမဟာဇနဿ= ထိုနေရာ ထိုဌာနကို ရောက်လာတဲ့ များစွာသော လူအပေါင်းတို့အား။ သာတ္ထိကာ = အကျိုးရှိသော တရားဒေသနာသည်။ အဟောသိ = ဖြစ်ပြီ။

ရောက်လာတဲ့ လူတွေအကုန်လုံး တရားကျပြီးတော့။ အေး- ဆိုကြပါစို့။ စောစောက ဘုမသိ ဘမသိနဲ့ အဆဲခိုင်းလို့ ဆဲတဲ့လူတွေကိုပဲ အဲဒီအနားမှာ အကုန်ကျပြီးတော့ သူတော်ကောင်းတွေ ဖြစ်သွားတယ်။

အဲဒီလို ဟောပြီးတော့မှ မြတ်စွာဘုရားက ရှင်အာနန္ဒာကို နှစ်သိမ့်စေတယ်။

**မာ စိန္တယိ အာနန္ဒ။**

အာနန္ဒ = ချစ်သား အာနန္ဒာ။ မာ စိန္တယိ = ထွေရာလေးပါး သင်ချစ်သား အကြံများမနေနဲ့။

ချစ်သား - စိတ်အကြံ များမနေနဲ့၊ စိတ်လဲ ပူမနေနဲ့။

တေ = ထိုကောသမ္ဗီ ပြည်သူပြည်သား လူအများတို့သည်။ သတ္တာဟမတ္တမေဝ = ခုနစ်ရက်မျှသာလျှင်။ အက္ကောသိဿန္တိ = ဆဲရေးကြလိမ့်မယ်။ (ဆဲစမ်းပါစေ ချစ်သားရယ်- ခုနစ်ရက်ပဲ ဆဲနိုင်တော့မပေါ့)။ အဋ္ဌမေ ဒိဝသေ=ရှစ်ရက်မြောက်သောနေ့၌။ တုဏှီ

http:\\www.dhammadownload.com



ဘဝိဿန္တိ=ဆိုက်ဆိုက် ဖြစ်ကြလိမ့်မယ်။ (ရှစ်ရက်လဲ ရောက်ကရော ဒီလူတွေ မောပြီးတော့ အကုန်တိတ်သွားမှာပဲ)

ဗုဒ္ဓါနံ ဟိ ဥပ္ပန္နံ အစိကရဏံ သတ္တာဟတော ဥတ္တရိ န ဂစ္ဆတိ။

ဟိ=မှန်၏။ ဗုဒ္ဓါနံ=မြတ်စွာဘုရားတို့အပေါ်၌။ ဥပ္ပန္နံ= ဖြစ်ပေါ်သော။ အဓိကရဏံ=အဓိကရဏ်းသည်။ သတ္တာဟတော= ခုနှစ်ရက်ထက်။ ဥတ္တရိ=အလွန်။ န ဂစ္ဆတိ= မလားဘူး။ မသွားဘူး။ မရောက်ဘူး- ချစ်သား။

ဘုရားကိုဆဲတဲ့လူဟာ ခုနှစ်ရက်ပဲ ဆဲနိုင်မတဲ့။ ခုနှစ်ရက်အထက် ရှစ်ရက်မြောက်ကျတော့ အကုန်တိတ်တာပဲ။ အေး ဘုရားတွေပေါ်မှာ ဖြစ်ပေါ်လာတဲ့ အဓိကရဏ ခုနှစ်ရက်က အထက် မတက်ပါဘူး ဆိုပြီးတော့ ရှင်အာနန္ဒာကို နှစ်သိမ့်စေပါတယ်။

ဟောဒီဂါထာတွေဟာ ဘုန်းကြီးတို့၊ ဒီပါဠိပညာရှင်တွေ အနေနဲ့ ကြည့်ယင်လေ အလွန်ပဲ ကြည်ညိုစရာ၊ အလွန်ပဲအားရစရာ ကောင်းတယ်။

အဟံ နာဂေါဝ သင်္ဂါမေ။ ပ။ ဗဟုဇ္ဇနော။
ဒန္တံ နယန္တိ သမိတိံ။ ပ။ တိတိက္ခတိ။
ဝရမဿတရာ ဒန္တာ။ ပ။ တတော ဝရံ။ (လို့)

သုံးဂါထာ။ ဟိုအတ္တဒန္တ ဆိုတာကျတော့ ကိုယ်တော့်ကို ဆဲတဲ့ လူတွေသည်ပင်လျှင် ဒီနေရာမှာ တချို့ တစ်စိတ်မသိလို့၊ ရှေ့က အကောင်တွေဆဲလို့ ယောင်ရမ်းဆဲပေမယ့်၊ အပေါင်းမှားလို့ ဆဲပေမယ့် ဘုရားရဲ့ ဟောဒီဒေသနာ ကြားတာနဲ့ တချို့တွေဟာ အဲဒီအနားမှာ အရိယာ ဖြစ်သွားကြတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၃၀၈၊ ၃၀၉- ရှုပါ)

http:\\www.dhammadownload.com



(ခုနစ်နာရီက စခဲ့တယ်။ ရှစ်နာရီ၊ ကိုးနာရီ၊ ဆယ်နာရီ။ ဆက်ပြီးဟောရင် အဲဒါ မိုးလင်းလဲပဲ သာမာဝတီဝတ္ထုက မကုန်သေးဘူး။ ဟုတ်လား။ ဒီတော့ ဒီအနားကပဲ တော်ကြ၊ နားကြအုန်းစို့။ နောက် အခြေအနေပေးတဲ့ နေရာကျတော့ တစ်ခါ ဟောသေးတာပ။ ဟုတ်လား ဘုရားပွဲတစ်ခုခုရောက်ပြန်တော့။ ဟိုမေဃဂိရိ ရပ်ထဲလဲ တရားပွဲတစ်ခု၊ တရားဟောရအုန်းမှာ ရှိပါတယ်။ အေး- နောက်နှေကလဲ ပေါက်လာတော့ ဒါဆက်ပြီးတော့ နာတာပ။)

[ညတရားပွဲ တစ်ပွဲ ဤတွင် ရပ်နားပါသည်။]

*

ကောဇာသက္ကရာဇ် ၁၃၃၂ခု၊ သာသနာတော် ၂၅၁၄ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆-ရက်နေ့ည၊ မန္တလေးမြို့ အနောက်ပြင်။ ပေါက်ပေါက်တန်းရပ် ဒါယကာ ဒါယိကာမကြီးငယ် တစ်စုတို့၏ ဗုဒ္ဓပမုခသံဃာအား ဆွမ်းတော်ကြီးလောင်းလှူပွဲ၌ ဟောကြားအပ်သော မြောက်ကြိမ်မြောက် သာမာဝတီ ဝတ္ထုတရား။

ငါးကြိမ်ဟောတဲ့ အပိုင်းမှာ မြတ်စွာဘုရား ကောသမ္ဗီပြည်ရောက်လို့ မာဂဏ္ဍီကနေပြီး မြတ်စွာဘုရားကို ကောသမ္ဗီပြည်မှာ မနေနိုင်အောင်၊ လွတ်ရာဝေးရာ ပြေးသွားအောင်ဆိုပြီး နေ့စဉ်နေ့တိုင်း မိစ္ဆာဒိဋ္ဌိများကို တံစိုးလက်ဆောင်ပေး၍ ဆဲရေးစေသော်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်က အတ္တဒန္တသုတ္တန် အနေနဲ့

အဟံ နာ ဂေါ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော-

http:\\www.dhammadownload.com



ဆဲတဲ့လူတွေကိုပင်လျှင် အင်မတန် အဆဲသန်တဲ့ အတ္တဒန္တ တရားကို ဟောခဲ့ပါတယ်။ အဲဒီဆဲတဲ့လူတွေထဲက ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေ တစ်ချို့ သောတာပန်ဖြစ်ကြတယ်။ တစ်ချို့ သရဏဂုံ သီလခံယူကြတယ်။

## သာမာဝတီကို ကြက်သတ်စေခြင်း

အဲဒီတော့ ဘုရားကို ကောသမ္ဗီပြည်၌ မနေနိုင်အောင် ပထမ ကြံဆောင်တဲ့ ဒီအကြံသည် မအောင်မြင်ဘူးတဲ့။ မအောင်မြင်တော့ မာဂဏ္ဍီက–

**ကိံ နု ခေါ ကရိဿာမိ။**

ငါဘယ်နှယ်လုပ်ပြီးတော့ ရဟန်းဂေါတမရဲ့ အသင်းအပင်းကို ပျက်စီးအောင် လုပ်ရမလဲလို့ စဉ်းစားတဲ့ အခါကျတော့ မြတ်စွာ ဘုရားတော့ သူမလုပ်နိုင်တော့ဘူး။ မလုပ်နိုင်တော့ သူ့ဉာဏ်ထဲ ဘာမြင်လာသလဲဆိုတော့ သာမာဝတီ အမှူးပြုတဲ့ မောင်းမမိဿံ ငါးရာတို့ကို သူ့စိတ်ထဲမြင်လာတယ်။ မြင်လာတော့–

**ဣမာ တဿ ဥပဋ္ဌာကဘူတာ။**

ဣမာ= ဤသာမာဝတီ အမှူးပြုတဲ့ မောင်းမမိဿံ ငါးရာတို့ သည်။ တဿ=ထိုရဟန်းဂေါတမ၏။ ဥပဋ္ဌာကဘူတာ= အထောက် အပံ့ဖြစ်၍ ဖြစ်ကြကုန်၏။

ဤသာမာဝတီရဲ့ မောင်းမမိဿံ ငါးရာတို့သည် ရဟန်းဂေါတမ ဘက်က အထောက်အပံ့တွေ ဖြစ်နေတယ်တဲ့။

**ဧတာသမ္ပိ ဗျသနံ ကရိဿာမိ။**

ဧတာသမ္ပိ= ဤသူမတို့အားလည်း။ ဗျသနံ= ပျက်စီးအောင်။ ကရိဿာမိ=ငါပြုပေအံ့။

http:\\www.dhammadownload.com



ဒီသူမတွေပျက်အောင် ငါလုပ်မယ်တဲ့။ ဘယ်လိုလုပ်ရပါ့မလဲလို့ အခွင့်အပေါက်ကို ရှာပြီးတော့ နေတဲ့အခါ တစ်နေ့ဆိုကြပါစို့။ ဥတေနမင်းတရားက အရက်သောက်ပွဲ ကျင်းပတယ်။ အဲဒီအရက် သောက်ပွဲကျတော့ သာမာဝတီတို့လူသိုက် မပါဘူး။ ဥတေနမင်းတရား ဟာ ရွှေနန်းတော်ပေါ်မှာ အရက်သောက်ပွဲ ကျင်းပတဲ့နေ့။ ဒီကနေ့ အခွင့်ကောင်းပဲဆိုပြီးတော့ မာဂဏ္ဍီက ဘုရင်အရက်သောက်တဲ့အခန်းကို တစ်ခါတည်း လိုက်သွားတယ်။

မသွားခင်ကတည်းကိုက သူက ဘာစီစဉ်ထားသလဲဆိုတော့ သူ့ရဲ့ဘထွေး မာဂဏ္ဍိပုဏ္ဏားဆိုတဲ့ ဥတေနမင်းက ပုရောဟိတ်အရာ ထားတဲ့ ပုဏ္ဏားပေါ့လေ။ မာဂဏ္ဍီမိဖုရားရဲ့ဘထွေး။ အဲဒီတော့၊ သူ့ရဲ့ဘထွေး မာဂဏ္ဍိပုရောဟိတ်ရဲ့အထံ လျှို့ဝှက်စွာ တမန်လွှတ် ပြီးတော့ ပြောတယ်။ ဘာပြောသလဲ။

**အတ္ထော မေ ကိရ ကုက္ကုဋေဟိ။**

စူဠပိတာ= ဘထွေးတော်။ မေ= ကျွန်တော်မအား။ ကုက္ကုဋေဟိ= ကြက်တို့ဖြင့်။ အတ္ထော= အလိုရှိ၏။

ဘထွေးတော်--ကျွန်မ ကြက်များ လိုချင်တယ်။

**အဋ္ဌ မတကုက္ကုဋေ အဋ္ဌ သဇီဝကုက္ကုဋေ စ ဂဟေတွာ အာဂစ္ဆတု။**

အဋ္ဌ= ရှစ်ကောင်ကုန်သော။ မတ ကုက္ကုဋေ စ= ကြက်သေတို့ကို လည်းကောင်း၊ အဋ္ဌ= ရှစ်ကောင်ကုန်သော။ သဇီဝကုက္ကုဋေ စ= အသက်ရှင်တဲ့ ကြက်တို့ကို လည်းကောင်း၊ ဂဟေတွာ=ယူ၍။ အာဂစ္ဆတု= နန်းတော်သို့လာခဲ့ပါ။

**အာဂန္တွာ စ သောပါနမတ္ထကေ ဌတွာ အာဂတဘာဝံ နိဝေဒေတွာ ပဝိသတူ'ති ဝုတ္တေပိ အပဝိသိတွာ ပဌမံ အဋ္ဌ သဇီဝ ကုက္ကုဋေ ပဟိဏာတု။**

http:\\www.dhammadownload.com



အာဂန္တွာ စ= ကြက်သေရှစ်ကောင်၊ ကြက်ရှင်ရှစ်ကောင်ယူပြီး လာရောက်ပြီးလျှင်ကား။ သောပါနမတ္တကေ= စောင်းတန်းထိပ်၌။ ဌတွာ= ရပ်တည်၍။ အာဂတဘာဝံ= မိမိလာသည်၏ အဖြစ်ကို။ နိဝေဒေတွာ–နိဝေဒေဟိ= အကြောင်းစကား ပြောကြားသိစေပါလော့။ နိဝေဒေတွာ= ပြောကြားသိစေပြီးလျှင်။ ပဝိသတူတိ ဝုတ္တေပိ=ဘုရင်မင်းတရားက အတွင်းတော်ဝင်ခဲ့လော့ဟု ဖိတ်ခေါ်သော်လည်းပဲ။ အပဝိသိတွာ= မဝင်မူ၍။ **ပဋ္ဌမံ=ရှေးဦးစွာ။** အဋ္ဌ= ရှစ်ကောင်ကုန်သော။ သဇီဝကုက္ကုဋေ= **အသက်**ရှင်တဲ့ ကြက်တို့ကို။ ပဟိဏာတု= ပို့လိုက်စေချင်ပါသည်။

အဖေ–ရှစ်ကောင်အရှင်၊ ရှစ်ကောင်ကြက်သေ ယူဆောင်၍ ရွှေနန်းတော် ရောက်တဲ့အခါကျတော့ ရွှေနန်းတော် လှေကားဦးက နေပြီး **မိမိလာသောအဖြစ်ကို** အသိပေးပါတဲ့။ အသိပေးလို့ ဥတေနမင်းက နန်းတွင်းဝင်ခဲ့လို့ ဆိုတဲ့အခါ မဝင်ပါနဲ့။ အဲဒီလှေကားဦး၊ စောင်းတန်းဦးကပဲနေပါ။ အဲဒီလိုနေပေမယ့်လို့ ရှေးဦးစွာ ကြက်အရှင် ရှစ်ကောင်ကို ပို့လိုက်ပါ။

ပစ္ဆာ ဣတရေ= နောက်မှ သူမ စီမံပါ့မယ်။ ကြက်အသေ ရှစ်ကောင်တို့ကို နောက်မှပို့ပါ။ အဲဒီလိုမှာပါတယ်။

မှာပြီးတော့ ဥတေနမင်းတရား သောက်ပွဲကျင်းပတဲ့ အခန်းမှာ သွားပြီးတော့ ခ,စားတယ်။ ဖျော်ဖြေတယ်။ ယုယတယ်။ မှုယုတယ်။ ဒါတွေကိုပြုပြီးတော့ စေခိုင်းတဲ့ မင်းလုလင်ငယ်ကိုလဲပဲ–

မမ ဝစနံ ကရေယျာသိ။

မမ=ငါ၏။ ဝစနံ= စကားကို။ ကရေယျာသိ= အမောင်တို့ လိုက်နာပါ။

http:\\www.dhammadownload.com



အမောင် ငါ့စကား နားထောင်ပါ။ တံစိုးလက်ဆောင်များ ပေးပြီးတော့ မင်းစေလေး တစ်ယောက်ကိုလဲ မနီးမဝေးမှာ ထားတယ်။ အဲဒီလိုထားလို့ ဥတေနမင်းတရား သောက်ပွဲကြီးကျင်းပလို့ ကောင်းနေတဲ့အချိန်အခါမှာ မာဂဏ္ဍီမိဖုရား အစီအမံအတိုင်း ဘထွေးတော် ပုရောဟိတ် မာဂဏ္ဍီပုဏ္ဏားကြီး ကြက်အသေရှစ်ကောင်၊ ကြက်အရှင်ရှစ်ကောင် ယူဆောင်လာပြီး ရွှေနန်းတော် လှေကားဦးက "မာဂဏ္ဍီပုရောဟိတ် ပုဏ္ဏားကြီးသည် နန်းတော် လှေကားဦးကို ရောက်နေပါတယ်"ဆိုတဲ့အကြောင်း လျှောက်ထားတော့၊ ဥတေနမင်း တရားက

ပဝိသတု= အတွင်းတော်ဝင်ခဲ့ပါစေ။ အဲဒီလို မင်းချင်း တစ်ယောက် လွှတ်ပြီးတော့ အခေါ်ခိုင်းတယ်။ မာဂဏ္ဍီပုဏ္ဏားက သူမရဲ့ ညွှန်ကြားချက်အတိုင်း-

**ရညော အာပါနဘူမိံ န ပဝိသိဿာမိ။**

ရညော=မင်းကြီး၏။ အာပါနဘူမိံ= သေရည်အရက် သောက်ရာဌာနသို့။ န ပဝိသိဿာမိ= မဝင်ပါရစေနဲ့။

အမောင်- ပြည့်ရှင်မင်းကြီးထံ လျှောက်လိုက်။ အရှင်မင်းကြီး လွတ်လွတ်ကျွတ်ကျွတ်သာ သောက်ပွဲကျင်းပပါတော့။ ကျွန်တော်မျိုး လာလို့ရှိယင် အားနာသမှု ဖက်နေပါလိမ့်မယ်။ ဒီတော့ ဟောဒီ ကြက်ရှစ်ကောင်ကိုလဲပဲ လက်ဆောင်အဖြစ်နဲ့ အမောင်ယူသွားပါလို့ ဆိုပြီးတော့ ကြက်အရှင်ရှစ်ကောင် ပေးလိုက်တယ်။ အဲဒီမင်းချင်းက နဂို မာဂဏ္ဍီမိဖုရား စကားထည့်ထားတဲ့အတိုင်း ဥတေနမင်းထံ ရောက်တဲ့အခါကျတော့-

**ဒေဝ ပုရောဟိတေန ပဏ္ဏာကာရော ပဟိတော။**

http:\\www.dhammadownload.com



ဒေဝ= အရှင်မင်ကြီး။ ပုရောဟိတေန= ပုရောဟိတ်ကြီးက။ ပဏ္ဏာကာရော= လက်ဆောင်ကို။ ပဟိတော= ပို့ဆက်အပ်ပါတယ်ဘုရား။

ကြက်အရှင်ရှစ်ကောင်ကို ပြပြီးတော့ ပုရောဟိတ်ကြီးက လက်ဆောင် ကြက်ရှစ်ကောင် ပို့သအပ်ပါသည်ဘုရားလို့ ဆိုတော့။ ဥတေနမင်းတရားက ခပ်မှူးမှူးနဲ့ ဘာပြောသလဲ။

**ဘဒ္ဒကော ဝတ နော ဥတ္တရိကဘင်္ဂေါ ဥပ္ပန္နော။**

ဘော= အိုအချင်းတို့။ နော= ငါတို့အတွက်။ ဘဒ္ဒကော= အကောင်းဆုံးသော။ ဥတ္တရိဘင်္ဂေါ= ဟင်းလျာသည်။ ဥပ္ပန္နောဝတ= ဖြစ်ခဲ့လေပြီတကား။

ပုရောဟိတ်ကြီး ပို့လိုက်တဲ့လက်ဆောင်ဟာ တို့အတွက် အကောင်းဆုံးသော ဟင်းလျာဖြစ်လာပြီ။ ရလာပြီ။

**ကော နု ခေါ ပစေယျ။**

ကော နု ခေါ= အဘယ်သူသည်။ ပစေယျ= ချက်ပါလိမ့်မလဲ။

ဘယ်သူ့များ အချက်ခိုင်းရပါ့မလဲလို့။ ဥတေနမင်းတရားက အဲဒီလို နှုတ်ကမြွက် ပြောဆိုလိုက်တဲ့အခါ။ မာဂဏ္ဍီမိဖုရားက ဘာလျှောက်လိုက်သလဲ–

**မဟာရာဇ သာမာဝတိပ္ပမုခါ ပဉ္စသတာ ဣတ္ထိယော နိက္ကမ္မိကာ ဝိစရန္တိ။**

မဟာရာဇ=မြတ်သောမင်းကြီး။ သာမာဝတိပ္ပမုခါ= သာမာဝတီ အမှူးပြုကုန်သော။ ပဉ္စသတာ ဣတ္ထိယော= မောင်းမမိဿံ ငါးရာတို့သည်။ နိက္ကမ္မိကာ= အလုပ်မရှိကြကုန်ဘဲ။ ဝိစရန္တိ= လှည့်လည် ကျက်စား၍ နေကြရကုန်၏။

http:\\www.dhammadownload.com



အရှင်မင်းကြီး။ သာမာဝတီ အမှူးပြုတဲ့ မင်းမိန်းမငါးရာ ဘာမှ အလုပ်ရှိဘဲနဲ့ နန်းထဲ ဒီလိုပဲ လှည့်လည်ကျက်စားသွားလာ နေကြပါတယ်။

**တာသံ ပေသေထ။**

တာသံ= ထိုသူမတို့၏ အထံသို့။ ပေသေထ= ပို့စေတော်မူပါ ဘုရား။

**တာ ပစ္စတ္တ အာဟရိဿန္တိ။**

တာ= ထိုသူမတို့သည်။ ပစ္စတ္တ= အရှင်မင်းကြီး အလိုရှိတဲ့ အတိုင်းချက်၍၊ ကြော်၍။ အာဟရိဿန္တိ= ပို့ဆောင်လာကြပါလိမ့်မယ် ဘုရား။

သာမာဝတီထံ အပို့လွှတ်တယ်။ အပို့ခိုင်းတယ်ပေါ့။

အဲဒီလို မာဂဏ္ဍီပြောတာတွေကို အကောင်းထင်ပြီးတော့ ဥတေနမင်းတရားက မင်းလုလင်ကို ဂစ္ဆ=အမောင်သွားချေ။ တာသံ ဒတွာ= ထိုသူမတို့အားပေးပြီးတော့–

**အညဿ ကိရ ဟတ္ထေ အဒတွာ သယမေဝ မာရေတွာ ပစန္တု။**

အညဿ=သူတပါး၏။ ဟတ္ထေ= လက်၌။ အဒတွာ=မပေးမူ၍။ သယမေဝ= ကိုယ်တိုင်သာလျှင်။ မာရေတွာ= သတ်၍။ ပစန္တု= ချက်ကြကုန်ပစေ။

အမောင်သွား– ဒီကြက်ရှစ်ကောင်ကို သာမာဝတီတို့ထံ သွား ပြီးတော့ပေး။ ပေးပြီးတော့ ဒီကြက်တို့ကို သူတစ်ပါးလက် မပေးဘဲနဲ့ ကိုယ်တိုင်သတ်ပြီးတော့ ချက်ကြရမယ်လို့။ အဲဒီလို မင်းပြောကွာ။

သာဓု ဒေဝ=ကောင်းပါပြီ အရှင်မင်းကြီး။ မင်းလုလင်က ဒီလို ဝန်ခံပြီးတော့ သာမာဝတီတို့ အဆောင်ကိုသွားတယ်။ ပြည့်ရှင်

http:\\www.dhammadownload.com



မင်းကြီးက ခိုင်းလိုက်တယ်။ ဟောဒီကြက်တွေကို သူတစ်ပါးလက် မအပ်ဘဲနဲ့ အသင်တို့ကိုယ်တိုင် သတ်ပြီးတော့ ချက်၍ ဆက်သရမတဲ့။ ကြက်အရှင်တွေကို ပေးတော့ တစ်ဆောင်လုံးက အရိယာတွေ ဖြစ်တော့–

**မယံ ပါဏာတိပါတံ န ကရောမ။**

မယံ=ငါတို့သည်။ ပါဏာတိပါတံ=သူ့အသက်သတ်ခြင်းကိုဖြင့်။ န ကရောမ=ဘယ်လိုနည်းနဲ့မှ မပြုကြပါဘူး။

အမောင်–တဲ့၊ တို့အရိယာ သူတော်ကောင်းတွေပါကွယ်။ သူ့အသက်သတ်မှုဆိုတဲ့ ပါဏာတိပါတာ အမှုကို အသက်ကိုသာစွန့်မယ်။ ဘယ်လိုနည်းနဲ့မှ မပြုကြပါဘူး။ အဲဒီလို အကြောင်းပြောလိုက်တော့ ဒီမင်းလုလင်က ကြက်ရှစ်ကောင်ဆွဲပြီးတော့ ဥတေနမင်းတရားသေသောက်ပွဲ ကျင်းပတဲ့နေရာကို လာပြီးတော့ ဘယ်နှယ့် ပြောလိုက်သလဲဆိုတော့ "ဘုရား–သူတို့ဟာ အရိယာသာဝကာတွေမို့လို့ ပါဏာတိပါတအမှု ဘယ်လိုနည်းနဲ့မှ မပြုကြဘူး"တဲ့ မင်းလုလင်ငယ်က ပြန်ပြောတယ်။

မာဂဏ္ဍီ အခွင့်ရပြီ။ အကွက်ဆိုက်ပြီ ဆိုပြီးတော့–

**ဒိဋ္ဌံ တေ မဟာရာဇ။**

မဟာရာဇ= မြတ်သောမင်းကြီး။ တေ= သင်မင်းကြီးသည်။ ဒိဋ္ဌံ= မြင်အပ်ပြီမဟုတ်ပါလော။

အရှင်မင်းကြီး၊ မြင်ပြီ တွေ့ပြီ မဟုတ်လား။

**ဣဒါနိ တာသံ ပါဏာတိပါတဿ ကရဏံ ဝါ အကရဏံ ဝါ ဇာနိဿသိ။**

ဣဒါနိ=ယခုအခါ၌။ တာသံ= ထိုသူမတို့၏။ ပါဏာတိပါတဿ= ပါဏာတိပါတ ဒုစရိုက်အမှုကို။ ကရဏံ ဝါ= ပြုခြင်းကို

http:\\www.dhammadownload.com



လည်းကောင်း။ အကရဏာ ဝါ=မပြုခြင်းကိုလည်းကောင်း။ ဇာနိဿသိ = အသင်မင်းကြီး အထင်အရှား တွေ့ရသိရပါလိမ့်မယ်။

မြင်ပြီမဟုတ်လား အရှင်မင်းကြီး။ အခုတော့ ဒီသူမတွေ ပါဏာတိပါတာ ပြုမပြုကို အသင်မင်းကြီး သိရပါလိမ့်မယ်။ ဘုရား ကျွန်တော်မ အကြံပေးပါရစေ။

**သမဏာသ ဂေါတမဿ ပစိတွာ ပေသေန္တုတိ ဝဒေဟိ ဒေဝ။**

ဒေဝ=သမုတိနတ် အရှင်မင်းမြတ်ဘုရား။ သမဏာသ ဂေါတမဿ = ရဟန်းဂေါတမ၏ အထံသို့။ ပစိတွာ= **ချက်ပြီးတော့၊** ပေသေန္တု=ပို့ဆက်ကြကုန်စေ။ ဣတိ=ဤသို့။ ဝဒေဟိ=ပြောဆိုပါလော။

မင်းကြီး– ရဟန်းဂေါတမထံသို့ ဒီကြက်တွေကို ချက်ပြီးတော့ ပို့ဆက်ကြလို့ အမိန့်ပေးပြောဆိုပါ။ သူမတို့က ဒီကြက်တွေကိုသတ်ပြီး ချက်ပြီးတော့ ရဟန်းဂေါတမထံ ပို့ပါလိမ့်မယ် ဘုရားလို့ လျှောက်တော့ ဥတေနမင်းကလဲပဲ ဒီအတိုင်း အကောင်းမှတ်ပြီးတော့ "ရဟန်း ဂေါတမထံ ချက်ပြီးတော့ ပို့လိုက်ကြ"လို့ အမိန့်ပေးပြီးတော့ ကိုင်း မင်းလုလင် သွားအုန်းဆိုတော့ ဆက်ပြီး မင်းလုလင်က ယူသွားတယ်။ ရှင်ဘုရင့်ရှေ့မှာ ကြက်အရှင်ရှစ်ကောင် ယူသွားတာပေါ့။ ဒါပေမယ့်လို့ ရှင်ဘုရင့် မျက်ကွယ်ကြတော့ ဟိုစောင်းတန်း လှေကား ဦးမှာ စောင့်နေတဲ့ မာဂဏ္ဍီပုဏ္ဏားကြီးထံ သွားပြီးတော့ ကြက်အသေ ရှစ်ကောင်ကို လဲလှယ်ယူ၍ ကြက်အရှင်ရှစ်ကောင်ကိုတော့ မာဂဏ္ဍီ ပုဏ္ဏားကြီးဆီမှာ ထားခဲ့တယ်။ ကြက်အသေရှစ်ကောင် ယူသွားပြီးတော့ သာမာဝတီတို့ရဲ့ အဆောင်ကို တစ်ခေါက်ပြန်သွားတယ်။ ဘာပြော လိုက်သလဲဆိုတော့–

http:\\www.dhammadownload.com



**ဣမေ ကိရ ကုဏ္ဍုဒ္ဒေ ပစိတွာ သတ္ထု သန္တိကံ ပဟိဏာထ။**

အယျာ ယျော= အရှင်မတို့။ ဣမေ ကုဏ္ဍုဒ္ဒေ= ဤကြက်တို့ကို။ ပစိတွာ= ချက်၍။ သတ္ထု= မြတ်စွာဘုရား၏။ သန္တိကံ= အထံသို့။ ပဟိဏာထကိရ= ပို့ကြကုန်တဲ့ဘုရား။

ရှင်မတို့ ဟောဒီကြက်တွေကို ချက်ပြီးတော့ ဘုရားထံ ပို့သကြတဲ့။ ဘုရင်ထီးဘုရားကြီး အမိန့်တော် ရှိလိုက်တယ် လို့ဆိုတော့ လက်ထဲကြည့်လိုက်တော့ ကြက်တွေက ပုံသကူ။ ပုံသကူသားတွေ ဖြစ်နေတယ်။ အသေတွေ ဖြစ်နေတော့-

**သာမိ အာဟရ ဣဒံ နာမ အမှာကံ ကိစ္စံ။**

သာမိ=အရှင်။ အာဟရ= ယူဆောင်ခဲ့လော့။ ဣဒံ နာမ= ဤပုံသကူသားကို ချက်၍ဆက်ကပ်ရခြင်း မည်သည်။ အမှာကံ= ငါတို့၏။ ကိစ္စံ= အလုပ်ပါ။

မင်းလုလင်ကလည်း အခွင့်ရပြီဆိုပြီးတော့ ဘုရင်မင်းတရား သောက်ပွဲကျင်းပတဲ့ အခန်းထဲကို သွားတယ်။ ရောက်တယ်ဆိုယင်ပဲ ဥတေနမင်းတရားက ခပ်မူးမူးနဲ့

ကိံ တာတ=ဘယ့်နှယ်လဲအဖောင်။ ဘာပြောလိုက်သလဲ။

ဒီမင်းလုလင်ကလည်း ဘယ်လို ပြန်ပြောသလဲဆိုတော့

**သမဏဿ ဂေါတမဿ ပစိတွာ ပေသေထာတိ ဝုတ္တ မတ္တေယေဝ ပဋိမဂ္ဂံ အာဂန္တွာ ဂဏှိံသု။**

ဒေဝ=အရှင်မင်းကြီး။ သမဏဿ ဂေါတမဿ=ရဟန်းဂေါတမ၏ အထံသို့။ ပစိတွာ= ချက်၍။ ပေသေထ= ပို့ဆက်ကြကုန်လော။ ဣတိ= ဤသို့။ ဝုတ္တမတ္တေယေဝ= ဆိုအပ်ကာမျှဒြပင်လျှင်။ ပဋိမဂ္ဂံ= ခရီးရင်ဆိုင်။ အာဂန္တွာ= လာလတ်၍။ ဂဏှိံသု= ယူကြပါတယ်ဘုရား။

http:\\www.dhammadownload.com



အရှင်မင်းကြီး– ရဟန်းဂေါတမအတွက် ချက်ပြီးတော့ ပို့လိုက်ကြလို့ ဆိုယင်ပဲ ကျွန်တော်မျိုး အရောက်မဆိုင်းဘူးတဲ့။ ခရီးရင်ဆိုင်ပြေးလာပြီးတော့ ဝမ်းမြောက်ဝမ်းသာ ယူသွားတယ်ဘုရား။ မင်းလုလင်ကလဲပဲ မာဂဏ္ဍီဘက် ခပ်ပါပါဖြစ်တော့ ခပ်ပင်းပင်း ဒီလို ပြောလိုက်တယ်။ မာဂဏ္ဍီအချိန်ဆွဲပြီး ဘာပြောလိုက်သလဲဆိုတော့–

**ပဿ မဟာရာဇ။**

မဟာရာဇ= မြတ်သောမင်းကြီး။ ပဿ= ရှုလော့။ အရှင်မင်းကြီး ရှုတော်မူ။ မြင်တော်မူပြီ မဟုတ်လော။

**န တာ တုမှာဒိသာနံ ကရောန္တိ။**

တာ= ထိုရှင်မတို့သည်။ တုမှာဒိသာနံ= အရှင်မင်းကြီးတို့ကဲ့သို့သော ပုဂ္ဂိုလ်တို့၏။ ကိစ္စံ=အလုပ်ကိစ္စကို။ န ကရောန္တိ= မပြုကြကုန်။

ဒီသူမတွေဟာ အရှင်မင်းကြီးတို့ရဲ့ အလုပ်ကိုတော့ ဘယ်လိုနည်းနဲ့မှ မလုပ်ဘူး။

**ဗဟိဒ္ဓါ ပတ္ထနာ တာသံ အတ္ထိတိ ဝုတ္တေ န သဒ္ဒဟာသိ။**

တွံ=အသင်မင်းတရားကြီးသည်။ တာသံ=ထိုသူမတို့၏ အဖို့ရာ။ ဗဟိဒ္ဓါ= အပြင်အပ၌။ ပတ္ထနာ= တောင့်တမှုသည်။ အတ္ထိ=ရှိ၏။ ဣတိ= ဤသို့။ ဝုတ္တေပိ= ပြောဆိုအပ်ပါလျက်။ န သဒ္ဒဟာသိ= ယုံကြည်တော်မမူ။

အရှင်မင်းကြီးက သိပ်ခက်တာပဲ။ အခုလက်တွေ့ မဟုတ်လား။ ဒီသူမတို့ဟာ အရှင်မင်းကြီးမှတပါး အခြားပြင်ပဖြစ်တဲ့ ယောကျ်ားကိုတောင့်တနေကြတယ်လို့ ပြောတာ အရှင်မင်းကြီး မယုံဘူး။ အခုတော့လက်တွေ့မဟုတ်လားလို့ ပြောတယ်။

**ရာဇာ တံ သုတွာပိ အမိဝါသေတွာ တုဏှီဘူတော အဟောသိ။**

http:\\www.dhammadownload.com



ရာဇာ= ဥဒေနမင်းတရားသည်။ တံ= ထိုမာဂဏ္ဍိခကားကို။ သုတွာပိ= ကြား၍လည်း။ အဓိဝါသေတွာ= သည်းခံ၍။ တုဏှီယေဝ= ဆိတ်ဆိတ်သာလျှင်။ အဟောသိ= ဖြစ်ပြီ။

## ဥဒေနမင်း သာမာဝတီအဆောင်မှာ စံနေစဉ် စောင်းအိုးထဲမှ မြွေထွက်လာခြင်း

ဒီတချီလည်း မာဂဏ္ဍီအကြံ မအောင်ဘူး။ မအောင်တော့ ဒီသေသောက်ပွဲကြီး ပြီးသွားလို့ နောက်တစ်ချိန်ကျမတော့။

ကိံ နု ခေါ ကရိဿာမိ။

ငါဘယ်လိုလုပ်ပြီးတော့ ဒီသာမာဝတီတို့အဖွဲ့ကို ပျက်စီးအောင် ကြံဆောင်ရပါမလဲ လို့ အမြဲတမ်း အကွက်ပဲ ရှာနေတယ်။ အဲဒီလို ရှာနေတဲ့အထဲမှာ ဥဒေနမင်းကြီးရဲ့ ထုံးစံက ဘယ်လိုရှိသလဲ။ သာမာဝတီမိဖုရားရဲ့ နန်းတော်မှာ ခုနစ်ရက်။ ဝါသုလဒတ္တာရဲ့ နန်းတော်မှာ ခုနစ်ရက်။ မာဂဏ္ဍီမိဖုရားရဲ့ နန်းတော်မှာ ခုနစ်ရက်။ အဲဒီလို မိဖုရားသုံးဦးရဲ့ နန်းတော်မှာ ခုနစ်ရက်စီ အလှည့်အလည် စံတော်မူမြဲဖြစ်တယ်။

အဲဒီလို ခုနစ်ရက်စီ အလှည့်အလည် စံတော်မူမြဲဖြစ်တော့ ဒီကနေ့မှ နောက်နက်ဖြန်သဘက် နှစ်ရက်လောက်ရောက်ရင် သာမာဝတီရဲ့ အဆောင်သို့ ဥဒေနမင်းသွားလိမ့်မယ်လို့ သိယင်ပဲ မာဂဏ္ဍီက သူ့ဦးရီးတော် ပုရောဟိတ်မာဂဏ္ဍီပုဏ္ဏားထံ မင်းလုလင်လွှတ်ပြီးတော့ လျှို့ဝှက်တဲ့အကြံ ကြံပြန်တယ်။ ဘာလဲဆိုတော့-

အဂဒေန ကိရ ဒါဌာ ဓောဝိတွာ ဧကံ သပ္ပံ ပေသေတု။

အဂဒေန=ဆေးဖြင့်။ ဒါဌာ=အစွယ်တို့ကို။ ဓောဝိတွာ= ဆေးကြော၍။ ဧကံ သပ္ပံ= မြွေတစ်ကောင်ကို။ ပေသေတု= ပို့လိုက်စေချင်ပါသည်။

http:\\www.dhammadownload.com



ဦးလေးတော်--မြွေတစ်ကောင်ကို ဆေးနဲ့ အစွယ်ကို ဆေးပြီးတော့ (ဆိုပါစို့-အဆိပ်တွေကို အကုန်ထုတ်ပြီးတော့) မြွေတစ်ကောင် ပို့လိုက်စေချင်ပါတယ်။ မြွေဟောက်တစ်ကောင်။ သူ့ဦးလေးကလဲပဲ သူခိုင်းတဲ့အတိုင်း မြွေတစ်ကောင် ဆေးနဲ့အစွယ်နှုတ်ပြီးတော့ တိတ်တဆိတ် ပို့လိုက်တယ်။ ဥတေနမင်းတရားက ဟတ္ထိကန္တ= ဆင်ချစ်တဲ့ စောင်းကို ဘယ်တော့မှ သူနဲ့ မကင်းကွာခဲ့ဘူး။ ဟိုမိဖုရား အဆောင်သွားလဲ ဒီစောင်းပါ။ ဒီမိဖုရား အဆောင်သွားလဲ ဒီစောင်းပါ။ သူသွားလေရာကို ယူဆောင်သွားနေကျ ဖြစ်နေတယ်။

ဒီတော့ အဲဒီစောင်းခွက်မှာလဲပဲ အပေါက်တစ်ခု ပါတယ်။ စောင်းအိုး၊ စောင်းခွက်မှာ။ မာဂဏ္ဍီက လူလွတ်တဲ့အချိန်မှာ အဲဒီ အဆိပ်နှုတ်ထားတဲ့မြွေကို စောင်းပေါက်ကနေပြီးတော့ စောင်းခွက်ထဲကို ထည့်ထားတယ်။ အပေါက ပန်းကုံးကလေး ဟန်ဟန်ပန်ပန် တပ်ပြီးတော့ စောင်းခွက်အပေါက် ပိတ်ထားတယ်။

ဥတေနမင်းတရား သာမာဝတီအဆောင် သွားတော့မယ်ဆိုတဲ့ နေ့ကျတော့ မာဂဏ္ဍီက-

**အဇ္ဇ ကတရိဿာ ဣတ္ထိယာ ပါသာဒံ ဂမိဿသိ ဒေဝ။**

ဒေဝ= အရှင်မင်းကြီး။ အဇ္ဇ= ယနေ့။ ကတရိဿာ ဣတ္ထိယာ= အဘယ်မည်သော မိဖုရား၏ ပါသာဒံ။ ပြာသာဒ်သို့။ ဂမိဿသိ= ကြွတော်မူမည်နည်း ဘုရား။

သိလျက်နဲ့မေးတယ်။ ကနေ့ အဘယ်မိဖုရားရဲ့ အဆောင်ကို အရှင်မင်းတရားကြီး ကြွမလဲဆိုတော့ ဥတေနမင်းတရားကလဲ ရိုးရိုးသားသားပဲ။

အဟံ သာမာဝတိယာ။ သာမာဝတီမိဖုရားရဲ့ အဆောင်ကို ငါသွားမယ်။

http:\\www.dhammadownload.com



အဲဒီတော့ မာဂဏ္ဍီက ပြောတယ်–

**အဇ္ဇ မယာ မဟာရာဇ အမနာပေါ သုပိနော ဒိဋ္ဌော။**

မဟာရာဇ= မြတ်သောမင်းကြီး။ အဇ္ဇ= ယနေ့။ မယာ= ကျွန်တော်မသည်။ အမနာပေါ= မနှစ်သက်ဖွယ်သော။ သုပိနော= အိပ်မက်ကို။ ဒိဋ္ဌော= မြင်မက်ထားပါတယ်ဘုရား။

အရှင်မင်းကြီး၊ ကျွန်တော်မျိုးမ ယနေ့ အိပ်မက်မကောင်းတာ မြင်မက်ထားပါတယ်။

တတ္ထ= ထိုသာမာဝတီရဲ့ နန်းတော်သို့။ ဂန္တုံ= သွားခြင်းငှာ။ န သက္ကာ= မတော်ပါဘူးဘုရား။

သာမာဝတီနန်းတော်ပြင့် သွားဖို့မတော်ပါ ဘုရား။ ကျွန်တော်မ အိပ်မက်မကောင်း မက်ထားပါတယ်လို့ ဆိုတဲ့အခါ ဥတေနမင်း တရားကလဲ ယောကျ်ားပီပီ ဂစ္ဆမေဝ= သွားမှာပဲတဲ့။ မိဖုရား မဖျက်နဲ့။ ငါသွားမြဲသွားမှာပဲလို့ အဲဒီလို ပြောတဲ့အခါ။

**ခဝံ သန္တေ အဟမ္ပိ တုမှေဟိ သဒ္ဓိံ ဂမိဿာမိ ဒေဝ။**

ဒေဝ= အရှင်မင်းမြတ်။ ဧဝံ သန္တေ= ဤသို့ ကျွန်တော်မျိုးမ တားလို့မှ မရယင်။ အဟမ္ပိ= ကျွန်တော်မလဲဘဲ။ **တုမှေဟိ**= အရှင်မင်းကြီးတို့နှင့်။ သဒ္ဓိံ= တကွ။ **ဂမိဿာမိ= လိုက်ပါပါရစေ** ဘုရား။

စိုးရိမ်လွန်းလို့ စိတ်မချလွန်းလို့ ဒီအမူအယာနဲ့၊ ဒီလိုတားလို့မှ မရယင် ကျွန်တော်မျိုးမလဲပဲ အရှင်မင်းကြီးနဲ့ အတူတကွ လိုက်ပါရစေ ဘုရား။ ဟာ–မလိုက်ခဲ့ပါနဲ့ မိဖုရားရယ်။

သုံးကြိမ်သုံးဖန် တားသော်လည်း

**န ဓာနာမိ ကိံ ဘဝိဿသိ ဒေဝ။**

http:\\www.dhammadownload.com



ဒေဝ=အရှင်မင်းကြီး။ ကိံ ဘဝိဿသိ=ဘယ်လိုဖြစ်မယ်ဆိုတာ။ န ဇာနာမိ=မသိနိုင်ဘူး။

ဘယ်လိုဖြစ်မယ်ဆိုတာ မသိဘူး။ အိပ်မက်ကလည်း မကောင်းဘူး။ ဒီတော့ ဘုရားကျွန်တော်မ လိုက်ခဲ့မယ် ဆိုပြီးတော့ သူကလဲ သူ့အကြံနဲ့ကိုး၊ တစ်ခါတည်း ဇွတ်အတင်းလိုက်သွားတယ်။ သာမာဝတီရဲ့ အဆောင်ရောက်တယ်ဆိုယင်ပဲ သာမာဝတီရဲ့ မောင်းမမိဿံများက ဥတေနမင်းတရားအတွက် ပလ္လင်တော်များခင်းလို့။ နံ့သာများပေးလို့၊ ပန်းများဆက်သ။ အဆင်တန်ဆာများ ဆက်သတယ်။ အဲဒီ မောင်းမမိဿံများ ဆက်သတဲ့ ပန်းများ၊ နံ့သာများ။ အဆင်တန်ဆာများ လိမ်းသဝတ်ဆင်ပြီးတော့–

ဥတေနမင်းတရား ဟတ္ထိကန္တစောင်း ခေါင်းရင်းကထားပြီးတော့ ခေတ္တခဏ လျောင်းစက်တဲ့အချိန်အခါမှာ မေ့ကနဲရယ်လို့ ဖြစ်လိုက်သည်နှင့် တပြိုင်နက် ဒါအခွင့်ကောင်း အခါကောင်းဆိုပြီးတော့ နှစ်ရက်သုံးရက်လောက် စောင်းကောက်၊ စောင်းအိုးထဲမှာ အောင်းနေရတဲ့မြွေ၊ အပေါက်ပိတ်ထားတဲ့ ခောင်းအိုးကို မာဂဏ္ဍိက လူအလစ်မှာ ဖွင့်ပေးလိုက်တော့ မြွေက ရှူးရှူးရှူးရှူးနဲ့ ဒေါသကြီးပြီးတော့ ထွက်လာတယ်။

ဟင်– ဒီတော့မှ အကွက်ကောင်းပဲဆိုပြီးတော့

**ဓိ ဓိ ဒေဝ သပ္ပေါ။**

ဒေဝ= အရှင်မင်းကြီး။ ဓိ= စက်ဆုပ်ဖွယ်ပါတကား။ ဓိ= စက်ဆုပ်ဖွယ်ပါတကား။ သပ္ပေါ= မြွေကြီး။

ကနေ့လူတွေလူတွေလိုတော့ ထွီ ထွီ နဲ့ ပါးစပ်ကလှုပ်တဲ့ သဘော။ ဟိုတုန်းကတော့ ဓိ ဓိ လို့ဆိုတယ်။ မြွေကြီးဘုရား၊ မြွေကြီး အရှင်ဘုရားထိပ်က။ ဟစ်အော်ပြီးတော့ ဥတေနမင်းတရားနဲ့တကွ သာမာဝတီတို့ကို မိန်းမကောင်း ရန်တွေ့စကား ဘာပြောလဲ–

http:\\www.dhammadownload.com



အယံ အန္ဓတာလရာဇာ= ဤမင်းမိုက်သည်။ အလက္ခိကော= ကျက်သရေမရှိသည်ဖြစ်၍။ မယှံ= ငါ၏။ ဝစနံ= စကားကို။ န သုဏာတိ= နားမထောင်ဘူး။

ဒီမင်းမိုက်ဟာ ကျက်သရေမရှိလိုက်တာ။ ဒါကြောင့် ငါ ပြောတယ်။ ငါ့စကား သူနားမထောင်ဘူး။ သာမာဝတီ အဆောင်ထဲမှာ သွားပြီးတော့ မိန်းမကောင်း ရန်တွေ့စကားပြောတယ်။

ဣမာပိ နိဿိရိကာ ဒုဗ္ဗိနီတာ ကိံ နာမ ရညော သန္တိကာ န လဘန္တိ။

နိဿိရိကာ= ဘုန်းကံနည်းကုန်သော။ ဒုဗ္ဗိနီတာ= ဆိုနိုင်ခက်ကုန်သော။ ဣမာပိ= ဤမိန်းမတို့သည်လည်း။ ရညော= မင်းကြီး၏။ သန္တိကာ= အထံမှ။ ကိံ နာမ န လဘန္တိ=ဘာမရဘဲရှိကြကုန်သလဲ။

ဒီမိန်းမတွေဟာ ဥတေနမင်းကြီးအထံမှ ဘာများမရလို့လဲ။ လိုချင်တာ အကုန်ပေးနေတာပဲ။

ကိံ နု တုမှေ ဣမသ္မိံ မတေယေဝ သုခံ ဇီဝိဿထ။

တုမှေ=သင်တို့သည်။ ဣမသ္မိံ= ဤမင်းကြီးသည်။ မတေယေဝ။ နတ်ရွာစံမှသာလျှင်။ သုခံ= ချမ်းသာစွာ။ ဇီဝိဿထ ကိံ= အသက်ရှင်ကြမှာတဲ့လား။

ရိုင်းရိုင်းပြောယင်တော့ ညည်းတို့တွေ ဤပြည့်ရှင်မင်းကြီးသေမှ ချမ်းချမ်းသာသာ အသက်ရှင်မှာလား။

ဇီဝန္တေ ဒုက္ခံ ဇီဝထ။

ဇီဝန္တေ= ပြည့်ရှင်မင်းကြီး အသက်ရှင်၍ နေသည်ရှိသော်။ ဒုက္ခံ=ဆင်းဆင်းရဲရဲ။ ဇီဝထ= အသက်ရှင်ကြရမှာမို့လို့လား။ တကတဲ လိုချင်တာ ဘာမဆို ပေးနေတဲ့ဥစ္စာ။

အဒ္ဓ မယာ ပါပသုပိနော ဒိဋ္ဌော။

http:\\www.dhammadownload.com



မယာ=ကျွန်ုပ်တော်မသည်။ အဇ္ဇ= ယနေ့။ ပါပသုပိနော= မကောင်းသော အိပ်မက်ကို။ ဒိဋ္ဌော= မြင်မက်အပ်ပါပြီ။

**သာမာဝတိယာ ပါသာဒံ ဂန္တုံ န ဝဋ္ဋတီတိ** =သာမာဝတီရဲ့ နန်းပြသာဒ်ကိုသွားဖို့ မတော်ပါဘူး ဟူ၍။ ဝါရေန္တီယာပိ= တားမြစ်ပါ သော်လည်း။ မေ=ကျွန်ုပ်တော်မ၏။ ဝစနံ= စကားကို။ န သုဏာသိ= နားထောင်တော် မမူဘူး။

ရှင်ဘုရင်ကို ရန်တွေ့လိုက်။ သာမာဝတီကို ရန်တွေ့လိုက်။ မကောင်းတဲ့အိပ်မက် မက်ထားလို့ သာမာဝတီရဲ့ နန်းပြာသာဒ် သွားဖို့မတော်ပါဘူးလို့ လျှောက်ထားပါလျက် တားမြစ်ပါလျက် အရှင်မင်းကြီးကိုက ကျွန်တော်မရဲ့ စကား နားမထောင်ဘဲကိုး။

အဲဒီလိုပြောတော့ ဥတေနမင်းတရားက အဟုတ်ကိုမှတ်တယ်။ မြွေကြီးကလည်း ဒီနန်းတွင်း သာမာဝတီရဲ့ အခန်းထဲမှာ တရှူးရှူးနဲ့။ နှစ်သုံးရက် အစာက မစားရတော့၊ မြွေက မြွေဟောက်ဖြစ်တယ်။ တရှူးရှူးနဲ့ ပါးပြင်း တထောင်ထောင်နဲ့ ဖြစ်နေတယ်။ ဥတေနမင်းကြီး ကလဲ ဒီတစ်ခါတော့ မာဂဏ္ဍီရဲ့ ကုန်းချောတဲ့ လုံချက်စုးသွားပြီ။ ပဌမအကြိမ်တုန်းက တိုက်ခန်းက အပေါက်တွေပြပြီးတော့ အပြင်အပ မှာ ဒီမိန်းမတွေ တောင့်တချက်ရှိတယ်လို့ ပြောတယ်။

အဲ ဒုတိယအကြိမ်ကျတော့ ကြက်အသေတွေကိုပင်လျှင် ကြက်အရှင်ပို့တဲ့ အနေနဲ့လုပ်ပြီးတော့ (ကြက်သေတွေလဲပြီး ပို့တာ။ ဒါတော့ ဥတေနက မသိဘူး၊ အင်း ကြက်အရှင်တွေ ပို့လိုက်တော့) သူ့ထံပြန်ပြီးတော့ ပို့တာကိုပဲ အမှတ်ရတယ်။

## သာမာဝတီတို့ကို ဥတေန မြားနှင့်ခွင်းခြင်း

အဲဒီတော့ ဥတေနမင်းတရားက အမျက်တော်ရှသွားတယ်။ စဉ်းစားတယ်။

http:\\www.dhammadownload.com



**ဝေရုပမှိ နာမ ဣမာ ကရိဿန္တိ၊ အဟော ပါပါ။**

ဣမာ=ဤသာမာဝတီအမှူးပြုတဲ့ မင်းမိန်းမတို့သည်။ ဝေရုပမှိ = ဤသို့သောသဘောရှိတဲ့ အမှုကို။ ကရိဿန္တိ နာမ=ပြုမှပြုရက်ကြပလေ။ (အော်– ဒီသူငယ်မတွေ ဒီလောက် အသက်အန္တရာယ် ပြုမှပြုရက်ကြပလေ) အဟော ပါပါ= သြော် ယုတ်မာကုန်စွ။ သိပ်ယုတ်ကြတာပဲ။

**အဟံ ဣမာသံ ပါပဘာဝံ အာစိက္ခန္တိယာပိ ဣမိဿာ ဝစနံ န သဒ္ဒဟိံ။**

အဟံ=ငါသည်။ ဣမာသံ=ဤသူမတို့၏ (သာမာဝတီ အမှူးရှိတဲ့ မောင်းမမိဿံတို့၏) ပါပဘာဝံ= ယုတ်မာတဲ့အဖြစ်ကို။ အာစိက္ခန္တိယာပိ=အကြိမ်ကြိမ် ပြောကြားငြားသော်လည်းပဲ။ ဣမိဿာ = ဤမာဂန္ဒီ၏။ ဝစနံ= စကားကို။ န သဒ္ဒဟိံ= ရှေးကတော့ဖြင့် မယုံကြည်ခဲ့ဘူး။

ငါဟာတဲ့ မာဂန္ဒီမိဖုရားက သူတို့ရဲ့ ယုတ်မာတဲ့အကြောင်းကို အကြိမ်ကြိမ် ပြောကြားစေကာမူ မာဂန္ဒီစကား ငါမယုံခဲ့ဘူး။ အခုတော့ သုံးကြိမ်တိုင်တိုင် ကိုယ်တိုင်လက်တွေ့ ဖြစ်ရပြီ။

**ပဌမံ အတ္တနော ဂဗ္ဘေသု ဆိဒ္ဒါနိ ကတွာ နိသိန္နာ။**

ပဌမံ=ပဌမအကြိမ် ရှေးဦးစွာတုန်းက။ အတ္တနော ဂဗ္ဘေသု= မိမိတို့ရဲ့ အိပ်ရာတိုက်ခန်းဌာ။ ဆိဒ္ဒါနိ ကတွာ= အပေါက်တို့ကိုပြု၍။ နိသိန္နာ= နေကြကုန်ပြီ။

ဒါပထမအကြိမ်။ အပြင်မှာ တောင့်တတယ်ဆိုတာ မာဂန္ဒီ ပြောလို့ ငါကိုယ်တိုင် သွားကြည့်တဲ့အခါ အပေါက်တွေ အိပ်ရာ တိုက်ခန်းမှာ အခန်းတွေ အပေါက်တွေဖောက်ပြီးတော့ အပြင် လူ့လောကကို သူတို့ ကြည့်ရှုနေကြတယ်။

http:\\www.dhammadownload.com



**ပုန မယာ ပေသိတေ ကုက္ကုဋ္ဌေ ပဋိပဟိဏီသု။**

ပုန= တခ်ဖန်။ မယာပေသိတေ= ငါပို့လိုက်တဲ့။ ကုက္ကုဋ္ဌေ= ကြက်တို့ကို။ ပဋိပဟိဏီသု= တစ်ဖန်ငါ့ထံ ပြန်ပို့တယ်။ (ဒုတိယ အကြိမ်)

အဇ္ဇ= ယခုအခါ၌၊ သယနေ= ငါရဲ့အိပ်ရာ၌။ သပ္ပံ= မြွေကို။ ဝိဿဇ္ဇိံသု= လွှတ်လိုက်ကြကုန်၏။

တတိယအကြိမ် ယခုကျတော့ ငါရဲ့ အိပ်ရာပေါ်မှာ မြွေကို လွှတ်လိုက်တယ်။ အင်မတန် ယုတ်တဲ့ မိန်းမတွေပဲဆိုပြီးတော့ သာမာဝတီနဲ့တကွ မောင်းမမိဿံ ငါးရာကို ကြီးစွာအမျက်ထွက်တယ်။ ယမ်းပုံမီးကျ ရန်စအမျက် ဒေါသ ထွက်တာမြင်တော့ သာမာဝတီက– ဪ– မာဂဏ္ဍီရဲ့ လုံ့ချက်စူးပြီ၊ တို့တော့ အန္တရာယ်ရောက်ပြီလို့ သိတဲ့အတွက် သူ့ရဲ့ မောင်းမမိဿံတွေကို ဘာပြောသလဲ -။

**အမ္မာ အမှာကံ အည ပဋိသရဏံ နတ္ထိ။**

အမ္မာ= အမိတို့။ အမှာကံ= ငါတို့၏အဖို့ရန်။ အည= တရားတော်မှတပါးသော။ ပဋိသရဏံ= ကိုးကွယ်ရာသည်။ နတ္ထိ= မရှိဘူး။

အမိတို့၊ တို့မှာဖြင့် တရားတော်မှတပါး ကိုးစားစရာ မရှိကြတော့ဘူး။ နရိန္ဒေ စ=ပြည့်ရှင်မင်းကြီး၌ လည်းကောင်း၊ ဒေဝိယာ စ= မာဂဏ္ဍီမိဖုရား၌ လည်းကောင်း။ အတ္တနိ စ= မိမိ၌လည်းကောင်း။ သမမေဝ= ညီမျှသည်သာလျှင် ဖြစ်သော။ မေတ္တာစိတ္တံ= မေတ္တာစိတ်ကို။ ပဝတ္တေထ= ဖြစ်စေကြကုန်။

ပြည့်ရှင်မင်းကြီးရဲ့ အပေါ်မှာရော၊ မာဂဏ္ဍီမိဖုရားကြီးရဲ့ အပေါ်မှာရော၊ မိမိရဲ့အပေါ်မှာရော၊ မိမိရယ်၊ ချစ်သောသူ၊ မုန်းသော သူရယ်လို့ ခွဲပြီးတော့မထားနဲ့။ ညီမျှသော မေတ္တာစိတ်ကို ဖြစ်စေကြပါ။ မေတ္တာဘာဝနာ နှလုံး သုံးကြပါ။

http:\\www.dhammadownload.com



**မာ ကဿစိ ကောပံ ကရိတ္ထ။**

ကဿစိ= တစ်စုံတစ်ယောက်အားမျှ။ ကောပံ= အမျက်ထွက်ခြင်းကို။ မာ ကရိတ္ထ= မပြုကြကုန်လင့်။

သုံးခွန်းထဲပြောတယ်။ သာမာဝတီရဲ့ အဆုံးအမ။ အမိတို့။ တို့မှာတခြား ကိုးကွယ်စရာမရှိဘူး။ ပြည့်ရှင်မင်းကြီးရယ်။ မာဂဏ္ဍီမိဖုရားရယ် မိမိရယ်– ဒီသုံးခုပေါ်မှာ ညီမျှသော မေတ္တာစိတ်ကို ဖြစ်စေကြပါ။ တစ်ဦးတစ်ယောက်အားမျှ အမျက်ထွက်မှု မပြုကြပါနဲ့။ ဟို––သူရဲ့ မောင်းမမိဿံတွေကလဲ စကားသုံးခွန်းကို အပြည့်အဝ လိုက်နာတယ်။

ဥတေနမင်းကလဲ ဒေါသထွက်ပြီးတော့ ကိုင်း–သာမာဝတီကို ရှေ့ဆုံးကထား၊ ငါးရာသော မောင်းမတွေ တစ်ခါတည်း တန်းထားပြီးတော့ မြားနဲ့ပစ်တယ်။ ရွှေနန်းတော်ပေါ်တင် ပစ်တယ်။ သူ ပစ်လိုက်တဲ့မြားဟာ ဘာဖြစ်သွားသလဲဆိုတော့ သာမာဝတီတို့ဘက်ကို မသွားဘဲနဲ့ ပစ်လိုက်တဲ့မြားဦးက ပြည့်ရှင်မင်းရဲ့ ရင်ဘတ်ကို ဦးတည်ပြီးတော့ မြားကပြန်လာတယ်။ ဥတေနမင်းရဲ့ ရင်ဘတ်ဆီကို ဦးတည်ပြီးတော့ မြားကပြန်လာတယ်။ ပစ်တာက သာမာဝတီတို့ မောင်းမငါးရာဘက်ကို ပစ်လိုက်တာ။ ဟိုကလဲပဲ ပို့လိုက်တဲ့မေတ္တာ၊ မင်းကြီးအပေါ်မှာရော၊ မာဂဏ္ဍီအပေါ်မှာရော၊ မိမိအပေါ်၊ သုံးဦးသားအပေါ်မှာ ဘယ်သူ့တော့ပိုတယ်၊ ဘယ်သူ့တော့လိုတယ် မရှိဘူး။ အရိယာတို့ရဲ့ မေတ္တာ။ တစ်ခါတည်း အောင်အောင်မြင်မြင် ပို့လိုက်တော့၊ အဲဒီမြားက ပြည့်ရှင်မင်းကြီးဘက် ပြန်လှည့်ပြီးတော့ လာပါတယ်။ ရင်ဘတ်ကိုတည့်တည့် မြားကပြေးဝင်လာတယ်။ ကြောက်သွားပြီ–တဲ့။ ဥတေနမင်းတရား။

**မယာ ခိတ္တော သရော သီလမှိ ဝိနိဝိဇ္ဈိတွာ ဂစ္ဆတိ။**

http:\\www.dhammadownload.com



မယာ=ငါသည်။ ခိတ္တော=ပစ်လွှတ်အပ်သော။ သရော=မြား သည်။ သိလမှိ=ကျောက်ကိုပင်သော်လည်း။ ဝိနိဝိဇ္ဈိတွာ= ထွင်းဖောက်၍။ ဂစ္ဆတိ= သွားနိုင်၏။

ငါပစ်လွှတ်လိုက်တဲ့မြားဟာ ကျောက်တုံးကြီးများတောင် ဖောက်ပြီးတော့ သွားနိုင်တဲ့ အဟုန်ရှိတယ်။

**အံကာသေ ပဋိဟနနကဋ္ဌာနံ နတ္ထိ။**

သာမာဝတီမိဖုရားနဲ့ ငါတို့ရဲ့ကြား ကောင်းကင်အာကာသ ဟင်းလင်းပြင်မှာ ငါ့မြားကိုဆီးပြီးတော့ ထိခိုက်မယ့် ဌာနဆိုတာ ဘာမှမရှိဘူးတဲ့။

**အထ စ ပနေသ နိဝတ္တိတွာ မမ ဟဒယာဘိမုခေါ ဇာတော။**

အထ စ ပန=ထိုသို့ဖြစ်ပါလျက် (သာမာဝတီနဲ့ ငါ့ကြား အဟန့်အတား မရှိပါဘဲလျက်) သေ–ဧသော သရော= ဤမြားသည်။ ပဋိနိဝတ္တိတွာ= တစ်ဖန်ပြန်လှည့်၍။ မမ= ငါ၏။ ဟဒယာဘိမုခေါ= နှလုံးဝန်းသို့ ရှေးရှု၍နေသည်၊ ဇာတော= ဖြစ်လတ်ပြီ။

**အယဉ္ဇိ နာမ နိဿတ္တော နိဇ္ဇိဝေါ သရောပိ တေဿာ ဂုဏံ ဇာနာတိ။**

နိဿတ္တော= သတ္တဝါလည်း မဟုတ်သော။ နိဇ္ဇိဝေါ= အသက် ဓိဝလည်း မရှိသော။ အယဉ္ဇိ သရောနာမ= ဤမြားကပင်မည်လျက်။ တေဿာ= ထိုသာမာဝတီ၏။ ဂုဏံ= ဂုဏ်ကျေးဇူးကို။ ဇာနာတိ= သိတုံသေး၏။

**အဟံ ပန မနုဿဘူတော န ဇာနာမိ။**

ငါတမူကား လူသားစင်စစ် ဖြစ်ပါလျက် မြားလောက်မှ သာမာဝတီရဲ့ ဂုဏ်ကျေးဇူးကို မသိပါတကား။

http:\\www.dhammadownload.com



## ဥတေနမင်း သာမာဝတီကို ရှိခိုးတောင်းပန်ခြင်း

တစ်ခါတည်း ထိတ်လန့်သံဝေဂရပြီး မြားရော လေးရော မြေကြီးထဲတစ်ခါတည်း ပစ်ချတယ်၊ သာမာဝတီတို့ ရပ်နေတဲ့အနား၊ သာမာဝတီရဲ့ ခြေရင်းမှာ သွားထိုင်တဲ့ပြီး လက်အုပ်ချီ၍

**သမ္မုယှာမိ ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။**

**သာမာဝတိ မံ တာယဿု၊ တွဉ္စ မေ သရဏံ ဘဝ။**

သာမာဝတိ= သာမာဝတီမိဖုရား။ အဟံ= ငါသည်။ သမ္မုယှာမိ= ပြင်းစွာတွေဝေ မိုက်မှားမိပါ၏။ ပမုယှာမိ=အပြားအားဖြင့် တွေဝေ မိုက်မှားမိခဲ့ချေပါ၏။

သာမာဝတီမိဖုရား–ကျွန်ုပ်မှားပါတယ်။ ကျွန်ုပ် တွေဝေမိုက်မှား မိပါတယ်။ အပြားအားဖြင့် တွေဝေမိုက်မှား မိပါတယ်။ အဲဒီလို မိုက်မှားမိတဲ့အတွက်– မေ= ငါ့အဖို့ရာ။ သဗ္ဗဒိသာ= ခပ်သိမ်းသော အရပ်မျက်နှာတို့သည်။ မုယှန္တိ= မမှတ်မိအောင် တွေဝေ၍နေပါကုန်၏။ ကျွန်ုပ်တွေဝေမိုက်မှား မိတဲ့အတွက် အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုတဲ့ အရပ်တွေကိုပင်လျှင် မသိအောင် ဖြစ်နေပါတယ်။

သာမာဝတိ= သာမာဝတီမိဖုရား။ မံ= အကျွန်ုပ်ကို။ တာယဿု= စောင့်ရှောက်ပါလော့။ တွဉ္စ–တွံဧဝ= သင်သည်ပင်လျှင်။ မေ= အကျွန်ုပ်၏။ သရဏံ=ကိုးကွယ်ရာသည်။ ဘဝ–ဘဝါဟိ=ဖြစ်ပါလော့။

တောင်းပန်တယ်။ "သာမာဝတီမိဖုရား– ကျွန်ုပ်မှားပါတယ်။ မှားသမှ တကယ်ကို လွန်လွန်ကျူးကျူး မှားပါတယ်။ ဒီလိုမှားတဲ့ အတွက် အရပ်ဆယ်မျက်နှာတောင် ကျွန်ုပ်မမှတ်မိအောင် တွေဝေသွား ပါပြီ။ ကျွန်ုပ်ကို စောင့်ရှောက်ပါ။ သင်သည် အကျွန်ုပ်၏ကိုးကွယ်ရာ ဖြစ်ပါ"လို့ဆိုတော့ သာမာဝတီမိဖုရားက–

**ယမဟံ မဟာရာဇ သရဏံ ဂတာ။**

http:\\www.dhammadownload.com



မဟာရာဇ= မြတ်သောမင်းကြီး။ အဟံ= ကျွန်တော်မသည်။ ယံ=အကြင်ဘုရား ရတနာကို။ သရဏံ= ကိုးကွယ်ရာဟူ၍။ ဂတာ= ဆည်းကပ်ပါ၏။

**တမေဝ တွမ္ပိ သရဏံ ဂစ္ဆာဟိ။**

တွမ္ပိ= အရှင်မင်းကြီးလည်းပဲ။ တမေဝ= ထိုဘုရားရတနာကိုသာလျှင်။ သရဏံ= ကိုးကွယ်ရာဟူ၍။ ဂစ္ဆာဟိ= ဆည်းကပ်တော်မူပါဘုရား။

**မာ မံ တွံ သရဏံ ဂစ္ဆ၊ ယမဟံ သရဏံ ဂတာ။**

**ဧသ ဗုဒ္ဓေါ မဟာရာဇ၊ ဧသ ဗုဒ္ဓေါ အနုတ္တရော။**

**သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဉ္စ မေ သရဏံ ဘဝ။**

(သာမာဝတီမိဖုရားက တစ်ဖန် ပြည့်ရှင်မင်းကြီးကို လျှောက်ထားတဲ့ဂါထာ)

မဟာရာဇ= မြတ်သောမင်းကြီး။ တွံ= အသင်မင်းကြီးသည်၊ မံ=ကျွန်တော်မကို။ သရဏံ= ကိုးကွယ်ရာဟူ၍။ မာ ဂစ္ဆ= မဆည်းကပ်ပါနဲ့ဘုရား။ (အရှင်မင်းကြီး--ကျွန်တော်မကို ကိုးကွယ်ရာဟူ၍ မဆည်းကပ်ပါနဲ့။ မသိမှတ်ပါနဲ့) အဟံ=ကျွန်တော်မသည်၊ ယံ ဗုဒ္ဓံ =အကြင်မြတ်စွာဘုရားကို။ သရဏံ= ကိုးကွယ်ရာဟူ၍။ ဂတာ= ဆည်းကပ်ပါသည်ဘုရား။ မဟာရာဇ= မြတ်သောမင်းကြီး။ ဧသော= ဤသို့ ကျွန်ုပ်ဆည်းကပ်တဲ့ မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ= သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် သိမြင်၍ လူရှင်တို့အား ဟောကြားသိစေတော် မူပါပေ၏။ ဧသော= ဤသို့ ကျွန်ုပ်ကိုးကွယ်တဲ့ မြတ်စွာဘုရားသည်။ အနုတ္တရော= အတုမရှိ လွန်မြတ်တော်မူပါပေ၏။ (ကျွန်ုပ်ကိုးကွယ်တဲ့ မြတ်စွာဘုရားက သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိတယ်။ သိပြီးတော့

http:\\www.dhammadownload.com



ဝေနေယျတို့အားလည်းပဲ ဟောကြားသိစေတော်မူတဲ့ ဗုဒ္ဓဂုဏ်တော်နဲ့ ပြည့်စုံတော်မူပါပေတယ်။ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်ကျေးဇူးအားဖြင့် ဘုရားထက်သာလွန်တဲ့ ပုဂ္ဂိုလ်ဟူ၍ မရှိ၊ ကိုယ်တော်ကသာ အသာလွန် အမြင့်မြတ်ဆုံး အနုတ္တရ ဂုဏ်ကျေးဇူးရှင်လည်း ဖြစ်ပါပေတယ်)။

တံ ဗုဒ္ဓံ=ဗုဒ္ဓဂုဏ်ထူး၊ အနုတ္တရဂုဏ်ထူးဖြင့် ချီးကျူးအပ်ပါသော ထိုမြတ်စွာဘုရားကို။ ကွံ= အရှင်မင်းကြီးသည်။ သရဏံ= ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆ= ဆည်းကပ်တော်မူပါဘုရား။

ဗုဒ္ဓဂုဏ်၊ အနုတ္တရဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ ဘုရားကို အရှင်မင်းကြီး ကိုးကွယ်ရာဟူ၍ ဆည်းကပ်တော်မူပါဘုရား။

တွဥ္စ–တွံ စေ= အသင်မင်းကြီးသည်သာလျှင်။ မေ= ကျွန်တော်မ ၏။ သရဏံ= ကိုးကွယ်ရာသည်။ ဘဝ–ဘဝါဟိ= ဖြစ်တော်မူပါ ဘုရား။

အရှင်မင်းကြီးသာလျှင် ကျွန်တော်မရဲ့ ကိုးကွယ်ရာဖြစ်ပါ။ ကျွန်တော်မသည် အရှင်မင်းကြီးရဲ့ ကိုးကွယ်ရာ မဟုတ်ပါဘူးလို့။

အဲဒီလို သာမာဝတီက စိတ်မဆိုးဘူး။ မိခင်ကသားကို ပြောသလို ရောမမေတ္တာနဲ့ ပြောတော့ ဒီမေတ္တာနဲ့ ပြောလေ။ ဥတေနမင်းကလဲပဲ ကြောက်လေဖြစ်နေတယ်။

**ဣဒါနှာဟံ အတိရေကတရံ ဘာယာမိ။**

အဟံ= ငါသည်။ ဣဒါနိ= ယခုအခါ၌။ အတိရေကတရံ= အလွန့်အလွန်။ ဘာယာမိ= ကြောက်ရွံ့နေပါ၏။

သာမာဝတီ--ကျုပ်အခုသိပ်ပြီးတော့ ကြောက်နေတယ်။

**ဧသ ဘိယျော ပမုယှာမိ၊ သဗ္ဗာ မုယှန္တိ မေ ဒိသာ။**

**သာမာဝတိ မံ တာယဿု၊ တွဥ္စ မေ သရဏံ ဘဝ။**

http:\\www.dhammadownload.com



သာမာဝတိ= သာမာဝတီမိဖုရား။ ဧသ-ဧသော= ထိုငါသည်။ ဘိယျော= ဆဆထမ်းပိုး တိုး၍တိုး၍။ ပမုယှာမိ= တွေဝေလှပါ၏။ မေ= ငါ့အဖို့ရာ။ သဗ္ဗာ ဒိသာ= ခပ်သိမ်းသော အရပ်မျက်နှာတို့သည်။ မုယှန္တိ=အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူ၍ မသိနိုင်အောင် ပြင်းစွာ တွေဝေလှပါကုန်၏။ မံ= ငါ့ကို။ တာယဿု= စောင့်ပါလော့။ တွဥ-တွံ ဧဝ=သင်သာမာဝတီသည်ပင်လျှင်။ မေ= ငါ၏။ သရဏံ= ကိုးကွယ်ရာသည်။ ဘဝ-ဘဝါဟိ= မေတ္တာရှေ့ထား ဖြစ်ပွားပါလော့။

သင်ကသာငါ၏ ကိုးကွယ်ရာဖြစ်ပါ။ ငါ့ကို သင် စောင့်ရှောက်ပါလို့ ဆိုတော့လဲပဲ သာမာဝတီက ရှေးနည်းအတိုင်း-

**မာ မံ တွံ သရဏံ ဂစ္ဆ။**

အရှင်မင်းကြီး ကျွန်တော်မျိုးကို ကိုးကွယ်ရာဟူ၍ မဆည်းကပ်ပါနဲ့။ ယမဟံ သရဏံ ဂတာ= အရှင်မင်းကြီးကို ကျွန်တော်မျိုးမ ကိုးကွယ်ပါ၏။ ဧသ ဗုဒ္ဓေါ မဟာရာဇ ဧသ ဗုဒ္ဓေါအနုတ္တရော= ကျွန်တော်မျိုးမကိုးကွယ်တဲ့ ဘုရားကိုယ်တော်မြတ်ဟာ ဗုဒ္ဓဂုဏ်၊ အနုတ္တရဂုဏ်နဲ့ ပြည့်စုံတော်မူပါတယ်။

သရဏံ ဂစ္ဆ တံ ဗုဒ္ဓံ၊ တွဥ မေ သရဏံ ဘဝ= ဗုဒ္ဓဂုဏ်၊ အနုတ္တရဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ပါ။ သင်မင်းကြီးသာလျှင် ကျွန်တော်မျိုးမရဲ့ ကိုးကွယ်ရာ ဖြစ်ပါသည်လို့ သာမာဝတီက ရှေးနည်းအတိုင်းပဲ တစ်ဖန်ပြောပြန်တော့ ဥတေနမင်းက-

**ဧတဿ ဟိ တွဥ သရဏံ ဂစ္ဆာမိ၊ သတ္ထာရဥ္စ သရဏံ ဂစ္ဆာမိ၊ ဝရဥ္စ တေ ဒမ္မိ။**

ဧတဿ ဟိ= ထိုသို့တပြီးကား။ တွဥ= သင်မိဖုရားကိုလည်း။ သရဏံ= ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ= ဆည်းကပ်ပါ၏။ သတ္ထာရဥ္စ=

http:\\www.dhammadownload.com



မြတ်စွာဘုရားကိုလည်း။ သရဏံ ဂစ္ဆာမိ=ကိုးကွယ်ရာဟူ၍ ဆည်းကပ် ပါ၏။ တေ= သင့်အား။ ဝရဥ္စ= ဆုကိုလည်း။ ဒမ္မိ= ပေးပါ၏။

သာမာဝတီမိဖုရား- သင်မိဖုရားကိုလည်း ဆည်းကပ်ကိုးကွယ် ပါတယ်။ မြတ်စွာဘုရားကိုလည်း ဆည်းကပ်ကိုးကွယ်ပါတယ်။ သင်မိဖုရား အလိုရှိအပ်သော ဆုမြတ်ကိုလည်း ငါပေးပါတယ်လို့ ဥတေနမင်းက ပြောတယ်။

သာမာဝတီက အရှင်မင်းကြီးပေးတဲ့ ဆုမြတ်ကို ကျွန်တော်မ ယူအပ်သည် ဖြစ်ပါစေတော့ဟု လျှောက်ထားတယ်။

## ဥတေနမင်း မြတ်စွာဘုရားကိုပင့်၍ ဆည်းကပ်ခြင်းနှင့် သာမာဝတီကို ဆုပေးခြင်း

အဲဒီနောက် ဥတေနမင်းက ဘုရားထံချဉ်းကပ်ပြီး ဘုရားအမှူး ရှိတဲ့ သံဃာတော်ကို နန်းတော်ပင့်ပြီးတော့ ခုနစ်ရက်ပတ်လုံး မဟာဒါနကြီးပေးလို့။ ခုနစ်ရက်မြောက်ရောက် သကာလ မြတ်စွာ ဘုရား အနုမောဒနာ တရားဟောပြီးတဲ့အခါကျတော့ အားလုံး ပရိသတ် ရဲ့ ရှေ့မှာ သာမာဝတီကို ဥတေနမင်းက ဘာပြောသလဲ-

**ဥဋ္ဌေဟိ ဝရံ ဂဏှ။**

သာမာဝတီ= သာမာဝတီ။ ဥဋ္ဌေဟိ= ထလော့ ဝရံ= သင် နှစ်သက်တဲ့ဆုကို။ ဂဏှ-ဂဏှာဟိ= ယူလော့။

အားလုံး ပရိသတ်ရဲ့ရှေ့မှာ ထစမ်းပါသာမာဝတီ။ သင် နှစ်သက်တဲ့ဆုကို ယူပါ ဆိုတော့ သာမာဝတီကလဲ ဘာပြောလဲ-

**မဟာရာဇ မယှံ ဟိရညာဒီဟိ အတ္ထော နတ္ထိ။**

မဟာရာဇ= မြတ်သောမင်းကြီး။ မယှံ= ကျွန်တော်မ၏အဖို့ရာ ဟိရညာဒီဟိ= ရွှေငွေစသည်တို့ဖြင့်။ အတ္ထော= အလိုသည်။ နတ္ထိ= မရှိပါ။

http:\\www.dhammadownload.com



အရှင်မင်းကြီး မြောက်စားပေးသနားလို့ရှိယင် ရွှေငွေစသော စိန်ပွားဥစ္စာ ရတနာတွေအကုန်လုံး ပြည့်စုံနေပါတယ်။ ယင်းရွှေငွေ စသည်ကို ကျွန်တော်မျိုးမ အလိုမရှိပါ။

**ဣမံ ပန မေ ဝရံ ဒေဟိ။**

ပန= ကျွန်တော်မျိုးမ အလိုရှိသည်ကို လျှောက်ထားရပါမူ။ ဣမံ ဝရံ=ဤလျှောက်ဆိုလတ့်တဲ့ဆုကို။ ဒေဟိ= ပေးတော်မူပါ။

ဘယ်လိုဆု ပေးရမလဲ-

**တထာ ကရောဟိ ယထာ သတ္ထာ နိဗဒ္ဓံ ပဥ္စဟိ ဘိက္ခုသတေဟိ သဒ္ဓိံ ဣဓာဂစ္ဆတိ၊ ဓမ္မံ သုဏိဿာမ။**

မဟာရာဇ= မြတ်သောမင်းကြီး။ ယထာ= အကြင်အခြင်းဖြင့် ပြုသည်ရှိသော်။ သတ္ထာ= မြတ်စွာဘုရားသည်။ နိဗဒ္ဓံ= နေ့စဉ်မပြတ်။ ပဥ္စဟိဘိက္ခုသတေဟိ= ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ=တကွ=။ ဣဓ= ဤရွှေနန်းတော်သို့။ အာဂစ္ဆတိ= ကြွလာတော်မူ၏။ တထာ= ထို အခြင်းဖြင့်။ ကရောဟိ= ပြုတော်မူပါ။

(ယထာ-တထာ ညှပ်ပြီး ပြောတာကတော့ စာပေသဘော ဖြစ်ပါတယ်။)

အရှင်မင်းကြီး အခု လျှောက်ထားမယ့်ဆုကို ပေးတော်မူစေ ချင်ပါတယ်။ ဘယ်လိုဆုလဲ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး နေ့စဉ်မပြတ် ရဟန်းငါးရာ ခြံရံ၍ နန်းတော်သို့ကြွလာအောင် လုပ်ပါ။ လျှောက်ထားပါ။ တောင်းပန်ပါ။

ဓမ္မံ သုဏိဿာမ=ဘုရားထံမှ နေ့စဉ်တရားကို နာပါရစေ။ တောင်းတဲ့ဆု။ ဥတေနမင်းတရားက ဒီတော့ မြတ်စွာဘုရားဘက် လှည့်ပြီးတော့-

**ဘန္တေ ပဥ္စဟိ ဘိက္ခုသတေဟိ သဒ္ဓိံ နိဗဒ္ဓံ ဣဓာ+ဂစ္ဆထ။**

http:\\www.dhammadownload.com



ဘန္တေ= အရှင်မြတ်ဘုရား။ နိဗဒ္ဓံ= နေ့စဉ်မပြတ်။ ပဥ္စဟိဘက္ခု သတေဟိ= ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ= တကွ။ ဣဓ= ဤတပည့် တော်တို့ရဲ့ ရွှေနန်းတော်သို့။ အာဂစ္ဆထ= ကြွတော်မူကြပါဘုရား။

ဘုရားကို လျှောက်တယ်။ ဘုရား နေ့စဉ်မပြတ် ရဟန်းငါးရာ တို့နှင့် တပည့်တော်ရဲ့ ရွှေနန်းတော် ကြွတော်မူပါ။ **ဘာ့ကြောင့်လဲ** ဆိုလို့ရှိယင်

**သာမာဝတိမိဿိကာ "ဓမ္မံ သုဏိဿာမာ"တိ ဝဒန္တိ။**

သာမာဝတီမိဖုရား အမှူးပြုတဲ့ ငါးရာသော အမျိုးသမီးများက တရားနာပါရစေလို့ ပြောနေပါတယ်ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက လက်ခံရဲ့လား–

မဟာရာဇ ဗုဒ္ဓါနံ နာမ ဧကသ္မိံ ဌာနေ နိဗဒ္ဓံ ဂန္တုံ န ဝဋ္ဋတိ။

(ဘုရားရဲ့ ပြန်ကြားချက်)။ မဟာရာဇ= မြတ်သောမင်းကြီး။ ဗုဒ္ဓါနံနာမ= ဘုရားရှင်တို့အား မည်သည်။ ဧကသ္မိံ ဌာနေ=တစ်နေရာ တည်း၌၊ နိဗဒ္ဓံ= အမြဲမပြတ်။ ဂန္တုံ= သွားခြင်းငှာ။ န ဝဋ္ဋတိ= မသင့်ပါ။

မြတ်သောမင်းကြီး၊ ဘုရားတို့အားမည်သည် **နေ့စဉ်မပြတ်** တစ်နေရာတည်းသွားဖို့ မတော်ဘူး။

**မဟာဇနော သတ္ထာရံ အာဂမနတ္ထာယ ပစ္စာသိသတိ။**

မဟာဇနော= လူများအပေါင်းသည်။ သတ္ထာရံ= မြတ်စွာဘုရား ကို၊ အာဂမနတ္ထာယ= မိမိတို့ထံသို့ ကြွလာဖို့ရန်။ ပစ္စာသိသတိ= အမြဲတစေ မျှော်တ၍နေကြ၏။

**လူတိုင်းလူတိုင်း** ဘုရားကြွလာတာကို အလိုရှိကြတယ်။ ဘုရား ကြွလာတာဟာ တစ်ဦးတည်းအတွက် မဟုတ်ဘူး။ ဒီတော့ ငါဘုရား ဟာ သင့်တော်သလို လူတွေရဲ့အထံသို့ သွားရလိမ့်မယ်ဆိုတော့။ ဥတေနမင်းတရားက–

http:\\www.dhammadownload.com



တေန ဟိ ဘန္တေ ဧကံ ဘိက္ခုံ အာဏာပေထ။

ဘန္တေ= အရှင်ဘုရား။ တေန ဟိ= ထိုသို့တပြီးကား။ ဧကံ ဘိက္ခုံ= ရဟန်းတော်တစ်ပါးကို။ အာဏာပေထ= စေခိုင်းတော်မူဘုရား။

ဒီလိုဆိုယင် ရှင်တော်ဘုရား နေ့စဉ်မကြွနိုင်ယင် ရှင်တော်ဘုရားရဲ့ ကိုယ်စား ရဟန်းတော်တစ်ပါးကို နေ့စဉ်နေ့စဉ် တပည့်တော်တို့ရဲ့ ရွှေနန်းသို့ ရဟန်းငါးရာနဲ့ကြွဖို့၊ တရားဟောဖို့ အမိန့်ပေးပါဘုရားလို့ လျှောက်ထားဝယ်။ လျှောက်တော့ မြတ်စွာဘုရားက ရှင်အာနန္ဒာကို တာဝန်ပေးပါတယ်။ အဲဒီအချိန်ကစပြီးတော့ ရှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတိုက် ဘုရား သီတင်းသုံးနေသမျှ ကာလပတ်လုံး ဥတေနမင်းတရားရဲ့ နန်းတော်ကို ရဟန်းငါးရာနဲ့ နေ့တိုင်းကြွတယ်။ သာမာဝတီအမှူးပြုတဲ့ မောင်းမငါးရာတို့သည် နေ့စဉ် အရှင်အာနန္ဒာနဲ့တကွ ရဟန်းငါးရာတို့ကို ဆွမ်းများကပ်လို့ပြီး တရားနာ။ တရားဟောပြီးမှ ရှင်အာနန္ဒာက ကျောင်းကြွတယ်။ အဲဒီလို နေ့စဉ်နေ့စဉ် လာခဲ့တာ တစ်နေ့သဉ်တော့ သာမာဝတီနဲ့တကွ မောင်းမငါးရာတို့သည် တရားနာပြီးတော့၊ တရားသိပ်ကြည်ညိုတော့၊ အေး-ဘာပဲဖြစ်ဖြစ်ဆိုပြီး အပေါ်ကခြုံတဲ့-အပေါ်ရုံဆိုပါဖို့။ ဆာရီကြီးတွေ တစ်ထည်တစ်ထည်လျှင် ငါးရာငါးရာတန်တဲ့ မောင်းမမိဿံတို့ရဲ့ ခြုံထည်။ တစ်ယောက်တစ်ယောက်လျှင် တစ်ထည်စီ အကုန်လုံး စုပြီးတော့ လှူလိုက်တယ်။ အထည်ငါးရာ။ ဆာရီအထည်ငါးရာ။

## ရှင်အာနန္ဒာ သင်္ကန်းအသုံးချပုံ

ရဟန်းငါးရာ ကျောင်းတော်ပြန်ကြွ၊ ဥတေနမင်းတရား အဆောင်တော်လျှောက် ကြွလာတဲ့အခါကျတော့ သာမာဝတီမိဖုရားနဲ့ မောင်းမငါးရာတို့မှာ အပေါ်ရုံဆာရီတွေ မရှိတာမြင်တော့-

http:\\www.dhammadownload.com



**ကုဟိံ ဝေါ ဥတ္တရာသင်္ဂါ။**

ဝေါ=သင်တို့၏။ ဥတ္တရာသင်္ဂါ= အပေါ်ရုံ ဆာရီတို့သည်။ ကုဟိံ= အဘယ်အရပ်၌နည်း။

မောင်းမမိဿံများ၊ သင်းတို့ရဲ့ ကိုယ်ဝတ်အပေါ်ရုံ ဆာရီတွေ ဘယ်မှာလဲလို့ မေးတော့-

**အယျဿ နော ဒိန္နာ။**

နော=အကျွန်ုပ်တို့၏။ အယျဿ= အရှင်အာနန္ဒာအား။ ဒိန္နာ= ပေးလှူအပ်ပါကုန်၏။

ကျွန်တော်မျိုးမများ အရှင်အာနန္ဒာအား လှူလိုက်ပါတယ်ဘုရား ဆိုတော့ ဥတေနမင်းက ပြန်ပြောတယ်-

**တေန သဗ္ဗေ ဂဟိတာ။**

တေန=ထိုအရှင်အာနန္ဒာသည်။ သဗ္ဗေ= အားလုံး အထည်ငါးရာ တို့ကို။ ဂဟိတာ= ခံယူအပ်ပါကုန်သလော။

**အာမ ဂဟိတာ**=ခံပါတယ် အရှင်မင်းကြီး။

အရှင်အာနန္ဒာသည် အပေါ်ရုံဆာရီ အဝတ်ငါးရာစလုံး အလှူ ခံပါတယ်။ ဥတေနမင်းတရား စိတ်ထဲ မချင့်မရဲ ဖြစ်နေတယ်။ ဒါလောက်များတဲ့ အဝတ်တွေ ဒီအရှင်အာနန္ဒာ လောဘကြီးလိုက်တာ။ စဉ်းစားရယင် အထည်ဆိုင် ဖွင့်မလို့လားပေါ့။ ဒီအနေနဲ့- ကိုင်း ရှိပစေ၊ အရှင်အာနန္ဒာနေတဲ့ဆီ သွားမယ်။ ဃောသိတာရုံကျောင်း သွားတယ်။ အရှင်အာနန္ဒာနဲ့ သွားတွေ့တယ်။

အရှင်ဘုရား၊ တပည့်တော်တို့ရဲ့ သာမာပတီအဆောင်က မောင်းမမိဿံ ငါးရာတို့အထည်ငါးရာ လှူလိုက်တယ်၊ ဆာရီ အပေါ်ရုံ ငါးရာလှူလိုက်တယ်ဆိုတာ ဟုတ်သလား။

ဟုတ်သားပဲ ဒကာတဲ့။

http:\\www.dhammadownload.com



ငါးရာစလုံးပဲ အရှင်ဘုရား အလှူခံလာသလား။

အေး အလှူခံလာတယ်။

**နန ဘန္တေ အတိဗဟူနိ ဝတ္ထာနိ။**

ဘန္တေ=အရှင်ဘုရား။ ဝတ္ထာနိ=အဝတ်တို့သည်။ အတိဗဟူနိ နနု= အလွန်များကုန်သည် မဟုတ်ပါလော။

**တ္ထောကေဟိ ကိံ ကရိဿထ။**

တ္ထောကေဟိ= ဤမျှလောက် များပြားကုန်သော အဝတ်တို့ဖြင့်။ ကိံ ကရိဿထ= အဘယ်သို့ ပြုကုန်အံ့နည်း။

အရှင်ဘုရား။ အထည်တွေ သိပ်မများဘူးလား။ ဒါလောက် များတဲ့ အထည်တွေ အရှင်ဘုရားတို့ ဘယ်လိုလုပ်မှာလဲ။

အရှင်အာနန္ဒာက ပြန်ပြောတယ်။

**အမှာကံ ပဟောနကာနိ ဝတ္ထာနိ ဂဏှိတွာ သေသာနိ ဇိဏ္ဏစီဝရိကာနံ ဘိက္ခူနံ ဒဿာမိ မဟာရာဇ။**

မဟာရာဇ= မြတ်သောမင်းကြီး။ အမှာကံ= ငါတို့အတွက်။ ပဟောနကာနိ= ဝတ်လောက်ရုံကုန်သော။ ဝတ္ထာနိ= အဝတ်တို့ကို။ ဂဏှိတွာ= ယူပြီးတော့။ သေသာနိ= ကျန်တဲ့အဝတ်တို့ကို။ ဇိဏ္ဏစီဝရိကာနံ ဘိက္ခူနံ= သင်္ကန်းဟောင်းနွမ်းကုန်သော ရဟန်းတို့အား။ ဒဿာမိ= ငါပေးမလို့ပါ။

မဟာရာဇာကြီး– မိမိ ဝတ်လောက်ရုံ တစ်ထည်နှစ်ထည် ယူပြီးတော့ ကျန်တဲ့ လေးရာကိုးဆယ့်ရှစ်ထည်စလုံး သင်္ကန်းဟောင်းတဲ့ ကိုယ်တော်များ ငါ ပေးမလို့ပဲ။ ဒီတော့ တစ်ခါ ဥတေနမင်းက ဆက်မေးပြန်တယ်။

**တေ အတ္တနော ဇိဏ္ဏစီဝရာနိ ကိံ ကရိဿန္တိ။**

တေ= ထိုရဟန်းတို့သည်။ အတ္တနော ဇိဏ္ဏစီဝရာနိ= မိမိတို့ရဲ့ သင်္ကန်းဟောင်းတို့ကို။ ကိံ ကရိဿန္တိ= ဘယ့်နှယ်လုပ်ကြမလဲ။

http:\\www.dhammadownload.com



ကဲ အရှင်ဘုရားက သင်္ကန်းအသစ်လှူလိုက်တော့ အလှူခံတဲ့ ကိုယ်တော်တွေ သင်္ကန်းဟောင်း၊ မိမိတို့ရဲ့ သင်္ကန်းဟောင်းတွေကို ဘယ့်နှယ် လုပ်ကြမလဲတဲ့။ ဟို–အဲဒီကိုယ်တော်တွေက သူတို့ထက် သင်္ကန်းဟောင်းတဲ့ ကိုယ်တော်တွေကို လှူမှာပါ၊ ဒီတော့ တစ်ခါ ဥတေနမင်းက ဆက်မေးပြန်တယ်။

တေ အတ္တနော ဇိဏ္ဏတရစီဝရာနိ ကိံ ကရိဿန္တိ။

တေ= ထိုအထူးသဖြင့် သင်္ကန်းဟောင်းနွမ်းတဲ့ ကိုယ်တော်တို့သည်။ အတ္တနော= မိမိတို့၏။ ဇိဏ္ဏတရစီဝရာနိ= အထူးသဖြင့် ဟောင်းနွမ်းတဲ့ သင်္ကန်းတို့ကို။ ကိံ ကရိဿန္တိ= ဘယ်လိုလုပ်ကြမလဲ ဘုရား။

ဒီတော့ အရှင်အာနန္ဒာက ပြန်ဖြေတယ်–

ပစ္စတ္ထရဏာနိ ကရိဿန္တိ။

သိပ်ဟောင်းတော့ ဟိုတစ်ပါးပါးပေးလို့လဲပဲဝတ်မဖြစ်၊ ဒီတော့ ဝတ်မဖြစ်တာပေးလို့လဲ အလကား။ ဒီတော့ ဒီကိုယ်တော်တွေက ပစ္စတ္ထရဏာနိ= အိပ်ရာခင်းတို့ကို။ ကရိဿန္တိ။ ပြုကြကုန်လိမ့်မယ်။

အိုး– သိပ်ဟောင်းတဲ့ သင်္ကန်းတွေကျတော့ အိပ်ရာခင်း လုပ်တာပေါ့ ဒကာတော်။ ဟင်– တစ်ခါ ဥတေနမင်းက ဆက်ပြီးတော့ မေးပြန်တယ်။

ပုရာဏပစ္စတ္ထရဏာနိ ကိံ ကရိဿန္တိ။

အဲဒီကိုယ်တော်တွေဟာတဲ့၊ ရှိရင်းစွဲအိပ်ရာခင်းဟောင်းတွေတော့ ဘယ့်နှယ်လုပ်သလဲတဲ့။ ဒီတော့– ရှင်အာနန္ဒာက–

ဘူမတ္ထရာနိ ကရိဿန္တိ။

အိပ်ရာခင်းဟောင်းတွေကို မြေကြီးမှာခင်းတဲ့ အခင်းလုပ်ကြလိမ့်မယ်တဲ့။ ဟင်– ဆက်ပြီး လက်စနဲ့ ဆက်တော့မယ် ဆိုပြီးတော့–

http:\\www.dhammadownload.com



ပုရာဏာဘူမတ္တရာဏာနိ ကိံကရိဿန္တိ။

ရှိရင်းစွဲ မြေအခင်းဟောင်းတွေကိုလဲ အဲဒီကိုယ်တော်တွေက ဘယ့်နှယ် လုပ်ကြသလဲဘုရား–ဆိုတော့–

ပါဒပုဉ္ဆနာနိ ကရိဿန္တိ မဟာရာဇ။

မဟာရာဇ= မြတ်သောမင်းကြီး။ ပုရာဏာဘူမတ္တရဏာနိ=မြေအခင်းအဟောင်းတို့ကို။ ပါဒပုဉ္ဆနာနိ= ခြေသုတ်ကြိုးဝန်း တို့ကို။ ကရိဿန္တိ= ပြုကြပါလိမ့်မယ်။

ကြိုးကျစ်မှာပေါ့။ ကြိုးကျစ်ပြီးတော့ အဲဒီကြိုးကို ခြေသုတ်ကြိုးကွင်း လုပ်ပြီးတော့ အသုံးပြုကြလိမ့်မယ်။ ဟင်–ဒါပြင့်

ပုရာဏပါဒပုဉ္ဆနာနိ ကိံ ကရိဿန္တိ။

ဒီကိုယ်တော်တွေရှိရင်းစွဲ ခြေသုတ်ကြိုးဝန်း အဟောင်းတွေကိုတော့ ဘယ့်နှယ် လုပ်မလဲဘုရား။

ဒီတော့ ရှင်အာနန္ဒာက ပြန်ဖြေတယ်–

ခဏ္ဍာခဏ္ဍိကံ ကောဋ္ဋေတွာ မတ္တိကာယ မဒ္ဒိတွာ ဘိတ္တိံ အာလိမ္ပိဿန္တိ။

မဟာရာဇ= မြတ်သောမင်းကြီး။ ပုရာဏပါဒပုဉ္ဆနာနိ= ခြေသုတ်ကြိုးဝန်း အဟောင်းတို့ကို (သုတ်လို့မှမရလောက်အောင် ပျက်စီးနေတဲ့ ခြေသုတ်ကြိုးဝန်းအဟောင်းတို့ကို) ခဏ္ဍာခဏ္ဍိကံ ကောဋ္ဋေတွာ= အပိုင်းပိုင်း ခုတ်ထစ်ပြီး သကာလ။ မတ္တိကာယ မဒ္ဒိတွာ= မြေညက်နဲ့ရောနယ်ပြီး။ ဘိတ္တိံ= နံရံကို။ အာလိမ္ပိဿန္တိ= လိမ်းကျံကြလိမ့်မယ်။

မဟာရာဇ–ခြေသုတ်ကြိုးဝန်း အဟောင်းတွေကျတော့ တစ်ခါတည်း ပဲကွပ်ခေါ်တဲ့ ဓားမတိုကလေးနဲ့ နုတ်နုတ်စင်းပြီးတော့မှ အဲဒါတွေကို မြေညက်နဲ့ရောနယ် မြေနဲ့ပေါ့လေ။ ရွှံ့ရေနဲ့ရောနယ်။ အဲဒီနယ်လို့ ရတာကိုမှ ဘိတ္တိဆိုတဲ့ နံရံကျံတယ်။ ဗမာပြည်က

http:\\www.dhammadownload.com



ဒီဘိတ္တိကို သုံးတာမှ မဟုတ်ဘဲ။ သူတို့အိန္ဒိယမှာ အဲဒီခေတ်တုန်းကရော။ အခုရော ဗမာပြည်လို ပျဉ်ပြားကို နံရံအဖြစ် အိမ်တိုင်းမကာနိုင်ဘူး။ အသား အင်မတန်ရှားတာ။ ဒါကြောင့် ဝါးကိုစိပ်ပြီးတော့လက် လေးလုံးလောက် မျက်ကွက်ကလေး ရက်တယ်။ ရက်ပြီးတော့မှ ဒီဝါးမှာ နွားချေးရယ် မြေညက်ရယ် ရေရယ်။ အဲဒီလိုရောနယ်ပြီးတော့မှ နံရံကပ်တယ်။ ဘိတ္တိကပ်တယ်။

အဲဒီဘုရားလက်ထက်တုန်းက ကျောင်းက ကိုယ်တော်တွေနေတာလဲပဲ ဇေတဝန်ကျောင်းကြီးလို ကောင်းတဲ့ကျောင်းတွေ ရှိပေမယ့်လို့ ကိုယ်တော်တွေနေတဲ့ ကမ္မဋ္ဌာန်းကျောင်းလေးတွေကျတော့ အဲဒီလိုပဲ ဘိတ္တိပဲ ဆောက်ရတယ်။

ဒီတော့ အရှင်အာနန္ဒာက ဒကာတော်တဲ့– "ခြေသုတ်ကြိုးဝန်းအဟောင်းတွေကျတော့ အပိုင်းအပိုင်း၊ အပိုင်းအပိုင်းဖြစ်အောင် ပဲကွပ်နဲ့ခုတ်စင်းပြီး သကာလ မြေညက်နဲ့နယ်ပြီး ဘိတ္တိကျံကြလိမ့်မယ်။

ဥတေနမင်းကြီး အံ့ညြသွားပြီ။

**ဘန္တေ ဧတ္တကာနိ ကတ္တာပိ အယျာနံ ဒိန္နာနိ န နဿန္တိ။**

ဘန္တေ=အရှင်ဘုရား။ ဧတ္တကာနိ=ဤမျှလောက်တို့ကို။ ကတ္တာပိ =ပြုလုပ်၍လည်းပဲ။ အယျာနံ= အရှင်မြတ်တို့အား။ ဒိန္နာနိ=ပေးလှူအပ်တဲ့ အလှူဝတ္ထုတို့သည်။ န နဿန္တိ= ပျောက်ပျက်၍ မသွားကုန်ပါတကား။

ဩော်– ဤမျှလောက် ပြုလုပ်ဘာတောင်မှ အရှင်မြတ်တို့အား လှူလိုက်တဲ့ အလှူဝတ္ထုတွေဟာ ပျောက်မသွားဘူး။ နောက်ဆုံးမှာဆိုရင် ဘိတ္တိအနေနဲ့ ကျန်သေးသပေါ့ဆိုတော့။

http:\\www.dhammadownload.com



အာမ မဟာရာဇ= အိမ်း ဟုတ်တယ် မြတ်သောမင်းကြီးလို့ ဆိုတော့ စောစောက အပြစ်တင်မလို့ သွားတဲ့ ဥတေနမင်းတရားဟာ ပိုပြီးတော့ "ဪ– အရှင်ကောင်း အရှင်မြတ်တွေ၊ လှူလိုက်တဲ့ဥစ္စာများ စုတ်တဲ့နောက်တောင်မှ နံရံကျုံတဲ့အဖြစ်၊ ဘိတ္တိကျုံတဲ့အဖြစ် ရောက်အောင် သုံးရတယ်"လို့ သဒ္ဓါတရား တိုးပွားဖြစ်ထွန်းပြီးတော့ နောက်ထပ် အထည်ငါးရာ လှူပြန်တယ်။ ဥတေနမင်းကြီးက ထပ်ပြီးတော့ လှူပြန်တယ်။ အထည်ငါးရာ။

## ရှင်အာနန္ဒာ ဘုန်းကံကြီးပုံ

ဒီအနားမှာပေါ့လေ ယုံချင်ယုံ မယုံချင်နေ ဆိုသလိုပဲ အဋ္ဌကထာကတော့ အရှင်အာနန္ဒာရဲ့ ဘုန်းကံကြီးပုံကိုပေါ့လေ အထူးမှတ်ရန် အနေနဲ့ ဖော်ပြထားတယ်။ ဘာလဲဆိုတော့ အဋ္ဌကထာက–

**ထေရော ကိရ ပဌမသတဂ္ဃနကာနေဝ ဝတ္ထာနိ ပဌမသတဘာဇေန ပါဒမူလေ ဌပေတွာ ဒိန္နာနိ ပဌမသတကွတ္တုံ လဘိ။**

ထေရော=အရှင်အာနန္ဒာ မထေရ်သည်။ ပဌမသတဂ္ဃနကာနေဝ ဝတ္ထာနိ=ငါးရာငါးရာစီ အဘိုးတန်တဲ့ အဝတ်တို့ကို။ ပဌမသတ ဘာဇေန=ငါးရာဆိုတဲ့ အစုအပုံဖြင့်။ ပါဒမူလေ=ခြေရင်း၌။ ဌပေတွာ= ထား၍။ ဒိန္နာနိ= ပေးလှူအပ်သည်တို့ကို။ ပဌမသတကွတ္တုံ= အကြိမ် ပေါင်းငါးရာ။ လဘိ= ရတော်မူပြီ။

အရှင်အာနန္ဒာရဲ့ ဘုန်း၊ ငါးရာတန် အထည်ဝတ္ထုတွေ တစ်ကြိမ် လှူလျှင် ငါးရာ၊ တစ်ကြိမ်လှူရင် အထည်ငါးရာအနေနဲ့ ကိုယ်တော်ရဲ့ ခြေရင်းလာထားပြီးတော့ လှူတာကိုပဲ အကြိမ်ပေါင်း ငါးရာ အလှူခံ ရသတဲ့။

**သဟဿဃနကာနိ သဟဿဘာဇေန ပါဒမူလေ ဌပေတွာ ဒိန္နာနိ သဟဿကွတ္တုံ လဘိ။**

http:\\www.dhammadownload.com



သဟဿဂ္ဃနကာနိ= တစ်ထောင်အဖိုးတန်တဲ့ အဝတ်တို့ကို သဟဿဘာဂေန=အစုအပုံ တစ်ထောင်အားဖြင့်။ ပါဒမူလေ ဌပေတွာ =ခြေရင်း၌ထား၍။ ဒိန္နာနိ= ပေးလှူအပ်သည်တို့ကို။ သဟဿက္ခတ္တုံ= အကြိမ်ပေါင်းတစ်ထောင်။ လဘိ= ရတော်မူပြီ။

တထည်တထည်လှူ်င် တန်ဘိုးတစ်ထောင်ရှိတဲ့ အဝတ်ပေါင်း တစ်ကြိမ်တစ်ကြိမ် လှူရင်ပေါ့လေ အဝတ်ပေါင်း အထည် တစ်ထောင် တစ်ထောင် ခြေရင်းမှာလာပြီး လှူတာကိုပဲ အကြိမ်တစ်ထောင် ခံရတယ်။

ယုံချင်ယုံ မယုံချင်နေလို့ ဒါကြောင့် စောစောကပြောတာ။ ဒါက တစ်ထောင်ဆိုတော့ ခံနိုင်သေးတယ်။ ရှေ့ကိုပေါ့လေ ဆင်းရဲသား တစ်ယောက်အနေနဲ့ မယုံနိုင်စရာ။ မှန်တယ်နော်။ ငွေတစ်ရာမှ မကိုင်ဘူးတဲ့ ဆင်းရဲသားတစ်ယောက် အနေနဲ့ဆိုယင် ဟာ ကုဋေ ရှစ်ဆယ်ဆိုရင် သူယုံဖို့ တော်တော် ခပ်ခက်ခက်။ ငွေတစ်ရာမှ မကိုင်ရဘဲ၊ ဆင်းရဲသားအဖို့၊ ကုဋေရှစ်ဆယ်တောင် ရမယ်မထင်ပါဘူး။ အဲဒီလို တွေးစရာ။

အခုလဲပဲ ဒီအတိုင်းပဲ။ ဆင်းရဲသား အတွေးဆိုယင် ဟုတ်မှ ဟုတ်ပါ့မလား။ ရှင်အာနန္ဒာလို ဘုန်းရှင် ကံရှင်အနေနဲ့ ကြည့်မှပေါ့။ ဘုရားလက်ထက်တုန်းက မြတ်စွာဘုရားဆီ လာကြတယ်။ လှူဖွယ် တွေကိုက လှည်းအစီးငါးရာရတယ်။ ဒီကိုလာပြီးတော့ နေ့စဉ်နေ့စဉ် လှူဒါန်းတာ။ အဲဘယ်သူက လှည်းအစီးငါးရာတဲ့။ ဘယ်သေဋ္ဌေးက အစီးငါးရာတဲ့။ အဲဒီကောသမ္ဗီက သေဋ္ဌေးကြီးသုံးဦး ဘုရားဆီ သွားတုန်းကဆိုယင် ဃောသကသေဋ္ဌေးကြီးက လှည်းအစီးငါးရာ။ ကုက္ကုဋ သေဋ္ဌေးကြီးကလည်း အစီးငါးရာ။ ပါဝါရိက သေဋ္ဌေးကြီးက လှည်းအစီးငါးရာ လှူဖွယ်ရာတွေတင်ပြီးတော့ သွားတယ်။ အဲဒီခေတ်

http:\\www.dhammadownload.com



ကိုပေါ့လေ တစ်ခါတည်း မျက်စိအမြင်ကျယ်ကျယ်နဲ့ လှမ်းမျှော်ကြည့်မှ ယုံဖြစ်ပါတယ်။ အခုပေါ့လေ သာမန်ပုဂ္ဂိုလ် မယုံနိုင်အောင် အဌကထာက နှောက်မဆုတ်သေးဘူး။

**သတသဟဿဂ္ဃနကာနိ သတသဟဿဘာဂေန ပါဒမူလေ ဌပေတွာ ဒိန္နာနိ သတသဟဿကမ္ဗလာနိ လဘိ။**

သတသဟဿဘာဂေန= တစ်သိန်းအပုံအားဖြင့် (ဝါ) အပုံတစ်သိန်းအားဖြင့်၊ ပါဒမူလေ ဌပေတွာ= ခြေရင်း၌ထား၍။ ဒိန္နာနိ= ပေးလှူအပ်ကုန်သော။ သတသဟဿဂ္ဃနကာနိ= အဖိုးတစ်သိန်းတန်တဲ့ ဝတ္ထုတို့ကို။ သတသဟဿကမ္ဗလာနိ= အကြိမ်ပေါင်းတစ်သိန်း။ လဘိ= ရတော်မူပြီ။

တစ်ကြိမ်တစ်ကြိမ်လှူရင် အထည်ပေါင်း တစ်သိန်းတစ်သိန်း၊ တစ်ထည်တစ်ထည်လျှင် တစ်သိန်းတစ်သိန်း တန်တယ်။ အဲဒီလို တန်တဲ့ အထည်ပေါင်း တစ်သိန်းတစ်သိန်း ကိုယ်တော်ရဲ့ ခြေရင်းမှာ လာပြီးတော့ ထားပြီးလှူတာကိုပင် အကြိမ်ပေါင်းတစ်သိန်း ရဖူးတယ်။

ကေ=တစ်ထည်၊ ဒွေ= နှစ်ထည်၊ တီဏိ=သုံးထည်၊ စတ္တာရိ= လေးထည်၊ ပဉ္စ= ငါးထည်၊ ဒသ= ဆယ်ထည်။ ဣတိအာဒိနာ နယေန= ဤသို့အစရှိသော နည်းဖြင့်။ လဒ္ဓါနံ ပန= ရအပ်ကုန်သော အထည်တို့၏ကား။ ဂဏနာ နာမ=အရေအတွက်မည်သည်။ နတ္ထိ= မရှိ။

ဟင်– သူက တစ်ထည်လှူသွား။ ဒီကတစ်ထည်၊ နှစ်ထည်၊ သုံးထည်၊ လေးထည်၊ ငါးထည်၊ ဆယ်ထည် စသည်ဖြင့်ရတဲ့ အထည်တွေကတော့ အရေအတွက်ကို မရှိအောင်ဘဲ၊ မရေတွက်နိုင်အောင်ကို ရတယ်။ ဟာ ဒါဖြင့်ဒါလောက်များတဲ့ အထည်တွေကို အရှင်အာနန္ဒာ ဘယ်လိုများ အသုံးအစွဲပြုသလဲ။

http:\\www.dhammadownload.com



**တထာဂတေ ကိရ ပရိနိဗ္ဗုတေ ထေရော သကလဇမ္ဗုဒီပံ ဝိစရိတွာ သဗ္ဗဝိဟာရေသု ဘိက္ခူနံ အတ္တနော သန္တကာနေဝ ပတ္တစီဝရာနိ အဒါသိ။**

တထာဂတေ=မြတ်စွာဘုရား ကိုယ်တော်မြတ်သည်။ ပရိနိဗ္ဗုတေ= ပရိနိဗ္ဗာန် ဝင်စံတော်ပြီးသည်ရှိသော်။ ထေရော= အရှင်အာနန္ဒာ မထေရ်သည်။ သကလဇမ္ဗုဒီပံ= ဇမ္ဗုဒီပ် တစ်ကျွန်းလုံးကို။ ဝိစရိတွာ= လှည့်လည်၍။ သဗ္ဗဝိဟာရေသု=ခပ်သိမ်းသော ကျောင်းတိုက်တို့၌။ ဘိက္ခူနံ=နေတော်မူကြတဲ့ ရဟန်းအားလုံးအား။ အတ္တနော သန္တကာနေဝ= မိမိဥစ္စာသာလျှင် ဖြစ်ကုန်သော။ ပတ္တစီဝရာနိ=သပိတ်သင်္ကန်းတို့ကို။ အဒါသိ ကိရ= ပေးလှူတော်မူခဲ့ပြီတဲ့။

အရှင်အာနန္ဒာ ဘယ်လောက် ဘုန်းကြီးသလဲဆိုတာ ဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် အရှင်အာနန္ဒာသည် ဇမ္ဗုဒီပ်တစ်ကျွန်းလုံး လှည့်ပြီးတော့ ကျောင်းတိုက်တိုင်း၊ ကျောင်းတိုက်တိုင်းမှာ ရှိတဲ့ ကိုယ်တော်ကိုယ်တော်တိုင်းအား မိမိ (ဘုရားလက်ထက်တုန်းက ပေါ့လေ၊ ဒကာ ဒကာမတွေလှူထားတဲ့) မိမိဥစ္စာဖြစ်သော သပိတ် သင်္ကန်းတွေကို ကိုယ်တော်စေ့လှူဖူးပြီတဲ့။

ဒါက သာမာဝတီတို့ဘက်က အဆင်ပြေသလောက် မာဂဏ္ဍီ ဘက်ကတော့ နေမြင့်အရှုံးရင့် ဖြစ်နေတယ်။

## မာဂဏ္ဍီမိဖုရား သာမာဝတီတို့ကို မီးလောင်တိုက်သွင်းစေခြင်း

မာဂဏ္ဍီစဉ်းစားတယ်–

**ယမဟံ ကရောမိ။**

ယံ= အကြင်အမှုကို။ အဟံ= ငါသည်။ ကရောမိ= ပြု၏။

http:\\www.dhammadownload.com



**တံ တထာ အဟုတွာ အညထာဝ ဟောတိ။**

တံ= ထိုငါပြုတဲ့အမှုသည်။ တထာ= ထိုငါပြုတိုင်း။ အဟုတွာ= မဖြစ်ဘဲ။ အညထာဝ=တလွဲတချော်သာလျှင်။ ဟောတိ= ဖြစ်တော့၏။

ဩော်–ငါလုပ်တဲ့အလုပ် ငါလုပ်တဲ့အတိုင်း မဖြစ်ဘဲနဲ့ တလွဲ တချော်သာလျှင် ဖြစ်တယ်။

**ဣဒါနိ ကိံ နု ခေါ ကရိဿာမိ။**

ဣဒါနိ= ယခုအခါ၌။ ကိံ နုခေါ ကရိဿာမိ= ဘယ်လို လုပ်ရမလဲ။

မလျှော့သေးဘူး။ "အခု ငါဘယ်လိုလုပ်ရမလဲ"လို့ သူ့နန်း နေရင်း ဗျာပါဒဝိတက်ခေါ်တယ်နော်။ ဗျာပါဒဝိတက်ခေါ်တဲ့ မိစ္ဆာ ဝိတက်တွေကြံတယ်။ တစ်အောင့်ပဲကြံတယ်။

**အတ္ထိသော ဥပါယော။**

သော ဥပါယော=ဤနည်းလမ်းဥပါယ်သည်။ အတ္ထိ =ရှိ၏။

နောက်ဆုံး နည်းလမ်းဥပါယ် ရှိသတဲ့။ အကွက်ပေါ်တဲ့အချိန်မှ ငါစိမ်တော့မယ်။

သူ့စိတ်ထဲ စဉ်းစားပြီးသား ရှိတယ်။ အေး – အဲဒီက နောက် တစ်နေ့ ငါ့အကွက်ပေါ်ပြီ ဆိုကြပါစို့။

ပေါ်လာတဲ့အကွက်က ဘာလဲ။

တစ်နေ့သ၌ ဥတေနမင်းတရား ဥယျာဉ် ကစားထွက်ပြီ။ ကောသမ္ဗီမြို့တော်ကနေပြီးတော့ မြို့ပြင်ဥယျာဉ်သို့ အပျော်အပါး ကစားထွက်တဲ့နေ့။ မာဂဏ္ဍီက သူ့ကိုယ်သူတော့ ရှင်ဘုရင်ကို အင်မတန် ချစ်ခင်ယုယ မြတ်နိုးတဲ့အဖြစ်နဲ့ ရှင်ဘုရင်အနားက မခွာဘဲနဲ့ လိုက်သွားတယ်။ ရှင်ဘုရင်နဲ့တော့ အတူတကွပေါ့။ ဟို တစ်ဖက်က လူယုံ မင်းလုလင်ကို လွှတ်ပြီးတော့ (သူ့ရဲ့ ဘထွေး

http:\\www.dhammadownload.com



အဖေ့ညီ။ သူတို့အမျိုးက တစ်မျိုးလုံး အဖေကလဲ မာဂဏ္ဍီ၊ အဖေ့ညီ ဘထွေးကလဲ မာဂဏ္ဍီ၊ သူကလဲ မာဂဏ္ဍီ၊ တစ်ခါတည်း မင်းလုလင်လွတ်ပြီးသကာလ) ဘထွေးမာဂဏ္ဍီအထံကို သူက စီမံခဲ့တယ်။ ဘယ်လိုစီမံခဲ့သလဲ -

**သာမာဝတိယာ ပါသာဒံ ဂန္တွာ ---။**

သာမာဝတိယာ = သာမာဝတီ၏။ ပါသာဒံ=နန်းတော်ပြာသာဒ်ကို။ ဂန္တွာ ဂစ္ဆာဟိ= ဘထွေးသွားပါ။ ဒါ စာတစ်ပိုဒ်။

ဂန္တွာ=သွားပြီးသကာလ။ ဒုဿကောဋ္ဌာဂါရာနိ စ=ပုဆိုးတိုက်ခန်းတို့ကို လည်းကောင်း၊ တေလကောဋ္ဌာဂါရာနိစ = ဆီအိုးတွေထားတဲ့ တိုက်ခန်းတို့ကို လည်းကောင်း။ ဝိဝရာပေတွာ - ဝိဝရာပေဟိ = အခန်း အဖွင့်ခိုင်းပါ။ ဒါ စာတစ်ပိုဒ်။

ဘထွေးတော် သာမာဝတီရဲ့နန်းပြာသာဒ်ကို သွားပါ။ သွားပြီးသကာလ အဝတ်အထည်တွေ ထားတဲ့ အခန်း၊ ဆီအိုတွေထားတဲ့ အခန်းတွေကို အဖွင့်ခိုင်းပါ။

ဝိဝရာပေတွာ= ဖွင့်စေပြီးသကာလ။ ဒုဿာ နိ = အဝတ်တို့ကို။ တေလစာဋိသု = ဆီအိုးထဲ၌။ တေမေတွာ =တေမေဟိ =ဆွတ်တော်မူ ဆွတ်တော်မူပါ (သုံး = ဒါက သုံးအနေ)

အဲဒီလို အဖွင့်ခိုင်းပြီးတော့ အဲဒီအဝတ်ခန်းထဲက အဝတ်တွေ ဆီအိုးကြီးထဲမှာ ထည့်ပြီးတော့ ဆီတွေနဲ့ ဘစ်ထည်ပြီး တစ်ထည်၊ တစ်ထည်ပြီး တစ်ထည် အဆွတ်ခိုင်းပါ။ အဆွတ်ခိုင်းပြီး ဘာလုပ်ရမလဲ။

တေမေတွာ = ဆွတ်စေပြီးသကာလ။ ထမ္ဘေ = တိုင်တို့ကို။ ဝေဌေတွာ - ဝေဌေဟိ = ရစ်ပတ်ခိုင်းပါ။

အဲဒီ ဆီစိမ်တဲ့အဝတ်တွေကို တိုင်တွေမှာ အပတ်ခိုင်းပါ။ ရစ်ပတ်ခိုင်းပြီးတော့ ဘာလုပ်ရမလဲဆိုတော့ -

http:\\www.dhammadownload.com



သဗ္ဗာပိ = အလုံးစုံလည်းဖြစ်ကုန်သော။ တာ = ထိုသာမာဝတီမိဖုရား အမှူးပြုတဲ့ မောင်းမငါးရာတို့ကို။ ဧကတော=တစ်ပေါင်းတည်း။ ကတွာ – ကရောဟိ =ပြုတော်မူပါ။

အားလုံး သာမာဝတီတို့ မောင်းမမိဿံငါးရာနှင့်တကွ သာမာဝတီတို့ကို တစ်ပေါင်းတည်းဖြစ်အောင် အရွှေ့ခိုင်းပါ။

ကတွာ = တစ်ပေါင်းတည်းဖြစ်အောင် ပြုလုပ်ပြီးသကာလ။ ဒွါရံ=တံခါးကို။ ပိဒဟိတွာ –ပိဒဟာဟိ = ပိတ်ပါလော့။ ပိဒဟိတွာ =ပိတ်ပြီးသကာလ။ ဗဟိ = အပြင်ဘက်က။ ယန္တကံ =သံကောက်ကို (ဝါ) သော့ကို။ ဒတွာ – ဒေဟိ = ပေးတော်မူ – ခတ်တော်မူပါ။

အခန်းကြီးထဲ သူတို့ကိုသွင်း။ သွင်းပြီးတော့မှ တံခါးပိတ်။ ပြင်ဘက်ကနေပြီး သော့ခတ်။ သော့ခတ်ပြီးတော့ ဘာလုပ်ရမလဲ။

ဒဏ္ဍဒီပိကာဟိ = ဆီမီးတိုင်တို့ဖြင့်။ ဂေဟေ = သာမာဝတီတို့နေတဲ့ နန်းပြာသာဒ်ကို။ အဂ္ဂိံ ဒဒမာနော = တစ်တိုင်ပြီး တစ်တိုင်စောစောကဆီဝတ်တွေ ပတ်ထားတဲ့တိုင်တွေကို အကုန် မီးရှို့တဲ့။ ရှာပယမာနော=မီးရှို့လျက်။ ဩတရိတွာ=နန်းပေါ်ကဆင်း၍ ဂစ္ဆတု = သွားစေချင်ပါ၏။

မာဂဏ္ဍီမှာခဲ့တာ ရှစ်ချက်ရှိတယ်။

(တစ်) ဘထွေးတော် – သာမာဝတီရဲ့ နန်းကိုသွားပါ၊

(နှစ်) သာမာဝတီရဲ့ နန်းတော်သွားပြီးသကာလ ဆီထားတဲ့ အခန်းတွေ၊ အဝတ်ထားတဲ့ အခန်းတွေကို အဖွင့်ခိုင်းပါ၊

(သုံး) အဖွင့်ခိုင်းပြီးတော့ အဲဒီအဝတ်တွေကို ဆီအိုးတွေထဲမှာ တစ်ထည်ပြီး တစ်ထည် အနှစ်ခိုင်းပါ၊

(လေး) အဝတ်တွေ ဆီဆွတ်ပြီးသကာလ ဒီအဝတ်တွေကို သာမာဝတီရဲ့နန်းမှာ တိုင်တွေကို ဆီဝတ်တွေနဲ့ အပတ်ခိုင်း၊ ပြီးပြီဆိုတော့၊

http:\\www.dhammadownload.com



(ငါး) သာမာဝတီအမှူးပြုတဲ့ မောင်းမငါးရာတို့ကို တိုက်ခန်းတစ်ခုထဲမှာ သွင်းထားပါ၊

(ခြောက်) အားလုံးသွင်းပြီးယင် တံခါးပိတ်လိုက်၊

(ခုနစ်) တံခါးပိတ်ပြီးလို့ရှိယင် ပြင်ဘက်က သော့ခတ်ပါ၊

(ရှစ်) သော့ခတ်လည်းပြီးရော ဆီမီးတိုင်တွေနဲ့ စောစောက ဆီဝတ်ပတ်ထားတဲ့ တိုင်တွေကို တစ်တိုင်ပြီး တစ်တိုင် အကုန်မီးရှို့လိုက်ပါ။

မာဂဏ္ဍီပုဏ္ဏားကြီးကလဲ သူ့တူမ ခိုင်းတဲ့အတိုင်း လုပ်တာပဲ။ အဲဒီတုန်းက မာဂဏ္ဍီကလဲ တကတဲ ဥတေနမင်း ဥယျာဉ်သွားတဲ့ ဆီကိုပေါ့လေ လိုက်သွားတယ်။ ဒီဘက်မှာ နောက်ပိုင်းက အသာခိုင်းထားတယ်။ မာဂဏ္ဍီက ခိုင်း – ခိုင်းပါအုန်းတော့။ ယောက်ျားရင့်မကြီးဦးလေး ဘထွေးတော်ဖြစ်တဲ့ ဒီမာဂဏ္ဍီပုဏ္ဏားကြီး ဘယ်လောက်ပညာမဲ့သလဲ။ မာဂဏ္ဍီပိဖုရားခိုင်းတဲ့အတိုင်း သာမာဝတီတို့နန်းသွားတယ်။ တစ်ခါတည်း အဝတ်ခန်းတွေ အဖွင့်ခိုင်း၊ ဆီအိုးတွေထားတဲ့ အခန်းတွေ အဖွင့်ခိုင်း။ အဖွင့်ခိုင်းပြီးတော့ အဲဒီအထဲက အဝတ်တွေ တစ်ထည်ပြီး တစ်ထည် ဆီအိုးတွေထဲ နှစ်ပြီးတော့ အစိမ်ခိုင်းတယ်။

ဒါတွေလုပ်နေတော့ သာမာဝတီရဲ့ မောင်းမတွေကမေးတယ်–

ကိံ တာတ စူဠပိတ = ဘထွေးကြီး ဒါ ဘာလုပ်တာလဲ။

စိုးရိမ်တကြီးနဲ့ မေးရာတယ်။ ဘထွေးကြီး – ဒါ ဘာလုပ်တာလဲ။ လို့ဆိုတော့ မာဂဏ္ဍီပုဏ္ဏားက ဘာပြန်ပြောသလဲဆိုတော့ –

အမ္မာ ရာဇာ ဒဠှကမ္မတ္ထာယ ဣမေ ထမ္ဘေ တေလပိလောတိကာဟိ ဝေဌာပေတိ။

အမ္မာ = အမိတို့။ ရာဇာ = ပြည့်ရှင်မင်းကြီးက။ ဒဠှကမ္မတ္ထာယ = ခိုင်သည်ထက် ခိုင်ခန့်စိမ့်သောငှာ။ ဣမေ ထမ္ဘေ = ဤတိုင်တို့ကို။

http:\\www.dhammadownload.com



တေလ ပိလောတိကာယာတိ=ဆိဆွတ်တဲ့ ပုဆိုးကြမ်းတို့ဖြင့်။ ဝေဌာပေတိ = ရစ်ပတ်ခိုင်းတယ်။

အေး – ရွှေနန်းတော်ခိုင်အောင် ဆိဆွတ်တဲ့ အဝတ်တို့ဖြင့် ရွှေနန်းတိုင်တွေကို ရစ်ပတ်ခိုင်းလို့ ပြည့်ရှင်မင်းကြီးက။

ရာဇဂေဟေ နာမ သုယုတ္တံ ဒုယုတ္တံ ဒုဇ္ဈာနံ။

ရာဇဂေဟေ နာမ = မင်းရဲ့နန်းတော်မည်သည်။ သုယုတ္တံ = ကောင်းစွာယှဉ်အပ်သည်။ ဒုယုတ္တံ = မကောင်းသဖြင့် ယှဉ်အပ်သည် မည်သည်။ ဒုဇ္ဈာနံ = သိနိုင်ခဲ၏။

အေး– အမိတို့– နန်းတော်ဆိုတာ အလုပ်ကောင်းစွာ လုပ်အပ်သည်၊ မကောင်းသဖြင့် ပြုလုပ်အပ်သည်၊ ဒါများ တယ်ပြီးတော့ အသိခက်တယ်။ ဒီနန်းတော်မှာ ပြုလုပ်အပ်တဲ့ ကိစ္စတွေဟာ ဒါ အကောင်းလား၊ အဆိုးလားဆိုတာ အင်မတန်သိဖို့ရန် ခက်ပါတယ် အမိတို့တဲ့။ အမိတို့နဲ့ သိပ်ကြာကြာကြီး စကားမပြောဝံ့ဘူး။ မင်းခယောကျ်ား ကမ်းနားသစ်ပင်။ ဘာရယ်မသိဘူး။ ကျွန်တော့်အဖို့ရာတော့ အမိန့်တော်အတိုင်း ဆိဝတ်တွေ နန်းတိုင်တွေကို လျှောက်ပတ်ရမယ်။ နန်းတော်ဆိုတာ ဒါအလုပ်ကောင်းပဲ။ ဘယ်လိုအလုပ်ပဲလို့ဆိုတာ အင်မတန်သိဖို့ ခက်ပါတယ်။

မာ မေ သန္တိကေ အဟောထ အမ္မာ။

အမ္မာ=အမိတို့။ တုမှေ =သင်တို့သည်။ မေ – မမ သန္တိကေ= ငါ၏အနီး၌။ မာ အဟောထ = မဖြစ်ကြနဲ့။

အမိတို့ – ကျုပ်အနားမှာ မနေကြနဲ့။ ဟောဟိုအခန်းထဲမှာ သွားနေကြ ဆိုတော့ အဲ – အခန်းကြီးတစ်ခုထဲ တစ်ခါတည်း ဝင်ကြတယ် သာမာဝတီနဲ့ မောင်းမမိဿံငါးရာ။ အဲဒီခန်းမကြီးထဲမှာ

http:\\www.dhammadownload.com



သွားပြီးတော့ စုဝေးနေကြတဲ့အချိန်မှာ မာဂဏ္ဍီမှာတဲ့အတိုင်း ဂျိမ်းဆို တံခါးတွေပိတ်။ ပြင်ဘက်က ဒိုင်းဆို သော့ခတ်။ တစ်တိုင်ပြီး တစ်တိုင် နန်းတော်ကို အကုန်လျှောက်မီးရှို့တယ်။ မာဂဏ္ဍီပုဏ္ဏားကြီး ဆင်းသွားတယ်။

သာမာဝတီရဲ့ နန်းတော်ကြီး မီးတဟုန်းဟုန်း လောင်နေပြီ။ အောက်ထပ်က မီးလောင်လာတော့ သာမာဝတီက ဘာပြောသလဲ။

**အမှာကံ အနမတဂ္ဂေ သံသာရေ ဝိစရန္တီနံ ဝေမေဝ အဂ္ဂိနာ ဈာယမာနာနံ အတ္တဘာဝါနံ ပရိစ္ဆေဒေါ ဗုဒ္ဓဉာဏေနပိ န သုကရော။**

အမှာယော=အမိတို့။ အနမတဂ္ဂေ = မသိအပ်သော အစရှိသော။ သံသာရေ=သံသရာ၌။ ဝိစရန္တီနံ = ကျင်လည်ကျက်စား ပြေးသွားခဲ့ရ ကုန်လျက်။ ဝေမေဝ = ယခုလိုပင်လျှင်။ အဂ္ဂိနာ = မီးဖြင့်။ ဈာယ မာနာနံ = လောင်ကျွမ်းကြကုန်သော။ အမှာကံ = ငါတို့၏။ အတ္တ ဘာဝါနံ=ကိုယ်ခန္ဓာအတ္တဘောတို့၏။ ပရိစ္ဆေဒေါ = အပိုင်းအခြား သည်။ ဗုဒ္ဓဉာဏေနပိ = ဘုရားဉာဏ်ဖြင့်လည်းပဲ။ န သုကရော= ရေတွက်ဖို့ရန် မလွယ်ကူချေ။

အမိတို့– သံသရာကြီးက အစမရှိဘူး မဟုတ်လား။ အမေ ခုဗ္ဗုတ္တရာဟောတဲ့ အနမတဂ္ဂေ တရားဒေသနာ အမိတို့ ငါတို့ နာရ တယ်မဟုတ်လား။ အဲဒီတော့ အနမတဂ္ဂ အစမထင် သံသရာတခွင် ကျင်လည်ခဲ့ကြရတဲ့ ငါတို့တွေ ယခုလို မီးလောင်ပြီးတော့ သေခဲ့ရတဲ့ ဘဝက အတ္တဘောတွေ အပိုင်းအခြားကို ဘုရားကိုယ်တော်မြတ်ရဲ့ ဉာဏ်နဲ့တောင် ဘယ်လောက်ရှိတယ်လို့ ပြောဆိုဖို့ရန် မလွယ်ကူဘူး၊ အင်မတန်များတယ်။

http:\\www.dhammadownload.com



အပ္ပမတ္တာ ဟောထ = မမေ့မလျော့ဖြစ်ကြပါ။ အပ္ပမာဒတရား လက်ကိုင်ထား၍ တရားကိုပဲနှလုံးသွင်းကြပါ။ ဘာပြုလို့လဲ။ အခန်း တံခါးက ပိတ်ရုံတင်မကဘူး။ သော့က ခတ်ထားတယ်။ မထွက်နိုင်ဘူး။

အဲဒီတော့မှ သာမာဝတီမိဖုရားနဲ့တကွ မောင်းမငါးရာတို့ ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်းလို့ မီးလောင်တော့ သည်းစွာဖြစ်တဲ့ ဒုက္ခ ဝေဒနာကိုရှုပြီးတော့ –

**ဒုက္ခာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသော ဟ+မသ္မိ၊ န မေ+သော အတ္တာ။**

ဒုက္ခာ ဝေဒနာ = ငါအခုလို တွေ့ကြုံနေရတဲ့ ဒုက္ခဝေဒနာသည်။ အနိစ္စာ=ဖြစ်ပြီးလျှင် ပျက်ရကား အနိစ္စပါတကား။ ဒုက္ခာ=ဖြစ်ပျက် ခပင်း နှိပ်စက်ခြင်းကြောင့် ဆင်းရဲအတိဒုက္ခပါတကား။ အနတ္တာ = ငါဟူ၍ အားထားဖွယ်ရာ အခိုင်အမာ အနှစ်သာရ ရှာမရသောကြောင့် အနတ္တပါတကား။ နေသောဟမသ္မိ=ငါမဟုတ်ပါတကား။ န မေသော အတ္တာ = ငါရဲ့အတ္တလိပ်ပြာ မဟုတ်ပါတကားလို့။

မီးလောင်တဲ့ဒုက္ခကိုပင် အနိစ္စ ဒုက္ခ အနတ္တ လို့၊ နေတံမမ နေသောဟမသ္မိ န မေသော အတ္တာ လို့ သိမ်းဆည်းတဲ့ ကမ္မဋ္ဌာန်းတဲ့။ ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်း စီးဖြန်းရင်း မီးလောင်ခံရတယ်။ အဲဒီလို စီးဖြန်းရင်း မီးလောင်ခံရင်းနဲ့ တချို့ သကဒါဂါမ် ဖြစ်သွားတယ်။ တချို့ အနာဂါမ် ဖြစ်ပြီးတော့ အဲဒီဘဝက စုတေတဲ့အခါ အနာဂါမ် ဖြစ်သွားတဲ့ အမျိုးသမီးတွေ သုဒ္ဓါဝါသဘုံမှာ တချို့ သွားဖြစ်တယ်။ သကဒါဂါမ် ဖြစ်သွားတဲ့ အမျိုးသမီးတွေ၊ တချို့ကတော့ မူလ သောတာပန်အတိုင်းပဲရှိကြတဲ့ အမျိုးသမီးတွေ၊ သူတို့ကတော့ တချို့ တာဝတိံသာ၊ တချို့ ယာမာ၊ တချို့တုသိတာ၊ အေး–ကာမဝစရ နတ်ပြည်ခြောက်ထပ်မှာ သွားဖြစ်ကြတယ်။

http:\\www.dhammadownload.com



## သာမာဝတီတို့၏ လားရာဂတိနှင့် စပ်လျဉ်း၍ ဥဒေနသုတ္တန်ကို ဟောတော်မူခြင်း

အဲဒီသူတို့ရဲ့ အကြောင်းနဲ့ ပတ်သက်ပြီးတော့ ဥဒါန်းပါဠိတော်မှာ ဥဒေနသုတ်လို့ သုတ္တန်ကြီး တစ်ခုရှိတယ်။ နိဒါန်းက –

**ဧကံ သမယံ ဘဂဝါ ကောသမ္ဗိယံ ဝိဟရတိ ဃောသိတာရာမေ။**

တချိန်က မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိကာရုံကျောင်း၌ ကိန်းအောင်း မွေ့လျော် စံနေတော်မူတဲ့အခိုက် ဖြစ်ပါတယ်။ ဒါ ပါဠိတော်အနက်။

**တေန ခေါ ပန သမယေန ရညော ဥဒေနဿ ဥယျာနဂတဿ အန္တေပုရံ ဒမ္မံ ဟောတိ။**

ထိုသို့ မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိကာရုံကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့အခိုက် ဥဒေနမင်းတရား ဥယျာဉ်တော်သို့ သွားနေစဉ် နန်းတော်ကြီး မီးလောင်ပါတယ်။

**ပဉ္စ စ ဣတ္ထိသတာနိ ကာလင်္ကတာနိ ဟောန္တိ သာမာဝတီ ပမုခါနိ။**

သာမာဝတီပမုခါနိ=သာမာဝတီမိဖုရား အမှူးပြုကုန်သော။ ပဉ္စ ဣတ္ထိသတာနိ = ငါးရာသော မောင်းမတို့သည်။ ကာလင်္ကတာနိ =စုတိပြတ်ကြွေ မီးလောင်၍ သေခဲ့ကြကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

ဒါ ပါဠိတော်။ တရားခင်းတာ။

**အထ ခေါ သမ္ဗဟုလာ ဘိက္ခူ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ မာဒါယ ကောသမ္ဗိံ ပိဏ္ဍာယ ပါဝိသိံသု။**

ထိုအမှုဖြစ်နေတဲ့အခိုက် များစွာသောရဟန်းတို့သည် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ ကောသမ္ဗီပြည်သို့ ဆွမ်းခံဝင်ခဲ့ကြပြီ။

http:\\www.dhammadownload.com



**ကောသမ္ဗိယံ ပိဏ္ဍာယ စရိတွာ ပစ္ဆာဘတ္တံ ပိဏ္ဍပါတပဋိက္ကန္တာ ယေန ဘဂဝါ တေနုပသင်္ကမိံသု။**

ကောသမ္ဗီပြည်တွင်း ဆွမ်းခံလှည့်လည်ပြီးသကာလ ဆွမ်းရလို့ ဆွမ်းဘုန်းပေးပြီး ဆွမ်းကိစ္စပြီးတဲ့အခါ ဆွမ်းခံရွာမှပဲကြဉ်၍ ဘုရား ရှိရာ ဃောသိကာရုံကျောင်းကို များစွာသောရဟန်းတွေ သွားကြတယ်။

**ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိံသု။**

ဘုရားရှိရာ ဃောသိကာရုံကျောင်း သွားရောက်ပြီးသကာလ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုး၍ အပြစ်လွတ်တဲ့အရပ်မှာ ထိုင်နေကြတယ်။

**ဧကမန္တံ နိသိန္နာ ခေါ တေ ဘိက္ခူ ဘဂဝန္တံ ဧတဒဝေါစုံ။**

အပြစ်လွတ်တဲ့နေရာမှာ ထိုင်နေပြီးတော့ ထိုရဟန်းတော်များက မြတ်စွာဘုရားကို လျှောက်ထားတယ်။ ဘယ်လိုလျှောက်သလဲ။

**ဣဓ ဘန္တေ ရညော ဥတေနဿ ဥယျာနဂတဿ အန္တေပုရံ ဒဍ္ဎံ။**

မြတ်စွာဘုရား - ဟောဒီကောသမ္ဗီပြည်မှာ ဥတေနမင်းကြီး ဥယျာဉ်ကစားသွားနေစဉ် ရွှေနန်းတော်ကြီး မီးလောင်သတဲ့ဘုရား။ ပြီးတော့ကော။

**ပဉ္စ ဣတ္ထိသတာနိ ကာလင်္ကတာနိ သာမာဝတီပမုခါနိ။**

သာမာဝတီမိဖုရား အမှူးပြုတဲ့ မောင်းမငါးရာတွေ မီးလောင်လို့ သေကုန်သတဲ့ဘုရား။ အဲဒါ ဘာဖြစ်တုန်း။

**တာသံ ဘန္တေ ဥပါသိကာနံ ကာ ဂတိ ကော အဘိသမ္ပရာယော။**

ဘန္တေ = အရှင်မြတ်ဘုရား။ တာသံ ဥပါသိကာနံ = ရတနာ သုံးပါး ဆည်းကပ်သူ ထိုဥပါသိကာငါးရာတို့၏ သွားရာဂတိကား။ ကာ = အဘယ်ပါနည်း။ အဘိသမ္ပရာယော = သူတို့၏ဉာဏ်ပညာ အလားကား။ ကာ = အဘယ်ပါနည်း ဘုရားလို့။

http:\\www.dhammadownload.com



သူတို့ရဲ့ တမလွန်ဘဝသွားကြသူတို့ရဲ့ ဉာဏ်အလားအလာဟာ ဘယ်လိုပါလဲ။ ဘယ်လိုမှတ်ရမလဲ။ အေး– လျှောက်တယ် ဘုရားကို။

ဥတေနမင်း ဥယျာဉ်သွားတုန်း နန်းတော် မီးလောင်သတဲ့ဘုရား။ မီးလောင်တဲ့အထဲမှာ သာမာဝတီမိဖုရား အမှူးပြုသော မောင်းမငါးရာ မီးလောင်ပြီး ပါသွားသတဲ့။ မြတ်စွာဘုရား၊ သူတို့ဟာ နေ့စဉ် နေ့စဉ် ရှင်အာနန္ဒာ အမှူးပြုတဲ့ ရဟန်းငါးရာကို ဆွမ်းဝတ်ပြုတယ်။ တရားနာလို့။ အဲဒီလို ဘာဝနာကြည်ညိုတဲ့ ဥပါသိကာ – ဒီငါးရာတို့ရဲ့ လားရာဂတိကား ဘယ်လိုလဲဘုရား။ သူတို့ရဲ့ ဉာဏ်ပညာအလားကား ဘယ်လိုပါလဲဘုရားလို့ ဆိုတော့ မြတ်စွာဘုရားက ပြန်ပြီးတော့ ဖြေတယ်။

**သန္တေတ္ထ ဘိက္ခဝေ ဥပါသိကာယော သောတာပန္နာ။**

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားရဟန်းတို့။ ဧတ္ထ = ဤငါးရာတို့၌။ သောတာပန္နာ=သောတာပန်ဖြစ်ကုန်သော။ ဥပါသိကာယော = ဥပါသိကာတို့လည်းပဲ။ သန္တိ = ပါရှိကုန်၏။

ချစ်သားတို့ – အဲဒီငါးရာထဲမှာ တစ်ချို့က သောတာပန်။ သန္တိ သကဒါဂါမိယော = **တစ်ချို့က သကဒါဂါမိ။ သကဒါဂါမိဖိုလ်** ရောက်သွားကြတဲ့ သကဒါဂါမ်အရိယာတွေ။

သန္တိ အနာဂါမိနိယော=တချို့က အနာဂါမ်တွေ။ တစ်ယောက်မှ ပုထုဇဉ်မပါဘူး။

တစ်ယောက်မှ ရဟန္တာလည်း မဖြစ်ဘူး။ သောတာပန် တချို့၊ သကဒါဂါမ်တချို့။ အနာဂါမ် တချို့။ ပုထုဇဉ် တစ်ယောက်မှ မနေဘူး။ ရဟန္တာလည်း တစ်ယောက်မှ မဖြစ်ဘူး။

**သဗ္ဗာ တာ ဘိက္ခဝေ ဥပါသိကာယော အနိပ္ဖလာ ကာလင်္ကတာ။**

http:\\www.dhammadownload.com



ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားရဟန်းတို့။ သဗ္ဗာ =အလုံးစုံကုန်သော။ တာ ဥပါသိကာယော=ထိုငါးရာသော ဥပါသိကာ သာဝိကာမတို့သည်။ အနိပ္ဖလာ=အကျိုးမဲ့ မဟုတ်ကြကုန်ပဲ။ ကာလင်္ကတာ=စုတိပြတ်ကြွေ သေကုန်ကြလေပြီ။

သူတို့ရဲ့သေခြင်းဟာ အကျိုးမရဘဲ သေကြတာမဟုတ်ပါဘူး ချစ်သားတို့။ အဲဒီငါးရာထဲက တချို့ သကဒါဂါမိဖြစ်ပြီးတော့၊ တချို့ အနာဂါမိဖြစ်ပြီးတော့ သေကြတယ်။ မူလက သောတာပန်။ အဲဒီတော့ တစ်ချို့မှာ သောတာပတ္တိမဂ်ဖိုလ်နဲ့ပဲ မူလအတိုင်းပဲ သေ ကြတယ်။ သူတို့ရဲ့ သေခြင်းဟာ အကျိုးမရ အချည်းနှီး အလကား သေခြင်း မဟုတ်ပါဘူးတဲ့။ ပုထုဇဉ်တို့ရဲ့ အသေမျိုးမဟုတ်ဘူး။ အဲဒီတော့မှ မြတ်စွာဘုရားက ဥဒါန်းဆိုတာ မာဂဏ္ဍီအမျိုးပြုတဲ့ တဖက်သောသူမတွေရဲ့ အင်မတန်နှလုံးကြမ်းတမ်းပုံ။ ဒီသာမာဝတီ အမျိုးပြုတဲ့ ငါးရာသော အမျိုးသမီးတို့ရဲ့ နှလုံးသွင်းက ဘုရင်က မြားနဲ့ ပစ်တုန်းကလည်း မေတ္တာပွားဖို့။ အခု မီးနဲ့ရှို့ပြန်တော့လည်းပဲ၊ ရှင်မတို့အဖို့ရာ အနမတဂ္ဂသံသရာ ကျင်လည်ခဲ့ကြရတဲ့ ဘဝ ဘဝ တွေက ယခုလို မီးလောင်လို့ သေခဲ့ရတဲ့ တို့ရဲ့အတ္တဘောတွေ အပိုင်းအခြား ဘုရားဉာဏ်နဲ့တောင်မှ ရေတွက်ဖို့ မလွယ်ဘူး။ ဒီတော့ အပ္ပမာဒတရား လက်ကိုင်ထားပြီးတော့သာ တရား အားထုတ်ကြ။ ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်းနဲ့။ သူတို့ကလဲပဲ (ဆိုကြပါစို့)။ ဖြူသလောက် ဟိုတစ်ဖက်ကလဲပဲ မဲပါတယ်။ အဲဒီနှစ်ဘက် **အမဲတစ်ဘက်**၊ အဖြူတစ်ဘက် တည်ဖြစ်တဲ့အချက် (ကို) သိပြီးတော့၊ **ဘုရားသဗ္ဗညုက** ယောဒီဥဒါန်းဂါထာကို ကျူးတယ်။

**အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ။**

http:\\www.dhammadownload.com



ထိုသို့ပြေပြီးတဲ့အခါ မြတ်စွာဘုရား မာဂဏ္ဍီတို့ ယုတ်မာပုံ၊ သာမာဝတီတို့ရဲ့ လိမ္မာကြပုံကို ကောင်းကောင်းသိပြီးတော့ ဟောဒီ ဥဒါန်းဂါထာကို ရဟန်းတော်တွေ တရားနာခံသဘော မဟုတ်ဘဲနဲ့၊ ကိုယ်တော်သဘောကျလွန်းလို့ ဥဒါန်းကျူးဆိုတာ တရားနာပုဂ္ဂိုလ်ကို မငဲ့ဘဲနဲ့ မိမိစိတ်ထဲ သဘောကျတာကို တစ်ခါတည်း ပါးစပ်က ရွတ်တာကို ဥဒါန်းကျူးတယ်ခေါ်တယ်။

မောဟသမ္ဗန္ဓနော လောကော၊ ဘဗ္ဗရူပေါဝ ဒိဿတိ။
ဥပဓိဗန္ဓနော ဗာလော၊ တမသာ ပရိဝါရိတော။
သဿတောရိဝ ခါယတိ ပဿတော နတ္ထိကိဉ္စနံ။
(ဘုရားက ဂါထာ ၆ ပိုဒ်)

ယောလောကော=အကြင်အန္ဓဗာလသတ္တလောကသည်။ ဘဗ္ဗရူပေါဝ = မဂ်ဖိုလ်ရဖို့ရန် အကြောင်းနှင့် ပြည့်စုံသကဲ့သို့။ ဒိဿတိ= ထင်မြင်ရ၏။

အဓိပ္ပာယ်– လူတိုင်း လူတိုင်း၊ လူတိုင်း လူတိုင်းကို ကြည့်လိုက်ရင်တဲ့ လူ့ဘဝရနေကြတဲ့၊ သြော် – မဂ်ဖိုလ်ရဖို့ရန် ထိုက်တန်တဲ့ လူတွေပဲလို့။ အဲဒီလိုထင်ရ၏။

သောလောကော = အန္ဓဗာလ ထိုသတ္တလောက လူအပေါင်းသည်။ မောဟသမ္ဗန္ဓနော= မောဟဖြင့်ဖွဲ့ယှဉ်အပ်ပေ၏။ ကိုယ်ကသာ အဲဒီအန္ဓဗာလ လောကကြီးဟာ ဒုက္ခမှန်း မသိ၊ သမုဒယမှန်း မသိ၊ နိရောဓမှန်း မသိ၊ မဂ္ဂမှန်း မသိတဲ့ မောဟလေးပါး အမြဲတမ်း အဖွဲ့အနှောင်ခံနေရတယ်။ ရုတ်တရက်ကြည့်လိုက်တော့ဖြင့် သြော် – ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲလို့ ထင်ရတယ်။ ဒါ မာဂဏ္ဍီတို့လူသိုက်ဟုတ်လား။ ပုံပန်းမတော့ ပုခုံးနှစ်ဘက်ကြားက ခေါင်းပေါက်ပြီး။ တကဲထဲ– သူတို့လည်း လူ့လောကမှာပေါ့လေ လူနဲ့သူနဲ့ သူတလုံး

http:\\www.dhammadownload.com



ဆိုတော့ ကျွတ်ထိုက်တဲ့သူတို့ ဘဗ္ဗပုဂ္ဂိုလ်တွေနဲ့ ပုံပန်းတူပြီးတော့၊ ဪ – သူတို့လဲ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲလို့ ထင်ရတယ်။ ဒါပေမယ်လို့ အဲဒီအန္ဓဗာလ သတ္တဝါတွေဟာ မောဟလေးပါးဖြင့် အမြဲတစေ အနှောင်အဖွဲ့ခံထားရတယ်။

ဗာလော = ဉာဏ်ပညာမရှိတဲ့ သတ္တလောကသည်။ မောဟရဲ့ အနှောင်အဖွဲ့ခံရရုံသာ မဟုတ်သေးဘူးတဲ့။ အကြင်ဉာဏ်ပညာဖြင့် မိမိပိုင်တဲ့ဝတ္ထုကာမတရား၊ အကြင်ဉာဏ်ပညာဖြင့် မိမိမှာရနေတဲ့ ခန္ဓာတရား၊ အဲဒီမိမိရတဲ့ ဝတ္ထုကာမတရား၊ ခန္ဓာတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဝိပရိဏာမတရားတွေပဲလို့ သိနိုင်၏။ ထိုဉာဏ်ကို မရတဲ့အတွက် ဉာဏ်နေရာမှာ ဘာတွေဝင်လာသလဲ။

တမသာ = အဝိဇ္ဇာတည်းဟူသော အမှောင်ဖြင့် ပရိဝါရိတော = ထက်ဝန်းကျင် ဝန်းရံအပ်သည်ဖြစ်၍။ ဉပဓိဗန္ဓနော = ကာမုပဓိ၊ ခန္ဓုပဓိ တို့ဖြင့် အဖွဲ့အနှောင်ခံရသည်ဖြစ်၍။

အေး – မိမိပိုင်တဲ့ဝတ္ထုကာမတရား၊ မိမိပိုင်တဲ့ ခန္ဓာတရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိယင် မောဟရဲ့ အဝန်းအဝိုင်း မခံရဘူး။ မောဟရဲ့ အဝန်းအဝိုင်းမခံရလို့ရှိယင် ဒီကာမ၊ ဒီခန္ဓာဆိုတဲ့ ကိုယ်ပိုင် ဉပဓိတရားတို့ရဲ့ အနှောင်အဖွဲ့ကို မခံရဘူး။ အခုတော့ ကိုယ်က ဉာဏ်ပညာမရှိတော့ မောဟက အဝိုင်းခံရတယ်။ မောဟ အဝိုင်းခံ ရတော့ မိမိရရှိနေတဲ့ ကာမတရား။ ဒီခန္ဓာတရားဆိုတဲ့ ကာမုပဓိ ခန္ဓုပဓိ = ဒီနှစ်ပါးက မိမိကို ဖွဲ့ထားချည်ထားသကဲ့သို့ ဖြစ်ပြီးတော့–

သဿတောရိဝ = မသေနိုင်၊ မအိုနိုင်သကဲ့သို့။ ခါယတိ = ထင်၍နေ၏။ ကိုယ့်ကိုယ်ကို အမြဲကြီး၊ အခါခပ်သိမ်း မသေတော့ အံ့ကဲ့သို့ ထင်၍ နေစွတကား။

http:\\www.dhammadownload.com



ပဿတော=မိမိပိုင်တဲ့ကာမုပဒါန်၊ ခန္ဓပဒိတရားနှစ်ပါးကို အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမဟု ကျနထင်ထင် သိမြင်တဲ့သူတော်ကောင်း၏ အဖို့ရန်။ ကိဉ္စနံ = ရာဂ၊ ဒေါသ၊ မောဟ အစရှိတဲ့ ကြောင့်ကြမှုသည်။ နတ္ထိ = တစိုးတစိမရှိစွတကား။

သာမာဝတီတို့ဘက်ကတော့ အင်မတန် ရှင်းတယ်။ စာမှ တပိုဒ်ကယ်။ ဒီတရားတွေပေါ်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တွေ့သိကြ မြင်ကြ၊ ယထာဘူတသိမြင်ကြတဲ့ သာမာဝတီတို့အဖို့ရာကတော့၊ အေး– မြေအိုးနဲ့တူတဲ့ လူ့ခန္ဓာစွန့်ပြီးတော့ ရွှေအိုးနဲ့တူတဲ့ နတ်ခန္ဓာ ပြောင်းသမို့ အဲဒီခန္ဓာကို သူတို့ရလို့သာရတယ်။ သူတို့အနေနဲ့ တွယ်တာခုံမင်မှု ဘာရှိမလဲ။ ရာဂတည်းဟူသော ကြောင့်ကြမှုတို့ မီးလောင်ခံရပကောလို့ ဒေါသတည်းဟူသော ကြောင့်ကြမှု၊ ဘာမှ မရှိဘူး။ ဘာရှိမလဲ။ သူတို့အနေနဲ့ ဒီကာမတရားတွေ၊ ဒီခန္ဓာတရားတွေ၊ မမြဲတဲ့တရားတွေ၊ ဆင်းရဲတဲ့တရားတွေ၊ ဖောက်ပြန်ပျက်စီးတဲ့ ဝိပရိဏာမ ဓမ္မတရားတွေလို့ ပိုင်းခြားသိတဲ့အတွက် ရာဂတည်းဟူသော ကြောင့်ကြမှု၊ ဒေါသတည်းဟူသော ကြောင့်ကြမှု၊ မောဟမာန တည်းဟူသော ကြောင့်ကြမှု၊ ဒုစ္စရိတ ကြောင့်ကြမှုဆိုတဲ့ ပဉ္စငါးပါး အကုသိုလ်တရားများ လားလားမှမရှိဘူးတဲ့။

ဤကဲ့သို့ ကိုယ်တော့်အကြိုက် ဥဒါန်းကျူးပြီးတော့ မြတ်စွာ ဘုရား ဘာပြောသလဲ–

ဝေဒ္ဓပန=ဤသို့လျှင်။ ဝတွာ=ဥဒါန်းစကား မြွက်ကြားပြီးလျှင်–

**ဘိက္ခဝေ သတ္တာ နာမ ဝဋ္ဋေ ဝိစရန္တာ နိစ္စကာလံ အပ္ပမတ္တာ ဟုတွာ ပုညကမ္မမေဝ န ကရောန္တိ။**

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားတို့။ သတ္တာ နာမ = သတ္တဝါတို့မည်သည်။ ဝဋ္ဋေ=သံသရာဝဋ်၌။ ဝိစရန္တာ= ကျင်လည်

http:\\www.dhammadownload.com



ကျက်စား ပြေးသွားကြရကုန်သည့်ရှိသော်။ နိစ္စကာလံ = အမြဲမကွာ အခါပတ်လုံး။ အပ္ပမတ္တာ =မမေ့မလျော့ကုန်သည်။ ဟုတွာ =ဖြစ်၍။ ပုညကမ္မမေဝ= ကောင်းမှုကိုသာလျှင်။ ကရောန္တိ = ပြုနေကြကုန်သည်ကား။ န = မဟုတ်ကုန်။

ချစ်သားတို့၊ သတ္တဝါတွေဆိုတာ သံသရာဝဋ်ထဲ ကျင်လည်ပြေးသွားကြရတဲ့အခါမှာ အမြဲတစေ မမေ့မလျော့ ကုသိုလ်ကောင်းမှုတင်သာ ပြုနေကြရတာ မဟုတ်ဘူးတဲ့။

ပမာဒိနော ဟုတွာ = တစ်ရံတစ်ခါ မေ့လျော့ကြကုန်သည်ဖြစ်၍။ ပါပကမ္မမ္ပိ = မကောင်းမှုအကုသိုလ်ကံကိုလည်း။ ကရောန္တိ =ပြုမိကြကုန်၏။

ချစ်သားတို့ တခါတရံ သံသရာကျင်လည်တဲ့အခါမှာ မေ့လျော့ပြီးတော့ မကောင်းမှုအကုသိုလ်များ ပြုလုပ်ကြသေးတယ်။

**တသ္မာ ဝဋ္ဋေ ဝိစရန္တာ သုခမ္ပိ ဒုက္ခမ္ပိ အနုဘဝန္တိ။**

တသ္မာ = ထို့ကြောင့်။ ဝဋ္ဋေ = ဝဋ်၌။ ဝိစရန္တာ = ကျင်လည်ကျက်စား ပြေးသွားကြရကုန်သော သတ္တဝါတို့သည်။ သုခမ္ပိ = ချမ်းသာသုခကိုလည်းကောင်း၊ ဒုက္ခမ္ပိ = ဆင်းရဲဒုက္ခကိုလည်းကောင်း။ အနုဘဝန္တိ = ခံစားသုံးဆောင်ကြရကုန်၏။

## ခုနှစ်တွေရာအရှင်မ မီးထဲ ပါ မပါ

ဟောဒါ– အဲဒီတရားပွဲမှာ တရားပါပဲတဲ့။ ဒီတရားကို နာပြီးတော့ ပြန်သွားတဲ့အခါကျတော့၊ အိမ်ကျတော့၊ စဉ်းစားမိလိမ့်မယ်။ သာမာဝတီအမှူးပြုတဲ့ ငါးရာသောမောင်းမတွေ မီးလောင်ပြီးတော့ သေသွားပြီ။ အဲဒီအထဲမှာ ခုဇ္ဇုတ္တရာကြီး ပါသွားသလား၊ မပါဘူးလား။ တို့– ဘုန်းကြီးကို မမေးလိုက်ရဘူးလို့ အိမ်ကျတော့ ပြန်ပြီးတော့ စဉ်းစားလိမ့်မယ်။

http:\\www.dhammadownload.com



ဥဒါန်းအဋ္ဌကထာက သေသေချာချာ ခုဇ္ဇုတ္တရာ၊ ရှင်မခုဇ္ဇုတ္တရာ ဆိုတဲ့ သူတော်ကောင်းမကြီး ပါမသွားတဲ့အကြောင်း –

**ခုဇ္ဇုတ္တရာ ပန အာယုသေသဿ အတ္ထိတာယ ပုဗ္ဗေ တာဒိသဿ ကမ္မဿ အကတတ္တာ စ တတော ပါသာဒတော ဗဟိ အဟောသိ "ဒသယောဇနန္တရေ ပက္ကာမိ"တိ စ ဝဒန္တိ။**

ဥဒါန်းအဋ္ဌကထာက ခုဇ္ဇုတ္တရာအတွက် အထူး ဖွင့်ပြထားတဲ့ စကား။

ခုဇ္ဇုတ္တရာ ပန = ခုဇ္ဇုတ္တရာသည်ကား။ အာယုသေသဿ = အသက်ကြွင်း၏။ အတ္ထိတာယ စ = ရှိသေးသောကြောင့်လည်းကောင်း၊ (အသက်ကြွင်းရှိနေသေးတယ်။ ဟို သာမာဝတီ အမှူးပြုတဲ့ မောင်းမငါးရာတို့ကတော့) ပုဗ္ဗေ=ရှေးတုန်းက။ တာဒိသဿ = ထိုသို့သဘောရှိသော (ဝါ) မီးလောင်ခံရ၍ သေရမည်ဖြစ်သော။ ကမ္မဿ – ကံကို။ တတာ = ပြုခဲ့ကြတယ်။

သာမာဝတီနဲ့ ငါးရာသောအမျိုးသမီးတို့ကတော့ စောစောက ဒီလို မီးလောင်ပြီး သေရမယ့် အကုသိုလ်ကံကို ပြုခဲ့ကြတယ်။ ခုဇ္ဇုတ္တရာက အဲဒီအကုသိုလ်ကံ ပြုတုန်းက မပါခဲ့ဘူး။

ပုဗ္ဗေ = ရှေးတုန်းက။ တာဒိသဿ ကမ္မဿ = ထိုသို့သဘောရှိတဲ့ မီးလောင်ခံရပြီး သေရမယ့်အကုသိုလ်ကို။ အကတတ္တာ စ = မပြုအပ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ တတော ပါသာဒတော = ထိုပြာသာဒ်မှ။ ဗဟိ = အပဉ္။ အဟောသိ = ဖြစ်လေပြီ။

အဲဒီမီးလောင်တဲ့အချိန်မှာ ခုဇ္ဇုတ္တရာကြီးက ဒီနန်းပြာသာဒ်မှာ မရှိဘူး။ နန်းပြာသာဒ်ရဲ့ အပြင်ဘက် မြို့ထဲ တစ်နေရာရာကို ရောက်နေတယ်။ ဆိုပါစို့။ ဘာပြုလို့ သူ့ကို ကံဖယ်ရသလဲ။ သူ့ရဲ့ အသက်ကြွင်း ရှိသေးသောကြောင့် လည်းကောင်း။ ရှေးတုန်းက

http:\\www.dhammadownload.com



မီးလောင်ခံရမယ့် အကုသိုလ်ကံ စုပေါင်းပြီး မပြုခဲ့သောကြောင့် လည်းကောင်း၊ ပြာသာဒ်ပြင်ဘက်မှာ သူကရောက်နေတယ်။ ဒါကြောင့် သူပါမသွားဘူး။ ဆရာများကတော့ -

ဒသယောဇနန္တရေ = ဆယ်ယူဇနာခြားတဲ့အရပ်၌။ ပက္ကာမိ= သွားဆဲဖြစ်တယ်။ ဣတိ=ဤသို့။ ဝဒန္တိ = ဆရာတို့ကတော့ ဆိုကြကုန်၏။

အဲဒီ မီးလောင်တဲ့အချိန်မှာပေါ့လေ။ ဒီသတင်းကို မြန်မြန်မကြားရအောင် ဆယ်ယူဇနာ ဝေးခြားတဲ့ အရပ်မှာ ရောက်နေတယ်တဲ့။ ခုဇ္ဇုတ္တရာ ကိစ္စတစ်ခုနဲ့။

အဲ မြတ်စွာဘုရားက သာမာဝတီမိဖုရား အမှူးပြုတဲ့ ငါးရာသော အမျိုးသမီးတို့ မီးလောင်ခံ သေရတဲ့အကြောင်း ဝတ္ထုမှာ - အဲဒီလို ဥဒါန်းကျူးပြီးတော့ နောက်ဆုံး ရဟန်းတွေကို -

ရဟန်းတို့ - သံသရာဝဋ်၌ ကျင်လည်ကြရတဲ့ သတ္တဝါတို့သည် အမြဲတမ်း အပ္ပမာဒတရား လက်ကိုင်ထားပြီးတော့ ကုသိုလ်ကောင်းမှု ချည်းထဲလဲပဲပြုနေနိုင်ကြတာ မဟုတ်ဘူးတဲ့။ တရံတခါမှာ အပ္ပမာဒ တရား လက်ကိုင်ထားပြီး ကုသိုလ်ကောင်းမှု ပြုကြတယ်။ တခါတရံ ကျပြန်တော့လဲပဲ အပ္ပမာဒတရား လက်ကိုင်မဲ့ပြီးတော့ အကုသိုလ်မှု ပြုကြတယ်။ အေး-တခါတလေ ကုသိုလ်ပြု၊ တခါတလေ အကုသိုလ် ပြု၊ အဲဒီလို ကုသိုလ်/ အကုသိုလ်နှစ်ပါး ရောပြီးတော့ သံသရာဝဋ်ထဲ လာခဲ့ကြရ၊ ကျင်လည်ခဲ့ကြရတဲ့ သတ္တဝါတွေဟာ တခါတလေ သုခ၊ တခါတလေ ဒုက္ခခံစားကြရမြဲ ဓမ္မတာလို့ -

ဣတိ=ဤသို့။ ဓမ္မံ=တရားကို။ ဒေသေသိ=ဟောကြားတော်မူပြီ။ သာမာဝတီဝတ္ထု ဓမ္မပဒထဲကနေပြီးတော့ ဟိုဘက်က ဥဒါန်းပါဠိတော်

http:\\www.dhammadownload.com



က ဥတေနသုတ်ဆိုတဲ့ သုတ္တန်တစ်ခုကိုပါ ညှပ်ပြီးတော့၊ အဲဒီ သုတ္တန်ကလည်း ဥတေနသုတ္တန်အဖွင့် ဒီမှာပြီးပါတယ်။

(ဤတွင် တစ်ညတာတရားပွဲ ရပ်နားပါသည်)

※

## ဥတေနမင်း မာဂဏ္ဍီကို ပရိယာယ်ဖြင့် အမှုစစ်ခြင်း

ကောဇာသက္ကရာဇ် ၁၃၃၂-ခု၊ သာသနာတော် ၂၅၁၄- ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇-ရက်နေ့ည၊ မန္တလေးမြို့၊ မေဃဂီရိရပ်၊ ဓမ္မရုံဘုရားပွဲ၌ ဟောကြားအပ်သော ဘုန်းကြီးဟောဖို့ရာက သာမာဝတီဝတ္ထုရဲ့နောက်ဆုံးအပိုင်းပါ။ ဒါပေမယ်လို့ ဘုရားဒကာကြီး၊ ဓမ္မာရုံဒကာကြီး တောင်းပန်ထားတာ သူက ဒက္ခိဏာဝိဘင်္ဂသုတ် နာပါရစေတဲ့ဗျား။ အဲဒီအကြောင်းကို မေ့မေ့ဖြစ်နေတယ်။ ဟော - ယနေ့ ဦးပဥ္စင်းက (ကျောင်းက ဦးပဥ္စင်း ဦးဝေပုလ္လ)က ဒကာကြီးက အဲဒီလို လျှောက်ထားတာ။ ဒါဖြင့်ယင် ငါတော့ ယနေ့ ခေါင်းတစ်လုံးနဲ့ အိုးနှစ်လုံး ရွက်ရမှာပေါ့လို့ ပြောရတယ်။ ဒီတော့ သာမာဝတီဝတ္ထု နောက်ပိုင်းလောက်သာ အလိုရှိယင်လည်းပဲ အဲဒီစက်များ ခေတ္တရပ်ထားပေါ့လေ။ ဘုန်းကြီး သာမာဝတီကိုဟောတာ ဘယ်ရောက်သွားပလဲ။ သာမာဝတီတို့ အကြောင်းပြုပြီးတော့ ကွယ်လွန်တဲ့အခါ မြတ်စွာဘုရား ဥတေနသုတ်ဟောတယ်။ အဲဒီရောက်ပါပြီ။ မြတ်စွာဘုရားက -

ချစ်သားတို့ - သတ္တဝါတို့မည်သည် သံသရာ၀ဋ်၌ ကျင်လည်ကျက်စားရတဲ့အခါ အခါခပ်သိမ်း အပ္ပမာဒတရား လက်ကိုင်ထားပြီးတော့ ကုသိုလ်ကောင်းမှုချည်းသာ ပြုခဲ့ကြတာ မဟုတ်ဘူးတဲ့။ တခါတလေလည်း မေ့လျော့ပြီးတော့ မကောင်းမှု အကုသိုလ်များ

http:\\www.dhammadownload.com



ကိုလည်းပဲ ပြုတတ်တယ်။ အေး– ကုသိုလ်ပြုတဲ့အခါပြု၊ အကုသိုလ် ပြုတဲ့အခါ ပြုခဲ့တယ်။

အဲဒီတော့ကို သံသရာဝဋ်၌ ကျင်လည်ကြတဲ့ သတ္တဝါတို့သည် သုခလည်း ခံစားရမှာပဲ။ ဒုက္ခလည်း ခံစားရမှာပဲ။ အဲဒီလို ရဟန်းတွေကို တရားဟောတယ်။ ဒါက ကျောင်းတော်ကတော့ ဘာပဲဖြစ်ဖြစ် ဓမ္မသံဝေဂနဲ့၊ ဓမ္မနဲ့နေတာကို။ ဟိုကာယကံရှင်ဖြစ်တဲ့ ဥတေနမင်း တို့ဘက် ကောသမ္ဗီပြည်ဘက် ဉာဏ်လှည့်ကြည့်ရအောင်။

ဥတေနမင်းတရားသည် ဥယျာဉ်ထွက်နေတုန်း၊ ဥယျာဉ်ကစား ထွက်နေတုန်း၊ ပျော်ပါးနေတုန်း၊ ဒီက သာမာဝတီတို့နန်းကဖြင့် မီးလောင်လို့ပြာကျတယ်။ ဥတေနမင်း သတင်းကြားတယ်။

**သာမာဝတိယာ ဂေဟံ ကိရ ဈာယတိ။**

သာမာဝတိယာ = သာမာဝတီမိဖုရား၏။ ဂေဟံ=နန်းပြာသာဒ် ကို။ ဈာယတိ ကိရ = မီးသင့်လောင်နေသတဲ့။

ဒီသတင်းကို ဥယျာဉ်ထဲက သတင်းလည်းကြားရော ဥတေန မင်းဟာ အပြေးအလွှား ပြန်လာပါတယ်။ လာတော့လဲ ကျန်ဟဲ့ မီး ကိုပဲ ငြိမ်းသတ်ရတော့တယ်။ ငြိမ်းသတ်ပြီးတော့ စိတ် ဘယ်ကောင်း မလဲ။ စိတ်မကောင်းဘဲနဲ့ သူစဉ်းစားတယ်။

**ကဿ နု ခေါ ဣဒံ ကမ္မံ။**

အခု သာမာဝတီရဲ့ နန်းပြာသာဒ် မီးလောင်တာဟာ ဘယ်သူ့ လက်ချက်လဲလို့။ အဲဒီလို စဉ်းစားတဲ့အခါ ဆက်ပြီးတော့ စိတ်ထဲမှာ အကြံပေါ်လာတယ်။

**မာဂဏ္ဍိယာယ ကာရိတံ ဘဝိဿတိ။**

မာဂဏ္ဍိယာယ = မာဂဏ္ဍီမိဖုရားသည်။ ကာရိတံ =ပြုစေအပ် သည်။ ဘဝိဿတိ = ဖြစ်ပေလိမ့်မယ်။

http:\\www.dhammadownload.com



ဧကန္တ မာဂဏ္ဍီရဲ့လက်ချက်ပဲ။ သို့သော် မာဂဏ္ဍီက သူက မိန်းမပါ။ ငါနဲ့ ဥယျာဉ်ကို အတူတကွလိုက်လာတယ်။ ဒီတော့ သူကိုယ်တိုင်ကတော့ ပြုတာမဟုတ်ဘူး။ လုပ်တာမဟုတ်ဘူး။ မာဂဏ္ဍီအလုပ်ခိုင်းတာ ဖြစ်ရမယ်လို့၊ အမှန်အတိုင်း ဥတေနမင်းတရား စဉ်းစားမိတယ်။ ဆက်ပြီးတော့ စဉ်းစားမိပြန်တယ်။

**တာသေတွာ ပုစ္ဆိယမာနာ န ကထေဿတိ။**

တာသေတွာ = ခြောက်လှန့်၍။ ပုစ္ဆိယမာနာ = မေးမြန်းအပ်သည်ရှိသော်။ န ကထေဿတိ = သူအမှန်အတိုင်း ဖြေလိမ့်မည်မဟုတ်။

မာဂဏ္ဍီကို ခြိမ်းခြောက်ပြီးတော့မေးယင်တဲ့ သူအမှန်အတိုင်း ဖြေမှာမဟုတ်ဘူး။

**ဥပါယေန သဏိကံ ပုစ္ဆိဿာမိ။**

ဥပါယေန = နည်းလမ်းဥပါယ်ဖြင့်။ သဏိကံ = ဖြည်းဖြည်း။ ပုစ္ဆိဿာမိ = မေးမြန်းပေအံ့။

သာမာဝတီရဲ့ဂုဏ်ကို အမှတ်ရတယ်။ စိတ်ထဲမှာ ကြော်– ဒီလက်ချက် ဘယ်သူ့ လက်ချက်ပါလိမ့်။ အေး– မာဂဏ္ဍီ လုပ်ခိုင်းတာဖြစ်လို့၊ ဒီမာဂဏ္ဍီကို ငါခြိမ်းခြောက်မေးလို့ရှိယင် သူ အမှန်အတိုင်း ဖြေမှာမဟုတ်ဘူး။ ဒီတော့ နည်းလမ်းဥပါယ်နဲ့ ဖြည်းဖြည်းလေး ပေါ်အောင် ငါစစ်မယ်။ စဉ်းစားပြီးတော့ နောက်တစ်ရက်၊ နှစ်ရက် စသည်ဆိုကြပါစို့။ တစ်နေ့တော့ ညီလာခံပရိသတ် အစုံအညီ ကျတော့မှ–

**အမ္ဘော အဟံ ဣတော ပုဗ္ဗေ ဥဗ္ဗာယ သမုဗ္ဗာယ အာသင်္ကိတ ပရိသင်္ကိတော၀ ဟောမိ။**

http:\\www.dhammadownload.com



အမ္ဘော=အချင်းတို့။ အဟံ = ငါသည်။ ဋ္ဌတော = ဤနေ့မှ။ ပုဗ္ဗေ=ရှေးရှေးရက်တွေ၊ လတွေ၊ နှစ်တွေတုန်းက။ ဥဋ္ဌာယ သမုဋ္ဌာယ= တည်ကြည်ငြိမ်ငြိမ် မနေနိုင်ဘဲ ခဏခဏ ထ၍ထ၍။ အာသကို တပရိသကိုတောဝ=တရွံ့ရှားရှားနေရသည်သာလျှင်။ ဟောမိ=ဖြစ်ခဲ့၏။

စစ်တာ စစ်တာ၊ မေးတာ ။ အချင်းတို့တဲ့၊ ငါ့မှာ ယနေ့မှ ရှေးရှေးသော ရက်တွေ၊ လတွေ၊ နှစ်တွေတုန်းက စိတ်ချလက်ချ တည်တည်ငြိမ်ငြိမ် မနေနိုင်ဘူး။ ခဏခဏထပြီးတော့ စိတ်ထဲမှာ တရွံ့ရှားရှား နေခဲ့ရတယ်။ ဘာ့ကြောင့်လဲဆိုလို့ရှိယင် –

**သာမာဝတီ မေ နိစ္စံ ဩတာရမေဝ ဂဝေသတိ။**

သာမာဝတီ = သာမာဝတီမိဖုရားသည်။ မေ = ငါ့အပေါ်၌။ နိစ္စံ = အမြဲတစေ။ ဩတာရမေဝ = သတ်ဖို့ရန် အခွင့်အပေါက်ကို သာလျှင်။ ဂဝေသတိ = ရှာ၍နေ၏။

ဘယ် စိတ်ချလက်ချ နေနိုင်မလဲ။ တရွံ့ရှားရှား နေရမှာပေါ့။ ဘာ့ကြောင့် သာမာဝတီမိဖုရားက အမြဲတစေ ငါ့ကိုသတ်ဖို့ရန် အခွင့် အပေါက်ကိုသာ ရှာနေတယ်။

**ဋ္ဌဒါနိ ပန မေ စိတ္တံ နိဗ္ဗုတံ ဘဝိဿတိ။**

ဋ္ဌဒါနိ ပန = ယခုအခါ၌တော့။ မေ = ငါ၏။ စိတ္တံ = စိတ်သည်။ နိဗ္ဗုတံ = ငြိမ်းအေးသည်။ ဘဝိဿတိ = ဖြစ်ပေတော့မယ်။

အခုတော့ ငါစိတ်ငြိမ်းရတော့မယ်။

**သုခေန စ ဝသိတုံ လဘိဿာမိ။**

သုခေန စ = ချမ်းသာသဖြင့်လည်း။ ဝသိတုံ = နေခြင်းငှာ။ လဘိဿာမိ = ရပေတော့အံ့။

ညီလာခံအစည်းအဝေးမှာ။ အနားနားမှာ မာဂဏ္ဍီလည်းရှိတယ်။ ရှေးတုန်းကဖြင့် ငါ့မှာလေ ကြောက်ရလွန်းလို့ တည်တည်ငြိမ်ငြိမ်

http:\\www.dhammadownload.com



မနေနိုင်ဘူး။ ခဏခဏထပြီးတော့ တရွှ.ရှားရှား နေခဲ့ရတယ်။ နေရမှာပေါ့ သာမာဝတီမိဖုရားက ငါ့အပေါ်မှာ အမြဲတစေ သတ်ဖို့ရန် အခွင့်အပေါက်ကို ရှာနေတယ်။ အခုတော့ဖြင့် ငါစိတ်ငြိမ်.ရပေါ့။ အခုအချိန်ကစပြီး ငါ ချမ်းချမ်းသာသာ နေဖို့ရန်ရပြီ၊ ရတော့မယ်လို့ အဲဒီလို ပြောလိုက်တယ်ဆိုယင်ပဲ၊ မှူးမတ်တွေက -

**ကေန နု ခေါ ဒေဝ ကတံ ကတံ။**

ဒေဝ=သမ္မုတိနတ် အရှင်မင်းမြတ်။ ကတံ = ဤသာမာဝတီတို့ကို လုပ်ကြံမှုသည်။ ကေန = အဘယ်သူသည်။ ကတံ နု ခေါ = ပြုအပ်ပါသလဲဘုရား။

အရှင်မင်းကြီး- အရှင်မင်းကြီး အခုလို စိတ်နှလုံးအေးချမ်းအောင် သာမာဝတီတို့တစ်သိုက်ကို လုပ်ကြံမှု ဘယ်သူကလုပ်တာလဲ။ (အမတ်တွေကို မျက်စိမှိတ်ပြထားသလား မသိဘူး၊ အဲဒီလို အမတ်တွေကလည်း မေးကြတယ်)။

ဒီတော့ ဥတေနမင်းက ဘယ့်နှယ်ပြောသလဲ။

**မယိ သိနေဟေန ကေနစိ ကတံ ဘဝိဿတိ။**

မယိ = ငါ့အပေါ်၌။ သိနေဟေန = ချစ်သော။ ကေနစိ = တစ်စုံတစ်ယောက်သောသူသည်။ ကတံ = ပြုအပ်သည်။ ဘဝိဿတိ = ဖြစ်မှာပေါ့။

အိုး – ငါ့ချစ်တဲ့ တစ်ယောက်ယောက်က လုပ်တာဖြစ်မှာပေါ့ကွ။ အင်း – စစ်တာ။ မာဂဏ္ဍီ မင်းလုပ်တာလားလို့ မမေးဘူး။ ငါ့အပေါ်မှာ ချစ်ခင်တဲ့ပုဂ္ဂိုလ် တစ်ယောက်ယောက်က လုပ်တာပေါ့။ အဲဒီတော့ မာဂဏ္ဍီအနားနားမှာ ရှိတယ်။ လုမိုက်ဆိုတာ ဉာဏ်ပညာရှိတာမှ မဟုတ်ဘဲ။ အဲဒီတော့ သူ့အဟုတ်မှတ်ပြီးတော့ တစ်ခါတည်း ဝင်ပြောလိုက်တယ်။

http:\\www.dhammadownload.com



**နာညော ကောစိ ကာတုံ သက္ကိဿတိ။**

မဟာရာဇ = မြတ်သောမင်းကြီး။ အညော = ကျွန်တော်မမှ တပါးသော။ ကောစိ = တစုံတယောက်သောသူသည်။ ကာတုံ = ပြုခြင်းငှာ။ နသက္ကိဿတိ = စွမ်းနိုင်လိမ့်မည် မဟုတ်ပါ။

အရှင်မင်းကြီး၊ ဟောဒီမာဂဏ္ဍီမှတပါး အခြားတစုံတယောက် သောသူသည် ပြုနိုင်လိမ့်မည် မဟုတ်ဘူး။ မပြုနိုင်ပါဘူး။ ဒီအလုပ်ကို။

**မယာ ကတံ ဒေဝ။**

ဒေဝ = အရှင်မင်းမြတ်။ မယာ = ကျွန်တော်မသည်။ ကတံ= ပြုအပ်ပြီ။

ဒီကိစ္စ ကျွန်တော်မ လုပ်တာပါ။

**အဟံ စူဠပိတရံ အာဏာပေတွာ ကာရေသိံ။**

အဟံ=ကျွန်တော်မသည်။ စူဠပိတရံ=ဘထွေးကို။ အာဏာ ပေတွာ= စေခိုင်း၍။ ကာရေသိံ = ပြုစေပြီ။

သာမာဝတီတို့ အမြစ်ပြုတ်ဖြုတ်တာဟာ ကျွန်တော်မ ဘထွေး တော်ကို ခိုင်းပြီးတော့ အလုပ်ခိုင်းတာတဲ့။ အကုန်လုံး ဘူးပေါ်သလို အကြွင်းမရှိ တစ်ခါတည်းပေါ်တော့တယ်။

စကားလေးမှ ဒီအသွားအပြန် နှစ်ဥာဏ်လောက်ရှိသေးတယ်။ ပေါ်တော့ ဥတေနမင်းက ပညာရှိအမျက် အပြင်မထွက်စေရဆိုတဲ့ အတိုင်း၊ ဘယ့်လောက်ပါးသလဲ။ အားလုံးသိအောင် ဘယ့်နှယ်လုပ် သလဲဆိုတော့ –

**တံ ဌပေတွာ အညော မယိ သိနေဟော သတ္တော နာမ နတ္ထိ။**

မာဂဏ္ဍိယာ = မာဂဏ္ဍီ။ တံ = သင့်ကို။ ဌပေတွာ = ထား၍။ အညော = သင်မှတစ်ပါးသော။ မယိ = ငါ့အပေါ်၌။ သိနေဟော= ချစ်သော။ သတ္တော နာမ = သတ္တဝါမည်သည်။ နတ္ထိ = မရှိပါဘူး။

http:\\www.dhammadownload.com



မာဂဏ္ဍီ မင်းအပြင် ငါ့ကိုချစ်တဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိဘူးဟဲ့။

**"ပသန္နောသ္မိ"** အဟံ = ငါသည်။ ပသန္နော = သင့်ကို သဒ္ဓါရှမ်းစို ကြည်ညိုလှသည်။ အသ္မိ = ဖြစ်ပါ၏။

သိပ်ပြီးတော့ သင့်အပေါ်မှာ ငါ သဒ္ဓါတရားတွေ ဖြစ်တာပဲ။

**ဝရံ တေ ဒမ္မိ။**

တေ = သင့်အား။ ဝရံ = ဆုကို။ ဒမ္မိ = ပေးပါတော့အံ့။

သင့်အား ငါဆုပေးပါရစေတဲ့။

**အတ္တနော ဉာတိဂဏံ ပက္ကောသာပေဟိ။**

အတ္တနော=မိမိ၏။ ဉာတိဂဏံ= ဆွေမျိုးအပေါင်းကို။ ပက္ကောသာပေဟိ = ခေါ်စေလော့။

သင်ရဲ့ အပေါင်းအသင်း၊ သင့်ဆွေမျိုးအပေါင်း အခေါ်ခိုင်းပါတော့။ ဆိုတော့ မာဂဏ္ဍီက အဟုတ်ကို ဆုပေးမယ်ထင်တယ်။ ဆုပေးမယ်ထင်တာနဲ့ သူ့ဘထွေးတော်ရော တစ်ခါတည်း အားလုံး သူ့ဆွေတွေမျိုးတွေကို -

**ရာဇာ မေ ပသန္နော ဝရံ ဒေတိ။**

ရာဇာ = ပြည့်ရှင်မင်းကြီးသည်။ မေ = ငါ့အား။ ပသန္နော= သဒ္ဓါကြည်ညိုသည်ဖြစ်၍။ ဝရံ = ဆုကို။ ဒေတိ = ပေးတော်မူမလို့တဲ့။

**သီဃံ အာဂစ္ဆန္တု** = မြန်မြန်လာကြလို့ ခေါ်တယ်။

ခေါ်လိုက်တော့ အခုန ပုရောဟိတ်ဖြစ်တဲ့ မာဂဏ္ဍီ ခေါင်းဆောင်ပြီးတော့ မာဂဏ္ဍီရဲ့ ဆွေမျိုးတွေ အကုန်လာတယ်။ အဲဒီလာတဲ့ ဆွေမျိုးတွေကို ဥတေနမင်းက အပြုံးမပျက်ဘူး။ ကြည့်ပြီးတော့ ပြုံးလိုက်တာ ကျေးဇူးတင်လွန်းလို့။ မာဂဏ္ဍီရဲ့ ဆွေမျိုးတွေကို ကောင်းကောင်းမွန်မွန် ကျွေးတယ်။ ကောင်းကောင်းမွန်မွန် ညှော်ခံတယ်။ ညှော်ခံသတဲ့။ ကျွေးမွေးသတဲ့။ ဆုက မပေးသေးဘူး။ ပေါ်အောင်လုပ်တာ။

http:\\www.dhammadownload.com



အဲဒီလို မနက်ကျွေး၊ မနက်ညှော်ခံ၊ နေ့ညှော်ခံ၊ ညနေညှော်ခံ တစ်ခါတည်း ဘေးကဟာတွေ ပေါ်ထွက်လာရော။ အဲဒါတွေမြင်တော့ ဆွေမတော် မျိုးမတော်တွေကလည်းပဲ တိတ်တဆိတ် မာဂဏ္ဍီဆီကို လက်ဆောင်တံစိုးထိုးပြီးတော့ ကျွန်မတို့လည်း အရှင်မိဖုရားကြီးရဲ့ ဆွေမျိုးလို့ ပြောပါရစေ။

**မယံ မာဂဏ္ဍိယာယ ဉာတကာ။**

မယံ = ကျွန်တော်တို့လည်းပဲ။ မာဂဏ္ဍိယာယ = မာဂဏ္ဍီ မိဖုရားကြီး၏။ ဉာတကာ = ဆွေမျိုးတွေပါ။ လောဘကြီးတဲ့လူတွေ ဒီနေရာမှာပေါ့လေ။ မဟုတ်တာရော၊ ဟုတ်တာရော အကုန် ဝင်ပါ ကုန်တယ်။ တကထဲ ဟိုက ကောင်းကောင်းမွန်မွန်ကျွေး၊ ကောင်း ကောင်း မွန်မွန် ညှော်ခံနေတာကို။ ပေါ်အောင်စစ်နေတယ်။

## မာဂဏ္ဍီဆွေမျိုးတို့ကို မီးမြှိုက် ထွန်ဖြင့် တိုက်ခြင်း

အဲဒီလို နှစ်ရက်၊ သုံးရက် ဆိုသလိုပေါ့လေ၊ တော်တော့ကို ကုန်လောက်အောင်ကို ဖြစ်လို့။ စုမိပြီ။ ကုန်လောက်ပြီဆိုတော့မှ ဥတေနမင်းတရားက အဲဒီလူတွေ တစ်ယောက်မှ မလွတ်စေနဲ့။ အကုန်ဖမ်း၊ ဟင်း – ဖမ်းပြီး။ အဲဒီလူတွေကို ခါးနစ်လောက်အောင် တွင်းတူး။ တူးပြီးပြီ။ တွင်းထဲ အကုန်ချ။ ချပြီးပြီ။ အားလုံးထိုင်ပစေ။ မြေထဲမြှုပ်။ မြှုပ်ပြီးပြီ။ မြှုပ်ပြီးလို့ရှိယင်ဖြင့် အဲဒီအပေါ်က ကောက်ရိုး တွေ အကုန်ဖြန့်။ ပြီးပါပြီ။ အဲဒါကို မီးတိုက်။ မီးတိုက်လို့၊ မီး လောင်လို့။ အပေါ်က အရေတွေ ဘာတွေနဲ့၊ တစ်ခါတည်း မီးနဲ့ အုံပြီးတော့ တကထဲ တော်တော်နူးနူးနပ်နပ် ဖြစ်လောက်ပြီဆိုတော့မှ အဲဒီအပေါ် သံထွန်သွားတွေနဲ့ တစ်ခါတည်း ထွန်ကြီးတွေနဲ့ လှော်ကက် ထွန်တာပဲ။ အဲဒီလူတွေရဲ့ အသားတွေဟာ အမျှင်အမျှင် တစ်ခါတည်း

http:\\www.dhammadownload.com



ထွက်ကုန်အောင် မာဂဏ္ဍီရဲ့ဆွေမျိုးတွေ အလုပ်ခံရတာ။ မာဂဏ္ဍီမိဖုရားကိုတော့ အဲဒီလိုမဟုတ်ဘူး။ သူ့ကိုယ်က ဆူနိုးရာရာနေရာတွေပေါ့လေ။ ခြေသလုံးသားတွေ၊ လက်မောင်းသားတွေ၊ ဒါတွေ တစ်ခါတည်း အရှင်လိုက် ဓားနဲ့လှီးပြီးတော့ ဆီပူထဲထည့်ကြော်တယ်။ ကြော်ပြီးတော့ စားအုန်းဆိုပြီးတော့ အဲဒီလိုပေးတယ်။ မာဂဏ္ဍီတို့ တစ်မျိုးလုံး အကုန်ပြုတ်သွားပြီ။ ဒါ နန်းတော်မှာ ဖြစ်နေတဲ့သဘော။ ကျောင်းတော်ဘက်ကို လှမ်းမျှော်ကြည့်ရအောင်။ ကျောင်းတော်က သံဃာတော်တွေသည် ဘယ်လိုပြောနေကြတုန်း။ မာဂဏ္ဍီတို့ရဲ့ ဖြစ်ရပ်ကို ကောင်းကောင်း မသိသေးခင်နဲ့တူပါတယ်။ ကျောင်းတော်က သံဃာတော်တွေက ဓမ္မသဘင် ဓမ္မရုံကြီးထဲမှာ ပြောနေကြတယ်။ ဃောသိတာရုံကျောင်းထဲမှာ –

## သာမာဝတီ၏ ရှေးအကုသိုလ်

**အနနုစ္ဆဝိကံ ဝတ အာဝုသော ဧဝရူပါယ သဒ္ဓါယ ပသန္နာယ ဥပါသိကာယ ဧဝံရူပံ မရဏံ။**

အာဝုသော = ငါ့ရှင်ဘုရား ရဟန်းများတို့။ ဧဝရူပါယ = ဤသို့သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော။ ပသန္နာယ = ရတနာသုံးပါးရဲ့ ဂုဏ်ကို အလွန့်အလွန် သက်ဝင်ယုံကြည်သော။ ဥပါသိကာယ = သာမာဝတီကဲ့သို့သော ဥပါသိကာ၏။ ဧဝရူပံ = ဤသို့ သဘောရှိသော။ မရဏံ = မီးလောင်တိုက် အသွင်းခံရ၍ သေရခြင်းသည်။ အနနုစ္ဆဝိကံ ဝတ = မသင့်လေစွ။

မတော်လိုက်လေ ကိုယ်တော်တို့။ ဒါလောက် သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ဥပါသိကာကြီး တစ်ယောက် ဒီလို မီးလောင်တိုက်သွင်းသတဲ့။ မီးနဲ့လောင်ပြီးတော့ သေရတာဖြင့် ဘယ်လိုနည်းနဲ့မှ မတော်လိုက်လေ။

http:\\www.dhammadownload.com



အရေ အရောင် အဆင်မပြေလိုက်လေလို့ ရဟန်းတွေ ပြောဆိုနေတုန်း ဘုရားကိုယ်တော်မြတ်ကြီး ဗုဒ္ဓါသနဓမ္မပလ္လင်ပေါ် ဖြန်းကနဲ ရောက်ပြီး–

**ကာယ နုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ။**

ချစ်သားတို့ – အခု ဘယ်စကားနဲ့များ စည်းဝေးနေကြတုန်း။ ဆိုတော့ –

**ဣမာယ နာမ။**

ဒီပြင်စကား မဟုတ်ပါဘူးဘုရား။ သာမာဝတီလို သာသနာကို သိပ်ပြီးတော့ ကြည်ညိုတဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ဥပါသိကာမကြီး တစ်ယောက် မပြောဝံ့မနာသာ၊ ဤကဲ့သို့ မီးရှို့ခံရပြီးတော့ သေရတဲ့ အသေမျိုးဟာ မတော်လိုက်လေလို့၊ ဒီစကားပြောပြီး နေကြပါတယ် ဆိုတော့မှ – မြတ်စွာဘုရားက –

**ဘိက္ခဝေ ဣမသ္မိံ အတ္တဘာဝေ သာမာဝတိပ္ပမုခါနံ ဣတ္ထီနံ ဧတံ အယုတ္တံ သမ္ပတ္တံ။**

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်သားတို့။ ဣမသ္မိံ အတ္တဘာဝေ=ဤယခုဘဝမှာသာ။ သာမာဝတိမုခါနံ ဣတ္ထီနံ = သာမာဝတီ အမှူးပြုတဲ့ မင်းမိန်းမငါးရာတို့၏။ ဧတံ အယုတ္တံ = ဤသေဖို့ရန် မသင့်လျော်တဲ့အရာသည်။ သမ္ပတ္တံ = ရောက်၍နေ၏။

ချစ်သားတို့ – အခုဘဝ အတ္တဘောမှာသာ သာမာဝတီ အမှူးရှိတဲ့ မိန်းမတို့ရဲ့အဖို့ ဤကဲ့သို့ မီးအလောင်အမြိုက်ခံရပြီးတော့ သေရခြင်းဟာ မသင့်လျော်တဲ့သဘောရောက်တာ။ အခုဘဝ မျက်မြင် ဆိုတော့ မတော်ဘူးပေါ့။

**ပုဗ္ဗေ ကတကမ္မဿ ပန ယုတ္တမေဝ ဧတာဟိ လဒ္ဓံ။**

http:\\www.dhammadownload.com



ပုဗ္ဗေ = ရှေးတုန်းက။ ကတကမ္မဿ ပန = ပြုအပ်သောကံ၏ ကား။ ယုတ္တမေဝ=သင့်လျော်လျောက်ပတ်သည်သာ ဖြစ်သော အကျိုးကို။ တောဟိ = ဤသာမာဝတီအမှူးရှိတဲ့ မောင်းမတို့သည်။ လဒ္ဓံ =ရအပ်ပေ၏။

အေး- ပစ္စုပ္ပန်ဘဝအနေနဲ့ကြည့်ယင်တော့ မသင့်လျော်ဘူးပေါ့။ သူတို့ရှေးကပြုဖူးခဲ့တဲ့ ကံနဲ့ဆိုတော့ အဲဒီပြုအပ်တဲ့ ကံအား လျောက်ပတ်တဲ့ မကောင်းကျိုးကိုပဲ သူတို့ရတာ။

ဒီတော့မှ ရဟန်းတွေက -

**ကိံ ဘန္တေ တောဟိ ပုဗ္ဗေ ကတံ။**

ဘန္တေ=ရှင်ပင်မြတ်ဘုရား။ တောဟိ=ဤမိန်းမတို့သည်။ ပုဗ္ဗေ = ရှေးတုန်းက။ ကိံ = အဘယ်သို့သော မကောင်းမှုကို။ ကတံ = ပြုအပ်ပါခဲ့သနည်းဘုရား။

**တံ နော အာစိက္ခထ။**

တံ =ထိုသာမာဝတီတို့ ရှေးကပြုခဲ့တဲ့ မကောင်းမှုကို။ နော= တပည့်တော်တို့အား။ အာစိက္ခထ = ဖြေကြားတော်မူပါဘုရား။

လျှောက်တယ်။ မြတ်စွာဘုရားက ဒီတော့မှ -

**အတီတေ ဘိက္ခဝေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ရာဇဂေဟေ နိဗဒ္ဓံ အဋ္ဌ ပစ္စေကဗုဒ္ဓါ ဘုဉ္ဇန္တိ။**

စသည်ဖြင့် -- ချစ်သားတို့၊ အတိတ်ဝေးစွာ ရှေးအခါတုန်းက (ဒါလဲပဲ ကဿပ မြတ်စွာဘုရားနဲ့ ဒီဘုရားနှစ်ဆူရဲ့ ကြားကာလ အတိတ်မျိုးပါ) အတိတ်ဝေးစွာ ရှေးအခါတုန်းက ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း မင်းပြုတဲ့အချိန်မှာ အဲဒီမင်းရဲ့နန်းတော်မှာ ပစ္စေကဗုဒ္ဓါ ရှစ်ပါး နေ့စဉ် နေ့စဉ် ဆွမ်းစားကြွတော်မူကြတယ်။

http:\\www.dhammadownload.com



အဲဒီလိုကြွလာတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းရဲ့ နန်းတော်မှာရှိတဲ့ နန်းတွင်းသူငါးရာတို့က ကိုယ်ဖိရင်ဖိ ဂရုတစိုက် ဆွမ်းကပ်ရတယ်။ အဲဒီလို ရက်ပေါင်း၊ လပေါင်း၊ တော်တော်လေးကြာညောင်းတော့ ပစ္စေကဗုဒ္ဓါရှစ်ဆူတို့ အနက် ခုနစ်ဆူသော ပစ္စေကဗုဒ္ဓါတို့ကား ဟိမဝန္တာ နန္ဒမူလကလိုဏ် ပြန်ကြွသွားတယ်။

ရှေ့နန်းတော်ကတော့ ရှစ်ဆူစလုံးပဲ "နန္ဒမူလကလိုဏ်ဂူသို့ ပြန်ဦးမယ် ဒကာတော်"ဆိုပြီးတော့ ပြန်ကြွတယ်။ အဲဒီလိုပြန်ကြွတဲ့ အထဲမှာ ပစ္စေကဗုဒ္ဓါကိုယ်တော် တစ်ဆူကတော့ ဟို ခုနစ်ဆူနဲ့ မလိုက်မပါဘဲနဲ့ အဲဒီဗာရာဏသီပြည်ရဲ့အနီး ဂင်္ဂါမြစ်ကမ်းနားက မြက်တောကြီး တစ်ခုထဲမှာ ဝင်ပြီးတော့ နိရောဓသမာပတ် ဝင်စား နေတယ်။

နိရောဓသမာပတ်ဝင်စားတာက ခုနစ်ရက်ကြာ ဝင်စားတယ်။ ဒီတော့ ဗာရာဏသီဗြဟ္မဒတ်မင်းက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေလည်း ကြွသွားပြီ။ ဒို့ ဝေယျာဝစ္စပြုစရာ မလိုတော့ဘူး။ နည်းသွားပြီ။ ကိုင်း -ကနေ့ ဂင်္ဂါမြစ်သွားပြီးသကာလ ရေကစားရအောင်ဆိုပြီး မောင်းမမိဿံငါးရာသော မိဖုရားတွေနဲ့ ဂင်္ဂါမြစ်သွား။ ရေကစား။ တစ်နေ့လုံး ရေကစားတယ်။

ညနေကျတော့မှ အဲဒီမောင်းမငါးရာက ဂင်္ဂါမြစ်ကမ်းပေါ် တက်တော့ ချမ်းလိုက်တာ ခိုက်ခိုက်တုန်လို့။ ချမ်းလွန်းအားကြီးတော့-

**အမှာကံ အဂ္ဂိကရဏဋ္ဌာနံ ဩလောကေထ**

အမှာကံ = ငါတို့အတွက်။ အဂ္ဂိကရဏဋ္ဌာနံ = မီးလှုံရမယ့် အရပ်ကို။ ဩလောကေထ = ရှာကြ ကြည့်ကြစမ်းပါ။

အခြွေအရံတွေကိုခိုင်းတော့ မနီးမဝေးမှာ အဲဒီမြက်တောကြီး သွားတွေ့တယ်။ မြက်တောဆိုသော်လည်းပဲ ဆိုကြပါစို့ ယာတစ်ကွက်

http:\\www.dhammadownload.com



လောက်ရှိတဲ့ မြက်တောနေမှာပေါ့။ မြက်ခြောက်တောကြီးပေါ့။ ကိုင်းခြောက်တောကြီး ဖြစ်မယ်။ အဲဒါကြီး သွားတွေ့တော့- ဟာ- ဒီမှာတွေ့ပြီဆိုပြီးတော့ ဒါကြီး မီးရှို့တယ်။ အဲဒီအထဲမှာ ပစ္စေကဗုဒ္ဓါက နိရောဓသမာပတ် ဝင်စားနေတယ်။ အဲဒါကြီး မီးရှို့တော့၊ မြက်ခြောက်တောကြီး၊ တစ်ခါတည်း မီးလောင်၊ မီးလှုံကြတယ်။ ဟိုပြဟ္မဒတ်မင်းက မသိဘူး။ တော်တော်ကြာတော့၊ မြက်တွေကုန်တော့၊ အထဲထဲ ပစ္စေကဗုဒ္ဓါကိုယ်တော်ကြီး ထိုင်လျက်သား နိရောဓသမာပတ် ဝင်စားနေတော့ ထိုင်လျက်သား သွားတွေ့တယ်။ သေသေချာချာတွေ့တော့ **"နဋ္ဌာမှာ"**တဲ့။ မိဖုရားအချင်းချင်း ပြောကြတယ်။ မောင်းမမိဿံ အချင်းချင်း။

မယံ=ငါတို့သည်။ နဋ္ဌာ= ပျက်စီးကုန်သည်။ အမှာ=ဖြစ်ကုန်၏။ တို့တော့ ပျက်စီးကုန်ပြီ။ အကျိုးနဲ့ပေါ့။

**အမှာကံ ရညော ပစ္စေကဗုဒ္ဓေါ ဈာယတိ။**

အမှာကံ=ငါတို့၏။ ရညော = ပြည့်ရှင်မင်းကြီး၏။ ပစ္စေက ဗုဒ္ဓေါ = ပစ္စေကဗုဒ္ဓာ အရှင်မြတ်ကို (အဂ္ဂိနာ = မီးဖြင့်) ဈာယတိ= တိုက်မိလေပြီ။

တို့ပြည့်ရှင်မင်းကြီးရဲ့ ပစ္စေကဗုဒ္ဓါကို တို့ မီးရှို့မိလေပြီ။

**ရာဇာ ဉတွာ အမှေ နာသေဿတိ။**

ရာဇာ = ပြည့်ရှင်မင်းကြီးသည်။ ဉတွာ = ဤအကြောင်းကို သိလတ်သော်။ အမှေ = ငါတို့ကို။ နာသေဿတိ = ပျက်စီးစေ လိမ့်မည်။

သူ့ပစ္စေကဗုဒ္ဓါကို သွားပြီးတော့ မီးတိုက်ရမလားလို့ တို့ကိုဖြင့် ပြည့်ရှင်မင်းကြီး ကြီးစွာသောအပြစ်ပေး၍ တို့ကို ပျက်စီးအောင် လုပ်တော့မှာ အမှန်ပဲ။

http:\\www.dhammadownload.com



**သုဒမုံ နံ ကရိဿာမ။**

နံ = ထိုပစ္စေကဗုဒ္ဓါကို။ သုဒမုံ = ကောင်းစွာ လောင်ကျွမ်းအောင်။ ကရိဿာမ = ပြုကြကုန်စို့။

အခု ကောင်းကောင်း မီးမလောင်သေးဘူး။ ဒီတော့ ဒီပစ္စေကဗုဒ္ဓါကိုပေါ့လေ။ တစ်ခါတည်းပြာကျအောင် လုပ်ကြစို့။ သူတို့ကြည့်တော့ ပစ္စေကဗုဒ္ဓါက ထိုင်လျက်။ သင်္ကန်းကိုလည်း မီးမလောင်ဘူး။ ဟန်မပျက်ပန်မပျက် မလှုပ်တော့လဲဘဲ သူတို့က ပျံတော်မူနေတယ် ထင်တာပ။ မီးလောင်လို့ ပရိနိဗ္ဗာန်စံတယ် ထင်တယ်။ ပြည့်ရှင်မင်းကြီးသာ တွေ့သွားယင် သူ့ပစ္စေကဗုဒ္ဓါကို ဒို့မီးရှို့သတ်တယ်ဆိုပြီး တို့ကို ဒဏ္ဍပေးချေရဲ့။ ဒီတော့ ပြည့်ရှင်မင်းကြီးမသိခင် မမြင်ခင် ပြာကျအောင် တို့လုပ်ကြစို့ဆိုပြီးတော့ ဟာ–ထင်းတွေ၊ ဟိုအနား၊ ဒီအနား တစ်ခါတည်းသွားရှာ။ တစ်ခါတည်းထင်းပုံကြီး အကြီးအကျယ်ပုံပြီးတော့ မီးရှို့ခဲ့တယ်။

ဣဒါနိ = ယခုအခါ၌။ ဈာယိဿတိ = ပြာကျတော့မှာပဲ။

စိတ်ချလောက်တော့မှ နန်းတော်ပြန်သွားကြတယ်။ ဒီမှာပေါ့လေ – မြတ်စွာဘုရား ဟောခဲ့တဲ့အတိုင်း၊ အဋ္ဌကထာက –

**တာ ပဉ္စမံ အသဉ္စေတနိကာ ဟုတွာ ကမ္မုနာ န ဗဇ္ဈိံသု။**

တာ = ထိုမင်းမိန်းမငါးရာတို့သည်။ ပဉ္စမံ = ပဉ္စမလက်ဦးတုန်းကတော့။ အသဉ္စေတနိကာ = သတ်လိုသည့်စေတနာ မရှိကြကုန်သည်။ ဟုတွာ = ဖြစ်ကြကုန်၏။ (ဝါ) ဖြစ်ကြသောကြောင့်။ ကမ္မုနာ= အကုသိုလ်ကံဖြင့်။ န ဗဇ္ဈိံသု = မဖွဲ့ကြကုန်။

ပဉ္စမရှေ့ပိုင်းတုန်းက ဘာမှ ဒီအထဲ ပစ္စေကဗုဒ္ဓါရှိတယ်လို့မှ မသိတော့ သတ်လိုတဲ့ ဝဓက စေတနာဖြင့် ပြုလုပ်တာမဟုတ်တဲ့အတွက် အကုသိုလ်ကံ မသင့်ဘူးတဲ့။ အကုသိုလ်ကံ မဖွဲ့မိဘူး။

http:\\www.dhammadownload.com



ဣဒါနိ= ယခုအခါ၌ကား။ ပစ္ဆာ = နောက်မှာ (နောက်ကျတော့) သဒ္ဓေတနာယ = (ပြည့်ရှင်မင်းကြီး မသိခင် အမြန်ပြာကျအောင် လုပ်မှပဲလို့ သတ်လိုတဲ့ စေတနာတွေ ဝင်လာတယ် မသိဘဲသော။ အေး– ကြောက်တာကို အကြောင်းပြုပြီးတော့၊ ဟော – ဒီပစ္စေကဗုဒ္ဓါကို သတ်လိုတဲ့) ဝဓက စေတနာဖြင့် (ဝါ) စေတနာကြောင့်။ ကမ္မုနာ = ပါဏာတိပါတ အကုသိုလ်ကံဖြင့်။ ဗဇ္ဈိသု =နှောင်ဖွဲ့မိကြလေပြီ။

မင်းမိန်းမငါးရာအဝွက် ပဌမပိုင်းတုန်းက သတ်လိုတဲ့စေတနာ မရှိတဲ့အတွက် အကုသိုလ်ကံနဲ့ မဖွဲ့မိဘူးဆိုတာ၊ သူတို့မှာ အကုသိုလ်ကံ မဖြစ်ဘူး။ နောက်ပိုင်းကျတော့ သတ်လိုတဲ့စေတနာ ပါလာလို့ သူတို့ ပစ္စေကဗုဒ္ဓါကို သတ်တဲ့အကုသိုလ်ကံကြီး တစ်ခါတည်း ဖွဲ့မိတယ်။

ဒါဖြင့်ယင် ပစ္စေကဗုဒ္ဓါ ကိုယ်တော်အတွက်ကတော့ကော ဆိုတော့ –

**ပစ္စေကဗုဒ္ဓေါ ပန အန္တောသမာပတ္တိယံ သကဋ္ဌသဟဿေဟိ ဒါရူဟိ အာဟရိတွာ အာလိမ္ပေတွာပိ ဥသ္မာကာရမတ္တမ္ပိ ဂဟေတုံ န သက္ကောတိ။**

ပစ္စေကဗုဒ္ဓေါ ပန=ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်ကိုတော့။ အန္တောသမာပတ္တိယံ = နိရောဓသမာပတ်၏ အတွင်း၌။ သကဋ္ဌသဟဿေဟိ = လှည်းအစီးတစ်ထောင်တို့ဖြင့်။ ဒါရူဟိ = ထင်းတို့ကို။ အာဟရိတွာ =တိုက်ဆောင်၍။ အာလိမ္ပေတွာပိ=မီးတိုက်ကုန်သော်လည်း။ ဥသ္မာကာရမတ္တမ္ပိ = ပူနွေးသောအခြင်းအရာမျှကိုပင်။ ဂဟေတုံ =ယူခြင်းငှာ။ န သက္ကောတိ = မစွမ်းနိုင်ကုန်။

http:\\www.dhammadownload.com



ပစ္စေကဗုဒ္ဓါကိုတော့ နိရောဓသမာပတ်ရဲ့ အတွင်းမှာဆိုယင် ထင်းလှည်းအစီးပေါင်း တစ်ထောင်တိုက်ပြီးတော့ မီးရှို့ဦးတော့ လောင်ဖို့နေနေသာသာ အဲဒီကိုယ်တော်ကို ပုရုံကလေးတောင်မှ မတတ်နိုင်ဘူးတဲ့။

ဒါ သမာပတ်ရဲ့တန်ခိုး။ နိရောဓသမာပတ်ကျတော့ ဒီအခု ဟာက ပစ္စေကဗုဒ္ဓါ။ ဟို – ကကုသန်မြတ်စွာဘုရားရဲ့ သာဝကဝိစုရ မထေရ်၊ သဉ္ဇီဝမထေရ်ဆိုတဲ့ အဲဒီအဂ္ဂသာဝကနှစ်ပါးမှာ၊ သဉ္ဇီဝမထေရ် ဆိုတာလဲပဲ ဒီလိုပဲ မီးရှို့ခံရတယ်။ အဲဒီတုန်းကလဲ မင်းမိန်းမတွေပဲ။ သဉ္ဇီဝမထေရ်ဟာ တစ်ခါတည်း သမာပတ်ကထပြီးတော့၊ ပြာတွေ ခါပြီးတော့ ထသွားတယ်။ အဲ – လူတွေဟာ ကိုယ်တော် ပြန်ပြီး အသက်ရှင်လာသဟ၊ ကိုယ်တော်ပြန်ပြီး အသက်ရှင်လာသဟ– ဆိုပြီးတော့ အဲဒီကစပြီး ကိုယ်တော် သဉ္ဇီဝ၊ သဉ္ဇီဝ = တစ်ဖန်ပြန်ပြီး အသက်ရှင်တယ်ဆိုတာ အဲဒီက စ,တာ။ သဉ္ဇီဝမထေရ်လို့ တွင်တယ်။

အဲ – နိရောဓသမာပတ် သဘောက ဒီအတိုင်းပဲရှိတယ်။

တသ္မာ = ထို့ကြောင့်။ သော = ထိုပစ္စေကဗုဒ္ဓအရှင်မြတ်သည်။ သတ္တမေဒိဝသေ = ခုနစ်ရက်မြောက်သောနေ့၌။ ဥဋ္ဌာယ = နိရောဓ သမာပတ်မှလည်းထ၊ ထိုင်နေရာကထပြီးတော့။ ယထာသုခံ = အလိုရှိတိုင်း ချမ်းသာစွာ။ အဂမာသိ = သွားလေပြီ။

ပစ္စေကဗုဒ္ဓါကတော့၊ ခုနစ်ရက်စေ့တော့ သမာပတ်က ထပြီး တော့ သူအလိုရှိရာ ချမ်းချမ်းသာသာ ကြွသွားရောတဲ့။ အဲဒီသာမာဝတီ အလောင်းဖြစ်တဲ့ အမျိုးသမီးများအတွက်တော့ ဘယ့်နှယ်တုန်း။

**တာ တဿ ကမ္မဿ ကတတ္တာ ဗဟူနိ ဝဿသတသဟဿာနိ နိရယေ ပစ္စိတွာ။**

http:\\www.dhammadownload.com



တာ=ထိုအမျိုးသမီး မင်းမိန်းမငါးရာတို့ကတော့။ တဿ ကမ္မဿ = ထို (ပစ္စေကဗုဒ္ဓါအား နောက်ဆုံးမှာ သတ်လိုသော စေတနာဖြင့် မီးရှို့ခဲ့မှုတည်းဟူသော) ပါဏာတိပါတ မကောင်းမှု အကုသိုလ်ကံကို။ ကတတ္တာ = ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဗဟူနိ ဝဿသတသဟဿာနိ = နှစ် သိန်းပေါင်းများစွာ။ နိရယေ = ငရဲ၌။ ပစ္စိတွာ – ပစ္စိံသု = ကျက်ခဲ့ကြရလေပြီ။

ငရဲမှာ နှစ်ပေါင်းအသိန်းများစွာ ကျက်ခဲ့ရတယ်။ သိန်းပေါင်းများစွာ ပစ္စိတွာ=ကျက်ပြီးတော့။ တဿေဝ ကမ္မဿ = ထိုမကောင်းမှု အကုသိုလ်ကံ၏ပင်လျှင်။ ဝိပါကာဝသေသေန=အကျိုးဝိပါက် အကြွင်းအားဖြင့်။ အတ္တဘာဝသတေ =ကိုယ်အဖြစ်ပေါင်း တရာ၌။ ဣမိနာဝ နိယာမေန = ဤနည်းအတိုင်းပင်။ ဂေဟေ ဈာယမာနေ = အိမ်ကို မီးလောင်လတ်သည်ရှိသော်။ ဈာယိံသု = မီးလောင် သေဆုံးခဲ့ကြရ လေပြီ။

အဲဒီလို မြတ်စွာဘုရားက – အဲဒီမင်းမိန်းမငါးရာကတော့ ဒီမကောင်းမှု အကုသိုလ်ရယ်လို့ သိပ်ကြီးတာမဟုတ်ဘူးနော်။ ပဥ္စမပိုင်းကလို မသိတုန်းကအတိုင်းသာ နေလိုက်မယ်ဆိုယင် ဘာမှ အပြစ်ဖြစ်မှာ မဟုတ်ဘူး။ အဲဒီနောက်ပိုင်းမှာ စိုးရိမ်ကြီးလို့ "ပြည့်ရှင်မင်းကြီး သိရင်ဖြင့် တို့ကို ဒုက္ခပေးတော့မှာပဲ၊ ဒီတော့ မသိအောင် အကြွမ်းပဲ မီးရှို့ကြစို့" ဒီကျတော့ ပါဏာတိပါတ စေတနာတွေက ပါလာတယ်။ အဲဒီမကောင်းမှုအကုသိုလ်ကံကြောင့် နှစ်ပေါင်း အသိန်းများစွာ = သိန်းပေါင်းများစွာ တကာထဲ ငရဲမှာ ကျက်ကြရတယ်။ ငရဲက လွတ်ပြန်တော့လည်း ဒီဝိပါက်အကြွင်း အနေအားဖြင့် ဘဝတစ်ရာတဲ့။ ဒီလိုပဲတဲ့။ ဒီနည်းအတိုင်းပဲ အိမ်မီးလောင်ပြီးတော့ ချည်းထဲ သေကြရတယ်။

http:\\www.dhammadownload.com



**ဣဒံ ဓတာသံ ပုဗ္ဗကမ္မံ။**

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားရဟန်းတို့။ ဣဒံ = ဤသို့ ပစ္စေကဗုဒ္ဓါအား ရှေ့ပိုင်းတုန်းက အကုသိုလ်မဖြစ်ပေမယ့် နောက်ပိုင်း ဝကေဆေတနာပါ၍ မိုးရှိခဲ့ခြင်းဆိုတဲ့ မကောင်းမှုအကုသိုလ်ကံသည်။ ဓတာသံ = ထိုသာမာဝတီအမှူးပြုတဲ့ မောင်းမငါးရာတို့၏။ ပုဗ္ဗကမ္မံ = ရှေးအကုသိုလ်ကံပေ။ ဒီတော့ နားလည်သွားပြီ။ ရဟန်းတွေက သာမာဝတီအဖွဲ့အကြောင်း နားလည်ပြီ။

## ခုဇ္ဇုတ္တရာ၏ ရှေးကံအကြောင်း အဋ္ဌုပ္ပတ်

ခုဇ္ဇုတ္တရာအကြောင်း မေးချင်သေးတယ် ရဟန်းတွေက –

**ခုဇ္ဇုတ္တရာ ပန ဘန္တေ ကေန ကမ္မေန ခုဇ္ဇာ ဇာတာ။**

ဘန္တေ = မြတ်စွာဘုရား။ ခုဇ္ဇုတ္တရာ ပန = ခုဇ္ဇုတ္တရာကတော့ (ကျွန်မကြီးဆိုတဲ့ ပဌမပိုင်း၊ နောက်တော့ သာမာဝတီတို့က အမေအရာ ဆရာအရာထားပြီးတော့ အမျိုးသမီး လောကဘက်က ဂုဏ်ယူ လောက်တဲ့ ခုဇ္ဇုတ္တရာကတော့) ကေန ကမ္မေန =အဘယ် မကောင်းမှု အကုသိုလ်ကံကြောင့်။ ခုဇ္ဇာ = ကုန်းကွသည်။ ဇာတာ =ဖြစ်ပါသနည်း။

ကေန ကမ္မေန = အဘယ် ကောင်းမှုကုသိုလ်ကံကြောင့်။ မဟာပညာ = ကြီးမြတ်သောပညာရှိသည်။ ဇာတာ = ဖြစ်ပါသနည်း။

ကေန ကမ္မေန = အဘယ် ကောင်းမှုကုသိုလ်ကံကြောင့်။ သောတာပတ္တိဖလံ = သောတာပတ္တိဖိုလ်ကို။ အဓိဂတာ = ဆိုက်ရောက် ပါသနည်း။

ကေန ကမ္မေန = အဘယ် မကောင်းမှု အကုသိုလ်ကံကြောင့်။ ပရေသံ=သူတစ်ပါးတို့၏။ ပေသနကာရိကာ=စေခိုင်းသမျှ ပြုလုပ်ရတဲ့ အစေခံမသည်။ ဇာတာ=ဖြစ်ပါသနည်း ဘုရားလို့ –

http:\\www.dhammadownload.com



ခုဇ္ဇုတ္တရာအတွက် ဆက်ပြီးတော့ ရဟန်းများက လေးချက် ပြဿနာ မေးတယ်။ မြတ်စွာဘုရား – ခုဇ္ဇုတ္တရာကတော့ အဘယ် အကုသိုလ်ကံကြောင့် သူ ခါးကုန်းရတုန်း၊

ဘယ်ကောင်းမှုကုသိုလ်ကံကြောင့် အခု နောက်ဆုံး တိပိဋကဓရ တကယ့် မဟာပညာကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ရသလဲ။

ဘယ်ကောင်းမှု ကုသိုလ်ကံကြောင့် သောတာပတ္တိဖိုလ် ရရသလဲ။

ဘယ်အကုသိုလ်ကံကြောင့် အစေခံဖြစ်ရသလဲ။

လေးချက်မေးတယ်။ ဒီတော့ မြတ်စွာဘုရားက ဆက်ပြီးတော့ ခုဇ္ဇုတ္တရာရဲ့ ရှေးကံအကြောင်းလည်း ဟောတယ်။

## (၁) ရှင်ပစ္စေကဗုဒ္ဓာကို ခါးကုန်း၍ ပြောင်လှောင်ခဲ့ခြင်း

**တဿေဝ ဘိက္ခဝေ ရညော ဗာရာဏသိယံ ရဇ္ဇံ ကရဏကာလေ သွေ့ဝ ပစ္စေကဗုဒ္ဓော ထောက် ခုဇ္ဇဓာတုကော အဟောသိ။**

ဘိက္ခဝေ = ရဟန်းတော်များ အို ချစ်သားတို့။ တဿေဝ ရညော = ထိုဗြဟ္မဒတ်မင်း၏ပင်လျှင်။ ဗာရာဏသိယံ = ဗာရာဏသီ ပြည်၌။ ရဇ္ဇံ ကရဏကာလေ = မင်းအဖြစ်ကို ပြုလုပ်ရသောအခါ၌။ သွေ့ဝ ပစ္စေကာဗုဒ္ဓေါ=(မြက်တောကြီးထဲမှာ နိရောဓသမာပတ် ဝင်စားနေတဲ့ မီးအရှို့ခံရတဲ့) ထိုပစ္စေက ဗုဒ္ဓါကိုယ်တော်မြတ်သည် ပင်လျှင်။ ထောက်=အနည်းငယ်။ ခုဇ္ဇဓာတုကော=ခါးကုန်းသော သဘော ရှိသည်။ အဟောသိ= ဖြစ်ခဲ့လေပြီ။

မြက်တောထဲ သမာပတ်ဝင်စားနေလို့၊ မီးအရှို့ခံရတဲ့ ပစ္စေက ဗုဒ္ဓါသည်ပင်လျှင် အဲဒီအခါတုန်းက ခါးနည်းနည်းကုန်းတယ်တဲ့။ ပစ္စေကဗုဒ္ဓါ ရှစ်ဆူထဲမှာပေါ့လေ။ ဟို – ပြန်သွားတဲ့ ခုနစ်ဆူကတော့ ခါးကုန်းတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး။ အခုမီးအရှို့ခံရတဲ့ ပစ္စေကဗုဒ္ဓါ

http:\\www.dhammadownload.com



ကိုယ်တော်မြတ်က အဲဒီဗြဟ္မဒတ်မင်း မင်းပြုစဉ် ရွှေနန်းတော်မှာ ဆွမ်းကပ်စဉ်တုန်းက အနည်းငယ် ခါးကုန်းတယ်၊ အဲဒီ ခါးကုန်းတဲ့ ပစ္စေကဗုဒ္ဓါကို ကြည့်ပြီးတော့ ခုနတုန်းက မင်းမိန်းမ ငါးရာထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြောကြဆိုကြတယ်။ နည်းနည်း နောက်တတ်၊ ပြောင်တတ်တဲ့ မင်းမိန်းမ တယောက်က ကမ္ဗလာကြီးခြုံ သက်န်းလို ဝတ်တာ။ ကမ္ဗလာမှ သက်န်းနဲ့ တူမှာကိုး။ ကမ္ဗလာကိုခြုံ၊ သပိတ်က မရှိတော့ ရွှေခွက်ကြီးကိုပိုက်၊ အဲဒီပစ္စေကဗုဒ္ဓါ ကြွသလို ခါးကို ကုန်းကုန်းပြီးတော့ -

**အမှာကံ ပစ္စေကဗုဒ္ဓေါ ဧဝဋ္ဌ ဧဝဋ္ဌ ဝိစရတိ။**

အမှာကံ =ငါတို့၏။ ပစ္စေကဗုဒ္ဓေါ = ပစ္စေကဗုဒ္ဓာ ကိုယ်တော်မြတ်သည်။ ဧဝဋ္ဌ ဧဝဋ္ဌ = ဤလိုဤလို။ ဝိစရတိ = လှည့်လည်ကျက်စား သွားပေ၏။

ပစ္စေကဗုဒ္ဓါ ခါးကုန်းပုံလေး ကုန်းပြသတဲ့။ ကုန်းပြီးတော့ သွားပြသတဲ့။ ပြတာက သူ့ဟာက ပုံပန်းပေါ်အောင် ကမ္ဗလာနီကြီးက ခြုံရသေးတယ် သက်န်းနဲ့တူအောင်။ ပြီးတော့ သပိတ်ပါအောင် ကလဲပဲ သပိတ်ကမရှိတော့ နန်းထဲမှာကို၊ သပိတ်အစား ရွှေခွက်ကြီးကို ပိုက်ပြီးတော့ ပစ္စေကဗုဒ္ဓါ ခါးကုန်းပြီးတော့ ကြွသွားတဲ့ပုံမျိုး သူက လုပ်လုပ်ပြတယ်။

**တဿ နိဿန္ဒေန ခုဇ္ဇာ ဇာတာ။**

ဘိက္ခဝေ= ရဟန်းတော်များ အိုချစ်သားတို့။ တဿ ကမ္မဿ = ထိုကဲ့သို့ ပြောင်လှောင်ခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံ၏။ နိဿန္ဒေန =အကျိုးဆက်ကြောင့်။ ခုဇ္ဇာ = ခါးကုန်းသည်။ ဇာတာ= ဖြစ်ခဲ့လေပြီ။

http:\\www.dhammadownload.com



ခုဇ္ဇုတ္တရာဆိုတာ နာမည်ရင်းက ဥတ္တရာ။ သူ့ကိုက ခါးကုန်းနေလို့ သူ့ကို ခုဇ္ဇာ+ဥတ္တရာဆိုတဲ့ ပါဠိနှစ်ခု တွဲစပ်ပြီး ခုဇ္ဇုတ္တရာလို့ခေါ်တာ။ အဲဒီ သူခါးကုန်းတာသည် မကောင်းမှု အကုသိုလ်ပဲ။

## (၂) ဆင်စွယ်လက်ကောက် ရှစ်ကွင်းကို သပိတ်ခြေအဖြစ် လှူဒါန်းခဲ့ခြင်း

ဒါဖြင့်ယင် တကယ့်ပညာကြီးတာ၊ သောတာပန် ဖြစ်တာ ဘယ်ကောင်းမှုကဲလဲ ဆိုတဲ့ ဒုတိယအမေး၊ တတိယအမေး အတွက် ကျတော့ မြတ်စွာဘုရားက အဲဒီဘဝတုန်းကပဲ ပစ္စေကဗုဒ္ဓါ အရှင်မြတ် ရှစ်ဆူ ဒီဗာရာဏသီပြည် ဗြဟ္မဒတ်မင်းရဲ့ ရွှေနန်းတော်သို့ ပဋ္ဌမနေ့ ကြွရောက်လာတဲ့ နေ့တုန်းက ပစ္စေက ဗုဒ္ဓါအရှင်မြတ်တွေကို ပဋ္ဌမပိုင်း လာပြီး ဆွမ်းကပ်တယ်။ အဲဒီလာပြီး ဆွမ်းကပ်တဲ့ အချိန် တုန်းက အလွန်ပူတဲ့ နို့ယနာဆွမ်းတွေကို ထည့်ပြီးတော့ (နွားနို့ ဆန်ပြုတ် ဆိုပါစို့)။ အဲဒါပစ္စေကဗုဒ္ဓါတွေရဲ့ သပိတ်ထဲ လှူတဲ့လူက တစ်ခါတည်း သပိတ်ထဲထည့်တယ်။ ပစ္စေကဗုဒ္ဓါတွေ လက်နဲ့ သပိတ်ကိုင်နေတုန်း သပိတ်ထဲ နွားနို့ယာဂု အပူကြီး ထည့်ပြီးတော့ သွားတယ်။ လှူရမှာပဲ။ သူက လှူရမယ်ဆိုတော့ မင်းမိန့်အရ သူက လှူတာ။ သူက ပစ်မှားလိုတဲ့ စိတ်နဲ့လှူတာ မဟုတ်ဘူး။ သူအပြစ် ပြောတာ မဟုတ်ဘူး။ တကထဲ ပူပူသောက်စေလိုလို့။ ဒီတော့ သပိတ်ထဲ အပူကြီးထည့်တော့ သပိတ်ခြေရယ်လို့ မပါဘူး။ သပိတ်ခြေ မပါတော့ ပစ္စေကဗုဒ္ဓါတွေလဲ သပိတ်ကို ဘယ်ဘက်နဲ့ကိုင်လိုက် - ညာဘက်နဲ့ကိုင်လိုက်။ ဘယ်ဘက်က ပူညာဘက်ပြောင်း။ ညာဘက်က ပူ ဘယ်ဘက်ပြောင်း။ သပိတ်ကိုလဲပဲ ဒီမြေကြီးကို မချဘဲကိုး။ ပရိက္ခရာကို ရိုသေတာက။ ပူသကောလို့ သပိတ်ကိုလဲ လွှင့်မပစ်ဘူး။ သပိတ်တည်းဟူသော ပရိက္ခရာကို ရိုသေတဲ့စိတ်နဲ့ ညာဘက်ကပူ

http:\\www.dhammadownload.com



ဘယ်ဘက်ပြောင်း၊ ဘယ်ဘက်ကပူ ညာဘက်ပြောင်း၊ အဲဒီလို တပြောင်းပြန်ပြန် ဘယ်ပြောင်း ညာပြန်။ အဲဒီလိုလှည့်ပြီးတော့ ဒုက္ခရောက်တာ မြင်လို့ ခုဋ္ဌတ္တရာရဲ့ အလောင်းဖြစ်တဲ့ ခုနကတုန်းက ပြောင်တဲ့ အဲဒီ မောင်းမဟာ "အဋ္ဌဒန္တဝလယာနိ"လို့ ဆိုတာပဲ။

ပဉ္စကဗုဒ္ဓါရှစ်ဆူ၊ ဆင်စွယ်လက်ကောက် လက်ကြပ်ရှစ်ကွင်း၊ ဒီတော့ ကနေ့လူတွေလောက် ဟုတ်ပုံမရဘူး။ ဒီ – သပိတ်ခြေ လုပ်လောက်အောက် သူ့ရဲ့ လက်ကောက်၊ လက်ကြပ်ဆိုတာ၊ လက်မောင်းရင်းဝတ်တဲ့ လက်ကောက်။ ဆင်စွယ်လက်ကောက် ရှစ်ကွင်းကို တစ်ခါတည်း ဖြုတ်ပြီးတော့။

ဘန္တေ = အရှင်ဘုရား။ "ဣမ ဌပေတွာ ဂဏှာထ"။ ဣမ= ဤဆင်စွယ်လက်ကောက်ဒို့။ ဌပေတွာ = သပိတ်တော်ကိုထား၍။ ဂဏှာထ = ခံယူတော်မူပါဘုရား။

အရှင်ဘုရားတို့ စိတ်ဆင်းရဲပါတယ်။ သူ့လက်မှာ ဝတ်ထားတဲ့၊ လက်မောင်းရင်း ဝတ်ထားတဲ့ ဆင်စွယ်လက်ကောက် = လက်ကြပ်၊ အိန္ဒိယ ကုလားမကြီးတွေ မှန်းပြီးတော့ ကြည့်ပေါ့ဟုတ်လား။ အဲဒီ ဆင်စွယ်လက်ကောက် = လက်ကြပ် ဘယ်ဘက်ကလေးကွင်း၊ ညာဘက်က လေးကွင်း တစ်ခါတည်း ချွတ်ပြီးတော့ လှူတယ်။ အဲဒီ တုန်းက အလုံးအပေါက်ကလည်းပဲ ကနေ့လူတွေလို မဟုတ်ဘူးနော်။ အသက်တမ်း အနေနဲ့လည်းပဲ ဒီကဿပမြတ်စွာ၊ အနှစ်နှစ်သောင်း တန်း ပွင့်ပြီးတဲ့နောက် အနှစ်တစ်သောင်းတန်း ဆိုလောက်ဆိုနေမှာ။ လူကြီးတွေကလည်း အထည်အလိပ်က ခပ်ကြီးကြီး။ လက်မောင်းကြီး တွေကလည်း ခပ်တုတ်တုတ်။ ဒီတော့ သပိတ်ခြေ လုပ်လောက်တယ်။ အဲဒီတုန်းက ဒီဆင်စွယ်လက်ကောက်ဆိုတာ။ လက်ကောက်ကလဲပဲ ဒီလက်မောင်းရင်းက ဝတ်တဲ့ လက်ကောက် ဆိုကြပါစို့။ ဆင်စွယ် လက်ကောက်။

http:\\www.dhammadownload.com



ဒါနဲ့ ပစ္စေကဗုဒ္ဓါတွေကို တစ်ပါး တစ်ကွင်းစီ အကုန် လျှောက်လှူတယ်။ လျှောက်လှူတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ သည် အဲဒီ လက်ကောက်ပေါ်မှာ သပိတ်ခြေသဖွယ် ပြုပြီးတော့ သပိတ်ကို တင်ပြီးတော့ အလှူခံတော်မူကြတယ်။ ချမ်းသာနေကြ တယ်။ အလှူ ခံပြီးလို့ မိဂဒါဝုန် သွားကြတော့မယ် ဆိုတော့ အလှူ အစ်မဖြစ်တဲ့ မောင်းမရဲ့၊ မင်းမိန်းမရဲ့ စေတနာကို အကဲခတ်သော အနေနဲ့ ပစ္စေကဗုဒ္ဓါ ရှစ်ဆူတို့က ကြည့်နေတယ်။ ကြည့်နေတယ်။ ဘာများ ပြောမလဲဆိုတဲ့ သဘောပေါ့။

အဲဒီလို ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေက ကြည့်နေတော့ လက်ကောက် လှူတဲ့ မင်းမိန်းမက ဘယ့်နှယ်လျှောက်တုန်း -

**နတ္ထိ ဘန္တေ အမှာကံ ဧတေဟိ အတ္ထော။**

ဘန္တေ = အရှင်ဘုရား။ အမှာကံ = တပည့်တော်တို့ အဖို့ရာ။ ဧတေဟိ = ဤဆင်စွယ် လက်ကောက်တို့ဖြင့်။ အတ္ထော =အလိုသည်။ နတ္ထိ = မရှိပါဘုရား။

ဘုရား--တပည့်တော် အဲဒီ ဆင်စွယ်လက်ကောက်တွေ ပြန် မယူချင်ပါဘူး ဘုရားလို့ လျှောက်တယ်။ အလိုမရှိဆိုတာ ပြန်ပြီးတော့ မလိုချင်ပါ။ မယူပါဘူး ဘုရား။ မယူလိုပါဘူး ဘုရား။ ကနေ့လို ယဉ်ယဉ်ကျေးကျေး ပြောမယ်။ (ဟိုက ပါဠိလိုပြောလို့)

**တုမှာကညေ၀ ဧတာနိ ပရိစ္စတ္တာနိ။**

ဧတာနိ=ဤလက်ကောက်တို့ကို။ တုမှာကညေ၀ = အရှင်ဘုရား တို့ အားသာလျှင်။ ပရိစ္စတ္တာနိ = စွန့်လှူအပ်ပြီး ကုန်ပါပြီ ဘုရား။

ဒီလက်ကောက်တွေကို အရှင်ဘုရားတို့အားပဲ လှူပြီး ဖြစ်ပါ တယ်တဲ့။

**တာနိ ဂဟေတွာ ဂစ္ဆထ။**

http:\\www.dhammadownload.com



တာနိ = ထိုလက်ကောက်တို့ကို။ ဂဟေတွာ = ယူ၍။ ဂစ္ဆထ= ကြွတော်မူကြပါဘုရား ဆိုပြီး အပိုင်လှူလိုက်တယ်။ အဲဒီမှာ မြတ်စွာဘုရားက တာကို ဖော်ပြတယ်။ နိဂုံးသိမ်းတယ်။

သာ တဿ ကမ္မဿ နိဿန္ဒေန ဣဒါနိ ဘိပိဋကဓရာ မဟာပညာ ဇာတာ။

သာ = ထိုမင်းမိန်းမသည်။ တဿ ကမ္မဿ = ထိုပစ္စေကဗုဒ္ဓာ အရှင်မြတ်ကြီးတို့အား ဉာဏ်ပညာရှိရှိ ဆင်ဖွယ်လက်ကောက် ရှစ်ကွင်းကို လှူခဲ့ခြင်းတည်းဟူသော ကောင်းမှုကုသိုလ်ကံ၏။ နိဿန္ဒေန =အကျိုးဆက်ကြောင့်။ ဣဒါနိ=ယခုဘဝ၌။ တိပိဋကဓရာ=ပိဋက သုံးပုံဆောင်သော။ မဟာပညာ=ကြီးမြတ်သော ပညာရှိသူသည်။ ဇာတာ = ဖြစ်ခဲ့ပြီ။

အဲ – ပညာကြီးတာဟာ ဒါ့ကြောင့်။ လက်ကောက်ရှစ်ကွင်း လှူခဲ့လို့။ ဒါဖြင့် – သောတာပတ္တိဖိုလ်ရောက်တာ ဘာကြောင့်လဲ။

## (၃) ရှင်ပစ္စေကဗုဒ္ဓါတို့ကို ရိုသေစွာ ဆွမ်းလုပ်ကျွေးခြင်း

ပစ္စေကဗုဒ္ဓာနံ ကတဥပဋ္ဌာနဿ နိဿန္ဒေန ပန သောတာပတ္တိ ဖလံ ပတ္တာ။

ပစ္စေကဗုဒ္ဓါနံ = ပစ္စေကာဗုဒ္ဓါ အရှင်မြတ်တို့အား။ ကတဥပဋ္ဌာန ဿ=(နေ့စဉ်ပြုစုတဲ့ ရှင်ဘုရင်ရဲ့ တာဝန်ပေးချက်အရ) နေ့စဉ် ပြုစု လုပ်ကျွေးခြင်း တည်းဟူသော ကောင်းမှုကုသိုလ်ကံ၏ နိဿန္ဒေန= အကျိုးဆက်ကြောင့်။ (ဣဒါနိ = ယခုအခါ၌) သောတာပတ္တိဖလံ = သောတာပတ္တိဖိုလ်သို့။ ပတ္တာ = ရောက်ရလေပြီ။

ဤကောင်းမှုကုသိုလ်ကံက ဗုဒ္ဓန္တရ ကာလ၌ ဖြစ်ခဲ့တဲ့ ကောင်းမှု။ ဗုဒ္ဓန္တရဆိုတာ ကဿပမြတ်စွာဘုရားနှင့် ဒီဂေါတမဘုရား နှစ်ဆူတို့

http:\\www.dhammadownload.com



ကြားကာလဖြစ်တဲ့ ကောင်းမှု။ ဒီကံက ပြောင်ခဲ့တာလည်းပဲပေါ့လေ။ ဒီဘုရားနှစ်ဆူရဲ့ ကြားကာလမှာ ပြောင်ခဲ့တယ်။ အဲဒီဘဝမှာပဲ ပြောင်တာလဲပဲ ဒီအမျိုးသမီးပဲ။ ဉာဏ်ပညာ ရှိရှိနဲ့ ဆင်စွယ် လက်ကောက်တွေ လှူတာလဲ သူပဲ။ သဒ္ဓါတရား ရှိရှိနဲ့ ပစ္စေကဗုဒ္ဓါ ရှစ်ဆူကိုပေါ့လေ ရှေ့ဆောင်ရှေ့ရွက် လုပ်ပြီးတော့ နေ့တိုင်းနေ့တိုင်း ဘုရင်ရဲ့အမိန့်အရ ဆွမ်းပြုစုတာလဲ သူပဲ။

အဲဒီလို ဆွမ်းပြုစုတဲ့ ကောင်းမှုကြောင့် နောက်ဆုံးသောတာပန် ဖြစ်သွားတယ်။ ဉာဏ်ရှိရှိနဲ့ လက်ကောက်တွေ ချွတ်ပြီးတော့ လှူခဲ့ခြင်းကြောင့် တိပိဋကဓရ ပညာကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ပြောင်ခဲ့ခြင်းကြောင့် ခါးကုန်းတယ်ပေါ့။ အဲဒီ တစ်ဘဝတည်း လုပ်ခဲ့တယ်။

## (၄) ရဟန္တာမကို နိုင်းစေပုံးခြင်း

ကျန်သေးတယ်။ ဘာ့ကြောင့် သူတစ်ပါးရဲ့ အစေအပါး ဖြစ်ရသလဲ။ စတုတ္ထအမေး။ အဲဒါက ကျန်သေးတယ်။ ဟုဝါတယ်။ အဲဒီသူငယ်မအလောင်းဟာ ကဿပ မြတ်စွာသာသနာ ခေတ်တုန်းက သေဋ္ဌေးသမီး တစ်ယောက်ဖြစ်တယ်။ ခုဇ္ဇုတ္တရာ အလောင်းဟာ ကဿပမြတ်စွာ သာသနာ ထွန်းတောက်ပတဲ့ အချိန်အခါတုန်းက သေဋ္ဌေးသမီး တစ်ယောက်တဲ့။ အဲဒီ သေဋ္ဌေးသမီးသည် တစ်နေ့သော် ညနေချမ်း မှန်ကြည့်ပြီးတော့ မိမိအိမ်မှာ မိမိကိုယ်ကို မိမိတန်ဆာဆင်၍ နေတယ်။ ပြင်ဆင်နေတယ်။

အဲဒီ ပြင်ဆင်နေတဲ့ အချိန်မှာ သူ့ရဲ့ သူငယ်ချင်းဖြစ်တဲ့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာထေရီမ တစ်ပါးက သူငယ်ချင်းမဖြစ်ပါ ဒီသေဋ္ဌေးသမီးရဲ့ အိမ်ကို ညနေချမ်း အလည်လာသတဲ့။ ဟာ - ရဟန္တာမက လာရသလားလို့ဆိုတော့ ဟောဒီအဋ္ဌကထာက အထူး ပြောတယ် -

http:\\www.dhammadownload.com



**ဘိက္ခုနိယော ဟိ ခီဏာသဝါပိ သာယနှသမယေ ဥပဋ္ဌာက ကုလာနိ ဒဋ္ဌုကာမာ ဟောန္တိ။**

ဟိ=မှန်၏။ ဘိက္ခုနိယော=ဘိက္ခုနီမတို့သည်။ ခီဏာ သဝါပိ = အာသဝေါကုန်ခန်း ရဟန္တာများ ဖြစ်ကြကုန်ပင်သော်လည်း၊ သာယနှသမယေ = ညနေချမ်းကာလ၌။ ဥပဋ္ဌာကကုလာနိ = ဆွမ်းလှူတဲ့ ဒကာအိမ်တို့ကို။ ဒဋ္ဌုကာမာ = ရှုခြင်းငှာ အလိုရှိကုန်သည်။ ဟောန္တိ = ဖြစ်ကုန်၏။

ဘိက္ခုနီမများဟာတဲ့ အာသဝေါကုန်ခန်းတဲ့ ရဟန္တာထေရီမ များပင် ဖြစ်လင့်ကစားတဲ့၊ ညနေကျပြီ ဆိုယင် ကိုယ်ဆွမ်းခံတဲ့အိမ်ကို အင်မတန် ကြည့်ချင်သတဲ့။ ဒါအထူးပြောတာ။ ကြည့်ရှုလိုကြတယ်တဲ့။

ဒါကြောင့် အဲဒီ လူ့ဘဝတုန်းက သူငယ်ချင်းမ။ ယခု အသဝေါကုန်ခန်းလို့ ရဟန္တာထေရီ ဘိက္ခုနီမက သူ့သူငယ်ချင်းမ သေဋ္ဌေးသမီး အိမ်ကိုသွားတယ်။ ဟိုက သေဋ္ဌေးသမီးက မှန်ကြည့်ပြီး တော့ အင်မတန် ပြင်ဆင်နေတဲ့ အခါမှာ အနီးအပါးမှာ သွားပြီး သူငယ်ချင်း ချင်းပေါ့လေ၊ စိတ်ကူးနဲ့သာ ကြည့်ပေတော့။ ကနေ့ ဆိုလို့ရှိယင်ပေါ့လေ။ ဘိက္ခုနီမတော့ မရှိဘူး။ လူ့ဘဝတုန်းကတော့ သူငယ်ချင်းချင်း တစ်ယောက်က သီလရှင် ဖြစ်နေတယ် ဆိုပါစို့။ ညနေချမ်းကျပြီ ဆိုယင် သူငယ်ချင်း လှူဝတ်ကြောင်ဆီ သွားပြီးလဲပဲ အမျိုးသမီးချင်း ဆိုတော့ သဘာဝချင်း နီးနီးရင်းရင်း အနားမှာ နေ သလို အခု ရဟန္တာ ထေရီမကလည်း ဒီသေဋ္ဌေးသမီး အနားမှာ သွားပြီးတော့ နေတယ်။ သေဋ္ဌေးသမီးက ဘယ့်နှယ်ပြောသလဲ။

**ဝန္ဒာမိ အယျေ။**

အယျေ = ရှင်မ။ ဝန္ဒာမိ = ရှိခိုးပါ၏။

http:\\www.dhammadownload.com



ရှိနိုးပါတယ် အရှင်မပေါ့လေ။

ဇတံ တာဝ မေ ပဿာဒနပေဋကံ ဂဟေတွာ ဒေထ။

တာဝ=ရှေးဦးစွာ။ မေ = ကျွန်ုပ်တော်မ၏။ ဇတံ ပဿာဒန ပေဋကံ = ဟောဟို အဆင်ပြေ ... ထည့်ထားတဲ့ ပခြုပ်ကလေးကို။ ဂဟေတွာ = ယူ၍။ ဒေထ = ပေးလိုက်စမ်းပါအုန်း။

အရှင်မ – ရှိနိုးပါရဲ့။ ... ဟောဟို (ဆိုကြပါစို့ – ဆွဲကြိုးဆိုပါစို့) "... ဟောဟို ပခြုပ်ကလေး ယူပေး လိုက်စမ်းပါ"။ ... ပြောဟယ်။ ... အာသဝေါကုန်ခန်းတဲ့ ဘိက္ခုနီ ရဟန္တာ ... စဉ်းစား...တဲ့။

သစေသာ ... ဂဟိတွာ န ဒဿာမိ။

အဟံ=ငါ...။ ... =ညှိုသို့ ပြောတဲ့ တန်ဆာထည့်ထားတဲ့ ပခြုပ်ကို။ ... ယူ၍။ သစေ န ဒဿာမိ = အကယ်၍ မပေး ငြားအံ့။ (ငါမပေး...)

မယိ အာဃာတံ ... ကတွာ နိရယေ နိဗ္ဗတ္တိဿတိ။

အဿာ=ထိုသူငွေးသမီးသည်။ မယိ=ငါ့အပေါ်၌။ အာဃာတံ ကတွာ=ရန်ငြိုးဖွဲ့၍။ နိရယေ နိဗ္ဗတ္တိဿတိ=ငရဲ၌ ဖြစ်ရာလိမ့်မယ်။

ငရဲကျမှာ အမှန်ပဲ။ သူတောင်းတဲ့အတိုင်း ငါ ယူမပေးလိုက်ယင် ငါ့အပေါ်မှာ အာဃာတ=ဒေါသရန်ငြိုး ပြုလုပ်တဲ့အတွက် ငရဲကျ ရာတော့မယ်။

သစေ ပန ဒဿာမိ = အကယ်၍ သူခိုင်းတဲ့အတိုင်း ငါယူ၍ ပေးလိုက်ငြားအံ့။ ပရဿ = သူတစ်ပါး၏။ ပေသနကာရိကာ= အစေ အပါးခံသည်။ ဟုတွာ=ဖြစ်၍။ နိဗ္ဗတ္တိဿတိ=ဖြစ်ရပေတော့မယ်။

သူတော့ဖြင့် အနှောင့်မလွတ် အသွားမလွတ်ဘဲ။ ငါတကယ်လို့ ယူမပေးယင်လည်း သူ့ငါ့ကို စိတ်ဆိုးတဲ့အတွက် သူအပါယ် ကျရာ

http:\\www.dhammadownload.com



တော့မယ်။ ငရဲကျရာမယ်။ အကယ်၍ ငါသူ့အလိုလိုက်ပြီး ယူလိုက်လို့ရှိယင်လဲပဲ သူတစ်ပါးရဲ့ အစေအပါးတော့ ဖြစ်ရာတော့မယ်။

**နိရယသန္တာပတော ခေါ ပန ပရဿ ပေသနဘာဝေါ သေယျော။**

ခေါ ပန = စင်စစ်သော်ကား။ နိရယသန္တာပတော = ငရဲမီးအပူလောင်ခံရသော ထက်တော့ဖြင့်။ ပရဿ=သူတစ်ပါး၏။ ပေသနဘာဝေါ=အစေအပါး ဖြစ်ရခြင်းကသာလျှင်။ သေယျော=မြတ်သေး၏။

သူကတော့ တစ်ခုခုတော့ ခံရမှာပဲ။ ငါ့သူငယ်ချင်းမ၊ သူခိုင်းတဲ့အတိုင်း ငါယူမပေးယင် ငါ့စိတ်ဆိုးမယ်။ ရန်ငြိုးထားပြီး ငရဲကျတော့မယ်။ သူခိုင်းတဲ့အတိုင်း ယူပေးပြန်ယင်လည်း သူတစ်ပါးရဲ့ အစေအပါးဖြစ်ရရှာလိမ့်အုန်းမယ်။ ဒီနှစ်မျိုးမှာ ငရဲမီး လောင်တာထက်တော့ သူတစ်ပါးရဲ့ အစေအပါး ဖြစ်ရတာက တော်သေးရဲ့။ အဲဒီလိုစိတ်ကူးနဲ့ အကြံရပြီးတော့ (ကိုင်းဆိုကြပါစို့ရဲ့) ဘိက္ခုနီမက အဲဒီအဆင်တန်ဆာထည့်တဲ့ ပခြုပ်ကလေးကို သူပြောတဲ့အတိုင်း ယူပေးလိုက်တယ်။

တဿ **ကမ္မဿ နိဿန္ဒေန ပရေသံ ပေသနကာရိကာ ဇာတာ။**

တဿ ကမ္မဿ = ထိုရဟန္တာ ထေရီမအား စေခိုင်းခဲ့ခြင်းတည်းဟူသော မကောင်းမှု အကုသိုလ်ကံ၏။ နိဿန္ဒေန = အကျိုးဆက်ကြောင့်။ ပရေသံ – သူတစ်ပါးတို့၏။ ပေသနကာရိကာ=ခစသမျှပြုလုပ်ရတဲ့ အစေခံမသည်။ ဇာတာ = ဖြစ်ခဲ့လေပြီ။

http:\\www.dhammadownload.com



## ရှင်လျက်သေသူနှင့် သေလျက်ရှင်သူ

အဲဒါ ပြီးပြန်ရော တစ်ပိုဒ်။ ဟို = နောက်တစ်ရက် တစ်ရက် တစ်ရက် ဆိုကြပါစို့။ သာမာဝတီတို့ မီးရှို့ခံရတဲ့ ရက်လောက်တုန်းက ဒီဟာတွေ ပေါ်ကုန်ကြတယ်။ နောက်တော့ ဥတေနမင်းကြီး ဘုရားရှိခိုး မာဂဏ္ဍီတို့ကို ဟောဒီလို ပြုလုပ်ပေါ့တဲ့။ နှစ်ဘက် သတင်းစုံတဲ့ အခါကျတော့ တစ်နေ့ရဟန်းတွေက ဓမ္မသဘင်၌ ဘာပြောကြသလဲ။

သာမာဝတီပ္ပမုခါ ပဉ္စသတာ ဣတ္ထိယော=သာမာဝတီ မှူး ပြုတဲ့ ငါးရာသော မင်းမိန်းမတို့သည်။ ဂေဟေ = နန်းတွင်း၌။ အဂ္ဂိနာ = မီးဖြင့်။ ဈာယိံသု = လောင်ကျွမ်း၍ သေကြရှာလေကုန်ပြီ။

သာမာဝတီ မိဖုရားနဲ့ ငါးရာသော မင်းမိန်းမများဟာ နန်းတော်မှာ မီးလောင်၍ သေကြတယ်။

မာဂဏ္ဍိယာယ ဉာတကာ = မာဂဏ္ဍီမိဖုရားရဲ့ ဆွေမျိုးတွေက တော့။ ဥပရိ = အထက်၌။ ပလာလဂ္ဂိ = ကောက်ရိုးမီးကို။ ဒတွာ =ပေး၍။ အယနင်္ဂလေဟိ=သံထွန်သွားတို့ဖြင့်။ ဘိန္နာ=အထွန်အယက် ခံကြရကုန်ပြီ။

မာဂဏ္ဍိယာ=မာဂဏ္ဍီကတော့။ ပက္ကုထိတတေလေ=ကျိုက်ကျိုက် ဆူသောဆီ၌။ ပက္ကာ=အကြော်ခံရလေပြီ။

မာဂဏ္ဍီကတော့ ကျိုက်ကျိုက်ဆူသော ဆီထဲသင်းကို ထည့်ပြီး တော့ အကြော်ခံရတယ်။

ဧတ္ထ = ဤမာဂဏ္ဍီတို့ လူစုနှင့် သာမာဝတီတို့ လူစု ဤနှစ်စု တို့တွင်။ ကေနုခေါ = အဘယ်သူတို့သည်။ ဇီဝန္တိ နာမ =အသက်ရှင် ကြသည် မည်ကုန်သနည်း။ ကေ နု ခေါ=အဘယ်သူတို့သည်။ မတာ နာမ= သေကြသည်မည်သနည်း။

http:\\www.dhammadownload.com



"ဒီပုဂ္ဂိုလ် နှစ်စုမှာ ဘယ်သူက သေတာမည်၍ ဘယ်သူက ရှင်တာ မည်ပါလိမ့်"ဟု အချင်းချင်း ပြောဆိုနေကြတယ်။ စကားက ရှိသကိုး သူတို့ ဟိုအိန္ဒိယ နယ်ပယ်ကြတော့ –

**သရီရဿ ဂုဏာနဉ္စ၊ ဒူရ + မစ္စန္တ + မန္တရံ။**

**သရီရ ခဏဝိဒ္ဓံသိ၊ ကပ္ပန္တဋ္ဌာယိနော ဂုဏာ။**

**(ဟိတောပဒေသ၊ မိတ္တလာဘ ဂါထာ = ၄၉)**

သရီရဿ=ကိုယ်ခန္ဓာ၏ လည်းကောင်း၊ ဂုဏာနဉ္စ = ကိုယ်မှာ တည်တဲ့ ဂုဏ်ကျေးဇူးတို့၏ လည်းကောင်း။ အန္တရံ = ခြားနားချက် သည်။ အစ္စန္တံ = စင်စစ်။ ဒူရံ = ဝေးကွာလှ၏။

သရီရံ ခဏဝိဒ္ဓံသိ = ခန္ဓာကိုယ်ကြီးဆိုတာ ခဏအတွင်းနဲ့ပဲ ပျက်စီးသွားတယ်။ သူ့အသက်တမ်းစေ့ယင် ပျက်စီးကြတာပဲ။ ဂုဏာ = ဂုဏ်ကျေးဇူးတို့ကတော့။ ကပ္ပန္တဋ္ဌာယိနော = ကမ္ဘာပျက်ပြုန်း ဆုံးသည့်တိုင်အောင် တည်ရှိကြကုန်၏။

အဲဒီလို ဒ္ဂ ဘို့က အိန္ဒိယမှာ ဆိုတာက ဒီနိတိ = လောကီ ဗဟုသုတ တွေက ရှိပြီးသား။ ဒါကြောင့် သေတော့ သေကြတာပဲ။ ဒါပေမယ့် ဒီလိုသေကြတဲ့ လူတစ်စုမှာ ဘယ်သူက သေတာမည်၍ ဘယ်သူက သေတာမမည်ပါလိမ့်။ ဘယ်သူက အသက်ရှင်တယ်လို့ မည်ပါလိမ့်။ ထူးထူးဆန်းဆန်း ရဟန်းတွေ ကြုံကြတယ်။ ဘုရားကြွ လာတော့ "က ‌သနုတ္တ"နဲ့ မေးပြန်တယ်။ ဘယ်စကားနဲ့ ချစ်သားတို့ စည်းဝေးနေကြတုန်း။

သာမာဝတီတို့နဲ့ မာဂဏ္ဍီတို့ ဘယ်သူ သေတာမည်လို့၊ ဘယ်သူ ရှင်တာ မည်သလဲလို့ မဝေခွဲနိုင်လို့ တပည့်တော်တို့ ဆွေးနွေးနေကြတယ် ဆိုတော့မှ မြတ်စွာဘုရားက –

**ဘိက္ခဝေ ယေကေစိ ပမတ္တာ၊ တေ ဝဿသတံ ဇီဝန္တာပိ မတာယေဝ နာမ။**

http:\\www.dhammadownload.com



ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ ယေကေစိ = အမှတ်မထင် အကြင်သူတို့သည်။ ပမတ္တာ= မေ့လျော့ကြကုန်၏။ တေ = ထိုကုသိုလ်ဆယ်သင်း၌ မေ့လျော့ခြင်း ရှိကြတဲ့ ပုဂ္ဂိုလ်တို့သည်။ ဝဿသတံ ဇီဝန္တာပိ = အနှစ်တစ်ရာပင် အသက်ရှင်ကြကုန်သော်လည်း။ မတာယေဝ နာမ = သေသူတို့သာလျှင် ကေန်မည်ကုန်၏။

**ယေ အပ္ပမတ္တာ၊ တေ မတာပိ ဇီဝန္တိယေဝ။**

ယေ = အကြင်သူတို့သည်။ အပ္ပမတ္တာ = ကုသိုလ်ကောင်းမှု၌။ မမေ့မလျော့ကုန်။ တေ=ထိုကုသိုလ်ကောင်းမှု၌ မမေ့မလျော့တဲ့ လူတို့သည်။ မတာပိ=သေပင် သေသော်လည်း။ ဇီဝန္တိယေဝ= ကေန်ပင် အသက်ရှင်ကြသူတို့ မည်ကုန်၏။

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့တဲ့ ပုဂ္ဂိုလ်ဆိုယင် သေသွားတောင်မှ အသက်ရှင်ကြသူ မည်တယ်တဲ့။

**တသ္မာ မာဃဏ္ဍိယာ ဇီဝန္တီပိ မတာယေဝ နာမ။**

တသ္မာ =သို့ရကား။ မာဂဏ္ဍိယာ = မာဂဏ္ဍီသည်။ ဇီဝန္တီပိ= အသက်ရှင်၍ပင် နေငြားသော်လည်း။ မတာယေဝ နာမ = သေပြီးသည်သာလျှင် မည်၏။

မာဂဏ္ဍီဟာ အသက်ရှင်နေပေမယ့်လို့လဲပဲ သူ သေသူသာ မည်တယ်။

**သာမာဝတိပ္ပမုခါ ပဉ္စသတာ ဣတ္ထိယော မတာပိ ဇီဝန္တိယေဝ နာမ။**

သာမာဝတိပ္ပမုခါ = သာမာဝတီ အမှူးပြုလုပ်သော။ ပဉ္စသတာ ဣတ္ထိယော = ငါးရာသော မင်းမိန်းမတို့သည်။ မတာပိ = သေပင် သေကုန်သော်လည်း။ ဇီဝန္တိ ယေဝ နာမ = ကေန်အသက်ရှင်သူတို့သာလျှင် မည်ကြပေကုန်၏။

http:\\www.dhammadownload.com



**န ဟိ ဘိက္ခဝေ အပ္ပမတ္တာ မရန္တိ နာမ။**

ဟိ = မှန်၏။ ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ အပ္ပမတ္တာ = မမေ့မလျော့တဲ့ ပုဂ္ဂိုလ်တို့သည်။ မရန္တိနာမ =သေကြသု မည်ကုန်သည်။ န = မဟုတ်ကုန်။

ချစ်သားတို့ ကုသိုလ်ကောင်းမှုကို မမေ့ယင် အဲဒီပုဂ္ဂိုလ်ဟာ သေပေမယ်လို့ သေတယ်ကို မမည်ဘူးတဲ့။ ဒီလိုပြောတယ်။ အဲဒီလို စကားကြီး ခြောက်ခွန်း မိန့်ညွှန်းပြီးတော့ မြတ်စွာဘုရား ဓမ္မဒေသနာ ဂါထာ တံဆိပ်ခတ်နှိပ်တော် မူလိုတဲ့အတွက် -

**အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။**

**အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။**

**(ဓမ္မပဒ၊ ဂါထာ ၂၁)**

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ အပ္ပမာဒေါ = ကုသိုလ်ဆယ်စု၌ မမေ့မလျော့ခြင်းသည်။ အမတ ပဒံ = အမြိုက်နိဗ္ဗာန် မသေခြင်းရဲ့ အကြောင်းပါပေ။ (အပ္ပမာဒ တရားသည် မသေခြင်းရဲ့ အကြောင်းတရားပါ)။ ပမာဒေါ = ကုသိုလ်ဆယ်သင်း မေ့လျော့ခြင်း သည်။ မစ္စုနော ပဒံ = သေခြင်း၏ အကြောင်းပါပေ။ (ပမာဒသည် သေခြင်းရဲ့အကြောင်း)

အပ္ပမတ္တာ=ကုသိုလ်ဆယ်သင်း မေ့လျော့ခြင်း မရှိကြတဲ့ ပုဂ္ဂိုလ် တို့သည်။ န မီယန္တိ = မသေကြကုန်။ ပမတ္တာ = မေ့လျော့ကုန်သော။ ယေ=အကြင်သူတို့သည်။ မတာ=သေသူတို့ မည်ကုန်သည်။ ဟောန္တိ ယထာ=ဖြစ်ကုန်သကဲ့သို့။ အပ္ပမတ္တာ = မမေ့မလျော့သော သူတို့သည် န မီယန္တိ = သေကြသည် မမည်ကုန်။

ကုသိုလ်ကောင်းမှု မေ့လျော့တဲ့ ပုဂ္ဂိုလ်တွေဟာ အသက်ပင် ရှင်နေပေမယ်လို့ သေတဲ့ လူတွေပဲမည်တယ်။ အပ္ပမာဒ မမေ့မလျော့တဲ့ ပုဂ္ဂိုလ်တွေကျတော့ အဲဒီလို မဟုတ်ဘူး။ သေတယ်လို့ကို မမည်ဘူး။

http:\\www.dhammadownload.com



**ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။**

**အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။**

**(ယင်း၊ ၂၂)**

ပဏ္ဍိတာ = ပညာရှိတို့သည်။ ဧဝံ = ဤသို့။ အပ္ပမာဒမှိ = ကိုသိလ်ဆယ်သင်း မမေ့မလျော့ခြင်း၌။ ဝိသေသတော = အထူးအားဖြင့်။ ဉတွာ=သိပြီးကြ၍။ အရိယာနံ=အရိယာပုဂ္ဂိုလ်တို့၏။ ဂေါစရေ =ကျက်စားရာ အာရုံဖြစ်တဲ့ အပ္ပမာဒ ခေါ်ရတဲ့ ဗောဓိပက္ခိယ ဓမ္မအပြား ၃၇ ပါး၌။ ရတာ = မမေ့လျော့နှစ်ခြိုက် ပျော်ပိုက်ကြကုန်သည်ဖြစ်၍။ အပ္ပမာဒေ = အပ္ပမာဒတရား၌။ ပမောဒန္တိ =ဝမ်းမြောက်ကြကုန်၏။

မြတ်စွာဘုရားက အပ္ပမာဒရဲ့ ဂုဏ်ကျေးဇူးကို အဲဒီလို ဖော်ပြတယ် -

**တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှပရက္ကမာ။**

**ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။ (ယင်း၊ ၂၃)**

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့။ တေ=ထိုအပ္ပမာဒတရား၌ နှစ်ခြိုက်မမေ့လျော့ ပျော်ကြတဲ့ ပုဂ္ဂိုလ်တို့သည် (အပ္ပမာဒတရားမှာသာ နေ့နေ့ညည ပျော်နေကြယင်) ဈာယိနော =အာရမ္မဏူလက္ခဏူပနိဇ္ဈာန ဈာန်တရားဝင်စားလေ့ ရှိကြကုန်သည်ဖြစ်၍ (အပ္ပမာဒတရားမှာသာ မမေ့လျော့ နှစ်ခြိုက်ပျော်ပိုက် နေနိုင်ယင် အာရမ္မဏူပနိဇ္ဈာန ဈာန်ဆိုတဲ့ သမထဘာဝနာ။ လက္ခဏူပနိဇ္ဈာန ဈာန်ဆိုတဲ့ ဝိပဿနာဘာဝနာ အဲဒီဈာန်နှစ်ပါး ဝင်စံနိုင်ရော။ သမထဈာန်ကိုလည်း ဝင်စားနိုင်တယ်။ ဝိပဿနာဆိုတဲ့ လက္ခဏူပနိဇ္ဈာနဈာန်ကိုလည်း ဝင်စားနိုင်တယ်)

http:\\www.dhammadownload.com



သာတတိကာ = အမြဲမပြတ် လုံ့လကြိုးကုတ် အားထုတ်ကုန်သည် ဖြစ်၍။ နိစ္စံ = အမြဲ။ ဒဠှပရက္ကမာ = ခိုင်ခန့်သော ပရက္ကမဓာတ် လုံ့လဝီရိယ ရှိကြကုန်သည်ဖြစ်၍။ ယောဂက္ခေမံ = ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ= အတုမရှိမြတ်သော။ နိဗ္ဗာနံ= နိဗ္ဗာန်သို့။ ဖုသန္တိ = အရဟတ္တဖိုလ်ပေါက် ရောက်ကြရလေကုန်၏။

အပ္ပမာဒ တရားသာ လက်ကိုင်ထားပါ။ ကုသိုလ်ကောင်းမှုကို မမေ့မလျော့ခြင်းဆိုတဲ့ အပ္ပမာဒတရား = အခါခပ်သိမ်း ကုသိုလ်ကို သတိအမြဲပြုနေတဲ့ အပ္ပမာဒတရား လက်ကိုင်ထားလို့ရှိယင် အာရမ္မဏူပနိဇ္ဈာနရှာန်ဆိုတဲ့ သမထဘာဝနာကိုလဲ ပွားနိုင်တယ်။ လက္ခဏူပနိဇ္ဈာနရှာန်ဆိုတဲ့ ဝိပဿနာ ဘာဝနာလဲ ပွားနိုင်တယ်။ အဲဒီ လို ပွားများလို့ အမြဲမပြတ် သမထ ဝိပဿနာ ဘာဝနာတရားပွားလို့ ဒဠှပရက္ကမ = တကယ်မြဲမြဲ ခိုင်ခန့်တဲ့ လုံ့လဝီရိယဓာတ် ရှိလာပြီဆိုတဲ့ အဲဒီပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မြိုင်မြိုင်ကြီး ဆိုက်ရောက်ကြရပါတယ်။

အဲဒီလို ဒေသနာလဲဆုံးရော -

**ဒေသနာပရိယောသာနေ ဗဟူ သောတာပန္နာဒယော အဟေသုံ။**

ဒေသနာပရိယောသာနေ = ဒေသနာနိဂုံး ဆုံးသောအခါ၌။ ဗဟူ = များစွာကုန်သော ရဟန်းတို့သည်။ သောတာပန္နာဒယော = တချို့ကိုယ်တော်တွေသောတာပန်၊ တချို့ကိုယ်တော်တွေ သကဒါဂါမ်၊ တချို့ကိုယ်တော်တွေ အနာဂါမ်၊ တချို့ကိုယ်တော်တွေ ရဟန္တာ တို့သည်။ အဟေသုံ = ဖြစ်ကြလေကုန်၏။

ဒေသနာ = အပ္ပမာဒတရား ဒေသနာသည်။ မဟာဇနဿ = လူများအပေါင်းအား။ သာတ္ထိကာ = အကျိုးရသော တရားဒေသနာ သည်။ ဇာတာ = ဖြစ်ခဲ့လေပြီ။

http:\\www.dhammadownload.com



သာမာဝတီဝတ္ထု ဒီမှာပြီးတယ်" ဆုံးတယ်။ အဋ္ဌကထာက သာမာဝတီဝတ္ထု နိဂုံးသတ်ပါပြီ။ ဒီသာမာဝတီဝတ္ထုကြီးကို ခြောက်ကြိမ် တိုင်အောင် ဟောရတာဟာ အဲဒီအထဲမှာပါတဲ့ ခုဇ္ဇုတ္တရာ = ရှင်မ ခုဇ္ဇုတ္တရာသည် သာသနာတွင် အမျိုးသမီး ဥပါသိကာဘက်က ဉာဏ်ပညာကြီးတဲ့ နေရာမှာ သာသနာ့ချိန်ခွင်ကြီးမို့လို့ ရှင်မခုဇ္ဇုတ္တရာ ဟောချင်တာ၊ ပြောချင်တာ။ တစ်နွယ်ငင်လို့ သာမာဝတီတို့၊ မာဂဏ္ဍီတို့ ဝါသုလဒတ္တာတို့၊ ဥတေနတို့ဆိုတဲ့ တစ်စင်လုံး ပါပြီးတော့ ဘုန်းကြီးမှာ ပြောနေရပါတယ်။

ဒီတော့ အမျိုးသမီး ချိန်ခွင်နှစ်ဘက်မှာ ခုဇ္ဇုတ္တရာဆိုတဲ့ အမျိုးသမီးချိန်ခွင် တစ်ဘက်ပြီးသွားပြီ။။ ဝေဠုကဏ္ဍကမြို့သူ "နန္ဒမာတာ"ဆိုတဲ့ အမျိုးသမီး တစ်ဘက်။ ဒါက ကျန်နေပါတယ်။ ဒါက နောက်အခြေအနေပေးတဲ့ ညတရားပွဲ တစ်ခုခုမှာတော့ ဟော ရမယ်ပေါ့။ အခုတော့ အမျိုးသမီး ချိန်ခွင်တစ်ဘက်ဖြင့် ပြီးပြီ။ ကျန်တဲ့အမျိုးသမီး ချိန်ခွင်တစ်ဘက် ဝေဠုကဏ္ဍက မြို့သူနန္ဒမာတာက တစ်ညတည်းပဲ တရားဟောယင် ပြီးပါတယ်။

*

http:\\www.dhammadownload.com



## နိဂုံးဆုတောင်း

ဤသို့လျှင် သာမာဝတီဝတ္ထု အကြောင်းအရာနှင့် စပ်သော တရားစကား ဒက္ခိဏာဝိဘင်္ဂသုတ် တရားစကား နာကြားရခြင်းတည်း ဟူသော ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလဆောက်တည်ရခြင်း သီလမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ရေမီးမင်းခိုးသူ မချစ်မနှစ်သော အမွေခံဆိုး ရန်သူမျိုးငါးပါးတို့နှင့် အမြဲတစေ ဆက်ဆံဝန်းရံ၍ နေရကား၊ ဧကန်စင်စစ် အနှစ်သာရ မဟုတ်သော မိမိတို့၏ စီးပွားဥစ္စာ၏ အနှစ်သာရ ဖြစ်သော ဒါန ကောင်းမှုကို ချီးကျူးအံ့သောငှာ မြတ်စွာဘုရား အမှူးပြုသော ပင့် သံဃာ (၁၀၁) တစ်ရာ့တစ်ပါး အရှင်မြတ်များအား ရှစ်ပါးသော ပရိက္ခရာတို့ကို အဦးပြု၍ များစွာသော စာရေးတံ အလှူဝတ္ထုနှင့်တကွ အိမ်၏ အသုံးအဆောင် ဖြစ်သော အိမ်ထောင်မှု အခမ်းအနား ပစ္စည်းများကို စာရေးတံ မဲချ၍လှူခြင်း သလာကဒါန၊ ဘုရား အမှူး ရှိသော သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ဖြင့် သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်း ဘည်းဟူသော ဗုဒ္ဓ ပမုခသံဃဒါန ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဤသို့ ပေါင်းအပ် များမြတ်သောကောင်းမှု ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် –

ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူမြတ်တို့ မျက်မှောက် ပြုအပ်သော သန္တိ လက္ခဏာ အစ္စုတိရသ အနိမိတ္တပစ္စုပဋ္ဌာန် ရှိသော အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်သော အသိဉာဏ် ရည်သန်ပန်ထွာ တောင့်တ ရင်း ရှိသော သမ္မာသမ္ဗောဓိ သို့မဟုတ် ပစ္စေကဗောဓိ သို့မဟုတ်

http:\\www.dhammadownload.com



သာဝကဗောဓိ ခေါ်သော မဂ်ဉာဏ် လေးရပ်တို့ဖြင့် အရဟတ္တဖိုလ် ပေါက် မျက်မှောက်ပြုရသည့်ကိုယ် ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထို နောက်ဆုံးဘဝဝယ် စရိမက စုတိစိတ်၏ နောက်ကာလ၌ တစ်စုံ တစ်ခုသော ဘဝယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တ နိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။

အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

*

ခုဒ္ဒကုတ္တရာ ဝတ္ထုတရားတော်ပြီးပြီ။

*

http:\\www.dhammadownload.com

## (ဃ) လူ့ဥပါသိကာ ချိန်ခွင်ကြီး
## (၂) နန္ဒမာတာ (သမာဓိချိန်ခွင်) တရားတော်

ကောဇာသက္ကရာဇ် ၁၃၃၂ခု၊ သာသနာတော် ၂၅၁၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂–ရက်နေ့ည၊ မန္တလေးမြို့ အနောက်ပြင် ဓမ္မာရုံ၌ ဆွမ်းကြီးလောင်းအသင်းအဖွဲ့၊ ဆိုက်ကားယာဉ် အသင်းအဖွဲ့ ဒါယကာ ဒါယိကာမကြီးယယ်တို့၏ နှစ်ကြိမ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ပုညမင်္ဂလာ သံဃဒါန **ဆွမ်းကြီးလောင်းလှူပွဲ၌** ဟောကြားအပ်သော သာသနာရဲ့ **ချိန်ခွင်ကြီးလေးခုမှာ** နောက်ဆုံး ချိန်ခွင်တရား––လို့။

ကနေ့တော့ ဘုန်းကြီး ဝါတွင်းထဲကစပြီး ဟောလာတဲ့ သာသနာ့ချိန်ခွင်လေးခုမှာ နောက်ဆုံးချိန်ခွင်ဖြစ်တဲ့ နန္ဒမာတာ အကြောင်းကို ပြီးအောင်ဟောပါမယ်။ မပြီးလို့လဲပဲ သက္ကရာဇ် ကူးသွားတော့လဲ မကိုက်ဘူး။

ဒီတော့ မပြီးယင်လဲ ဘုန်းကြီးက မထဘူး။ တရားနာပရိသတ် တွေလဲ မထကြနဲ့။ အားလဲ နာလှပြီ။ တစ်ခါလာ ချိန်ခွင်ကြီး။ တစ်ခါလာ ချိန်ခွင်ကြီး။ တစ်ခါလာ ချိန်ခွင်ကြီး။ ပြီး မပြီးနိုင်ဘူး။ ဒါနောက်ဆုံး။ ချိန်ခွင်ကြီးလေးလက်ရဲ့ နောက်ဆုံးတရား ဆိုတော့ နိဂုံးတရားပွဲ ဖြစ်ပါတယ်။

### ဓိနာလင်္ကာရကျမ်းလာ သုဂတဂုဏ်တော် ဘုရားရှိခိုး

မြတ်စွာဘုရားကို ဓိနာလင်္ကာရကျမ်း ဆရာတော်များ သုဂတ ဂုဏ်ထူးနဲ့ ချီးကျူးပြီးတော့ ရှိခိုးခဲ့တဲ့ ဘုရားရှိခိုးဂါထာဖြင့် ဘုရားကို အာရုံပြုကြည့်ရအောင်။ ပဏာမစေတနာတွေ ဖြစ်ကြည့်ရအောင်–

http:\\www.dhammadownload.com



**သုခဉ္စ ဒုက္ခံ သမတာယုပေက္ခံ၊**
**နေဝိစ္ဆိ ယော ကာမ+မကာမနိတံ။**
**အသစ်တံ သစ်တသမ္ဘဝံ ဘဝံ၊**
**ဟိတွာ ဂတော တံ သုဂတံ နမာမိ။** (ပဏာမဂါထာ-၁)

ဇိနာလင်္ကာရကျမ်းပြု မထေရ်မြတ်သည် မြတ်စွာဘုရားကို ရှိခိုးပူဇော် တန်ဆာဆင်တဲ့ နေရာမှာ ဆန်းဆန်းပြားပြား တန်ဆာဆင် တတ်ပါတယ်။ ပါဠိဉာဏ်ပညာနဲ့ ကြည့်ယင် အလွန်ဆန်းပြားတဲ့ ပါဠိတွေနဲ့ စီတတ်ပါတယ်။

ယော သုဂတော= အကြင်သုဂတ ဂုဏ်ထူးဖြင့် ချီးကျူးအပ် ပါသော မြတ်စွာဘုရားသည်။ သုခဉ္စ= ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ကိုလည်း (ဝါ) သုခဉ္စ= ခုနစ်ရက်မျှ ဆိုင်းငံ့တွလျှင် လက်ရမုန်စွာ ဆိုက်ရောက်လာမည့် စကြာသနင်း မင်း၏ချမ်းသာကိုလည်း။ နေဝ ဣစ္ဆိ= ဆံလွှာခြမ်းမျှ မြော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုး တော် မမူ။ ဒုက္ခဉ္စ= ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ခန္ဓာတော်နွမ်း ပင်ပန်းလှသည့် ဆင်းရဲကိုလည်း။ နေဝ ဣစ္ဆိ=ဆံလွှာခြမ်းမျှ မြော်မှန်း ဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူ။ သမတာယုပေက္ခံ= မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ရအပ်မှန်စွာ စထုတ္ထဈာန် ဥပေက္ခာ ကိုလည်း။ နေဝ ဣစ္ဆိ=ဆံလွှာခြမ်းမျှ မြော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော် မမူ။ ကာမံ ကာမနိတံ=ကာမတဏှာ ဆောင် တိုင်းပါသည့် သုံးဖြာဘူမိ သမ္ပတ္တိချမ်းသာ အမျိုးမျိုးကို လည်းကောင်း။ အကာမနိတံ=ကာမစ္ဆန္ဒ အယုတ်တမကို ဖြတ်ချပယ်လှန် လက် ရောက် မှန်း၍ ဈာန်နှင့်မဂ်ဖိုလ် ထိုထိုချမ်းသာ အမျိုးမျိုးကို လည်းကောင်း။ အသစ်တံ-အသစ်တသမ္ဘဝံ= အသစ်တဓာတ် ခေါ်တွင် မှတ်သား ပညတ်နိဗ္ဗာန် ဤနှစ်တန်ကြောင့် ခံစံဆိုက်ကပ် ရောက်အပ်

http:\\www.dhammadownload.com



ရထိုက်သော။ ဘဝံ=ရှာန်ချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ သခ်တသမ္ဘဝံ= အဘိသင်္ခါရိက အမည်ရသော အပရိမေယျ ပုညမျိုးမှန် ပျိုးခဲ့ဖန်၍ ခံစံဆိုက်ကပ် ရောက်အပ် ရထိုက်သော။ ဘဝံ=လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ အမျိုးမျိုး ကိုလည်းကောင်း။ ဟိတွာ=ကိုယ်မှထွေးဟက် တံတွေးခွက်သို့ ရက်ရက်ကြီးစွန့်ခွာ၍။ ဂတော=အနုပါဒိသေသ သိဝကြငှန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းကပ်ရောက်တော် မူခဲ့လေပြီ။ တံ သုဂတံ= ထိုသို့ သုခ၊ ဒုက္ခ၊ ဥပေက္ခာ၊ဝေဒနာသုံးပါး၊ကာမနိတချမ်းသာ၊အကာမနိတ ချမ်းသာ၊ အသခ်တသမ္ဘဝချမ်းသာ၊ သခ်တသမ္ဘဝချမ်းသာ၊ ချမ်းသာ သုခ ဟူသမျှကို ကိုယ်မှထွေးဟက် တံထွေးခွက်သို့ ရက်ရက်ကြီး စွန့်ခွာ၍ အနုပါဒိသေသ သိဝကြငှန်း နိဗ္ဗာန်နန်းသို့ ကြွမြန်း ဆိုက်ရောက်တော် မူမူကြောင့် သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်ကြား မြတ်စွာဘုရားကို။ နမာမိ=ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျော့၍ ကန်တော့ မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

သာဓု သာဓု သာဓု

အင်မတန် အနက်အဓိပ္ပာယ် ဓမ္မရသ အတ္ထရသ ပြည့်စုံတဲ့ ဘုရားရှိခိုး ဂါထာဖြစ်ပါတယ်။ အဓိပ္ပာယ် ပြောဖို့ မလိုပါဘူး။

*

## အမျိုးသမီး ချိန်ခွင်ကြီးနှစ်လက်

ကနေ့ ဘုန်းကြီးနောက်ဆုံး သာသနာ့ချိန်ခွင်ကြီး ဆိုပြီးတော့ ဟောရမှာက အမျိုးသမီးများဘက်က ချိန်ခွင်ကြီးနှစ်လက်ကို မြတ်စွာဘုရားက–

http:\\www.dhammadownload.com



**သဒ္ဓါ ဘိက္ခဝေ ဥပါသိကာ ဧဝံ သမ္မာ အာယာစမာနာ အာယာစေယျ တာဒိသာ ဟောမိ၊ ယာဒိသာ ခုဇ္ဇုတ္တရာစ ဥပါသိကာ ဝေဠုကဏ္ဍကိယာ စ နန္ဒမာတာ။ (အံ၊ ၁၊ ၄၈၃)**

ဘိက္ခဝေ= ရဟန်းတော်များ အိုချစ်သားတို့။ သဒ္ဓါ= သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဥပါသိကာ= ရတနာသုံးရပ် ဆည်းကပ်သူဒါယိကာမသည်။ အာယာစမာနာ=ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တ လိုသည်ရှိသော်။ ခုဇ္ဇုတ္တရာ စ ဥပါသိကာ=ခုဇ္ဇုတ္တရာ ဥပါသိကာသည်လည်းကောင်း။ ဝေဠုကဏ္ဍကိယာစ နန္ဒမာတာ ဥပါသိကာ= ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ ဥပါသိကာသည် လည်းကောင်း၊ ယာဒိသာ= အကြင်သို့ ခုဇ္ဇုတ္တရာကား ပညာကြီးခြင်းသဘော၊ နန္ဒမာတာကား သမာဓိကြီး ခြင်းသဘော ရှိပေ၏။ အဟမ္ပိ= ငါလည်းပဲ။ တာဒိသာ= ထိုသို့ခုဇ္ဇုတ္တရာကဲ့သို့ ပညာကြီးသော ဥပါသိကာ၊ နန္ဒမာတာ သေဌေးကတော် အနာဂါမ် အရိယာကဲ့သို့ သမာဓိကြီးသော ဥပါသိကာသည်။ ဟောမိ= ဖြစ်ရပါလို၏။ ဧတိ= ဤသို့တောင့်တပန်ထွာမှု။ သမ္မာ= ကောင်းစွာ။ အာယာစေယျ= ကိုယ်ရေးကိုယ်တာ ပန်တွာတောင့်တသည် မည်လေရာ၏။

ချစ်သားတို့– ငါဘုရား သားတော်သမီးတော် လေးဦးလေးမျိုးရှိကြတဲ့အနက် သာသနာတွင်းက သားတော် သမီးတော် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ။ ဟို– အိမ်ယာတည်ထောင် လူ့ဘောင်က သားတော်သမီးတော် ဥပါသကာ၊ ဥပါသိကာလို့ အဲဒီလို လေးမျိုးရှိတဲ့အနက်က သမီးတော် ဥပါသိကာ ဒါယကာမတိုင်း ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တယင် "ငါကား ရှင်မခုဇ္ဇုတ္တရာကဲ့သို့ ပညာကြီးရင့်သော ဥပါသိကာ၊ နန္ဒမာတာ သေဌေးကတော် အနာဂါမ်အရိယာကဲ့သို့ သမာဓိကြီးရင့်သော ဥပါသိကာ ဖြစ်ရပါလို၏။"

http:\\www.dhammadownload.com



အဲဒီလို ပန်ထွာတောင့်တ ဆုတောင်းမှ ကောင်းသော၊ မြတ်သော၊ မှန်ကန်သော ဆုတောင်းခြင်း၊ တောင့်တပန်ထွာခြင်း ဖြစ်နိုင်မယ်-တဲ့၊ ဘာကြောင့်လဲဆိုလို့ရှိယင်-

**ဧသာ ဘိက္ခဝေ တုလာ ဧတံ ပမာဏံ မမ သာဝိကာနံ ဥပါသိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဋကိယာ စ နန္ဒမာတာ။**

ကသ္မာ= အဘယ်ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ= ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ ယာ အယံ ခုဇ္ဇုတ္တရာ ဥပါသိကာ စ= အကြင်ခုဇ္ဇုတ္တရာ ဥပါသိကာသည်လည်းကောင်း။ ယဒိဒံ ယာ အယံ ဝေဠုကဏ္ဋကိယာ နန္ဒမာတာ ဥပါသိကာ စ=အကြင်ဝေဠုကဏ္ဋက မြို့သူ နန္ဒမာတာ ဥပါသိကာသည်လည်းကောင်း။ အတ္ထိ= ရှိ၏။ ဧသာ= ဤခုဇ္ဇုတ္တရာနှင့် ဝေဠုကဏ္ဋကမြို့သူ နန္ဒမာတာ ဥပါသိကာ ဤနှစ်ယောက် အစုံသည်။ မမ သာဝိကာနံ ဥပါသိကာနံ= ငါ ဘုရား၏ တပည့်မ သာဝိကာ ဥပါသိကာတို့အနက်။ တုလာ= ချိန်ခွင်ကြီးနှစ်လက်သဖွယ် ဖြစ်ကုန်၏။ ဧတံ=ဤဥပါသိကာ နှစ်ဦးအစုံသည်။ ပမာဏံ= နှိုင်းယှဉ်ကြောင်း သမာဓိ တင်းတောင်ကြီး အစုံသဖွယ် ဖြစ်ပါပေ၏။

အာယာစမာနသုတ်လို့ သုတ္တန်မှာ ဟောထားချက်ရှိတယ်။ ခုဇ္ဇုတ္တရာက ပညာကြီးရင့်တဲ့နေရာမှာ ချိန်ခွင်ကြီးတစ်ဘက်။ တစ်နည်း ပညာတင်းတောင်းကြီးပဲ။ နန္ဒမာတာက သာမာဓိကြီးရင့်တဲ့ နေရာမှာ ချိန်ခွင်ကြီးတစ်ဘက်ပဲ။ တစ်နည်း သမာဓိတင်းအောင်ကြီး တစ်လုံးပဲ။ အဲဒါကြောင့် ချစ်သားချစ်သမီးတို့ သဒ္ဒါတရားနဲ့ ပြည့်စုံတဲ့ ဥပါသိကာ တစ်ယောက် ကိုယ်ရေးကိုယ်တာ ပန်ထွာတောင့်တလို့ရှိယင် ဘာပဲဖြစ်ဖြစ် ကောင်းမှုကုသိုလ် ပြုပြီးတိုင်းပြီးတိုင်း-

http:\\www.dhammadownload.com



"အကျွန်ုပ်သည် ခုဇ္ဇုတ္တရာကဲ့သို့ ပညာကြီးရင့်သော ဥပါသိကာ၊ နန္ဒမာတာကဲ့သို့ သမာဓိကြီးရင့်သော ဥပါသိကာ ဖြစ်ရပါလို၏"

အဲဒီလို ဆုတောင်းပန်ထွာ ပတ္ထနာပြုကြစေလို့ အင်္ဂုတ္တိုရ်မှာ နှစ်ခါလာပါတယ်။ ဒုကနိပါတ်မှာလည်းပဲ ဒီဒေသနာ တစ်ခါ လာပါတယ်။ စတုက္ကနိပါတ်မှာလည်းပဲ ဒီဒေသနာပဲ ထပ်ပြီးတော့ တစ်ခါလာပါတယ်။ အဲဒီလိုလာတဲ့ သာသနာ့ချိန်ခွင်ကြီး လေးလက်။ အဖက်အနေနဲ့ ပြောယင် ရှစ်ဖက်။ ရဟန်းယောကျ်ား ချိန်ခွင်ကြီး နှစ်ဖက်။ ပြီးခဲ့ပြီ။ ရဟန်းမိန်းမ ချိန်ခွင်ကြီးနှစ်ဖက်။ ပြီးခဲ့ပြီ၊ ဥပါသကာဒါယကာ ယောကျ်ားချိန်ခွင်ကြီးနှစ်ဖက်၊ ပြီးခဲ့ပြီ။

ဥပါသိကာ ဒါယိကာမကြီးတွေဘက်က ချိန်ခွင်ကြီးနှစ်ဖက်မှာ ခုဇ္ဇုတ္တရာအကြောင်း ဟောလို့ ပြောလို့ ပြီးခဲ့ပြီ။

## နန္ဒမာတာနှစ်ယောက်

ကနေ့ နန္ဒမာတာရဲ့အကြောင်း ဟောဖို့အလှည့် ရောက်လာပါပြီ။ အဲဒီနန္ဒမာတာရဲ့ အကြောင်းကို ကျယ်ကျယ်ဝန်းဝန်း ဟောပြရအောင်ဆိုပြီးတော့ ရှာကြည့်တယ်။ ကြည့်တဲ့အခါကျတော့ ဧတဒဂ္ဂဂ်ထဲမှာ–

**ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဈာယီနံ ယဒိဒံ ဥတ္တရာ နန္ဒမာတာ။** တဲ့ (အံ၊ ၁၊ ၂၇)

### (က) နန္ဒမာတာဥတ္တရာ

"ရဟန်းတို့– ဈာန်ဝင်စားလေ့ရှိသော ငါဘုရား၏ တပည့်မ ဥပါသိကာသာဝိကာတို့အနက် နန္ဒမာတာဥတ္တရာသည် အသာဆုံး အမြတ်ဆုံး"လို့ ဧတဒဂ် အပေးခံရတဲ့ နန္ဒမာတာရှိတယ်။ သာသနာ့

http:\\www.dhammadownload.com



ချိန်ခွင်ကြီးမှာ သမာဓိချိန်ခွင်လက်ဖြစ်တဲ့ နန္ဒမာတာသည် အဲဒီတောင်ဂ်ရတဲ့ နန္ဒမာတာပဲလား။ အခုပြောနေတဲ့ သာသနာ့ချိန်ခွင်ကြီးထဲမှာပါတဲ့ နန္ဒမာတာက သီးခြားလား။ တောင်ဂ်က တောင်ဂ်ရတဲ့ နန္ဒမာတာ အကြောင်းကို ဟောဒီလို အကုန်လုံး မထင်မရှား အငြင်းပွားနိုင်စရာ အကြောင်းတွေရှိတယ်။ ပါဠိလိုက–တောင်ဂ်နန္ဒမာတာကလဲ သူက ဈာန်ဝင်စားတဲ့အကြောင်းလဲ သူပါတယ်။ ပြီးတော့ ဟိုကဈာယိ အရာမှာ ဖော်ပြထားတဲ့ နန္ဒမာတာကလဲ အင်္ဂုတ္တိုရ် အဋ္ဌကထာမှာ ကျယ်ကျယ်ဝန်းဝန်း၊ အဲဒီသူရဲ့ အကြောင်းကို အများကြီးဖွင့်တယ်။

အကယ်၍များ အင်္ဂုတ္တိုရ်ကလာတဲ့ ဈာယီ= ဈာန်ဝင်စားတဲ့ နေရာမှာ တောင်ဂ်ရသော နန္ဒမာတာသည် အမျိုးသမီး သာသနာ့ ချိန်ခွင်ဘက်က ပါတဲ့ နန္ဒမာတာပဲလို့ အဲဒီလိုများယူရင် လွဲစရာမှားစရာ အကြောင်းရှိပါတယ်။ အမှန်ကတော့ နန္ဒမာတာပဲ။ ဒီကလဲ နန္ဒ မာတာပဲ။ ဟိုတောင်ဂ်ကလဲ နန္ဒမာတာပဲ။

သို့သော် သတိပြုယင် ကွဲပြားတဲ့အချက် ရှိပါတယ်။ ဘယ်လိုလဲ ဆိုတော့ တောင်ဂ်ရတဲ့ နန္ဒမာတာဆိုတာ နောက်နားက "ဥတ္တရာ" လို့ပါတယ်။ နာမည်ရင်းက ဥတ္တရာ။ အဲဒီတောင်ဂ်ရတဲ့ အကြောင်း အဋ္ဌကထာက ဖွင့်ပြတော့–ရာဇဂြိုဟ်ပြည်က ပုဏ္ဏသေဋ္ဌေးဆိုပါစို့။ နဂိုက ပုဏ္ဏဆင်းရဲသားဘဝက သေဋ္ဌေးဖြစ်ပြီးတော့၊ အဲဒီပုဏ္ဏ သေဋ္ဌေးရဲ့ သမီး။ သူက ဇနီးကလဲ ဥတ္တရာ။ သမီးကလည်း ဥတ္တရာ။ အဲ–သမီး ဥတ္တရာ။ အဲဒီလို အဋ္ဌကထာက ကျယ်ကျယ် ဝန်းဝန်းဖွင့်တယ်။ အဲဒီဖွင့်တဲ့ ဥတ္တရာသည် နန္ဒမာတာဆိုတဲ့ နာမည် ကတူလို့ ဒီချိန်ခွင်ကြီး အမျိုးသမီး ချိန်ခွင်ကြီးဘက်က ပါတဲ့ နန္ဒ မာတာပဲလို့ အမှတ်တမဲ့ ပြောမိယင်လွဲမယ်။ ဘာပြုလို့လဲ တောင်ဂ် ရတယ်ဆိုတဲ့ နန္ဒမာတာ ဥတ္တရာဆိုတာက သိရိမာနဲ့ ဝတ္ထုအဆက်အစပ်

http:\\www.dhammadownload.com



ရှိတဲ့ ဥတ္တရာနန္ဒမာတာ။ အဲသူက အခုချိန်မှာ တာဝတိံသာနတ်ပြည်မှာ ရှိနေတယ်။ ရှိတဲ့အကြောင်း ဥတ္တရာဝိမာန ဝတ္ထုပါဠိဆိုပြီးတော့ ဥတ္တရာနတ်သမီးရဲ့ ဗိမာန်အကြောင်းအရာ ဆိုပြီးတော့ ဝိမာနဝတ္ထုမှာ သူက တိုက်ရိုက်အထင်အရှား ရှိတယ်။ အဲဒါကြောင့် ဧတဒဂ်ရတဲ့ နန္ဒမာတာ ဥတ္တရာက ကာမဘုံမှာ တာဝတိံသာနတ်ပြည်တွင် ရှိနေတယ်။

## (ခ)ဝေဠုကဏ္ဍကီ နန္ဒမာတာ

အခုဒီ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာဆိုတာ ဥတ္တရာမပါဘူး။ အာယာစန သုတ်နှစ်သုတ်စလုံးမှာပဲ။

**ယာဒိသာ ခုဇ္ဇုတ္တရာ စ ဥပါသိကာ ဝေဠုကဏ္ဍကီယာ စ နန္ဒမာတာ။**

ဒါပဲပါတယ်။ ဥတ္တရာ မပါဘူး။ ဒါကြောင့် နန္ဒမာတာဟာ ဘုရားလက်ထက်တုန်းက နှစ်မျိုးရှိတယ်လို့ပဲ မှတ်ရမယ်။

ရာဇဂြိုဟ်ပြည်က နာမည်ရင်းက ဥတ္တရာ နန္ဒမာတာက ပုဏ္ဏသေဋ္ဌေးကြီးရဲ့သမီး။ သကဒါဂါမ် အရိယာလောက်သာဖြစ်တဲ့ အမျိုးသမီး။ ခုချိန်ခါမှာ တာဝတိံသာ နတ်ပြည်မှာ ဥတ္တရာနတ်သမီးလို့ ထင်ရှားရှိနေသော အမျိုးသမီးပဲ။

**ချိန်ခွင်ကြီး**ထဲမှာပါတဲ့ နန္ဒမာတာက သူ့သုတ္တန် အကိုးအကားကို ကြည့်လို့ရှိယင် **ဝေဠုကဏ္ဍကီ**တဲ့။ မြတ်စွာဘုရားက ဥတ္တရာနန္ဒမာတာနဲ့ လွဲကုန်မှာစိုးလို့။ ဝေဠုကဏ္ဍကီနန္ဒမာတာလို့၊ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာလို့ ဝိသေသ န မ–ပြီးတော့ ဘုရားကဟောထားတယ်။

အဲဒီတော့ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာရဲ့ သုတ္တန်ဟာ (သူ့ကိုအကြောင်းပြုပြီးတော့ ဟောတဲ့ သုတ္တန်ဟာ)နှစ်မျိုး တွေ့ရပါ

http:\\www.dhammadownload.com



တယ်။ တစ်မျိုးက သတ္တကနိပါတ်မှာ။ တစ်မျိုးက ဆက္ကနိပါတ်မှာ။ ဆဋ္ဌဂံဒါနသုတ်လို့ ဒီလိုအနေနဲ့ သူ့ရဲ့အကြောင်းအရာ ပါပါတယ်။ (အံ၊ ၂၊ ၂၉၅)

သတ္တကနိပါတ်က နန္ဒမာတာသုတ်လို့ကိုပဲ ပါပါတယ်။ သူ့ကို မ,တည်ပြီးတော့ ဟောကြည့်ရအောင်။ ကြည်ညိုကြည့်ရအောင်။ အရှင်အာနန္ဒာ မထေရ်မြတ်တို့က တရားနိဒါန်း စ ပေးတယ်။

## ကျွန်မပုဏ္ဏား၏ စွမ်းရည်

**ဧကံ သမယံ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာမောဂ္ဂလ္လာနော ဒက္ခိဏာဂိရိသ္မိံ စာရိကံ စရန္တိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ။** (အံ၊ ၂၊ ၄၄၄)

အဲဒါပါဠိကျွမ်းကျင်တဲ့ သံဃာတော်အရှင်မြတ်များ အနေနဲ့တော့ ဉာဏ်ထဲကို ရှင်းလို့ ကဲ–ဒကာ ဒကာမများအဖို့ ဉာဏ်ထဲရှင်းအောင်–

တစ်ချိန်က အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန် ရယ် ဒက္ခိဏာဂိရိ ဇနပုဒ်လို့ခေါ်တဲ့ ရာဇဂြိုဟ် ပြည်နယ်ထဲက တိုက်နယ်ကြီး တစ်ခုမှာ ရဟန်းပေါင်းများစွာနဲ့ ဒေသစာရီ ကြွချီဆဲ ဖြစ်နေတယ်တဲ့။ ဒီစာပိုဒ်ဟာ တစ်ပိုဒ်ထဲ။ အဲဒီပါဠိတော် တစ်ပိုဒ်ကို ဒီက တရားနာတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ နည်းနည်းဖြန့်သိ သိရအောင်–

ဟို–အောက်ကဆဋ္ဌဂံဒါနသုတ် ပါဠိအဋ္ဌကထာ ထောက်ပြီး တော့–

တစ်ချိန်က မြတ်စွာဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်မှာ ဝါကျွတ်လို့၊ သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့၊ ဒေသစာရီကြွချီမယ်လို့ စိမ်တော်မူတဲ့အခါ အနာထပိဏ် သေဌေးကြီး ကလဲ (ကျောင်းဒကာကြီးကလဲ) မလျှောက်ဝံ့ဘူး။ အိမ်မှာသာ

http:\\www.dhammadownload.com



မျက်နှာပျက်နေတယ်။ မကြွပါနဲ့ဘုရားလို့ မလျှောက်ဝံ့ဘူး။ အိမ်မှာ မျက်နှာ မသာမယာမဖြစ်နေတော့ အိမ်စေမလေး ပုဏ္ဏာက–

အရှင်သေဋ္ဌေးမင်း– ဘာပြုလို့ မျက်နှာပျက်နေရတုန်း။

အေး– ဘုရား ဒေသစာရီကြွမလို့။ ဒေသစာရီကြွလို့ရှိယင် အနည်း ဆုံး နောက်နှစ် သာဝဏ္ဏဝါဆိုမှ ကိုးလ။ အကယ်၍များ တခြားမြို့မှာ ဝါဆိုယင် ဘယ်လောက်ကြာမှန်း မသိဘူးတဲ့။ ဘုရားနဲ့ ကင်းကွာနေ ရမှာကို တွေးပြီးတော့ ငါစိတ်ဆင်းရဲလွန်းလို့ ငါမျက်နှာ မသာမယာ ဖြစ်နေတယ်။

ဒီတော့ ပုဏ္ဏာကပြောတယ် "ဒါဖြင့် ကျွန်တော်မျိုးမ သွားပြီး တော့ ဘုရား တောင်းပန်လိုက်မယ်"

"နင်တောင်းပန်လို့များ ဘုရားနေလို့ရှိယင် နင့်ကို တော်လှန်မင်း စစ် ကျွန်အဖြစ်မှ လွတ်မှာပေါ့"လို့ အားပေးလိုက်တယ်။

ပုဏ္ဏာအမျိုးသမီး ဘုရားထံမှောက် သွားရောက်ပြီးတော့ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဇေတဝန်ကျောင်းမှာပဲ ပြန်ပြီး သီတင်းသုံးပါအုန်း ဘုရား"လို့ လျှောက်ထားတယ်။

မြတ်စွာဘုရားက "ပုဏ္ဏာ၊ ငါဘုရားတို့ ဇေတဝန်ကျောင်း ပြန်နေတဲ့အတွက် သင့်မှာ ဘယ်လို ကောင်းမှုကုသိုလ်များ ဖြစ်မယ့် အရေး မြင်လို့တုန်း"တဲ့။

ပုဏ္ဏာက ပြန်လျှောက်တယ်– "တပည့်တော်မ သူတပါးနဲ့ စပ်ပြီးတော့ အသက်ရှင်ရတဲ့ ဆင်းရဲသူမဆိုတာ ရှင်တော်ဘုရား သိ ပါတယ်တဲ့။ ဒါနကောင်းမှုလဲ ကြီးကြီးကျယ်ကျယ် မပြုနိုင်ကြောင်း ကောင်းကောင်းသိပါတယ်။ ဒါနကောင်းမှု မပြုနိုင်သော်လဲဘဲ သီလ သမာဓိ ပညာဆိုတဲ့ သုံးပါးသိက္ခာ မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒ သာသနာကို တပည့်တော်မ ဖြည့်စွမ်းပါ့မယ်ဘုရား"လို့

http:\\www.dhammadownload.com



လျှောက်ထားတော့ မြတ်စွာဘုရားကလည်း တရားကို အလေးပြုတဲ့ ဓမ္မဂရုပုဂ္ဂိုလ်ကြီးပီပီ တစ်ခွန်းထဲနဲ့ ဒေသစာရီကြွမယ့် အစီအစဉ်ကို ရုပ်သိမ်းလိုက်တယ်။

အဂ္ဂသာဝက နှစ်ပါးခေါ်ပြီးတော့ သာရိပုတ္တရာ၊ မောဂ္ဂလ္လာန်တို့ ငါဘုရား ဒေသစာရီသွားမယ့် ရာဇဂြိုဟ်ပြည်ဘက် ချစ်သားတို့ရဲ့ တပည့် ရဟန်းငါးရာနဲ့ အတူတကွ ဒေသစာရီသွားကြ”ဆိုပြီး ကိုယ်တော်မြတ်က ဇေတဝန်ကျောင်း ပြန်ပြီးတော့ နေရစ်တယ်။ အဲဒီပွဲမှာ သာဝတ္ထိပြည်က ဗုဒ္ဓဘာသာတွေ အကုန် နှစ်သက်အားရမ်း ဝမ်းမြောက်လွန်းလို့ ပုဏ္ဏာကို ကျေးဇူးတတင် ကောင်းချီးပေးကြတယ်။ ဦးရစ် ခေါင်းပေါင်းများ ကျဲမြောက်ပြီးတော့ ချီမြောက်ပြီးတော့ ချီးမြှောက်ကြတယ်။

အနာထပိဏ်သေဌေးကလဲပဲ မူလစကားအတိုင်း အိမ်စေ အဖြစ်က လွှတ်တယ်။ (ကျွန်အဖြစ်က လွှတ်တယ် ပြောပါစို့) ပုဏ္ဏာကလဲပဲ ရခဲ့တဲ့ တော်လှန်မင်းစစ် ကျွန်အဖြစ်က လွတ်တဲ့ဘဝကို ဘုရားသမီးဘဝ အသက်နဲ့ အသုံးချလိုက်ပါရစေ။ ဒီလို အဓိပ္ပာယ်နဲ့ အနာထပိဏ် သေဌေးထံ ခွင့်ပန်တဲ့အခါ အနာထပိဏ် သေဌေးက ဝမ်းမြောက်ဝမ်းသာ ရဟန်းဒကာခံပါတယ်။ ဘိက္ခုနီမလေး ပြုတယ်။ မကြာမီ မမေ့မလျော့ တရားအလုပ် အားထုတ်လို့ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးတော့ “ပုဏ္ဏာထေရီ”လို့ သာသနာမှာ တွင်ခဲ့တယ်။ ဒါသာဝတ္ထိပြည်က ဖြစ်ရပ်လို့ အဲဒီလို အကျဉ်းချုပ် မြင်ထားပါ။ ကြည်ညိုထားပါ။

## နန္ဒမာတာ ပါရာယနဝဂ်ကို ရွတ်ဆိုပူဇော်ခြင်း

အဲ–အရှင်သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလ္လာန် မထေရ်မြတ်ကြီးနှစ်ပါး ခေါင်းဆောင်ပြီးတော့ ရာဇဂြိုဟ်ပြည်နယ်ထဲက

http:\\www.dhammadownload.com



ရာဇဂြိုဟ်ခရိုင်ထဲက ဒက္ခိဏာဂိရိ တိုက်နယ်ဘက် ရဟန်းငါးရာနဲ့ ဒေသစာရီကြွချီတဲ့ ပုံကစပြီးတော့ တရားနိဒါန်း အရှင်အာနန္ဒာ ပျိုးပေးတယ်-

**ဧကံ သမယံ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာမောဂ္ဂလ္လာနော ဒက္ခိဏာဂိရိသ္မိံ စာရိကံ စရန္တိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ။**

တစ်ချိန်က အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် မထေရ် မြတ်ကြီးနှစ်ပါး ဒက္ခိဏာဂိရိ တိုက်နယ်ထဲမှာ တပည့်ရဟန်းငါးရာ မြောက်မြားစွာတို့နှင့်တကွ ဒေသစာရီကြွချီလို့ကြတယ်တဲ့။

ဒီစာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ပေါ့လေ။ အခြေခံ အဲဒီအကြောင်း ဝတ္ထုနဲ့ကိုင်ပြီးတော့ သိကြစမ်းပါ။ ကြည့်ညိုကြစမ်းပါ။ အဂ္ဂသာဝက နှစ်ပါး အမှူးပြုတဲ့ ရဟန်းငါးရာ ရာဇဂြိုဟ်ခရိုင်ထဲက ဒက္ခိဏာဂိရိ တိုက်နယ်ထဲမှာ ဒေသစာရီကြွနေတယ်။ တစ်နေ့ တစ်ယူဇနာ။ ဒါကတပိုဒ်။

ဘာထူးသေးတုန်း ဆိုတော့-

**တေန ခေါ ပန သမယေန ဓနဥ္စာနိ နန္ဒမာတာ ဥပါသိကာ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ပါရာယနံ သရေန ဘာသတိ။**

တစ်ပိုဒ်။ တစ်ပိုဒ်။ ပါဠိတော်ဆိုတာ ကျဉ်းကျဉ်းနဲ့ အနက် အဓိပ္ပာယ်တွေ တစ်ခါတည်း ငါးပိသိပ် ငါးချဉ်သိပ် အဓိပ္ပာယ်တွေ များများပါအောင် ဟောတဲ့စကားမျိုး ဖြစ်ပါတယ်။

အဲဒီ သာဝကနှစ်ပါး ခေါင်းဆောင်ပြီး ရဟန်းငါးရာနဲ့ ဒေသ စာရီ ကြွချီတော်မူကြတဲ့ အချိန်မှာ ရာဇဂြိုဟ်ပြည်နယ်ထဲက ဝေဠုကဏ္ဍကမြို့မှာ နေလို့ ဝေဠုကဏ္ဍကမြို့သူဖြစ်လို့ သူ့ကို ဝေဠုကဏ္ဍကီ

http:\\www.dhammadownload.com



လို့ ဝိသေသနမ–ခေါ်တဲ့ နန္ဒလုလင်ရဲ့မိခင်ဖြစ်လို့ နန္ဒမာတာ၊ ပုံပန်း သူ့သားနာမည် မောင်နန္ဒ (အေး– ခုနပြောတဲ့ ရာဇဂြိုဟ်ပြည်က ပုဏ္ဏသေဌေးကြီးရဲ့ သမီး ဥတ္တရာလည်းပဲ သူ့သားဟာ မောင်နန္ဒဖြစ်လို့ နန္ဒမာတာလို့ နာမည်ပေးတာပဲ)။

အခုအမျိုးသမီး ဝေဠုကဏ္ဍကမြို့သူကတော့ မိဘနှစ်ပါး မှည့်တဲ့နာမည်ထက် ဝေဠုကဏ္ဍကီ နန္ဒမာတာလို့ ခေါ်တယ်။ ဒီလိုပဲ ထင်ရှားတယ်။ ဒီလိုပဲ စာထဲမှာ အကဲခတ်လို့ရတယ်။

အဲဒီ ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ သေဌေးကတော် ဥပါသိကာဟာ (ပါဠိတော်က) ညဥ့်၏သန်းခေါင်လွန်မြောက် မိုးသောက်ယံ အချိန်မှာထပြီးတော့ အသံပြတ်ပြတ်သားသား ကြည်ညိုဖွယ်ရှိသော အသံဖြင့် ပါရာယနဝဂ်လို့ ခေါ်သော သုတ္တန်ပေါင်း ဆယ့်ခြောက်(၁၆) သုတ္တန်က ဂါထာပေါင်း (၂၅၀)နှစ်ရာ့ငါးဆယ်ကို ကြည်ညိုဖွယ် ရွတ်နေတယ်။ ပါဠိတော်က ဒီလိုဆိုတယ်။

## အနာဂါမိဖိုလ် ဝင်စားခြင်း

အဲဒီစာပိုဒ်ရဲ့ အဓိပ္ပာယ် အကောင်အထည်ပေါ်အောင် အဋ္ဌကထာ ဖွင့်တဲ့အတိုင်း အကောင်အထည် ဖော်ကြည့်ရအောင်–

ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ သေဌေးကတော်သည် ညဥ့်ဦးယံပိုင်း။ ညရဲ့ရှေ့ပိုင်း နှစ်ပိုင်းပဲထားကြပါစို့။ ညဥ့်ရဲ့ရှေ့ပိုင်း ခြောက်နာရီက ဆယ့်နှစ်နာရီတိုင်အောင် ဤအတွင်းမှာ မြို့ထဲရွာထဲ ဆိုတာ အင်မတန်ဆူပါတယ်။ နားငြီးလိုက်တာလို့ ပြောနေမယ့်အစား နားငြီးလိုက်တာလို့ ပြောရတာက ကိုယ်ကအဲဒါတွေ နားထောင်ပြီး တော့ ကိုယ့်သန္တာန် သောတဒွါရဖွေ ဖြစ်လို့နားငြီးတာ။ အဲဒီအသံတွေ အာရုံမပြုဘဲ အင်မတန်ဆိတ်ငြိမ်တဲ့ ဝိဝေက= နိဗ္ဗာန်အာရုံပြုနေယင်

http:\\www.dhammadownload.com



နားငြီးလိုက်တာလို့ ပြောစရာမရှိဘူး။ အဲဒီတော့ ညည်းမနေဘူး။ သူတို့က နားငြီးတဲ့လောကကြီးမှာ နားမငြီးအောင် နေနိုင်ကြတယ် အရိယာသူတော်ကောင်းတွေ ဆိုတော့။ ဖနာရီလောက်က နေပြီးတော့၊ ၁၂နာရီလောက်ရောက်အောင် ညဉ့်ရှေ့ပိုင်း။ မိမိပိုင်တဲ့ ခုနစ်ထပ် တိုက်ကြီး အပေါ်ဆုံးထပ်တက်။ ဝင်းတံခါးများပိတ်။ လေသာပြတင်း တံခါးများဖွင့်ပြီးတော့ ခြောက်နာရီကြာအောင် အနာဂါမိဖိုလ်ကို ဝင်စားတယ်။

ဖိုလ်ဝင်စားတယ်ဆိုတာ အခန်းကြီးထဲဝင်နေတဲ့သဘော မဟုတ်ဘူး။ မိမိရဲ့ သန္တာန်မှာ ဒိပြင်ဒိပြင် စက္ခုဝိညာဉ် အမြင်စိတ်တွေ၊ သောတဝိညာဉ် အကြားစိတ်တွေ၊ ခုတစ်မျိုး ခုတစ်မျိုး၊ ဟိုစိတ်တစ်မျိုး ဒိစိတ်တစ်မျိုး၊ စိတ်အမျိုးမျိုး ပြောင်းလဲပြီးတော့ လောဘမူစိတ်တွေ၊ တပ်မက်တဲ့စိတ်တွေ၊ မုန်းတီးတဲ့စိတ်တွေ၊ ခုတမျိုးခုတမျိုး၊ တစ်ဝီထိ တစ်မျိုး၊ တစ်ဝီထိ တစ်မျိုး၊ အဲဒီလိုပြောင်းပြီးတော့ မဖြစ်စေဘဲနဲ့ မိမိ ရဲ့ သန္တာန် ဟဒယဝတ္ထုရုပ်ပေါ်မှာ မိမိရကဲ့ အနာဂါမိဖိုလ် စိတ်တွေ၊ အဲဒီဖိုလ်စိတ် တစ်မျိုးထဲပဲ ဥပါဒ် ဌီ ဘင်။ ဥပါဒ် ဌီ ဘင်=ဖြစ် တည် ပျက်၊ ဖြစ် တည် ပျက်။ စိတ် တမျိုးပြီး တမျိုး။ အနာဂါမိဖိုလ်စိတ်။ တခုချင်း တစ်ခုချင်း ဖြစ်အောင် လုပ်တာ။ ပြုလုပ်တဲ့အတိုင်း ဖြစ်နေတာကို အနာဂါမိဖိုလ် ဝင်စားတယ်လို့ ခေါ်တယ်။

အဲဒီဖိုလ်ကို ဝင်စားနိုင်တာဟာ ထိုင်လျက်လည်း ဝင်စားနိုင် တယ်နော်။ လမ်းလျှောက်၍လည်း ဝင်စားနိုင်တယ်နော်။ လျောင်း၍ လည်း ဝင်စားနိုင်တယ်။ အဲဒီလို ဣရိယာ ပုထ်လေးပါးမှာ ဝင်စား နိုင်တယ်။ ဒိပြင်စိတ်တွေ မဖြစ်ဘဲ ဒိဖိုလ်စိတ်နဲ့ ဖိုလ်စိတ်ချည်းထဲပဲ

http:\\www.dhammadownload.com



တစ်စိတ်ပြီး တစ်စိတ်၊ တစ်စိတ်ပြီး တစ်စိတ် ဆက်လက်ဖြစ်တာကို ဖိုလ်ဝင်စားတယ်လို့ ခေါ်တာ။ အဲဒီလို ဖိုလ်စိတ်ချည်း တစ်စိတ်ပြီး တစ်စိတ် အဲဒီလို အဆက်မပြတ်ဖြစ်ပြီးတော့ လမ်းလျှောက်ရင်း လဲ နေနိုင်တယ်။ ရပ်နေရင်းလဲ နေနိုင်တယ်။ ထိုင်၍လည်း နေနိုင်တယ်။ လျောင်း၍လဲ နေနိုင်တယ်။

အဲဒီအဓိပ္ပာယ်ကို ဟိုသဂြိုဟ်ဆရာတို့က "အပ္ပနာ ဇဝနံ ဣရိယာ ပထမ္ပိ သန္နာမေတိ"လို့ အပ္ပနာဇောများသည် ဣရိယာပုထ် ကိုလဲပဲ ထောက်ပံ့ခိုင်ခံ့စေ၏။ ဒီလိုရှေးက နိသျှယပြန်ခဲ့ပါတယ်။

အဲဒီမှာ အပ္ပနာဇောသည် ဣရိယာပုတ်ထဲလဲပဲ ထောက်ပံ့၏ လို့ ဒါလောက်ကလေးများ အနက်ပြန်ခဲ့ယင် ပိုဟန်ကျမယ်လို့ ထင်တယ်။ အဲဒီမှာ "အပ္ပနာဇောများသည် ဣရိယာပုတ်ကိုလဲပဲ" ဆိုတဲ့ အဲဒီ "လဲ"ဆိုတဲ့စကားဖြင့် စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ရိုးရိုးကိုလဲ သူတို့ ဖြစ်စေတယ်။ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ ရုပ်ရိုးရိုးတွေနဲ့ လျောင်း သော အခြင်းအရာ၊ ထိုင်သော အခြင်းအရာ၊ သွားသော အခြင်း အရာ။ ရပ်သော အခြင်းအရာနဲ့ စိတ္တဇရုပ် အထူးထူးတွေကိုလဲ ဖြစ် စေတယ်။ အဲဒီလိုဖြစ်စေနိုင်တာကို ဟိုက အဋ္ဌကထာကြီးက ဖွင့်တဲ့ အဟိုင်း အရှင်အနုရုဒ္ဓါက ကျဉ်းကျဉ်းနဲ့-

အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေဟိ။

အပ္ပနာဇောသည် ဣရိယာပုတ်ကိုလည်း ထောက်ပံ့၏။

ရှေးကနိသျှယ မထေရ်မြတ်ကြီးများက ဆရာတော်ကြီးများက နားမလည်မှာစိုးလို့ "ထောက်ပံ့ခိုင်ခန့်စေ၏" လို့ ပြန်တာ။ ထောက်ပံ့ တယ်ဆိုတာ=ရပ်ခြင်း ဣရိယာပုတ်နဲ့ ကြာကြာနေနိုင်အောင်၊ ထိုင်ခြင်း ဣရိယာပုတ်နဲ့ ကြာကြာနေနိုင်အောင်၊ လျောင်းခြင်း၊ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း ဣရိယာပုတ်နဲ့ ကြာကြာနေနိုင်အောင် ဒီဓိပ်ပါ ကျေးဇူးပြုနိုင်တယ်လို့ ဒီလိုပြောလိုတာ။

http:\\www.dhammadownload.com



## ဖလသမာပတ် ဝင်စားသည်ဆိုသော သူငယ်လေးတစ်ယောက်

ထောက်ပံ့ခိုင်ခန့်စေ၏ ဆိုတဲ့စကားကို ယူပြီးတော့ (စောင်းပြီးတော့ ပြောတာမဟုတ်ဘူးနော်။) ဒီအလွဲအချော်တွေကို။ ဖလသမာပတ်နဲ့ ပတ်သက်ပြီးတော့ စဉ်းစားနိုင်အောင်လို့ အသိပေးခြင်း ဖြစ်ပါတယ်။ "ထောက်ပံ့ခိုင်ခန့်စေ၏"ဆိုသော နိဿယဆရာတော်ကြီးများရဲ့ အနက်ကို ကြည့်ပြီးတော့ တချို့ဘာဖြစ်တယ် မဆိုနိုင်ဘူး။ တစ်ခါတည်း မလှုပ်မယှက်ဘဲနဲ့ ထိုင်နေတာတွေ။ အဲဒါကို ဖလသမာပတ် ဝင်စားတယ်လို့ ကနေ့လောက တချို့တချို့ဌာနဌာ သမုတ်ကြတယ်။ ပြောကြတယ်။

ဟုတ်ပါတယ်။ တစ်ချိန်က အဲဒီလို ဖလသမာပတ် ဝင်စားတယ်ဆိုတဲ့ သူငယ်ကလေး တစ်ယောက်ကို တွေ့ဖူးတယ်။ အဲဒီသူငယ်ကလေးရဲ့ ဆရာတော်က "ကိုယ်တော်– ဒီကလေးကိုကြည့်စမ်း"တဲ့။ "ဟောကောင် မင်း ဖလသမာပတ် ဝင်စားပြလိုက်စမ်း"လို့ ပြောတာပဲ သူ့ဘုန်းကြီးက။ အဲဒီအခါကျတော့ ဒီကလေးက ပကတိ မျက်တောင်ကလေးဘာကလေး ခတ်ရာက မခတ်တော့ဘဲနဲ့ နည်းနည်း ထွက်လေဝင်လေ အာနာပါနအလုပ် လုပ်သလို လုပ်တဲ့အမူအရာပါပဲ။ ဒါကို ရှုတဲ့ အမူအရာပြတယ်။ တော်တော်ကြာတော့ တစ်ခါထဲ မျက်စိကလေးမှိတ်ပြီးတော့ မေ့သလိုဖြစ်သွားတယ်။

"ကိုယ်တော်တဲ့၊ အဲဒါကို ဖလသမာပတ် ဝင်စားတယ်"လို့။ ဖလသမာပတ်ဖိုလ်ဇောကအပ္ပနာဇောကို။ ဒီတော့ "စမ်းကြည့်စမ်း သူ့လက်တို့ဘာတို့ ဘယ်လောက်ခိုင်သလဲ။" ဆိုတာနဲ့ ဘုန်းကြီးကလည်း စမ်းကြည့်တယ်။ လက်ကလေး ဒီလိုထားပြီးတော့ မေ့နေတာပလေ။ အဲဒါနဲ့ သူ့လက်ကလေးထားတဲ့ ဥစ္စာကို မ–ကြည့်တယ်။ ဘုန်းကြီးက မ–ပြီဆိုယင် သူက ပြန်ပြီးတော့ အောက်ဖိတဲ့ပုံ။

http:\\www.dhammadownload.com



ဘုန်းကြီးက မ–လိုက်၊ သူကဖိလိုက်။ မ–လိုက်၊ ဖိလိုက်နဲ့ အဲဒီလို အောက်ကို တအားဖိထားတယ်။ ဒါကြောင့် သူတို့က "ဣရိယာပုထ် ခိုင်တယ်" ဆိုတာ ဒါကို သူတို့ပြောတာပဲကိုးလို့။ ဣရိယာပုထ်ကို ခိုင်ခန့်စေ၏– ဆိုတဲ့အတွက် ဒီလိုဖြစ်တာကိုပင်လျှင် "ဣရိယာ ပထမ္ဘိ သန္တာမေတိ" ပါဠိအရဖြစ်တယ်လို့ ဒီလိုထင်နေတာ။

အမှန်ကတော့ ဒီအပ္ပနာဇောလည်း ဣရိယာပုတ်ကိုလဲ ထောက်ပံ့၏။ ခိုင်ခန့်စေ၏။ တကတဲ မြှောက်လို့မရအောင် ဖြစ်တဲ့ သဘောမျိုး မဟုတ်ဘူး။ သူတို့ကတော့ အဲဒီမြှောက်လို့ မရအောင်ကို ဖြစ်တယ်လို့ ဒီထိအောင် အဓိပ္ပာယ်ယူတယ်။ သွားပြီးတော့ မြှောက်ကြည့်ပြန်တော့လဲပဲ ကလေးကြည့်ရတာကတော့ မေ့နေတဲ့ပုံ။ သို့သော် သူကတစ်ခါထဲ အံကျိတ်ပြီးတော့ကို ပြန်ဖိတယ်။ ခံပြီး ဖိတဲ့ပုံ ပေါ်နေတယ်။

စဉ်းစားကြည့်၊ ကလေးလေးရဲ့ ပကတိအားနဲ့ ဆိုလို့ရှိယင် သူကပဲ ဘယ်လိုပြန်ဖိပေမယ့်လို့ ငါအထက်မြှောက်ဆွဲလို့ ရှိယင် ပကတိ ကလေးရဲ့ အားဆိုယင် ကြွပြီးတော့ တစ်မိုက်လောက်၊ တစ်ထွာလောက် မြှောက်ပါရမယ်။ ဘုန်းကြီးတို့ အဲဒီလိုပါအောင် သူ့ကိုဆွဲမမြှောက်နိုင်ဘူး။ ဒါပကတိကလေးရဲ့ အင်အားမဟုတ်ဘူး ခဟာက။

အဲဒီ ဖလသမာပတ် ကလေးရှင်ရဲ့ ဘုန်းကြီးကို– "အရှင်ဘုရား အရှင်ဘုရားရဲ့ ကလေးဟာ ဖလသမာပတ်က မထပါစေနဲ့အုန်း။" ဆိုပြီးတော့ ဘုန်းကြီးကတော့– အာဝဇ္ဇိတ ဂုဏ်တော်တို့ ဘာတို့ ရွတ်ပြီးတော့ ခေါင်းကလေး ပွတ်ပေးတယ်၊ အဲဒီလို ပွတ်ပေးတော့ တော်တော်ကြာတော့ ကလေးလေး သတိရတယ်။

အဲဒါဘုန်းကြီးရဲ့ အတွေးနဲ့တော့ဖြင့်၊ တွေးထားတဲ့အရာတော့ ရှိတာပေါ့။ တွေးထားတဲ့ အရာတစ်ခုကတော့ ဖလသမာပတ်တော့

http:\\www.dhammadownload.com



မဟုတ်ဘူး။ အဲဒီလို မေ့ပြီးတော့သွားအောင်ပေါ့လေ၊ အဲဒီလို အထင်ကြီးအောင် လုပ်နည်းတစ်ခုတော့ ရှိတဲ့ပုံပဲလို့ အောက်မေ့တယ်။

အခုနန္ဒမာတာ သေ‌ဌေးကတော်တို့ ဝင်စားတဲ့ ဖလသမာပတ်ဟာ အခုပြောတဲ့ ဖလသမာပတ်မျိုး မဟုတ်ဘူး။ ဖိုလ်စိတ်တွေ အစဉ်မပြတ်ဖြစ်ပြီးတော့ ထိုင်နေတာ။ ဖိုလ်စိတ်တွေ အစဉ်မပြတ်ဖြစ်ပြီးတော့ ရပ်တာ။ အစဉ်မပြတ် ဖြစ်ပြီးတော့ သွားတာ။ ပကတိမျက်စိလဲ ဖွင့်လျက်။ သို့သော် သူ့စိတ်က ဖိုလ်စိတ်တင် ဖြစ်နေတော့ နိဗ္ဗာန်ကိုပဲ အာရုံပြုနေတာ။ ဗဟိဒ္ဓက အပြင်အပက ဟိုမြို့ထဲက ဆူသံ ပူသံတွေ သူမကြားရဘူးပေါ့။ နိဗ္ဗာန်ဆိုတာ အာရုံသင်္ခါရနိမိတ်က အလွန်ဆိတ်တဲ့ ဝိဝေကတရားဖြစ်တော့ နားငြီးလိုက်တာလဲ ပြောစရာမရှိဘူး။ ခြောက်နာရီလောက်ကြာအောင် နိဗ္ဗာန်၏ သန္တိအရသာကို ခံစား။ ဖိုလ်ဝင်စားနေပြီးတော့ ၁၂-နာရီလဲ ကျော်ရော ဖလသမာပတ်မှ ထတယ်တဲ့။ ထတယ်ဆိုတာ ထိုင်နေရာက မတ်တတ်ထလိုက်တာ။ ဒါမျိုးမဟုတ်ဘူး။ ဖိုလ်စိတ်တစ်မျိုးတည်း တစ်စိတ်ပြီး တစ်စိတ်ဖြစ်နေရာက ဖိုလ်စိတ်အစဉ်အလျင်ပြတ်ပြီးတော့ ဘဝင်စိတ်ဆိုတဲ့ စိတ်တစ်မျိုး ပြောင်းလွဲဖြစ်သွားတာကို ဖလသမာပတ်ကထတယ်လို့ ဒီလိုခေါ်တာ။

စိတ်တစ်မျိုး ပြောင်းလွဲသွားပြီးတော့ စာရွတ်တဲ့ စိတ်တွေ ပေါ်တယ်။ ပြောင်းလွဲသွားပြီ။ နိဗ္ဗာန်ကို အာရုံပြုတဲ့၊ အမြဲမပြတ် အာရုံပြုတဲ့ ဖိုလ်စိတ်အစဉ်တွေ ရပ်ပြီးတော့ စာရွတ်မည့်စိတ်တွေ (ဟို ကာမဇောဝါရဝီထိတွေပ။ အပ္ပနာဇောဝါရ မဟုတ်ဘူး) အဲဒီလို စိတ်တစ်မျိုး ပြောင်းဖြစ်လာတဲ့ အခါကျတော့ မိမိကြည်ညိုရင်းစွဲရှိတဲ့ ပါရာယနဝဂ်လို့ခေါ်တဲ့ (၁၃၃၂ - ခုနှစ် ဝါတွင်းက တရားဆက်ကြီး အနေနဲ့ ဟောခဲ့သော) ပါရာယနဝဂ္ဂတရားဆိုတဲ့ တစ်ဆယ့်ခြောက်

http:\\www.dhammadownload.com



သုတ်၊ ဂါထာပေါင်း ၂၅၀ ကို ပင်ကိုယ်က အမျိုးသမီးဖြစ်၍ အသံက သာယာတယ်။ အနာဂါမ်အရိယာ ဖြစ်၍လဲပဲ ပို၍ ကြည်ညိုဖွယ် ကောင်းတယ်။ ပြီးတော့ ဆင်းဆင်းရဲရဲမဟုတ်ဘူး။ ရောမ သေဌေးကတော်ဖြစ်တော့ အငြိမ်းစား။ အဲဒီလိုပုဂ္ဂိုလ်တစ်ပါးက ပြတ်ပြတ်သားသား ခုနှစ်ထပ်တိုက်ကြီးအပေါ်မှာ စကြံလျှောက်လို ပါရာယနပါဠိတွေကို သဒ္ဓါကြည်ညို နာပျော်ဖွယ်သော အသံဖြင့် ရွတ်ဆိုနေတယ်လို့။ အထည်အကောင်လဲ ပေါ်အောင် မြင်အောင် ကြည့်ပေါ့။

ပါဠိတော်ပြောကြစို့။ ပါဠိတော် တစ်ပိုဒ် တစ်ပိုဒ်လျှင် အဲဒီလို အဓိပ္ပာယ်ရှိပါတယ်။ ကိုင်း ဒါဖြင့် ဘာဖြစ်တုန်း။

## ဝေဿဝဏ်နတ်မင်းကြီး တရားနာခြင်း

**တေန ခေါ ပန သမယေန ဝေဿဝဏော မဟာရာဇာ ဥတ္တရာယ ဒိသာယ ဒက္ခိဏံ ဂစ္ဆတိ ကေနစိဒေဝ ကရဏီယေန။**

ထိုအခါတဲ့ (ထိုအခါဆိုတာ ဝေဠုကဏ္ဍကီနန္ဒမာတာ သေဌေးကတော် ပါရာယနဝဂ်ကို သရဘညအရွတ်မျိုးဖြင့် ကြည်ညိုဖွယ် ရွတ်ဆို၍ တရားပူဇော်နေတဲ့အခါ) ဝေဿဝဏ်နတ်မင်း (ကုဝေရ နတ်မင်းကြီးလဲ ခေါ်သပေါ့) မြင့်မိုရ်တောင်ရဲ့ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက် လေးမျက်နှာမှာ အသီးသီး အုပ်စိုးကြတဲ့ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့။ မြောက်ဘက် ပိုင်းမှာ အုပ်စိုးဖို့ရာ တာဝန်ကျတဲ့ ကုဝေရလို့၊ ဟို – ကဿပ မြတ်စွာဘုရား လက်ထက်တုန်းက ကုဝေရပုဏ္ဏားဘဝကလာလို့ အဲဒီနတ်မင်းကို ကုဝေရနတ်မင်းတဲ့။

http:\\www.dhammadownload.com



**ပုရတ္ထိမေန ဓတရဋ္ဌော၊ ဒက္ခိဏေန ဝိရူဠှကော၊**
**ပစ္ဆိမေန ဝိရူပက္ခော၊ ကုဝေရော ဥတ္တရံ ဒိသံ။**

ပရိတ်ကြီးများက သူ့ကို ကုဝေရနတ်မင်းလို့ပဲ ခေါ်တယ်။ အခု ဒီပါဠိတော်ထဲကျတော့ သူ့ကို ဝေဿဝဏ်နတ်မင်းလို့ ခေါ်တယ်။ ဘာဖြစ်လို့လဲ –

အာဋာနာဋိယသုတ်များမှာ –

**ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ ဝိသာဏာ နာမ ရာဇဓာနီ၊ တသ္မာ ကုဝေရော မဟာရာဇာ ဝေဿဝဏောတိ ပဝုစ္စတိ။**

ကုဝေရနတ်မင်းကြီးရဲ့ ရာဇဓာနီမင်းနေပြည်သည် ဝိသာဏာမြို့တော်လို့ ခေါ်သတဲ့။ အဲဒီဝိသာဏာမြို့တော်ကို စိုးအုပ်သောကြောင့် ကုဝေရနတ်မင်းကို ဝေဿဝဏပါဠိလို၊ မြန်မာလို ဝေဿဝဏ်နတ်မင်းလို့ ခေါ်တယ်။ အဲဒီ ဝေဿဝဏ်နတ်မင်းသည် မြောက်မှတောင်သို့ တစ်စုံတစ်ခုပြုဖွယ်ကိစ္စဖြင့် သွားနေတယ်။ ကောင်းကင်ခရီးဖြင့် သွားတယ်။

အဲဒါ ကိုယ့်ဉာဏ်ထဲမြင်ဖို့ကတော့ ဒီအပိုဒ်အရ နန္ဒမာတာပါရာယနဝဂ် တရားဒေသနာတွေ ရွတ်ဆိုနေတဲ့အချိန်မှာ ဝေဿဝဏ်နတ်မင်းကြီး နတ်ပရိသတ်အပေါင်း ခြံရံ၍ ဟိုဟိမဝန္တာတော (မြင့်မိုရ်တောင်ပေါ့လေ) သူတို့နေတဲ့နေရာမှ သာဝတ္ထိပြည် ဇေတဝန်ကျောင်း ဘုရားထံ တရားနာသွားမယ်။ ဒီအနေနဲ့ သူ့ရဲ့နတ်ဘီလူးပရိသတ်အပေါင်းခြံရံလျက် သာဝတ္ထိပြည်ကို လာနေတာတဲ့။ အဲဒါကြောင့် မြောက်မှတောင်သို့ တစ်စုံတစ်ခု ပြုဖွယ်ကိစ္စဖြင့် လာတယ်လို့ ဆိုတာ။ သွားတယ်ဆိုတာ တရားနာဖို့သွားတာ။

အဲဒီနေ့က အင်မတန်ကိုက်ဆိုင်ပါတယ်။ ဇေတဝန်ကျောင်းမှာ... ဓမ္မိကသုတ္တန်ဟောမယ့်ည ဖြစ်ပါတယ်။ သာဝတ္ထိပြည်

http:\\www.dhammadownload.com



ဇေတဝန်ကျောင်း ဘုရားထံ တရားနာဖို့ မြောက်မှတောင်သို့ ကောင်းကင်ခရီးဖြင့် နတ်ဘီလူး ပရိသတ်အပေါင်း ခြံရံလျက် ဝေဿဝဏ်နတ်မင်းကြီးသွားတော့ ဘာဖြစ်တုန်း။

နန္ဒမာတာ သေဋ္ဌေးကတော်ရဲ့ တိုက်အပေါ်ရောက်တော့ ကြားတယ်၊ ဘာကြားတုန်းဆိုတော့–

**အဿောသိ ခေါ ဝေဿဝဏော မဟာရာဇာ၊ နန္ဒမာတာယ ဥပါသိကာယ ပါရာယနံ သရေန ဘာသန္တိယာ။**

ဝေဿဝဏ်နတ်မင်းကြီးသည် ပါရာယနဝဂ်ကို အသံနေ ပြတ်သားကြည်ညိုဖွယ် ရွတ်ဆိုနေသော နန္ဒမာတာ ဥပါသိကာ၏ တရားသံကို ကောင်းကင်ကနေ ကြားတယ်တဲ့။

ကဲ– တို့တရားနာဦးမှ။ ကောင်းကင်ကဆင်းပြီးတော့ နန္ဒမာတာ သေဋ္ဌေးကတော် တရားရွတ်တဲ့ ခုနစ်ထပ်တိုက်ကြီးမှာ အပေါ်ထပ် လေသာပြတင်းပေါက်နဲ့ ညီမျှသော ကောင်းကင်ကရပ်ပြီး မလှုပ်မယှက် အသံမပြုဘဲနဲ့ တရားပြီးဆုံးချိန်ကို စောင့်မျှော်ပြီးတော့ ရပ်နေတယ်။ နားထောင်နေတယ်။နာနေတယ်။ (စိတ်ထဲပေါ်အောင် ကြည့်ပေါ့)။

ပါဠိတော်မှာ –

**အထ ခေါ နန္ဒမာတာ ဥပါသိကာ ပါရာယနံ သရေန ဘာသိတွာ တုဏှီ အဟောသိ။**

ပါဠိတော်ကတစ်ပိုဒ်။ ထိုအခါ နန္ဒမာတာ ဥပါသိကာကြီးဟာ ပါရာယနဝဂ်ကို အသံပြတ်သား ရွတ်ပွားပြီးတော့ တိတ်တိတ် ဆိတ်ဆိတ် နေတယ်တဲ့။ တရားပြီးဆုံးတော့ ခဏငြိမ်နေတယ်ပေါ့။ ဒါ ချဲ့စရာမလိုပါဘူး။

http:\\www.dhammadownload.com



## ဝေဿဝဏ်နတ်မင်းကြီးနှင့် နန္ဒမာတာတို့ စကားပြောခြင်း

**အထ ခေါ ဝေဿဝဏော မဟာရာဇာ နန္ဒမာတာယ ဥပါသိကာယ ကထာပရိယောသာနံ ဝိဒိတွာ အဗ္ဘာနုမောဒိ "သာဓု ဘဂိနိ သာဓု ဘဂိနီ"တိ (ပါဠိတော်မှာ)**

နန္ဒမာတာသေဋ္ဌေးကတော်ကြီး ပါရာယနဝဂ် တရားရွတ်ပြီးလို့ ဆိတ်ဆိတ်နေတဲ့အချိန်မှာ ဝေဿဝဏ်နတ်မင်းကြီးက "ဩော်– နန္ဒမာတာ တရား ရွတ်တာပြီးပြီ" ဆိုတာသိပြီးတော့ – သာဓု ဘဂိနိ၊ သာဓု ဘဂိနီ=သာဓုပါ အစ်မကြီး၊ သာဓုပါ အစ်မကြီး"လို့ နှစ်ကြိမ်တိုင်တိုင် သာဓုကောင်းချီးပေးတယ်တဲ့။ (ဒါ ပါဠိတော်) ဒါ ထင်ရှားပြီးသား ဖြစ်ပါတယ် –

**ကော ပနေသော ဘဒြမုခါတိ။**

"သာဓုပါ အစ်မကြီး၊ သာဓုပါ အစ်မကြီး"လို့ ဆိုတော့။ ဘဒြမုခ= "မျက်နှာလှတဲ့မောင်ကြီး၊ အခု သာဓုကောင်းချီး ပေးလိုက်တာ ဘယ်သူပါလဲ"လို့ မေးတယ်။ သာမန်အမျိုးသမီး တစ်ယောက် ဆိုယင် ဘီလူးနတ်မင်းရဲ့ သာဓုကောင်းချီးပေးတဲ့အသံ ကြောက်ကို ကြောက်သွားမယ်။ အခုတော့ နန္ဒမာတာက အနာဂါမ်အရိယာဆိုတော့ ကြောက်တဲ့ ဒေါသမူစိတ် ပယ်ပြီး ဖြစ်လို့ ဣန္ဒြေမပျက် သာဓုပေးတဲ့ အသံရှိရာ ...ဂ်သို့ လျှောက်သွားပြီးတော့ –

**ကော... ...နေသော ဘဒြမုခ။**

ဘဒြမုခ = မျက်နှာလှတဲ့မောင်ကြီး။ အခု သာဓုကောင်းချီး ပေးလိုက်တာ ဘယ်သူပါလဲ။ အဲဒီလို မေးတယ်။ ပါဠိတော်မှာ မှတည်ပြီးတော့ ပြောနေသနော်။ ဝေဿဝဏ်နတ်မင်းကြီးက ဘယ့်နှယ် ပြောသလဲဆိုတော့

**အဟံ တေ ဘဂိနိ ဘာတာ ဝေဿဝဏော မဟာရာဇာ။**

http:\\www.dhammadownload.com



ဘဂိနိ = အစ်မကြီးလို့ (အာလုပ်ပုဒ်တုန်းက အစ်မကြီးအနေနဲ့ ခေါ်လိုက်တာ ညီမလေးဆိုလို့ရှိယင် ကလက်ချည့်။ ညီမလေး– လို့ ဒီလိုခေါ်ရတယ်။ အဲဒီလိုမခေါ်ဘဲနဲ့ ဘဂိနိလို့ခေါ်လိုက်ခြင်းဟာ အစ်မကြီး–လို့။ အစ်မကြီးအရာထားလိုက်တာတဲ့) အစ်မကြီး။ အဟံ = အကျွန်ုပ်သည်။ တေ = အစ်မကြီး၏။ ဘာတာ = မောင်ဖြစ်သော။ ဝေဿဝဏော မဟာရာဇာ = ဝေဿဝဏ်နတ်မင်းပါပေ။

ဟောဒီမယ် ဘာတာလို့။ အဲဒီလိုပြောလိုက်တဲ့ ဓာပိုဒ်ကတော့ သူ့ကိုယ်သူ မောင်ကြီးအရာ ပြန်ပြီးတော့ ပြောပြန်တာတဲ့။ ပထမ စကားအတိုင်းသာဆိုလို့ရှိယင် (ရိုးရိုးပြောမယ်ဆိုလို့ရှိယင် အရပ်ပြော ပြောယင်) "အစ်မကြီး– ကျုပ်ဟာ အစ်မကြီးရဲ့မောင်ငယ် ဝေဿဝဏ် နတ်မင်းပါ"လို့ ဒီလိုပြောရမှာ။ အဲဒီလိုပြောရမှာကို ပါဠိနယ်ပယ်မှာ အဲဒီလိုမပြောဘဲနဲ့ သူပြောလိုက်တဲ့ပါဠိက –

**အဟံ တေ ဘဂိနိ ဘာတာ ဝေဿဝဏော မဟာရာဇာ။**

ဘဂိနိ = အစ်မကြီး။ အဟံ = အကျွန်ုပ်သည်။ တေ=သင်၏။ ဘာတာ=မောင်ကြီးဖြစ်သော။ ဝေဿဝဏော မဟာရာဇာ=ဝေဿဝဏ် နတ်မင်းကြီးပါ"လို့။

အဲဒီဓာပိုဒ်ထဲမှာပဲ ဘာဖြစ်လို့ နှစ်မျိုးဖြစ်နေရသလဲ။ ရိုးရိုး ပြောယင် "အစ်မကြီး–ကျွန်ုပ်ဟာ အစ်မကြီးရဲ့မောင်ငယ် – ပါဠိလို အဟံ တေ ဘဂိနိ ကနိဋ္ဌော ဝေဿဝဏော မဟာရာဇာ လို့ ဒီလို ပြောရမှာ။ အခုတော့ အဟံ တေ ဘဂိနိ တုန်းကတော့ နန္ဒမာတာကို အစ်မကြီး လို့ ခေါ်တာနဲ့ လိုက်လျောအောင် ကျွန်ုပ်ကား အစ်မကြီးရဲ့ မောင်ငယ် ကနိဋ္ဌောလို့ မပြောဘဲ **ဘာတာ**=မောင်ကြီးဝေဿဝဏ် နတ်မင်းကြီးပါလို့ ပြောရသလဲ။

http:\\www.dhammadownload.com



ရှေ့နဲ့နောက်မလိုက်ဘူးလို့ အပြစ်တင်စရာဖြစ်လို့ အဋ္ဌကထာက ဒီအနားမှာ ရှင်းထားတယ်။ နန္ဒမာတာက အနာဂါမ်၊ ဝေဿဝဏ် နတ်မင်းကြီးက သောတာပန်။ လောကုတ္တရာဂုဏ် မိမိက ဂုဏ်ငယ် လို့မိုလို့ ရှေ့ပိုင်းမှာ နန္ဒမာတာကို အစ်မကြီးလို့ခေါ်လိုက်တာတဲ့ "အဟံ တေ ဘဂိနိ"လို့ ခေါ်လိုက်တဲ့ ဒီသုံးပုဒ်ကို ရွတ်တုန်းက ဒီစိတ်နဲ့ရွတ်လိုက် - ပြောလိုက်တာပဲ။

နောက်ကျတော့ "ဘာတာ"လို့ ဘာပြုလို့ ပြောရသလဲ။ ကနိဋ္ဌောလို့ပြောပါလား။ မပြောဘဲနဲ့ "ဘာတာ = မောင်ကြီးဖြစ်တဲ့ ဝေဿဝဏ်နတ်မင်းကြီးပါ"လို့ ဘာပြုလို့ပြောရတုန်း။ ဆိုတဲ့ အဲဒီ အတွက် ဖြေထားတာ။ သူက (ဝေဿဝဏ်နတ်မင်းကြီးက) လူတို့ရဲ့ နှစ်ပေါင်းကိုးသောင်း အသက်ရှည်တဲ့၊ အသက်အနေနဲ့ပြောယင် သူက အသက်ရှည်တော့ မောင်ကြီးဖြစ်နေတယ်။ လောကလိုပြောယင် သူက အသက်ကြီးနေတယ်။ အေး - နန္ဒမာတာက ပထမအရွယ်မှာ ရှိတဲ့ သေဋ္ဌေးကတော်ဆိုတော့ ၁၃း၁ယ်သုံးနှစ်အဝင်းမှာပဲရှိသေးတဲ့ သေဋ္ဌေးကတော်ပဲ။

အဲဒီတော့ လောကအနေနဲ့ကြည့်ယင် နန္ဒမာတာက ညီမလေး လိုဖြစ်နေတယ်။ အဲ သူက မောင်ကြီးလိုဖြစ်လို့ အောက်ပိုင်းကျတော့ "ဘာတာ" မောင်ကြီး ဝေဿဝဏ်နတ်မင်းကြီးပါလို့ ပြောသတဲ့။ ဒါ ပြီးရော။

အဲဒီလိုပြောတဲ့အခါ နန္ဒမာတာသေဋ္ဌေးကတော်က ဘယ့်နယ် ပြောသလဲ -

သာဓု ဘဒြမုခ =သာခုပါ မျက်နှာလှတဲ့မောင်ကြီး၊ သာဓုပါ။

**တေန ဟိ ယော မေ အယံ ဓမ္မပရိယာယော ဘဏိတော။**

http:\\www.dhammadownload.com



ဒီလိုဆိုယင် အကျွန်ုပ်၏အကြင် ဓမ္မပရိယာယခေါ်တဲ့ ပါရာယန ဝဂ် တရားကို ရွတ်ဆိုတဲ့ ကောင်းမှုကုသိုလ်အစု ရှိပါတယ်။

**ဣဒံ တေ ဟောတု အာတိထေယျံ။**

ဤ ပါရာယနဝဂ် တရားကို ရွတ်ဆိုပူဇော်တဲ့ ကောင်းမှုကုသိုလ် အစုသည် မောင်ကြီးအတွက် ခရီးသွားလက်ဆောင် ဖြစ်ပါစေ - လို့ အမျှဝေလိုက်တယ်။

ဝေဿဝဏ်နတ်မင်းကြီးကလဲဘယ်လိုပြောသလဲဆိုတော့-

**သာဓု ဘဂိနိ တေဒ္ဓေ၀ မေ ဟောတု အာတိထေယျံ ≈**

အမကြီး ၊ ကြော် - အခု ပါရာယနဝဂ် တရားဒေသနာတော်ကို ရွတ်ဆိုပူဇော်ရတဲ့ ကောင်းမှုကုသိုလ်လဲပဲ ကျွန်ုပ်အတွက် ခရီးသွား လက်ဆောင် ဖြစ်ပါစေ။ သာဓုပါ။ ဘာများပြောချင်တုန်း -

**သွေစ သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခေါ ဘိက္ခုသံဃော အကတ ပါတရာသော ဝေဠုကဏ္ဍကံ အာဂမိဿတိ။**

အထူးပြောချင်တာကတော့ နက်ဖြန် မိုးသောက်ရောက်လို့ရှိယင် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်နှစ်ပါး အမှူးရှိတဲ့ ရဟန်းများစွာဟာ နံနက်ဆွမ်းမစားရသေးဘဲ ဒီဝေဠုကဏ္ဍကမြို့ကို ရောက်လာပါလိမ့်မယ် အစ်မကြီး။

ဟုတ်လား၊ အဲဒါ ဘာလုပ်စေချင်တုန်း -

**တဉ္စ ဘိက္ခုသံဃံ ပရိဝိသိတွာ မမ ဒက္ခိဏံ အာဒိသေယျာသိ၊**

အဲဒီ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် အဂ္ဂသာဝက နှစ်ပါး အမှူးပြုတဲ့ ရဟန်းသံဃာကို ယာဂုတို့၊ ခဲဖွယ်တို့၊ ဘောဇဉ်တို့ ဆွမ်းများ ဆက်ကပ်လုပ်ကျွေးပြီး အဲဒီကောင်းမှုကုသိုလ်ကိုလဲပဲ အမျှခွန်း ညွှန်းလိုက်ပါဦး အစ်မကြီး။

**ဧတဉ္စ မေ ဘဝိဿတိ အာတိထေယျံ။**

http:\\www.dhammadownload.com



အဲဒီ ကောင်းမှုကုသိုလ်လဲပဲ ကျွန်ုပ်အတွက် ခရီးသွား လက်ဆောင် ဖြစ်ပါလိမ့်မယ်လို့။ အဲဒီလိုပြောတယ်။ (ပါဠိတော်က)။

အဋ္ဌကထာမှာ အပို ဘာလည့်လာသလဲ။ ပိုပြီးတော့ သိအောင် ပေါ့။ အဲဒီလိုပြောပြီးတဲ့နောက် အဋ္ဌကထာကဖွင့်ပြတာက လိုတာ ဖြည့်ပေးနေတာ။ ခရီးသွားခိုက်မိုလို့ တရားပူဇော်စရာ မပါသော် လဲဘဲ အဓိဋ္ဌာန်နဲ့ ပူဇော်ပါရစေ။ "ယနေ့ကစ၍ နန္ဒမာတာ သေဋ္ဌေး ကတော် ပိုင်တဲ့ စပါးကျီတွေထဲ၌ စပါးတို့သည် မယုတ်လျော့ ပါစေသား" အဓိဋ္ဌာန်သွားတယ်။ ကျီအလုံးပေါင်း တစ်ထောင်နှစ်ရာ ငါးဆယ် (၁၂၅၀) စပါး အမြဲပြည့်နေတယ်။ ဒါ့ကြောင့် ဟိုခေတ်က စပါးပြည့်တဲ့ ကျီကျမြင်ရင် ဟဲ့ သူတို့ကျီက နန္ဒမာတာရဲ့ ကျီတွေလို ပါလားလို့ ပြောသတဲ့။

## ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့ကို ဆွမ်းကျွေးခြင်း

ဝေဿဝဏ်နတ်မင်းကြီး သာဝတ္ထိပြည်သွားတယ်။ မြောက်မှ တောင်သို့ သွားရတယ်။ အဲဒီလိုသွားတဲ့နောက် ဒီမှာ၊ နန္ဒမာတာ ရဲ့အိမ်မှာ လုပ်ကိုင်နေကြတဲ့ပုံကို -

**အထ ခေါ နန္ဒမာတာ ဥပါသိကာ (တဿ ရတ္တိယာ အစ္စယေန) သကေ နိဝေသနေ ပဏီတံ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေသိ။**

ထိုနောက် နန္ဒမာတာသေဋ္ဌေးကတော်သည် အိမ်၌ မွန်မြတ်သော ခဲဖွယ်တွေ၊ ဘောဇဉ်တွေကို စီမံ၍နေတယ်။ မအိပ်ဟော့ဘူး။ တစ်ခါတည်း သူ့တပည့်တပန်းတွေနဲ့ သံဃာငါးရာအတွက် ဆွမ်းချက် ကြတယ်။ ယာဂုကျိုတဲ့သူကျို၊ မုန့်ကျိတ်တဲ့သူကျိတ်။ ဆွမ်းချက်တဲ့

http:\\www.dhammadownload.com



သူက ချက်နဲ့ လုပ်နေကြတယ်။ တပျော်တပါး ချက်ပြုတ်နေပါပြီ။ ပါဠိတော်က -

**အထ ခေါ သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခေါ ဘိက္ခုသံဃော အကတပါတရာသော ယေန ဝေဠုကဏ္ဍကော တဒဝသရိ။**

နန္ဒမာတာသဌေးကတော်ကြီးရဲ့အိမ်မှာ ဆွမ်းလည်း ကျက်ကရော၊ ယာဂုလည်းကျက်ကရော၊ မုန့်တွေ ဘာတွေလည်း ကြော်ပြီးရော တဲ့။ တကတဲ ယာဂုပွဲတွေ၊ မုန့်ပွဲတွေ၊ ဆွမ်းပွဲတွေ အသင့်စီမံလည်းပြီးရော အဲဒီအချိန်လောက်မှာ အဂ္ဂသာဝကနှစ်ပါး ခေါင်းဆောင်တဲ့ ရဟန်းငါးရာကလည်း ရာဇဂြိုဟ်ပြည်နယ် ဝေဠုကဏ္ဍကမြို့ကို ရောက်လာတယ်။ အဲဒီအချိန်မှာ နန္ဒမာတာဘာပြောသလဲ -

**အထ ခေါ နန္ဒမာတာ ဥပါသိကာ အညတရံ ပုရိသံ အာမန္တေသိ။**

ထိုနောက် နန္ဒမာတာသဌေးကတော် ဥပါသိကာသည် ယောကျာ်း တစ်ယောက်ကို ခေါ်ပြီးတော့ ခိုင်းလိုက်တယ်။ ဘယ်လို ခေါ်ခိုင်းသလဲ -

**ဧဟိ တွံ အမ္ဘော ပုရိသ အာရာမံ ဂန္တွာ ဘိက္ခုသံဃဿ ကာလံ အာရောစေဟိ။**

အမ္ဘော ပုရိသ = အမောင်ယောကျာ်း။ ဧဟိ = လာစမ်းပါ။ ပြောတယ်။

အမောင်ယောကျာ်း၊ အခုပဲ သွားလိုက်စမ်းပါ။ ဘယ်သွားရမတုန်း သဌေးကတော်ကြီးဆိုတော့။ အာရာမံ ဂန္တွာ = ဝေဠုကဏ္ဍကမြို့ထဲက ကျောင်းတိုက်ကြီးကို (ဝေဠုကဏ္ဍက ကျောင်းတိုက်ကြီးပဲ ပြောကြပါစို့။ အေး -) ဝေဠုကဏ္ဍက ကျောင်းတိုက်ကြီး သွားတော့၊ သွားပြီး ဘာလုပ်ရမတုန်း -

http:\\www.dhammadownload.com



**သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခဿ ဘိက္ခုသံဃဿ ကာလံ အာရောစေဟိ။**

အဂ္ဂသာဝကနှစ်ပါး အမှူးပြုတဲ့ ရဟန်းသံဃာအား ဆွမ်းစားဖို့ အချိန်တန်ကြောင်း မောင်သွားပြီးတော့ ပင့်လျှောက်လေ။ မောင်မင်း သွားလို့ပြောတယ်။ သေဋ္ဌေးကတော်ကြီး ကျွန်တော်ဘယ်လိုပင့်ရမှာလဲ။ မေးစရာရှိလို့ လျှောက်ပုံပါ သင်လိုက်တယ်။ နန္ဒမာတာက –

**ကာလော ဘန္တေ အယျာယ နန္ဒမာတုယာ နိဝေသနေ နိဋ္ဌိတံ ဘတ္တံ။**

အန္တေ = အရှင်ဘုရား။ ကာလော = ဆွမ်းဘုဉ်းပေးချိန် တန်ပါပြီ။ အယျာယ နန္ဒမာတုယာ=အရှင်မ နန္ဒမာတာ သေဋ္ဌေး ကတော်ကြီး၏။ နိဝေသနေ = အိမ်၌။ ဘတ္တံ = အရှင်ဘုရားတို့ဖို့ ဆွမ်းသည်။ နိဋ္ဌိတံ =ပြီးနေပါပြီဘုရား– လို့။

အဲဒီလိုအခါကို မင်းသွားပြီးလျှောက်ထားလေလို့ ခိုင်းလိုက် သတဲ့။ ပါဠိတော်ပြောတဲ့အတိုင်း ပြောနေတယ်။ ပါဠိတော်က ဘယ့်နှယ်လာတုန်း။

**သာဓု အယျေ ဧသော'ပုရိသော အာရာမံ ဂန္တွာ သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခဿ ဘိက္ခုသံဃဿ ကာလံ အာရောစေသိ။**

ကောင်းပါပြီအရှင်မလို့၊ ဒီအစေအပါး ယောကျ်ားက ဝန်ခံပြီး တော့ ဝေဠုကဏ္ဍက ကျောင်းတိုက်ကြီးသွားတယ်။ အဂ္ဂသာဝက မထေရ်နှစ်ပါး အမှူးပြုသော ရဟန်းသံဃာအား အခါကြား လျှောက် ဆိုတယ်။ အဲဒီလိုရိုးရိုးပဲ ပါဠိတော်ကလာတယ်။ အဋ္ဌကထာကတော့ ဒီလူကလဲပဲ အပင့်သွားရော ဟိုက အဂ္ဂသာဝကနှစ်ပါး အမှူးပြုတဲ့ ရဟန်းငါးရာလဲ ဝေဠုကဏ္ဍက ကျောင်းတိုက်ကြီးကို တစ်ခါတည်း ဦးတည်ပြီးတော့ ရောက်လာတယ်။ ကျောင်းတိုက်ထဲ ဝင်နေတဲ့ပုံ

http:\\www.dhammadownload.com



မဟုတ်ဘူးနော်။ ကျောင်းပေါက်ဝမှာ အပင့်လာတာနဲ့ ဟိုကလာတာနဲ့ တစ်ခါတည်းဆုံနေတယ်။ အဲ - ဆုံလည်းဆုံရော ဒီယောကျ်ားက ဘာလျှောက်သလဲ - နန္ဒမာတာသေဋ္ဌေးကတော်ကြီး သင်ပေးလိုက်တဲ့ အတိုင်း -

**ကာလော ဘန္တေ အယျာယ နန္ဒမာတုယာ နိဝေသနေ နိဋ္ဌိတံ ဘတ္တံ။**

အရှင်ဘုရား ဆွမ်းဘုန်းပေးရန် အချိန်တန်ပါပြီ။ အရှင်မ နန္ဒမာတာ သေဋ္ဌေးကတော်ရဲ့အိမ်၌ ဆွမ်းများကျက်ပြီး ပြင်ပြီးပါပြီလို့ လျှောက်တယ်။ အဲဒီအခါမှာ အဂ္ဂသာဝကနှစ်ပါးနဲ့ ရဟန်းငါးရာ သင်္ကန်းများပြင်ပြီးတော့ ခရီးသွားတုန်းဝတ်တဲ့ = ပင်ပင်ပန်းပန်းနဲ့ ဝတ်တဲ့အမှုအရာမျိုး မဟုတ်ဘဲနဲ့ ခဏ အပန်းဖြေ၊ သင်္ကန်းများ ပြင်ဝတ်ပြီးတော့ နန္ဒမာတာသေဋ္ဌေးကတော်ရဲ့အိမ်ကိုလာ၍ ခင်းအပ်သော နေရာ၌ ထေရ်စဉ်ဝါစဉ်အလိုက် ထိုင်နေတော်မူတယ်။ အာရုံ ရအောင် ယူထားပေါ့။ အဲဒါ ပါဠိတော်ကလဲ တစ်ပိုဒ်ထဲပဲ။

**အထ ခေါ သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခေါ ဘိက္ခုသံဃော ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန နန္ဒမာတာယ ဥပါသိကာယ နိဝေသနံ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ။** (လို့ တနှစ်ပိုဒ်)

အရှင်အာနန္ဒာက ဒီမှာ အနုသန္ဓေဆက်စပ်ပေးပါတယ်။ ကဲ ကောင်းပြီ အဲဒီအိမ်မှာ ထိုင်မိကြတော့ ဘာဖြစ်လဲ။ နန္ဒမာတာ သေဋ္ဌေးကတော်ကြီးက အဂ္ဂသာဝကနှစ်ပါး အမှူးပြုတဲ့ ရဟန်းငါးရာကို မွန်မြတ်သော ဆွမ်း၊ ခဲဖွယ်ဘောဇဉ်၊ ယာဂုတို့ဖြင့် ကိုယ်တိုင် အုပ်ချုပ်ပြီးတော့ ကျွေးမွေးတယ်။ ဆက်ကပ်တယ်။ လှူဒါန်းတယ်။ (တကာထဲ ဟိုတစ်ထောင့်ကနေပြီးတော့ လက်ညှိုးစကြာ ရမ်းပြီးတော့

http:\\www.dhammadownload.com



နေတာ မဟုတ်ဘူး) ကိုယ်တိုင်ကို သာဟတ္ထိကမြောက်အောင် ကြပ်မတ်ပြီးတော့ ဘုဉ်းပေးပါဦးဘုရား၊ သင့်တင့်တာကို အဲဒီလို ကျွေးမွေးတယ်တဲ့။

**အထ ခေါ နန္ဒမာတာ ဥပါသိကာ သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခံ ဘိက္ခုသံဃံ ပဏီတေန ခါဒနီယေန ဘောဇနီယေန သဟတ္ထာ သန္တပ္ပေသိ သမ္ပဝါရေသိ။**

ဘယ်လောက်များ ကျွေးလိုက်သလဲဆိုတော့ ဒါယိကာမကြီးတော်ပါပြီလို့ လက်ကာပြတဲ့ အခြေရောက်အောင် ကျွေးတာပဲတဲ့။ အဲဒါ သမ္ပဝါရေသိ ဆိုတာ၊ အဲဒီအဓိပ္ပာယ်ကိုပြောတာ။ ကိုင်း - ကျွေးပြီးတော့ ဘာဖြစ်တုန်း -

**အထ ခေါ နန္ဒမာတာ ဥပါသိကာ အာယသ္မန္တံ သာရိပုတ္တံ ဘုတ္တာဝိံ ဩနီတပတ္တပါဏိံ ဧကမန္တံ နိသီဒိ။**

ထိုနောက် နန္ဒမာတာသေဋ္ဌေးကတော်ကြီးက အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ဆွမ်းဘုဉ်းပေးပြီးလို့ သပိတ်ဆေးပြီးတဲ့အတွက် သပိတ်မှ လက်တော်ကိုဖဲပြီးတာကိုသိတော့ (မြင်တော့) အဲ သိပြီးတော့ အပြစ်လွတ်တဲ့နေရာကထိုင်၍ အရှင်သာရိပုတ္တရာကို ရှိခိုးနေတယ်။ ဒီအဓိပ္ပာယ်ကို ဒီပါဠိတော်ကတော့။ အဋ္ဌကထာကတော့ ဒီလောက်လွယ်တာ မဖွင့်တော့ဘူး။

## ရှင်သာရိပုတ္တရာက နန္ဒမာတာကိုမေးခြင်း

**ဧကမန္တံ နိသိန္နံ ခေါ နန္ဒမာတရံ ဥပါသိကံ အာယသ္မာ သာရိပုတ္တော ဧတဒဝေါစ။**

http:\\www.dhammadownload.com



နန္ဒမာတာသေဋ္ဌေးကတော်ကြီး အပြစ်လွတ်တဲ့နေရာ၌ ထိုင်ပြီးတဲ့ အချိန်မှာ အရှင်သာရိပုတ္တရာက စကားစပြီးပြောလိုက်တယ်။ ဘယ်လိုပြောတုန်း –

**ကော ပန တေ နန္ဒမာတေ ဘိက္ခုသံဃဿ အဗ္ဘာဂမနံ အာရောစေသိ။**

နန္ဒမာတာ ဒကာမကြီး – သင့်အား ရဟန်းသံဃာ လာရောက်တဲ့အကြောင်း၊ ရဟန်းသံဃာသည် ဝေဠုကဏ္ဍကမြို့ကြီးသို့ ဒေသစာရီ လာရောက်နေတယ်ဆိုတဲ့အကြောင်း သင့်ကို ဘယ်သူကပြောသလဲတဲ့။ ဒါ ပါဠိက။ အရပ်ထဲမေးယင် ဒီအတိုင်းမေးတဲ့ အဓိပ္ပာယ်။ ဒီတော့မှ နန္ဒမာတာသေဋ္ဌေးကတော်ကြီးက စီကာပတ်ကုံး ဟောဒီအတိုင်း လျှောက်တယ် –

**ဣဓာဟံ ဘန္တေ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ပါရာယနံ သရေန ဘာသိတွာ တုဏှီ အဟောသိ**။

အရှင်ဘုရား၊ တပည့်တော်မ ညဉ့်ဦးယံလွန်မြောက် ညရဲ့ရှေ့ပိုင်းလွန်မြောက် မိုးသောက်ပိုင်းရောက်တဲ့ အချိန်တွင်ပဲ တပည့်တော်မ အနာဂါမိဖိုလ် ဝင်စားရာကထ။ ပါရာယနဝဂ်ပါဠိတော်ကို သရဘာည ရွတ်ဆိုနည်းဖြင့် တပည့်တော် ကြည်ကြည်ညိုညို အသံထင်ရှား ပြတ်ပြတ်သားသား ကြည်ညိုဖွယ်ဖြစ်အောင် ရွတ်ဆိုပြီးတဲ့အခါကျတော့ တပည့်တော့် ဆိတ်ဆိတ်နေပါတယ်။

**အထ ခေါ ဘန္တေ ဝေဿဝဏော မဟာရာဇာ မမ သရဘာညံ ဘာသန္တိယာ ကထာပရိယောသာနံ ဝိဒိတွာ အဗ္ဘာနုမောဒိ "သာဓု ဘဂိနိ သာဓု ဘဂိနီ"တိ။**

အရှင်ဘုရား၊ အဲဒီအခါမှာ ဝေဿဝဏ်နတ်မင်းကြီး တပည့်တော်မ သရဘာညရွတ်ဆို၍ တရားပြီးဆုံးတာကိုသိပြီးတော့ "သာဓုပါ

http:\\www.dhammadownload.com



အစ်မကြီး၊ သာဓုပါအစ်မကြီး”လို့ သာဓုကောင်းချီး နှစ်ကြိမ်ခေါ်တယ် ဘုရား။ အဲဒီအချိန်မှာ တပည့်တော်က ပြန်ပြီးတော့ -

**ကော ပနေသော ဘဒြမုခ။**

ဘဒြမုခ = မျက်နှာလှတဲ့မောင်ကြီး။ အခု သာဓုကောင်းချီး ပေးလိုက်တာ ဘယ်သူပါလဲလို့ တပည့်တော်ကမေးတယ်။ ဒီတော့ ဝေဿဝဏ်နတ်မင်းကြီးက -

**အဟံ တေ ဘဂိနိ ဘာတာ ဝေဿဝဏော မဟာရာဇာတိ။**

အစ်မကြီး – ကျွန်တော်ဟာ အစ်မကြီး၏မောင်ကြီး ဝေဿဝဏ် နတ်မင်းကြီးပါလို့ ပြောတယ်။ ( ဒါတင်ပဲလား)။

**သာဓု ဘဒြမုခ တေန ဟိ ဃော မေ အယံ ဓမ္မပရိယာယော ဘဏိတော၊ ဣဒံ တေ ဟောတု အာတိထေယျံ။**

ဒီတော့ တပည့်တော်က -

ဘဒြမုခ = မျက်နှာလှတဲ့မောင်ကြီး။ သာဓုပါ - သာဓုပါ။ အစ်မကြီး - အခု တရားရွတ်နေရတဲ့ ကုသိုလ်ကောင်းမှုအစုဟာ မောင်ကြီးရဲ့အတွက် ခရီးလမ်းလက်ဆောင် ဖြစ်ပါစေ။ အမျှပေးဝေ တယ်လို့ တပည့်တော်မ ပြန်ပြောဆိုပါကမယ်။ ( ပါဠိတော်တစ်ပိုဒ်ပြီး တစ်ပိုဒ် ပြောနေပါတယ်)။

**သာဓု ဘဂိနိ တေဝ္ဟ မေ ဟောတု အာတိထေယျံ။**

အစ်မကြီး– အဲဒီ တရားပူဇော်တဲ့ကုသိုလ်တွေလဲပဲ ကျွန်တော် အတွက် ခရီးသွားလက်ဆောင် ဖြစ်ပါစေ။ သာဓုခေါ်ပါတယ်။

**ဒွေ့ စ သာရိပုတ္တမောဂ္ဂလ္လာနပ္ပမုခေ ဘိက္ခုသံဃော အကာလ ပါတရာသော ဝေဠုကဏ္ဍကံ အာဂမိဿတိ။**

အထူးပြောချင်တာကတော့ နက်ဖြန်ခါ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်နှစ်ပါး အမှူးပြုတဲ့ ရဟန်းငါးရာ ဒီဝေဠုကဏ္ဍကမြို့ကို ရောက်လာလိမ့်မယ်။

http:\\www.dhammadownload.com



**တဥ္စ ဘိက္ခုသံဃံ ပရိဝိသိတွာ မမ ဒက္ခိဏံ အာဒိသေယျာသိ။**

အဲဒီရဟန်းသံဃာကို ယာဂုတွေ၊ ဆွမ်းတွေ၊ ခဲဖွယ်တွေ၊ ဘောဇဉ်တွေနဲ့ ပြုစုကျွေးမွေး ဆက်ကပ်ပြီးတော့ အဲဒီကောင်းမှု ကုသိုလ်ကိုလဲပဲ အကျွန်ုပ်အား အမျှခွန်းညွှန်းလိုက်ပါလို့ -

**ဧတဥ္စ မေ ဘဝိဿတိ အာတိထေယျံ။**

အဲဒီလိုညွှန်းလိုက်တာလဲပဲ ကျွန်ုပ်အဖို့ ခရီးသွား လက်ဆောင် ကောင်း ဖြစ်ပါလိမ့်မယ် အစ်မကြီးလို့ အဲဒီလိုပြောပါတယ်ဘုရား။ ဒါကြောင့်မိုလို့ တပည့်တော်မ အရှင်ဘုရားတို့ ကြွလာခဲ့မှာကို သိပြီးတော့ ဆွမ်းတွေ၊ ယာဂုတွေ၊ ခဲဖွယ်တွေ အသင့်စီမံထားတာပါ။ ဒီအဓိပ္ပာယ်နဲ့ -

## နန္ဒမာတာ၏အံ့ဖွယ်ခုနစ်ပါး

အဲဒီလိုလည်းပြောပြီးရော ရှင်သာရိပုတ္တရာက ဘာပြောလဲ -

**အစ္ဆရိယံ နန္ဒမာတေ ၊ အဗ္ဘုတံ နန္ဒမာတေ။**

နန္ဒမာတာ - လက်ဖျစ်တီးအံ့ချီးထိုက်ပါပေ့။ နန္ဒမာတာ - မဖြစ်စဘူး အထူးဖြစ်ပါပေ့။

## (က) ပဌမအံ့ဖွယ်

**ယတြ ဟိ နာမ ဝေဿဝဏေန မဟာရာဇေန ဧဝံ မဟိဒ္ဓိကေန ဧဝံ မဟေသက္ခေန ဒေဝပုတ္တေန သမ္မုခါ သလ္လပိဿသိ။**

ဘာ့ကြောင့်လဲလို့ဆိုတော့ သို့စင် တန်ခိုးကြီးမြတ်လှ၊ သို့စင် အာနုဘော်ကြီးမြတ်လှတဲ့ ရောမနတ်သား ဝေဿဝဏ်မင်းကြီးနဲ့ အတူတကွ မျက်နှာချင်းဆိုင်ပြီးတော့ အပြန်အလှန် စကားပြောဆို ရပါဘိ။ စကားပြောဆိုရသည် ဖြစ်သောကြောင့်– နန္ဒမာတာ အံ့သြ

http:\\www.dhammadownload.com



စရာ ကောင်းလိုက်ပါဘိ။ မဖြစ်စဘူး အထူးဖြစ်ပါဘိ။ ဒါ ပဌမ အရှင်သာရိပုတ္တရာ ချီးမွမ်းတဲ့အချက်။

ဒါ ဘာပြုလို့ အရှင်သာရိပုတ္တရာတို့က အံ့သြနေရတုန်း။ ကနေ့လူတွေ နဟ်နဲ့စကားပြောတယ်။ ဘာနဲ့စကားပြောတယ်ဆိုတော့ ကြားယင်လည်း သူကို့ခံချင်မှာ မဟုတ်ဘူးနော် အလကား ဘာမှ မဟုတ်ဘူး။ စိတ်ကူးနဲ့ပြောနေတာ။ မျက်နှာချင်းဆိုင်ပြီးတော့ ဘယ်သူမှမပြောရဘူး။ ဟုတ်လား။ တကယ့်နတ်နဲ့ကတော့ အခု နန္ဒမာတာတို့လို မျက်နှာချင်းဆိုင်ပြီး တစ်ယောက်မှ မပြောရဘူး။ လူသား နတ်နဲ့ မျက်နှာချင်းဆိုင်ပြီးတော့ ပြောရတယ်ဆိုတာ အင်မတန်ဖြစ်ခဲတဲ့ သဘောတဲ့။ အဗ္ဘုတ ဆိုတာ = မဖြစ်စဖူး အထူးဖြစ်တဲ့သဘော။ ဒါ ဘာအံ့သြစရာရှိသလဲလို့ သွားမပြောနဲ့။ အံ့သြစရာမို့လို့ အံ့သြတာ။ ကနေ့လူတွေ တကယ်နတ်နဲ့ မျက်နှာချင်းဆိုင် စကားပြောမယ် ကြံလို့ရှိယင် မပြောရသေးဘူး၊ နတ်နဲ့ မျက်နှာချင်းဆိုင်တာနဲ့ သေကုန်မှာ။ ဘာဖြစ်လို့။ နတ်ရဲ့ခန္ဓာကိုယ်ကြီးက သုံးဂါဝုတ်။ သုံးဂါဝုတ်ဆိုတဲ့ ကိုယ်ကြီးက တစ်ဂါဝုတ်ဆိုတာ သုံးမိုင်လောက်ရှိတယ်။ နတ်ရဲ့ပကတိခန္ဓာကိုယ်က သုံးဂါဝုတ်ဆိုတော့ ကိုးဂါဝုတ်လောက် ကိုယ်ကကြီးတော့ အကောင်ကြီးတယ်။ အဲဒါ သူ စကားမပြောရသေးခင် မြင်ရုံနဲ့သေမှာ ကနေ့လူတွေဆိုယင်၊ အခု နန္ဒမာတာမို့လို့သာ စကားပြောဝံ့တာ။ အဲဒီနတ်နဲ့ မျက်နှာချင်းဆိုင် စကားပြောဖို့ဆိုတာ လူ့ပြည်လောကမှာ မဖြစ်စဖူး အထူးဖြစ်တဲ့ အဗ္ဘုတဓမ္မကြီးပါပေလို့ အရှင်သာရိပုတ္တရာက ချီးမွမ်းတယ်။ ဒါ - တစ်။

## (ခ) ဒုတိယအံ့ဖွယ်

ပြီးတော့ နန္ဒမာတာက ဘယ့်နှယ်လျှောက်သလဲဆိုတော့

**န မေ ဘန္တေ ဧသေဝ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

http:\\www.dhammadownload.com



အရှင်ဘုရား – တပည့်တော်မှာလေ အဲဒီနတ်နဲ့ မျက်နှာချင်းဆိုင် စကားပြောရတဲ့ အံ့ဩဖွယ် = အဗ္ဘုတဓမ္မသာ ရှိသည်မဟုတ်။

**အတ္ထိ မေ ဘန္တေ အညောပိ အစ္ဆရိယော အဗ္ဘုတော ဓမ္မော**

အရှင်ဘုရား တပည့်တော်မှာ တခြား အံ့ဖွယ်ကောင်းတဲ့ အကြောင်းအရာတစ်ခုလည်း ရှိတယ်ဘုရား။ ဘာလဲလို့ဆိုတော့ –

**ဧကပုတ္တကော မေ ဘန္တေ နန္ဒော နာမ ကေပုတ္တကော ပိယော မနာပေါ အဟောသိ။**

အရှင်ဘုရား – တပည့်တော်မှာတဲ့ (အဲဒီပြောတဲ့အချိန်မှာ နန္ဒမာတာသေဌေးကတော်လေးဟာ ၃၄ – နှစ်ထက် မကျော်သေးဘူး) တပည့်တော်မှာတဲ့ သားကလေး "နန္ဒ"ကို အလွန်ချစ်အပ်သော စိတ်နှလုံးကို စိုပြေပွားတိုးစေတတ်တဲ့ တစ်ယောက်တည်းသော သားကလေးတစ်ယောက် ရှိခဲ့တယ်ဘုရား။ နာမည်က မောင်နန္ဒတဲ့။

(အေး – အဲဒါ ဘာဖြစ်တုန်းဆိုတော့ – )

**တံ ရာဇာနော ကိသ္မိဉ္စိဒေဝ ပကရဏေ ဩကဿ ပသယှ ဇီဝိတာ ဝေါရောပေသုံ။**

အရှင်ဘုရားတဲ့၊ သာမန်အမျိုးသမီးများ အသည်းနာစရာကောင်း လိုက်တာ သာမန်အမျိုးသမီးများ အနေနဲ့ဆိုယင် ရင်နာစရာ။ ရင်ကွဲလောက်တဲ့အကြောင်းပါတဲ့ ဘယ်လိုလဲ။ တပည့်တော် အလွန် ချစ်တဲ့ တပည့်တော်ရဲ့ တစ်ယောက်တည်းသော သားကလေး မောင်နန္ဒကို ရာဇာဆိုတဲ့လူတွေက တပည့်တော်ရဲ့မျက်မှောက်မှာပဲ ဆွဲခေါ်သွားကြတယ်။ ရိုက်နှက်ပုတ်ခတ် နှိပ်စက်ခေါ်သွားကြပြီးတော့ အသက်အဆုံး စီရင်လိုက်ကြပါတယ်ဘုရားတဲ့။

**တသ္မိံ ခေါ ပနာဟံ ဘန္တေ ဒါရကေ ဂဟိတေ ဝါ ဂယှမာနေ ဝါ ဝဓေ ဝါ ဝဇ္ဈမာနေ ဝါ ဟတေ ဝါ ဟညမာနေ ဝါ နာဘိဇာနာမိ စိတ္တဿ အညထတ္တံ။**

http:\\www.dhammadownload.com



အရှင်ဘုရား- အဲဒါလောက် အသက်လောက် ချစ်တဲ့ တစ်ယောက်တည်းသော သားကလေးကို ဒီ မင်းဆိုတဲ့ = ရာဇာဆိုတဲ့ ပုဂ္ဂိုလ်တွေက သတ်လောက်တဲ့အကြောင်း မဟုတ်ဘူးတဲ့။ "ကိဿိဥ္စိဒေဝ ပကရဏ"ဆိုတာ မပြောပလောက်တဲ့ အကြောင်းကလေးနဲ့ သတ်ပစ်တာတဲ့။ ဒါလောက်ချစ်တဲ့ သားကလေးကို သူတို့ဆွဲသွားကြ၊ ထုကြ၊ ရိုက်ကြ၊ ယောင်းကြ၊ ပုတ်ကြ၊ ောင်းနေဆဲ၊ ထောင်းပြီးတဲ့ အခါ အဲ သတ်နေဆဲ၊ သတ်ပြီးတဲ့အခါ တပည့်တော်မျက်စိအောက်မှာပဲ ဖြစ်နေတယ်။ ဘယ်တစ်ချက်မှ တပည့်တော်ရဲ့စိတ် ဖောက်ပြန်သွားတယ်လို့ မရှိဘူးတဲ့။ ဝမ်းနည်းသွားတယ်။ ဒီလူတွေကို အံကြိတ်ပြီးတော့ ခံလိုက်ရတယ်။ တစ်နေ့ လက်စားပြန်ချေလိုက်မယ်ဆိုတဲ့ ဒေါသစိတ်တွေ တပည့်တော် ဘာမှမဖြစ်ဘူး။ ဖြစ်ပါ့မလား။ သူက အနာဂါမ် အရိယာပဲ။အနာဂါမ်အရိယာမိုလို့ တပည့်တော်မှာ စိတ်တွေ ဒေါသ အနေနဲ့ ဖောက်ဖောက်ပြားပြား ဘာမှမဖြစ်ဘူးဘုရား ဆိုတော့ အရှင်သာရိပုတ္တရာကြီးက

**အဋ္ဌရိယံ နန္ဒမာတေ အဗ္ဘုတံ နန္ဒမာတေ။**

လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ နန္ဒမာတာ။ မဖြစ်စဖူး အထူးဖြစ်ပါပေစွ နန္ဒမာတာ။

**ယတြ ဟိ နာမ စိတ္တုပ္ပါဒမ္ပိ ပရိသောဓေဿသိ။**

ဘာ့ကြောင့်လဲ ချစ်ခြင်းဆိုတဲ့ စိတ္တုပ္ပါဒ်ကိုတောင်မှ အကုသိုလ် မပါအောင် နန္ဒမာတာ အသင်သည် စင်ကြယ်စေနိုင်ပါပေ၏။ လက်ဖျစ်တီး အံ့ချီးထိုက်ပါပေစွ။ မဖြစ်စဖူး အဖြစ်ထူးပါပေစွ။

ဒီလောကဓံမျိုးဆိုယင် စိတ်တွေဟာ အကုသိုလ်တွေ ဝင်ပြီးတော့ အကုန်လုံး ရှုပ်ထွေးကုန်ရောတဲ့။ သင့်မှာတော့ အကုသိုလ်စိတ်

http:\\www.dhammadownload.com



ဖြစ်ရုံကလေးမှ မဖြစ်ဘဲ အကုသိုလ်စိတ်ကို စင်ကြယ်အောင် ပြုလုပ်နိုင်တာ အံ့ဩဖွယ်ကြီးပါ။

လောကခံက ရင်သွေးကို မျက်မှောက်မှာထု၊ နှက်၊ ရိုက်၊ ပုတ်၊ ခတ်၊ သတ်ဖြတ်သွားတာကို မျက်ရည်တစ်ပေါက် မကျဘူး။ ဒေါသတစ်စက် မဖြစ်ဘူး။ နန္ဒမာတာဆိုတာ အဲဒီလို ဥပါသိကာ။ ဒါကြောင့် မြတ်စွာဘုရားက သမာဓိအရာမှာ "နန္ဒမာတာလို ငါ့ သမာဓိကောင်းတဲ့ အမျိုးသမီး ဖြစ်ရပါလို၏"လို့ ဆုတောင်းလို့ ပြောတာ။ အင်း ဒုတိယ အံ့ဖွယ် အရှင်သာရိပုတ္တရာက အံ့ဩပြီးတော့ နန္ဒမာတာက ဆက်လျှောက်တယ်။

## (ဂ) တတိယအံ့ဖွယ်

**န မေ ဘန္တေ ဧသေဝ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

တပည့်တော်မှာ ဒီဒုတိယမြောက် အံ့ဖွယ်သာမဟုတ်သေးဘူး ဘုရား။

**အတ္ထိ မေ အညောပိ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

တပည့်တော်မှာ အခြားအံ့ဖွယ်ကောင်းတဲ့ အံ့ဖွယ် ရှိပါသေးတယ် ဘုရား တဲ့။ သုံးခုမြောက် အံ့ဖွယ်။ ဘယ်လိုလဲအံ့ဖွယ်။

**ဣဓ မေ ဘန္တေ သာမိကော ကာလင်္ကတော အညတရံ ယက္ခယောနိံ ဥပပန္နော။**

အရှင်ဘုရား – တပည့်တော်ရဲ့ အရှင်သခင် လင်ယောကျ်ားဟာ စုတိပြတ်ကြွေ သေလွန်ပြီးတဲ့နောက် ယက္ခအမျိုး တစ်မျိုးမှာ သွားပြီးတော့ ပဋိသန္ဓေကပ်ရောက်တယ်။ နတ်မျိုးတစ်မျိုးမှာ သွားပြီးတော့ ပဋိသန္ဓေကပ်ရောက်တယ်။ (ဒုဂ္ဂတိတော့ ရောက်တဲ့ပုံ မဟုတ်ဘူး။ ဒီတော့ ကြည့်မယ်ဆိုလို့ ရှိုးယင် ခပ်ငယ်ငယ်မှာ သူ့ရဲ့အိမ်ရှင်

http:\\www.dhammadownload.com



ယောက်ျားဟာ ကွယ်လွန်ခဲ့တဲ့ပုံ။ ဒီ ၃၃ – နှစ်ထက်မလွန်သေးဘူး။ ဒီအချိန်ကလေးဟာ) ဒီလိုအိမ့်ရှင်အရှင်သခင် လင်ယောက်ျား ကွယ်လွန်ပြီးတော့ ယက္ခမျိုးမှာ သွားပြီးတော့ ဥပပတ်ပဋိသန္ဓေကပ်ရောက်နေပါတယ်ဘုရားတဲ့။ အဲဒါ ဘာဖြစ်တုန်း –

**သော မေ တေနေဝ ပုရိမေန အတ္တဘာဝေန ဥဒ္ဒသေသိ။**

အဲဒီယက္ခနတ်ဟာ တပည့်တော်မထံလာပြီးတော့ ရှေးဘဝက အိမ့်ရှင်သေဌေးသားရဲ့ ကိုယ်အစစ် ကိုယ်အရောင်နဲ့ တပည့်တော်ထံ လာပြတယ်။ အဲဒီလိုလာပြီးပြတယ်ဘုရားတဲ့။

**န ခေါ ပနာဟံ ဘန္တေ အဘိဇာနာမိ တတော နိဒါနံ စိတ္တဿ အညထတ္တံ။**

အရှင်ဘုရား အဲဒီလို ရှေးဘဝက သေဌေးသားရုပ်နဲ့ လာပြီးပြတဲ့ အဲဒါကိုမြင်ပြန်တော့လဲ တပည့်တော်ရဲ့ စိတ်ထဲမှာ လောဘစိတ် မဖြစ်ဘူး။ ဒေါသစိတ်လဲ မဖြစ်ဘူးတဲ့။ အညာထာဘာဝ တစ်မျိုးတစ်မည် လောဘမှု ဒေါသမှု စိတ်တွေ မဖြစ်ဘူးဘုရား။ တိုတိုပြောရယင်ပေါ့လေ အံ့သြချင် အံ့သြ။ ဒါလည်း အံ့သြစရာဆိုတဲ့ တတိယ အံ့ဖွယ် တင်ပြတယ်။ မြင်ပေမယ့် တပည့်တော်ရဲ့စိတ်ထဲမှာ လောဘ ဒေါသ တစ်စိတ်မှ မဖြစ်ဘူးတဲ့။ အရှင်သာရိပုတ္တရာကလဲ ဒါလဲ အံ့သြဖွယ်။

**အစ္ဆရိယံ နန္ဒမာတေ အဗ္ဘုတံ နန္ဒမာတေ၊ ယတြ ဟိ နာမ စိတ္တုပ္ပါဒမ္ပိ ပရိသောဓေဿသိ။**

နန္ဒမာတာ လောဘမှု၊ ဒေါသမှု စိတ်တွေ အဖြစ်မခံဘဲ မိမိစိတ်ကို စင်ကြယ်အောင် ပြုလုပ်နိုင်တာဖြင့် အံ့သြဖွယ်ကြီးပါတဲ့။ သာမန်အမျိုးသမီးတစ်ယောက် မဖြစ်စဖူးတဲ့ အထူးဖြစ်ရပ်ကြီးပါတဲ့။ အရှင်သာရိပုတ္တရာ ချီးမွမ်းမိတယ်။

http:\\www.dhammadownload.com



## (ဃ) စတုတ္ထအံ့ဖွယ်

အဲဒီတော့ နန္ဒမာတာက စတုတ္ထအံ့ဖွယ် လျှောက်တယ်။

**န မေ ဘန္တေ ဧသေဝ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

တပည့်တော်မှာ ဒီအံ့ဖွယ်တင် မဟုတ်သေးပါဘူး ဘုရား။ ဘာတွေများ ရှိသေးတုန်း။

**အတ္ထိ မေ အညောပိ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

တပည့်တော်မှာ အခြားအံ့ဖွယ် ရှိပါသေးတယ်ဘုရား။ ဘာများတုန်းလို့ဆိုတော့။

**ယတောဟံ ဘန္တေ သာမိကဿ ဒဟရဿေဝ ဒဟရာ အာနီတာ။**

အရှင်ဘုရား (ဒါ သူတို့အိန္ဒိယထုံးစံ) အသက်ငယ်ငယ်မှာပဲ လက်ထပ်ထိမ်းမြားမှုပြုတယ်။ (ရှင်ရေဝတတို့ ဝတ္ထုများကြည့်ရင် ထင်ရှားတယ်)။ ခုနှစ်နှစ်၊ ရှစ်နှစ်လောက်ဆိုလို့ရှိယင် အဲဒါ သတို့သား နဲ့ သတို့သမီး လက်ထပ်ထိမ်းမြားပြီးတော့ သတို့သမီးကို သတို့သား ရဲ့အိမ်ကို တစ်ခါတည်း ယူလာတယ်။ ဆောင်လာတယ်။ အဲဒါကို အခုပြောတာ) ဘုရားတဲ့- တပည့်တော်ကလဲ ငယ်ငယ်၊ တပည့် တော်ရဲ့အိမ်ရှင်ယောကျ်ား သေဒ္ဓေးသားကလဲ ငယ်ငယ်။ အဲဒီလို ငယ်ငယ်ကတည်းက သေဒ္ဓေးသားရဲ့အိမ်ကို တပည့်တော်ကို ဆောင် လာတယ် တဲ့။ အဲဒါ ဘာဖြစ်တုန်း -

**နာဘိဇာနာမိ သာမိကံ မနသာပိ အတိစရိတာ ကုတော ပန ကာယေန။**

အဲဒီအချိန်ကစပြီးတော့ တပည့်တော်ဟာ အရှင်သခင် လင် ယောကျ်ားဖြစ်တဲ့ သေဒ္ဓေးသားကို စိတ်နှင့်မှ ကျူးကျော်ပြီးတော့ အခြားယောကျ်ားတစ်ပါး စိတ်မကွက်ဘူး၊ ကိုယ်နဲ့အတိစာရပြုဖို့ဆိုတာ

http:\\www.dhammadownload.com



ဝေးရောတဲ့။ စိတ်နဲ့မျှတောင် မိဘနှစ်ပါး ပေးထိမ်းမြားတဲ့ ဒီသေဌေးသား လင်ယောကျ်ားရဲ့အပေါ်မှာ ကျူးကျော်ဖို့၊ သူ့ကျော်ပြီးတော့ ယောကျ်ားတစ်ပါးရဲ့အပေါ်မှာ စိတ်ကွက်မှုတောင်မှ မဖြစ်ဘူးတဲ့။ ကိုယ်နဲ့ ဖောက်ပြန်မှုဆိုတာ ဘယ်ပြောစရာရှိမလဲတဲ့။ ကိုယ်နဲ့ ဖောက်ပြားဖို့ နေနေသာသာ စိတ်နဲ့တောင်မှ ကျူးကျော် ဖောက်ပြန်တဲ့စိတ် ဘိတ်မဖြစ်ဖူးဘူး။ ဒါကိုပြန်လျှောက်တယ်။ လေးခုမြောက် အံ့ဖွယ်။ အရှင်သာရိပုတ္တရာက အဲဒီနေရာမှာလဲပဲ

**အစ္ဆရိယံ နန္ဒမာတေ၊ အဗ္ဘုတံ နန္ဒမာတေ ယတြဟိ နာမ စိတ္တုပ္ပါဒမ္ပိ ပရိသောဓေဿသိ။**

ဩော် – စိတ်ဖြစ်ရုံကလေးတောင်မှ အကုသိုလ်စိတ် အဖြစ်မခံဘဲ မိမိစိတ်ကို စင်ကြယ်အောင် ထိန်းသိမ်းနိုင်တာဖြင့် နန္ဒမာတာ၊ အံ့စရာကြီးပဲဟ။ မဖြစ်စဖူး အဖြစ်ထူးတဲ့ ဖြစ်ရပ်ပဲ။ ချီးမွမ်းဖွယ်။ ဒါ လေးအံ့ဖွယ်။

## (င) ပဥ္စမအံ့ဖွယ်

နန္ဒမာတာက ဆက်လျှောက်တယ် –

**န မေ ဘန္တေ ဧသေဝ အစ္ဆရိယော အဗ္ဘုတော ဓမ္မော၊ အတ္ထိ မေ အညောပိ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

တပည့်တော်မှာ ဒီအံ့ဖွယ်တင် ဘယ်ကဦးမှာလဲဘုရား တဲ့။ အခြားအံ့ဖွယ်လည်း ရှိသေးတယ်။ ဘယ်လိုရှိတုန်း –

**ယဒါဟံ ဘန္တေ ဥပါသိကာ ပဋိဒေသိတာ။**

အရှင်ဘုရား– ဝါပည့်တော် အကြင်အချိန်ကစ၍ သရဏဂုံခံယူ၊ ငါးပါးသီလ ဆောက်တည်ပြီးတော့ "ငါသည် ရတနာသုံးပါး ဆည်း

http:\\www.dhammadownload.com



ကပ်တဲ့ ဥပါသိကာပဲ" လို့ ဥပါသိကာ အဖြစ်ကို ခံယူတယ်။ အဲဒီ ခံယူတဲ့အချိန်က စပြီးတော့ -

**နာဘိဇာနာမိ ကိဉ္စိ သိက္ခာပဒံ သဉ္စိစ္စ ဝီတိက္ကမိတာ။**

တပည့်တော် ဒီလို သရဏဂုံခံယူပြီးတဲ့အချိန်ကစပြီးတော့ သိက္ခာပုဒ်တစ်ခုကိုမျှ ချိုးဖောက် ကျူးလွန်ဘူးတာကို တပည့်တော် ပြန်စဉ်းစားကြည့်တယ်။ တစ်ခုမျှ အမှတ်မရဘူး။ ပြောရိုးအတိုင်း အဲလိုပြောတာ။ ဒီကနေ့လိုပြောမယ်ဆိုယင် တပည့်တော် သရဏဂုံ သီလဆောက်တည်တဲ့ အချိန်ကစပြီး အခု အရှင်ဘုရားတို့နဲ့ တွေ့သည့် အချိန်တိုင်အောင် ငါးပါးသီလသိက္ခာပုဒ်ကို တစ်ပုဒ်မှ မချိုးဖောက် ခဲ့ဘူး။ အရှင်သာရိပုတ္တရာလဲ အဲဒီကျတော့ -

**အစ္ဆရိယံ နန္ဒမာတေ။ အဗ္ဘုတံ နန္ဒမာတေ။**

အစ္ဆရိယံ= အံ့ဖွယ်ပြောရတာ မောပြီထင်တယ်နော်။ ယတြ ဟိ နာမ = ဒီကျတော့ မပါတော့ဘူး။ ဒါ ငါးအံ့ဖွယ်။

## (၈) ဆဋ္ဌအံ့ဖွယ်

နန္ဒမာတာ ပြန်လျှောက်တယ် -

**န မေ ဘန္တေ ဧသော အစ္ဆရိယော အဗ္ဘုတော ဓမ္မော၊ အတ္ထိ မေ အညောပိ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

အရှင်ဘုရား-တပည့်တော်မှာ ဒီအံ့ဖွယ်တင် မဟုတ်။ အခြား အံ့ဖွယ်လည်း ရှိသေးတယ်ဘုရား။ ဘာတွေလဲ-

**ဣဓာဟံ ဘန္တေ ယာဝဒေဝ အာကင်္ခါမိ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရာမိ။**

http:\\www.dhammadownload.com



ဟို သတိပဋ္ဌာန်ထဲမှာ သမ္မာသမာဓိအခန်း၊ ဈာန်ခန်းပါဠိဆိုတာ ဝေယျာလခဲ့ကြပါစို့။

**စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရာမိ။**

အရှင်ဘုရား– တပည့်တော်လေ အလိုရှိသလောက် ပဌမဈာန်ကိုလဲ ဝင်စားပြီးတော့ နေပါတယ်ဘုရား။ အလိုရှိသလောက် ဒုတိယဈာန်ကိုလဲ ဝင်စားပြီးတော့ နေနိုင်တယ်။ တတိယဈာန်ကိုလဲ ဝင်စားပြီးတော့ နေနိုင်တယ်။ စတုတ္ထဈာန်ကိုလဲ ဝင်စားပြီးတော့ နေနိုင်တယ်ဘုရားတဲ့။ ဟောဒီလိုပြောတယ်။

အရှင်သာရိပုတ္တရာလဲပဲ ပြောရတာ များလာတော့ –

**အစ္ဆရိယံ နန္ဒမာတေ ၊ အဗ္ဘုတံ နန္ဒမာတေ။**

အံ့ချီးစရာပါ နန္ဒမာတာ။ မဖြစ်စဖူး အထူးဖြစ်ရပ်ပါ နန္ဒမာတာ။ ဒါပဲပြောတော့တယ်။ ယတြာဟိနာမ ဒါတွေမပါတော့ဘူး။

## (ဆ) သတ္တမအံ့ဖွယ်

ဒါတင်လားဘုရားဆိုတော့– ခြောက်ခုအံ့ဖွယ်ပြီးတော့ နန္ဒမာတာက ဆက်ပြီး ဘယ့်နှယ်လျှောက်သလဲ –

**န ခေ ဘန္တေ ဧသေဝ အစ္ဆရိယော အဗ္ဘုတော ဓမ္မော ၊ အတ္ထိ မေ အညောပိ အစ္ဆရိယော အဗ္ဘုတော ဓမ္မော။**

အရှင်ဘုရား – တပည့်တော်မှာ ဒီအံ့ဖွယ်တင်မဟုတ်ဘူး။ အခြားအံ့ဖွယ်တစ်ပါးလဲ ရှိသေးတယ်။ ခုနစ်ခုမြောက်ပေါ့။

**ယာနိမာနိ ဘန္တေ ဘဂဝတာ ဒေသိတာနိ ပဉ္စောရမ္ဘာဂိယာနိ သံယောဇနာနိ။**

ဘန္တေ = အရှင်ဘုရား။ ဘဂဝတာ = မြတ်စွာဘုရားသည်။ ယာနိ ဣမာနိ ဩရမ္ဘာယာနိ သံယောဇနာနိ = အကြင်သက္ကာယ ဒိဋ္ဌိ၊

http:\\www.dhammadownload.com



ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒဆိုတဲ့ အောက်ကာမဘုံကို ဆွဲဆောင်တတ်တဲ့ ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးတို့ကို။ ဒေသိတာနိ=ဟောကြားအပ်ကုန်၏။

အဲဒီသံယောဇဉ်ငါးပါးကို ပါဠိလို ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါးလို့ ခေါ်တယ်။ ဩရံဆိုတာ အောက်ကာမဘုံ။ ဘာဂိယဆိုတာ အဖို့ အစုရှိတဲ့ သံယောဇဉ်။ အေး – အရပ်ပြော ပြောယင် အောက်ကာမဘုံ ဆွဲတတ်တဲ့သံယောဇဉ်ငါးပါး။ ဘယ်သူတုန်း။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ဗျာပါဒ။

**နာဟံ တေသံ ကိဉ္စိ အတ္တနိ အပ္ပဟီနံ သမနုပဿာမိ။**

အရှင်ဘုရားတဲ့– အဲဒီ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးထဲမှာ တစ်ခုခုသော သံယောဇဉ်မျှ တပည့်တော်မပယ်ရတဲ့ဟာ ရှိသေးသလားလို့ စဉ်းစား၊ တစ်ခုမှ မရှိဘူးတဲ့။ မပယ်ရသေးသော ဩရမ္ဘာဂိယ သံယောဇဉ်တစ်ခုမှ မရှိပါဘူး ဘုရားတဲ့။ ဒီအပိုဒ်ဖြင့် ဘာပြောလဲ။ သူဟာ အနာဂါမ်အရိယာဖြစ်တယ် ဆိုတာပြောတာ။ အနာဂါမ် အရိယာဆိုတာ အဲဒီ ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးကို အကုန်ပယ်ပြီးသား။

ကာမစ္ဆန္ဒ သံယောဇဉ်၊ ဗျာပါဒသံယောဇဉ်ဆိုတာ အနာဂါမ်ကျမှ အမြစ်ပြတ်ပယ်နိုင်တာ။ အဲ – ဩရမ္ဘာဂိယ သံယောဇဉ်ငါးပါးတို့တွင် ဒီသံယောဇဉ်ဖြင့် မပယ်ရသေးဘူးလို့ ပြောစရာ တစ်စုံတစ်ခုသော သံယောဇဉ်ကိုမျှ တပည့်တော် စဉ်းစားကြည့်တယ်။ မတွေ့ရပါဘူး။ မသိရပါဘူး။ တပည့်တော် အနာဂါမ်အရိယာ ဖြစ်ပါတယ်ဘုရားလို့ တိုက်ရိုက်တဲ့တိုး မပြောဘဲနဲ့ သံယောဇဉ်နဲ့ သွယ်ဝိုက်ပြီးတော့ ပြောတာ။ ဒီတော့ အရှင်သာရိပုတ္တရာက –

**အစ္ဆရိယံ နန္ဒမာတေ ၊ အဗ္ဘုတံ နန္ဒမာတေ။**

http:\\www.dhammadownload.com



အဲဒီလို အံ့ဩယူရတယ်။ အံ့ဖွယ်ခုနစ်ပါးပါ။ ပြီးတော့မှ နန္ဒမာတာ အလျှောက်ရပ်တော့မှ အရှင်သာရိပုတ္တရာက နန္ဒမာတာသေဌေးကတော်ကြီးအား -

အနုပုဗ္ဗိကထာလို့ တရားဟောစဉ်အတိုင်း၊ ဒါနကထာ၊ သီလကထာ၊ မဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊ နေက္ခမ္မေအာနိသံသကထာ ဆိုတဲ့ ရှေးတုန်းက ဟောစဉ်အတိုင်း ဒါနအကြောင်း ဟောလိုက်၊ သီလအကြောင်း ဟောလိုက်၊ နတ်ပြည်အကြောင်း ဟောလိုက်၊ ကာမဂုဏ်တို့ရဲ့အပြစ် ဟောလိုက်၊ ပြီးတော့မှ နေက္ခမ္မအကြောင်း ဟောလိုက်။ အဲဒီ - နေက္ခမ္မကြောင့်ရတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ အကျိုးတရားဟောလိုက်။ အဲဒီလို - ကထာစဉ်အတိုင်း ဟောပြီးတော့ အရှင်သာရိပုတ္တရာကြီး ကျောင်းတော် ပြန်ကြွသွားတယ်တဲ့။

အဲဒါကို ပါဠိတော်က ဘယ့်နှယ် နိဂုံးအုပ်သတုန်း -

နန္ဒမာတာ လျှောက်တင်လို့ပြီးတဲ့ နောက်ကျတော့ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက -

**အထ ခေါ အာယသ္မာ သာရိပုတ္တော နန္ဒမာတရံ ဥပါသိကံ ဓမ္မိယာ ကထာယ သန္ဒဿေတွိ သမာဒပေတိ သမုတ္တေဇေတိ သမ္ပဟံသေတိ။ သန္ဒဿေတွာ သမာဒပေတွာ သမုတ္တေဇေတွာ သံပဟံသေတွာ ဥဋ္ဌာယာသနာ ပက္ကာမိ။**

တရားစကားဖြင့် ထင်ရှားအောင်ပြတယ်။ ကောင်းမှုတရားတွေကို စိတ်ထဲက ဆောက်တည်စေတယ်။ ငါ့ သန္တာန်မှာ ဒီကောင်းမှုတွေ ရှိပြီကောလို့ စိတ်ကို ထက်သန်တက်ကြွစေတယ်။ စိတ်ကို ရွှင်လန်းစေတယ်။ အဲဒီလို ရွှင်လန်းစေပြီးတော့ အရှင်သာရိပုတ္တရာသည် မိမိနေရာမှထ၍ ကျောင်းသို့ ပြန်သွားပြီတဲ့။

http:\\www.dhammadownload.com



အဲဒါ နန္ဒမာတာသုတ်လို့ ခေါ်တယ်။ အဲဒီနန္ဒမာတာ သေဋ္ဌေးကတော်ရဲ့ အကြောင်းဟာ ပါဠိတော်မှာဖြင့် ဘုန်းကြီးတွေ့သလောက် ဒါလောက်ပဲတွေ့ရပါတယ်။ ဒါဖြင့် အဲဒါ ဘုန်းကြီးသိသလောက် အဲဒီနန္ဒမာတာအကြောင်း ပြောရပါတယ်။ ဟို ဆဋ္ဌင်္ဂသုတ်ကတော့–

နန္ဒမာတာတို့ အခုပွဲကို တကထဲ အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလ္လာန် အမှူးပြုတဲ့ ရဟန်းငါးရာကို နန္ဒမာတာသေဋ္ဌေးကတော်ကြီးက အင်္ဂါခြောက်ချက် ပြည့်စုံတဲ့ ဆဋ္ဌင်္ဂဒါနလှူတာကို ဘုရားကိုယ်တော်မြတ်က ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်တော်မူလို့ သာဝတ္ထိပြည်မှာ ဟောခဲ့တဲ့ ဆဋ္ဌင်္ဂဒါနသုတ္တန်ဆိုတာ နန္ဒမာတာရဲ့ အကြောင်းတွေ အခုလောက်မပါဘူး။ အခု ဒီသုတ္တန်က အဲဒီလောက်ပါတယ်။

ဟို တခြား တခြား ခုဒ္ဒကတ္တရာတို့၊ ဥပါသိကာတွေထဲကပါတဲ့ ပုဂ္ဂိုလ်တွေအကြောင်း အကျယ် အကျယ် အကျယ် အကျယ်ပေါ့လေ ထိုထိုကျမ်းတွေမှာ ရှိတယ်။ ဒီနန္ဒမာတာရဲ့ အကြောင်းကတော့ အဋ္ဌကထာတွေမှာ ဒါလောက်ပဲရှိတယ်။

နန္ဒမာတာလဲပဲ နှစ်မျိုးမှတ်ထားပေါ့။

ဝေဠုကဏ္ဋကီနန္ဒမာတာ = ဝေဠုကဏ္ဋကမြို့သူ နန္ဒမာတာ သေဋ္ဌေးကတော်။ တို့ အတုယူရမှာ အဲဒီဝေဠုကဏ္ဋက မြို့သူ နန္ဒမာတာ သေဋ္ဌေးကတော် စတုတ္ထချိန်ခွင်ကြီး တစ်လက်ဖြစ်တဲ့ နန္ဒမာတာ။ ဝေဠုကဏ္ဋကမြို့သူ နန္ဒမာတာလို့၊ အဲဒီလိုမှတ်။

ဘာဖြစ်လို့လဲဆိုတော့ တေဒဂ်ဝင်ထဲမှာလာတဲ့ နန္ဒမာတာဥတ္တရာတို့က ရှိသေးတယ်။ ဈာန်ဝင်စားတဲ့နေရာမှာ အသာဆုံး၊ အမြတ်ဆုံး တေဒဂ်ရတဲ့ နန္ဒမာတာဥတ္တရာဆိုတာ။ ဆိပ္ပနဲ့ သီရိမာက လောင်းသော်လဲ ဒီက မေတ္တာဈာန်ဝင်စားနေတဲ့ အကြောင်းတွေ ပါပါတယ်။ အဲဒီ ဥတ္တရာသကဒါဂါမ်အရိယာ။ အခု မြတ်စွာဘုရားပြောနေတဲ့

http:\\www.dhammadownload.com



ဝေဠုကကဏ္ဍကီနန္ဒမာတာက အနာဂါမ်အရိယာ။ အဲဒါကြောင့် တခြားစီပဲ။ တို့ဘုန်းကြီးတို့ ခွဲပြီးမှတ်ကြစို့။

အဲ ခုပြောတဲ့ ဒီတေဒဂ်ရသော ဧတဒဂ်ထဲမှာပါတဲ့ နန္ဒမာတာ ဥတ္တရာရဲ့ အကြောင်းကတော့ ဒီချိန်ခွင်ကြီးထဲက မဟုတ်ဘူး။ အခြားပါ။ အဲဒီအကြောင်းကို အကြောင်းညီညွတ်တဲ့အခါကျတော့ အကြောင်းအလျဉ်းသင့်တဲ့ ပွဲတွေများကျတော့ ဟောတာပ။

စတုတ္ထချိန်ခွင်၌ သမာဓိဘက်ကထားရတဲ့ ချိန်ခွင်လက်။ သမာဓိနဲ့ပတ်သက်တဲ့ စံထားရတဲ့ သမာဓိတင်းတောင်းကြီး။ ဥပါသိကာဘက်ကဖြစ်တဲ့ နန္ဒမာတာ၊ ဝေဠုကကဏ္ဍကီနန္ဒမာတာရဲ့ အကြောင်းအရာကြီး ပြီးပါပြီ။ ဤတွင် သာသနာ့ချိန်ခွင်ကြီး လေးလက် တရား ကနေ့ ပြီးတာပဲလို့ မှတ်ကြပါတော့။

*

http:\\www.dhammadownload.com



## ဆုတောင်း

ဤသို့ဆိုလျှင် နန္ဒမာတာသုတ္တန်ကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သာသနာရဲ့ ချိန်ခွင်ကြီးလေးလက် တရားတို့ကို မငြီးမငွေ့အပ္ပဲ့ပွဲ ဆက်လက်နာကြားရခြင်းတည်း ဟူသော ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလ ဆောက်တည်ရခြင်း သီလမယကောင်းမှုကုသိုလ်ကံ စေတနာ၊ ဥပေါသထိကဘတ် = ဥပေါသထိကဆွမ်းကို နှစ်ပတ်လည် လှူဒါန်း၍ နှစ်ပတ်လည် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပလျက် စာရေးတံ အလှူဝတ္ထု နှင့်တကွ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား မွန်လည်းမွန်၊ မြတ်လည်းမြတ်၊ ကြီးလည်းကြီးလှသော သံဃဒါန ဆွမ်းကြီး အလှူကပ်ရခြင်းတည်း ဟူသော ဗုဒ္ဓပမုခသံဃ ဘောဇနေဒါန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ ပေါင်းအပ် ကောင်းမှုကုသိုလ် အရပ်ရပ်တို့ကြောင့် ချိန်ခွင်ကြီးလေးလက်မှာပါတဲ့ အရှင်မြတ်တွေ၊ အရိယာသူမြတ်တွေ၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ၊ (အင်း ဘိက္ခုနီဘက်က) ဒါတွေ အရိယာတွေပဲ။ စိတ္တသေဋ္ဌေး၊ ဟတ္ထာဠဝက သေဋ္ဌေးလဲ၊ ဒါတွေ အရိယာတွေပဲ။ ဟတ္ထာဠဝက သီတင်းသည်ဆိုယင် သူက အနာဂါမ်။ ရှင်မခုဇ္ဇုတ္တရာ၊ ဝေဠုကဏ္ဍကီနန္ဒမာတာ၊ အရိယာသူတော်မြတ်တို့ မျက်မှောက်ပြုအပ်သော သန္တိလက္ခဏာ၊ အစ္စုတိရသ၊ အနိမိတ္တပစ္စုပဋ္ဌာန် ရှိသော- အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ် လျင်မြန်သောအသိဉာဏ် ရည်သန်တောင့်တရင်း ရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် တို့တစ်တွေ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့်ကိုယ် ဧကန်စင်စစ် ဖြစ်ရပါစေကုန်သတည်း။

http:\\www.dhammadownload.com



နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ ထို နောက်ဆုံးဘဝ ပရိနိဗ္ဗာန စုတိစိတ်၏ နောက်ကာလဝယ် တစ်စုံ တစ်ခုသောဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသမှာမှ ရုပ် နာမ်နှစ်ဖြာ၊ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန် အသစ်မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံရပါစေကုန်သတည်း။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

ဝေဠုကဏ္ဍကီနန္ဒမာတာ သုတ္တန်တရားတော် ပြီးပါပြီ။

*